ဒိုးယာဝိန် ရွှယာဆုပ်ယာ

မထာဘုန်းရာတော်

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

၏

ဝိနယ ဝိနိစ္ဆယသင်္ဂဟ

မစိုးရိမ် ဆရာတော် ဝက်လက်-ဦးတိသ စုဆောင်းသည်။

အဖုံးသရုပ်ဖော်သည် ကျမ်းဆရာ၏
အိုက်ဒီယာသာ ဖြစ်သည်။

မဟာစည် နံဝယက ဆရာတော်များ ၏

ဓမ္မဒါန

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ စက်တဘ်ာ ၁၉၇၇

ပဌမအကြိမ်။ ။စာအုပ်ရေ (၆၀၀၀)

ထုတ်ဝေသူ။ ။ဆရာတော် ဦးသုဇာတ မှတ်ပုံတင်အမှတ် (၀၃၇၇၅)
သာသနာ့ရိပ်သာ၊ ၁၆-ဟာမစ်တိတ်လမ်း၊ ရွှေဂုံတိုင်၊ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၇၅၉)

ပုံနှိပ်သူ။ ။ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ်-၀၂၂၆၂)က
ပုံနှိပ်သည်။



ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဝိနယဝိနိစ္ဆယသင်္ဂဟ

မာတိကာ

အခြောင်းအရာ			စာမျက်နှာ
နိဒါန	....	....	၁
ကြည့်ကြ မြင်ကြသည်	....	....	၁
စပ်းကြည့်ကြသည်	....	....	၂
ဖြစ်နိုင်ပါမည်လား	....	....	၂
အုံ့အားသင့်သွားကြသည်	....	....	၃
အကြောင်းသိလို တိုက်တွန်းခဲ့	....	....	၄
ဟိုတပွင့် သည်တပွင့်	....	....	၅
ရနိုင်သမျှ စုဆောင်းထားသင့်သည်	....	....	၆
သာသနာခရီး တလျှောက်	....	....	၆
ရည်ရွယ်ချက်	....	....	၇
စာရှုသူတို့အား သိစေအပ်ပါသည်	....	....	၉

ဝိနယဝိနိစ္ဆယသင်္ဂဟ

ဝိနည်းဆိုင်ရာ ဩဝါဒကထာများ	....	....	၁၁
ဝိနည်း အကျဉ်းချုပ်	....	....	၁၃
နေ့စဉ်ဆောင်ရွက်ရမည့် အချိန်နှင့် ပြုဘွယ်ကိစ္စ	....		၁၃
ရောက်သည့်နေ့အတွက်	....	....	၁၄
(က) ပါရာဇိကအာပတ် ၄-ပါး	....	....	၁၄
(ခ) သင့်လွယ်သော သံဃာဒိသိသ် အာပတ်များ	....		၁၄

အကြောင်းအရာ			စာမျက်နှာ
(ဂ) သင့်လွယ်သော နိဿဂ္ဂိယ ပါစိတ်အာပတ်များ			၁၅
(ဃ) သင့်လွယ်သော ပါစိတ်အာပတ်များ	....		၁၅
ကုလဒူသန ၈-ပါး	....	....	၁၈
အနေသန ၂၁-ပါး	....	....	၁၈
ဒေသနာ ပြောကြားပုံ	....	....	၁၉
၁။ သင်္ကန်းကို ဝတ်ရုံတိုင်း ဆင်ခြင်ရန်		....	၂၀
၂။ ကျောင်းအိပ်ရာကိုဝင်တိုင်း ဆင်ခြင်ရန်		....	၂၁
၃။ ဆွမ်းလုပ်တိုင်း ဆင်ခြင်ရန်	....	....	၂၁
၄။ ဖျော်ရည် စသော ဆေးကို ဆင်ခြင်ရန်		....	၂၂
ဘတ္တဂ္ဂဝတ	....	....	၂၃
ဝိနည်းအလေးပြုရေး	....	....	၂၅
ဝိနည်းသိက္ခာပုဒ်	....	....	၃၁
သင်္ကန်းဝတ်ရုံနည်း	....	....	၃၁
အကပ်ခံခြင်း	....	....	၃၅
သတိသမ္ပဇဉ်တရား ပွါးများပါ	....	....	၃၉
ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ	....	....	၄၁
ပါတိမောက္ခသံဝရ သီလ	....	....	၄၁
အာဇီဝပါရိသုဒ္ဓိ သီလ	....	....	၄၂
ပစ္စယသန္နိဿိတ သီလ	....	....	၄၃
ဣဏပရိဘောဂ အဓိပ္ပါယ်	....	....	၄၃
ရဟန်းနှင့်သန်း ဝတ္ထု	....	....	၄၄
ကြောက်ဘွယ်ကောင်းလေစွ	....	....	၄၅

အကြောင်းအရာ			စာမျက်နှာ
ထေရဝါဒ	....	....	၄၈
ရှမှတ်မှုဖြင့်လဲ ဆင်ခြင်မှု ပြီး၏	....	....	၅၀
ဣန္ဒြိယသံဝရ သီလ	....	....	၅၀
သံဝရ, အသံဝရ	....	....	၅၂
အားမထုတ်မီ စောင့်ရှောက်ပုံ	....	....	၅၄
စိတ်ကို ကန့်သတ်ထားပါ	....	....	၅၄
ပြောင်းလဲပေးပါ	....	....	၅၅
ကုသိုလ် မပြတ်ဖြစ်ပါစေ	....	....	၅၅
သင့်တော်အောင် နှလုံးသွင်းပါ	....	....	၅၆
အကျဉ်းချုပ် မှတ်ဖွယ်	....	....	၆၀
လူတို့၏ သီလဝိသုဒ္ဓိ	....	....	၆၃
လူတို့၏ သီလ	....	....	၆၃
အန္တရာယ် ၅-ပါး	....	....	၆၆
သန္တတိအမတ်ကြီး ရဟန္တာဖြစ်ပုံ	....	....	၆၈
အရှင်ဥတ္တိယကို ဆုံးမပုံ	....	....	၇၀
ငါးမျှားနေသူ တရားထူးရပုံ	....	....	၇၂
ဂဏ္ဌိဘေဒက စောရဝတ္ထု	....	....	၇၃
ပုဂ္ဂိုလ် ၃-ပါးနှင့် သိက္ခာ ၃-ပါး	....	....	၇၇
သမထ၏ ကျေးဇူးများပုံ	....	....	၇၉
လူသတ်ဗိုလ်ကြီးနှင့် အနုလောမဉာဏ်	....	....	၈၁
ကျင့်မှု ဟောမှုလို၍ တရားထူးမရ	....	....	၈၄
ဘာဝနာဖြင့် သီလဝိသုဒ္ဓိ ပြီးပုံ	....	....	၈၆
ဝေရမဏိသီလ	....	....	၈၈

အကြောင်းအရာ			စာမျက်နှာ
စေတနာသီလ	....	....	၈၉
သံဝရသီလ	....	....	၈၉
အဝီတိက္ကမသီလ	....	....	၈၉
ဘာဝနာဖြင့် ပြီးစီးပုံ	....	....	၉၁
မေတ္တာပွါးရခြင်း အကျိုး	....	....	၉၄
သီလ၌ တည်၍ပွါးစေပုံ	....	....	၉၅
ဥပနိဿယ ပတိဋ္ဌာ	....	....	၉၆
နိဿယ ပတိဋ္ဌာ	....	....	၉၆
အထူးမှတ်ဘွယ်	....	....	၉၈
သီလစောင့်ရခြင်း အကျိုး	....	....	၉၉
ဝိနည်းစစ်တမ်း	....	....	**၁၀၁**
အဗျတ္တိက နိဒါန်း	....	....	၁၀၁
အဌကထာသစ်၏ ဂုဏ်ရည်	....	....	၁၀၂
အရဟံ-ဂုဏ်တော် ၅-နည်း	....	....	၁၀၄
ရဟန္တာမျှားနှင့် ဝါသနာ	....	....	၁၀၄
အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီး	....	....	၁၀၅
အရိုနံ ဟတတ္တာ အရဟံ	....	....	၁၀၈
အရ-ဟံ	....	....	၁၀၉
အ-ရဟံ	....	....	၁၁၁
အရဟံ	....	....	၁၁၂
မြင်းမိုရ်တောင်လောက် ပန်းကုံးကြီး	....	....	၁၁၃
ပူဇော်ထိုက်မှ အရဟံ-မည်	....	....	၁၁၄

အကြောင်းအရာ			စာမျက်နှာ
ဘာဖြစ်လို့ ပူဇော်သလဲ	....	....	၁၁၅
ရဟန်း အမျိုးမျိုး	....	....	၁၁၇
ပါတိမောက္ခသံဝရ သီလ	....	....	၁၁၇
လောကဥပဒေများလို	....	....	၁၁၈
ရဟန်းပြုပေးကြပုံ	....	....	၁၁၈
ရဟန်း ဂ-မျိုး	....	....	၁၁၉
ဇဟိဘိက္ခု-ရဟန်း	....	....	၁၁၉
သရဏဂုံ, သြဝါဒံ, ပြဿနာဖြေ, ဂရုဓံ-ရဟန်းများ		....	၁၂၁
ဒူတ-ရဟန်းနှင့် အဌပါစိက-ရဟန်း	....	....	၁၂၂
ဥတ္တိစတုတ္ထ-ရဟန်း	....	....	၁၂၃
သမညာယဘိက္ခု	....	....	၁၂၄
ပဋိညာယဘိက္ခု	....	....	၁၂၅
ကောင်းတဲ့အကျင့်,ရှိလျှင် ရဟန်း	....	....	၁၂၇
သုတ်နှင့်ဆိုင်တဲ့ ရဟန်း	....	....	၁၂၇
သိက္ခာ ၃-ပါးနှင့် သာဇီဝ ပြည့်စုံခြင်း	....	....	၁၂၈
သိက္ခာ ၃-ပါး	....	....	၁၂၉
ရိုးရိုး သီလ	....	....	၁၃၀
ဘာသာခြားက နှိုင်းယှဉ်မှု	....	....	၁၃၀
သီလရဲ့အကျိုးတွေ	....	....	၁၃၁
အဓိသီလ	....	....	၁၃၂
ရိုးရိုးစိတ္တ	....	....	၁၃၄
အဓိစိတ္တ	....	....	၁၃၅
ရိုးရိုးပညာ	....	....	၁၃၆
ပညာနှင့် သညာ	....	....	၁၃၇

အကြောင်းအရာ			စာမျက်နှာ
သာသနာပအခါ	....	....	၁၃၈
အင်္ကုရဝတ္ထု	....	....	၁၃၉
အင်္ကုရနှင့် ဣန္ဒက	....	....	၁၄၃
အဓိပညာ	....	....	၁၄၄
သာဇီဝနှင့် ပြည့်စုံခြင်း	....	....	၁၄၆
သာသနာ ငါးထောင်	....	....	၁၄၇
ယုဂ ၅-မျိုး	....	....	၁၅၃
ထေရဝါဒ	....	....	၁၅၅
ဝိနည်း နိဂုံး	....	....	၁၅၆
ဥပဒ္ဒဝေါ	....	....	၁၅၈
ဝိသုဒ္ဓိမဂ် ၆-လ	....	....	၁၅၉
ဥပသမ္ပဒ ကမ္မဝါစာ	....	....	၁၆၃
၄။ ရဟန်းလောင်းအား မြန်မာသက်သက်ဖြင့်			
ညွှန်ကြားသင်ပြ (ဆုံးမ)ပုံ	....	....	၁၆၄
အမည်မှည့်ပုံ	....	....	၁၆၆
သံဃာ့အလယ်မှ အပြင်ထုတ်ပုံ	....	....	၁၆၇
ညွှန်ကြားသင်ပြပုံများ	....	....	၁၆၇
လျှောက်တောင်းပုံ	....	....	၁၇၁
မေးမြန်းစိစစ်ပုံ	....	....	၁၇၂
ကမ္မဝါစာပါဋ္ဌိ ပုဒ်ပါဌ်များကို စိစစ်ပြခြင်း		....	၁၇၄
ကမ္မဝါစာ မြန်မာပြန်များကို စိစစ်ပြခြင်း		....	၁၇၇
ဥပသမ္ပဒ ကမ္မဝါစာနိဿယ	....	....	၁၈၀
သမုစ္စယကမ္မဝါစာ နိဿယ အကျဉ်း	....	....	၁၈၁
ဩဝါဒကထာ နိဿယ	....	....	၁၈၂
ပိဏ္ဍိယာလောပဘောဇနံ မှတ်ချက်	....	....	၁၈၃
ကျောင်းဝိနိစ္ဆယ	....	....	၁၈၉

အကြောင်းအရာ			စာမျက်နှာ
ကတိကဝတ် အဆုံးအဖြတ်	....	....	၁၉၇
ကတိကဝတ်	....	....	၁၉၈
ပဋိသဝဒုက္ကဋ္ဌ	....	....	၂၀၂
၂၆-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒကထာ	....	....	၂၀၅
အခြေခံစကား	....	....	၂၀၅
မြော်လင့်ယုံကြည်တဲ့အတိုင်း မဟုတ်ဘူး		....	၂၀၆
အစကောင်းပေမဲ့ အနှောင်းချတ်ယွင်း		....	၂၀၇
ဝိကာလဘောဇနသိက္ခာပုဒ်	....	....	၂၀၇
ညစာ မစားခြင်းအကျိုး	....	....	၂၀၈
ဝိနည်းအလေးပြုရေး	....	....	၂၀၉
အရုဏ်တက်ချိန် သတိပြုရန်	....	....	၂၁၁
သင်္ကန်းရုံ သွားဘို့	....	....	၂၁၃
ရွှေငွေကို အပြစ်ကင်းအောင် အလှူခံဘို့		....	၂၁၄
အကပ်ခံရေး	....	....	၂၁၅
ကမ္မဋ္ဌာန်းဌာနနှင့် နစ္စ-ဂီတ	....	....	၂၁၆
တရားအလေးပြုရေး	....	....	၂၁၇
မဂ်ဖိုလ်ရအောင် ညွှန်ပြဘို့	....	....	၂၁၈
ရဟန်းတော်နှင့် နဟ်ကန်တော့ပွဲ	....	....	၂၁၈
အရှည်တည်တံ့ရေး	....	....	၂၂၀
ကမ္မဋ္ဌာန်းကျောင်းများ မူလရည်ရွယ်ချက် မပျောက်အောင်	....	....	၂၂၀
သံယောဇဉ် မမွေးဘို့	....	....	၂၂၂
သိမ်ထပ်, ကံထပ်ခြင်း	....	....	၂၂၃

အကြောင်းအရာ			စာမျက်နှာ
အညီအညွတ် ဆောင်ရွက်ရေး	....	....	၂၂၄
တမ္ပိုထည်း ကမ္မဋ္ဌာန်း ဌာနခွဲတွေ	....	....	၂၂၅
နောက်နှစ်အတွက်အစီအစဉ်	....	....	၂၂၆
ဟောပြောရေးစသည်အတွက် ညွှန်ကြားရေး		....	၂၂၇
ဉာဏ်စဉ်တရား နာခွင့်	....	....	၂၂၈
စည်းမျဉ်းဥပဒေများ နိဒါန်း	....	....	၂၃၁
စည်းမျဉ်းမရှိလျှင် သာသနာအရှည်မတည်နိုင်		....	၂၃၂
စည်းမျဉ်း ခိုင်ခံ့မှ သာသနာအရှည်တည်တံ့သည်		....	၂၃၃
သာသနာ အရှည်တည်စေလိုရှိ ဝိနည်းစည်းကမ်း			
များကို တောင်းပန်ရသည်	....	....	၂၃၄
စည်းမျဉ်းကို လိုက်နာရခြင်း အကျိုးများ		....	၂၃၇
ဥပဒေသြဝါဒကထာ	....	....	၂၄၁
မဟာစည်သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်း ဥပဒေများ		....	၂၄၈
ပဌမပလ္လင်ခံ စကား	....	....	၂၄၈
၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက် စည်းမျဉ်း ဥပဒေများ			၂၄၈
ပရိယတ္တိ အရည်အချင်း	....	....	၂၄၉
ပဋိပတ္တိ အရည်အချင်း	....	....	၂၄၉
နေထိုင်ရေး	....	....	၂၅၀
သွားလာရေး	....	....	၂၅၂
ဝတ်ရုံရေး	....	....	၂၅၂
စားသောက်ရေး	....	....	၂၅၃
ဟောကြားရေး	....	....	၂၅၃

စာတိကာ

အခြောင်းအရာ			**စာမျက်နှာ**
ပြောဆိုရေး	....	....	၂၅၁
ဆက်ဆံရေး	....	....	၂၅၆
၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက် စည်းမျဉ်းဥပဒေများ			၂၅၉
ပရိယတ္တိ အရည်အချင်း	....	....	၂၅၉
ပဋိပတ္တိ အရည်အချင်း	....	....	၂၅၉
နေထိုင်ရေး	....	....	၂၆၁
သွားလာရေး	....	....	၂၆၁
ဝတ်ရုံရေး	....	....	၂၆၁
ဟောကြားရေး	....	....	၂၆၁
ပြောဆိုရေး	....	....	၂၆၃
ဆက်ဆံရေး	....	....	၂၆၄
၃။ ယောဂီ ရဟန်းတော်များအတွက် စည်းမျဉ်းဥပဒေများ	....		၂၆၅
နေထိုင်ရေး	....	....	၂၆၆
သွားလာရေး	....	....	၂၆၆
ဝတ်ရုံရေး	....	....	၂၆၇
စားသောက်ရေး	....	....	၂၆၇
ဟောကြားရေ	....	....	၂၆၇
ပြောဆိုရေး	....	....	၂၆၈
ဆက်ဆံရေး	....	....	၂၆၈
၄။ ယောဂီ ဥပါသကာ,ဥပါသိကာမများအတွက် စည်းမျဉ်းဥပဒေများ			၂၆၉
နေထိုင်ရေး	....	....	၂၆၉
သွားလာရေး	....	....	၂၆၉
ယောကြားရေး	....	....	၂၆၉
ပြောဆိုရေး	....	....	၂၇၀
ဆက်ဆံရေး	....	....	၂၇၁

အကြောင်းအရာ			စာမျက်နှာ
၅။ (က) ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်း ဥပဒေများ	....		၂၃၂
၅။ (ခ) ရဟန်းတော်များအတွက် ဌာနဆိုင်ရာသီးခြား ဥပဒေများ			၂၃၃
မဟာဝစည် ဥပုသ်ပြုခင်း	....	....	၂၃၃
သံဃာ့ဥပုသ်ပြုရာ၌ တပါးတည်းဥ တ်ထားပုံ		....	၂၃၃
ပုဗ္ဗကရဏများကို လျှောက်ကြားပုံ	....	....	၂၃၃
ပုဗ္ဗကိစ္စများကို လျှောက်ကြားပုံ	....	....	၂၃၈
ပတ္တကလ္လကံ ဖြစ်ပုံ လျှောက်ကြားပုံ	....	....	၂၃၉
ပါတိမောက်ပြုပုံ အကျဉ်း	....	....	၂၈၀
အကြွင်းကို သုတ-ဖြင့် သိမ်းပုံ	....	....	၂၈၀
မဟာဝစည် သံဃပဝါရဏာ	....	....	၂၈၃
သံဃပဝါရဏာပြုပုံအကျဉ်း	....	....	၂၈၃
ဥ တ်ထားပုံ, ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စတို့ကို လျှောက်ကြားပုံ		....	၂၈၃
ပတ္တကလ္ล-ကံ ဖြစ်ပုံ လျှောက်ကြားပုံ	....	....	၂၈၄
ပဝါရဏာပြု ပါဠိ	....	....	၂၈၅
သံဃပဝါရဏာပြုပုံ အကျယ်	....	....	၂၈၅
အဇ္ဈေသကသမ္မုတိ ဥ တ်ထားပုံ	....	....	၂၈၅
တောင်းပန်ရန်	....	....	၂၈၆
ပုဗ္ဗကသမ္မုတိ ဥ တ်ထားရန်	....	....	၂၈၆
ဝိသာဇ္ဇကသမ္မုတ် ဥ တ်ထားရန်	....	....	၂၈၆
မေးဖြေခန်း	....	....	၂၈၆
သံဃာအား လျှောက် (ပုဗ္ဗကရဏ)	....	....	၂၈၇
မေးဖြေခန်း	....	....	၂၈၇
သံဃာအားလျှောက် (ပုဗ္ဗကိစ္စ)	....	....	၂၈၈
မေးဖြေခန်း	....	....	၂၈၈
ပုဗ္ဗကပုဂ္ဂိုလ်က နောက်ဆုံးကျေညာရန်		....	၂၉၀
ပဝါရဏာပြု ပါဠိ	....	....	၂၉၀

ဝိနယဝိနိစ္ဆယသင်္ဂဟ-၏

နိဒါန်

ကြည့်ကြ မြင်ကြသည်

လူတို့သည် ကြည့်စရာရှိသည်ကို ကြည့်ကြသည်၊ မြင်စရာရှိသည်ကို မြင်ကြသည်၊ ကြည့်လို့ မြင်ရာ၌မူ တဦးနှင့် တဦး မတူကြပေ၊ အမြင်အားဖြင့်ရင်း, အတိုင်းအတာပမာဏအားဖြင့်ရင်း ကိုယ့်အမြင်, ကိုယ့်အတိုင်းအတာ ပမာဏရှိသလောက်သာ မြင်ကြရသည်၊ လက်နှိပ်မီး၏အရောင် အတိုင်းအတာ ပမာဏနှင့် ရထားဦး သဘော်ဦး၌ တပ်ဆင်ထားသော လျှပ်စစ်မီးတို့၏ အရောင် အတိုင်းအတာပမာဏချင်း မတူသကဲ့သို့ အကြည့်အမြင်မှာလည်း အတိုင်းအတာပမာဏချင်း ကွာခြားလျက် ရှိနေသည်၊ လူအမျိုးမျိုးရှိသလို အကြည့်အမြင်လည်း အမျိုးမျိုးရှိနေကြသည်မှာမူ ထူးဆန်းလှသည်တော့ မဟုတ်ပေ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးမှာလည်း လူတို့ ကြည့်လောက် မြင်လောက်အောင် ကြည့်စရာ မြင်စရာ မြင်ကွင်းကျယ် အရာထဲတွင် ပါဝင်ရောက်ရှိတော်မူလျက် ရှိပေသည်၊ ထို့ကြောင့် အကြည့်အမျိုးမျိုး အမြင်အမျိုးမျိုးနှင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကို ကြည့်ကြ မြင်ကြသည်၊ ဆရာတော်ဘုရားကြီးသည် အကျင့်ပဋိပတ်ဘက်၌ ထင်ရှားရုံသာမက ပြောဟော ရေးသားရာ၌လည်း အကျင့်ပဋိပတ်နှင့်စပ်သော သုတ္တန်လာ ဒေသနာတော်ကြီးများကိုသာ အပြောအဟော အရေးအသား များပေသည်၊ ဝိနည်းနှင့် အဘိဓမ္မာ ဒေသနာတော်များကိုကား စပ်မိလျှင်သာ မလွှတ်ရှုထည့်သွင်း ပြောဟော ရေးသားတော်မူလေ့ရှိပေသည်၊ ထို့ကြောင့် အပြောအဟော အရေးအသား များသည်ကို ကြည့်၍ တခါ့ကြ ဆရာတော်ဘုရားကြီးမှာ သုတ္တန်ဒေသနာ၌သာ ကျွမ်းကျင်သည်၊ ဝိနည်းနှင့် အဘိဓမ္မာ ဒေသနာတော်တို့၌မူ အားပျော့သည်ဟု မြင်ကြသည်။

စမ်းကြည့်ကြသည်

ပျော့သည်ဟု ထင်ကြ မြင်ကြသောသူတို့က သူတို့ ထင်မြင်သော ပျော့ကွက်မျှားကို နှိပ်စမ်းကြည့်ကြသည်၊ သဒ္ဒါရေးဖြင့်လည်း နှိပ်စမ်းကြည့်ကြသည်၊ ဝိနည်းဒေသနာတော်ဖြင့်လည်း နှိပ်စမ်းကြည့်ကြသည်၊ အဘိဓမ္မာဒေသနာတော်ဖြင့်လည်း နှိပ်စမ်းကြည့်ကြသည်၊ အစက ပျော့သည်ဟု ထင်မြင်ခဲ့သော ထိုပျော့ကွက်မျှားကို သူတို့ကိုယ်တိုင် နှိပ်စမ်းကြည့်မိတော့မှ အဖက်ဖက်မှ နှိပ်လို့မရပဲ မာလျက်ပင်ရှိသည်ကို တွေ့သွားခဲ့ကြသည်။ မာမှန်း သိပါလျက်လည်း အခု၊ တို့က နှိပ်ကြည့်မြဲ ကြည့်လျက်ပင် ရှိနေကြသေးသည်။

ဖြစ်နိုင်ပါမည်လား

အတွင်းစိတ်က မရိုးသားပြီဆိုလျှင် အပြင်သို့ ပေါ်ထွက်လာသော ကိုယ်အမူအရာ နှုတ်အမူအရာတို့မှာလည်း မရိုးမသား ဖြစ်လာတတ်သည်။ အပြင်သို့ ပေါ်ထွက်လာသော ထိုထိုအမူအရာတို့ကို မြင်သဖြင့်လည်း အတွင်းစိတ် ရိုး မရိုးကို သိနိုင်လေတော့သည်။ ပုဂ္ဂိုလ်အနေဖြင့် ဆိုရသော်–ထိုစိတ်, ထိုအမူအရာကို စွဲ၍ ထိုပုဂ္ဂိုလ် ရိုး မရိုး သိကြရ၏။ ပုဂ္ဂိုလ် တဦးတယောက် ကောင်း မကောင်းကိုလည်း ရိုး မရိုးဆိုသော ထိုအမူအရာတို့က ချယ်လှယ်နေသည်။ ချယ်လှယ်ပုံကို သိသာရုံ သာမက ဖော်ပြရန် လိုအပ်လျှင်—ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အပေါ်၌ မရိုးသားသော အမူအရာတခုကို ဖော်ပြရမည်သာ ဖြစ်၏။

"မဟာစည်ဟာ စာမတတ်ပါဘူး၊ သူ့စာတွေကို သူရေးနိုင်တာ မဟုတ်ပဲ ရွှေစေတီဆရာတော်က ရေးပေးရတာပါ!"တဲ့–

ကျမ်းတကျမ်းသာ သူ့အမည်ဖြင့် ပြုဘူးသော ပုဂ္ဂိုလ်တဦးက ဤသို့ဆိုခဲ့သည်။ ဤမျှကျော်စောထင်ရှားလျက်ရှိသော မဟာစည်ဆရာတော်ဘုရားကြီး အပေါ် ဤသို့ ဆိုခြင်းမှာ ရိုးသားသော ဆိုခြင်းဟု ဆိုရန် ခဲယဉ်းလှသည်။ မဟာစည်ဆရာတော်ဘုရားကြီး ပြုစုရေးသားထားသော ကျမ်းဂန်ပေါင်းမှာ ဝိပဿနာလမ်းညွှန်ကျမ်းလို ကျမ်းဂန်ငယ်ကလေးများရော ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယသစ်လို ကျမ်းဂန်ကြီးများပါ ၅၉-ကျမ်း ရှိနေပြီ ဖြစ်၏။

ဤကျမ်းဂန်မျှားကို ရှေစေတီဆရာတော်ဘုရားကြီးက ရေးသားပေးရသည် ဆိုခြင်းကို မည်သူကမျှ ယုံကြည်ကြမည် မဟုတ်ပေ၊ သို့နှင့်လည်း ထို ပုဂ္ဂိုလ်က ထိုသို့ ဆိုသည်ကို သိရသည့်အခါ ရင်သပ်ရှုမော အံ့သြမိပေသည်။

အံ့အားသင့်သွားကြသည်

သုတ္တန်ဒေသနာတော်ဟူသည် သုတ်တရားချည်းသာ ဟောကြားတော်မူထားသည်ကား မဟုတ်ပါလေ၊ ဝိနည်းနှင့် စပ်လာလျှင် ဝိနည်း, အဘိဓမ္မာနှင့်စပ်လာလျှင် အဘိဓမ္မာမျှားကိုပါ ဟောကြားထားပါသည်၊ သုတ္တန်တရားများသောကြောင့်သာ သုတ္တန်ဒေသနာတော်ဟု အမည်ရနေသော်လည်း အမှန်မှာ ထိုသုတ္တန်ဒေသနာဟော်မျှားတွင် သီလ, သမာဓိ ပညာ အပြည့်အစုံ ဟောကြားထားပေသည်၊ သီလနှင့်စပ်လျှင် ဝိနည်း၊ သမာဓိ, ပညာနှင့် စပ်လျှင် အဘိဓမ္မာသဘောမျှားလည်း ထည့်သွင်း ဟောတော်မူရ၏။ အခြားက သုတ္တန်ဒေသနာတော်ဆိုလျှင် ဇာတ်ဘတ္ထုတွေ့ပဲ ဆိုပြီး အထင်သေးတတ်ကြသော်လည်း တကယ်တော့ သုတ္တန်ဒေသနာတော်မှာ ထင်သလို လွယ်သည်မဟုတ်၊ ကျင့်ဝတ်ပဋိပတ်မျှားနှင့် စပ်နေသော နေရာမျှားတွင် နက်နဲ ခက်ခဲလှပါသည်။

အကဲ မခတ်တတ်ယင်သာ ရှိရမည်၊ အကဲ ခတ်တတ်ပါလျှင် "ဝိပဿနာရှုနည်းကျမ်းကြီး" နှစ်ဘဲ့ဖြင့်ပင် ဆရာတော်ဘုရားကြီး၏ အရည်အသွေးကို အကဲခတ်နိုင်ရာသော အကြောင်းရှိပေသည်၊ ထို ရှုနည်းကျမ်းကြီး၌ လူတို့သီလ, ရဟန်းတော်တို့ သီလ-ဟူသော ဝိနည်းတရားတော်၏ သဘောမျှား, ဝိပဿနာရှုမှတ်ရာ၌ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟူသော အဘိဓမ္မာတရားတော်တို့၏ သဘောမျှားကို ထိုက်သင့်သလို အနုစိတ်၍ သိမ်မွေ့နက်နဲသော ဝိထိစိတ်အစဉ်မျှားကိုပါ သူ့နေရာနှင့်သူ ဖော်ပြပြုစုထားပါသည်၊ သို့သော် အမှတ်မဲ့ဆိုပါက ဝိပဿနာရှုနည်းကျမ်းဟု ဆိုသဖြင့် သုတ္တန်တရားမျှားကိုသာ ပြုစုထားသည်ဟု ထင်မှတ်မည်ဆိုလျှင် ထင်မှတ်နိုင်သည်၊ ဤသို့ ထင်မှတ်ရာ၌ ရိုးရိုးသားသားအမြင်ဖြင့် ထင်မှတ်မည်ဆိုသော် အပြစ်မဟုတ်သော်လည်း အမြင်

တမျိုးဖြင့် မရိုးမသား လုပ်ကြံ၍ မြင်လျှင်မူ မြင်သူတွင် အပြစ်လွတ်မည် မဟုတ်ပေ။

သုတ္တန်ဒေသနာတော်လောက်သာ နိုင်နင်းကျမ်းကျင်သည်ဟု ဆရာတော်ဘုရားကြီးအပေါ် အထင်သေးခဲ့သူ အချို့တို့သည် "ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းကြီး"ထုတ်ပေါ်လာသောအခါ၌မူ အားလုံး အံ့အားသင့်သွားကြလေတော့သည်၊ ထို နိဿယကျမ်းကြီးကို သုတ္တန်ဒေသနာတော်လာ အကျင့်ပဋိပတ်လောက်သာ ကျမ်းကျင်ရုံဖြင့် မည်သည့်နည်းနှင့်မျှ ရေးသားပြုစုနိုင်စွမ်း ရှိမည်မဟုတ်ပေ၊ ထိုကျမ်းကြီးလို ကျမ်းမျိုးကို ရေးသားပြုစုလိုပါသည် ဆိုလျှင် ပါဠိပိဋကတ်ကို နိုင်နိုင်နင်းနင်း တတ်ကျမ်းဘို့လည်း လိုအပ်ပါသည်၊ သက္ကဋ္ဌစသော အခြားဘာသာများကိုလည်း တတ်ကျမ်းဘို့ လိုအပ်ပါသည်၊ ဤမျှ လိုအပ်သောကြောင့်ပင် ထိုကျမ်းကြီးမှာ ကိုင်တွယ်ကြည့်ရှုရန် ခက်ခဲလှသဖြင့် ကြည့်ရှုနိုင်သူ နည်းပါးပြီး ကျမ်းအိပ်ကြီး ဖြစ်နေခဲ့သည်မှာ ကြာမြင့်လှလေပြီ။

အကြောင်းသိလို့ တိုက်တွန်းခဲ့

ဤ မဟာဋီကာနိဿယကျမ်းကြီးကို ရေးသားပြုစုဘို့ မဟာစည်ဆရာတော်ဘုရားကြီးအား တိုက်တွန်းခဲ့သူမှာ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်တိုက်သစ်ဆရာတော်ဘုရားကြီး ဖြစ်ပေသည်၊ တိုက်တွန်းခဲ့သည့်အတိုင်း ရေးသားပြုစုပြီးသည့်အခါ ထို နိဿယစာအုပ်များကို ညောင်ကန် အရှင်ဣန္ဒကမှတဆင့် ရဋ္ဌဂုရုဆရာတော်ကြီးအား လှုဒါန်းရာ၌ ဆရာတော်ဘုရားကြီးက—

"မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်၊ တို့များ မမြင်တဲ့ အမှားများကို မြင်အောင် ကြည့်နိုင်တယ်၊ အရှင်အာနုရုဒ္ဓါတို့, ဋီကာကျော်ဆရာတို့, အခြား ကျမ်းဆရာတို့ မမြင်တဲ့ အရာများကိုတောင် မြင်အောင် ကြည့်နိုင်တယ်၊ သင်္ဂြိဟ် ကမ္မဋ္ဌာန်းပိုင်း ဒီဋ္ဌိဝိသုဒ္ဓိခဏ်းမှာ နာမ်ရုပ်တို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒီဋ္ဌိဝိသုဒ္ဓိခဏ်းမှာ မဆိုသင့်သေးပဲ ကခ်ါဝိတရဏဝိသုဒ္ဓိခဏ်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသံဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်"ဟူ၍ရင်း—

"ဒီကရွှေမဟာစည်ဆရာတော်ထက် သာတဲ့သူကိုမပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဘို့ မလွယ်ဘူး၊ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လဲ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယပြုစုဘို့ တို့မျှားက တိုက်တွန်းရတယ်" ဟူ၍ဝင်း—

ချီးကျူးစကား မိန့်ကြားတော် မူခဲ့သည်။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ရိုးရိုးသားသားမြင်သူ ပုဂ္ဂိုလ်တို့ ဆိုပါလျှင် ရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကဲ့သို့ပင် မြင်ကြမည်သာ ဖြစ်သည်။

ဟိုတပ္ပင့် သည်တပ္ပင့်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပဋ္ဌိပတ်နှင့် သက်ဆိုင်ရာ သုတ္တန် ဒေသနာတော်များကို အများအားဖြင့် ဟောကြား ရေးသားတော်မူသည်မှာကား ထင်ရှားပေသည်၊ ထိုသုတ္တန် တရားတော်ကြီးများထဲတွင် လျှော်သလို အကြားအကြား၌ ထည့်သွင်းဟောကြား ရေးသားတော်မူထားသော ဝိနည်းနှင့် အဘိဓမ္မာ ဒေသနာတော်များမှာမူ သုတ္တန်ဒေသနာတော်တို့၏ အကြားတွင် မထင်ရှားလှပဲ ဖြစ်နေသည်၊ သုတ္တန်ဒေသနာတော်တို့၏ အကြား အကြား၌သာ ဟောကြား ရေးသားထားသောကြောင့်လည်း ထို ဝိနည်းနှင့် အဘိဓမ္မာ ဒေသနာတော်များမှာ ဟိုတပ္ပင့် သည်တပ္ပင့် အလိုလို ကြွေကျနေသော ပန်းတို့ကဲ့သို့ တစပ်တည်း မရှိပဲ ဖြစ်နေပေသည်၊ ဝိနည်းနှင့် အဘိဓမ္မာ ၂-မျိုးတွင် ဝိနည်းမှာ ကိုယ်, နှုတ် ယဉ်ကျေးမှုအတွက်ဖြစ်၍ လက်ဦးအရေးတကြီး လိုအပ်သော တရားဖြစ်၏။ တစပ်တည်း မဟုတ်သော ထိုဝိနည်းတရားများကို ကြည့်ရှုမှတ်သားဘို့ လွယ်ကူစေရန် ပန်းပွင့်များကို တစပ်တည်း သီကုံးထားသကဲ့သို့ သီးခြားထုတ်နုတ်လျက် စုစည်းထားသင့်ပေသည်၊ ဤသည်ကို သတိပြုမိကြသော မဟာစည်နာယကအဖွဲ့ ဆရာတော်တို့က—

"မဟာစည်ဆရာတော်ဘုရားကြီး ဟောကြား ရေးသားထားသော ဝိနည်းဆိုင်ရာ ဩဝါဒကထာများမှာ ဆရာတော်ဘုရားကြီး ဟောကြားထားသော တရားများနှင့် ရေးသားထားသော ကျမ်းဂန်များထဲတွင် အကြားအကြား၌ ပါရှိနေသဖြင့် ကြည့်ရှုမှတ်သားရန် မလွယ်ပဲ ဖြစ်

နေသည်၊ အရေးပါသော ထိုဝိနည်းဆိုင်ရာ သြဝါဒကထာများကို အလွယ်တကူ ကြည့်ရှုမှတ်သားနိုင်ကြစေရန် ထိုထို သြဝါဒကထာနှင့် ကျမ်းဂန်တို့မှ ထုတ်နုတ်၍ သီးခြားစုဆောင်းပြီး ပေးဘို့ကို ဝက်လက် မစိုးရိမ်ဦးတိဿ အား ဤ မဟာစည် နာယကအဖွဲ့ကြီးမှ တိုက်တွန်းသည်"

ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ကြသည်၊ ထိုဆုံးဖြတ် တိုက်တွန်းချက်ကို ၁၃၃၇-ခုနှစ် နတ်တော်လပြည့်ကျော် ၂-ရက်နေ့ နံနက် ဂ-နာရီ အချိန်တွင် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာအတွင်း သန္တာအေးကျောင်းပေါ်၌ စည်းဝေးတော်မူကြသော မဟာစည် နာယကအဖွဲ့ကြီးက ဆုံးဖြတ် တိုက်တွန်းတော်မူလိုက်ကြခြင်း ဖြစ်ပေသည်။

ရနိုင်သမျှ စုဆောင်းထားသင့်သည်

မငြင်းသာသော မဟာစည် နာယကအဖွဲ့ကြီး၏ ဆုံးဖြတ် တိုက်တွန်းချက်ကြောင့်ဌင်း, မိမိကိုယ်တိုင်ကလည်း အဖွဲ့ကြီး၏ ဆုံးဖြတ် တိုက်တွန်းချက်အတိုင်း အမှန်တကယ် လိုအပ်သည်ဟု သဘောရသောကြောင့်ဌင်း ဆုံးဖြတ် တိုက်တွန်းချက်ကို လက်ခံလိုက်ပါသည်၊ လက်ခံခဲ့ပြီးနောက် အခြားပြုဘွယ်ကိစ္စများကို ဆောင်ရွက်နေရသေးသည့်အကြား ၂-လခွဲတိုင် စာတလုံးမျှ မရေးနိုင်လောက်အောင် ကျန်းမာရေးက ချိုတဲ့နေခဲ့သောကြောင့် ၇-လ အထိ ဤဝိနည်းဆိုင်ရာ သြဝါဒကထာကို စုဆောင်းသမှု မပြုနိုင်ခဲ့ပါ။ ဤ ဝိနည်းဆိုင်ရာ သြဝါဒကထာမျှသာ မဟုတ်သေး၊ အခြား သာသနာရေးကိစ္စများ၌ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဆောင်ရွက်တော်မူသည်ကို မှတ်သားနိုင်သမျှ မှတ်သားပြီး စုဆောင်းထားသင့်သည်သာ ဖြစ်ပေသည်။

သာသနာ ခရီးတလျှောက်

ဆရာတော်ဘုရားကြီး၏ သာသနာခရီးတလျှောက်တွင် ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တို့ ကျေးဇူးများမည့် ဆောင်ရွက်ချက်တွေ အမြောက်အမြား ရှိပေသည်၊ ထိုဆောင်ရွက်ချက်များကို တာဝန်ရှိသူ အနီးနေပုဂ္ဂိုလ်တို့က မှတ်သားနိုင်သမျှ မှတ်သား၍ သမိုင်းတွင်မှတ်တမ်း တင်ထားကြရန်လည်း လိုအပ်လှပေသည်၊ ဆရာတော်ဘုရားကြီး၏ တပည့်များထဲတွင် စာတတ် ပေတတ် ရေးသားတတ်

သော ပုဂ္ဂိုလ်တွေ အမြောက်အမြား ရှိနေလေရာ ထိုလိုအပ်ချက်ကို ဆောင်ရွက်နိုင်ကြမည်သာ ဖြစ်၏။ ထို့ကြောင့် ဆောင်ရွက်နိုင်စွမ်းရှိသော ထိုထို ပုဂ္ဂိုလ်တို့အား မှတ်တမ်းတင် မပါမရှိသေးသော ဆရာတော်ဘုရားကြီး၏ သာသနာရေး ဆောင်ရွက်ချက်များကို မှတ်တမ်းတင်နိုင်အောင် ကြိုးစားကြပါရန် မိမိက တိုက်တွန်းခဲ့ဘူးပါသည်။ သို့သော် စွမ်းရည်ရှိသူ ထိုထို ပုဂ္ဂိုလ်တို့က လက်နှေးနေကြသဖြင့် "ကြာသော် မှတ်တမ်းမတင်မီသော ဆရာတော်ဘုရားကြီး၏ မှတ်သားဘွယ် သာသနာရေး ဆောင်ရွက်ချက်တွေ မေ့ပျောက်ကုန်ချေတော့မည်" ဟု စိုးရိမ်မကင်း ဖြစ်မိသဖြင့် မှတ်စုမှတ်ရာများ ရှိလောက်သော ပုဂ္ဂိုလ်တို့ထံ မှတ်စုမှတ်ရာများ တောင်းခံကာ ရသမျှ စုဆောင်း၍ "ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဖြတ်သန်းလာခဲ့သော သာသနာခရီးတလျှောက် အမှတ်စဉ်-၁" ဟူ၍ စာခေါင်းတပ်လျက် ၁၃၃၆-ခုနှစ် တန်ဆောင်မုန်းလထဲတွင် သမိုင်းတင် စာတအုပ် ထွက်လာအောင် ဆောင်ရွက်လိုက်ရသည်၊ သည်တော့မှပင် အစပေါ်လာကာ ဤကိစ္စကို ဆက်လက်တာဝန်ယူမည့် ပုဂ္ဂိုလ် ပေါ်ပေါက်လာသဖြင့် မိမိမှာ စိတ်အေး လက်အေး ဖြစ်ရတော့သည်။

ရည်ရွယ်ချက်

"ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ"

ဤဒေသနာတော်သည် မူလပဏ္ဏာသ-စူဠသစ္စကသုတ် နှာ ၂၉၇-လာ ပါဠိတော်ပုဒ် ဖြစ်လေသည်၊ မြတ်စွာဘုရားသည် ကိလေသာကင်းဝေး ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးမှ ကိုယ်တော်မှတပါး အခြားသော ဝေနေယျတို့အားလည်း ယဉ်ကျေးပါစေခြင်း အကျိုးငှါ ယဉ်ကျေးဘို့ရန် တရားမှန်ကို ဟောကြားတော်မူခဲ့ပေသည်၊ ဟောကြားတော် မူခဲ့သည့်အတိုင်းလည်း လက်ချိုးရေတွက်၍ မရစကောင်းသော အရိယာသာဝက ပေါင်းများစွာတို့အား ကိလေသာကင်းဝေး ယဉ်ကျေးတော်မူခဲ့ကြလေကုန်ပြီ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအားလည်း ဘုရားရှင်နှင့် တန်းတူဟု မဆိုလိုသော်လည်း ဘုရားရှင်၏ သာဝကအဖြစ်ဖြင့် ကိုယ်တော်တိုင်

ယဉ်ကျေးတော်မူလျက် ရှိလေပြီ၊ ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးသော ဆရာတော်ဘုရားကြီးသည်လည်း မိမိမှတပါး အခြားသော တပည့်တပန်း ရဟန်းရှင်လူ ခပ်သိမ်းသူတို့အား ယဉ်ကျေးစေရန် တရားမှန်ကို အခွင့်သင့်တိုင်း တရားဓမ္မ ဟောပြတော်မူလျက် ရှိပေသည်၊ ထိုဆရာတော်ဘုရားကြီး ဟောကြားပြသ ဆုံးမတော်မူသော သြဝါဒကထာ ဒေသနာတော်တို့အထဲမှ ပဌမရှေးဦးစွာ ပဓာန အဓိကအားဖြင့် လိုလား ကျင့်သုံးအပ်သော ဝိနည်းဆိုင်ရာ သြဝါဒကထာများကို နာယကအဖွဲ့ ဆရာတော်တို့ အလိုဖြင့် ဤတွင် ထိုထို သြဝါဒကထာ ဒေသနာများနှင့် ဝိပဿနာရှုနည်းကျမ်း စသော ထိုထို ဌာနတို့တွင် ရောပြွမ်းနေရာမှ အသီးထုတ်၍ ကြည့်လွယ် မှတ်လွယ်အောင် တပေါင်းတည်း စုဆောင်း ဖော်ပြလိုက်ရပါသည်။

ဤနည်းဖြင့် ဝိနည်းဆိုင်ရာ သြဝါဒကထာကို လွယ်လွယ်ကူကူ ကြည့်ရှု မှတ်သား သဒ္ဓါတရားဖြင့် ကြိုးစားကျင့်သုံး၍ မဂ်လမ်း ဖိုလ်လမ်း တက်လှမ်း နိုင်ကြပါစေရန် ရည်ရွယ်ရိုးရင်း နှလုံးသွင်းအတိုင်း ဤဝိနည်းဆိုင်ရာ သြဝါဒ, ကထာတို့သည် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုလျက် ဗုဒ္ဓသာသနာဝင် သူတော်စင်တို့အား မဂ်ဖိုလ်နိဗ္ဗာန်အထိ ပို့ဆောင်နိုင်ကြပါ့စေသတည်း။

မှတ်ချက်။ ၁။ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ စန္ဒားရွာ၊ ဇီးပင်ကျောင်း အခင်းဖြစ်ပွါးမှုနှင့်စပ်၍ ဝိဟာရပဋ္ဌိစ္ဆ အာပတ္တာဓိကရုဏ်း အဆုံးအဖြတ်ဆိုင်ရာကို စုဆောင်းပေးသော အရှင်သံဝရ (သာသနဓဇသိရီ ပဝရ ဓမ္မာစရိယ) အားရင်း,

၂။ ကန္ဒီကျောင်း၊ ကန္ဒီရွာ၊ ဗန်းမော်ခရိုင်၊ အရှင်ဇဝနန၏ "ကတိ ကဝတ် ဖျက်ဆီးမှု" နှင့်စပ်၍ လျှောက်ထားချက်ကို ဖြေဆိုဆုံးဖြတ်သည့် အဆုံးအဖြတ်ကို စုဆောင်းပေးသော ညောင်ကန် အရှင် ဣန္ဒက အားရင်း ကျေးဇူးတင်ရှိကြောင်းကို ဖော်ပြအပ်ပါသည်။

ဝက်လက်-မစိုးရိမ်-ဦးတိသ
ကောဇော– ၁၃၃၈
သာသနာ– ၂၅၂၀

စာရှုသူတို့အား သိစေအပ်ပါသည်

ဤ ဝိနိစ္ဆယသင်္ဂဟ-၌ ထည့်သွင်းသင့်လျက် မထည့်သွင်းနိုင်ပဲ ကျန်ရှိနေရစ်သော ဝိနည်းဆိုင်ရာ အဆုံးအဖြတ် ရှိပါသေးသည်၊ ၎င်းမှာ တုဝဋ္ဌကသုတ် တရားတော် တတိယပိုင်းမှ စ၍ မှတ်သားဖွယ် ဝိနည်းတရားတော် အတော်များများကို ဟောကြားထားပါသေးသည်၊ ဝိနိစ္ဆ-ယ သင်္ဂဟ စာမူကို အစိုးရ စိစစ်ရေးအဖွဲ့ထံ တင်ပြ စိစစ်ပြီးမှ ဆရာတော်ဘုရားကြီး၏ တုဝဋ္ဌကသုတ် တရားတော်ကို တွေ့ရသဖြင့် ဤ၌ ထည့်သွင်းခွင့် မရတော့ပါ၊ ထိုကြောင့် ဒုတိယအကြိမ် ရိုက်နှိပ်ရာ၌သာ ထည့်သွင်း နိုင်ပါတော့မည်၊ ဤ၌ မထည့်သွင်းနိုင်ပဲ ကျန်ရှိရစ်သော ဝိနည်းဆိုင်ရာ ဝိနိစ္ဆယကို ကြည့်ရှုလိုပါက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားထားသော တုဝဋ္ဌကသုတ် တရားတော် တတိယပိုင်းမှ စ၍ ကြည့်ရှုကြပါရန် ညွှန်ကြားအပ်ပါသည်။

ဝက်လက် ပစိုးရိမ် ဦးတိဿ

ဝိနယဝိနိစ္ဆယသင်္ဂဟ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

ဝိနည်းဆိုင်ရာ ဩဝါဒကထာများ

ယထာ ဗုဒ္ဓေန ပညတ္တော၊ ဒမတ္ထံ ဝိနယော တထာ။

တတော ယော နီဟရိတ္ဌာန၊ ဩဝါဒေါ သုပ္ပကာသိတော။

တံတံ ဂန္ဆေ တဒါယတ္တေ၊ မဟာစည်ထေရသညိနာ။

ဗုဒ္ဓေန၊ ဝိနည်းသိက္ခာပုဒ် ပညတ်ဖို့ရာ အခါကို သိတော်မူသော ဘုရားရှင်သည်။ ဒမတ္ထံ၊ သာဝကအတန်တန် ယဉ်ကျေးရန် အလို့ငှါ။ ဝိနယော၊ အဆုံးအမ ဩဝါဒပေးငြား ဝိနည်းတရားကို။ ယထာ–ယေန အာကာရေန၊ ပညတ်ဖို့ရာ ရောက်လာဆိုက်ငြား အကြင်သို့သော အခြင်းအရာအားဖြင့်။ ပညတ္တော၊ တားမြစ်ခွင့်ပြု လျော်စွာရှု၍ ယဉ်ကျေးမှုအနေ ပညတ်တော်မူအပ်လေပြီ။ တတော၊ ဘုရားရှင် ပညတ်တော်မူထား ထိုဝိနည်းတရားတော်မှ။ နီဟရိတ္ဌာန၊ အကြောင်းအား လျော်အောင် ထုတ်ဆောင်တော်မူ၍။ ယော ဩဝါဒေါ၊ အကြင် အဆုံးအမ ဩဝါဒကို။ တဒါယတ္တေ၊ ဘုရားပညတ် ထိုဝိနည်းဒေသနာ တော်နှင့်စပ်သော။ တံတံ ဂန္ဆေ၊ ဝိပဿနာရှုနည်း-စသည် အသွယ်သွယ် အရပ်ရပ် ထိုထို ကျမ်းဂန်မြတ်၌။ မဟာစည်ထေရသညိနာ၊ မဟာစည် ဆရာတော် မည်ခေါ်ထင်ရှား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်။ တထာ–တေန အာကာရေန၊ ဘုရားရှင်မိန့်မှတ် ပညတ်အပ်သော ထို အခြင်းအရာအားဖြင့်ပင်လျှင်။ သုပ္ပကာသိတော၊ ကောင်းစွာကျန နားလည်ရအောင် ဖွင့်ပြတော်မူခဲ့လေပြီ။

တမဿ ဝိနယော ဝါဒီ၊ သမောဒဟံ လိခဿုတိ။
အဇ္ဈိဋ္ဌော နာယကေဟျာဟံ၊ ကဿံ ပဿန္တု တံ ကထန္တိ။

အဿ၊ ထိုကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏။ တံ ဝိနယောဝါဒေ၊ ထိုထိုကျမ်းစာ ထိုထိုအရာ၌ ရှိနေကြသော ဝိနည်းဆိုင်ရာ ထိုသြဝါဒကထာတို့ကို။ သမောဒဟံ၊ ကျမ်းဂန်တခုတည်း စုစည်း ပေါင်းစုလျက်။ လိခဿု ဣတိ၊ ရေးသားစီစဉ် ပြုစေချင်သည် ဟူ၍။ နာယကေဟိ၊ မဟာစည်နာယက မည်နာမဖြင့် ထေရထင်ရှား ၂၆-ပါး သော မထေရ်မြတ်တို့က။ အဇ္ဈိဋ္ဌော၊ တိုက်တွန်းဆုံးဖြတ် တောင်းပန် အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ ယံ ကထံ၊ အကြင် ဝိနည်းဆိုင်ရာ သြဝါဒကထာကို။ ကဿံ၊ ကြိုးစား ပေါင်းစု ပြုရတော့အံ့။ တံ ကထံ၊ ဝိနည်းဆိုင်ရာ ထိုသြဝါဒကထာကို။ ပဿန္တု၊ ဝမ်းသာရွှင်မွေ့ စေ့စေ့ငုငု ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

ဝိနည်းအကျဉ်းချုပ်

(ဤဝိနည်းအကျဉ်းချုပ်တွင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာရှိ ယောဂီတို့ နေ့စဉ်ဆောင်ရွက်ရမည့် အချိန်ကာလနှင့် ပြုဘွယ်ကိစ္စ, ဒုလ္လဘ ရဟန်းတော်တို့အား ပဓာနပြု၍ ဟောကြားဆုံးမအပ်သော ဝိနည်း ဆိုင်ရာ သင့်လွယ်သည့် အာပတ်များကို အကျဉ်းအားဖြင့် အဆုံးအမ ဩဝါဒပေးတော်မူထားသည်။)

နေ့စဉ် ဆောင်ရွက်ရမည့် အချိန်နှင့် ပြုဘွယ်ကိစ္စ

နံနက် ၃–၃၀။ ဆရာတော်ဘုရားကြီး ကျောင်းတော်အောက် စု၍ တရားထိုင်မှတ်ရန်။ (သိမ်တိုက်မှ သံချောင်းခေါက်သည်)

နံနက် ၅–၁၅။ ကြေးမောင်းခေါက်သောအခါ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်ထားသော ဆွမ်းစားကျောင်းသို့ တန်းစီကြွရန်။

နံနက် ၉–၃၀။ ကြေးမောင်းခေါက်သောအခါ ပင့်ဖိတ်ထားသော ဆွမ်းစားကျောင်းသို့ တန်းစီကြွရန်။ (ပရိသတ် အနည်းအများ လိုက်၍ အချိန်အနည်းငယ် ပြောင်းလဲသည့်အခါ ရှိနိုင်သည်)

နေ့ ၁၂–၀၀။ သိမ်ပေါ် စု၍ တရားထိုင်ရန်။ (သံချောင်းခေါက်သည်)

နေ့ ၂–၀၀။ တရားလျှောက်ထားရန် ဆရာတော်ဘုရားကြီး ကျောင်းတော် အောက်ထပ်သို့ ကြွကြရန်။ (အချက်ပေးသံချောင်းမရှိ)

ညနေ ၆–၀၀။ တရားထိုင်ရန် ဆရာတော်ဘုရားကြီး ကျောင်းအောက်ထပ်သို့ ကြွကြရန် (သံချောင်းခေါက်သည်)

ရောက်သည့် နေ့အတွက်

ညနေ ၅-နာရီ။ တရား မှတ်ပုံ, မှတ်နည်း နာယူရန်အတွက် ဆရာတော် ဘုရားကြီးကျောင်းတော် အောက်ထပ်သို့ ကြွကြရန်။

.....နာရီတွင်..... တိုက်..... အခန်းသို့ ဝိနည်းအဆုံး အမ ခံယူရန် ကြွကြရမည်။

ဝိနည်းအကျဉ်းချုပ်

(က) ပါရာဇိကအာပတ် ၄-ပါး

၁။ ရဟန်းသည် မေထုန်မှီဝဲလျှင် ရဟန်းဘဝ ဆုံးရှုံး၏။

၂။ တမတ်တန်ပစ္စည်းကို ခိုးဝှက်လိုရှာ ယူမိလျှင် ရဟန်းဘဝ ဆုံးရှုံး၏။

၃။ လူကို သတ်မိလျှင် ရဟန်းဘဝ ဆုံးရှုံး၏။

၄။ စျာန်မဂ်ဖိုလ်တရားကို မရပါပဲ ရသည်ဟု ဝါကြွားပြောဆိုမိလျှင် ရဟန်းဘဝ ဆုံးရှုံး၏။

(ခ) သင့်လွယ်သော သံဃာဒိသိသ်အာပတ်များ

၁။ သုက်လွတ်အောင် အားထုတ်၍ သုက်လွတ်သွားလျှင် သံဃာဒိသိသ် အာပတ်သင့်၏။

၂။ မာတုဂါမကို ရာဂစိတ်ဖြင့် ထိပါးသုံးသပ်လျှင် သံဃာဒိသိသ်အာပတ် သင့်၏။

၃။ မာတုဂါမအား ညစ်ညမ်းစွာ ပြက်ရယ်ပြောဆိုလျှင် သံဃာဒိသိသ် အာပတ်သင့်၏။

၄။ မာတုဂါမထံ၌ မေထုန်ကာမကို တောင်းလျှင် သံဃာဒိသိသ်အာပတ် သင့်၏။

၅။ အောင်သွယ်စကား အသွားအပြန် ပြောဆိုမိလျှင် သံဃာဒိသိသ် အာပတ်သင့်၏။

၆။ ရဟန်းကို မုန်းတီး၍ ပါရာဇိကဖြင့် အကြောင်းမဲ့ စွပ်စွဲလျှင် သံဃာ-ဒိသိသ်အာပတ်သင့်၏။

ကုစားနည်း။ ။အထက်ပါ အာပတ် ၆-ပါးထဲမှ တပါးပါးသင့်မိလျှင် ပရိဝါသ်, မာနတ် ကျင့်သုံး၍ အဗ္ဗာနကံ ဆောင်ပြီးမှ သီလစင်ကြယ်နိုင်သည်။

(ဂ) သင့်လွယ်သော နိဿဂ္ဂိယ ပါစိတ်အာပတ်များ

၁။ အလျား ၂၇-လက်မ, အနံ ၁၃-လက်မခွဲအောက် မငယ်သော အဝတ်အထည်ကို ရလျှင် ဆယ်ရက်အတွင်း အဓိဋ္ဌာန်, ဝိကပ္ပနာ ပြုအပ်၏၊ ထိုသို့ မပြုပဲ ဆယ်ရက်ထက် လွန်သွားလျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ (ပစ္စည်းကို စွန့်ပြီး ဒေသနာပြောကြားလျှင် အာပတ်မှ လွတ်သည်။)

၂။ ဆေမျိုးမတော်သူ, ဖိတ်မထားသူတို့ထံမှ သက်နှီး, သပိတ်ကို တောင်းယူလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ (ခြင်းချက် – အခိုး-အလု ခံရ၍ သက်နှီး မရှိသောအခါ, ငါးချက် စပ်ဖာလောက်အောင် သပိတ်ချိုတဲ့သော အခါမျှားဌ် တောင်းအပ်သေး၏။)

၃။ ရွှေငွေ-ဒင်္ဂါး-ပိုက်ဆံ-ငွေစက္ကူတို့ကို ကိုယ်တိုင် ခံယူလျှင်ဖြစ်စေ, ခံယူခိုင်းလျှင်ဖြစ်စေ, ရောင်းဝယ်လျှင် ဖြစ်စေ, လူတို့နှင့် ဝတ္ထုပစ္စည်းချင်းလဲလှယ်လျှင်ဖြစ်စေ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

၄။ သပိတ်ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ ဆယ်ရက်ထက်အလွန် ထားမိလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

၅။ အကပ်ခံပြီးသော ထောပတ်, ဆီ, ပျား, သကြား, တင်လဲတို့ကို ၇-ရက်ထက်အလွန် မစွန့်ပဲ ထားမိလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

(ဃ) သင့်လွယ်သော ပါစိတ်အာပတ်များ

၁။ လိမ်(ညာ)ပြောလျှင် ပါစိတ်အာပတ်သင့်၏။

၂။ ဆဲရေးလျှင် ပါစိတ်အာပတ်သင့်၏။

၃။ ရဟန်းအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်လျှင် ပါစိတ်အာပတ်သင့်၏။

၄။ တမိုးတရုံတည်းသော ကျောင်း,အိမ်၌ လူ,သာမဏေတို့နှင့်အတူ သုံးညထက်အလွန် အိပ်လျှင် ပါစိတ်အာပတ်သင့်၏။

၅။ တမိုးတရုံတည်းသော ကျောင်း,အိမ်၌ မာတုဂါမနှင့်အတူ ညအချိန်၌ အိပ်နေလျှင် တညဉ့်ပင် ဖြစ်သော်လည်း ပါစိတ်အာပတ်သင့်၏။

၆။ သိနားလည်သော ယောကျ်ားအဖော်မရှိပဲ မာတုဂါမအား ၆-ခွန်းထက်အလွန် တရားဟောလျှင် ပါစိတ်အာပတ်သင့်၏။

၇။ မိမိ ရထားသော တရားထူးကို လူ,သာမဏေအား ပြောလျှင် ပါစိတ်အာပတ်သင့်၏။

၈။ အခြားရဟန်း၏ သံဃာဒိသိသ်အာပတ်ကို လူ,သာမဏေအားပြောလျှင် ပါစိတ်အာပတ်သင့်၏။

၉။ မြေကြီးကို တူးဆွလျှင် ပါစိတ်အာပတ်သင့်၏။

၁၀။ သစ်ပင်ကို ချိုးဖဲ့ဖျက်ဆီးလျှင် ပါစိတ်အာပတ်သင့်၏။

၁၁။ သိက္ခာပုဒ်ဖြင့် အမေးခံရသောအခါ တလွဲကိုပြောလျှင်,မဖြေပဲနေလျှင် ပါစိတ်အာပတ်သင့်၏။

၁၂။ သမ္မုတိရ သံဃာ့ဝန်ဆောင်ရဟန်းကို ကဲ့ရဲ့လျှင် ပါစိတ်အာပတ်သင့်၏။

၁၃။ သံဃီက အိပ်ရာ နေရာများကို မသိမ်းဆည်း မပန်ကြားပဲ တခြားသို့ သွားလျှင် ပါစိတ်အာပတ်သင့်၏။

၁၄။ ပိုးရှိသော ရေကို သောက်သုံးလျှင်, သွန်ပစ်လျှင် ပါစိတ်အာပတ်သင့်၏။

၁၅။ ဂိုဏ်းဘောဇဉ်ကို စားလျှင်, နောက်မှပင့်သော ဘောဇဉ်ကို အလျှင်စာ့ားလျှင် ပါစိတ်အာပတ်သင့်၏။

၁၆။ ဆွမ်းစားစဉ် တန်ပြီဟု ဆိုပြီးဖြစ်ပါလျက် အတိရိုက်ဝိနည်းကံ မပြုပဲ ထပ်၍စားလျှင် ပါစိတ်အာပတ်သင့်၏။

၁၇။ မွန်းလွဲသောအခါ ခဲဘွယ်, ဘောဇဉ်ကို စားလျှင် ပါစိတ်အာပတ်သင့်၏။

၁၈။ ယခင်နေ့က အကပ်ခံထားသော ခဲဘွယ်,ဘောဇဉ်ကို စားလျှင် ပါစိတ်အာပတ်သင့်၏။

၁၉။ ထောပတ်ဆွမ်း စသည်ကို မနာမဖျားပဲ တောင်းစားလျှင် ပါစိတ်အာပတ်သင့်၏။

၂၀။ အကပ်မခံပဲ စားသောက်လျှင် ပါစိတ်အာပတ်သင့်၏။

၂၁။ ဆိတ်ကွယ်ရာ၌ မာတုဂါမနှင့် နေထိုင်လျှင် ပါစိတ်အာပတ်သင့်၏။

၂၂။ သေရည်, သေရက်ကို သောက်လျှင် ပါစိတ်အာပတ်သင့်၏။

၂၃။ ကလိထိုး၍ ကစားလျှင် ပါစိတ်အာပတ်သင့်၏။

၂၄။ ပုဂ္ဂိုလ်နှင့် တရားကို မရှိသေလျှင် ပါစိတ်အာပတ်သင့်၏။

၂၅။ ကြောက်လန့်အောင် ခြောက်လှန့် ပြောဆိုလျှင် ပါစိတ်အာပတ်သင့်၏။

၂၆။ ကပ္ပဗိန္ဒုမထိုးပဲ သက်နိုးကို ဝတ်လျှင် ပါစိတ်အာပတ်သင့်၏။

၂၇။ ရဟန်း၏ ပစ္စည်းကို ကျီစားလိုရှိ ဝှက်ထားလျှင် ပါစိတ်အာပတ်သင့်၏။

၂၈။ တိရစ္ဆာန်ကို သတ်လျှင် ပါစိတ်အာပတ်သင့်၏။

၂၉။ ရဟန်း၏ ဂရုကအာပတ်ကို ဖုံးလွှမ်းထားလျှင် ပါစိတ်အာပတ်သင့်၏။

၃၀။ မာတုဂါမနှင့် တိုင်ပင်၍ အတူခရီးသွားလျှင် ပါစိတ်အာပတ်သင့်၏။

၃၁။ သိက္ခာပုဒ်ဖြင့် အပြောခံရသောအခါ "အခြားရဟန်းကို မေးမြန်းပြီးမှ ကျင့်နိုင်မည်"ဟု ဆိုလျှင် ပါစိတ်အာပတ်သင့်၏။

၃၂။ ရဟန်းကို စိတ်ဆိုးရှ ရိုက်လျှင် ပါစိတ်အာပတ်သင့်၏။

၃၃။ ရဟန်းကို သံဃာဒိသိသ်အာပတ်ဖြင့် အကြောင်းမဲ့ စွပ်စွဲလျှင် ပါစိတ် အာပတ်သင့်၏။

၃၄။ ရဟန်းအား ကုက္ကုစ္စ ဖြစ်စေလျက် စိတ်ဆင်းရဲအောင် ပြောဆိုလျှင် ပါစိတ်အာပတ်သင့်၏။

၃၅။ သံဃိကလှူရန် ရည်စူးထားသော လာဘ်ကို ပုဂ္ဂိုလ်အား ပေးလှူ စေလျှင် ပါစိတ်အာပတ်သင့်၏။

၃၆။ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ မှန်းလွဲပိုင်း, ညပိုင်းဌ ရှာထဲ မြို့ထဲသို့ သွားလျှင် ပါစိတ်အာပတ်သင့်၏။

ကုလဒူသန ၈-ပါး

၁။ ပန်းပေးခြင်း။
၂။ ဒန်ပူပေးခြင်း။
၃။ သစ်သီးပေးခြင်း။
၄။ ဆပ်ပြာပေးခြင်း။
၅။ မြေညက်ပေးခြင်း။
၆။ ဝါးပေးခြင်း။
၇။ စေခိုင်းရာသို့ သွားခြင်း။
၈။ ဆေးကုခြင်း။

အနေသန ၂၁-ပါး

၁။ လာဘ်ကို မြှော်ရှ ပန်းပေးခြင်း။
၂။ သစ်သီးပေးခြင်း။
၃။ သစ်ရွက်ပေးခြင်း။
၄။ ဒန်ပူပေးခြင်း။

၅။ မျက်နှာသစ်ရေ ပေးခြင်း။
၆။ ချိုးရေပေးခြင်း။
၇။ ဆပ်ပြာပေးခြင်း။
၈။ မြေညက်ပေးခြင်း။
၉။ ဝါးပေးခြင်း။
၁၀။ ဆေးကုခြင်း။
၁၁။ ဆွမ်းပေးခြင်း။
၁၂။ လက်ဆောင်ပေးခြင်း။
၁၃။ စေခိုင်းရာသို့ သွားခြင်း။
၁၄။ စေခိုင်းရာကို လုပ်ခြင်း။
၁၅။ ကလေးထိန်းခြင်း။
၁၆။ လိုက်လျှောရှု ပြောခြင်း။
၁၇။ အောက်ချရှု ပြောခြင်း။
၁၈။ မြေ၏ အကျိုးအပြစ်ကို ပြောဟောခြင်း။
၁၉။ လယ်ယာ၏ အကျိုးအပြစ်ကို ပြောဟော့ခြင်း။
၂၀။ နက္ခတ် ဗေဒင် ဟောခြင်း။
၂၁။ အင်္ဂဝိဇ္ဇာ ဟောခြင်း။

ဤသို့ ပြုသဖြင့် ရသော ပစ္စည်းကို ရဟန်းတို့ မသုံးဆောင်ကောင်း။

ဒေသနာ ပြောကြားပုံ

(က) သီတင်းငယ်က ပြောကြားရန်။

(ခ) သီတင်းကြီးက ပြောကြားရန်။

၁။ (က) အဟံ ဘဒန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

(အလုံးစုံသော အာပတ်တို့ကို တပည့်တော် ထင်ရှား ဖော်ပြ ပါသည် ဘုရား။)

(ခ) သာဓု အာဝုသော သာဓု သာဓု။
(ကောင်းပါပြီ ငါ့ရှင်၊ ကောင်းပါပြီ။)

၂။ (က) အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမ္ဘမူလေ ပဋိဒေသေမိ။
(အကြောင်း အမျိုးမျိုးနှင့် ဆိုင်သော မျိုးစုံသော အာပတ် အလုံးစုံတို့ကို တပည့်တော် သင့်ရောက်မိပါပြီ၊ ထိုအာပတ်တို့ကို အရှင်ဘုရားထံမှာ ပြောကြားပါသည် ဘုရား။)

(ခ) ပဿသိ အာဝုသော တာ အာပတ္တိယော။
(ထို အာပတ်တို့ကို (အပြစ်ဟု) ရှုပါ၏လော ငါ့ရှင်။)

၃။ (က) အာမ ဘန္တေ ပဿာမိ။
(မှန်ပါ–ရှုပါ၏ဘုရား။)

(ခ) အာယတိံ အာဝုသော သံဝရေယ္ယာသိ။
(နောင်အခါမှာ စောင့်စည်းပါလေ ငါ့ရှင်။)

၄။ (က) သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
(ကောင်းပါပြီ အရှင်ဘုရား၊ ကောင်းကောင်း စောင့်စည်းပါမည်။)

(ခ) သာဓု အာဝုသော သာဓု သာဓု။
(ကောင်းပေစွ ငါ့ရှင်၊ ကောင်းပါပေစွ။)

မှတ်ချက်။ ။ပါဠိ သက်သက်ကိုသာ ကျက်မှတ်၍ ရွတ်ဆိုရန် လိုပါသည်၊ မြန်မာပြန်မျှားမှာ နားလည်ရန် အတွက်မျှသာ ပြထားသည်။

၁။ သင်္ကန်းကို ဝတ်ရုံတိုင်း ဆင်ခြင်ရန်

ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွှေလွှဲသုန်၊ ဟီရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစမ္မပါယ်၊ ဆင်

ပြင်မယ်ဟု၊ စိတ်ဝယ် မတမ်း၊ ဤသက်နှိုးကို၊ ဖုံးလွှမ်း သုံးဆောင်ပါသတည်း။

ဤသက်နှိုးကို မချမ်းရအောင် ဝတ်ရုံရသည်၊ မပူရအောင် ဝတ်ရုံရသည်၊ ခြင်,မှက်,မြွေ,ကင်း မကိုက်ရအောင် ဝတ်ရုံရသည်၊ လေ,နေပူ မထိရအောင် ဝတ်ရုံရသည်၊ ယင်ကောင်,ပိုးမွှား မနှောင်းမအုံရအောင် ဝတ်ရုံရသည်၊ ကိုယ်အင်္ဂါ လုံခြုံအောင် ဝတ်ရုံရသည်။

၂။ ကျောင်း,အိပ်ရာသို့ ဝင်တိုင်း ဆင်ခြင်ရန်

ချမ်းပူကို ဖျက်၊ ခြင် မှက် လေ နေ၊ ကင်းမြွေ ဝေးမှ၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။

ဤကျောင်း အိပ်ရာ နေရာကို မချမ်းရအောင် သုံးဆောင်ရသည်၊ မပူရအောင် သုံးဆောင်ရသည်၊ ယင်ကောင်,ပိုးမွှား မနှောင်းရအောင် သုံးဆောင်ရသည်၊ ရာသီဥတုကြောင့် မကျန်းမမာ မဖြစ်ရအောင် သုံးဆောင်ရသည်၊ ဆိုပ်ငြိမ်မှုရအောင် သုံးဆောင်ရသည်။

၃။ ဆွမ်းလုပ်တိုင်း ဆင်ခြင်ရန်

ဤသည့်စားဘွယ်၊ အမယ်မယ်ကို၊ မြှုးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင် တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်း,သစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

ဤ စားသောက်ဘွယ်များကို ပျော်ရှင်ဘို့, မာန်တက်ဘို့, လှပဘို့, ဝဖြိုးဘို့ စားသုံးသည် မဟုတ်၊ ဤ ကိုယ်ကာယ တည်မြဲ တည်နိုင်အောင်,မျှတနိုင်အောင်, ဆာလောင်မှု ကင်းအောင် စားသုံးရသည်၊ သီလ, သမာဓိ, ပညာ အကျင့်ကို

ကျင့်နိုင်အောင် စားသုံးရသည်၊ ဒုက္ခ ဝေဒနာဟောင်းများ ပျောက်အောင်၊ ဒုက္ခ ဝေဒနာအသစ် မဖြစ်အောင် စားသုံးရသည်၊ ကဲ့ရဲ့ဘွယ် အပြစ်ကင်းအောင် ချမ်းသာစွာ နေရအောင် မသင့်တာကို ရှောင်မည်၊ သင့်လျော်ရုံသာ စားသုံးမည်။

၄။ ဖျော်ရည် စသော ဆေးကို သုံးဆောင်တိုင်း ဆင်ခြင်ရန်

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီး ဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်ရှင်း၊ ဆင်းရဲကင်းရှိ၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ဖြည့်ကျင့်စွမ်းနိုင်ဘို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။

ဤဖျော်ရည် ဤဆေးပစ္စည်းကို ရေတစ်ခြင်း, ဗိုက်အောင့်ခြင်း စသော ရောဂါ ဝေဒနာ ပျောက်အောင် သုံးဆောင်ရသည်၊ ဆင်းရဲငြိမ်းအောင် သုံးဆောင်ရသည်။

ဘတ္တဂ္ဂဝတ်

အထက်အောက် ဆွမ်းစားကျောင်းများ၌

စားသောက် သုံးဆောင်သောယောဂီများ အညီအမျှ ချမ်းသာကြစေရန်

အောက်ပါ ညွှန်ကြားချက်များကို

ရှိသေစွာ လိုက်နာကြရမည်။

၁။ ဘတ္တဂ္ဂဝတ်(ဆွမ်းစားရာကျင့်ဝတ်)နှင့်အညီ မထေရ်ကြီးတို့၏ နေရာ၌ မထိုင်ရ၊ မိမိနှင့် ထိုက်တန်လောက်သော နေရာကို ရွေးချယ်၍ ထိုင်ရမည်။

၂။ ဘတ္တဂ္ဂဝတ်၌ သံဃာအားလုံး တပြိုင်တည်း စားရန် ညွှန်ကြားထားသည်နှင့်အညီ လက်ဦး ရောက်နှင့်သောသူက မစားသေးပဲ, ဟင်းများကို မထည့်သေးပဲ ခေတ္တ ရှုမှတ်လျက် စောင့်နေရမည်၊ မိမိဝိုင်း၌ အခြားသူ ၂-ဦး, ၃-ဦး ရောက်လာသောအခါကျမှ ဟင်းများကို မိမိ သပိတ်ထဲ ခွက်ထဲ၌ ထည့်ရ စားရမည်၊ မရှေးမနှောင်း ခပ်ညီညီ ရောက်နိုင်အောင်လည်း ယောဂီတိုင်းက ကြောင့်ကြစိုက်ရမည်။

၃။ "ဘောဇနေ မတ္တညူ=စားဘွယ်၌ အတိုင်းအရှည်ကို သိရမည်" ဟူသော ဒေသနာတော်နှင့်အညီ မိမိအတွက် ယူသင့်, သုံးသင့်သော အတိုင်းအရှည်ကို သိရမည်၊ ဟင်း မှုံ သစ်သီး စားဘွယ်တို့ကို ၄-ဦးဝိုင်း ဖြစ်လျှင် ၄-ပုံ တပုံထက် ပို၍ မယူရ၊ ၅-ဦးဝိုင်း ဖြစ်လျှင် ၅-ပုံ တပုံထက် ပို၍မယူရ၊ ဟင်း စသည်ကို နောက်ထပ် လိုက်လာလျှင်လည်း ပဌမအကြိမ်မှ အောက် ထက်ဝက်မျှသာ ယူရမည်။ (ဤအရာ၌ ထမင်းဆိုင်မှာ ဝယ်စားသူ၏ ဟင်း ချေတာသုံးစွဲပုံကိုလည်း သတိပြုရမည်။)

၄။ ဟင်းခွက်များကို မိမိအနီး၌သာ ဆွဲယူ၍ မထားရ၊ မိမိအတွက် ယူပြီးလျှင် အခြားသူများအနီးသို့ ပို့ပေးရမည်။

၅။ ဆွမ်းများ, ဟင်းများ အပိုအကျန် အလေအလွင့် မရှိရအောင် သင့်တော်လောက်ရုံသာ မိမိ၏ သပိတ်, စားခွက်၌ ထည့်ရမည်၊ ထည့်ပြီးများ ကုန်သွားရ၍ လိုနေသေးလျှင်လည်း နောက်ထပ် သင့်တော်ရုံသာ ထည့်ရမည်၊ ဆွမ်း ဟင်း အပိုအကျန်များစွာတို့ကို သပိတ်ခွက်တို့ဖြင့် သယ်ဆောင်မသွားရ။

၆။ ဆွမ်းလုပ် ကိုင်ယူတိုင်း, စားတိုင်း, ဝါးတိုင်း အမှတ်သတိပါအောင် ဂရုစိုက်ရမည်။

၇။ ဆွမ်းဝိုင်း၌ စကားမပြောရ၊ ဇွန်း, ပန်းကန်သံ မဆူညံရအောင် သတိပြုရမည်။

၈။ သန့်ပြန့်စွာ စားသောက် သုံးဆောင်ရမည်၊ ဇွန်းဖြင့် ယူနိုင်ရာ၌ လက်ဖြင့် မနှိုက်ရ၊ လက်ဖြင့် နှိုက်သင့်ရာ၌လည်း လက်ကို ဆေးပြီးမှ နှိုက်ရမည်။

၉။ ဆွမ်းဝိုင်းအနီး၌ ခွဲသလိပ်ဟပ်ခြင်း, နှုပ်ညှစ်ခြင်း စသော စက်ဆုပ်ဖွယ် အပြုအမူများကို မပြုရ၊ မလွှမ်းရှောင်သာသော အကြောင်းရှိပါက ဆွမ်းဝိုင်းမှထ၍ သင့်တော်ရာ၌သာ ပြုရမည်။

၁၀။ ချောင်းဆိုးလို, ချေလိုလျှင်လည်း ဆွမ်းပွဲမှ မျက်နှာလွှဲလျက် ပါးစပ်ကို လက်ဖြင့်ကာလျက်သာ ထိုအမှုကို ပြုရမည်။

၁၁။ ဆိုင်ရာကို မပန်ကြားပဲ ဇွန်း ပန်းကန် ခွက် တစုံတခုကို ဆွမ်းစားကျောင်းမှ တခြားသို့ ယူဆောင်မသွားရ၊ ခွင့်ပြုချက်အရသာ ယူဆောင်သွားလျှင်လည်း မကြာမီ (အချိန်မီ) ပြန်ပို့ရမည်။

၁၂။ ဆွမ်းခံကြွရန် တာဝန်ရှိသော ရဟန်းတော်များသည် လုံလောက်သော အကြောင်းထူးမရှိပါမူ သံဃာညီညွတ်ရေးကို အလေးပြုသော အားဖြင့် ဆွမ်းခံကျင့်ဝတ်ကို မပျက်စေရ။

မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်
နေ့စွဲ ၁၃၇၅-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅-ရက်။ (၂၉-၇-၇၃)

ဝိနည်း အလေးပြုရေး

(ဤ သြဝါဒ၌ သီလနှင့်ပြည့်စုံဘို့, ပါတိမောက္ခသံဝရတည်းဟူသော အပိတ်အဆို့ဖြင့် ပိတ်ဆို့နေထိုင်ဘို့, အလေ့အကျင့်ကောင်းနှင့် ပြည့်စုံဘို့, ကျက်စားချဉ်းကပ် ဆက်ဆံရာ၌ အပြစ်ကင်းဘို့နှင့် အဏုမြူမျှ အင်မတန် သေးငယ်တဲ့ အပြစ်ကလေးကိုသော်လဲ ကြောက်လန့်ဘွယ်ဘေးကြီးလို့ ရှုမြင်ဘို့မျှား ပါရှိသည်။)

"ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ" —

လို့ ဆိုထားတဲ့ အဋ္ဌကထာနှင့်အညီ ဝိနည်းဆိုတာ ဗုဒ္ဓသာသနာတော်၏အသက် ဖြစ်တယ်၊ ဝိနည်းတည်နေလျှင် သာသနာတော်တည်တာပဲ၊ ဝိနည်းကတည်တယ် ဆိုတာကလဲ ကျင့်တဲ့ပုဂ္ဂိုလ်ရှိမှ အဲဒီ ကျင့်တဲ့ပုဂ္ဂိုလ်၏ သန္တာန်မှာသာ တည်ပါတယ်၊ ဒါကြောင့် သာသနာတော်ကို အလေးအမြတ်ပြုတဲ့ ပုဂ္ဂိုလ်တိုင်း သာသနာတော်တည်တံ့ရေးအတွက် ကိုယ်တိုင်လဲ ရိုရိုသေသေ ကျင့်ဘို့လိုပါတယ်၊ ကိုယ်နှင့်စပ်ဆိုင်တဲ့ တပည့်မျှားကိုလဲ ရိုရိုသေသေကျင့်အောင် ညွှန်ကြားတိုက်တွန်းဘို့ လိုပါတယ်၊ အဲဒီ ရိုရိုသေသေ ကျင့်ပုံကို မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူပါတယ်—

"ဣမ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ၊ ပါတိမောက္ခသံဝရ-သံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု"။

(အံ-၁၊ ၂၃၇-စသည်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ဤသာသနာတော်၌ ရဟန်းသည်။ သီလဝါ၊ သီလနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ပါတိမောက္ခသံဝရ-သံဝုတော၊ ပါတိမောက်သီလဟူသော အပိတ်အဆို့ဖြင့် ပိတ်ဆို့စောင့်စည်းလျက်။ ဝိဟရတိ၊ နေ၏-တဲ့။

သီလနှင့် ပြည့်စုံစေရမယ်၊ သီလဆိုတာ ပါတိမောက္ခသီလပဲ၊ ပါတိမောက်ဆိုတာ သူကို စောင့်ရှောက်လျှင် စောင့်ရှောက်တဲ့သူကို အပါယ်ဘေးစသည်မှ လွတ်မြောက်စေတတ်တဲ့ သီလပဲ၊ အဲဒါဟာ အကျဉ်းချုပ်ဆိုလျှင် ကိုယ်ဖြင့် မသင့်လျော်တဲ့ အမှုကို မပြုပဲ ကြဉ်ရှောင်ခြင်းနှင့် နှုတ်ဖြင့် မသင့်လျော်တဲ့ စကားကို မပြောပဲ ကြဉ်ရှောင်ခြင်းဆိုတဲ့ ဒီ ၂-မျိုးပါပဲ။

နောက်ပြီးတော့ ဒီ ပါတိမောက်သီလ လုံခြုံစေဘို့ရာ "အာစာရဂေါစရ-သမ္ပန္နော=ကောင်းသော အလေ့အကျင့်နှင့်လဲ ပြည့်စုံရမယ်၊ အပြစ်ကင်းသော ကျက်စားချဉ်းကပ်ရာ ဆက်ဆံရာနှင့်လဲ ပြည့်စုံရမယ်"တဲ့၊ အဲဒီမှာ ကောင်းသော အလေ့အကျင့်နှင့် အပြစ်ကင်းသော ကျက်စားရာတွေ့ကတော့ အလွန်ကျယ်ဝန်းပါတယ်၊ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ (နှာ-၁၆၊ မြန်မာပြန် ၅၇-စသည်) မှာ ပြဆားပြီးရှိပါတယ်၊ အဲဒီမှာ ရှည်လ်က အပြည့်အစုံ သိနိုင်ပါတယ်၊ အရှင်ဘုရားတို့လဲ အမျှားအားဖြင့် ကြည့်ရှုလေ့လာပြီး ဖြစ်ပါလိမ့်မယ်။

နောက်ပြီးတော့ ရိုရိုသေသေနဲ့ အပြည့်အစုံ ကျင့်ဘို့ရာကိုလဲ "အဏုမတ္တေသု ဝဇ္ဇေသု=အဏုမြူမျှ သေးငယ်လှသော အပြစ်တို့ဌာသော်လည်း။ ဘယဒဿာ-ဝီ=ကြောက်ဘွယ်ဘေးကြီးဟု ရှုမြင်လျက် ကျင့်ပါ"တဲ့၊ ရဟန်းတော်များမှာ သင့်ရောက်နိုင်တဲ့ အာပတ်အပြစ်တွေက ၇-ပါးရှိတယ်၊ အဲဒီ ၇-ပါးထဲမှာ သေးငယ်တဲ့အပြစ်ဆိုတာ ဒုက္ကဋ်နှင့် ဒုဗ္ဘာသိ အာပတ်မျှားပါပဲ၊ ဒုဗ္ဘာသိအာပတ်ဆိုတာ မြင့်မြတ်တဲ့ရဟန်းကို ယုတ်ညံ့တဲ့ဂုဏ်နဲ့, ယုတ်ညံ့တဲ့ရဟန်းကို မြင့်မြတ်တဲ့ဂုဏ်နဲ့ အပြောင်အပြက်ပြောခြင်းဖြင့် သင့်ရောက်တဲ့အာပတ်ပဲ၊ ယခုကာလမှာ ရဟန်းတော်အချင်းချင်း "အရှင်ဘုရားတို့က ဓမ္မကထိကကြီးပဲ၊ ဘုန်းကြီးတဲ့ ဆရာတော်ကြီးပဲ" စသည်ဖြင့် အပြောင်အပြက် ပြောလေ့ရှိကြတယ်၊ အဲဒါ သတိပြုစရာ ကောင်းပါတယ်၊ ဒုက္ကဋ်သင့်စရာအကြောင်းတွေကတော့ အမျှားကြီးပါပဲ၊ အဲဒီ ဒုက္ကဋ်အာပတ်ဆိုတဲ့ထဲမှာ ပဏ္ဏတ္တိဝဇ္ဇ အာပတ်က လောကဝဇ္ဇ အာပတ်ထက် သေးငယ်တယ်၊ အဲဒီ အသေးငယ်ဆုံးဖြစ်တဲ့ ပဏ္ဏတ္တိဝဇ္ဇ အာပတ်ပေမယ့် ကျူးလွန်လိုတဲ့ စိတ်ဖြင့် ကျူးလွန်မိတဲ့ အာပတ်ဆိုလျှင် အပါယ်လေးပါး ကျရောက်စေနိုင်တယ်ဆိုတော့ အလွန်ကြောက်ဘွယ်ကောင်းပါတယ်၊ ဒါကြောင့် အဲဒီလို အာပတ်အသေးအငယ်လေးပေမယ့် အလွန်ကြောက်ဘွယ်

ဘေးကြီးအနေနဲ့ မြင်ပြီးတော့ အပြစ်ကင်းအောင် ကျင့်ရမယ်လို့ ဆိုလိုပါတယ်၊ ဒုက္ခဋ္ဌထက်ကြီးတဲ့ ပါဠိဒေသနီ, ပါဝိတ်-အစရှိတဲ့ အာပတ်တွေကိုတော့ အထူးပြောစရာ မလိုတော့ပါဘူး၊ သာပြီး ကြောက်ဘွယ်ထင်ပြီးတော့ ကြဉ်ရှောင်ကြဘို့ပါပဲ။

"သဒ္ဓါသာဓေနော ဟိ သော(ပါတိမောက္ခသံဝရော)"လို့ မိန့်ဆိုထားတဲ့အတိုင်း ပါတိမောက်သီလဆိုတာ ယုံကြည်မှု-သဒ္ဓါတရားဖြင့် ပြည့်စုံစေရတဲ့ သီလဖြစ်တယ်၊ သဒ္ဓါတရား အားကောင်းယင် ဒီသီလကို ကျင့်ဘို့ရာ ဝန်မလေးဘူး၊ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေမှာ သဒ္ဓါတရားဟာ သာဓုန်ပုဂ္ဂိုလ်တွေမှာထက် အားကောင်းသင့်ပါတယ်၊ ဒါကြောင့် တရားအားထုတ်ထားကြတဲ့ အရှင်မြတ်တွေဟာ "သူတပါးတွေက မကျင့်တောင်မှ ငါတို့ကတော့ ကျင့်မယ်"လို့ နှလုံးသွင်းပြီး ဝိနည်းကို အထူးသဖြင့် ရိုရိုသေသေ ကျင့်သွားကြဘို့ပါပဲ။

ယခုနေအခါမှာ အများအားဖြင့် ပေါ့လျော့နေတတ်ကြတာကတော့ မြို့ထဲရွာထဲ သက်နှံးရုံရတဲ့ သိက္ခာပုဒ်, စက္ခုနွေ့ စောင့်စည်းရတဲ့ သိက္ခာပုဒ်-ဒီလို သိက္ခာပုဒ်တွေမှာ ပေါ့လျော့နေတတ်ကြတယ်၊ ရှေ့ငေ့ကိုင်ခံမှုနဲ့စပ်တဲ့ သိက္ခာပုဒ်, ဝယ်ခြမ်းရေးနဲ့စပ်တဲ့ သိက္ခာပုဒ်-ဒီလို သိက္ခာပုဒ်တွေမှာလဲ ပေါ့လျော့နေတတ်ကြတယ်၊ တောင်းရမ်းအလှူခံမှုနဲ့ စပ်တဲ့ သိက္ခာပုဒ်, ဒကာဒကာမများ အား ညှော်ခံရေး, ဆက်ဆံရေးနှင့် စပ်တဲ့ သိက္ခာပုဒ်-ဒီလို သိက္ခာပုဒ်တွေမှာလဲ ပေါ့လျော့နေတတ်ကြတယ်၊ တချို့မှာဆိုယင် ဘူတဂါမသိက္ခာပုဒ်, ပထဝီခဏနသိက္ခာပုဒ်, သာမံပဂ္ဂသိက္ခာပုဒ်-ဒီလို သိက္ခာပုဒ်တွေမှာတောင် ပေါ့လျော့နေတယ်လို့ ကြားရတယ်၊ အရှင်ဘုရားတို့, တပည့်တော်တို့ ကမ္မဋ္ဌာန်းပဋိပတ်ဆိုင်ရာ ဘက်ကတော့ အဲဒီလို ဟာမျိုးတွေကိုလဲ မချုတ်မယှင်းရအောင် အလေးပြုပြီး စောင့်ရှောက်ကြဘို့ လိုပါတယ်၊ အဲဒီလို အသေးအမှုမှုစပြီး ကျင့်စရာ ဟူသမျှတွေကို အကြင်းမဲ့ကျင့်ဘို့ရာ မြတ်စွာဘုရားက—

"အဏုမတ္တောသု ဝဇ္ဇေသု ဘယဒဿာဝီ=အဏုမြူမျှ အလွန်သေးငယ်လှသော အပြစ်တို့ဌာသော်လည်း အပါယ်လားကြောင်း ကြောက်ဖွယ်ကောင်းသည့် ဘေးကြီးဟု ရှုမြင်လျက်။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့ဌာ။ သမာဒါယ၊

ကျင့်ဖွယ်ဟူသမျှကို အကြွင်းမဲ့ ဆောက်တည်၍။ သိက္ခာတိ၊ ကျင့်၏"လို့ မိန့်တော်မူခဲ့ပါတယ်။

အဲဒီမှာ ကျင့်ရမယ်, ကျင့်လော့–လို့ ဒီလို တိုက်တွန်းချက် တိုက်ရိုက်မပါပေမယ့် "ဘုရားဟောဟူက အာဏာတော်ပါမြဲ"ဆိုတဲ့ နေတော်နည်းအရအားဖြင့် "ကျင့်ရမယ်, ကျင့်လော့"ဟူ၍ပင် ဆိုလိုတယ်လို့ ယူရပါတယ်၊ မူလပဏ္ဏာသ အာဂတခေါ်ယျသုတ်မှာတော့ "သမာဒါယ သိက္ခထ သိက္ခာပဒေသု=သိက္ခာပုဒ်တို့၌ ကျင့်စရာဟူသမျှကို အကြွင်းမဲ့ဆောက်တည်၍ ကျင့်ကြလော့"လို့ တိုက်ရိုက်ပဲ တိုက်တွန်းဆားပါတယ်၊ ဒါကြောင့် သိက္ခာပုဒ်တွေနဲ့စပ်ပြီး ကျင့်စရာဟူသမျှတွေကို အကြွင်းမဲ့ အကုန်လုံး သိမ်းကျုံးဆောက်ဆည်ပြီး ကျင့်ရမယ်လို့ ဆိုလိုတော်မူပါတယ်၊ အဲဒီ ဘုရားမိန့်ခွန်းတော်အတိုင်း ဝိနည်းကို ကိုယ်တိုင်လဲ အလေးပြုပြီး ကျင့်သုံးကြဘို့, တပည့်များကိုလဲ အလေးပြုပြီး ကျင့်သုံးအောင် ညွှန်ကြားဆုံးမကြဘို့ ဘုရားတပည့်တော်က ထပ်မံပြီး သတိပေးပါတယ်။

ဒီ ရန်ကုန် သာသနာ့ရိပ်သာမှာဆိုယင် အရှင်ဘုရားတို့ တွေ့မြင်နေကြတဲ့ အတိုင်းပဲ ဝိနည်းကို အလေးပြုတဲ့အပြင် အပ်ဆွာ, သန္တုဋ္ဌိ, သလ္လေခ ဂုဏ်များနှင့်လဲ ပြည့်စုံတန်သမျှ ပြည့်စုံအောင် ဆေးလိပ်သောက်ခြင်း, ကွမ်းစားခြင်း, ဆေးဝါးခြင်းများကိုပါ ကြဉ်ရှောင်နေကြပါတယ်၊ အဲဒီလို ကြဉ်ရှောင်နေကြတဲ့ အတွက် ဆေးလိပ်, ကွမ်း, ဆေးတို့နှင့်စပ်ပြီး ကိစ္စပလိဗောဓနည်းခြင်း, ပါသာဒိကဖြစ်ခြင်း အစရှိသော အကျိုးများကို ယခုလက်ငင်းပဲ ရနေကြပါတယ်၊ ဒီ ရိပ်သာက ခွဲထားတဲ့ ကမ္မဋ္ဌာန်းဌာနတွေမှာလဲ ဒီအချိုးအစားအတိုင်း ကျင့်သုံးနေကြတာကို ကြားသိရလို့ ဝမ်းမြောက်ပါတယ်၊ ကမ္မဋ္ဌာန်းဌာနတွေ အကုန်လုံး ဒီအတိုင်း ကျင့်သုံးသွားကြမယ်ဆိုယင် မိမိတို့အတွက်ရော, ပဋိပတ္တိ သာသနာအတွက်ရော အကျိုးများဖွယ် ရှိပါတယ်၊ ဒါကြောင့် ဝိနည်းကို အလေးပြုသည့်ပြင် ပါသာဒိကဂုဏ်မြောက်စေနိုင်တဲ့ အကျင့်များကိုလဲ အားပေး ကျင့်သုံးနိုင်ကြပါစေလို့ ဘုရားတပည့်တော်က မြှော်လင့် တောင့်တပါတယ်၊ အဲဒါဟာ ယမန်နှစ်က ပြောခဲ့တဲ့ ဝိနည်းဆိုင်ရာ သြဝါဒပါပဲ။

အဲဒီလောက်ဆိုယင် ဝိနည်းအလေးပြုရေးမှာ ပြည့်စုံလောက်ပါပြီ၊ ဒါပေမယ့် အကြောင်းတခုက ပေါ်လာလို့ အဲဒါနဲ့စပ်ပြီး နဲနဲတော့ ထပ်ပြောရဦး

မယ်၊ လွန်ခဲ့တဲ့ ယခုနှစ် တန်ဆောင်မုန်းလထဲက မဟာစည် ကမ္မဋ္ဌာန်းဆရာ တပါးက မန္တလေး တောင်မြို့ ဆရာတော်ကြီးတပါးထံ သွားပြီး ကန်တော့တယ်၊ အဲဒီအခါမှာ အဲဒီ ဆရာတော်ကြီးက သြဝါဒစကားတခုကို ပြောလိုက်တယ်၊ ချီးမြှောက်လိုတဲ့သဘောနဲ့ ပြောတယ်လို့ပဲ ယူရပါတယ်၊ ဘယ်လို ပြောလိုက်သလဲဆိုတော့ "အဲဒီ အနီးအပါးမှာ ကမ္မဋ္ဌာန်းရိပ်သာတခု ရှိပါသတဲ့၊ အဲဒီ ရိပ်သာက ကမ္မဋ္ဌာန်းဆရာဘုန်းကြီးဟာ ကမ္မဋ္ဌာန်းသင်တန်း တက်ခဲ့ပြီးတော့ ကမ္မဋ္ဌာန်းပြနေပါသတဲ့၊ အဲဒီဘုန်းကြီး ပုံတော်မူသွားတဲ့အခါ အဲဒီ ရိပ်သာမှာ တစ္ဆေခြောက်နေပါသတဲ့၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာတွေကို ကြည့်ပြီး လုပ်ကြပါဦး"လို့ သြဝါဒစကား ပြောကြားလိုက်ပါသတဲ့၊ ဘယ်ဂိုဏ်းဂဏက ကမ္မဋ္ဌာန်းဘုန်းကြီးကို ရည်ပြီး ပြောသလဲမသိပါဘူး၊ သူ့ကျောင်းတိုက်အနီးအပါးဖြစ်တဲ့ အဲဒီ မြို့နယ်ထဲမှာ မဟာစည်ကမ္မဋ္ဌာန်းရိပ်သာတော့ မရှိပါဘူး၊ ဒါကြောင့် မဟာစည်ဂိုဏ်းထဲကတော့ ဟုတ်ဟန်မတူပါဘူး၊ ဒါပေမယ့် အဲဒီဆရာတော်ကြီးရဲ့ သြဝါဒစကားဟာ ကမ္မဋ္ဌာန်းဆရာတွေကို ချီးမြှောက်လိုတဲ့သဘောနဲ့ ပြောတယ်လို့ပဲ ယူဆရပါတယ်၊ အလွန်အဖိုးတန်တဲ့စကား, အကျိုးများတဲ့ စကားပဲလို့ ယူဆရပါတယ်၊ အဲဒီလို စကားကို ကြားရတော့ ဘုရားတပည့်တော်တို့ ကမ္မဋ္ဌာန်းဘုန်းကြီးများက ဝိနည်းသိက္ခာအကျင့်ကို ပြည့်စုံသည်ထက် ပြည့်စုံအောင်, သီလသိက္ခာကို လုံခြုံသည်ထက် လုံခြုံအောင် ရိုရိုသေသေ စောင့်ရှောက်သွားကြဘို့ပါပဲ၊ အဲဒီလိုစကားကို ကဲ့ရဲ့နှိမ်ချလိုတဲ့ သဘောနဲ့ ပြောတောင်မှ ဘုရားတပည့်တော်တို့ ဘက်ကတော့ အဲဒီလိုစကားကို အကျိုးများ စေနိုင်တဲ့ စကားပဲလို့သာ မှတ်ယူပြီးတော့ မိမိတို့ဘက်က ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်သွားကြဘို့ လိုပါတယ်။

မဟာစည်သြဝါဒခံ ကမ္မဋ္ဌာန်းဌာနရိပ်သာတွေမှာတော့ အမြဲလိုက်နာ ကျင့်သုံးဘို့ စည်းမျဉ်းဥပဒေစာအုပ်ကလေးများ ရှိနေတာပဲ၊ အဲဒါကလဲ ယခုမှ ထုတ်တဲ့စာအုပ် မဟုတ်ပါဘူး၊ကြာလှပါပြီ၊ ၁၃၁၄-ခုနှစ်ကတည်းက ထုတ်ဝေ ထားပါတယ်၊ အဲဒီ ဥပဒေထဲမှာ ဝိနည်းဆိုင်ရာရော, သုတ် အဘိဓမ္မာတရားဆိုင်ရာရော ကျင့်ဘို့ရာတွေကို စုံစုံလင်လင် ညွှန်ပြထားပါတယ်၊ အဲဒီ စည်းမျဉ်းဥပဒေ စာအုပ်ကိုလဲ ကြည့်ရှုကြပါ၊ ကြည့်ရှုပြီးတော့ အဲဒီ အတိုင်းလဲ လိုက်နာ

ပြီး ကျင့်ကြပါ၊ အဲဒီ ဥပဒေထဲမှာ လိုနေတာရှိယင်လဲ ဖြည့်စွက်ရအောင် ဖော်ပြကြ စေလို ပါတယ်၊ အဲဒီ စည်းမျဉ်းဥပဒေစာအုပ်ကို ဟို သြဝါဒပေးတဲ့ ဆရာတော်ကြီးထံကိုလဲ "လိုနေတာရှိယင် ဖြည့်စွက်ဖို့ ညွှန်ကြားတော်မူပါ"လို့ လျှောက်ထားကောင်းပန်ပြီး ပို့လိုက်ရဦးမယ်၊ အဲဒီ ဥပဒေဟာ ဘုရားတပည့်တော်တို့ အမြင်နဲ့ဆိုယင်တော့ အားလုံး ပြည့်စုံနေပါတယ်၊ ပါတိမောက်ဝိနည်းကိုလဲ အပြည့်အစုံ စောင့်ရှောက်ဖို့ ညွှန်ပြထားပါတယ်၊ သုတ္တန်ဆိုင်ရာ ကိလေသာပယ်ရေးနှင့်တကွ ပါသာဒိကဂုဏ်မြောက်တဲ့ ကျင့်ဝတ်တွေလဲ ကျင့်ဘို့ ညွှန်ကြားထားပါတယ်၊ ကမ္မဋ္ဌာန်းဘုန်းကြီးမဟုတ်ယင် အဲဒီ ဥပဒေအရ အပြည့်အစုံကျင့်ဘို့ လွယ်လှမယ်မဟုတ်ပါဘူး။

ဘုရားတပည့်တော်တို့ ကမ္မဋ္ဌာန်းဘက်က ဘုန်းကြီးများကို အပြင်ဘက် ပုဂ္ဂိုလ်တွေက အထင်သေးတတ်ကြပါတယ်၊ ပါတိမောက် ရရဲ့လားလို့တောင် မေးတတ်ကြပါတယ်၊ ဘုရားတပည့်တော်တို့က ရပါတယ်၊ ပြန်ပြပါ့မယ်လို့ ရဲရဲ ရင့်ရင့် ဝန်ခံနိုင်ဘို့ လိုပါတယ်၊ ဒါကြောင့် ပါတိမောက်ကိုလဲ နှုတ်တက်ဆောင် ထားကြစေလိုပါတယ်၊ ၇-ရက်တပတ် ဖြစ်စေ, ၁၅-ရက်တပတ် ဖြစ်စေ, တလမှ တပတ်ဖြစ်စေ ကုန်သွားအောင် ပါတိမောက်ကို နေ့စဉ် ပိုင်းပိုင်းပြီး ရွတ်နေလျှင် ပါတိမောက်ကို နှုတ်တက် ရနေနိုင်ပါတယ်၊ ဘုရားဝတ်တက်ရင်း အဲဒီလို တပိုင်းတပိုင်း ရွတ်နေရုံနဲ့ပင် အဲဒီကိစ္စ ပြီးနိုင်ပါတယ်၊အဲဒီလို ပါတိမောက်ကို အာဂုံဆောင်သောအားဖြင့်လဲ ဝိနည်းကို အလေးပြုကြ စေလိုပါတယ်။

(၁၃၃၅-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်နေ့၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ၂၄-ကြိမ်မြောက် နှစ်ပတ်လည်အကြိုနေ့၌ မိန့်ကြားတော်မူသည်။)

ဝိနည်းသိက္ခာပုဒ်

(ဤ သြဝါဒကထာ၌ သက်နှိုးဝတ်ရုံမှု=ပရိမဏ္ဍလသိက္ခာပုဒ်,အကပ်ခံမှု=ပဋ္ဌိဂ္ဂါဟက သိက္ခာပုဒ်-လာ အဓိပ္ပါယ်များကို စနစ်တကျ ဖော်ပြလျက် သြဝါဒစကား မိန့်ကြားတော်မူထားသည်။)

(၁၃၃၅-ခုနှစ်၊ပြာသိုလပြည့်ကျော် ၁၅-ရက်နေ့)

ဒီနေ့တော့ ဝိနည်းသိက္ခာပုဒ်နဲ့ စပ်ပြီးတော့ နဲနဲ ပြောပါ့မယ်၊ ဝိနည်းသိက္ခာပုဒ်ဆိုတာ ရဟန်းတော်များ အသက်ကဲ့သို့ မှတ်ယူပြီးတော့ ကျင့်သုံးစောင့်ရှောက်ရမယ့် ဘုရားဥပဒေတော်တွေပဲ၊ သိက္ခာပုဒ်ကို စောင့်ရှောက်နေလို့ ရှိယင် ရဟန်းသီလတွေ စင်ကြယ်နေပါတယ်၊ အသက်ရှင်နေပါတယ်၊ ဝိနည်းသိက္ခာပုဒ်တွေကို မစောင့်ရှောက်ယင်တော့ လုံးလုံးလဲ ပျက်စီးသွားနိုင်တယ်၊ လုံးလုံး မပျက်စီးတောင်မှ တချို့တဝက် မစောင့်ရှောက်နိုင်တဲ့ အပိုင်းက သီလတွေ ချွတ်ယွင်းသွားနိုင်ပါတယ်။

ဒီပြင် နေရာထက် တရားအားထုတ်တဲ့ နေရာဆိုတော့ ပိုပြီးအရေးကြီးပါတယ်၊ တရားအားထုတ်တဲ့ နေရာမှာ ဝိသုဒ္ဓိ ၇-ပါး ရှိတဲ့အနက်က သီလဝိသုဒ္ဓိဆိုတာ ရှေးဦးစွာ ပြည့်စုံရမယ်၊ သီလစင်ကြယ်ဘို့ရာက ပဌမ အရေးကြီးတာပဲ၊ သီလစင်ကြယ်မှ စိတ်စင်ကြယ်တယ်၊ စိတ်စင်ကြယ်မှ စိတ္တဝိသုဒ္ဓိဖြစ်မှ ပညာ-ဝိသုဒ္ဓိ ငါးပါးတွေ ဖြစ်တယ်၊ အဲဒီတော့ သီလက အရေးအကြီးဆုံးပဲ။

သီလထဲမှာလဲ အများသိတဲ့ သိက္ခာပုဒ်နဲ့ အများမသိတဲ့ သိက္ခာပုဒ်လို့ နှစ်မျိုးရှိပါတယ်၊ အများမသိတဲ့ သိက္ခာပုဒ်က ချွတ်ယွင်းနေသော်လဲ ဘေးပုဂ္ဂိုလ်က မသိဘူး၊ အများသိတဲ့သိက္ခာပုဒ်ကတော့ ချွတ်ယွင်းနေယင် ဘေးကပုဂ္ဂိုလ်ကလဲ သိတယ်၊ ဒါကြောင့် အများသိတဲ့ သိက္ခာပုဒ်ကို အထူးဂရုစိုက်ရတယ်၊ ဒီသာသနာ့ရိပ်သာမှာ သက်နှိုးရုံမှုနဲ့ စပ်ပြီးတော့ ဥပဒေလဲ ထုတ်ထားပါတယ်၊"ကျောင်းထဲက ထွက်လို့ရှိယင် ဘယ်သွားသွား သက်နှိုးရုံသွားဘို့"အဲဒါကို ဥပဒေ ထုတ်ထားပါတယ်၊ ဘုရားသွားတယ် ဆိုလို့ရှိယင် သက်နှိုးမရုံပဲ့လဲ ဝိနည်း

အရကတော့ သွားနိုင်ပါတယ်၊ ဒါပေမယ်လို့ လူတွေအမြင်အားဖြင့်တော့ သင်္ကန်း မရုံပဲ သွားတဲ့ ပုဂ္ဂိုလ်ကို အပြစ်မြင်တယ်၊ ဒီကိုယ်တော် သင်္ကန်းမရုံပဲနဲ့ အရပ်ထဲ လျှောက်လယ်နေတယ်၊ ဝိနည်းသိက္ခာပုဒ် မရှိသေတဲ့ ပုဂ္ဂိုလ်ပဲလို့ ထင်မှတ်တတ်တယ်၊ ထင်မှတ်တဲ့ ပုဂ္ဂိုလ်လဲ အပြစ်ဖြစ်တာပဲ၊ ထင်မှတ်ခံရတဲ့ ပုဂ္ဂိုလ်လဲ ဂုဏ်သိက္ခာ ကျဆင်းတဲ့သဘော ရှိတာပဲ၊ သင်္ကန်းရုံသွားတာကတော့ ကြည်ညို ဘွယ်လဲ ရှိတယ်၊ လမ်းမှာတွေ့ဦးတော့ သင်္ကန်းရုံသွားတဲ့ ပုဂ္ဂိုလ်ဆိုတော့ အရှိအသေ ပေးတတ်တယ်၊ လူပုဂ္ဂိုလ်ထဲကလဲ အရှိအသေပေးတတ်တယ်၊ ရဟန်း ပုဂ္ဂိုလ်တွေထဲကလဲ အရှိအသေ ပေးတတ်တယ်၊အဲဒီတော့ ကိုယ့်သိက္ခာကို စောင့်ရှောက်ရာလဲ ကျပါတယ်၊ ဒါကြောင့် ဘယ်သွားသွား "ကျောင်းထဲက ထွက်လို့ရှိယင် သင်္ကန်းရုံသွားဘို့" ဆိုပြီး ဥပဒေထုတ်ထားတယ်။

ကျောင်းတွင်တော့ ပရိမဏ္ဍလသိက္ခာပုဒ်အရ ရုံပုံမှာ အများက တမျိုးဖြစ်နေတဲ့အတွက် ခဏခဏပဲ ပြောနေရတယ်၊ ပရိမဏ္ဍလ=အဝန်းညီညီ သင်းပိုင်ဝတ်ပုံကတော့ဖြင့် အဝန်းသုံးပါး ဖုံးပြီးတော့ လုံခြုံအောင် ဝတ်ရမယ်၊ ဧကသီ ရှိယင်တော့ ချက်လုံအောင် ဖုံးပြီးဝတ်ဘို့ ကိစ္စမရှိပါဘူး၊ ဧကသီ မရှိယင်တော့ ချက်က ပေါ်တတ်တယ်၊အဲဒီလို ချက်အဝန်းလဲ မပေါ်အောင် လုံအောင်ဝတ်ရမယ်၊ အဲဒါ နာဘိမဏ္ဍလ=ချက်ကို လုံခြုံစေတာပါပဲ၊ နောက်ပြီး ဇာဏုမဏ္ဍလ= ဒူးဝန်းနှစ်ခုလဲ လုံစေရမယ်၊ ဒူးဝန်းနှစ်ခုအောက် လက်ရှစ်သစ်လောက် ချပြီးတော့ ဝတ်ရမယ်၊ ဒီထက်ပိုပြီးတော့ အရှည်ကြီးလဲ ချပြီး မဝတ်ရဘူး၊ ဧကသီ ရုံတဲ့အခါ ဂိဟိပါရုက-ခေါ်တဲ့ လူတို့၏ ရုံနည်း, လူတို့၏ ဝတ်ပုံ မဝတ် မရုံရဘူးတဲ့၊ ရှေးတုန်းကတော့ လူတွေကလဲ ရဟန်းများလိုပဲ အပေါ်ရုံဆိုတာကို ရုံနေကြတာပဲ၊ အင်္ကျီပေါ်လာတာက နောက်ပိုင်းကျမှပဲ၊ ဘုရားလက်ထက်ဆိက ရုံကြပုံတွေကတော့ ရဟန်းများလိုပဲ ကိုယ်ရုံအဝတ်ကြီးတွေခြုံရုံပြီး နေကြတယ်၊ လူတွေ ဟိုတုန်းက ရုံကြပုံတွေကတော့ ထူးတာတွေ အများကြီး ရှိပါတယ်။

"ဥဘော အန္တေ သမံ ကတွာ ပါရုပနံ ပရိမဏ္ဍလပါရုပနံ နာမ"။

ဥဘော အန္တေ၊ အထောင့်အစွန်း နှစ်ခုတို့ကို။ သမံ ကတွာ၊ အညီပြု၍။ ပါရုပနံ၊ ရုံခြင်းသည်။ ပရိမဏ္ဍလပါရုပနံ နာမ၊ အဝန်းညီစွာ ရုံခြင်းမည်၏။

အဲဒီမှာ "ဥဒဘာ အန္တေ"အရ အထက်အစွန်း, အောက်အစွန်း နှစ်ခုလုံးကို ယူနိုင်ပါတယ်၊ ဒါပေမယ်လို့ အထက်အစွန်း နှစ်ခုက မညီပဲနဲ့ အောက်အစွန်း နှစ်ခုကသာ ညီလို့ မဖြစ်ပါဘူး၊ ဒါကြောင့် အထက်အစွန်းနှစ်ခု ညီတာကိုပဲ ယူရမှာပဲ၊ ဘာကြောင့်တုံး-ဆိုတော့ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ကျတော့လဲ ဒီအတိုင်း ဆိုထားလိုပါပဲ။

"ဥဘော အန္တေ သမံ ကတ္တာ ပဋိသံဃရိတ္တာ" တဲ့။

"ဥဘော အန္တေ၊ အထက်အစွန်း နှစ်ခုတို့ကို။ သမံ ကတ္တာ၊ အညီပြု၍။ ပဋိသံဃရိတ္တာ၊ ခေါက်လိပ်ပြီးတော့ ရုံရမယ်"တဲ့၊ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အရ သက်နှံးရုံပြီးတော့ ရှာထဲသွားတဲ့အခါ အထက်စွန်း နှစ်ခုကို အညီပြုပြီးတော့ လိပ်ပြီး ရုံရမယ်တဲ့၊ ပရိမဏ္ဍလသိက္ခာပုဒ်မှာတော့ "ပဋိသံဃရိတ္တာ"လို့ မပါဘူး၊ ဒါကြောင့် မလိပ်ပဲလဲ ရုံနိုင်တယ်၊ လိပ်ပြီးတော လုံယင်လဲ အပြစ်တော့မရှိပါဘူး၊ လိပ်ပြီးတော့ရုံယင် ပိုပြီးတော့ သပ်သပ်ယပ်ယပ် ဖြစ်တာပေါ့၊ အရေးကြီးတာ ကတော့ လက်ဝဲ လက်မောင်း ပေါ်မနေဘို့က အရေးကြီးတာပါပဲ၊ အမြဲတမ်း ရုံနေကျအတိုင်း ရုံရာမှာ အောက်အစနှစ်ခု ညီညီညွတ်ညွတ် ဖြစ်နေလို့ရှိယင်လဲ အပြစ်မရှိဘူးလို့ ဆိုရမှာပါပဲ၊ ဒါပေမယ်လို့ လက်ဝဲလက်မောင်း မပေါ်ဘို့က တော့ အရေးကြီးပါတယ်။

"ကေံသပါရှပနေန၊ လက်ဝဲပခုံးကို ဖုံး၍ ရုံခြင်းဖြင့်။ ပါရှတံ၊ ရုံခြင်းကို ပြု လတ်သော်။ ပါဠိကာရကော ဘိက္ခု၊ ပါဠိကာရက ရဟန်းသည်။ ဝါမဗာဟုံ၊ လက်ဝဲ လက်မောင်းကို။ ဝိဝရိတ္တာ၊ ဖွင့်၍။ စီဝရံ၊ သင်္ကန်းကို။ အံသကူဋေ၊ ပခုံးစွန်းထက်၌။ အာရောပေတိ၊ တင်တယ်"တဲ့၊ အဲ ဘယ်ဘက် လက်မောင်းကို ဖော်ပြီးဘော့ သင်္ကန်းကို ပခုံးစွန်းပေါ်တင်ပြီး ရုံဘယ်-တဲ့၊ အမျှားအားဖြင့် အဲဒီလို ရုံတာတွေက မျှားနေပါတယ်၊ အဲဒါ ပါဠိကာရက ရုံနည်း-တဲ့။ ဧဝံ အပါရှပိတ္တာ=အဲဒီ ပါဠိကာရက ရုံနည်းကို မရုံရဘူးတဲ့။

ဘုရားအရှိအသေပြုတဲ့အခါ, ဆရာသမား အရှိအသေပြုတဲ့အခါ,ဘုရားရှေ, ဆရာသမားရှေ, သံဃာတော်တွေရှေ, သံဃာတော်တွေထဲမှာ အစည်းအဝေး ဝင်တဲ့အခါ အဲဒီလို အခါကာလတွေမှာ လက်ဝဲလက်မောင်း မပေါ်ဘို့ အရေး

ကြီးပါတယ်၊ ပကတိရိုးရိုး ရုံလို့ရှိယင်လဲ လက်ဝဲလက်မောင်း မပေါ်ယင်တော့ အပြစ်မရှိဘူးလို့ ဆိုရမှာပါပဲ၊ သို့သော်လဲ ပကတိ ရုံတဲ့အခါမှာ လက်ဝဲ လက်မောင်းက မျှားသောအားဖြင့် ပေါ်နေတတ်တယ်၊ အခု့ါက သင်္ကန်းကို စုပြီး ပခုံးပေါ်မှာ တင်ထားတာပဲ၊ လက်ဝဲလက်မောင်းဟာ အကုန်လုံးပေါ်နေတာပဲ၊ ပါဠိကာရက-ရဟန်း ရုံနည်းမျိုး ဖြစ်နေတယ်၊ အဲဒီလိုရုံတာဟာ ပရိမဏ္ဍလ-၄ဖြစ်ဘူး၊ ပရိမဏ္ဍလ ရုံနည်းထဲ မပါဘူးတဲ့၊ အဲဒါကို မကြားဘူး, မသိဘူးတဲ့ ပုဂ္ဂိုလ်တွေ သတိပြုကြဘို့ပါပဲ၊ အမျှားက လက်ဝဲလက်မောင်း ဖော်ပြီးတော့ ဒီလို ရုံနေကြတယ်၊ သာမန်ဦးပဉ္စင်းကလေးတွေတောင်မဟုတ်ဖူး၊ တခု့ါ ဆရာတော်ကြီးတွေလဲ ဒီလို လက်ဝဲ့လက်မောင်း ဖော်ပြီး ရုံနေကြာဘပါပဲ၊ အဲဒီ အဋ္ဌကထာကို သတိမပြုမိလို့နဲ့ တူပါတယ်၊ သေခိယဆိုတော့ အသေးအသိမ် သိက္ခာပုဒ်တွေထင်ပြီး ဂရုမစိုက်ကြဘူးနဲ့ တူပါရဲ့၊ အဲဒီမှာ သေသေချာချာ အဋ္ဌကထာက ဖွင့်ထားတာ "အဲဒီ လက်ဝဲလက်မောင်း မပေါ်အောင် လုံအောင် ရုံရမယ်"တဲ့၊ ဒါက အရေးကြီးတယ်။

အခု ဒီသာသနာ့ရိပ်သာမှာ ရုံနည်းအတိုင်း သင်္ကန်းရဲ့ အထက်ဘက်ကထောင့်အစွန်းနှစ်ခုကို အညီပြုပြီးတော့ လက်ဝဲလက်မောင်းကို လိပ်ပြီး ရုံလိုက်လို့ရှိယင်တော့ လက်ဝဲလက်မောင်း လုံသွားမှာ သေချာပါတယ်၊ သင်္ကန်းနှစ်စ မဟုတ်ပဲ လက်ဝဲဘက်က တစထဲလဲ လက်ဝဲလက်မောင်းကို ရစ်ပတ်ပြီး ရုံလိုက်လို့ရှိယင် အဲဒါလဲ လုံတာပါပဲ၊ အဲဒါလဲ အပြစ်ကင်းတာပါပဲ၊ မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် ထဲမှာလဲ ရှိပါတယ်၊ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အဖွင့်မှာလဲ "ဥဘော အန္တေ သမံ ကတ္ဝာ"လို့ပဲ ဆိုထားပါတယ်၊ ပရိမဏ္ဍလသိက္ခာပုဒ်အဖွင့်မှာလဲ "ဥဘော အန္တေ သမံ ကတ္ဝာ"လို့ပဲ ဆိုထားတယ်၊ ဒီတော့ ဘာထူးတုံးဆိုယင် သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရ ရှာထဲ သွားယင်လည်း လက်ကောက်ဝတ် လုံခြုံအောင် ရုံတဲ့အခါမှာ "ပဋိသံဃရိတ္ဝာ=ခေါက်လိပ်ပြီး ရုံရမယ်"လို့ အဋ္ဌကထာမှာ ပါတယ်၊ ပရိမဏ္ဍလသိက္ခာပုဒ်အဖွင့်မှာတော့ အဲဒါကလေး မပါဘူး၊ ဒါလောက်ပဲ ထူးတယ်လို့ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး မိန့်ဆိုထားပါတယ်၊ ဒါကြောင့် ပရိမဏ္ဍလသိက္ခာပုဒ်မှာတော့ မခေါက်မလိပ်ပဲနဲ့ ရုံယင်လဲ အပြစ်မရှိဘူး၊ သို့သော် သင်္ကန်းအစွန်းခု

ကို ညီအောင် လုပ်ဘို့ကတော့ အဌကထာထဲမှာ တိုက်ရိုက်ပါနေပါတယ်၊ အထူးအားဖြင့်တော့ ပါဠိကာရကရဟန်းလို လက်ဝဲလက်မောင်းကို မပေါ်စေဘို့က အရေးကြီးတာပါဘဲ။

ပုံစံအားဖြင့် အထောက်အထားလိုချင်လို့ရှိယင်တော့ ဘုရားဆင်းတုတော်တွေမှာ ကြည့်ပါတဲ့၊ ဘုရားဆင်းတုတော်တွေမှာ လက်ဝဲလက်မောင်းက အခုပြောခဲ့တဲ့အတိုင်း လုံနေပါတယ်၊ ဒါပေမယ့် တချို့ ဆင်းတုတော်တွေမှာ အဲဒီလို လက်ဝဲလက်မောင်းမလုံပဲနဲ့ ထုလုပ်ထားတာလဲ နဲနဲပါးပါးတော့ရှိတယ်၊ အဲဒါကတော့ နားမလည်တဲ့ ပန်းရံဆရာတွေက လုပ်ထားတယ်လို့ ဆိုရမှာပဲ၊ တချို့ပန်းရံတွေက လက္ခဏာပခုံးပေါ်မှာတောင် သက်နှိုးဖြင့် ဖုံးထားဟန် လုပ်ထားကြ သေးတယ်၊ အဲဒီလို သက်နှိုးကိုင်ပုံကတော့ စာပေကျမ်းဂန်နဲ့ မညီညွတ်တဲ့ ပုံတော်တွေပါပဲ၊ အမျှားအားဖြင့်တော့ လက်ဝဲလက်မောင်းဟာ လက်ကောက်ဝတ်ထိအောင် လုံနေတာကပဲ မျှားပါတယ်၊ တချို့ပုဂ္ဂိုလ်တွေက လက်ဝဲလက်မောင်း လုံအောင်ရုံတဲ့ ဒီနည်းကို မသိကြတဲ့အတွက် အထူးအဆန်းလုပ်တယ်လို့ ထင်နေကြတယ်၊ အထူးအဆန်းမဟုတ်ပါဘူး စာနဲ့ပေနဲ့ အညီပါပဲ၊ ပရိမဏ္ဍလသိက္ခာပုဒ်အရ ယခုလို သံဃာစည်းဝေးတဲ့အခါ, အရှိအသေပြုတဲ့အခါမျှားမှာ လက်ဝဲလက်မောင်းလုံဘို့က အရေးကြီးပါတယ်။

အကပ်ခံခြင်း

နောက်တခုက အကပ်ခံတဲ့ အခါကာလတွေမှာ သတိပြုဘို့ပါပဲ၊ အဲဒါကလဲ အရေးကြီးပါတယ်၊ စားစရာ, သောက်စရာတွေ ဆိုလို့ရှိယင် မကပ်ပဲနဲ့ မကိုင်ရဘူး၊ မကပ်ပဲနဲ့ ကိုင်ရုံနဲ့ပဲ အဲဒီ ကိုင်တဲ့ရဟန်း မသုံးဆောင်ကောင်းတော့ဘူး၊ မ-လိုက် ရှေ့လိုက်ယင်တော့ ဘယ်ရဟန်းမှ မသုံးဆောင်ကောင်းတော့ဘူး၊ အခုပုဂ္ဂိုလ်တွေက သရက်သီးတို့, မရန်းသီးတို့ကို ကောက်လာပြီးတော့မှ အကပ်ခံပြီးစားတယ်၊ အဲဒီလို မလုပ်ရဘူး၊ သရက်သီး ကောက်လာစဉ်က ကိုရင်မျှားအား ပေးမယ်, ဒကာ ဒကာမတွေအား ပေးမယ်လို့ ရည်ရွယ်ပြီးတော့ ကောက်လာယင်တော့ အပြစ်မရှိပါဘူး၊ ကောက်လာပြီးတော့ အဲဒီ ကိုရင်တို့, ဒကာ ဒကာမတို့ကို ပေး၊ အဲဒီ ကိုရင်တို့, ဒကာ ဒကာမတို့က ပြန်ကပ်လှူယင်တော့ စားကောင်းပါတယ်၊ အပြစ်မရှိပါဘူး၊ အဲဒီလို မဟုတ်ပဲ ကိုယ်စားဘို့ရှာ

အတွက် ရည်ရွယ်ပြီး ကောက်လာယင်တော့ အဲဒါကို အကပ်ခံပြီး စားပေမယ့် အပြစ်မကင်းဘူး၊ မအပ်တော့ဘူး၊ ဒါကြောင့် စားဘွယ်, သောက်ဘွယ်တွေဆိုတာ အကပ်မခံပဲ မကိုင်ရဘူး၊ တချိုက လက်ဆော့တယ်၊ အကပ်မခံရသေးတဲ့ ဥစ္စာကို ကိုင်တယ်၊ အိုးတို့, ခွက်တို့ကို သွားပြီးတော့ ဖွင့်ကြည့်တယ်၊ အဲဒီလို မလုပ်ရဘူး၊ စားစရာ,သောက်စရာကလေးတွေ ကိုင်ကြည့်တယ်၊ အဲဒီလို မကြည့်ရဘူး၊ ကာလိက လေးပါးစလုံးပဲ မကပ်ရသေးယင် မကိုင်ရဘူး၊ ကိုင်မိလို့ရှိယင် မသုံးဆောင်ကောင်းတော့ဘူး၊ ရွှေလိုက်, ပြင်လိုက်ယင်တော့ အဲဒါကို ဘယ်ရဟန်းမှ မသုံးဆောင်ကောင်းတော့ဘူး။

အကပ်ခံတဲ့ နေရာမှာလဲ အကပ်မြောက်ကြောင်း အင်္ဂါ ငါးပါးရှိတယ်—

"ဒါတုကာမာ'ဘိဟာရော စ၊ ဟတ္ထပါသေ'ရဏကွမံ။
တိဓာ ဒေန္တေ ဒ္ဓိဓာ ဂါဟော၊ ပဉ္စင်္ဂေဝံ ပဋိဂ္ဂဟော။

"ဒါတုကာမာ ဘိဟာရော=ပေးလို, ကပ်လိုတဲ့စိတ်နဲ့ ရှေးရှုဆောင်ရမယ်" ဒါက အင်္ဂါတပါး၊ "ဟတ္ထပါသေ=ဟတ္ထပါသ်အတွင်းလဲ ရောက်ရမယ်" ဒါက အင်္ဂါတပါး၊ "ဤရဏကွမံ=အား အလယ်အလပ်ရှိတဲ့ပုဂ္ဂိုလ် မ-နိုင်တဲ့ ပစ္စည်းလဲ ဖြစ်ရမယ်" အင်မတန်အားကြီးတဲ့ပုဂ္ဂိုလ်, ကာယဗလ လေ့ကျင့်ထားလို့ သိပ်အားကောင်းနေတဲ့ပုဂ္ဂိုလ် မ-နိုင်တဲ့ ပစ္စည်း, ဒီလို မဟုတ်ရဘူး၊ အားနဲနေတဲ့, ချိနဲ့နေတဲ့ ပုဂ္ဂိုလ်–အဲဒီလိုပုဂ္ဂိုလ် မ-နိုင်တဲ့ပစ္စည်း, ဒီလိုလဲ မဟုတ်ရဘူးတဲ့၊ အလယ်အလပ် မှန်တမ်း အားရှိတဲ့ ပုဂ္ဂိုလ်တယောက်ထဲ ချီမြောက်နိုင်တဲ့ ဝတ္ထုပစ္စည်း ဖြစ်ရမယ်–တဲ့၊ ဒါက အင်္ဂါတပါး၊ သုံးပါးရှိသွားပြီ၊ "တိဓာ ဒေန္တေ=ကိုယ်ဖြင့်, ကိုယ်နှင့်စပ်တဲ့ ပန်းကန်, ခွက်စသည်ဖြင့်, ပစ်လွှတ်ပေးခြင်းဖြင့်–ဒီလို သုံးနည်း"ဖြင့် ပေးခြင်း, ကပ်ခြင်းက အင်္ဂါတပါး၊ "ဒ္ဓိဓာ ဂါဟော=ကိုယ်ဖြင့် လက်ခံကာ, သပိတ်စသည်ဖြင့် လက်ခံကာ ဒီနှစ်နည်းဖြင့် အကပ်ခံခြင်း"က အင်္ဂါတပါး၊ ပေါင်း အင်္ဂါငါးပါး၊ အဲဒီ အင်္ဂါငါးပါးညီညွတ်မှ အကပ်မြောက်တယ်။

အဲဒီ အင်္ဂါတွေထဲမှာ ဘာက ချတ်ယွင်းတတ်သလဲဆိုလို့ရှိယင် ဟတ္ထပါသ် အတွင်းဆိုတာက ချတ်ယွင်းတတ်တယ်၊ ထိုင်နေတဲ့ ရဟန်း၏ နေရာက တတောင်လောက် ယူလိုက်တော့ ကြားထဲမှာ တတောင့်ထွာပဲ ကျန်တယ်ဆိုပြီး

ဌီကာမျှားက ဖွင့်ထားတယ်၊ ဒါကြောင့် ကြားထဲမှာ တတောင့်ထွာပဲ ရှိရမယ်၊ ရဟန်းရဲ့ တည်ရာ အစွန်ဆုံး ကုိယ်အင်္ဂါနဲ့ ကပ်တဲ့ ပုဂ္ဂိုလ်ရဲ့ အစဆုံး အောက်မှာ ထိနေတဲ့ ကိုယ်အင်္ဂါ၊ အဲဒီ ကြားမှာ တတောင့်ထွာသာ ရှိရမယ်၊ အောက်က ထိထားတဲ့ အင်္ဂါက ခြေ, သို့မဟုတ် လက်ထောက်ထားယင်လဲ ထောက်ထားတဲ့ လက်ပေါ့, အဲဒီ အနီးဆုံး ကိုယ်အင်္ဂါနှစ်ခုကြားမှာ တတောင့် ထွာသာ ရှိရမယ်၊ အဲဒါဟာ ရဟန်းရဲ့ နောက်ကစပြီး တိုင်းလိုက်တော့ နှစ်တောင့်ထွာပဲ ဖြစ်နေတယ်၊ အဲဒါ ဌီကာတွေ အဆိုပဲ၊ အဲဒီတော့ အဲဒီလို နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ဖြစ်အောင်လဲ ဂရုစိုက်ရမယ်။

ယခုဆွမ်းပွဲကြီးတွေ, ခုံကြီးတွေဆိုတော့ ဟိုဘက် အဝေးကနေပြီး ကပ်ယင် ဟတ္ထပါသ်အပြင်ဘက်ရောက်ပြီး ဝေးနေတတ်တယ်၊ အဲဒါကို ဂရုစိုက်ကြရမယ်၊ အဲဒီ ဆွမ်းပွဲကို မ-ပြီး နှစ်ယောက်ကပ်ယင် တယောက်ကတော့ နီးမှ နေရာကျ မယ်၊ နှစ်ယောက်လုံး မနီးပဲ ဝေးနေယင်တော့ ဟတ္ထပါသ်အင်္ဂါနဲ့ မညီပဲ ဖြစ် နေတတ်ပါတယ်။

ပြီးတော့ ဆွမ်းတွေ, ဟင်းတွေ, စားစရာတွေ လာပြီး လိုက်တဲ့ အခါ, ထည့်တဲ့ အခါတွေမှာလဲ နီးတဲ့ ပုဂ္ဂိုလ်က အကပ်ခံဘို့ သတိပြု ကြရမယ်၊ ဝေးတဲ့ပုဂ္ဂိုလ်က အကပ်ခံယင် အကပ်မမြောက်ဘူး၊ လာပြီးတော့ လောင်းတဲ့ ထည့်တဲ့ ပုဂ္ဂိုလ်နဲ့ နီးရာက နေပြီးတော့ ခုံတို့, လင်ပန်းတို့ ကိုင်ထားပြီးတော့ အကပ်ခံရတယ်၊ အဲဒီလို အကပ်ခံတဲ့ အခါမှာ ဘယ်အင်္ဂါ အစိတ်အပိုင်း နဲ့ပဲဖြစ်ဖြစ် ထိနေလို့ရှိယင် ကာယပဋိဗဒ္ဓဖြင့် အကပ်ခံခြင်းဖြစ်လို့ ကောင်းပါ တယ်၊ ခြေထောက်နဲ့ ထိထားလဲ အကပ်မြောက်တာပဲ၊ လက်နဲ့ ထိထားလဲ အကပ်မြောက်တာပဲ၊ ဒါပေမယ်လို့ ခြေထောက်နဲ့ ထိထားပြီး အကပ်ခံနည်းက တော့ ရိုသေခြင်းမရှိဘူး၊ ဒါကြောင့် အဲဒီလို မလုပ်ရဘူး-လို့ အဋ္ဌကထာက ဆိုထားတယ်။

လက်နှစ်ဘက်လုံး အားနေမယ်ဆိုယင် လက်နှစ်ဘက်လုံးနဲ့ အကပ်ခံရမယ်၊ သပိတ်နဲ့ ခံယူတဲ့အခါမှာ "သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရ-ဏီယာ"ဆိုတဲ့ သိက္ခာပုဒ်အရ သပိတ်ကို လက်တဘက်ထဲနဲ့ မဟုတ်ပဲ လက် နှစ်ဘက်ကိုင်ပြီးတော့ ဆွမ်းအကပ်ခံရမယ်လို့ အဲဒီလို ဆိုထားတယ်၊ လက်

တဘက်က မအားယင်တော့ တဘက်ထဲ ခံယူသော်လဲ အပြစ်မရှိပါဘူး၊ ဒါပေမယ်လို့ လက်နှစ်ဘက်လုံးနဲ့ အကပ်ခံတာက ပိုပြီးတော့ ကောင်းပါတယ်၊ ရှိသေမှုဖြစ်ပါတယ်၊ ကပ်တဲ့ပုဂ္ဂိုလ်ကလဲ လက်နှစ်ဘက်နဲ့ ကပ်ရတယ်၊ လက်တဘက်ထဲနဲ့ ကပ်ယင် မရှိသေရာရောက်တယ်၊ ဒီနေရာမှာလဲ လက်တဘက်က မအားယင်တော့ ကပ်တဲ့ ပုဂ္ဂိုလ်က လက်တဘက်ထဲနဲ့ ကပ်လို့ရှိယင်လဲ အကပ်တော့ မြောက်တာပါပဲ၊ ဒါပေမယ့် ရှိသေသောအားဖြင့် ကပ်တဲ့ပုဂ္ဂိုလ်က လက်နှစ်ဘက်နဲ့ ကပ်ရပါတယ်၊ အကပ်ခံတဲ့ ပုဂ္ဂိုလ်ကလဲ လက်နှစ်ဘက်နဲ့ပဲ အကပ်ခံရပါတယ်။

ပြီးတော့ "ဒါတုကာမဘိဟာရော စ" ဆိုတဲ့ အပိုဒ်အရ ကပ်တဲ့ပုဂ္ဂိုလ်က အကပ်ခံတဲ့ ရဟန်းဆီကို ရှေးရှုဆောင်ခြင်း ရှိရမယ်တဲ့၊ ဒီတော့ အကပ်ခံတဲ့ ရဟန်းက သွားပြီးတော့ ကိုင်ရမှာ မဟုတ်ဘူး ကပ်တဲ့ ပုဂ္ဂိုလ်က လက်ထဲ ရောက်အောင် ထည့်ပြီးတော့ ပေးရမယ်၊ အဲဒီတော့ အကပ်ခံတဲ့ ရဟန်းက လက်နဲ့အကပ်ခံယင် အဲဒီလက်ဟာ သူတည်မြဲနေရာမှာ တည်ပြီးတော့ အကပ်ခံရမယ်၊ အဲဒီ လက်က သွားပြီးတော့ တို့ရမှာ,ကိုင်ရမှာ မဟုတ်ဘူး၊ တခြားက လက်ကလေးနဲ့ သွားတို့ပြီး အကပ်ခံတာတော့ တော့မြင်ရတယ်၊ အဲဒီလို အကပ်ခံတာက မထေရ်ကြီးတွေ ဖြစ်နေတဲ့အတွက် ပြောလို့ မဖြစ်တာနဲ့ အသာလေးကြည့်နေရတယ်၊ လဘက်ရည်အိုးများ အကပ်ခံတော့ လဘက်ရည်အိုးကိုင်းကို လက်နှစ်ဘက်နဲ့ ဟိုဘက်က တဘက်, ဒီဘက်က တဘက် ကိုင်ပြီး ကပ်တော့ အကပ်ခံရတဲ့ ရဟန်းက ကိုင်းကလေးကို လက်ညှိုးကလေးနဲ့ သွားပြီး အပေါ်က တို့တယ်၊ အဲဒါကတော့ အကပ်မြောက်မယ့် လက္ခဏာ မရှိဘူး၊ ဘာကြောင့် တုံး-ဆိုတော့ သူက သွားပြီး တို့တာပဲ၊ ဟိုက ရှေးရှုဆောင်ပြီး ကပ်တာ မဟုတ်ဘူး၊အဲဒါကြောင့်ပါပဲ၊ ဒီတော့ အဲဒီကိုင်းကလေးကို အကပ်ခံလို့ရှိယင်လဲ ကိုင်းကလေး အောက်က လက်ထိုးပြီး ခံထားရမယ်၊ အဲဒီ လက်ပေါ်မှာ ကပ်တဲ့သူက ချလိုက်လို့ရှိယင် လက်ပေါ်မှာ ရောက်ပြီးတော့ အကပ်ခံပြီး ဖြစ်သွားတယ်၊ အဲဒါမျိုးလဲ သတိပြုရမယ်၊ ဒီပြင်ဟာတွေလဲ ဒီလိုပဲ၊ အပေါ်ကနေပြီး သွားတို့ယင်, ကိုယ်က သွားကိုင်ယင်တော့ အကပ်ခံတဲ့ လက္ခဏာ မညီညွတ်ဘူး၊ ကိုယ့်ဆီကို ဟိုက ရှေးရှုဆောင်ပေးတာ မဟုတ်ပဲနဲ့ ကိုယ်က

သွားကိုင်တာ ဖြစ်နေတယ်၊ အဘိဟာရ-လက္ခဏာနဲ့ မညီပဲ ဖြစ်နေတယ်၊ ဒါကြောင့် အဲဒီ အကပ်ခံနည်းကိုလဲ သတိပြုရမယ်။

သတိသမ္မဇဉ်တရား ပွါးမျှားပါ

ပြီးတော့ ဆွမ်းစားရာ, သောက်ရာတွေမှာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သတိပဋ္ဌာန်အရ အမှတ်သတိပါဘို့ရာ အရေးကြီးပါတယ်၊ အဲဒီ စားသောက်ရာမှာ အမှတ်မပါပဲ မေ့နေတတ်တယ်၊ စားရာ သောက်ရာဆိုတော့ ခပ်ပေါ့ပေါ့ ဖြစ်နေတတ်တယ်၊ အမှတ်သတိလေးနဲ့ မှတ်နိုင်သမျှ မှတ်ပေါ့၊ အမျှားနဲ့ စားရတာဆိုတော့ သိပ်ပြီး စိပ်အောင်တော့ မမှတ်နိုင်ပေဘူး၊ တဦးထဲ စားနေယင်တော့ ဘယ်လောက်ကြာကြာ မှတ်ပြီးတော့ စားနေလို့ ရှိယင် ဖြစ်နိုင်ပါတယ်၊ အမျှားနဲ့ဆိုတော့ မမှတ်နိုင်ပေဘူး၊ တော်ရုံလောက် မှတ်နိုင်မှာပဲ၊ စားစရာ သောက်စရာတွေ ကိုင်ကာ- ယူတာတွေ, ထိတာတွေ, ပြီးတော့ ဝါးတာတွေ, အရသာ ပေါ်တာဟာ, အဲဒါတွေ မှတ်မိနိုင်သမျှ မှတ်ပြီးတော့ စားရမယ်။

သီဟိုဠ်မှာ ရှေးတုန်းက ဆွမ်းစားကျောင်းတွေဆိုတာ ရှိတယ်၊ ဆွမ်းစားစရပ်တွေပေါ့၊ မြို့ထဲ ရွာထဲမှာ ရဟန်းတော်များ ဆွမ်းစ ားဘို့ရာ ဆောက်ထားတဲ့ ဆွမ်းစားစရပ်တွေပါပဲ၊ စာထဲ ပေထဲက ဆိုထားပါတယ်၊ အခုတော့ သီဟိုဠ်မှာ ရှိလား မရှိလား အဲဒါတော့ မပြောတတ်ဖူး၊ အဲဒီရောက်ခဲ့တုန်းကလဲ မစုံစမ်းနိုင်ခဲ့ဘူး၊ အခုတော့ ရှိချင်မှပဲ ရှိတော့မယ်၊ ရှေးက အခြေအနေတွေတော့ ပြောင်းလဲကုန်ပါပြီ၊ ဘာကြောင့်တုံး-ဆိုတော့ သီဟိုဠ်မှာ သာသနာအဆက်တွေက ခပ်ပြတ်ပြတ် ဖြစ်သွားခဲ့တယ်၊ အခုရှိတဲ့ သာသနာတွေဟာ ယိုးဒယားက ဆက်သွယ်ထားတာလဲ ရှိတယ်၊ ဗမာပြည်က ဆက်သွယ်ထားတာလဲ ရှိတယ်၊ ဗမာပြည်ကလဲ ရာမညက ဆက်သွယ်ထားတဲ့ ဂိုဏ်းလဲရှိတယ်၊ နောက်ပြီးတော့ အမရပူရက ဆက်သွယ်ထားတာလဲ ရှိတယ်၊ နောက်ဝိသုဒ္ဓါရုံက ဆက်သွယ်ထားတာလဲ ရှိတယ်၊ အဲဒီတော့ ရှေးက အစဉ်တစိုက်လာခဲ့တဲ့ သာသနာအဆက်ရယ်လို့ ရှိပုံမပေါ်ဘူး၊ ခပ်ပြတ်ပြတ် ဖြစ်သွားတယ်၊ သို့သော်လဲ ရှေးက အလေ့အထ ကလေးတွေတော့ ရှိပုံပေါ်ပါတယ်။

ယခု ပြောမည့် ဆွမ်းစားကျောင်းတွေကတော့ စာပေကျမ်းဂန်ထဲ လာတဲ့ ဆွမ်းစားကျောင်းတွေပါပဲ၊ အဲဒီ ဆွမ်းစားကျောင်း ဆွမ်းစားစရပ်တွေမှာ စားရင်း သောက်ရင်းနဲ့ တရားထူးမရဘူးတဲ့ နေရာရယ်လို့ မရှိဘူးဆိုတာကို အဋ္ဌကထာက ရေးထားပါတယ်၊ အဲဒီမှာ စားရင်း သောက်ရင်းနဲ့ပဲ တရားရှုမှတ်လို့ တရားထူးတွေ ရသွားကြတယ်၊ ယာဂု သောက်ရင်း, ဆွမ်းစားရင်း တရားထူးတွေ ရသွားတဲ့ နေရာတွေချည်းပဲတဲ့၊ တရားထူး မရဘူးတဲ့ နေရာရယ်လို့ မရှိဘူးဆိုတာကို အဋ္ဌကထာက ရေးထားတယ်၊ အဲဒီတော့ စားရာသောက်ရာမှာလဲ တရားနှလုံးသွင်းပြီး ရှုမှတ်ဖို့ အရေးကြီးပါတယ်။

သွားရင်း လာရင်း မှာလဲ ရှုရတာပဲ၊ ရေချိုးရင်းလဲ ရှုရတယ်၊ "ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ" ဆိုတဲ့ အတိုင်း အယုတ်ဆုံးဖြစ်တဲ့ ကျင်ကြီး ကျင်ငယ် စွန့်ရာမှာလဲ ရှုရတာပဲ၊ တတ်နိုင်လို့ရှိယင် အကုန်လုံး ရှုမှတ်ပြီးတော့ ကိစ္စကြီးငယ်တွေ ဆောင်ရွက်ရမယ်၊ "သဗ္ဗကိစ္စကာရီ" အလုံးစုံသော ကိစ္စကို ပြုလေ့ရှိတယ်လို့ ဆိုထားတဲ့အတိုင်း သတိသမ္ပဇဉ်နဲ့ ပြည့်စုံပြီးတော့ အလုံးစုံသော ကိစ္စတွေ ပြုရမယ်တဲ့၊ အလုံးစုံသော ကိစ္စဆိုတော့ ကုန်ရောပေါ့၊ ဘာမှ မကျန်တော့ဘူး၊ ယောဂီအသစ်တွေ ဆိုလို့ရှိယင် ပိုပြီး အရေးကြီးပါတယ်၊ ယောဂီ အဟောင်းတွေအနေနဲ့လဲ မမေ့ မလျော့ ရှုမှတ်ပြီးတော့ သွားလာနေထိုင် လုပ်ကိုင်လို့ရှိယင် ပိုကောင်းတာပါပဲ၊ တရားဆိုတာ ရဟန္တာ မဖြစ်မချင်း ပြည့်စုံတယ်လို့ မရှိဘူး၊ ရဟန္တာ မဖြစ် မချင်း အားထုတ်ရမှာချည်းပဲ၊ ရဟန္တာ ဖြစ်ပြီးတော့လဲ သတိသမ္ပဇဉ်တရားတွေဆိုတာ ပွါးများမြဲ ဆက်ပွါးများရမယ့် တရားတွေပါပဲ၊ ပစ်ထားရမယ့် တရားတွေ မဟုတ်ပါဘူး၊ ဒါကြောင့် အရာခပ်သိမ်းမှာ သတိသမ္ပဇဉ်တရား ပွါးများကြဘို့ ထပ်မံပြီး သတိပေးပါတယ်။

သတိသမ္ပဇဉ်တရား ပွါးများပြီးတော့ မိမိတို့ အလိုရှိအပ်တဲ့ တရားထူး တရားမြတ်တွေကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု – သာဓု – သာဓု

ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ

("ကျမ်းသိထက် ကျမ်းညှိခက်သည်" ဆိုသည့်အတိုင်း အယူအဆဝါဒကွဲပြားနေရာ၌ အမျိုးမျိုးသော ထိုထို အယူဝါဒများကို လျော်စွာ ညှိနှိုင်းပေးရန်မှာ ခက်ခဲလှသည်၊ ဤသို့သော အခက်အခဲကို ဤရဟန်းတော်တို့၏ သီလခဏ်း၌ ဆရာတော်ဘုရားကြီးက ဖြေရှင်းညှိနှိုင်းပေးထားပုံကိုရင်း, ဝိပဿနာဘာဝနာ၏ ရှေ့အဖို့က သီလစင်ကြယ်အောင် မည်ကဲ့သို့ ကျင့်ကြံအားထုတ်ရမည်ကိုရင်း, သီလမလုံခြုံပဲ လွန်ကျူးမိသော် မည်ကဲ့သို့ ကုစားရပုံကိုရင်း, ဝိပဿနာရှုမှတ်မှုဖြင့် ပြည့်စုံသော သီလများကိုရင်း ဤသို့ စသည် သီသင့် သိထိုက်သော ဝိနည်းသိက္ခာပုဒ်တို့နှင့်တကွ ဝိပဿနာဘာဝနာ ပွါးများအားထုတ်မည့် ရဟန်းတော်တို့အတွက် မလိုရအောင် အကျဉ်းချုံးပြီး စေ့စပ်ကျနစွာ အပြည့်အစုံ ဖော်ပြထားသည်ကို ဤရဟန်းတော်တို့၏ သီလခဏ်းတွင် တွေ့မြင်ဖတ်ရှုကြရမည် ဖြစ်ပေသည်။)

ပါတိမောက္ခသံဝရသီလ

သီလ၏ စင်ကြယ်ခြင်း=စင်ကြယ်သော သီလ "သီလဝိသုဒ္ဓိ နာမ သုပရိသုဒ္ဓံ ပါတိမောက္ခသံဝရာဒိ စတုဗ္ဗိဓံ သီလံ" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်သော ပါတိမောက္ခသံဝရ အစရှိသော သီလလေးပါးသည် သီလဝိသုဒ္ဓိ မည်၏။ ဤသို့ သာမညအားဖြင့်သာ ဆိုအပ်သော်လည်း ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ, လူတို့၏ သီလဝိသုဒ္ဓိ အားဖြင့် ၂-မျိုး ခွဲခြား၍ သိအပ်၏။ ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိသည် အလွန်ကျယ်ဝန်း၏။ ဤကျမ်း၌ ပြည့်စုံရုံ အကျဉ်းမျှသာ ပြပါအုံ။

ရဟန်းတော်တို့သည် ပါတိမောက္ခသံဝရ, ဣန္ဒြိယသံဝရ, အာဇီဝပါရိသုဒ္ဓိ, ပစ္စယသန္နိဿိတ-ဟူသော ဤသီလ ၄-ပါးကို ထက်ဝန်းကျင် စင်ကြယ်အောင် ပြုအပ်၏။ ထို ၄-ပါးတို့တွင် မြတ်စွာဘုရား၏ အာဏာပညတ်ဖြစ်သော ဝိနည်း

သိက္ခာပုဒ်တော်ကို ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူးမိအောင် စောင့်ရှောက်မှုသည် ပါတိမောက္ခသံဝရသီလမည်၏၊ စောင့်ရှောက်သောသူကို ဘေးဒုက္ခအမျိုးမျိုးတို့မှ လွတ်စေတတ်သော သီလဟု ဆိုလိုသည်။

ဤသီလကို စင်ကြယ်စေရန်မှာ "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု" ဟူသည်နှင့်အညီ အလွန်သေးငယ်သော ဒုက္ကဋ္ဌ, ဒုဗ္ဘာသီ အာပတ်မျှပင် ဖြစ်သော်လဲ မင်ဖိုလ်ကို မရအောင် အန္တရာယ်ပြုနိုင်သည့်ပြင် အပါယ်သို့လဲ ကျစေနိုင်သောကြောင့် အလွန်ကြောက်မက်ဘွယ်ဘေးကြီးဟု အောက်မေ့လျက် သိက္ခာပုဒ်ဟူသမျှကို မလွန်ကျူးမိအောင် စောင့်ရှောက်အပ်၏။ အာပတ်မသင့်အောင် စောင့်ရှောက်ရမည် ဟူလို၊ သင့်ပြီးသော အာပတ်ရှိလျှင်လဲ "မီးခဲကို ကိုင်မိသော သူငယ်သည် လျင်စွာ စွန့်လွှတ်လိုက်သကဲ့သို့" ထိုအာပတ်ကို လျင်မြန်စွာ ကုစားအပ်၏၊ ပရိဝတ်မာနတ်ကျင့်ခြင်း, နိဿဂ္ဂိယပစ္စည်း အဓမ္မိယပစ္စည်း ဟူသမျှကို စွန့်၍ ဒေသနာပြောကြားခြင်းတို့ဖြင့် စင်ကြယ်စေရမည် ဟူလို၊ ဤသို့ သင့်ပြီးသော အာပတ်ကို ဝိနည်းနှင့်အညီ ကုစား၍ တဖန် အာပတ်မသင့်ရအောင် စောင့်ရှောက်လျက်နေသော ရဟန်း၏ ပါတိမောက္ခသံဝရသီလသည် ထက်ဝန်းကျင် စင်ကြယ်သည် မည်၏။ ဣန္ဒြိယသံဝရသီလကို ကျယ်ဝန်းသောကြောင့် နောက်မှ ပြပါအံ့။

အာဇီဝပါရိသုဒ္ဓိသီလ

သင်္ကန်း, ဆွမ်း အစရှိသော ပစ္စည်းတို့ကို မတရားသောနည်းဖြင့် မရှာမှီးမူ၍ တရားသောနည်းဖြင့်သာလျှင် ရှာမှီး၍ သုံးဆောင်မှုသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏၊ ထက်ဝန်းကျင် စင်ကြယ်သော အသက်မွေးကြောင်း သီလဟု ဆိုလိုသည်၊ တရားကိုယ်အားဖြင့်သော်ကား "ပစ္စယပရိယေသနဝါယာမော" ဟူသော ဝိသုဒ္ဓိမင်နှင့်အညီ ပစ္စည်းတို့ကို တရားသောနည်းဖြင့်သာလျှင် ရှာကြံအားထုတ်မှု ဝီရိယပင်တည်း။ မတရားသောနည်းများမှာ ကျယ်ဝန်း၏၊ ဝိသုဒ္ဓိမင်မှာ ကြည့်ရှုပါလေ။

ပစ္စည်းတို့ကို မတရားသောနည်းဖြင့် ရှာမှီးသော ရဟန်းအား ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစဉ်း, ဒုက္ကဋ္ဌတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော

အာပတ် သင့်တတ်၏၊ မျှားသောအားဖြင့်ကား ဒုက္ကဋ်အာပတ် သင့်တတ်၏၊ မတရားသဖြင့် ရှာမှီးရှိရသော ပစ္စည်းတို့ကို သုံးစွဲသောအခါ၌လဲ ဒုက္ကဋ်အာပတ် သင့်တတ်၏၊ ဤအာပတ်မျှား သင့်လျှင် ပါတိမောက်သီလပါ ပျက်လေ၏၊ သဂ္ဂန္ဓရာယ်, မဂ္ဂန္ဓရာယ် ၂-ပါးလုံး ဖြစ်၏လေ၏၊ ဆိုခဲ့ပြီးသောနည်းဖြင့် ကုစားပါမှ ပါတိမောက်သီလ တဖန် စင်ကြယ်နိုင်သည်၊ သဂ္ဂန္ဓရာယ်, မဂ္ဂန္ဓရာယ်မှ လွတ်ကင်းနိုင်သည်၊ သို့ဖြစ်၍ ဤအာဇီဝသီလကိုလဲ မုခ္ယ စင်ကြယ်စေအပ်၏။

ပစ္စယသန္နိဿိတသီလ ဟူသည်မှာ—"ချမ်းအေးမှု ပျောက်အောင် ဤသင်္ကန်းကို ဝတ်ရုံရသည်" ဤသို့ စသည်ဖြင့် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်းတို့ကို သုံးဆောင်သောအခါ၌ သုံးဆောင်ခြင်း၏ အကျိုးကို နည်းလမ်းမှန်ကန်စွာ ဆင်ခြင် မြင်သိမှုပေတည်း၊ ဤသီလ စင်ကြယ်စေရန် ပစ္စည်းလေးပါးကို မှီဝဲသုံးဆောင်တိုင်း အကျိုးကို ဆင်ခြင်အပ်၏၊ ဆွမ်းပစ္စည်း၌ ဆွမ်.လုပ်ဟိုင်း ဆင်ခြင်အပ်၏၊ ထိုသို့ မဆင်ခြင်နိုင်လျှင် နောက်တနေ့ အရုဏ်မတက်မီအတွင်း ပြန်၍ ဆင်ခြင်အပ်၏၊ မဆင်ခြင်မိပဲ အရုဏ်တက်သွားလျှင် "ဣဏပရိဘောဂ=အကြွေးသုံးဆောင်ခြင်း" ဖြစ်သည်ဟု အဋ္ဌကထာတို့၌ ဆို၏။

ဣဏပရိဘောဂအဓိပ္ပါယ်။ ။ဣဏပရိဘောဂ ဟူရာ၌ ပစ္စည်းရှင် ဒါယကာတို့အား နောက်ဘဝ၌ အကြွေးဆပ်ရလိမ့်ဦးမည် ဟူ၍ကား ဆိုလိုသည် မဟုတ်ပေ၊ အမှန်အားဖြင့်ကား အကြွေးယူ၍ သုံးဆောင်သည်နှင့်တူသောကြောင့်သာလျှင် "ဣဏပရိဘောဂ" ဟု ဆိုပေသည်၊ တူပုံကား—သီလအလုံးစုံ စင်ကြယ်သော ရဟန်းအား လှူအပ်သော ဒါနသည် "အလှူခံဘက်မှ ဒက္ခိဏာဝိသုဒ္ဓိ=အလှူစင်ကြယ်ကြောင်း သီလအင်္ဂါနှင့် ပြည့်စုံသောကြောင့်" ပြည့်စုံစွာ အကျိုးပေးနိုင်၏၊ မဆင်ခြင်ပဲ သုံးဆောင်သောရဟန်းသည် ပစ္စယသန္နိဿိတသီလ ချွတ်ယွင်းသောကြောင့် ထိုဒက္ခိဏာဝိသုဒ္ဓိအင်္ဂါ မပြည့်စုံချေ၊ ထို့ကြောင့် ထိုသို့သော ရဟန်းအား လှူအပ်သော ဒါနသည် ပြည့်စုံစွာ အကျိုးမပေးနိုင်ချေ၊ သို့ဖြစ်၍ ပေးလှူသော ဒါယကာမှာ ဒါန၏ အကျိုးကို ရသင့်သလောက် ပြည့်စုံစွာ မရသောကြောင့် အကြွေးရောင်းရ,ပေးရသည်နှင့်တူ၏၊ မဆင်ခြင်ပဲ သုံးဆောင်သော ရဟန်းသည်လည်း ဒါန၏ အကျိုးကို

ပြည့်စုံစွာ မရစေသောကြောင့် အကြွေးဝယ်ယူ၍ သုံးဆောင်သည်နှင့်တူ၏၊ ထို့ကြောင့် ဣဏပရိဘောဂ ဖြစ်သည်ဟု အဌကထာတို့၌ ဆိုလေသည်။ အောက်ပါ မဟာဋီကာအဖွင့်ကို ကြည့်ပါ—

ဣဏဝသေန ပရိဘောဂေါ ဣဏပရိဘောဂေါ၊ ပဋိဂ္ဂါဟကတော ဒက္ခိဏာဝိသုဒ္ဓိယာ အဘာဝတော ဣဏံ ဂဟေတွာ ပရိဘောဂေါ ဝိယာတိ အတ္ထော။ (မဟာဋီ–၁-၇၂)

ဣဏဝသေန၊ အကြွေးအလိုအားဖြင့်။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းတည်း။ ဣဏပရိဘောဂေါ၊ အကြွေးသုံးဆောင်ခြင်း။ ပဋိဂ္ဂါဟကတော၊ အလှူခံပုဂ္ဂိုလ်မှ။ ဒက္ခိဏာဝိသုဒ္ဓိယာ၊ အလှူစင်ကြယ်ကြောင်းသီလ၏။ အဘာဝတော၊ မရှိခြင်း, မပြည့်စုံခြင်းကြောင့်။ ဣဏံ ဂဟေတွာ၊ အကြွေးယူ၍။ ပရိဘောဂေါ ဝိယ၊ သုံးဆောင်ခြင်းနှင့်တူ၏။ ဣတိ အတ္ထော၊ ဤကား ဣဏပရိဘောဂပုဒ်၏ အနက်တည်း။

သို့ဖြစ်လျှင်—

"ယထာ ဣဏာယိကော အတ္တနော ရုစိယာ ဂန္တုံ နလဘတိ၊ ဧဝံ ဣဏပရိဘောဂယုတ္တော လောကတော နိဿရိတုံ နလဘတိ"—

ဟူသော မဟာဋီကာ ၁-၇၄-ကို အဘယ်သို့ မှတ်ရပါမည်နည်း-ဟူမူ မဆင်ခြင်ပဲ သုံးဆောင်လေ့ရှိသဖြင့် ဣဏပရိဘောဂနှင့် အမြဲယှဉ်သော ရဟန်းအား ပစ္စည်းတို့၌ စွဲလမ်းမှု ကိလေသာ မပြတ် ဖြစ်၏၊ ထို စွဲလမ်းမှုကြောင့် သေသည်၏ အခြားမဲ့၌ ဒုဂ္ဂတိသို့ ရောက်တတ်၏။ ဤသို့ ကျရောက်တတ်သည်ကို ရည်၍ "ဣဏပရိဘောဂနှင့် ယှဉ်သော ရဟန်းသည် လောကမှ ထွက်မြောက်ခြင်းငှါ မရ, ထွက်ခွင့်မရ"ဟု မဟာဋီကာ၌ ဆိုလေသည်ဟု မှတ်အပ်၏၊ စွဲလမ်းမှုကြောင့် ဒုဂ္ဂတိသို့ ရောက်တတ်သည်ကို အရှင်တိဿဝတ္ထုဖြင့် သိအပ်၏။

ရဟန်းနှင့် သန်းဝတ္ထု။ ။သင်္ကန်းကို စွဲလမ်း၍ သေလေသော အရှင်တိဿ ရဟန်းတော်သည် ထိုသင်္ကန်း၌ပင် သန်းဖြစ်ရရှာလေ၏၊ မတသံဃိကဖြစ်သော ထိုသင်္ကန်းကို ရဟန်းတို့က ဝေဘန်မည်ပြုကြ

လေရာ ထိုတိဿသန်းကြီးက "ငါ့ဥစ္စာကို လုယက်နေကြသည်"ဟု မြည်တမ်းလျက်နေလေ၏၊ ထို အသံကို မြတ်စွာဘုရားက အဘိညာဉ်ဖြင့် ကြားတော်မူလေလျှင် ထိုသင်္ကန်းကို ဝေဘန်ပါက တိဿသန်းကြီးမှာ ရဟန်းတို့၌ ပြစ်မှား၍ ငရဲသို့ လားရှာရမည်ကို မြင်တော်မူသောကြောင့် ထို သင်္ကန်းကို မဝေဘန်ပဲ ဆိုင်းငံ့ထားစေ၏၊ ၇-ရက်မြောက်နေ့၌ တိဿသန်းကြီးသည် စုတေ၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏၊ ထိုအခါကျမှ မြတ်စွာဘုရားက ထိုသင်္ကန်းကို ဝေဘန်စေသည်ဟု ဓမ္မပဒအဋ္ဌကထာ၌ ဆို၏။

ကြောက်ဘွယ်ကောင်းလေစွ။ ။ဤဝတ္ထု၌ သန်းဘဝမှ စုတေသောအခါ တုသိတာ နတ်ဘုံ၌ ဖြစ်သည်ကို ထောက်ဆ၍ စွဲလမ်းမှု မရှိခဲ့ပါလျှင် ရဟန်းဘဝက စုတေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်နိုင်ကြောင်း ထင်ရှား၏၊ သင်္ကန်းဝေဘန်မှုကို မြတ်စွာဘုရားက ဆိုင်းမထားပါလျှင် ငရဲသို့ပင် ကျရောက်ရှာဦးမည်၊ စွဲလမ်းမှုသည် အပြစ်ကြီးမားလေစွ။

ဤအကြောင်းအရာနှင့် စပ်၍ အောက်ပါ ဂါထာကို ဟောတော်မူ၏—

အယသာဝ မလံ သမုဋ္ဌိတံ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရီနံ၊ သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။

အယသာ၊ သံတုံး သံချောင်းမှ။ သမုဋ္ဌိတံ၊ ဖြစ်ပေါ်သော။ မလံ၊ သံချေးသည်။ တတော ဥဋ္ဌာယ၊ ထိုသံမှပင် ထ၍။ တံ ဧဝ၊ ထိုသံကိုပင်လျှင်။ ခါဒတိ ဣဝ၊ စားဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ အတိဓောနစာရီနံ၊ ပစ္စဝေက္ခဏာပညာကို လွန်ကျူး၍ ကျင့်သောသူကို။ ဝါ၊ မဆင်ခြင်မူ၍ သုံးဆောင်သောသူကို။ သာနိ၊ မိမိသန္တာန်၌ ဖြစ်ကုန်သော။ ကမ္မာနိ၊ စွဲလမ်းခြင်းစသော အမှုတို့သည်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နယန္တိ၊ ဆောင်တတ်ကုန်၏။

ဤအရာ၌ အချိုက "ဣဏပရိဘောဂဖြစ်လျှင် ပစ္စည်းရှင်တို့အား အကြွေးဆပ်ရဦးမည်ဖြစ်၍ မဂ်ဖိုလ်ကို မရနိုင်"ဟူ၍ ယူဆပြောဆိုကြ၏၊ ထိုသို့သော အဓိပ္ပါယ်မှာ ပါဋ္ဌိ,အဋ္ဌကထာတို့၌ အလျှင်းပင် မရှိချေ၊ ထို့ကြောင့် ဋီကာဆရာ

သည် ဘုရား၏ အရာသာ ဖြစ်သော ထိုအဓိပ္ပါယ်ကို ရည်ရွယ်မည်လဲ မဟုတ်၊ သင့်လဲ မသင့်သည်သာတည်း။

မသင့်ပုံကား။ ။ထို အချိုဆရာတို့၏ ယူဆချက်အတိုင်းဆိုလျှင် ဣဏပရိဘောဂ သည် ထေယျပရိဘောဂနှင့်, ပါရာဇိက အာပတ်တို့ထက်ပင် အပြစ်ကြီးမားလေရာ၏၊ အဘယ့်ကြောင့်နည်းဟူမူ–ပါရာဇိကသို့ ရောက်ပြီး၍ ထေယျပရိဘောဂ ဖြစ်ပြီးသော သူတို့သည်ပင် လူ,သာမဏေ အဖြစ်၌ တည်၍ မဂ်ဖိုလ်ကို ရနိုင်သောကြောင့်ပေတည်း၊ အောက်ပါမှာ ဧကင်္ဂုတ္တရ အဋ္ဌကထာ ပေတည်း—

> ဣမံ ပန ဒေသနံ သုတ္ဝာ ဇာတသံဝေဂါ ဌာနံ ဇဟိတ္ဝာ သာ-မဏေရဘူမိယံ ဌိတာ ဒသသီလာနိ ပူရေတ္ဝာ ယောနိသော မနသိကာ-ရေ ယုတ္တပ္ပယုတ္တာ ကေစိ သောတာပန္နာ, ကေစိ သကဒါဂါမိနော, ကေစိ အနာဂါမိနော အဟေသုံ၊ ကေစိ ဒေဝလောကေ နိဗ္ဗတ္တိံသု၊ ဧဝံ ပါရာဇိကာပန္နာနမ္ပိ သဖလာ အဟောသိ။ (အံ-ဋ္ဌ-၁-၅၂)

ပါရာဇိက အာပတ်သင့်ပြီးသော ရဟန်း ၆၀-တို့သည် အဂ္ဂိက္ခန္ဓောပမသုတ်ကို ကြားနာရခြင်းကြောင့် သာမဏေအဖြစ်၌ တည်ကုန်လျက် အားထုတ်ကြ၍ အချို သောတာပန်, အချို သကဒါဂါမ်, အချို အနာဂါမ် ဖြစ်ကြောင်းနှင့် အချို နတ်ပြည်၌ ဖြစ်ကြောင်းကို အထက်ပါ အဋ္ဌကထာဖြင့် ပြ၏၊ ထိုရဟန်း ၆၀-တို့၏ ပါရာဇိက အာပတ်သင့်ခြင်းကို မြင်တော်မူ၍ ထိုသုတ်ကို ဟောရန် မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူရကြောင်းနှင့် လမ်းခရီး၌ ရပ်နား၍ ဟောတော်မူကြောင်းများကို အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် ထိုရဟန်းတို့သည် အာပတ်သင့်ပြီးနောက် အတန်ကြာအောင်ပင် ရဟန်းအသွင်၌ တည်နေကြသေးသည် ဟူ၍ဌင်း, ထေယျပရိဘောဂမှ မကင်းကြ ဟူ၍ဌင်း သိသာ ထင်ရှား၏၊ ထို့ကြောင့် ပါရာဇိကသို့ ရောက်ပြီး၍ ထေယျပရိဘောဂ ဖြစ်ပြီးသော သူတို့ပင် မဂ်ဖိုလ်ကို ရနိုင်ပါလျက် ပါတိမောက်သီလ စင်ကြယ်သော ရဟန်းကို ဣဏပရိဘောဂ-မျှဖြင့် မဂ်ဖိုလ်ကို မရနိုင်ဟု အဘယ့်ကြောင့် ဆိုထိုက်ပါအံ့နည်း၊ **မဆိုထိုက်သည်သာတည်း။**

ထို့ပြင် ပစ္စည်းတို့ကို ဆင်ခြင်၍ သုံးစွဲရန် ဟောသော ဒေသနာသည် ဝိနည်းပညတ် အာဏာဒေသနာ မဟုတ်, သုတ်ဒေသနာမျှသာတည်း၊ သို့ဖြစ်၍ မဆင်ခြင်ပဲ သုံးဆောင်မှုသည် အာဏာပညတ်ကို ကျူးလွန်မှုကဲ့သို့ အာဏာ-ဝိတိက္ကမ အန္တရာယ်လဲ မဖြစ်၊ တပါးသော အန္တရာယ်တို့၌လဲ မဝင်ချေ၊ ထို့ကြောင့် ဣဏာပရိဘောဂကို ဒုက္ခဋ္ဌ အာပတ်လောက်ပင် အပြစ်ကြီးလေးသည်ဟု မဆိုထိုက်သည်သာတည်း။

ဆေးပစ္စည်းကို သတိမပြုပဲ သုံးဆောင်လျှင် အာပတ်သင့်သည်ဟု အဋ္ဌကထာတို့၌ ဆိုသောကြောင့် ပစ္စယသန္နိဿိတသီလ ပျက်ခြင်းသည်လည်း အာပတ်သင့်ကြောင်းပင် မဟုတ်ပါလော-ဟူငြားအုံ၊ မဟုတ်သည်သာတည်း။ သို့ဖြစ်လျှင် ထိုအဋ္ဌကထာ စကား၌ အဘယ်သို့ မှတ်ရပါအုံနည်း ဟူမူ-ဆေးပစ္စည်းကို အနာရောဂါ အကြောင်းရှိလျှင် သုံးဆောင်ရန် ခွင့်ပြုတော်မူ၏၊ သို့သော် အကြောင်းရှိသည်ကို သိမှသာလျှင် သုံးဆောင်အပ်၏၊ အကြောင်းရှိမှန်း မသိပဲ သုံးဆောင်လျှင် အကြောင်းမဲ့ သက်သက် အာဟာရအတွက် သုံးဆောင်ခြင်းသာ ဖြစ်၏၊ ထို့ကြောင့်—

> ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ။ (ဝိ-၂-၁၁၆)

ဟူသော ဝိနည်း ပညတ်ဖြင့် ဒုက္ခဋ္ဌ အာပတ်သင့်၏၊ အကြောင်းရှိသည်ကို သိခြင်း, သတိပြုခြင်း, ဆင်ခြင်ခြင်းတို့မှာ ဤအရာ၌ အတူတူပင်တည်း၊ ဥပမာ-နံနက်ပိုင်းကာလ၌ဖြစ်သော်လဲ အရုဏ် မတက်သေးဘူးဟု အထင်ရှိလျက်ဖြစ်စေ, ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို စားသောက်လျှင် သိက္ခာပုဒ်ကို လွန်ကျူးမည်ဟု စောဘနာ အမှတ်ရှိခြင်းကြောင့် "ကာလေ ဝိကာလသညီ အာပတ္တိ ဒုက္ကဋဿ"ဟူသည်နှင့်အညီ အာပတ်သင့်သကဲ့သို့ပင်တည်း။

သို့ဖြစ်၍ "ဆေးပစ္စည်းကို သုံးဆောင်သောအခါ၌ သတိမပြုလျှင် အာပတ်သင့်သည်"ဟု ဆိုသောစကားမှာ ဝိနည်း သိက္ခာပုဒ် ကျူးလွန်မှုကိုသာ ရည်၍ ဆိုအပ်သော စကားသာတည်း၊ ပစ္စယသန္နိဿိတသီလ ပျက်ခြင်းကို ရည်၍

ဆိုအပ်သည်ကား မဟုတ်ပေ၊ ထို့ကြောင့်ပင် "သုံးဆောင်ပြီးနောက် အရှေ့ဏ် မတက်မီ အတွင်း၌ ပြန်၍ ဆင်ခြင်ခြင်းဖြင့်လဲ ၎င်းသီလ စင်ကြယ်နိုင်သေးသည်"ဟူ၍ ဋ္ဌီကာတို့၌ မိန့်ဆိုကြပေသည်။

ထို့ပြင် ဆိုခဲ့ပြီးသော အချို့ဆရာတို့၏ ယူဆချက်သည် အဋ္ဌကထာတို့၌ လာသော အောက်ပါ ထေရဝါဒနှင့်လဲ ဆန့်ကျင်၏။

စူဠနာဂ မထေရ်၏ ဝါဒ။ ။တိပိဋကစူဠနာဂထေရော ပနာဟ ပါတိမောက္ခသံဝရော သီလံ၊ ဣတရေသု တိဏိ သီလာနိ ဝုတ္တဋ္ဌာနေ နာမ နတ္ထိတိ ဝတ္တာ, တံ အနုဇာနန္တော အာဟ "ဣန္ဒြိယသံဝရော နာမ ဆဒ္ဒါရေသု ဘဝမဂ္ဂေ၊ အာဇီဝပါရိသုဒ္ဓိ ဓမ္မေန သမေန ပစ္စယုပ္ပတ္တိ-မတ္တံ၊ ပစ္စယသန္နိဿိတံ ပဋိလဒ္ဓပစ္စယေ ဣဒမတ္ထိကံ ပစ္စဝေက္ခိတ္ဝာ ဗရိဘုဉ္ဇနမတ္တံ၊ နိပ္ပရိယာယေန ပါတိမောက္ခသံဝရော သီလံ၊ ယဿ သီလေ ဘိန္နေ၊ အယံ ဆိန္နသီသော ဝိယ ပုရိသော ဟတ္ထပါဒေ သေသာနိ ရက္ခိဿတီတိ နေ ဝတ္တဗ္ဗော၊ ယဿ ပန အရောဂေါ၊ အယံ အစ္ဆိန္နသီသော ဝိယ ပုရိသော ဇီဝိတံ, သေသာနိ ပုန ပါကတိကာနိ ကတ္ဝာ ရက္ခိတုံ သမတ္ထော"တိ။ (သံ၊ဋ္ဌ၊၃၊၂၆၂)

မြန်မာပြန်အုံ့။ ။အရှင်တိပိဋကစူဠနာဂမထေရ်သည်ကား ဤသို့ မိန့်ဆိုတော်မူ၏၊ ပါတိမောက္ခသံဝရသည်သာလျှင် သီလမည်၏၊ အခြားသုံးမျိုးတို့ကား သီလမည်၏ဟု ဟောတော်မူသောအရာ ပါဠိတော်မည်သည် မရှိချေဟု မိန့်ဆိုပြီးလျှင်, ရှိ၏ဟု ဆိုသော ထိုစကားကို ခွင့်မပြုလို၍ မိန့်ဆိုပြန်သည်မှာ–ဣန္ဒြိယသံဝရဟူသည်မှာ ဒွါရ ၆-ပါးကို စောင့်ရှောက်ရုံမျှသာတည်း၊ အာဇီဝပါရိသုဒ္ဓိဟူသည်မှာ–တရားနှင့်အညီ ပစ္စည်းတို့ကို ဖြစ်စေခြင်း မျှသာတည်း၊ ပစ္စယသန္နိဿိတဟူသည်မှာ ရပြီးသော ပစ္စည်းတို့ကို အအေးပျောက်ခြင်း စသော ဤအကျိုးရှိသည်ကို ဆင်ခြင်၍ သုံးဆောင်ခြင်းမျှသာတည်း၊ မသွယ်မဝိုက် တိုက်ရိုက် မုချအားဖြင့်ဆိုလျှင် ပါတိမောက္ခသံဝရသည်သာလျှင် သီလ မည်၏၊ အကြင်သူအား ထို ပါတိမောက်သီလ ပျက်ခဲ့ပြီ၊ ပါတိမောက်သီလပျက်ပြီးသော ဤသူသည် ကြင်းသော သီလ သုံးပါ ကို စောင့်ရှောက် နိုင်လိမ့်မည်ဟု မဆိုအပ်၊ ဥပမာ–ဦးခေါင်း ပြတ်ပြီးသော

ယောကျ်ားသည် ကျန်သော လက်ခြေတို့ကို စောင့်ရှောက်နိုင်လိမ့်မည်ဟု မဆို အပ်သကဲ့သို့ပင်တည်း၊ အကြင်သူအား မှကား ထိုပါတိမောက်သီလသည် အနာရောဂါမရှိ စင်ကြယ်၏၊ ပါတိမောက်သီလစင်ကြယ်သော ဤသူသည် ကြင်းသောသီလတို့ကို တဖန် ပကတိအတိုင်း စင်ကြယ်အောင်ပြု၍ စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်ပါ၏၊ ဥပမာ–ဦးခေါင်းမပြတ်သေးသော ယောကျ်ားသည် အသက်ကို စောင့်ရှောက် ခြင်းငှါ စွမ်းနိုင်သကဲ့သို့ပင်တည်းဟု မိန့်ဆိုတော်မူ၏။

ဤ တိပိဋကစူဠနာဂမထေရ်ကြီးသည် အရှင်ဗုဒ္ဓဃောသ ဆရာကြီးထက်ပင် မျှားစွာ ရှေးကျသေး၏၊ ပိဋကသုံးပုံလုံးကို အာဂုံဆောင်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည့်ပြင် အဋ္ဌကထာဆရာတို့ပင် အလေးပြုအပ်သော မထေရ်မြတ် ဖြစ်ပေ၏၊ သို့ဖြစ်၍ ဤ မထေရ်ကြီး၏ ဝါဒကို လေးနက်စွာ မှတ်သားအပ်၏။

ဤမထေရ်၏ဝါဒ၌ ပါတိမောက်သီလ မပျက်စီးလျင် ကြင်းသော သီလ ၃-ပါးတို့မှာ ဘယ်လိုပင် ပျက်စီး နေစေကာမူ ပကတိအတိုင်း စင်ကြယ်အောင် ပြုနိုင်သည်, ကုစားနိုင်သည်ဟု ဆိုထား၏၊ ပကတိအတိုင်း စင်ကြယ်သော အခါ၌ သီလဝိသုဒ္ဓိဖြစ်၍ မဂ်ဖိုလ်ကို ရနိုင်ကြောင်းမှာ ယုံမှားဘွယ်မရှိပြီ၊ အချို့ဆရာတို့၏ ယူဆချက်အားဖြင့်ကား–ဣဏပရိဘောဂဖြင့်လျင် မဂ်ဖိုလ်ကို မရနိုင်ဟု ယူဆသောကြောင့် ပစ္စယသန္နိဿိတသီလကို တကြိမ်မျှ ပျက်စေလျင်ပင် စင်ကြယ်အောင် ကုစားလို့ မရပြီဟု ဆိုရာရောက်၏၊ ထို့ကြောင့် အထက်ပါ ထေရဝါဒနှင့် ဆန့်ကျင်၏။

ပစ္စယသန္နိဿိတသီလဟု အဋ္ဌကထာတို့၌ ပြအပ်သော ပစ္စဝေက္ခဏာကို ဘောဇနေ မတ္တညူ-ပုဒ်, ဘောဇနေ မတ္တညုတာ-ပုဒ်တို့၏ အဖွင့်ဖြစ်သော သုတ်အဘိဓမ္မာတို့၌ရင်း, မူလပဏ္ဏာသ သဗ္ဗာသဝသုတ်၌ရင်း, ဆဋ္ဌဂုံတ္တရ မဟာဝဂ်၌ရင်း ဟောတော်မူသည်၊ သို့သော်လဲ ထိုသုတ် အဘိဓမ္မာတို့၌ သီလအဖြစ်ဖြင့် တိုက်ရိုက် ဟောတော်မမူချေ၊ ဘောဇနေ မတ္တညုတာ-အမည်ဖြင့်ရင်း, ပဋိသေဝနာ ပဟာတဗ္ဗ အာသဝေါတို့ကို ပယ်တတ်သော တရားအဖြစ်ဖြင့်ရင်း ဤအမည်တို့ဖြင့်သာ ဟော်တော်မူချေသည်၊ ထို့ကြောင့် အရှင်တိပိဋကစူဠနာဂမထေရ်က

ရင်းကို သီလဟု ဟောသော ပါဠိတော်မရှိဟု ဆိုတော်မူလေသည်။ တရား ကိုယ်အားဖြင့်လဲ ပစ္စဝေက္ခဏာသည် ဉာဏ်ပညာသာဖြစ်၍ ပညာသိက္ခာ၌သာ ဝင်၏၊ မုချအားဖြင့် သီလသိက္ခာ၌ မဝင်သည်ကို သတိပြုရာ၏၊ ထို့ပြင်– ထိုထို သုတ် အဘိဓမ္မာတို့၌ ဤပစ္စဝေက္ခဏာကို ဟောတော်မူသည်မှာ မန္တန် မန်းမှုတ်သကဲ့သို့ ရွတ်ဘတ်ရုံမျှအတွက်လဲ မဟုတ်၊ အဓိဋ္ဌာန် ဝိကပ္ပနာစသော ဝိနည်းပရိယာယ်များကဲ့သို့ သုံးဆောင်ကောင်းရုံမျှ အတွက်လဲ မဟုတ်၊ အမှန် အားဖြင့်သော်ကား ပစ္စည်းလေးပါးနှင့်စပ်၍ အာသဝေါကိလေသာ မဖြစ်စေ ရန် အတွက်သာ ဖြစ်ပေသည်၊ ထို့ကြောင့် ပစ္စည်းကို သုံးစွဲမှုနှင့်စပ်၍ ရထိုက် သောအကျိုးကို ဉာဏ်ဖြင့် ထိထိရောက်ရောက် ဆင်ခြင်၍သာလျှင် သက်နှိုး စသည်ကို သုံးဆောင် အပ်၏။

ရှုမှတ်မှုဖြင့်လဲ ဆင်ခြင်မှု ပြီး၏။ ။"ပဋိလာဘကားလေပိ ဟိ ဓာတု-ဝသေန ဝါ ပဋိကူလဝသေန ဝါ ပစ္စဝေက္ခိတ္တာ ဌပိတာနိ စီဝရာဒီနိ တတော ဥတ္တရိ ပရိဘုဉ္ဇန္တဿ အနဝဇ္ဇောဝ ပရိဘောဂေါ၊ တထာ ပရိဘောဂကာလေပိ"–ဟူသော ဝိသုဒ္ဓိမဂ် ၁-၄၁-နှင့် အညီ ဓာတ် ၄-ပါး, ရူပ်နာမ်တို့၏ အလိုအားဖြင့် ဝိပဿနာရှုမှတ်နေသော ပုဂ္ဂိုလ်အား ပစ္စည်းများကို ရစဉ်ကာလ, သုံးဆောင်စဉ်ကာလတို့၌ ရှုမှတ်မှုဖြင့် လဲ ပစ္စဝေက္ခဏာကိစ္စ ပြီးသေးသည်ဟူ၍ မှတ်အပ်၏၊ အကျယ်ကို လူတို့၏ သီလ အရာ၌ တွေ့မြင်ရပါ လတံ့။

သို့ဖြစ်၍ အကျိုးကို ဆင်ခြင်၍ဖြစ်စေ, ဘာဝနာတပါးပါးကို နှလုံးသွင်း၍ ဖြစ်စေ ပစ္စည်းလေးပါးကို သုံးဆောင်သောရဟန်း၏ ပစ္စယသန္နိဿိတသီလ သည် ထက်ဝန်းကျင် စင်ကြယ်သည် မည်၏။

ဣန္ဒြိယသံဝရသီလ။ ။ဒွါရ ၆-ပါး၌ အာရုံ ၆-ပါးထင်လာ၍ ဝိညာဏ် ၆-ပါးဖြင့် သိမြင်ရသောအခါကိလေသာဖြစ်ခွင့် မရအောင် အမှတ် ပြုမှုသတိဖြင့် ပိတ်ဆို့စောင့်ရှောက်မှုသည် ဣန္ဒြိယသံဝရသီလ မည်၏။ ဤသီလ စင်ကြယ်စေရန် စောင့်ရှောက်ပုံကို စက္ခုဒ္ဒါရ၌သာ အပြည့်အစုံ ပြုပါအုံ့၊ ကြွင်း သောဒွါရတို့၌ နည်းတူပင် သိပါလေ။

"စက္ခုနာ ရူပံ ဒိသ္ဝာ နဲ နိမိတ္တဂ္ဂါဟီ ဟောတိ နာနု ဗျဉ္ဇနဂ္ဂါဟီ" အစရှိသော ပါဋ္ဌိတော်နှင့်အညီ မျက်စိဖြင့် အဆင်းကို မြင်လျှင် ကိလေသာဖြစ်ကြောင်းဖြစ်သော မိန်းမပုံသဏ္ဌာန်, ယောကျ်ားပုံသဏ္ဌာန်ကို နှလုံးမသွင်းရ၊ "ဒိဋ္ဌမတ္တေ-ယေဝ သဏ္ဌာတိ" ဟူသော အဋ္ဌကထာနှင့်အညီ မြင်အပ်သောအဆင်း ရုပ်မျှ၌ သာလျှင် စိတ်ကို တန့်စေရမည်၊ ဋီကာ၌ ထပ်ရှင်းသည်မှာ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" ဟူသော ပါဋ္ဌိတော်နှင့်အညီ မြင်ရသော အဆင်း၌ မြင်ရုံမျှ စိတ်ကို သာ ဖြစ်စေရမည်၊ ထို့ထက်ပိုလွန်၍ တင့်တယ်သောအခြင်းအရာ, အိုဆိုးသော အခြင်းအရာ စသည်ကို နှလုံးမသွင်းရ ဟူ၏။

ဝိသဘာဂဖြစ်သော မိန်းမ, ယောကျ်ားတို့၏ မျက်နှာ, လက်, ခြေ စသည်ကို မှတ်သား၍ အဖန်ဖန် နှလုံးသွင်းလျှင် ရာဂစသော ကိလေသာတို့ ထင်ရှားစွာ ဖြစ်ပေါ်တတ်ကုန်၏၊ ရာဂစသည်ကို ထင်ရှားဖြစ်စေနိုင်သော ထိုမျက်နှာ, မျက်ခုန်း, မျက်လုံး, နှာတံ, နှုတ်ခမ်း, ရင်, ဝမ်း, လက်ခြေ အင်္ဂါတို့ကို နှလုံးမသွင်းရ၊ ပြုံးဟန်, ရယ်ဟန်, ပြောဆိုဟန်, နှုတ်ခမ်းစူဟန်, မျက်စောင်းထိုးဟန် စသော အမူအရာတို့ကိုလဲ နှလုံးမသွင်းရ၊ "ယံ တတ္ထ ဘူတံ၊ တဒေဝ ဂဏ္ဌာတိ" ဟူသော အဋ္ဌကထာနှင့်အညီ မြင်ရသောသူ၏ သဏ္ဌာန်၌ ထင်ရှားရှိသော ဆံပင်, အမွေး, ခြေသဲ, လက်သဲ, သွား, အရေ, အသား, အကြော, အရိုး အစရှိသော အဖိုမျှကိုသာ နှလုံးသွင်းရမည်၊ သို့မဟုတ်-ဘူတရုပ်, ဥပါဒါန်ရုပ်မျှကိုသာ နှလုံးသွင်းရမည်။

စောင့်စည်းမှု ဖြစ်ပုံ ပျက်ပုံတို့ကို အဋ္ဌကထာ၌ ပြသည့်အတိုင်း ဝီထိဖြင့် ပိုင်းခြား၍ ပြဦးအံ့၊ စက္ခုဒွါရ၌ အဆင်းရုပ်ထင်သောအခါ ဘာလဲဟု ဆင်ခြင်မှု= အာဝဇ္ဇန်းစိတ် ဖြစ်၍ ချုပ်၏၊ ထို့နောင် ၎င်းအဆင်းကို မြင်သော စက္ခုဝိညာဏ်စိတ်, လက်ခံ၍အာရုံပြုသော သမ္ပဋိစ္ဆိုင်းစိတ်၊ စဉ်းစားစူးစမ်းသော သန္တီရဏစိတ်၊ ပိုင်းခြားဆုံးဖြတ်သော ဝုဋ္ဌောစိတ်တို့သည် အစဉ်အတိုင်း တကြိမ်စီဖြစ်၍ ချုပ်ကုန်၏။ ထို့နောင် ဇောစိတ်များ ဖြစ်ကုန်၏၊ ဤ ဇောစိတ်တို့၌ သီလ, သတိ, ဉာဏ, ခန္တီ, ဝီရိယ ဟူသော သံဝရတရား ငါးပါး ဖြစ်ပေါ်လျှင် စက္ခုနွေ့၌ စောင့်စည်းမှု ဖြစ်၏၊ စက္ခုန္ဒြိယသံဝရ သီလ စင်ကြယ်၏၊ ထိုသို့မဟုတ်ပါပဲ ဒုသီလျှ, မုဋ္ဌသစ္စ, အညာဏ, အက္ခန္တီ,

ကောသဇ္ဇ-ဟူသော အသံဝရတရား ငါးပါးတို့ဖြစ်ပေါ်လျှင် စက္ခုနြွေ၌ စောင့်စည်းမှုပျက်၏၊ စက္ခုနြွိယသံဝရသီလပျက်၏၊ ဤသို့ အဋ္ဌကထာ၌ ပြ၏။

သံဝရ, အသံဝရ။ ။သံဝရ, အသံဝရ တရားတို့၏ သရုပ်အဓိပ္ပါယ်ကို ဤသို့သိအပ်၏၊ "ဣမိနာ ပါတိမောက္ခေန ဥပေတော ဟောတိ သမုပေတောတိ အယံ သီလသံဝရော" ဟူသော အဋ္ဌကထာနှင့်အညီ သီလသံဝရဟူသည်မှာ ပါတိမောက္ခသံဝရ သီလပင်တည်း၊ ဒုဿီလျအသံဝရဟူသည်မှာ ၎င်းပါတိမောက်သီလ၏ ပျက်စီးခြင်းပင်တည်း၊ သိက္ခာပုဒ်ကို ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်၍ အာပတ်သင့်ခြင်းပင်တည်း၊ ဤအရာ၌ ဒုဿီလျအသံဝရသည် "ဝီတိက္ကမ ကိလေသာ ဖြစ်သောကြောင့် ပဉ္စဒ္ဒါရ၌ မဖြစ်၊ မနောဒ္ဒါရ၌သာ ဖြစ်သည်" ဟူ၍၎င်း, "ကြွင်းသော အသံဝရ ၄-ပါးတို့သည် ဒ္ဒါရ ၆-ပါးလုံး၌ဖြစ်သည်" ဟူ၍၎င်း မူလဋီကာ, မဟာဋီကာတို့၌ မိန့်ဆိုသည်အတိုင်း မှတ်သားရာ၏။

"ရက္ခတိ စက္ခုနြွိယံ စက္ခုနြွိယေ သံဝရံ အာပဇ္ဇတီတိ အယံ သတိသံဝရော" ဟူသော အဋ္ဌကထာနှင့်အညီ သတိသံဝရဟူသည်မှာ ဣနြွိယသံဝရသီလ အစစ်ပေတည်း၊ တရားကိုယ်အားဖြင့်သော်ကား ဒ္ဒါရ ၆-ပါး၌ ကိလေသာ မဖြစ်ရအောင် စောင့်ရှောက်သော သတိ စေတသိက်ပင်တည်း၊ မုဋ္ဌဿစ္စ အသံဝရ ဟူသည်မှာ အာရုံ ၆-ပါးနှင့် တွေ့ဆုံသောအခါ သတိလွတ်ခြင်း သတိမေ့ခြင်း အမှတ်မရခြင်းပင်တည်း၊ တရားကိုယ်အားဖြင့်သော်ကား "စက္ခုနြွိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဒာသဝေယ္ယုံ" ဟူသော ပါဋိတော်နှင့်အညီ အဘိဇ္ဈာဟု ခေါ်သော လောဘနှင့် ဒေါမနဿဖြင့် ပြုအပ်သော လောဘနှင့် ဒေါသတို့ပင်တည်း၊ ဋီကာတို့၌ မောဟကိုလဲ ထည့်၍ ပြကြ၏။

"သောတာနံ သံဝရံ ဗြုမိ၊ပညာယေတေ ပိဓီယရေတိ အယံ ဉာဏသံဝရော" ဟူသော အဋ္ဌကထာနှင့်အညီ တဏှာ, ဒိဋ္ဌိ, ကိလေသာ ဒုစရိုက်, အဝိဇ္ဇာဟူသော အကုသိုလ် အယဉ်တို့ကို ပိတ်ဆို့ ပယ်ဖြတ်တတ်သော အရိယ မင်္ဂဉာဏ်သည် ဉာဏသံဝရမည်၏။

(စူဋ္ဌနိဒ္ဒေသပါဋိတော်နှင့် သုတ္တနိပါတ် အဋ္ဌကထာတို့ကိုလဲ မှီ၍ဆိုသည်။)

ပစ္စယသန္နိဿိတသီလလည်း ဤဘုရားသံဝရ၌ ဝင်သည်ဟု ဝိသုဒ္ဓိမဂ်၌ဆို၏၊ ဝိပဿနာဉာဏ်သည်လည်း ဤဘုရားသံဝရ၌ ဝင်သင့်သေး၏၊ အကြောင်းမူကား- ကိလေသာအယဉ်တို့ကို ပစ္စဝေက္ခဏာဖြင့် ပိတ်ဆို့ခြင်းထက် "အာရမ္မဏာနုသယမှ စ၍ တဒင်္ဂပဟာန်အလိုအားဖြင့် ပယ်နိုင်သော ဝိပဿနာဖြင့်" ပိတ်ဆို့ခြင်းက သာ၍ပင် လုံခြုံစေနိုင်၏။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ ဇာနတော ပဿတော ပညာ-ယေတေ သောတာ ပိဓိယန္တိ" စသည်ဖြင့် ဝေဘန်ဖွင့်ပြသော နိဒ္ဒေသပါဠိတော်၌ ဝိပဿနာကိုလဲ ရည်ရွယ်သည်ဟု ဆိုထိုက်၏၊ ဤသည်တို့ကား ဝိပဿနာ ဉာဏ်၏ ဘုရားသံဝရမည်သင့်ကြောင်းတို့ဘည်း၊ သို့ဖြစ်၍ ပစ္စယသန္နိဿိတသီလ, ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ကို ဘုရားသံဝရဟု မှတ်ရာ၏၊ အဘုရားအသံဝရ ဟူသည်မှာ ၎င်းဉာဏ်သုံးမျိုးတို့၏ ဆန့်ကျင်ဘက် မောဟတရားပင်တည်း။

"ခမော ဟောတိ သီတဿ ဥဏှဿာတိ အယံ ခန္တီသံဝရော"ဟူသော အဋ္ဌကထာနှင့်အညီ အအေး အပူ စသည်တို့နှင့် တွေ့သောအခါ, အလွန်မခံသော သော ဝေဒနာတို့ဖြစ်ပေါ်လာသောအခါ, အလွန်ကြမ်းတမ်းယုတ်မာ၍ နားမခံသာသော ဆဲရေးကျိန်ဆို စကားတို့ကို ကြားရသောအခါ စသည်တို့၌ ဒေါသကို မဖြစ်စေပဲ ချုပ်တည်းသည်းခံခြင်းသည် ခန္တီသံဝရမည်၏၊ တရားကိုယ်အားဖြင့် အဒေါသစေတသိက်ပင်တည်း၊ သည်းမခံလိုသော ဒေါသသည် အကုန္တိသံဝရ မည်၏။

"ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတီတိ အယံ ဝိရိယသံဝရော"ဟူသော အဋ္ဌကထာနှင့်အညီ ကာမဝိတက် စသည်ကို ပယ်ရန်အားထုတ်မှုသည် ဝိရိယသံဝရ မည်၏၊ တရားကိုယ်အားဖြင့်သော်ကား "အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ"စသည်ဖြင့် ဟောတော်မူအပ်သော သမ္မပ္ပဓာန် ဝိရိယပင်တည်း၊ အာဇီဝပါရိသုဒ္ဓိသီလသည်လည်း ဤဝိရိယသံဝရ၌ ဝင်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဆို၏၊ ကာမဝိတက်စသည်တို့ကို ပယ်ရန်အားမထုတ်ပဲ ထိန်မိုဒ္ဓပြဓာန်းလျက် ပျင်းရိသော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည် ကောသဇ္ဇ အသံဝရ မည်၏။

ဆိုခဲ့ပြီးသော သံဝရ ငါးပါးတို့တွင် သီလသံဝရသည် ပါတိမောက္ခသံဝရသီလ အသီးအခြားသာဖြစ်၏၊ ဉာဏသံဝရ၌ ဝင်သော ပစ္စယသန္နိဿိတသီလနှင့် ဝိရိယသံဝရ၌ ဝင်သော အာဇီဝပါရိသုဒ္ဓိသီလတို့သည်လည်း အသီးအခြား သီလတို့သာတည်း၊ ထို့ကြောင့် သီလ ၄-မျိုးခဲ့ခြားသော ဤသီလဝိသုဒ္ဓိအရာ၌ ထိုသီလ ၃-မျိုးတို့ကို ဣန္ဒြိယသံဝရသီလ၌ မထည့်သွင်းအပ်ကုန်၊ ထည့်သွင်းခဲ့လျှင် သီလ ၄-မျိုး မကွဲပြားတော့ပဲ သီလတမျိုးတည်းသာ ဖြစ်လေရာ၏။

သို့ဖြစ်၍ ဣန္ဒြိယသံဝရသီလ စင်ကြယ်ပုံကို ကြင်းသော့ သံဝရ ၄-ပါးတို့ဖြင့် သာလျှင် သိအပ်၏၊ ထို ၄-ပါးတို့တွင်လဲ ဉာဏသံဝရမှာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်များ ဖြစ်သောကြောင့် ဘာဝနာကို အားမထုတ်မီ ရှေးအဖို့၌ဖြစ်နိုင်ခွင့်မရှိသေး၊ သတိ, ခန္တီ, ဝီရိယဟူသော သံဝရ ၃-ပါးတို့သည်သာလျှင် ဖြစ်နိုင်ခွင့်ရှိကြပေသည်။

အားမထုတ်မီ စောင့်ရှောက်ပုံ။ ။ထို့ကြောင့် ဘာဝနာကို အားမထုတ်မီက ဣန္ဒြိယ သံဝရကို စင်ကြယ်စေလိုလျှင် သတိ, ခန္တီ, ဝီရိယ ဟူသော ၎င်းသံဝရ ၃-ပါးကို ဖြစ်စေလျက် စင်ကြယ်စေအပ်၏၊ စင်ကြယ်အောင် အားထုတ်နည်းကိုကား "တဿ ဣမိနာ နိယမိတ-ဝသေန, ပရိဏာမိတဝသေန, သမုဒါစာရဝသေန, အာဘုဇိတဝသေန စ ကုသလံ နာမ ဇာတံ ဟောတိ" ဟူသော အဋ္ဌသာလိနီ (၁၁၇) ကို မှီ၍ သိအပ်၏။

စိတ်ကို ကန့်သတ်ထားပါ။ ။ကုသိုလ်ဖြစ်ကြောင်း အကြံမျိုးကိုသာ ကြံစည်မည်, ကုသိုလ်ဖြစ်ကြောင်း အပြောမျိုး အလုပ်မျိုးကိုသာ ပြောဆိုမည်, လုပ်ကိုင်မည်, ဒုါရ ၆-ပါး၌ ကုသိုလ်စိတ်ကိုသာ ဖြစ်စေမည်, ကုသိုလ်ဖြစ်အောင် အမြဲသတိပြုမည်, ဘယ်အရာကိုမဆို စိတ်မဆိုးပဲ သည်းခံမည်, မကောင်းတဲ့အကြံမျိုးကို မကြံမိအောင် အားထုတ်မည် ဟု ဤသို့မိမိစိတ်ကို ကန့်သတ်၍ထားအပ်၏၊ ဤသို့ ပိုင်ပိုင်နိုင်နိုင် ကန့်သတ်ထားပြီးသောသူသည် မိမိကန့်သတ်ချက်အတိုင်း ပြည့်စုံစေရန် အကုသိုလ်ဖြစ်ကြောင်း အာရုံကို မျှားသောအားဖြင့် မမြော်လင့်ပဲ ရှိတတ်၏၊ ထိုအာရုံမျိုးနှင့် မရှောင်သာ၍ တွေ့ရသော်လဲ ထိုအာရုံ၌ အကုသိုလ်ဖြစ်လောက်အောင် အလေး

မပြုပဲ ရှိတတ်၏၊ ကုသိုလ်နှင့်စပ်၍သာလျှင် စိတ်ကူး ကြံဈည်မိတတ်၏၊ ဥပမာ-ဒါနပြုရန် စိတ်အားထက်သန်စွာနှင့် ကြံစည်နေသောသူအား သင့်လျော်သော အဖိုးတန်ပစ္စည်းကိုရလျှင် သုံးဆောင်ခံစားရန် စိတ်မကူးမိသေးပဲ လှူမည်ဟု ကြံသောစိတ်ကူးက ရှေးဦးစွာ ဖြစ်ပေါ်လာတတ်သကဲ့သို့ပင်တည်း၊ အနိဋ္ဌာရုံတွဲနှင့် တွေ့ကြုံရသော်လဲ သည်းခံမည်ဟု ကန့်သတ်ထားသည့်အတိုင်း စိတ်မဆိုးပဲ သည်းခံနိုင်တတ်၏၊ ဤကဲ့သို့ နီယမိတဖြင့် စင်ကြယ်စေပုံ အကျဉ်းတည်း။

ပြောင်းလဲပေးပါ။ ။အကုသိုလ်စိတ်မျိုး ဖြစ်ပေါ်လာလျှင် ထိုစိတ်ကို ကုသိုလ်အဖြစ်သို့ ပြောင်းလဲစေအပ်၏၊ ပုံကား-မာတုဂါမကို မြင်၍ ကိလေသာစိတ်ဖြစ်လျှင် အမိအရွယ်ရှိပါက အမိရင်းကဲ့သို့, အစ်မ နှစ်မ အရွယ်ရှိပါက အစ်မ နှစ်မ အရင်းကဲ့သို့, ဆွေမျိုးအရင်းကဲ့သို့ အောက်မေ့ပြီးလျှင် သူ၏ ဆင်းရဲတို့ကို မြေ့ပြောတွေးမြင်၍ သနားခြင်း ကရုဏာ အစစ်, ချမ်းသာစေလိုခြင်း မေတ္တာအစစ်တို့ကို ဖြစ်စေရမည်။ တနည်းကား ထို မာတုဂါမ၏ သဏ္ဌာန်ဌာနရှိသော မျက်ရည်, မျက်ခြေး, နှုတ်, တံတွေး, ခွဲ, သလိပ်, ကျင်ကြီး, ကျင်ငယ် စသော စက်ဆုပ်ဘွယ်တို့ကိုသာ ကွက်၍ အဖန်ဖန် နှလုံးသွင်းလျက် အသုဘ သညာကို ဖြစ်စေအပ်၏။ တနည်းကား—ထို မာတုဂါမ အာရုံကို ပယ်ဖျောက်၍ စာပေကျမ်းဂန်ကို ကြံခြင်း, မေးခြင်း, ပြောဟောခြင်း, ကြည့်ခြင်း, ရွတ်ဖတ်ခြင်း, ဝေယျာဝစ္စ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုခြင်း စသည်ဖြင့်လဲ ကုသိုလ်စိတ်အဖြစ်သို့ ပြောင်းလဲစေအပ်၏၊ ထို့ပြင် သတိပဋ္ဌာန် အဋ္ဌကထာတို့၌ လာသော မူလပရိညာနည်း, အာဂန္တု အဖြစ်အားဖြင့် ဆင်ခြင်နည်း, တာဝကာလိက အဖြစ်အားဖြင့် ဆင်ခြင်နည်း, ခန္ဓာ, အာယတန, ဓာတ်ပစ္စည်းတို့ကို ခွဲ၍ ဆင်ခြင်နည်း ဟူသော ဤပဋိသင်္ခါနည်းတို့ဖြင့်လဲ စိတ်ကို ပြောင်းလဲစေအပ်၏၊ ပရိဏာမိတ အကျဉ်းတည်း။

ကုသိုလ်မပြတ် ဖြစ်ပါစေ။ ။ပရိယတ် ကျမ်းဂန်တို့ကို မပြတ် သင်ယူခြင်း, ပို့ချခြင်း, ကျက်မှတ်ခြင်း, ကြည့်ခြင်း, ကြံခြင်း, ရွတ်ဖတ်ခြင်း, သေနာသနဝတ် စသည်ကို မပြတ်ပြုခြင်း, တရားဟောခြင်း, ဆွေးနွေး မေးမြန်းခြင်း, တရားစကားကိုသာ ပြောခြင်း, နာခံခြင်း, ဓုတင်ကျင့်ဝတ်ကို ဆောက်တည်ခြင်း, ပြခဲ့ပြီးသော မူလပရိညာနည်း စသည်တို့ဖြင့် ဆင်

ခြင်ခြင်း စသော ကုသိုလ်အလုပ်တို့ကို အမြဲမပြတ် ပြုလုပ်အပ်၏၊ ဤသို့ မနေ မနား အားထုတ်နေသော သူအား အကုသိုလ်စိတ် ဖြစ်ခွင့်မရမူ၍ ဒွါရ ၆-ပါး၌ အများအားဖြင့် ကုသိုလ်စိတ်သာ ဖြစ်ပေါ်တတ်၏၊ သမုဒါစာရဖြင့် စင်ကြယ်စေပုံ အကျဉ်းတည်း။

သင့်တော်အောင် နှလုံးသွင်းပါ။ ။အာရုံ ၆-ပါးနှင့်တွေ့တိုင်း ယောနိသော-မနသိကာရကိုသာ ဖြစ်စေအပ်၏၊ ကုသိုလ် ဖြစ်အောင် သင့်လျော် ဖြောင့်မှန်စွာ နှလုံးသွင်းရမည်ဟု ဆိုလို၏၊ ပုံကား– အပြစ်မရှိပဲ အကဲ့ရဲ့ ခံရလျှင် ဤသို့ နှလုံးသွင်းအပ်၏ "သူမသိရှာလို့ ကဲ့ရဲ့လေသည်၊ ထင်တိုင်း ပြောဆိုတတ်ခြင်းမှာ မစောင့်စည်းသော သူတို့၏ ဓမ္မတာပင်တည်း၊ အကယ်၍သာ အမှန်အတိုင်း သိသွားပါက ကဲ့ရဲ့မှားမိတဲ့အတွက် သူမှာ အများကြီး စိတ်မကောင်း ဖြစ်ရှာလိမ့်မည်၊ ငါ့ ယခု အကဲ့ရဲ့ ခံရသည်မှာလဲ အပြစ်မရှိဘူးတဲ့သူကို ကဲ့ရဲ့ဘူးလို့ ဖြစ်ပေလိမ့်မည်၊ ဝဋ္ဌကြွေးရှိတဲ့အတွက် ခံရသည်မှာ စိတ်နာဘွယ် မရှိပေ" ဤသို့ စသည်ဖြင့် သင့်တော်အောင် နှလုံးသွင်းအပ်၏။

တနည်းကား—"ကဲ့ရဲ့ခြင်းသည် လူတိုင်းနှင့် သက်ဆိုင်သော လောကဓံတရားပေတည်း၊ မြတ်စွာဘုရားသော်မှ တွေ့ကြုံရသေး၏၊ ငါ့မှာ အဘယ့်ကြောင့် မတွေ့ကြုံပဲ ရှိအံ့နည်း၊ ဤ လောကဓံနှင့်တွေ့၍ စိတ်ဖောက်ပြန်ခြင်းမှာလဲ လူအများနှင့် ဆိုင်၏၊ သည်းခံနိုင်ခြင်းသည်ကား မြင့်မြတ်သော သူတော်ကောင်းတို့နှင့်သာ ဆိုင်၏၊ ငါသည် မြင့်မြတ်သော သူတော်ကောင်းတို့၏ လမ်းကိုသာ လိုက်မည်၊ မြတ်စွာဘုရားက ဆုံးမတော်မူသည်မှာ– 'လူဆိုးများက မိမိကိုယ်ကို လွှဖြင့် တိုက်ဖြတ်သော်လဲ ထို လူဆိုးတို့၌ စိတ်မဆိုးရဘူး'တဲ့၊ စိတ်ဆိုးခဲ့လျှင် ဘုရား၏ အဆုံးအမကို နာခံသူ မဟုတ်ဘူးတဲ့၊ ဤကဲ့ရဲ့မှုသည် လွှဖြင့်တိုက်ဖြတ်ခြင်းထက် များစွာပင် ခံသာပါသေး၏၊ အဘယ့်ကြောင့် ဘုရား၏ အဆုံးအမကို မခံနိုင်ပဲ ရှိပါအံ့နည်း" ဤသို့ စသည်ဖြင့်လဲ သင့်တော်အောင် နှလုံးသွင်းအပ်၏။

တနည်းကား–"ကဲ့ရဲ့သူ" ဆိုသည်မှာ ဒေါသ ပြဓာန်းသော စိတ္တုပ္ပါဒ်နှင့် စိတ္တဇရုပ်သာတည်း၊ ခန္ဓာငါးပါး, ရုပ်နာမ် ၂-ပါးမျှသာတည်း၊ ကဲ့ရဲ့တတ်သော

ပုဂ္ဂိုလ်ဟူ၍ အသီးအခြား မရှိချေ၊ ထို ရုပ်နာမ်တို့မှာလဲ ကဲ့ရဲ့ဆဲမှာပင် ချုပ်ပျက်ကြလေပြီ၊ ယခု စိတ်ဆိုးစရာ မရှိတော့ပြီ၊ ကဲ့ရဲ့သော ရုပ်နာမ်များ မရှိသည့် နောက်မှ စိတ်ဆိုးနေလျှင် ထိုရုပ်နာမ်တို့၏ အကျိုးဆက် ဖြစ်သော ရုပ်နာမ်သစ်များ အပေါ်၌သာ ကျရောက်ရာ၏၊ သို့ဖြစ်၍ ယခုမှ စိတ်ဆိုးနေလျှင် မိဘများကို မုန်းသည့်အတွက် သေဆုံးသွားပြီးမှ သူတို့၏ သား, မြေးများကို ရန်တို့မူသည်နှင့်သာ တူချေတော့မည်၊ ကဲ့ရဲ့ခံရသော သင်သည်လည်း ခန္ဓာ ငါးပါးမျှသာတည်း၊ ထို ခန္ဓာ ရုပ်နာမ်တို့သည် ယခင်ကပင် ချုပ်ပျက်ကြလေပြီ၊ ၎င်း ရုပ်နာမ်တို့၏ အကျိုးဆက်ဖြစ်သော လက်ရှိ နာမ်ရုပ်များက စိတ်ဆိုးနေလျှင် မိဘလက်ထက်က မတတ်နိုင်၍ သား, မြေး, မြစ် တို့၏ လက်ထက်ကျမှ ရန်တို့မူသည်နှင့်သာ တူချေတော့မည်၊ ဤသို့ စသည်ဖြင့်လဲ သင့်တော်အောင် နှလုံးသွင်းအပ်၏၊ ဤသည်တို့ကား နည်းပြ ပုံစံတို့သာတည်း၊ နှလုံးသွင်းပုံကား များစွာ ကျယ်ဝန်း၏၊ ဤအရာ၌ ကုသိုလ်ဖြစ်အောင် သင့်တော်သလို နှလုံးသွင်းမှု ဟူသမျှသည် ယောနိသော မနသိကာရ-ချည်းသာတည်း၊ ၎င်း၏ သရုပ်ကို အခဏ်း-၄ နီဝရဏဓမ္မာနုပဿနာ အရာ၌ ပြအုံ၊ အာဘုဇိတ-ဖြင့် စင်ကြယ်စေပုံ အကျဉ်းတည်း။

ဤ နိယမိတ-စသည်တို့၏ အလိုအားဖြင့် ဒွါရ ၆-ပါး၌ ကုသိုလ်စိတ်ကိုသာ ဖြစ်စေလျက် ဣန္ဒြိယသံဝရသီလကို စင်ကြယ်စေအပ်၏၊ ဤသို့ အားထုတ်နေသော သူအား အာရုံ ၆-ပါးနှင့် တွေ့တိုင်း အများအားဖြင့် ကုသိုလ်သတိသာ ဖြစ်တတ်၏၊ ဤသတိသည် သတိသံဝရ မည်၏၊ တရံတခါ၌ အကုသိုလ် ဖြစ်လျှင်လဲ နောင်တဖန် ဤသို့ မကြုံပါဘူးဟု စိတ်ကို ဆောက်တည်အပ်၏၊ ဤ ဆောက်တည်မှုဖြင့်လဲ ဣန္ဒြိယသံဝရသီလ စင်ကြယ်သည် မည်၏၊ ဥပမာ-ဒေသနာ ပြောကြားခြင်းဖြင့် အာပတ်မှ စင်ကြယ်သကဲ့သို့တည်း၊ အနိဋ္ဌာရုံများနှင့် တွေ့လျှင်လဲ အများအားဖြင့် သည်းခံနိုင်တတ်၏၊ ဤ သည်းခံမှုသည် ခန္တိသံဝရ မည်၏၊ ကာမဝိတက် စသည် မဖြစ်ရအောင်, ဖြစ်ပြီးသော ဝိတက် ပျောက်ကင်းအောင် အားထုတ်မှုများသည် ဝီရိယသံဝရ မည်၏။

အထက်ပါနည်းများမှာ ကောင်းလှပါပေ၏၊ သာမန်ကြည့်မည်ဆိုလျှင် လွယ်ကူမည်ကဲ့သို့ ရှိ၏၊ သို့သော်လဲ တကယ်တမ်း အားထုတ်ကြည့်လျှင် ထင်

သလောက် မလွယ်ပဲ ခဲယဉ်းလှသည်ကို သိကြမည်သာတည်း၊ အဘယ့်ကြောင့်နည်း ဟူမူကား–ဘာဝနာဖြင့် မဆုံးမရသေးသော စိတ်သည် အလွန်ရိုင်းစိုင်း၏၊ စိတ်မကူးပါဘူးဟု ဆုံးဖြတ်ထားသည့် အာရုံသို့လဲ အပြိုင်အဆိုင်ပြုသကဲ့သို့ အတင်း ထွက်၍ ထွက်၍ သွားတတ်၏၊ ဤသို့ ထားရာတွင် မနေပဲ မလိုရာသို့ သွားတတ်ခြင်း, ရိုင်းစိုင်းခြင်းသည် ဘာဝနာဖြင့် မဆုံးမရသေးသော စိတ်၏ ဓမ္မတာသဘော ဖြစ်သောကြောင့် ပေတည်း။

သီလလေးပါးလုံး အပြည့်အစုံ စင်ကြယ်ပြီးမှ ဘာဝနာကို အားထုတ်ကောင်းသည်ဟူ၍ဌင်း, ဘာဝနာကင်းလျက် ဣန္ဒြိယသံဝရသီလကို အပြည့်အစုံ စင်ကြယ်စေနိုင်သည် ဟူ၍ဌင်း အချိုက မှတ်ထင်လျက် ရှိ၏၊ ဤ အထင်မျိုးရှိလျှင် "မြင်ရုံမျှ စသည်၌သာ စိတ်ကို တည်စေရမည်၊ ဒွါရ ၆-ပါးလုံး၌ ကိလေသာတို့ကို အလျှင်း မဖြစ်စေရ" ဟု ကြပ်တည်းစွာ မိန့်ဆိုသော အဋ္ဌကထာ, ဋီကာ တို့ကို လေးနက်စွာ ဆင်ခြင်ပါလေ၊ ဒွါရ ၆-ပါး၌ အာရုံ ၆-ပါး ထင်၍ ဝိညာဏ် ၆-ပါး ဖြစ်တိုင်း ကိလေသာ မဖြစ်ရအောင် ဘာဝနာကင်းလျက် မည်သူ စောင့်ရှောက်နိုင်ပါ အံ့နည်း၊ ဗလဝ ဝိပဿက ပုဂ္ဂိုလ်အားသော်မှလဲ ဤကိလေသာတို့ ဖြစ်နိုင်သေးသည်ကို ထောက်ဆ၍ မည်သူမျှ မစောင့်ရှောက်နိုင်ဟူ၍သာ မှတ်အပ်၏၊ အဘယ့်ကြောင့် မစောင့်ရှောက်နိုင်သနည်း-ဟူမူကား ဣန္ဒြိယသံဝရဖြင့် ပယ်အပ်သောကိလေသာတို့သည် ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးမှု=ဝီတိက္ကမ မဟုတ်ကုန်၊ သမာဓိ,ပညာတို့ဖြင့်သာ ပယ်နိုင်သော ပရိယုဋ္ဌာန်, အနုသယတို့သာတည်း၊ ဣန္ဒြိယသံဝရသည်လည်း ပရိယာယ်သီလသာတည်း၊ ပါတိမောက်သီလကဲ့သို့ မုချသီလ အစစ်မဟုတ်ချေ၊ ဌင်းသီလ၏ တရားကိုယ်ဖြစ်သော သတိ, ဉာဏ, ခန္တိ,ဝီရိယတို့သည် မုချအားဖြင့် သမာဓိ,ပညာ သိက္ခာတို့၌သာ အတွင်းဝင်ကြသောကြောင့် ဘာဝနာ၌သာ အတွင်းဝင်ကြပေသည်၊ ဤအရာ၌ ဉာဏသံဝရ၏အရကို မဂ်ဉာဏ်ဟု ဖွင့်ဆိုသော သုတ္တနိပါတ်အဋ္ဌကထာနှင့် စူဋ္ဌနိဒ္ဒေသ ပါဋ္ဌိတော်တို့ကို အထူးသတိပြုပါလေ၊ ဤအကြောင်းများကြောင့် ဣန္ဒြိယသံဝရသီလကို ဘာဝနာနှင့်ကင်း၍ အပြည့်အစုံ စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်ပါဟူသတည်း။

ဘာဝနာဖြင့် ဆုံးမအပ်ပြီးသော စိတ်သည်ကား အလွန်နူးညံ့ယဉ်ကျေး၏၊ ထားရာ၌သာ နေ၏။ လိုရာကို ဖြောင့်မတ်စွာ နှလုံးသွင်းနိုင်၏၊ ဤသို့ ထားရာ၌သာ နေခြင်း, နူးညံ့ယဉ်ကျေးခြင်းတို့သည် ဘာဝနာဖြင့် ဆုံးမအပ်ပြီးသော စိတ်၏ ဓမ္မတာသဘောပေတည်း၊ သို့ဖြစ်၍ ဣန္ဒြိယသံဝရကို ဘာဝနာဖြင့်သာလျှင် အပြည့်အစုံ စင်ကြယ်စေနိုင်သည်၊ ဘာဝနာရင့်သန်လေလေ ၎င်းသီလ အထူးစင်ကြယ်လေလေ ဖြစ်၏၊ ဘာဝနာ အပြည့်အစုံ ရင့်သန်သောအခါမှာ အဌကထာ, ဋီကာတို့၌ ဆိုသည့်အတိုင်း အပြည့်အစုံပင် စင်ကြယ်လေ၏၊ ထို့ကြောင့်ပင် မဟာတိဿထေရ်ကဲ့သို့ နှလုံးသွင်းရမည်ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုလေသည်၊ ၎င်းမထေရ်သည် အသုဘဘာဝနာ လက်ရှိဖြစ်၍ ပြင်းစွာရယ်သော မာတုဂါမကို ကြည့်မိသော်လဲ စိတ်ကို နိုင်နင်းစွာ ထားနိုင်သည့်အတွက် မြင်ရသော သွားရိုး၌သာလျှင် အသုဘသညာကို ဖြစ်စေလျက် ပဌမစျာန်သို့ ရောက်၏၊ ထိုစျာန်ကိုပင် အခြေပြု၍ ဝိပဿနာရှုသဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် ၁-၂၀-၌ အောက်ပါ ပေါရာဏဂါထာကို ထုတ်ပြတော်မူ၏—

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသည့် အနုဿရိ။
တတ္ထေဝ သော ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။

ဤဂါထာ၌ "ပုဗ္ဗသည့် အနုဿရိ" ဟူသောပါဌ်ဖြင့် ထိုမထေရ်သည် အဋ္ဌိကကမ္မဋ္ဌာန်း၌ ရှေးအခါ၌ကပင် နိုင်နင်းစွာ အားထုတ်ပြီး ဖြစ်ကြောင်းကို ပြ၏၊ သို့ဖြစ်၍ ထိုမထေရ်ကဲ့သို့ နှလုံးသွင်းရမည်ဆိုလျှင် ထိုမထေရ်ကဲ့သို့ပင် နိုင်နင်းသော ဘာဝနာလက်ရှိဖြစ်ဖို့ လို၏၊ အဘယ့်ကြောင့်ဆိုသော် ဘာဝနာလက်မဲ့ဖြစ်သောသူသည် ဘာဝနာလက်ရှိပုဂ္ဂိုလ်ကဲ့သို့ နိုင်နင်းစွာ နှလုံးမသွင်းနိုင်ရာသောကြောင့်ပေတည်း၊ဘာဝနာလက်မဲ့ဖြစ်သော်လဲ ပါရမီထူးရှိလျှင် နှလုံးသွင်းနိုင်ရာသေး၏ ဟူငြားအံ့၊ ပါရမီထူးရှိ၍ နှလုံးသွင်းနိုင်သော်လဲ အသုဘဟု နှလုံးသွင်းခြင်းသည် ဘာဝနာသာဖြစ်သောကြောင့် "ဣန္ဒြိယသံဝရကို ဘာဝနာနှင့်ကင်း၍ အပြည့်အစုံ စင်ကြယ်စေနိုင်သည်" ဟူ၍ကား မဆိုအပ်သည်သာတည်း၊ သို့ဖြစ်၍ "ဒွါရ ၆-ပါးလုံး၌ ကိလေသာတို့ကို အလျှင်းမဖြစ်စေရ"ဟု ကြပ်တည်-

စွာ မိန့်သော အဋ္ဌကထာ, ဋီကာတို့သည် ဘာဝနာဖြင့် စောင့်ရှောက်ရမည်ကို ရည်၍ ဆိုသော စကားတို့သာတည်း။

သို့ဖြစ်၍ ဘာဝနာကို အားမထုတ်သေးမီကာလ၌ ဣန္ဒြိယသံဝရကို စင်ကြယ်စေလိုလျှင် ဆိုခဲ့ပြီးသော နည်းတို့ဖြင့် စွမ်းနိုင်သမျှ စောင့်ရှောက်အပ်၏၊ အပြည့်အစုံ စင်ကြယ်စေလိုလျှင်ကား ဘာဝနာကိုသာလျှင် အားထုတ်အပ်၏၊ "ဣန္ဒြိယသံဝရသီလ ထက်ဝန်းကျင် မစင်ကြယ်သေးပါပဲလျက် အားထုတ်ကောင်းပါမည်လော" ဟုယုံမှားတွေးတောမှု အချိန်မကုန်စေအပ်ပြီ၊ အားထုတ်သောအခါမှာ ဘာဝနာစိတ္တုပ္ပါဒ်၌ သံဝရဘရား အလုံးစုံဖြစ်ပေါ်လျက် ၎င်းသီလလည်း အပြည့်အစုံ စင်ကြယ်မည်သာတည်း။

အကျဉ်းချုပ် မှတ်ဖွယ်။ ။ရဟန်းတော်တို့သည် ပါတိမောက္ခသံဝရ သီလနှင့် အာဇီဝပါရိသုဒ္ဓိ သီလတို့ကို ရှေးအဖို့ကပင် ထက်ဝန်းကျင် အပြည့်အစုံ စင်ကြယ်စေအပ်ကုန်၏၊ အဘယ်ကြောင့်နည်း ဟူမူကား–ဤသီလ ၂-ပါး ပျက်လျှင် အာပတ်သင့်၍ အာဏာဝိတိက္ကမ အန္တရာယ် ဖြစ်သောကြောင့်တည်း၊ ထို၂-ပါးတွင်လဲ ပါတိမောက်သီလသည်သာလျှင် လိုရင်းပေတည်း၊ အကြောင်းမူကား–၎င်းသီလစင်ကြယ်လျှင် အာဇီဝလဲ စင်ကြယ်သောကြောင့်တည်း၊ စင်ကြယ်ပုံကား–အာဇီဝပျက်လျှင် အာပတ်သင့်၍ ပါတိမောက်သီလပါ ပျက်၏၊ ထို့ကြောင့် ပါတိမောက်သီလကို အပြည့်အစုံ စင်ကြယ်စေလိုလျှင် အာပတ်သင့်ကြောင်းဖြစ်သော မိစ္ဆာဇီဝဟူသမျှမှလဲ ကြဉ်ရှောင်ရ၏၊ တရားသောနည်းဖြင့်သာလျှင် ရှာမှီး၍ တရားသဖြင့်ရသော ပစ္စည်းတို့ကိုသာ သုံးဆောင်ရ၏၊ ထို့ကြောင့် အာဇီဝသီလပါ စင်ကြယ်ပေသည်။

ဣန္ဒြိယသံဝရသီလနှင့် ပစ္စယသန္နိဿိတသီလ တို့ကိုလဲ စွမ်းနိုင်ပါလျှင် ရှေးအဖို့ကပင် အပြည့်အစုံ စင်ကြယ်စေအပ်ကုန်၏၊ အကြောင်းမူကား– စင်ကြယ်သော ၎င်းသီလ ၂-ပါးသည်လည်း အဝိပ္ပဋိသာရ စသည်တို့ကို ဖြစ်စေနိုင်သောကြောင့်တည်း၊ သို့သော်လဲ ရှေးအဖို့က ထိုသီလ ၂-ပါး မစင်ကြယ်မှုသည် မည်သည့်အန္တရာယ်မျှ မဖြစ်ချေ။ ထို့ကြောင့် ၎င်းသီလ ၂-ပါး မပြည့်စုံသေးခြင်းကို အကြောင်းပြု၍ အချိန်မဆိုင်းလင့်အပ်၊ ရှေသီလ ၂-ပါး စင်ကြယ်သောကာလ

မှစ၍ ဘာဝနာအလုပ်ကို အားထုတ်အပ်, အားထုတ်ကောင်းသည် သာတည်း၊ အားထုတ်ကြပါလေ၊ အားထုတ်သောအခါမှာ ဘာဝနာစိတ္တုပ္ပါဒ်၌ ပါဝင်လျက် သီလ ၄-ပါးလုံးပင် ထက်ဝန်းကျင် အပြည့်အစုံစင်ကြယ်ပါလတံ့၊ ဤသို့ စင်ကြယ်ပုံသည် လူတို့၏ သီလခဏ်းအဆုံး၌ အထူးထင်ရှားပါလတံ့၊ ဤသည်ကား ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ ဖြစ်ပုံတည်း။

ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ ပြီး၏။

(ဝိပဿနာရှုနည်းကျမ်း-ပဌမတဲ့ စာမျက်နှာ ၁၁-မှ ၃၇-အထိ ပါရှိသော ရဟန်းတော်တို့၏ ဝိနည်းဆိုင်ရာ သြဝါဒကထာပေတည်း။)

လူတို့၏ သီလဝိသုဒ္ဓိ

(ရဟန်းတော်တို့သီလနှင့် လူတို့၏သီလ ထူးပုံ, အာဇီဝဋ္ဌမကသီလနှင့် ငါးပါးသီလ တူပုံ, လူတို့၏ ပါတိမောက္ခသံဝရသီလ ဖြစ်ပုံ, အာဇီဝပါရိသုဒ္ဓိသီလ ဣန္ဒြိယသံဝရသီလ ပစ္စယသန္နိဿိတသီလ ဖြစ်ပုံ, မျက်မှောက်ဘဝ၌ မဂ်ဖိုလ်မရနိုင်သော အန္တရာယ်ငါးပါး, လူတို့၏ သာမန် သီလပျက်မှုသည် မဂ်ဖိုလ်တို့၏ အန္တရာယ် မဖြစ်နိုင်ပုံ, ဝိပဿနာ၏ ရှေ့အဖို့က သီလ မစင်ကြယ်သော်လဲ လူတို့မှာ မဂ်ဖိုလ်ရနိုင်ပုံ, ဘာဝနာဖြင့် သီလဝိသုဒ္ဓိ ဖြစ်ပုံ, ပုဂ္ဂိုလ် ၄-မျိုးခြားနားပုံ စသည် အဆုံးအဖြတ်များစွာကို ဤလူတို့၏ သီလဝိသုဒ္ဓိ (၀)လူတို့၏ ဝိနည်းအခက်းတွင် တွေ့မြင် သိရှိကြရပေမည်။)

လူတို့၏ သီလ

လူတို့၏ သီလဝိသုဒ္ဓိသည်ကား ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ ကဲ့သို့ ကျယ်ဝန်းခက်ခဲသည် မဟုတ်ပေ။ ပဋ္ဌသီလကိုဖြစ်စေ, အာဇီဝဋ္ဌမကသီလကို ဖြစ်စေ ဆောက်တည် စောင့်ရှောက်ရုံမျှဖြင့်သော်လဲ သီလဝိသုဒ္ဓိ ပြီးစီးသည်သာတည်း။ ငါးပါးသီလနှင့် အာဇီဝဋ္ဌမက သီလတို့သည် အချို့ သိက္ခာပုဒ် အားဖြင့် ကဲ့ပြားပါလျက် သီလဝိသုဒ္ဓိဖြစ်ခြင်းအားဖြင့် အဘယ့်ကြောင့် တူသနည်း-ဟူမူ စောင့်ထိန်းမှု, ရှောင်ကြဉ်မှု တူသောကြောင့် တူကြပေသည်။

တူပုံကား- ငါးပါးသီလကို ဆောက်တည်သောသူသည် အပြည့်အစုံ စောင့်ရှောက်လျှင် တိုက်ရိုက်ဆောက်တည်မှုအားဖြင့် ထင်ရှားသော သိက္ခာပုဒ် ငါးပါးကိုသာ စောင့်ရှောက်အပ်သည် မဟုတ်သေး၊ ဝစီကံအားဖြင့် တူ၍ မုသာ၀ါဒ၌ ပါ၀င်သော ပိသုဏ၀ါစာ=ဂုံးတိုက်ခြင်း, ဖရုသ၀ါစာ=ဆဲရေးကျိန်ဆိုခြင်း, သမ္ဖပ္ပလာပ=အမှန်ဖြစ်ပျက်သည့် အကြောင်းအရာ မရှိသော ပုံပြင် ဝတ္ထုစသည်ကို ပြောဆိုခြင်းဟူသော ဤ၀စီကံ သုံးပါးမှလဲ စောင့်ရှောက်အပ်သည်သာတည်း။ ကာယကံ သုံးပါး, ၀စီကံ လေးပါးတို့မှ အပြည့်အစုံ

စောင့်ရှောက်သောသူသည် မိစ္ဆာဇီဝမှလဲ ကင်းသည်သာတည်း။ သို့ဖြစ်၍ ငါးပါးသီလသည် အာဇီဝဋ္ဌမကသီလနှင့် တူပေသည်။

အာဇီဝဋ္ဌမကသီလကို အပြည့်အစုံ စောင့်ရှောက်သော သူသည်လည်း ကာမဂုဏ်တို့၌ မှားယွင်းမှုအဖြစ်ဖြင့် တူ၏၊ ကာမေသု မိစ္ဆာစာရ၌ ပါဝင်သော သုဏှပါနမှလဲ စောင့်ရှောက်အပ်သည်သာတည်း။ သို့ဖြစ်၍ အာဇီဝဋ္ဌမက သီလသည်လည်း ငါးပါးသီလနှင့် တူပေသည်။ ဤသို့ စောင့်ထိန်းမှု, ကြဉ်ရှောင်မှု တူသောကြောင့် ထိုသီလ ၂-မျိုးတို့တွင် တမျိုးမျိုးကို ဆောက်တည် စောင့်ထိန်းခြင်းဖြင့် သီလဝိသုဒ္ဓိ ပြီးစီးပြည့်စုံပေသည်။ ဤ ငါးပါးသီလ, အာဇီဝ-ဋ္ဌမကသီလတို့၌ အသက်မွေးမှုနှင့် မဆိုင်သော ကာယက် သုံးပါး, ဝစီက် လေးပါးတို့မှ ရှောင်ကြဉ်မှုသည် ပါတိမောက္ခသံဝရ သီလပေတည်း။ အသက်မွေးမှုနှင့်ဆိုင်သော ကာယက် သုံးပါး, ဝစီက် လေးပါးတို့မှ ရှောင်ကြဉ်မှုသည် အာဇီဝပါရိသုဒ္ဓိ သီလပေတည်း။

ဤ အာဇီဝ အရာ၌ လူတို့၏ သီလကို ရဟန်းတို့၏ သီလကဲ့သို့ မမှတ်အပ်၊ ရဟန်းတို့မှာ မိစ္ဆာဇီဝကို ပြုဆဲကာလ၌ရင်း, မိစ္ဆာဇီဝဖြင့် ရသော ပစ္စည်းကို သုံးဆောင်ဆဲကာလ၌ရင်း, ဘုရားအာဏာတော်ကို ကျူးလွန်ခြင်းကြောင့် အာပတ်လဲ သင့်၏၊ အာဇီဝလဲ ပျက်၏။ လူတို့မှာကား အသက်မွေးမှုအတွက် ကာယက်, ဝစီက်တို့ကို လွန်ကျူးဆဲ၌သာလျှင် အာဇီဝသီလ ပျက်၏၊ မိစ္ဆာဇီဝဖြင့်ရသော ပစ္စည်းကို သုံးဆောင်သော ကာလ၌ကား အာဇီဝသီလ မပျက်သည်သာတည်း။ အဘယ့်ကြောင့်နည်း ဟူမူ– သုံးဆောင်ဆဲကာလ၌ ပါဏာတိပါတ စသော ကာယက်, ဝစီက်တို့ကို လွန်ကျူးမှုလဲ မရှိ၊ ရဟန်းတို့ကဲ့သို့ ဘုရားအာဏာကို လွန်ကျူးမှုလဲ မဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ လူတို့မှာ မိစ္ဆာဇီဝဖြင့် ရပြီးသော ပစ္စည်းများကို ရဟန်းတို့ကဲ့သို့ စွန့်ရန်မလိုပြီ။ မစွန့်သော်လဲ အသက်မွေးမှုအတွက် ကာယက်, ဝစီက်ဘို့ကို နောက်ထပ်မပြုလျှင် အာဇီဝပါရိသုဒ္ဓိသီလ ညှိုးနွမ်းပျက်စီးခြင်း မရှိ စင်ကြယ်သည်သာတည်း။

ဣန္ဒြိယသံဝရသီလကို ရဟန်းတော်များပင် တရားအားမထုတ်မီက ပြည့်စုံစေရန် ခဲယဉ်းကြောင်းကို ပြခဲ့ပြီ၊ လူများမှာကား ဆိုဘွယ်မရှိတော့ပြီ၊ ပစ္စယ

သန္ဓိဿိတသီလသည်လည်း "လူတို့မှာ မဆင်ခြင်ပဲ သုံးဆောင်သော်လဲ ဣဏပရိဘောဂ မဖြစ်သောကြောင့်" ရဟန်းတို့ အတွက်သာတည်း၊ သို့သော်လဲ သုတ်ဒေသနာ၏ ဆိုရာဖြစ်သောကြောင့် ပစ္စည်းတို့ကို ဆင်ခြင်၍ သုံးဆောင်လျှင် လူတို့မှာလဲ ကုသိုလ်ဖြစ်ပွါး၍ အကုသိုလ်နည်းပါးမည်ကိုကား ယုံမှားဘွယ် မရှိအပ်ပေ၊ တရားအားထုတ်သော ကာလ၌ကား ဘာဝနာစိတ္တုပ္ပါဒ်ဖြင့် သီလ ၄-မျိုးလုံး အပြည့်အစုံ စင်ကြယ်၏၊ ထင်ရှားလတ္တံ့။

"သီလကို ရက်-လ-နှစ် ကြာမြင့်စွာ စင်ကြယ်စေပြီးမှ ဘာဝနာကို အားထုတ်ကောင်းသည်၊ သို့မှသာ သမာဓိ,ပညာ ဖြစ်နိုင်သည်"ဟု အချို့က ထင်မှတ်လျက်ရှိ၏၊ ထိုသို့ထင်မှတ်ခြင်းသည် ပိဋကတ် ၃-ပုံ ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ "မည်မျှကြာအောင် သီလကို စင်ကြယ်စေပြီးမှ အားထုတ်ရမည်" ဟု မိန့်ဆိုခြင်း မရှိသောကြောင့် ထိုသူတို့၏ ထင်မြင်ချက်မျှသာတည်း၊ ထင်ရှားစေဦးအံ့–ရဟန်းမျှားမှာ ပါတိမောက် သီလပျက်လျှင် အာဏာဝိတိက္ကမ အန္တရာယ်ဖြစ်၏၊ ထို့ကြောင့် ၎င်းသီလကို ရှေးအဖို့က သုတ်သင်ရပေသည်၊ သို့သော်လဲ "မည်မျှကြာရှည်စွာ စင်ကြယ်စေပြီးမှ ဘာဝနာကို အားထုတ်ရမည်" ဟူ၍ကား ပါဠိ,အဋ္ဌကထာ, ဋီကာတို့၌ မဆိုသည်သာတည်း၊ ထို့ကြောင့် ပါတိမောက် သီလစင်ကြယ်သော အချိန် နာရီမှစ၍ ရဟန်းတို့သည်ပင် အားထုတ်ကောင်းသေး၏၊ လူတို့မှာ ဆိုဘွယ်မရှိပြီ၊ ပါရမီပြည့်စုံလျှင် ထိုအချိန်မှစ၍ သမာဓိ ဝိပဿနာ မဂ်ဖိုလ်မျှားသို့ ရောက်နိုင်သည်ချည်းသာတည်း။

လူတို့ကျင့်အပ်သော ငါးပါးသီလသည် သာသနာတွင်း, သာသနာပ ဘယ် အခါမဆို ရှိ၏၊ ၎င်းသီလ ခွဲတမ်းယှင်းလျှင် အပြစ်, ပြည့်စုံလျှင် ကုသိုလ် ဖြစ်သည် ချည်းသာတည်း။

ဤငါးပါးသီလ ပျက်စီးရာ, ပြည့်စုံရာ၌ ဘုရားအမိန့်ကြောင့် အပြစ်,အကျိုး ဖြစ်သည် မဟုတ်၊သဘာဝမမူအတိုင်းသာလျှင် အပြစ်,အကျိုး ဖြစ်၏၊ ထို့ကြောင့် လူတို့၏ ရှေးအဖို့က သီလပျက်မှုသည် "ပဠာနန္တရိယကံ, ဘိက္ခုနီဒူသနကံ,အရိယူပဝါဒကံမျှား မဟုတ်လျှင်" မဂ်ဖိုလ်ကို တားမြစ်တတ်သော အန္တရာယ်မဖြစ်သည်သာတည်း၊ ပဠာနန္တရိယကံ, ဘိက္ခုနီဒူသနကံ,အရိယူပဝါဒကံ ဖြစ်လျှင်ကား လူဖြစ်စေ, ရဟန်းဖြစ်စေ ဤဘဝ၌ မဂ်ဖိုလ်ကို မရနိုင်တော့ပြီ၊ ဤအရာ၌ အန္တရာယ်ငါးပါးကို ထုတ်ပြဦးအံ့။

ဝိ-ဝိနိစယ ၅—ပ-မ-သ-စ

အန္တရာယ်ငါးပါး

(၁) ကမ္မအန္တရာယ်။ ။မာတုဃာတ=အမိကိုသတ်ခြင်း, ပိတုဃာတ=အဘကို သတ်ခြင်း, အရဟန္တဃာတ=လူဇာတ်ဖြစ်သော ရဟန္တာကို သတ်ခြင်း, လောဟိတုပ္ပါဒ=မြတ်စွာဘုရား၌ သွေးခဲအောင် ဒဏ်ရာရဇစခြင်း၊ သံဃဘေဒ=သံဃာကို ကွဲပြားစေခြင်း၊ (ဤ သံဃဘေဒသည်ကား ရဟန်းနှင့်သာ ဆိုင်၏။) ဤကံငါးပါးသည် သေသည်၏အခြားမဲ့၌ အပါယ်ငရဲသို့ ဧကန် ရောက်စေတတ်သောကြောင့် အာနန္တရိယကံမည်၏၊ ဤပဥာနန္တရိယကံသည် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ၂ ပါးလုံး ဖြစ်၏၊ သီလရှိသော ရဟန်းမိန်းမ၌ မေထုန်မှီဝဲခြင်းဟူသော ဘိက္ခုနီ ဒူသနကံသည်လည်း မဂ္ဂန္တရာယ် ဖြစ်၏၊ ဤကံ ၆-ပါးသည် ကမ္မန္တရာယ်မည်၏။

(၂) ကိလေသန္တရာယ်။ ။"ကောင်းမှု, မကောင်းမှုမည်သည် မရှိ၊ ပြုလုပ်သော်လဲ ကောင်းမှု, မကောင်းမှု မဖြစ်၊ ကောင်းကျိုး, ဆိုးကျိုးကို မပေးနိုင်" ဟု မြဲမြံစွာယူဆသော အကိရိယဒိဋ္ဌိ၊ "သတ္တဝါသည် သေလျှင် မြတ်၏, ဆုံး၏, ဘဝတပါး၌ မဖြစ်ပြီ၊ ကောင်းမှု, မကောင်းမှုတို့၏ ကောင်းကျိုး, ဆိုးကျိုးမည်သည် မရှိ" ဟု မြဲမြံစွာ ယူဆသော နတ္ထိကဒိဋ္ဌိ၊ "ကောင်းကျိုး, ဆိုးကျိုးဖြစ်ရန် ကောင်းမှု, မကောင်းမှု ဟူသော ကံအကြောင်းမရှိ, အကြောင်းမရှိပဲ အလိုလိုပင် ချမ်းသာကြသည်၊ အလိုလိုပင် ဆင်းရဲကြသည်" ဟု မြဲမြံစွာယူဆသော အဟေတုကဒိဋ္ဌိ၊ "ဤဒိဋ္ဌိကြီးသုံးမျိုးသည် မစွန့်လွှတ်နိုင်အောင် မြဲမြံစွာဖြစ်လျှင် သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ဧကန် ရောက်စေတတ်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိမည်၏၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ၂-ပါးလုံး ဖြစ်၏၊ ကိလေသန္တရာယ်လဲ မည်၏၊ ဤဒိဋ္ဌိ ၃-မျိုးတွင် ပဌမဒိဋ္ဌိဖြင့် အကြောင်းကိုပယ်၏၊ ဒုတိယဒိဋ္ဌိဖြင့် အကျိုးကို ပယ်၏၊ တတိယဒိဋ္ဌိဖြင့် အကြောင်း, အကျိုး ၂-ပါးလုံးကို ပယ်၏၊ သို့သော်လဲ အကြောင်းကိုပယ်လျှင် အကျိုးကိုလဲ ပယ်ရာရောက်၏၊ အကျိုးကို ပယ်လျှင် အကြောင်းကိုလဲ ပယ်ရာရောက်၏၊ ထို့ကြောင့် ဒိဋ္ဌိကြီး ၃-မျိုးလုံးပင် အကျဉ်း အားဖြင့် "အကြောင်း–ကုသိုလ်ကံ, အကုသိုလ်ကံ မရှိ၊ ထိုကံတို့၏ ကောင်းကျိုး, မကောင်းကျိုး မရှိ" ဟု ဆိုသည် ဟူ၍ မှတ်ရာ၏။

(၃) ဝိပါကန္တရာယ်။ ။အဟိတ်,ဒ္ဒိဟိတ်ပဋိသန္ဓေသည် ဝိပါကန္တရာယ်မည်၏၊ မဂ္ဂန္တရာယ်သာဘည်း၊သဂ္ဂန္တရာယ်ကား မဖြစ်၊ "ဤ ပဋိသန္ဓေရှိသောသူသည် ပဋိသန္ဓေဉာဏ်ကင်းသည့်အတွက် မဂ်ဖိုလ်ကိုသာ မရနိုင်သည်၊ကုသိုလ်ကံရှိလျှင် လူအဖြစ်,နတ်အဖြစ်သို့ကား ရောက်နိုင်ပါသေး၏"ဟူလို။

(၄) အရိယူပဝါဒန္တရာယ်။ ။အရိယာဟု သိလျက် ဖြစ်စေ, မသိပဲဖြစ်စေ, အရိယာပုဂ္ဂိုလ်ကို ဂုဏ်ပျက်အောင်ဖြစ်စေ,သီလပျက်အောင်ဖြစ်စေ ကဲ့ရှဲစွပ်စွဲခြင်းသည် အရိယူပဝါဒန္တရာယ်မည်၏၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ၂-ပါးလုံး ဖြစ်၏၊ သို့သော် ကန်တော့တောင်းပန်ပြီးသောအခါ ၎င်းအန္တရာယ်မှ လွတ်ကင်းလေ၏။

(၅) အာဏာဝိတိက္ကမန္တရာယ်။ ။ရဟန်းမှာသိလျက် လွန်ကျူးသောအာပတ် ၇-ပါးသည် အာဏာဝီတိက္ကမန္တရာယ် မည်၏။ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ၂-ပါးလုံး ဖြစ်၏၊ သို့သော် ဝိနည်းနှင့် အညီ ကုစားပြီးသောအခါ ၎င်းအန္တရာယ်မှ လွတ်ကင်းလေ၏။

တေပိ ယာဝ ဘိက္ခုဘာဝံ ဝါ ပဋိဇာနာတိ နဝုဋ္ဌာတိ ဝါ နဒေသေတိ ဝါ၊ တာဝဒေဝ၊ နတတော ပရံ။ (မ-ဋ္ဌ-၂-၉)

ယာဝဒေဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ ဘိက္ခုဘာဝံ ဝါ ပဋိဇာနာတိ၊ ပါရာဇိကသို့ ရောက်လျက် ရဟန်းအဖြစ်ကို ဝန်ခံ၍သော်လဲ နေငြားအံ့။ နဝုဋ္ဌာတိ ဝါ၊ ဂရုကအာပတ်မှ ထမြောက်အောင်သော်လဲ မပြုငြားအံ့။နဒေသေတိ ဝါ၊ လဟုက အာပတ်ကိုသော်လဲ မပြောကြားငြားအံ့။ တာဝဒေဝ၊ ထိုကာလအတွင်း၌သာလျှင်။ တေပိ အာပတ္တိက္ခန္ဓာ၊ ထိုအာပတ်အဖို့ ၇-ပါး တို့သည်လည်း။ အန္တရာယိကာ၊ နတ်ရွာမဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏။ တတော၊ ထိုကာလမှ။ ပရံ၊ နောက်၌။ ဝါ၊ လူ, သာမဏေဟု ဝန်ခံသော ကာလ, အဗ္ဘာန် သွင်းပြီးသော ကာလ, ဒေသနာပြောကြားပြီးသော ကာလ၌။ နအန္တရာယိကာ၊ အန္တရာယ်ကို မပြုတတ်ကုန်ပြီ။

အထက်ပါ အန္တရာယ်ငါးပါးနှင့် တိုက်ဆိုင်၍ ကြည့်လျှင် လူတို့၏ သာမန်သီလပျက်မှုသည် မင်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော အန္တရာယ်က ဓမ္မတို့၌ ဖဝင်ကြောင်း ထင်ရှား၏။ ထို့ကြောင့်ပင်လျှင် ရှေးအဖိုက သီလမစင်ကြယ်သော သန္တတိအမတ်ကြီး, အရိယမည်သောသူ, ခါးပိုက်နှိုက် သူခိုးတဦး, သာကီဝင်မင်းမျိုးဖြစ်သော သရဏာနဲ့ ဥပါသကာ–ဤသို့အစရှိသော သူတို့သည် မင်ဖိုလ်ကို ရကြပေသည်။

အမတ်ကြီး ရဟန္တာဖြစ်ပုံ။ ။အောင်ပွဲရသည့်အတွက် သန္တတိအမတ်ကြီးအား ကောသလမင်းကြီးက ၇-ရက်ပတ်လုံး မင်းအဖြစ်ကို ပေး၏။ အမတ်ကြီးသည် ၇-ရက်ပတ်လုံး အရက်မူးလျက် မင်း၏စည်းစိမ်ကို ခံစား ပျော်ပါး၍ နေရ၏။ ၇-ရက်မြောက်သောနေ့၌ အခြေအရံတို့နှင့် တကွ ရေဆိပ်သို့ ထွက်သွားစဉ် မြတ်စွာဘုရားနှင့်တွေ့၍ ဆင်ပေါ်မှ ခေါင်းညိတ်လျက် အရိုအသေပေး၏။ ထိုအခါမှာ မြတ်စွာဘုရားက "ဤအမတ်ကြီးသည် ယနေ့ပင် ၎င်း၏ထံ၌ ဂါထာတပုဒ်ကို ကြားနာပြီးလျှင် ရဟန္တာဖြစ်လိမ့်မည်၊ လူဝတ်လူစားနှင့်ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည်"ဟု မိန့်တော် မူ၏။ ထိုစကားကို ကြား၍ တိတ္ထိတို့က ဤသို့ ကဲ့ရဲ့ကြ၏ "ဤမျှလောက် အရက်မူးနေတဲ့သူဟာ ယနေ့ပင် တရားနာပြီး လူဝတ်လူစားနှင့် ပရိနိဗ္ဗာန်ပြုလိမ့်မည်–တဲ့၊ ဟုတ်နိုင်ပါမည်လော၊ ဂေါတမဘုရားကို ယနေ့ပင် မုသာဝါဒဖြင့် နှိမ်ရပေတော့မည်"ဟု ကဲ့ရဲ့ပြောဆိုကြ၏။ ထိုနေ့ ညနေခင်း၌ အမတ်ကြီး၏ ချစ်လှစွာသော မိန်းမငယ်သည် အမတ်ကြီးအား ဖျော်ဖြေနေစဉ်မှာပင် လတ်တလော သေဆုံးရှာလေ၏။ ထိုအခါ အမတ်ကြီးမှာ ဖြေမဆည်နိုင်အောင် အလွန်ပြင်းထန်သော ပူပန်သောက ဖြစ်၍ ထိုသောကကို ငြိမ်းစေရန် ဘုရားထံသို့ သွားရောက်လေရာ မြတ်စွာဘုရားက အောက်ပါဂါထာကို ဟောတော်မူ၏—

ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဇေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။
(သုတ္တနိပါတ်-၄၂၅)

ပုဗ္ဗေ၊ ရှေးလွန်ခဲ့ပြီး ချုပ်ခဲ့ပြီးသော ရုပ်နာမ်သင်္ခါရတို့၌။ ယံ ယေ ကိုလေသာ၊ အကြင်ကိလေသာတို့သည်။ ဥပပဇ္ဇေယျုံ၊ ဖြစ်နိုင်ကုန်၏,

ဖြစ်ထိုက်ကုန်၏။ တံ တေ ကိလေသေ၊ အတိတ်သခ်ါရတို့ကိုစွဲ၍ ဖြစ်ထိုက်သော ထိုကိလေသာတို့ကို။ ဝိသောသေဟိ၊ ခြောက်သွေ့ပါစေလော့။ (ဝိသောဓေဟိ-ဟု ဒန္တဇ စတုတ္ထကွဲရာနှင့်ရှိသော ပါဠိမှာ သုက္ခာပေဟိ ဝိသုက္ခာပေဟိ-ဟု ဖွင့်သော နိဒ္ဒေသပါဋ္ဌိတော်နှင့်မည်။) ပစ္ဆာ၊ နောက်ဖြစ်လတံ့သော ရုပ်နာမ်သခ်ါရတို့၌။ တေ၊ သင့်အား။ ကိဉ္ဇနံ၊ ရာဂစသော ကြောင့်ကြမှုသည်။ မာ အာဟု၊ မဖြစ်စေလင့်။ မဇ္ဈေ၊ အလယ်ပိုင်း ရုပ်နာမ် ပစ္စုပ္ပန် သခ်ါရတို့ကို။ စေ နော ဇဟေဿသိ၊ အကယ်၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူငြားအံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်လတ်သော်။ တံ၊ သင်သည်။ ဥပသန္တော၊ ကိလေသာ အပူမီး ငြိမ်းအေးပြီးသည်ဖြစ်၍။ စရိဿသိ၊ နေထိုင်ရပေလတံ့။ (နိဒ္ဒေသပါဋ္ဌိတော်နှင့်အညီပင်)

သန္တတိ အမတ်ကြီးသည် ဤဂါထာကို ကြားနာရ၍ ရဟန္တာဖြစ်ပြီးလျှင် မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း လူတို့၏ ယုံမှားကို ပယ်ဖျောက်ရန် ထန်းခုနစ်ဆင့်ခန့်မြင့်သော အရပ်သို့ တန်ခိုးဖြင့် ပျံတက်ပြီးလျှင် လူဝတ်လူစားနှင့်ပင် ပရိနိဗ္ဗာန်ပြုလေသည်ဟု ဓမ္မပဒ-စသည်တို့၌ ဆို၏။ ဂါထာကို ကြားနာပြီးလျှင် ရဟန္တာဖြစ်သည်ဟု ဆိုသော ဤအရာ၌ငင်း, အလားတူဖြစ်သော တပါးသောအရာတို့၌ငင်း ရုပ်နာမ်တို့ကို မရှုမမှတ်ပဲ တရားနာရုံမျှဖြင့် မဂ်ဖိုလ်ကို ရသည်ဟူ၍ကား မမှတ်အပ်၊ တရားနာစဉ်မှာ ရုပ်နာမ်တို့ကို ရှုမှတ်၍ ဝိပဿနာဉာဏ်, မဂ်ဖိုလ်ဉာဏ် အစဉ်အားဖြင့်သာလျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်သွားသည်ဟူ၍သာ မှတ်အပ်၏။ ထို့ကြောင့် သတိပဋ္ဌာန်သုတ်အဖွင့် အဋ္ဌကထာတို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူသည်—

ယသ္မာ ပန ကာယ-ဝေဒနာ-စိတ္တ-ဓမ္မေသု ကဉ္ဇိ ဓမ္မံ အနာမသိတ္ဝာ ဘာဝနာ နာမ နတ္ထိ။ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။ (ဒီ၊ဋ္ဌ၊၂။၃၃၉)

ပန၊ ဂါထာကို ကြားနာရ၍ မဂ်ဖိုလ်သို့ ရောက်ကုန်သော်လဲ။ ကာယ-ဝေဒနာ- စိတ္တ-ဓမ္မေသု၊ ကာယ, ဝေဒနာ, စိတ်, သဘောတို့တွင်။ ကိဉ္ဇိဓမ္မံ၊ တစုံတခုသောတရားကို။ အနာမသိတ္ဝာ၊ မသုံးသပ်, မရှုမှတ် မူ၍။ ဘာဝနာ နာမ၊ ပညာဘာဝနာမည်သည်။ ယသ္မာ၊

အကြောင့်ကြောင့်။ နတ္ထိ၊ မရှိချေ။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုသန္တတိအမတ်ကြီးနှင့် ပဌာစာရတို့သည်လည်း။ ဣမိနာ၀ မဂ္ဂေန၊ ဤသတိပဋ္ဌာန် ၄-ပါး တည်းဟူသော ခရီးဖြင့်သာလျှင်။ သောက-ပရိဒေဝေ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို။ သမတိက္ကန္တာတိ၊ လွန်မြောက်ကြလေသည် ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

အဓိပ္ပါယ်ကား။ ။ဝါထောကို နာရ၍ သန္တတိအမတ်ကြီး ရဟန္တာဖြစ်သည့်, ပဌာစာရလဲ သောတာပန်ဖြစ်သည်ကား မှန်ပေ၏၊ သို့သော်လဲ ရူပ်အပေါင်း ကာယ, ဝေဒနာ, စိတ်, သဘော ဟူသော ဤ ၄-မျိုးထဲက တခုခုကိုမျှ မရှုပဲ ဝိပဿနာပညာ, မဂ်ပညာတို့ကို ပွါးစေခြင်း ဘာ၀နာ မည်သည် မရှိချေ၊ ထို့ကြောင့် ၎င်းအမတ်ကြီးနှင့် ပဌာစာရတို့ သည်လည်း ဤကာယ, ဝေဒနာ, စိတ်, သဘောတို့ကို မှတ်မှု သတိတည်းဟူသော သတိပဋ္ဌာန် မဂ်ဖြင့်သာလျှင် အရဟတ္တဖိုလ်, သောတာပတ္တိဖိုလ်တို့သို့ ရောက်ပြီးလျှင် သောက,ပရိဒေ၀တို့ကို အပြီးတိုင် လွန်မြောက်သွားကြသည်ဟု သိရမည် ဟူလို။

အထက် ၂၀တ္ထုဒ္ဒ “၇-ရက်ပတ်လုံး တရားနာခါနီးအထိ အရက်မူးနေသည်” ဟု ဆိုသောကြောင့် ရှေးအဖိုက သီလ၀ိသုဒ္ဓိ မပြည့်စုံပဲ မဂ်ဖိုလ်သို့ ရောက်သွားကြောင်း ထင်ရှားပါ၏၊ ပစ္ဆိမဘ၀ိက ဖြစ်သောကြောင့်သာ ဤသို့ ရောက်နိုင်သည်ဟူ၍လဲ မဆိုအပ်ပေ၊ အဘယ်ကြောင့်နည်း ဟူမူ–ပစ္ဆိမဘ၀ိကပင်ဖြစ်သော်လဲ ရဟန်းဖြစ်ပါမူကား ရှေးအဖိုက သီလ မစင်ကြယ်မှုသည် မဂ္ဂန္တရာယ်ဖြစ်သည့်အဘက် မဂ်ဖိုလ်သို့ မရောက်နိုင်သောကြောင့် ပေတည်း။ ဤအနက်ကို ပစ္ဆိမဘ၀ိက ဥတ္တိယ ရဟန်းအား ဆုံးမခဲ့ခြင့် သိအပ်၏။

အရှင်ဥတ္တိယကို ဆုံးမပုံ။ ။တသ္မာတိဟ တ္ဝံ ဥတ္တိယ အာဒိမေ၀ ၀ိသောဓေဟိ ကုသဓလသု ဓမ္မေသု၊ ကော စာဒိ ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိ စ ဥဇုကာ၊ ယတော ခေါ တေ ဥတ္တိယ သီလဉ္စ သုဝိသုဒ္ဓံ ဘ၀ိဿတိ ဒိဋ္ဌိ စ ဥဇုကာ၊ တတော တ္ဝံ ဥတ္တိယ သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ ဘာ၀ေယျာသိ။ (ဤသို့ စသည် သတိပဋ္ဌာနသံယုတ်-သံ၊၃။၁၄၄)

ဥတ္တိယ၊ ဥတ္တိယရဟန်း။ တသွေ၊ တရား အားထုတ်လိုပါသည် အကျဉ်းအားဖြင့် ဟောတော်မူပါဟု သင်က ထိုသို့ တောင်းပန်သော ကြောင့်။ တံ့၊ သင်သည်။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့ တွင်။ အာဒိမေဝ၊ အစကိုသာလျှင်။ ဝိသောဓေဟိ၊ သုဓ်သင်လေဦး။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊ ရှေးဦးစွာ သုဓ်သင် ရမည့် အစဟူသည်။ ကော၊ အဘယ်ပါနည်း ဟူမူ။ သုဝိသုဒ္ဓံ၊ ကောင်း စွာ စင်ကြယ်သော။ သီလဉ္စ၊ ပါတိမောက္ခသံဝရ သီလသည်ရင်း။ ဥဇုကာ၊ ဖြောင့်မတ်သော။ ဒိဋ္ဌိ စ၊ ကံနှင့် ကံ၏ အကျိုးရှိသည်ဟု ယုံကြည် ယူဆသော သမ္မာဒိဋ္ဌိသည်ရင်း။ အာဒိ၊ ရှေးဦးစွာ သုဓ်သင်ရမည့် အစပေတည်း။ ဥတ္တိယ၊ ဥတ္တိယရဟန်း။ ယတော ခေါ၊ အကြင်အခါ၌ကား။ တေ၊ သင်၏။ သီလဉ္စ၊ ပါတိမောက် သီလသည်လည်း။ သုဝိသုဒ္ဓံ၊ ကောင်းစွာ စင်ကြယ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒိဋ္ဌိ စ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည်လည်း။ ဥဇုကာ၊ ဖြောင့်မတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥတ္တိယ၊ ဥတ္တိယရဟန်း။ တတော၊ ထိုအခါ၌။ တံ့၊ သင်သည်။ သီလံ နိဿာယ၊ ပါတိမောက် သီလကို မှီ၍။ သီလေ ပတိဋ္ဌာယ၊ ပါတိမောက်သီလ၌ တည်၍။ စတ္တာရော သတိပဋ္ဌာနေ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ဘာဝေ-ယျာသိ၊ ပွါးစေလော့။

ဤပါဠိတော်၌ သီလဟု သာမည ဟောသော်လဲ စျာနဝိဘင်း ပါဠိ တော်နှင့် ကခ်ါဠီကာသစ်တို့၌ ဖွင့်ပြသည်နှင့်အညီ ပါတိမောက်သီလဟု ဖော် ၍ အနက် ပြန်လိုက်သည်၊ ဤ သြဝါဒ၌ "ပါတိမောက်သီလ စင်ကြယ် သော အခါမှာ သတိပဋ္ဌာန်တို့ကို ပွါးလေ" ဟူ၍သာ ဆုံးမ၏၊ မည်မျှ ကြာမြင့်စွာ စင်ကြယ်စေနှင့်ရမည်ဟူ၍ကား မဆုံးမခဲ့၊ ဤအချက်ကို လေးနက် စွာ သတိပြုမိပါစေ၊ ထို့ပြင် သတိပဋ္ဌာန် တပါးပါးကိုသာ ပွါးစေရမည်ဟု မဟောမူ၍ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးစေရန် ညွှန်ကြားတော် မူသော ကြောင့် သတိပဋ္ဌာန်လေးပါးလုံးကို ရောပြွမ်း၍ ပွါးစေခြင်းကိုလဲ "ဘုရား၏ အဆုံးအမတော်ပင်"ဟု သိအပ်၏။

ဖရှင်ဥဿုယမဂဏ္ဍိသည် အသက်ပါ အဆုံးအမ အဟိုင်း အားထုတ်၍ မကြာမီပင် ရဟန္တာဖြစ်သွားကြောင်း ထိုပါဠိတော်၌ လာ၏၊ သို့ဖြစ်၍ ဤ မဂဏ္ဍိသည် ပစ္ဆိမဘဝိကပင်တည်း၊ သို့သော်လည်း ရဟန်း၏ သီလ မစင်ကြယ်မှုသည် အန္တရာယ်ဖြစ်သောကြောင့် ၎င်းကို ရှေးဦးစွာ သုခ်သင်စေရန် ဆုံးမတော်မူသည်၊ နိယတမိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်လျှင် အန္တရာယ်ဖြစ်သောကြောင့် ဒိဋ္ဌိကိုလည်း ပြောင်းမတ်စေရန် ဆုံးမတော်မူသည်၊ သို့ဖြစ်၍ ဤမဂဏ္ဍိအား ဆုံးမပုံနှင့် သန္ဓကိအမတ်ကြီး၏ ဝတ္ထုတို့ကို စပ်၍ကြည့်လျှင် "ပစ္ဆိမဘဝိကပင်ဖြစ်သော်လည်း ရဟန်း၏ သီလပျက်မှုသည် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်၏၊ လူ၏သီလပျက်မှုသည်ကား အန္တရာယ်ကို မပြုတတ်" ဟူသောအနက်သည် ထင်ရှားလှပေ၏၊ ထို့ကြောင့် 'ပစ္ဆိမဘဝိကဖြစ်၍သာ ရှေအဖို့က သီလမစင်ကြယ်ပဲ မဂ်ကို ရနိုင်သည်" ဟူ၍ကား မဆိုအပ်သည်သာတည်း။

ငါးမျှားနေသူ တရားထူးရပုံ။ ။တနေ့သ၌ မြတ်စွာဘုရားသည် အရိယမည်သော ငါးမျှားသမား၏ ဥပနိဿယကို မြင်တော်မူ၍ သာဝတ္ထိမြို့၏ မြောက်ဟံခါးအနီးရှိသ၌ ဆွမ်းခံပြီးလျှင် ရဟန်းသံဃာနှင့်တကွ ပြန်ကြွလာတော်မူလေ၏၊ ထိုအခါ၌ ငါးမျှားချိတ်ဖြင့် ငါးမျှားလျက်နေသော အရိယသည် သံဃာတော်နှင့်တကွ ဘုရားကိုမြင်၍ ငါးမျှားတံကို ချပြီးလျှင် ရပ်လျက်နေ၏၊ သင် အဘယ် အမည်ရှိသနည်းဟု မြတ်စွာဘုရားက မေးတော်မူလျှင် "အရိယ မည်ပါသည်"ဟု လျှောက်ထား၏၊ ထိုအခါ "သင်ကဲ့သို့ ညှဉ်းဆဲ သတ်ဖြတ်တတ်သောသူသည် အရိယ မမည်၊ အရိယာ ဟူသည်မှာ မညှဉ်းဆဲတတ်" ဟု မိန့်တော်မူပြီးလျှင် အောက်ပါဂါထာကို ဟောတော်မူ၏—

။

နေ တေန အရိယော ဟောတိ၊ ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊ အရိယောတိ ပဝုစ္စတိ။

(ဓမ္မပဒ-၂၇၀)

ယေန၊ ဗျဉ္ဇနေ ဒေါသ စသော အကြောင်းကြောင့်။ ပါဏာနိ၊ သတ္တဝါတို့ကို။ ဟိံသတိ၊ ညှဉ်းဆဲသတ်ဖြတ်၏။ တေန၊ ထိုဒေါသ စသော အကြောင်းကြောင့်။ နေ အရိယော၊ အရိယာ မမည်သည်။

ဟောတိ၊ဖြစ်၏။ သဗ္ဗပါဏာနံ၊ခပ်သိမ်းသော သတ္တဝါတို့ကို။ အဟိံသာ၊ ညှဉ်းဆဲမှုကင်းခြင်းကြောင့်။ အရိယောတိ၊ အရိယာဟူ၍။ ပဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

ဤဒေသနာတော် အဆုံး၌ ငါးမျှားသမား အရိယသည် သောတာပန် ဖြစ်သွားသည်ဟု ဓမ္မပဒ အဋ္ဌကထာ (၂-၂၅၁)၌ ဆို၏။

ဂဏ္ဌိဘေဒက စောရဝတ္ထု။ ။တနေ့သ၌ ဇေတဝန်ကျောင်းတော်တွင် မြတ်စွာဘုရား တရားဟောစဉ် ပရိသတ်ထဲ၌ ခါးပိုက်နှိုက်သူခိုး ၂-ဦးလဲ ပါဝင်လျက်ရှိလေ၏၊ ထိုနှစ်ဦးတို့တွင် တယောက်သော သူသည် တရားကို ရိုသေစွာနာ၍ သောတာပန်ဖြစ်လေ၏၊ အခြားတယောက်မှာ နှိုက်ချတ်ခိုးယူခဲ့၍ ငါးပဲမျှ ရခဲ့၏၊ ထိုသူက အိမ်သို့ရောက်သောအခါ သူမိတ်ဆွေကို ဤသို့ ပြောင်လှောင်၏ "မိတ်ဆွေ သင့်မှာ အလွန်လိမ္မာတဲ့ အတွက် ထမင်းဖိုးကိုမျှ မရခဲ့တာပဲ"ဟု ဆို၏။ ထိုအခါ သောတာပန်ဖြစ်ပြီးသော သူက ဤသို့ သင့်တော်စွာ ဆင်ခြင်လေ၏ "သူ မသိရှာလို့ သူကိုယ်သူ လူလိမ္မာ ပညာရှိဟု ထင်မှတ်နေရှာပေသည်"ဟူ၍ အောက်မေ့ပြီးလျှင် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်လေ၏၊ မြတ်စွာဘုရားက အောက်ပါ ဂါထာကို ဟောတော်မူလေသည်—

ယော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလောဝ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ။
(ဓမ္မပဒ-၆၃)

ယော ဗာလော၊ မသိ မလိမ္မာသော အကြင်သူသည်။ ဗာလျံ၊ မိမိ၏ မသိ မလိမ္မာခြင်းကို။ မညတိ၊ သိ၏။ သော၊ ထိုသူသည်။ တေန၊ ထိုသို့ မသိ မလိမ္မာသေးသည်ကို သိခြင်းကြောင့်။ ပဏ္ဍိတော ဝါပိ၊ ပညာရှိသော်လဲ ဖြစ်နိုင်သေး၏။ ယော ပန၊ အကြင်သူသည်ကား၊ ဗာလောဝ၊ မသိ မလိမ္မာသူ ဖြစ်ပါလျက်။ ပဏ္ဍိတမာနီ၊ ငါ ပညာရှိဟု ထင်မှတ်၏။ သော၊ ပညာရှိ မဟုတ်ပါပဲလျက် ပညာရှိဟု အထင်

ရောက်သော ထိုသူကို။ ဝေ၊ စင်စစ်။ ဗာလေတိ၊ လူမိုက်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

အဓိပ္ပါယ်၊ကား။ ။မသိမလိမ္မာသော လူမိုက်ပင်ဖြစ်စေကာမူ "ငါ မသိတတ်ဘူး မိုက်တယ်" ဟု သိလျှင် တော်သေး၏။ ကိုယ့်ထက် တတ်သိလိမ္မာသောသူ၏ အဆုံးအမကို နာခံ၍ လူလိမ္မာ ပညာရှိတယောက် ဖြစ်နိုင်သေး၏၊ မတတ်သိ မလိမ္မာသော လူမိုက်ဖြစ်ပါလျက် "ငါဟာ ပညာရှိပဲ ငါ သိတယ် နားလည်တယ်"ဟု ထင်မှားလျက် နေသောသူသည်ကား လူမိုက်အစစ်ပေတည်း၊ မိမိလောက် တတ်သိနားလည်တဲ့လူ မရှိဘူးဟု အောက်မေ့လျက် မည်သူ၏ ဩဝါဒကိုမျှ မနာခံသောကြောင့် ထိုသို့သောသူမှာ လူမိုက်ဘဝမှ တက်သမ်းမရှိပြီ၊ လူလိမ္မာ ပညာရှိ မဖြစ်နိုင်တော့ပြီ၊ ထို့ကြောင့် ထိုလူမျိုးကို "လူမိုက်အစစ်"ဟု ခေါ်ရမည် ဟူလို။

သရဏာနိဥပါသကာ။ ။သာကီဝင်မင်းမျိုး ဦးသရဏာနိ သေဆုံးသွားသော အခါ မြတ်စွာဘုရားက ၎င်း ဦးသရဏာနိသည် သောတာပန်ဖြစ်၍ အပါယ်မှ လွတ်မြောက်ခြင်း မိန့်ကြားတော်မူ၏၊ ထိုအခါ သာကီဝင် မင်းမျိုးများက ဤသို့ ကဲ့ရဲ့ပြောဆိုကြ၏၊ ကဲ့ရဲ့ပုံ သံယုတ်ပါဠိတော်ကား—

"အစ္ဆရိယံ ဝတ ဘော အဗ္ဘုတံ ဝတ ဘော တ္ထ ဒါနိ ကော နု သောတာပန္နော ဘဝိဿတိ၊ ယတြ ဟိ နာမ သရဏာနိ သင်္ကော ကာလကတော, သော ဘဂဝတာ ဗျာကတော သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္မောဓိ ပရာယဏော"တိ၊ သရဏာနိ သင်္ကော သိက္ခာ ဒုဗ္ဗလျမာပါဒိ၊ မဇ္ဇပါနံ အပါယိတိ။ (ရှေသုတ်)

သရဏာနိ သင်္ကော သိက္ခာယ အပရိပူရကာရီတိ။ (နောက်သုတ်၌ အထူး)

အံ့စရာကောင်းပါပေရဲ့ မောင်တို့၊ ထူးဆန်းပါပေရဲ့ မောင်တို့၊ ယခု ဒီလူဘေးထဲမှာ ဘယ်သူဟာ သောတာပန် မဖြစ်ပဲ နေပါတော့မလဲ၊ ဘာကြောင့်လဲဆိုလျှင် သေဆုံးသွားလေတဲ့ ဦးသရဏာနိကို မြတ်စွာ

ဘုရားက မိန့်ကြားတော်မူသည်မှာ ဦးသရဏာနိဟာ သောတာပန်ကြီးတဲ့၊ အပါယ်မကျတော့ဘူးတဲ့၊ မင်းဖြင့် ခိုင်မြဲနေပြီတဲ့၊ အထက် မင်းများကို ကေန်ရောက်တော့မတဲ့ မောင်တို့၊ သာကီဝင်မင်းမျိုး ဦးသရဏာနိဟာ အကျင့်သိက္ခာဘက်မှာ အားနည်းနေတာပဲ၊ သေရည်အရက်ကို သောက်စားနေတာပဲ၊ သီလသိက္ခာကို ပြည့်စုံအောင် ကျင့်လေ့မရှိဘူး၊ ဒါတောင်မှ သောတာပန် ဖြစ်သေးသတဲ့ မောင်တို့ ဟူ၍ ကဲ့ရဲ့ပြောဆိုကြ၏၊ ထိုအကြောင်းကို မဟာနာမ်မင်းက လျှောက်ထားလေရာ မြတ်စွာဘုရားက ပုဂ္ဂိုလ် အမျိုးမျိုးရှိကြောင်းကို ကရုဏာဖြင့် ဝေဘန်၍ ဟောတော်မူ၏၊ ဟောပုံအကျယ်ကို အလိုရှိပါလျှင် သောတာပတ္တိသံယုတ် သရဏာနိဝဂ် (သံ-၃-၃၂၆-၃၃၁)မှာ ကြည့်ရှုပါလေ။

ထိုပြင် ကျောက်စရစ် သင်ဥတ် ထူထပ်သော ကျတ်တီးပြင် လယ်မြေသုံ၌ ပုပ်ဆွေးသောမျိုးစေ့, မအောင်မြင်သော မျိုးစေ့ကို စိုက်ပျိုးလျှင် ထိုမျိုးစေ့မှ အပင်မပေါက်နိုင်,မကြီးပွါးနိုင်သကဲ့သို့ ထိုအတူပင် မမှန်သောတရားနည်းလမ်းအတိုင်း ကျင့်မှ, အားထုတ်မှုဖြင့် မင်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဟူ၍ရင်း, အကောင်းဆုံးလယ်မြေ၌ အောင်မြင်နေသော မျိုးစေ့ကို စိုက်ပျိုးလျှင် ထိုမျိုးစေ့မှ ထွားကျိုင်းစွာ အပင်ပေါက်၍ စည်ပင်ကြီးပွါးနိုင်သကဲ့သို့ ထိုအတူပင် သမ္မာသမ္ဗုဒ္ဓဘုရားဟောအပ်သော တရားနည်းလမ်းအမှန်အတိုင်း ကျင့်မှ. အားထုတ်မှုဖြင့် မင်ဖိုလ်နိဗ္ဗာန်ကို ကေန် ရနိုင်သည်ဟူ၍ရင်း ဟောတော်မူပြီးလျှင် နည်းလမ်းမှန်အတိုင်း အားထုတ်သော သရဏာနိဉပါသကာကို အာဘယ်ကြောင့် သောတာပန် မဖြစ်စေနိုင်ပဲ ရှိအုံ့နည်းဟု အောက်ပါအတိုင်း ဒေသနာတော်ကို အာဆုံးသတ်တော် မူလေသည်—

ကိမင်ံ ပန သရဏာနိ ံ သက္ကံ၊ သရဏာနိ မဟာနာမ သက္ကော မရဏကာလေ သိက္ခာယ ပရိပူရကာရီတိ။

သရဏာနိ ံ သက္ကံ၊ သာကီဝင်မျိုး သရဏာနဲ့ ဥပါသကာကို။ ကိမင်ံ ပန၊ အာဘယ်အကြောင်းကြောင့် သောတာပန် မဖြစ်စေနိုင်ပဲ ရှိအုံ

နည်း။ မဟာနာမ၊ အို–မဟာနာမ်။ သရဏာနိ သင်္ကော၊ သာကီ ဝင်မျိုး သရဏာနိ ဥပါသကာသည်။ မရဏကာလေ၊ သေခါနီးကာလ ၌။ သိက္ခာယ၊ သီလအကျင့်၌။ ပရိပူရကာရီ၊ အပြည့်အစုံ ပြုကျင့်လေ ၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

ဤသုတ်ဖြင့် "သရဏာနိ ဥပါသကာသည် ရှေးအဖို့က သီလမစင်ကြယ်" ဟူ၍ရင်း, "သေခါနီးကာလကျမှ သောတာပန်ဖြစ်၍ သီလသိက္ခာ ပြည့်စုံ သွားသည်"ဟူ၍ရင်း ထင်ရှားသိရ၏။

ဆိုခဲ့ပြီးသော အရိယမည်ဒသာသူ, ခါးပိုက်နှိုက်သမား, သရဏာနိ ဥပါ သကာတို့သည်ကား သောတာပန်မျှသာ ဖြစ်သောကြောင့် ပစ္ဆိမဘဝိက မဟုတ်ကုန်၊ ထို့ကြောင့် "ပစ္ဆိမဘဝိကဖြစ်၍ ရှေးအဖို့က သီလ မစင်ကြယ်ကြ ပဲ မဂ်ဖိုလ်ကို ရနိုင်သည် ဟူ၍ ဆိုဘွယ်ကား မရှိတော့ပြီ၊ သို့သော်လဲ အချို့က ဤသို့ ဆိုပြန်သေး၏၊ "အရိယ-စသော ထိုသူတို့မှာ ဥဿဒ္ဓိတည်း, ဝိပဋ္ဌိတည်း ပုဂ္ဂိုလ်များ ဖြစ်သောကြောင့်သာ ထိုသို့ ဖြစ်နိုင်ကြသည်၊ နေယျပုဂ္ဂိုလ်တို့မှာ ကား ရှေးအဖို့က ကြာမြင့်စွာ သီလစင်ကြယ်မှသာလျှင် မဂ်ဖိုလ်ကို ရနိုင် သည်"ဟု ဆိုကြပြန်သေး၏၊ ထိုစကားသည်လည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ မရှိသောကြောင့် ထင်မြင်ချက်မျှဖြင့် ပြောဆိုအပ်သော စကားများသာ တည်း။ နေယျပုဂ္ဂိုလ်၏ အားထုတ်စဉ်ကို အောက်တွင် ကြည့်ပါလော့—

> ကတမော စ ပုဂ္ဂလော နေယ္ယော၊ ယဿ ပုဂ္ဂလဿ ဥဒ္ဓေသ-
> တော, ပရိပုစ္ဆတော, ယောနိသော မနသိကရောတော, ကလ္ယာဏ-
> မိတ္တေ သေဝတော ဘဇတော ပယိရုပါသတော ဧဝံ အနုပုဗ္ဗေန
> ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော နေယ္ယော။
> (ပုဂ္ဂလပညတ်ပါဠိ-၁၄၇)

နေယျော၊ နေယျပုဂ္ဂိုလ်သည်။ ကတမော စ ပုဂ္ဂလော၊ အဘယ် ပုဂ္ဂိုလ်ပါနည်း ဟူမူ။ ဥဒ္ဒေသတော၊ ကမ္မဋ္ဌာန်းဆိုင်ရာ ပါဠိကို သင်ယူ လျက်။ ပရိပုစ္ဆတော၊ အနက်အဓိပ္ပါယ်ကို မေးမြန်းလျက်။ ယောနိ-သော မနသိကရောတော၊ သင့်လျော်စွာ နှလုံးသွင်းလျက်။ ကလ္ယာဏ-

မိတ္တေ၊ ညွှန်ပြဆုံးမနိုင်သော မိတ်ဆွေကောင်းတို့ကို။ သေဝတော၊ မှီဝဲလျက်။ ဘဇတော၊ ချဉ်းလျက်။ ပယိရုပါသတော၊ ဆည်းကပ်လျက်။ ဧဝံ အနုပုဗ္ဗေန၊ ဤသို့သောအစဉ်ဖြင့်။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ နေယျော၊ နေယျပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတီ၊ ခေါ်ဆိုအပ်၏။

ဤပါဠိတော်၌ မည်သည့်ဘဝနှင့်မဆို ကမ္မဋ္ဌာန်းကို သင်ယူခြင်းသည် ဥဒ္ဒေသမည်၏၊ ၎င်းနည်း၌ နားမလည်သော အနက်အဓိပ္ပါယ်ကို မေးခြင်းသည် ပရိပုစ္ဆာမည်၏၊ နည်းလမ်းကျကျ နှလုံးသွင်း အားထုတ်ခြင်းသည် ယောနိသောမနသိကာရမည်၏။ အားထုတ်စဉ်၌ ယုံမှားမှု ဖြစ်သော အခါ, ထိုယုံမှားမှုကို ပယ်ဖျောက်ရန် ဝီရိယ, သဒ္ဓါ, ဆန္ဒ ယုတ်လျော့သောအခါ ၎င်းတို့ကို တိုးတက်စေရန် ဤသို့ စသော အကျိုးအတွက် နည်းပေးလမ်းပြ ဆုံးမ ဟောပြောနိုင်သော ဆရာသမားတို့ထံသို့ သွားရောက် မေးမြန်းခြင်း, နည်းသစ်ခံယူခြင်း စသည်တို့သည် ကလျာဏမိတ္တ သေဝန, ဘဇန, ပယိရုပါသန မည်ကုန်၏၊ ဤအစဉ်ဖြင့် အားထုတ်၍ မဂ်ဖိုလ်ကို ရသောသူသည် နေယျပုဂ္ဂိုလ် မည်၏။ ဤမျှသာ ဆိုချေသည်၊ တရားအားမထုတ်မီက မည်၍ မည်မျှ ကြာအောင် သီလကို စင်ကြယ်စေရမည် ဟူ၍ကား မဆိုချေ။

ဥဂ္ဃဋိတညုဿ သမထပုဗ္ဗင်္ဂမာ ဝိပဿနာ သပ္ပါယာ၊ နေယျဿ ဝိပဿနာ ပုဗ္ဗင်္ဂမော သမထော၊ ဝိပဉ္စိတညုဿ သမထ ဝိပဿနာ ယုဂနဒ္ဓါ၊ ဥဂ္ဃဋိတညုဿ အဓိပညာသိက္ခာ၊ ဝိပဉ္စိတညုဿ အဓိစိတ္တသိက္ခာ စ အဓိပညာ စ၊ နေယျဿ အဓိသီလသိက္ခာ စ အဓိစိတ္တသိက္ခာ စ အဓိပညာသိက္ခာ စ။

(နေတ္တိအဋ္ဌကထာ ၂၁၂-၂၁၃)

ဥဂ္ဃဋိတညုဿ၊ ဥဂ္ဃဋိတညူအား။ သမထပုဗ္ဗင်္ဂမာ၊ သမထရှေသွားရှိသော။ ဝိပဿနာ၊ ဝိပဿနာသည်။ သပ္ပါယာ၊ လျောက်ပတ်၏။ နေယျဿ၊ နေယျအား။ ဝိပဿနာ ပုဗ္ဗင်္ဂမော၊ ဝိပဿနာရှေသွားရှိ

သော။ သမထော၊ သမထသည်။ သပ္ပါယော၊ လျောက်ပတ်၏။ ဝိပဋ္ဌိတညုဿ၊ ဝိပဋ္ဌိတညူအား။ ယူဂနဒ္ဓါ၊ အစုံဖွဲ့အပ်သော။ သမထ-ဝိပဿနာ၊ သမထဝိပဿနာသည်။ သပ္ပါယာ၊ လျောက်ပတ်၏။ ဥဂ္ဃဋိတညုဿ၊ ဥဂ္ဃဋိတညူအား။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာသည်။ သပ္ပါယာ၊ လျောက်ပတ်၏။ ဝိပဋ္ဌိတညုဿ၊ ဝိပဋ္ဌိတညူအား။ အဓိစိတ္တသိက္ခာ စ၊ အဓိစိတ္တသိက္ခာသည်ရင်း။ အဓိပညာသိက္ခာ စ၊ အဓိပညာသိက္ခာသည်ရင်း။ သပ္ပါယာ၊ လျောက်ပတ်ကုန်၏။ နေယျဿ၊ နေယျပုဂ္ဂိုလ်အား။ အဓိသီလသိက္ခာ စ၊ အဓိသီလသိက္ခာသည်ရင်း။ အဓိစိတ္တသိက္ခာ စ၊ အဓိစိတ္တသိက္ခာသည်ရင်း။ အဓိပညာသိက္ခာ စ၊ အဓိပညာသိက္ခာသည်ရင်း။ သပ္ပါယာ၊ လျောက်ပတ်ကုန်၏။

ဤအဌကထာ၌လဲ သင့်လျော်သည်ကိုသာ ပြဆို၏၊ ထိုသင့်လျော်သော သိက္ခာတို့ကို မုချ ပြည့်စုံစေရမည်ဟု ပြလိုရင်း မဟုတ်၊ ထိုကြောင့် "နေယျပုဂ္ဂိုလ်အား သိက္ခာ ၃-ပါးလုံး သင့်လျော်သည်"ဟု ဆိုရာ၌ "နေယျပုဂ္ဂိုလ်တိုင်း သီလနှင့် သမထစျာန်တို့ကို ရှေးအဖို့ကပင် မုချပြည့်စုံစေရမည်" ဟူ၍ကား မယူအပ်သည်သာတည်း၊ ထိုသို့ယူခဲ့လျှင် ဝိပဋ္ဌိတညူနှင့် နေယျပုဂ္ဂိုလ်ဟူသမျှကိုလဲ "ရှေးအဖို့ကပင် စျာန်ရချည်း"ဟူ၍ ဆိုရလိမ့်မည်၊ ထိုသို့ကား မဖြစ်နိုင်သည်သာတည်း။ ထို့ပြင် ဥဂ္ဃဋိတညူ, ဝိပဋ္ဌိတညူတို့၏ အရာ၌ သီလ သိက္ခာကို လျောက်ပတ်သည်ဟု မဆိုသောကြောင့် ဥဂ္ဃဋိတညူ, ဝိပဋ္ဌိတညူ ဖြစ်ထိုက်သော ရဟန်း၏ အာပတ်ကိုလဲ "အာဏာဝိတိက္ကမန္တရာယ် မဖြစ်"ဟု ဆိုရလိမ့်မည်၊ သို့သော် ရဟန်း၏ သစိတ္တက အာပတ်ဟူသမျှသည် အန္တရာယ်ပြုတတ်သည်ချည်းသာတည်း၊ သို့ဖြစ်၍ "နေယျပုဂ္ဂိုလ်အား သီလ, သမထ ၂-ပါးလုံးပင် ရှေးအဖို့က ပြည့်စုံပါလျှင် ဝိပဿနာပညာ, မဂ်ပညာတို့အား အထူး ကျေးဇူးများတတ် သောကြောင့်သာလျှင် သိက္ခာ ၃-ပါးလုံး သင့်လျော်သည်ဟု ပြဆိုတော်မူသည်" ဟူသော ဤအနက် အဓိပ္ပါယ် ကိုသာ မှတ်ယူ အပ်၏။

သင့်လျော်ပုံကား။ ။ဥဂ္ဃဋိတညူအား အကျဉ်းချုပ် တရားကို နာကြားစဉ် အတွင်း၌ အလွန်လျင်မြန်စွာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်

များ ဖြစ်ပေါ်ကြ၏၊ ထို့ကြောင့် သမထစျာန်ကို အကြိမ်ကြိမ် ဝင်စားခွင့် မရပြီ၊ အကြိမ်ကြိမ်ဝင်စား၍ အားပေးရန်လဲ မလိုပြီ၊ ဥဂ္ဃဋိတညူ,ဝိပဉ္စိတညူ ၂-ပါးလုံးတို့အား တရားနာစဉ်တွင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်များ ဖြစ်ပေါ်လာကြသောကြောင့် မိမိသီလကို ဆင်ခြင်၍ အားပေးရန်မလိုပြီ၊ ဟောသောပုဂ္ဂိုလ်နှင့် ဟောအပ်သော တရား၌ ကြည်ညိုသောသဒ္ဓါဖြင့်ပင် ပါမောဇ္ဇ, ပီတိစသည်ကို ဖြစ်စေလျက် အားတက်စေနိုင်၏၊ သို့ဖြစ်၍ "ဥဂ္ဃဋိတညူအား သီလသမထတို့ကို, ဝိပဉ္စိတညူအား သီလကို အထူး ကျေးဇူးများသည်၊ အထူးသင့်လျော်သည်"ဟု မဆိုအပ်ကုန်ပြီ။

နေယျ-သည်ကား ကြာမြင့်စွာ အားထုတ်ရသောကြောင့် ရံခါ မိမိ၏ သီလကို ဆင်ခြင်မိ၏၊ ချတ်ယွင်းသည်ကို တွေ့လျှင် နှလုံးမသာဖြစ်၏၊ ကုက္ကုစ္စအားကြီးသော အချို့သူမှာ ထိုအခိုက်၌ စင်ကြယ်သော်လဲ ရှေးက လွန်ကျူးမိသည်ကို သတိရ၍ စိတ်ပူပန်တတ်သေး၏၊ မပယ်ဖျောက်နိုင်လျှင် ထိုနှလုံးမသာမှု စိတ်ပူပန်မှုကြောင့် ဝိပဿနာ ပျက်တတ်၏၊ ရှည်မြင့်စွာသော ကာလပတ်လုံးဖြစ်စေ, ကမ္မဋ္ဌာန်းဝင်သည်မှစ၍ဖြစ်စေ သီလစင်ကြယ်သည်ကို တွေ့မြင်ရလျှင်ကား စိတ်နှလုံးရှင်သာ ဝမ်းမြောက်ခြင်း ဖြစ်တတ်၏၊ အားရကျေနပ်ခြင်း ပါမောဇ္ဇ, ပီတိတို့ ဖြစ်တတ်ကုန်၏၊ စိတ်အေးချမ်းမှု ပဿဒ္ဓိ ဖြစ်တတ်၏၊ စိတ်ချမ်းသာမှု သုခ ဖြစ်တတ်၏၊ စိတ်ချမ်းသာခြင်းကြောင့် သမာဓိ,ပညာတို့ ထက်သန်စွာ ဖြစ်တတ်ကုန်၏၊ ထို့ကြောင့် ရှေးအဖို့ ကြာမြင့်စွာက ဖြစ်စေ, ကမ္မဋ္ဌာန်းဝင်သောကာလမှ ဖြစ်စေ အစပြု၍ စင်ကြယ်သော သီလသည် နေယျပုဂ္ဂိုလ်အား အထူးကျေးဇူးများပေ၏။

သမထ၏ ကျေးဇူးများပုံ။ ။ယသ ဟိ သမာဓိပိ တရုဏော, ဝိပဿနာပိ၊ တသ ဝိပဿနံ ပဋပေတွာ အတိစိရံ နိသိန္နသ ကာယော ကိလမတိ၊ အန္တော အဂ္ဂိ ဝိယ ဥဋ္ဌဟတိ၊ ကစ္ဆေဟိ သေဒါ မုစ္စန္တိ၊ မတ္ထကတော ဥသုမဝဋ္ဌိ ဝိယ ဥဋ္ဌဟတိ၊ စိတ္တံ ဟညတိ ဝိဟညတိ ဝိပ္ဖန္ဒတိ၊ သော ပုန သမာပတ္တိ သမာပဇ္ဇိတွာ တံ ပရိဒမေတွာ မုဒုကံ ကတွာ သမဿာသေတွာ ပုန ဝိပဿနံ ပဋပေတိ၊ တသ ပုန အတိစိရံ နိသိန္နသ တထေဝ

ဟောတိ၊ သော ပုန သမာပတ္တိ သမာပဇ္ဇိတ္ဝာ တထေဝ ကရောတိ။ ဝိပဿနာယ ဟိ ဗဟူပကာရာ သမာပတ္တိ။ (မ-ဋ-၁-၃၁၈)

မြန်မာပြန်။ ။အကြင်ယောဂီအား ဝိပဿနာသမာဓိလဲ နုသေး၏၊ ဝိပဿနာ ပညာလဲ နုသေး၏၊ ထိုယောဂီအား ရှုမှတ်မှု ဝိပဿနာကို ဖြစ်စေ၍ အလွန်ကြာမြင့်စွာ ထိုင်နေလျှင် ကိုယ်ပင်ပန်း၏၊ ကိုယ်တွင်း၌ မီးသသကဲ့သို့ ဖြစ်တတ်၏၊ (မီးလောင်သကဲ့သို့ တကိုယ်လုံး ပူတတ်သည် ဟူလို၊) လက်ကတီးကြားတို့မှ ချွေးများ ထွက်တတ်ကုန်၏၊ (တကိုယ်လုံးမှလဲ ချွေးကျတတ်သည်ပင်၊) ဦးခေါင်းထက်မှ အခိုးအငွေ့ထောင်းထောင်းထနေသကဲ့သို့ ဖြစ်တတ်၏၊ စိတ်သည် မချုပ်တည်းနိုင်အောင် ပင်ပန်းတုန်လှုပ်တတ်၏၊ ထိုအခါ၌ ထိုယောဂီသည် တဖန် စျာန်သမာပတ်ကို ဝင်စား၍ ထို ကိုယ်စိတ်ပင်ပန်းမှုကို သိမ်မွေ့နူးညံ့စေလျက် သက်သာငြိမ်းစေပြီးလျှင် ရှုမှတ်မှု ဝိပဿနာကို တဖန် ဖြစ်စေပြန်၏၊ ထိုယောဂီအား တဖန်ကြာမြင့်စွာ ရှုမှတ်လျက် ထိုင်နေပြန်လျှင် နည်းတူပင် ကိုယ်စိတ် ပင်ပန်းပြန်၏၊ ထိုအခါ ထိုယောဂီသည် တဖန် စျာန်သမာပတ်ကို ဝင်စား၍ နည်းတူပင် ပြုရပြန်၏၊ သို့ဖြစ်၍ စျာန်သမာပတ်သည် ဝိပဿနာအား ကျေးဇူးများပေ၏။

ဤအဋ္ဌကထာ၌ မိန့်ဆိုသည့်အတိုင်းပင် ရှေးအဖို့က သမထစျာန်ကို ရပြီးသော နေယျပုဂ္ဂိုလ်သည် "ကြာမြင့်စွာ ရှုမှတ်လျက် နေခြင်းကြောင့် ကိုယ်စိတ်ပင်ပန်းမှု ဖြစ်ပေါ်တိုင်း" စျာန်ကို ဝင်စား၍ အပန်းပြေစေပြီးလျှင် တဖန် ရှုမှတ်ရလေသည်၊ ဤသို့ ရှုမှတ်၍ ဝိပဿနာ သမာဓိ,ပညာတို့ကို ရင့်ကျက်စေရ၏၊ သမာဓိ, ပညာ ရင့်သော ကာလ၌ကား ကိုယ်စိတ်၏ ပင်ပန်းမှု မရှိပြီ၊ တနေ့လုံး တညဉ့်လုံးသော်လဲ အစဉ်မပြတ် တစပ်ထည်း ရှုမှတ်နိုင်လေ၏၊ ထို့ကြောင့် သမထစျာန်သည်လည်း နေယျပုဂ္ဂိုလ်အား အထူးပင် ကျေးဇူးများပေ၏။

ယခုအခါကာလ ဝိပဿနာယာနိကယောဂီတို့သည်လည်း အထက်ပါအတိုင်း ကိုယ်စိတ်၏ ပင်ပန်းမှုကို အများအားဖြင့် တွေ့ရတတ်၏၊ ထိုအခါ စျာန်မရှိ

သောကြောင့် ရှုမှတ်နေကျ နိုင်နင်းသော မှတ်စဉ်အတိုင်းသာ ရှုမှတ်လျက် အပန်းပြေစေပြီးလျှင် ဝိပဿနာရင့်သန်ခြင်းသို့ ရောက်စေကြရလေတော့သည်။

ဤသို့ဖြစ်၍ ပြခဲ့သည့်အတိုင်း သီလ,သမထတို့သည် အထူးကျေးဇူးများကြ သောကြောင့်သာလျှင် "နေယျ-အား သိက္ခာ ၃-ပါးလုံး သင့်လျော်သည်"ဟု နေတ္တိအဋ္ဌကထာ၌ ဆိုလေသည်၊ ရှေးအဖို့ ရှည်မြင့်စွာသော ကာလက မုချ ပြည့်စုံစေအပ်သောကြောင့် ဆိုသည်ကား မဟုတ်ဟူ၍ မြဲမြံစွာ မှတ်သား အပ်၏။

ထို့ပြင် ပြခဲ့ပြီးသော သရဏာနိ ဥပါသကာကိုလဲ "သေခါနီး၌ နှလုံးသွင်း အားထုတ်၍ သောတာပန်ဖြစ်သွားသော "နေယျပုဂ္ဂိုလ်"ဟူ၍သာ ဆိုထိုက်၏၊ မည်သူဟောအပ်သော မည်သည့်တရားကို နာကြား၍ သောတာပန်ဖြစ်သည်ဟု ပါဋ္ဌိ, အဋ္ဌကထာတို့၌ မဆိုသောကြောင့် "ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ"ဟူ၍ကား မဆိုနိုင်သည်သာတည်း၊ ထို့ကြောင့်"နေယျပုဂ္ဂိုလ်တို့မှာ ရှေးအဖို့က ကြာမြင့်စွာ သီလစင်ကြယ်မှသာလျှင် မဂ်ဖိုလ်ကို ရနိုင်သည်"ဟု ဆိုသော စကားမှာ ထင် မြင်ချက်မျှဖြင့် ဆိုအပ်သော စကားသာတည်း။

ယခုဘဝတွင် မဂ်ဖိုလ်သို့ မရောက်နိုင်သော သူအားသော်လဲ ရှေးအဖို့က သီလမစင်ကြယ်ပဲ ဝိပဿနာဉာဏ် အလုံးစုံ ဖြစ်နိုင်သေး၏၊ ဖြစ်နိုင်ပုံကို တမ္ဗဒါ ဌိက၏ ဝတ္ထုဖြင့် သိအပ်၏။

လူသတ်ဗိုလ်ကြီးနှင့် အနုလောမဉာဏ်။ ။ရာဇဂြိုဟ်မြို့၌ နှုတ်ခမ်းမွေး နီသော ကြောင့် တမ္ဗဒါဌိက-ဟု တွင်သော သူကို ဘုရင်မင်းမြတ်က ခိုးသူသတ် ဗိုလ်မှူးအဖြစ် ခန့်ထား၏၊ ဖမ်းဆီး၍ ရသော ဓားမြ သူခိုး လူဆိုးဟူသမျှကို တမ္ဗဒါဌိကအား သတ်စေ၏၊ နေ့စဉ် နေ့တိုင်း တယောက်, နှစ်ယောက်, သုံးယောက် စသည်ကို သတ်ဖြတ်လျက် တမ္ဗဒါဌိကသည် ၅၅-နှစ်ပတ်လုံး မင်းမှုထမ်းနေ၏၊ ၅၅-နှစ်ကြာသောအခါ ထိုရာထူးမှ နှုတ်ထွက်ရ၏၊ နှုတ်ထွက်သောနေ့မှာပင် ခိုးသူသတ်ဗိုလ်မှူး ဖြစ်စဉ်က သုံးဆောင်ခွင့်မရသော အရာတို့ကို သုံးဆောင်လိုသောကြောင့် နွားနို့နှင့် ရောသော ယာဂုကို ကျိုစေ၏၊ နံ့သာဖြင့် လိမ်းကျံ၏၊ မြတ်လေးပန်းကို ပန်၏၊

အသစ်စက်စက် အဝတ်မျှားကို ဝတ်ဆင်၏၊ ထိုသို့ ချယ်လှယ်ပြုပြင်ပြီးလျှင် နွားနို့ယာဂုကို သောက်ရန် အဆင်သင့် ထိုင်လျက်ရှိ၏၊ ထိုအခါမှာ အရှင်သာရိပုတြာသည် သနားတော်မူသောကြောင့် ဆွမ်းရပ်တော်မူလေ၏၊ တမ္ဗဒါဋ္ဌိကသည် မထေရ်ကို မြင်လျှင် ဝမ်းမြောက်လျက် ပင့်လျှောက်၍ ထိုင်နေစေပြီးလျှင် မိမိစားသောက်မည့် ယာဂုကို ဆက်သပ်၏၊ ယာဂုဘုဉ်းပေးပြီးလျှင် အရှင်သာရိပုတြာက အနုမောဒနာတရားဟော၏၊ ၅၅-နှစ်ပတ်လုံး ပြုခဲ့သော မကောင်းမှုကို သတိရ၍ တမ္ဗဒါဋ္ဌိကမှာ စိတ်မငြိမ်မသက်ပဲ ရှိနေ၏။

ထိုအခါ အရှင်သာရိပုတြာက သိတော်မူ၍ ဒါယကာ–ထိုမကောင်းမှုတွေကို သင့်အလိုအတိုင်း ပြုသလော? သို့မဟုတ် သူတပါးက ခိုင်း၍ ပြုသလော? ဟု မေး၏၊ ဘုရင်မင်းမြတ်က ခိုင်း၍ ပြုရပါသည်ဟု လျှောက်သောအခါ ဒါယကာ သို့ဖြစ်လျှင် သင်၏ မကောင်းမှု ဟုတ်ပါမည်လောဟု မေးတော်မူ၏၊ ထိုအခါ တမ္ဗဒါဋ္ဌိကသည် ဘုရင်မင်းမြတ်၏ မကောင်းမှု ချည်းသာတည်း၊ ငါ့မှာ မကောင်းမှု မရှိဟု အောက်မေ့ပြီးလျှင် စိတ်အေးချမ်းစွာနှင့် တရားနာနိုင်, နှလုံးသွင်းနိုင်၍ အနုလောမခန္တီခေါ်သော သခ်ါရုပေက္ခာဉာဏ်သို့ ရောက်သွားလေ၏။

သော ထေရေ အနုမောဒနံ ကထေန္တေ ကေဂ္ဂစိတ္တော ဟုတ္မာ ဓမ္မံ သုဏန္တော သောတာပတ္တိမဂ္ဂဿ သြရတော အနုလောမိကံ ခန္တိ နိဗ္ဗတ္တေသိ။ (ဓမ္မပဒ-ဋ္ဌ-၁-၄၀၇)

ထေရေ၊ အရှင်သာရိပုတြာမထေရ်သည်။ အနုမောဒနံ ကထေန္တေ၊ အနုမောဒနာတရားကို ဟောတော်မူစဉ်။ သော၊ ထိုတမ္ဗဒါဋ္ဌိကသည်။ ကေဂ္ဂစိတ္တော ဟုတ္မာ၊ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍။ ဓမ္မံ သုဏန္တော၊ တရားကို နာလျက်။ သောတာပတ္တိမဂ္ဂဿ သြရတော၊ သောတာပတ္တိမဂ်၏ ဤမှာဘက်အောက်ဘက်၌။ အနုလောမိကံ၊ မဂ်ဉာဏ်အားလျော်သော။ ခန္တိ ၊ သခ်ါရုပေက္ခာဉာဏ်ကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေပြီ။ (ဝိပဿနာဉာဏ် သာမန်ကိုလဲ အနုလောမိက ခန္တိဟု ခေါ်နိုင်၏၊ သို့သော်လဲ ဤ၌ သောတာပတ္တိမဂ္ဂဿ သြရတောဟု ဆိုသောကြောင့် မဂ်နှင့်နီးကပ်သော သခ်ါရုပေက္ခာကိုသာ ယူသင့်ပေသည်)။

တရားဟောပြီး၍ ကြွသွားတော်မူသော အရှင်သာရိပုတြာကို လိုက်၍ ပို့ပြီးနောက် အပြန်တွင် ရန်ငြိုးရှိသော ဘီလူးမက နွားမယောင်ဆောင်၍ ဝှေ့သတ်သောကြောင့် တမ္ဗဒါဌိကသည် သေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် ဤသို့ ဆွေးနွေးပြောဆိုကြ၏၊ "တမ္ဗဒါဌိကသည် ၅၅-နှစ်ပတ်လုံး အလွန်ကြမ်းကြုတ်သော အမှုကို ပြု၏၊ ယနေ့ပင် ထိုအမှုမှ လွတ်၏၊ ယနေ့ပင် အရှင်သာရိပုတြာအား ဆွမ်းလှူ၏၊ ယနေ့ပင် သေရှာလေပြီ၊ အဘယ်မှာဖြစ်ရှာလေသည် မသိ"ဟု ဆိုကြကုန်၏၊ ထိုစကားနှင့် စပ်၍ မြတ်စွာဘုရားက အောက်ပါ ဂါထာကို ဟောတော်မူ၏။

သုဘာသိတံ သုဏိတွာန၊ နဂရေ စောရဃာတကော။
အနုလောမခန္တိံ လဒ္ဓါန၊ မောဒတိ တိဒိဝံ ဂတော။

(ဓမ္မပဒ-၄-၁-၄၀၇)

နဂရေ၊ ရာဇဂြိုဟ်မြို့၌။ စောရဃာတကော၊ ခိုးသူသတ်ဗိုလ်ကြီး တမ္ဗဒါဌိကသည်။ သုဘာသိတံ၊ အရှင်သာရိပုတြာ ကောင်းစွာ ဟောအပ်သော တရားစကားကို။ သုဏိတွာန၊ နာကြားရ၍။ အနုလောမခန္တိံ၊ မဂ်ဉာဏ်အားလျော်သော သင်္ခါရုပေက္ခာဉာဏ်ကို။ လဒ္ဓါန၊ ရပြီး၍။တိဒိဝံ ဂတော၊ နိတ်ပြည်သို့ရောက်လျက်။မောဒတိ၊ ဝမ်းမြောက်ရလေ၏။

ထိုအခါ ရဟန်းတို့က မကျေနပ်၍ "အရှင်ဘုရား–သူပြုအပ်သော အကုသိုလ်က အလွန်ကြီးမားပါသည်၊ အနုမောဒနာတရားက အားမကြီးလှပါ၊ ဤမျှလောက်ဖြင့် ဉာဏ်အထူးကို အဘယ့်ကြောင့် ဖြစ်စေနိုင်ပါသနည်း"ဟု မေးလျှောက်ကြပြန်၏၊ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့–ငါဘုရား၏ တရားတော်ကို နည်းသည်, များသည်ဟု စံချိန်မထိုးကြသေနှင့်၊ တခွန်းတည်းပင် ဖြစ်သော်လဲ အကျိုးစီးပွါးနှင့်ဆိုင်သော စကားသည် မြင့်မြတ်သည့်သာ"ဟု မိန့်တော်မူပြီးလျှင် အောက်ပါ ဂါထာကို ဟောတော်မူ၏။

သဟဿ မပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

(ဓမ္မပဒ-၁၀၀)

အနတ္တပဒသံဟိတာ၊ အကျိုးကို မပြုတတ်သော ပုဒ်တို့ဖြင့် ဖွဲ့စပ်ဆိုအပ်သော။ ဝါစာ၊ စကားသည်။ သဟာသံ စေပိ၊ တထောင် နှစ်ထောင်စသည် ထောင်သန်းရာ အပိုင်းအခြားအားဖြင့် မျှားပြားစေကာမူ။ ပါပိကာ ဧဝ၊ ယုတ်ညံ့သည်သာတည်း။ ယံ၊ အကြင်ပုဒ်ကို။ သုတ္ဝာ၊ ကြားနာရ၍။ ဥပသမ္မတိ၊ ကိလေသာငြိမ်း၏။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ အတ္ထပဒံ၊ ခန္ဓာ, အာယတန, ဓာတ်, သတိပဋ္ဌာန်စသော အကျိုးကို ပြုတတ်သော ပုဒ်သည်။ ဧကံပိ၊ တခွန်းတည်း,တပုဒ်တည်းပင် ဖြစ်သော်လဲ။ သေယ္ယော၊ မြင့်မြတ်ပေ၏။

ဤတမ္မဒါဋ္ဌိကသည်ကား မျက်မှောက်ဘဝ၌ မဂ်ဖိုလ်ကို မရသောကြောင့် နေယျပုဂ္ဂိုလ်မျှ မမည်သေး၊ ဥဂ္ဃဋိတညူ,ဝိပဉ္စိတညူဟု ဆိုရန်ကား အလျှင်းပင် မရှိပြီ၊ သို့ပါလျက် ရှေးအဖို့ ကြာမြင့်စွာက သီလစင်ကြယ်ခြင်း မရှိပါပဲ တမ္မဒါဋ္ဌိကအား ပဋ္ဌိပဒါဘာဏဒဿနဝိသုဒ္ဓိ၏ ဆုံးခါနီးဖြစ်သော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်သည်မှာ အဘယ့်ကြောင့်နည်းဟု စဉ်းစားရာ၏၊ လူတို့၏ ရှေးအဖို့က သီလပျက်မှုသည် အန္တရာယ်မပြုတတ်သောကြောင့်ပင် မဟုတ်ပါလော။

မျက်မှောက်ဘဝတွင် မဂ်ဖိုလ်ကို မရခြင်းမှာကား အကြောင်း ၂-ပါး ရှိ၏၊ ထို ၂-ပါးတို့တွင် ပါပမိတ္တတာ=ယုတ်ညံ့သော မိတ်ဆွေကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် အဇာတသတ်မင်း မဂ်ဖိုလ်ကို မရလေသည်၊ "အရှင်ဒေဝဒတ်စကားကို နာခံ၍ ပြုမိသော ပိတုဃာတက ကမ္မန္တရာယ်ကြောင့် မဂ်ဖိုလ်ကို မရ" ဟူလို၊ အန္တရာယ်ရှိသောသူအား မဂ်ဖိုလ်သာ မဟုတ်သေး ဥဒယဗ္ဗယဉာဏ်မျှားလဲ မဖြစ်ပေါ်တော့သည်သာတည်း။

ကျင့်မှုဟောမှုလို၍ တရားထူး မရ။ ။ကျင့်မှု ဟောမှုလိုခြင်းဟူသော "ကိရိယ ပရိဟာနိ" ကြောင့် မဂ်ဖိုလ်မရသည်လဲ ရှိ၏၊ မဇ္ဈိမ ပဏ္ဏာသ ကရန္ဒကသုတ်၌ လာသော ပေဿ-မည်သောသူသည် နှလုံးသွင်း အားထုတ်မှု လိုခြင်းကြောင့် မဂ်ဖိုလ်ကို မရလေသည်၊ ထိုသူသည် အတ္တန္ဒုပ စသော ပုဂ္ဂိုလ် ၄-မျိုးတို့ကို အကျယ်ဝေဘန်၍ ဟောသော တရား

တို့ကို အဆုံးတိုင်အောင် နာလျှင် သောတာပန်ဖြစ်ထိုက်ပါလျက် တရားမဆုံးမီ ထသွားသောကြောင့် မဂ်ဖိုလ်မှ ဆုံးရှုံးရချေသည်၊ ယခုကာလ၌ မဂ်ဖိုလ်ကို ရထိုက်သော သူတို့တွင် နည်းလမ်းမှန်ကို ရပါလျက် အလျင်း အားမထုတ်၍ ဖြစ်စေ, အားထုတ်ချိန် မပြည့်စုံ၍ ဖြစ်စေ မဂ်ဖိုလ်ကို မရပဲ တဘဝ ဆုံးသွား ရသော သူများမှာ ၇၂ ပေါ်ပေ-မည်သော သူကဲ့သို့ပင် "ကိရိယပရိဟာနိ= နှလုံးသွင်း အားထုတ်မှု လိုခြင်း"ကြောင့် အကျိုး စီးပွါးမှ ဆုံးရှုံးကြရရှာ လေသည်။

ထို့ပြင် - ဓနဉ္ဇာနိပုဏ္ဏားကြီးအား သေခါနီးဌ အရှင် သာရိပုတြာက ဝိပဿနာကို မဟောမှု၍ သမထကိုသာ ဟော၏၊ ထို့ကြောင့် ပုဏ္ဏားကြီးသည် သမထစျာန်ကို ပွါးစေ၍ သေလေလျှင် ဗြဟ္မာ့ပြည်သို့ ရောက်လေ၏၊ အကယ်၍ ဝိပဿနာကို ဟောခဲ့ပါလျှင် ပုဏ္ဏားကြီးသည် လူ့ဘဝ၌ပင် မဂ်ဖိုလ်ကို ရလေ ရာ၏၊ သို့ဖြစ်၍ ဤ ဓနဉ္ဇာနိ၏ မဂ်ဖိုလ်ကို မရခြင်းမှာ ဟောပြောမှု လိုခြင်း ကြောင့် ပင်တည်း၊ ထို့ကြောင့်ပင် မြတ်စွာဘုရားက အရှင်သာရိပုတြာ အား အပြစ်တင်ပြီး ဗြဟ္မာ့ပြည်သို့ လိုက်၍ တရားဟောရန် မိန့်တော်မူလေသည်၊ အရှင်သာရိပုတြာ သည်လည်း ချက်ခြင်း ကြွသွား၍ တရားဟောရပြန်လေသည်၊ ထိုအခါမှစ၍ အရှင်သာရိပုတြာသည် တရားဟောလျှင် သစ္စာလေးပါးနှင့် မကင်းမှု၍သာ ဟောတော်မူသတတ်၊ ယခုကာလ၌ မဂ်ဖိုလ်ကို ရထိုက်သူ ဖြစ်ပါလျက် ဝိပဿနာနည်းမှန်ကို မရသောကြောင့် မဂ်ဖိုလ်မမှီး အချည်းနှီး ဘဝဆုံးသွားရသူများမှာ ဤ ဓနဉ္ဇာနိကဲ့သို့ပင် "ကိရိယပရိဟာနိ=ဟောပြောမှု လိုခြင်း"ကြောင့် အကျိုး စီးပွါးမှ ဆုံးရှုံးကြရရှာလေသည်။

တမ္မဒါဋ္ဌိက၏ မဂ်ဖိုလ်မရခြင်းမှာ နှလုံးသွင်း အားထုတ်မှု လိုခြင်း တည်းဟူသော "ကိရိယပရိဟာနိ"ကြောင့်သာလျှင်တည်း၊ သခ်ါရုပေက္ခာဉာဏ် တိုင်အောင် ရောက်သည်ကို ထောက်ဆ၍ "ဟောပြောမှုလဲ မလိုပါ၊ ပါပမိတ္တ နှင့် စပ်၍ ဖြစ်သော အန္တရာယ်လဲ မရှိ"ဟု သိအပ်၏။

ဤမျှလောက်သော ဝတ္ထုသာဓကဖြင့် ပစ္ဆိမဘဝိက, ဥဋ္ဌင်္ဒိတည်း, ဝိပဋ္ဌိ-တည်း ပုဂ္ဂိုလ် ဟုတ်ခြင်း,မဟုတ်ခြင်းတို့သည် အကြောင်းမှန် မဟုတ်ကုန်၊

ရှေးအဖိုက သီလ မစင်ကြယ်ခြင်းမှာ ရဟန်းတို့အားသာ အန္တရာယ်ဖြစ်၍ လူတို့အား အန္တရာယ်မဖြစ်ဟူသော ဤအချက်သည်သာလျှင် အကြောင်းမှန်ဟု ဆုံးဖြတ်နိုင်လောက်ပေပြီ၊ သို့သော်လည်း သီလဝိသုဒ္ဓိ မရှိလျှင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ မဖြစ်နိုင်ရာသောကြောင့် သန္တတိ အမတ်ကြီး စသည်တို့၏ သီလ ဝိသုဒ္ဓိ ဖြစ်ပုံကို ဤသို့ မှတ်အပ်၏။

တရားနာခါနီးမှာ ဖြစ်စေ, တရားနာစဉ်မှာ ဖြစ်စေ မိမိတို့ ပြုလုပ်မြဲဖြစ်သော မကောင်းမှုမျိုးကို မပြုလုပ်တော့ပါဘူးဟု ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်ခဲ့ပါမူ ထိုကြံစည် ဆုံးဖြတ်မှုဖြင့်ပင် သီလဝိသုဒ္ဓိ ပြီးသည်ဟု မှတ်အပ်၏၊ ကြံစည်ဆုံးဖြတ်မှု မရှိခဲ့ပါမူကား ရှေ့တော်မူ ဘာဝနာ ပိတ္တပြုခါနီးပြီ သီလဝိသုဒ္ဓိပြီးသည် ဟူ၍သာ ဆိုရန် ရှိတော့ပေသည်။

ဘာဝနာဖြင့် သီလဝိသုဒ္ဓိ ပြီးပုံ။ ။ဥာဏေန အဝိဇ္ဇာယ, အနိစ္စာနုပဿနာယ, နိစ္စသညာယ ပဟာနံ သီလ, ဝေရမဏိ သီလံ, စေတနာ သီလံ, သံဝရော သီလံ, အဝီတိက္ကမော သီလံ ဝေရူပါနိ သီလာနိ စိတ္တဿ အဝိပ္ပဋိသာရာယ သံဝတ္တန္တိ၊ ပါမောဇ္ဇာယ, ပီတိယာ ပဿဒ္ဓိယာ သောမနဿာယ သံဝတ္တန္တိ၊ ကေန္တ နိဗ္ဗိဒါယ, ဝိရာဂါယ, နိရောဓာယ, ဥပသမာယ, ဘာဝိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ သံဝတ္တန္တိ၊ ယော တတ္ထ သံဝရဋ္ဌော၊ အယံ အဓိသီလ-သိက္ခာ။ ယော တတ္ထ အဝိက္ခေပဋ္ဌော၊ အယံ အဓိစိတ္တသိက္ခာ။ ယော တတ္ထ ဒဿနဋ္ဌော၊ အယံ အဓိပညာသိက္ခာ။

(ပဋိသမ္ภိဒါမဂ် ပါဠိတော် အဋ္ဌိ ချန်ထား၏။ အလိုရှိလျှင် ကျမ်းရင်း နံပါတ် ၄၅-၄၆ ၌ ကြည့်၍ ယူပါလေ။)

ဉာဏေန၊ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့်။ အဝိဇ္ဇာယ၊ ရင်းဉာဏ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟအဝိဇ္ဇာကို။ (မဟာဋီကာ ၁--၇၈ နှင့်အညီပင်တည်း။) အနိစ္စာနုပဿနာယ၊ သမ္မသန ပရိုက်အတန်စသည်ဟူ၍ ဖြစ်သော အနိစ္စာနုပဿနာဖြင့်။ နိစ္စသညာယ၊ နိစ္စသညာကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သီလံ၊ သီလ မည်၏။

ဝေရမဏိ၊ ကြဉ်ခြင်းသည်။ သီလံ၊ သီလမည်၏။ စေတနာ၊ စေတနာသည်။ သီလံ၊ သီလမည်၏။ သံဝရော၊ ပိတ်ဆို့ စောင့်စည်းခြင်းသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ဝေ ရူပါနိ သီလာနိ၊ ဤသို့သော သီလတို့သည်။ စိတ္တသ အဝိပ္ပဋိသာရာယ၊ စိတ်နှလုံး၏ သာဓုရှင်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပါမောဇ္ဇာယ၊အနည်းငယ် နှစ်သိမ့်အားရခြင်းငှါ။ ပီတိယာ၊ မျှားစ္ဆာ နှစ်သိမ့် အားရခြင်းငှါ။ ပဿဒ္ဓိယာ၊ ကိုယ်စိတ် ငြိမ်းချမ်းခြင်းငှါ။ သောမနဿာယ၊ ဝမ်းမြောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကေန္ဒ နိဗ္ဗိဒါယ၊ ကေန်ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ကေန် ဟပ်မက် ကင်းခြင်းငှါ။ နိရောဓာယ၊ ကေန် ချုပ်ခြင်းငှါ။ ဥပသမာယ၊ ကေန် ငြိမ်းခြင်းငှါ။ အဘိညာယ၊ ကေန် အထူး သိခြင်းငှါ။ သမ္မောဓာယ၊ ကေန် အမှန်အတိုင်း သိခြင်းငှါ။ နိဗ္ဗာနာယ၊ ကေန် ချုပ်ငြိမ်းသော နိဗ္ဗာန် အလိုငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထို ဝိပဿနာ စိတ္တုပ္ပါဒ်၌။ ယော သံဝရဋ္ဌော၊ အကြင် စောင့်စည်းခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ စောင့်စည်းခြင်း သဘောသည်။ အဝိသီလသိက္ခာ၊ အဝိသီလသိက္ခာ ပေတည်း။ တတ္ထ၊ ထို ဝိပဿနာ စိတ္တုပ္ပါဒ်၌။ ယော အဝိက္ခေပဋ္ဌော၊ အကြင် မပျံ့လွင့်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ မပျံ့လွင့်ခြင်း သဘောသည်။ အဝိစိတ္တသိက္ခာ၊ အဝိစိတ္တသိက္ခာပေတည်း။ တတ္ထ၊ ထို ဝိပဿနာ စိတ္တုပ္ပါဒ်၌။ ယော ဒဿနဋ္ဌော၊ အကြင် မြင်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ မြင်ခြင်း သဘောသည်။ အဝိပညာသိက္ခာ၊ အဝိပညာသိက္ခာ ပေတည်း။

"ပဟာန သီလ"ဟူရာ၌ အဓိပ္ပါယ်ကား–နာမ်,ရုပ်မျှသာ ရှိသည်ဟု သိသော ဉာဏ်ဖြင့် 'ပုဂ္ဂိုလ်, သတ္တဝါ"ဟု သိမှားသော အဝိဇ္ဇာကို ပယ်၏။ အကြောင်းနှင့် အကျိုးမျှသာ ရှိသည်ဟု သိသော ဉာဏ်ဖြင့် သတ္တဝါ အလိုလို ဖြစ်သည်ဟူ၍ရင်း, ဘုရားသခင်, ဗြဟ္မာ, သိကြားတို့က ဖန်ဆင်း၍ ဖြစ်သည်ဟူ၍ရင်း သိမှားသော အဝိဇ္ဇာကို ပယ်၏။ မမြဟု သိသော ဉာဏ်ဖြင့် ထင်တိုင်းသော ရုပ် နာမ်တို့၌ မြဲသည်ဟု ထင်မှတ်စွဲလမ်းသော ကိလေသာတို့ကို ပယ်၏။ "ပယ်"ဟူသည်မှာလဲ

အလင်းပေါ်လျှင် အမှောင်ပျောက်သကဲ့သို့ အမှန်သိမှု ပေါ်ခြင်းကြောင့် အမှားသိမှု ရှေ့ဆောင်သော ကိလေသာတို့၏ ပျောက်ကွယ်ခြင်း, ဖြစ်ခွင့်မရခြင်း, မဖြစ်ထိုက်ခြင်းပင်တည်း၊ ဤသို့ ကိလေသာ ဖြစ်ခွင့်မရခြင်းကြောင့် နောက်နောက်ကာလ၌ ဝိပဿနာစသော ကုသိုလ်တို့သည်သာ ဆက်လက်၍ ဖြစ်မြဲ ဖြစ်ပေါ်နိုင်ကုန်၏။

ဤသို့ဖြစ်ရာ၌ နောက်နောက် ကုသိုလ်တို့၏ ဖြစ်မှုသည် "ရှေး ရှေး ဝိပဿနာကြောင့် ကိလေသာဖြစ်ခွင့် မရမှု တည်း"ဟူသော ပယ်ခြင်းလျှင် တည်ရာရှိ၏၊ ထို ပယ်မှုကြောင့်ပင် နောက်နောက်ကာလ၌ အကုသိုလ်နှင့် မရောပဲ ကုသိုလ်ချည်းသာ မြဲမြံ တည်တံ့စွာလဲ ဖြစ်၏၊ သို့ဖြင့်၍ ထိုပယ်မှုသည် နောက်နောက် ကုသိုလ်တို့၏ တည်ရာ ဥပဓာရကလဲ ဖြစ်၏၊ ၎င်းကုသိုလ်တို့ကို မြဲမြံတည်တံ့ စေသော သမာဓာနလဲ ဖြစ်၏။ ဤသို့ ဥပဓာရက, သမာဓာန ၂-ပါးလုံး ဖြစ်သောကြောင့် ထိုပယ်ခြင်းကိုပင် "ပဟာနံ သီလံ"ဟု ဟောတော်မူသည်၊ ဝိပဿနာကြောင့် ကိလေသာ မဖြစ်ထိုက်ခြင်းသည်ပင် သီလမည်၏ ဟု ဆိုလိုသည်၊ ဝေရမဏိ သီလ စသည်တို့၌လဲ ဥပဓာရက, သမာဓာန ၂-ပါးလုံး ဖြစ်၍ သီလမည်ပုံကို နည်းတူပင် သိပါလေ။

ဝေရမဏိသီလ။ ။ဝိပဿနာ စိတ္တုပ္ပါဒ် ၌ ဝိရတိ စေတသိက်တို့ မဖြစ်ကြောင်းကို အဌကထာ, ဋီကာ အလုံးစုံ၌ မိန့်ဆိုကြ၏၊ သို့သော်လဲ ဝိပဿနာ စိတ္တုပ္ပါဒ်သည် ဒုစရိုက် ဒုရာဇီဝ အလုံးစုံတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ တဒင်္ဂပဟာန် အလိုအားဖြင့် ကြဉ်ရှောင်ခြင်း ဂိစ္စကို ပြီးစေနိုင်သည်သာတည်း၊ အဘယ်ကဲ့သို့နည်း ဟူမူ – မဂ် ဝိရတိတို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုကုန်၏၊ ထိုအခိုက်၌ ဝိရမိတဗ္ဗ ဝတ္ထုကို အာရုံပြုခြင်း, ကြဉ်ရှောင်မည်ဟု နှလုံးသွင်းခြင်းမျှား မရှိချေ၊ သို့သော်လဲ ဒုစရိုက် ဒုရာဇီဝတို့ကို သမုစ္ဆေဒပဟာန် အလိုအားဖြင့် ပယ်တတ်သောကြောင့် ကြဉ်ရှောင်ခြင်းဂိစ္စကို ပြီးစေနိုင်ကုန် သကဲ့သို့ ပေတည်း။

ပြီးစေနိုင်ပုံကား။ ။နာမရူပ ပရိစ္ဆေဒဉာဏ် စသည်တို့ ဖြစ်လတ်သော် ထို ရှုမှတ်မိသော အာရုံတို့၌ "ပုဂ္ဂိုလ် သတ္တဝါ ဟု စွဲလမ်းခြင်း "သတ္တဝါ အလိုလို ဖြစ်သည်" ဤသို့ စသည်ဖြင့် စွဲလမ်းခြင်း, "မြဲသည်

ချမ်းသာသည်, ငါကောင် ဟုတ်သည်"ဟု စွဲလမ်းခြင်း တည်းဟူသော ကိလေသာတို့ မဖြစ်ထိုက်ကုန်ပြီ၊ ဤသည်ကား အာရမ္မဏာနုသယ ကင်းခြင်းပင်တည်း၊ ကိလေသာ မဖြစ်ထိုက်သောကြောင့် ပုဂ္ဂိုလ် သတ္တဝါ စသည်ဖြင့် ကြံစည်မှု ပရိယုဋ္ဌာန် မဖြစ်ရပြီ၊ မကြံစည်မိသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ စသည် ထင်မှတ်လျက် ပါဏာတိပါတ စသည်ကို မကျူးလွန်ရပြီ၊ ဤသို့ အာရမ္မဏာနုသယမှ ဝိတိက္ကမ အထိ ကိလေသာတို့ မဖြစ်နိုင်သောကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ် စသည်တို့ ဖြစ်တိုင်း ဖြစ်တိုင်း ထို ကိလေသာ တို့မှ ကြဉ်ရှောင်မှု ပြီး၏၊ ထို့ကြောင့် "ဝေရမဏိ သီလံ"ဟု ဟောတော်မူသည်။

စေတနာသီလ။ ။ရှုမှတ်မှု ပြီးအောင် လုံ့ဆော် တိုက်တွန်းမှု စေတနာသည် ရှုမှတ်တိုင်း ပါဝင်လျက် ဖြစ်၏၊ စောင့်စည်းမှု ကင်းသော ပကတိ လူတို့အား ဤ စေတနာသည် မကောင်းမှုကို ပြုဖြစ်အောင် လျင်မြန်စွာ လုံ့ဆော်ပေးတတ်၏၊ ယောဂိတို့အား သဒ္ဓါ ဆန္ဒ ဝိရိယ ညံ့သောအခါ ရှုမှတ်မှု၌ လုံ့ဆော်မှု အားနည်း၏၊ မျှားစွာ မထင်ရှားချေ၊ သဒ္ဓါ ဆန္ဒ ဝိရိယ ထက်သန်သော အခါ၌ကား ထက်သန်ထင်ရှား၏၊ ဤ စေတနာ၏ လုံ့ဆော်မှုကြောင့် ရှုမှတ်မှုကိစ္စ ပြီးစီးနိုင်လေသည်၊ သို့ဖြစ်၍ စေတနာသည် ကုသိုလ်တရားတို့၏ ဥပဓာရဏာ, သမာဓာန ဖြစ်သောကြောင့် ၎င်းကိုပင် "သီလ" ဟု ဟောတော်မူသည်။

သံဝရသီလ။ ။ဣန္ဒြိယသံဝရသီလအရာ၌ ပြခဲ့သော သံဝရငါးပါးသည် သံဝရသီလမည်၏၊ ဝိပဿနာ ရှုသောသူသည် ရှုတိုင်း, ရှုတိုင်း ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါဝင်သော ၎င်း သံဝရ ငါးပါးဖြင့် အသံဝရတရားတို့ မဖြစ်ရအောင် ပိတ်ဆို့ စောင့်ရှောက်နေသည် မည်၏၊ သီးသန့်အားဖြင့်သော်ကား သတိ, ဉာဏ, ခန္တီ, ဝိရိယ တို့ကိုသာ သံဝရဟု ယူရာ၏။

အဝိတိက္ကမ သီလ။ ။ရှုမှတ်၍ အမှန်အတိုင်း သိသော စိတ်သည် သိမှားမှု မောဟ စသည်ဟို့အား ဖြစ်ခွင့်မပေးသောကြောင့် ထို မောဟ စသည်တို့ကို မလွန်ကျူးသည်, မရောက်သည် မည်၏၊ ထင်ရှားစေအုံ့–ပါဏာတိပါတ စေတနာ ဖြစ်လျှင် ထို ပါဏာတိပါတကို လွန်ကျူးသည်,

ရောက်သည် မည်၏၊ ပါဏာတိပါတမှ ကြဉ်လိုသော စိတ်ဖြစ်လျှင် မလွန်ကျူး သည်, မရောက်သည် မည်၏၊ ဤအတူပင် မရှိသော စိတ်သည် အနုသယ, ပရိယုဋ္ဌာန်, ဝိတိက္ကမ ကိလေသာ တို့အား ဖြစ်ခွင့် ပေးသောကြောင့် ထို ကိလေသာမျှားကို လွန်ကျူးသည်မည်၏၊ ရှိသောစိတ်သည်ကား ထိုကိလေသာ တို့အား ဖြစ်ခွင့်မပေးသောကြောင့် ထို ကိလေသာ တို့ကို မလွန်ကျူးသည် မည်၏၊ သို့ဖြစ်၍ ရှိသော စိတ္တုပ္ပါဒ်ကိုပင် "အဝိတိက္ကမ သီလ" ဟု ဟောတော်မူ သည်။

ဤသီလငါးမျိုးတို့တွင် စေတနာသီလ, သံဝရသီလတို့၌သာလျှင် တရားကိုယ် သီးသန့် ရှိ၏၊ ပဟာနသီလမှာ ကိလေသာတို့ကို ပယ်ခြင်း, ကိလေသာတို့၏ မဖြစ်ထိုက်ခြင်း, ဖြစ်ခွင့်မရခြင်း, ကင်းခြင်းမျှသာတည်း၊ ဝေရမဏိသီလ, အဝိ-တိက္ကမသီလတို့သည်ကား "ဝေရမဏိဝသေန အဝိတိက္ကမဝသေန စေတသော ပဝတ္တသဘာဝ" သန္ဓေယ တုတ္တာ ဟူသော ဝဿုဒ္ဓမဂန္ဓီ အည် တရားကိုယ် အားဖြင့် ဝိပဿနာစိတ္တုပ္ပါဒ် သာလျှင်တည်း၊ သို့သော်လဲ သီးခြား သီလမျှား ဖြစ်သော စေတနာနှင့် သံဝရတို့မှ ကြွင်းသော စိတ္တုပ္ပါဒ်ကိုသာ ဝေရမဏိသီလ, အဝိတိက္ကမသီလ-ဟု မှတ်ရာ၏။

ဤသို့ခွဲခြားရာ၌ ဝေရမဏိသီလနှင့် အဝိတိက္ကမသီလတို့သည် အရ တရား ကိုယ် တူကြသော်လဲ အနုသယ, ပရိယုဋ္ဌာန်, ဝိတိက္ကမ ကိလေသာတို့မှ ကြဉ် ရှောင်မှုပြီးခြင်းကြောင့် ဝေရမဏိသီလဟု ဆိုသည်၊ မိမိသန္တာန်၌ ဖြစ်ခွင့်မပေး သောအားဖြင့် ထိုကိလေသာတို့ကို မလွန်ကျူးခြင်း, မရောက်ခြင်းကြောင့် အဝိတိက္ကမသီလဟု ဆိုသည်၊ ဤသို့ ထူးသေးသည်ဟု မှတ်အပ်၏။

"ယော တတ္ထ သံဝရဋ္ဌော" စသည်၌ အဓိပ္ပါယ်ကား– ပဟာန, ဝေရမဏိ, စေတနာ, အဝိတိက္ကမ ဟူသော ဤသီလ ၄-မျိုးကို သီလသံဝရဟု မှတ်ရာ၏၊ ရှုအပ်သော ရူပ်နာမ်အာရုံ၌ ပြေးဝင်သကဲ့သို့ ထင်သောသတိသည် သတိသံဝရ မည်၏၊ သိသောဉာဏ်သည် ဉာဏသံဝရ မည်၏၊ ထင်တိုင်းသောအာရုံ၌ မပြစ် မှားတတ်သော (ဝါ) ပြစ်မှားမှု၏ ဆန့်ကျင်ဘက်ဖြစ်သော အဒေါသသည် ခန္တီ-သံဝရ မည်၏၊ အားထုတ်မှု ဝီရိယသည် ဝီရိယသံဝရ-မည်၏၊ ဤ သံဝရငါးပါး

တည်းဟူသော စောင့်စည်းခြင်းသဘောသည် ရှုတိုင်း ရှုတိုင်းသော ဝိပဿနာစိတ္တုပ္ပါဒ်၌ ပြည့်စုံစွာဖြစ်၏၊ ဤစောင့်စည်းမှု သံဝရငါးပါးသည် ဝိပဿနာစိတ်တချက်တချက်၌ ပြီးစီးသော အဓိသီလသိက္ခာ မည်၏။

ဤသို့ဆိုရာ၌ ဉာဏ်, သတိ, ဝီရိယတို့ကို သီလဟု ဆိုခြင်းမှာ ပရိယာယ်မျှသာတည်း၊ မုချအားဖြင့်သော်ကား ဉာဏ်သည် ပညာကွန္ဓာအစစ် ဖြစ်၏၊ သတိ, ဝီရိယတို့သည်လည်း သမာဓိကွန္ဓာ၌သာ ဝင်ကုန်၏။

ထို့ပြင်— ဝိပဿနာစိတ္တုပ္ပါဒ်၌ သီလလေးပါးလုံး ပြည့်စုံပုံကိုလဲ ဤသို့သိအပ်၏၊ သီလသံဝရဟု ပြခဲ့သော ပဟာန, ဝေရမဏိ, စေတနာ, အဝီတိက္ကမ သီလတို့ဖြင့် ပါတိမောက္ခသံဝရသီလနှင့် အာဇီဝပါရိသုဒ္ဓိသီလတို့သည် ပြီးစီးပြည့်စုံကုန်၏၊ အကြောင်းမူကား ပဟာနသီလ စသည်တို့ဖြင့် အနုသယ, ပရိယုဋ္ဌာန်, ဝီတိက္ကမ ကိလေသာ အလုံးစုံပင် ဖြစ်ခွင့်မရှိပြီဖြစ်၍ ကိုယ်, နှုတ်တို့ဖြင့် လွန်ကျူးမှု အလျှင်း မဖြစ်နိုင်သောကြောင့်တည်း။

သတိ, ဉာဏ, ခန္တိ, ဝီရိယ သံဝရတို့သည် ဣန္ဒြိယသံဝရသီလတို့ ပေတည်း၊ ထိုသံဝရလေးပါးတို့တွင် ပစ္စည်းတို့ကို သုံးဆောင်သောကာလ၌ ရှုမှတ်၍သိသော ဉာဏသံဝရသည်ကား ပစ္စယသန္နိဿိတ သီလကို ပြီးစီးပြည့်စုံစေ၏၊ အကြောင်းမူကား-ဆင်ခြင်၍ သုံးဆောင်ရမည်ဟု ဘုရားဟောတော်မူခဲ့သည်မှာ ပစ္စည်းနှင့်စပ်၍ ကိလေသာ မဖြစ်စေရန် အတွက်သာတည်း၊ ဆင်ခြင်မှုဖြင့် ပရိယုဋ္ဌာန်, ဝီတိက္ကမတို့ကိုသာ ပယ်နိုင်၏၊ အနုသယကိုကား မပယ်နိုင်၊ ဝိပဿနာဉာဏ်ဖြင့်ကား ထိုပစ္စည်းတို့နှင့်စပ်၍ ဖြစ်ထိုက်သော အနုသယကိုပါ ပယ်နိုင်၏၊ ထို့ကြောင့် ဉာဏသံဝရဖြင့် ပစ္စယသန္နိဿိတသီလ အပြည့်အစုံ စင်ကြယ်သည်ကို မြဲမြံစွာ မှတ်အပ်၏။

ဘာဝနာဖြင့် ပြီးစီးပုံ။ ။ဘာဝနာအရာ၌ အစဉ်အဆက် ချတ်ယွင်းခဲ့ကြသောကြောင့် ပစ္စဝေက္ခဏာကို "ဘာဝနာထက် ကြီးလေးမြင့်မြတ်သည်" ဟု ထင်တတ်ကြ၏၊ ထိုသို့ထင်တတ်သောကြောင့် ဘာဝနာဖြင့် ဆင်ခြင်မှု ပြီးကြောင်းကို ပြခဲ့ပြီးသော အသင့် ယုတ္တိမျှဖြင့် အချိုက မယုံကြည်

နိုင်ပဲ ရှိသေးရာ အမှန်အားဖြင့်ဆိုလျှင်–သမထ,ဝိပဿနာတို့သည် ပစ္စဝေက္ခဏာ နှင့် မနှိုင်းယှဉ်သာအောင်ပင် ကြီးကျယ်မြင့်မြတ်ကုန်သည် သာတည်း။

ထို့ကြောင့် ဘာဝနာ တပါးပါးကို လက်ဖျစ်တတွက်ခန့်မျှ နှလုံးသွင်းမှုဖြင့် သော်လဲ ပစ္စယသန္နိဿိတသီလ ပြီးစီးကြောင်းကို မြတ်စွာဘုရား ကိုယ်တော် တိုင်ပင် ဟောတော်မူခဲ့ပေသည်၊ ဧကင်္ဂုတ္တရမှ ထိုပါဋိတော်အချိုကို ထုတ်ပြ ပေအံ့၊ ရဟန်းတို့၏ အတွက်သာတည်း။

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေ-ဝတိ ဘာဝေတိ မနသိကရောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ, သတ္ထုသာသနကရော, သြဝါဒပတိကရော, အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီ-ကရောန္တိ။ (အံ ၁-၉-အစ္ဆရာသင်္ဃာတဝဂ်)။

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာ-နုပဿီ ဝိဟရတိ၊ ဝေဒနာသု ဝေဒနာနုပဿီ၊ စိတ္တေ စိတ္တာနုပဿီ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ, သတ္ထုသာသနကရော, သြဝါဒပတိ-ကရော, အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီ ကရောန္တိ။ (အံ ၁-၄၁-အပရအစ္ဆရာသင်္ဃာတဝဂ်)။

ပဌမသုတ်အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ မေတ္တာ-စိတ္တံ၊ သတ္တဝါတို့အား စီးပွါးချမ်းသာ ဖြစ်စေလိုသော စိတ်ကို။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖျစ် တတွက်ခန့်မျှ သော်လဲ။ စေ အာသေဝတိ၊ အကယ်၍ မှီဝဲငြားအံ့။ စေ ဘာဝေတိ၊ အကယ်၍ ဖြစ်စေငြားအံ့။ စေ မနသိ ကရောတိ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဘိက္ခု၊ ဤသို့သော ရဟန်းကို။ အရိတ္တဇ္ဈာနော ဝိဟရတိ၊ ရှုမှုစျာန် မကင်းပဲ နေသူဟူ၍။ သတ္ထု-သာသနကရော၊ ဘုရား၏ အဆုံးအမကို ပြုသူဟူ၍။ သတ္ထုသြဝါဒ

ပတိကရော၊ ဘုရား၏ ဩဝါဒကို လိုက်နာသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသားပြည်သူတို့ ကြည်ဖြူ၍ လှူအပ်သော ဆွမ်းကို။ အမောဃံ ဘုဉ္ဇတိ၊ အခြည်းနှီး မဖြစ်စေပဲ သုံးဆောင်သူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယေ၊ အကြင် ရဟန်းတို့သည်။ နံ၊ ထိုမေတ္တာစိတ်ကို။ ဗဟုလီ ကရောန္တိ၊ အကြိမ်များစွာ ပြုကုန်၏။ တေသု၊ ထိုရဟန်းတို့၌။ ဝါ၊ ဒါ၊ ရှုမှုမကင်းပဲ နေသူ, ဘုရား အဆုံးအမကို လိုက်နာ၍ ကျင့်သူ, အကျိုးများစေလျက် ဆွမ်းကို သုံးဆောင်သူဟူ၍ ပြောဆိုဘွယ်သည်။ ကောပန၊ အဘယ်မှာ ရှိပါတော့အုံနည်း။ ဝါ၊ မုချ ဆိုအပ်တော့သည် သာတည်း။

ဒုတိယသုတ်၏ အနက်ကား လွယ်ပြီ၊ ထိုတွင် ပဌမသုတ်၌ မေတ္တာစိတ် ဟူသည်မှာ—

"မေတ္တာယ သမ္ပယုတ္တဘာဝေါ နာမ နေဝ အပ္ပနာ၊ နှ ဥပစာရော၊ သတ္တာနံ ဟိတဖရဏမတ္တမေဝ"—

စသည်ဖြင့်ရင်း,

"ဣမ ပန မေတ္တာ ပုဗ္ဗဘာဂေန ဟိတဖရဏပ္ပဝတ္တနမတ္တေနေဝ အာသေဝတိတိ ဝေဒိတဗ္ဗာ"—

ဟူ၍ရင်း ဆိုသော အဋ္ဌကထာနှင့်အညီ ဥပစာရ, အပ္ပနာစျာန်တို့ မဟုတ်သေး၊ သူခပ်သိမ်းပင် နှလုံးသွင်းနိုင်ကောင်းသော မေတ္တာစိတ် သာမန်မျှသာတည်း။

သို့ဖြစ်၍ ဤသုတ်တို့ဖြင့် ပြဆိုလိုသည်မှာ ထိုသို့သော မေတ္တာစိတ်ကိုဖြစ်စေ, ထိုမှတပါးသော သမထဘာဝနာကိုဖြစ်စေ,ကာယာနုပဿနာစသော ဝိပဿနာ ကိုဖြစ်စေ လက်ဖျစ် တတွက်ခန့်မျှသော်လဲ နှလုံးသွင်း ဖြစ်ပွါးစေလျှင် ထိုသို့ သော ရဟန်းသည် ဘုရား၏ အဆုံးအမကို လိုက်နာ၍ ကျင့်သောကြောင့် သေက္ခပုဂ္ဂိုလ်အဖြစ်၌ ပါဝင်ပြီးဖြစ်သည့်အတွက် ဒါယကာတို့၏ ဆွမ်းကို ထိုသို့ သော ရဟန်းကို၏ သုံးဆောင်မှုသည် အကျိုးများလှပြီ ဟူ၍ရင်း, အာဏာဏျပရိ ဘောဂ, ဒါယဇ္ဇပရိဘောဂ, သာမိပရိဘောဂ မည်ပြီ ဟူ၍ရင်း ဆိုအပ် ဆိုထိုက်

ချေသေး၏၊ မပြတ်မစဲ အားထုတ်နေသူမှာကား ဆိုဘွယ်ရာပင် မရှိတော့ပြီဟု ပြဆိုလိုဏ်၊ ထို့ကြောင့် အဌကထာတို့၌ ဤသို့ ဖွင့်ပြ၏။

ပရိဘုဥ္ဇတီတိ စတ္တာရော ပရိဘောဂါ ထေယျပရိဘောဂေါ, ဣဏ, ဒါယဇ္ဇ, သာမိပရိဘောဂေါတိ (ပေ။ ဝိတ္ထာရ)၊ တတ္ထ ဣမသ ဘိက္ခုနော အယံ ရဋ္ဌပိဏ္ဍပရိဘောဂေါ ဒ္ဒိဟိ ကာရဏေဟိ အမောဃော ဟောတိ။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ မေတ္တာစိတ္တံ အာသေဝန္တော ဘိက္ခု ရဋ္ဌပိဏ္ဍသာ သာမိကော ဟုတ္ဝာ အဏဏော ဟုတ္ဝာ ဒါယာဒေါ ဟုတ္ဝာ ပရိဘုဥ္ဇတီ-တိပိသ အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ၊ အစ္ဆရာသင်္ဃာတ-မတ္တမ္ပိ မေတ္တံ အာသေဝန္တသ ဘိက္ခုနော ဒိန္နဒါနံ မဟဋ္ဌိယံ ဟောတိ မဟပ္ဖလံ မဟာနိသံသံ မဟာဇုတိကံ မဟာဝိပ္ဖါရန္တိပိသ အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ။ ယေ ပန ဣမံ မေတ္တာစိတ္တံ ဗဟုလံ အာသေဝန္တိ ဘာဝေန္တိ ပုနပ္ပုနံ ကရောန္တိ၊ တေ အမောဃံ ရဋ္ဌပိဏ္ဍံ ပရိဘုဥ္ဇန္တိတိ ဧတ္ထ ဝတ္တဗ္ဗမေဝ ကိံ။ ဧဝရူပါ ဟိ ဘိက္ခူ ရဋ္ဌပိဏ္ဍသ သာမိနော အဏဏာ ဒါယာဒါ ဟုတ္ဝာ ပရိဘုဥ္ဇန္တိ။ (အံ-ဋ္ဌ ၁-၅၄)

အဝိပ္ပါယ် အကျဉ်းကား။ ။ လက်ဖျစ်တတ္ဝက် ခန့်မျှသော်လဲ မေတ္တာကို ပွါး သော ရဟန်း၏ ဆွမ်းကို သုံးဆောင်ခြင်းသည် မိမိ၏ အကျိုးများခြင်း, ဆွမ်းဒါယကာတို့၏ အကျိုးများခြင်း ဟူသော ဤ အကြောင်း ၂-ပါးကြောင့် အမောဃ ပရိဘောဂ=အချည်းနှီး မဖြစ်သော သုံး ဆောင်ခြင်း မည်၏။ မိမိ၏ အကျိုးများပုံ=မေတ္တာကို ပွါးစေ၍ သုံးဆောင်ခြင်း ကြောင့် သာမိပရိဘောဂ=ဆွမ်း၏ပိုင်ရှင်ဖြစ်လျက် သုံးဆောင်ခြင်း, အာဏဏျ ပရိဘောဂ=ကြွေးမြီကင်းလျက် သုံးဆောင်ခြင်း, ဒါယဇ္ဇပရိဘောဂ=အမွေခံ ဖြစ်လျက် သုံးဆောင်ခြင်းများသာလျှင် ဖြစ်၏။ ပစ္စဝေက္ခဏာ မဆင်ခြင်သော်လဲ ဣဏပရိဘောဂ မဖြစ်ပြီ၊ (အဏဏော ဟုတ္ဝာကို သတိပြုပါလေ။) ထို့ပြင် သုံးဆောင်မှုနှင့် စပ်၍ မေတ္တာဘာဝနာ ကုသိုလ်လဲ ဖြစ်ပွါး၏၊ ဤသည်ကား မိမိ၏ အကျိုးများမှုတို့ ပေတည်း။ ဆွမ်းဒါယကာ၏ အကျိုးများပုံကား ဘာဝ ဘာကို ပွါးစေသောရဟန်းသည် သောတာပတ္တိဖိုလ်ကိုရအောင် အားထုတ်သော အဌမဒက္ခိဏေယျ ပုဂ္ဂိုလ်တို့တွင် အလတ်စားအဖြစ်သို့ ရောက်၏၊ ထို့ကြောင့်

ထိုသို့သောပုဂ္ဂိုလ်အား လှူမိသောဒါယကာသည် များပြားကြီးကျယ်စွာသော ဒါန၏အကျိုးကို ရနိုင်၏၊ ဤသည်ကား ဒါယကာ၏အကျိုးများပုံတည်း၊ ဤသို့ နှစ်ဦးနှစ်ဘက်လုံး အကျိုးများစေ နိုင်သောကြောင့် အမောဃ ပရိဘောဂ မည်၏၊ မေတ္တာဘာဝနာကို မပြတ်အားထုတ်နေသော ရဟန်းတို့၌ကား ဆိုဘွယ် မရှိပြီ၊ ထိုသို့သော ရဟန်းတို့သည်ကား ဆွမ်း၏ပိုင်ရှင်အစစ်, ကြွေးမြီကင်းသူ အစစ်, အမွေခံအစစ် ဖြစ်၍သာလျှင် သုံးဆောင်ကြသည် မည်ပါ၏–ဟူလို။

အဋ္ဌကထာ၌ မေတ္တာကိုသာ တိုက်ရိုက် ဖွင့်ပြသောကြောင့် "မေတ္တာတခုတည်းသာ ဤသို့ အကျိုးများစေနိုင်သည်" ဟူ၍ကား မမှတ်အပ်၊ ပါဋ္ဌိတော်၌ သမထဘာဝနာ အလုံးစုံ, စျာန်သမာဓိတ် အလုံးစုံ, ကာယာနုပဿနာ စသော ဝိပဿနာအလုံးစုံတို့ကိုလဲ နည်းတူချည်းသာ ဟောတော်မူပေသည်၊ ထို့ကြောင့် ဘာဝနာအလုံးစုံပင် ဤသို့ အကျိုးများစေနိုင်သည်ချည်းသာဟူ၍ မှတ်အပ်၏၊ အဋ္ဌကထာ၌ အခြားဘာဝနာတို့ကို မဖွင့်ပြခြင်းမှာ အစဆုံးဖြစ်သော ဤ မေတ္တာသုတ်၌ ဖွင့်ပြပြီးသော နည်းရှိခြင်းကြောင့် သာတည်း၊ သို့ဖြစ်၍ ဝိပဿနာဉာဏ်ဖြင့် ပစ္စယသန္နိဿိတသီလ ပြီးစီးပြည့်စုံသည်ကို နိဿယ မှတ်ပါလေ။

ဤမျှသော စကားအစဉ်ဖြင့် လူတို့အား ရှေးအဖို ကြာမြင့်စွာက သီလ စောင့်ခဲ့သည် ဖြစ်စေ, မစောင့်ခဲ့သည် ဖြစ်စေ ဝိပဿနာစိတ္တုပ္ပါဒ်ဖြင့် သီလ ၄-ပါးလုံး ထက်ဝန်းကျင် စင်ကြယ်လျက် သီလဝိသုဒ္ဓိ ဖြစ်ကြောင်းကို ထင်ရှား သိနိုင်ပြီ၊ သို့သော်လဲ ဘာဝနာဖြင့်သာ သီလဝိသုဒ္ဓိပြီးသောသူ၏ သမာဓိ, ပညာတို့ကို ပွါးစေခြင်းသည် "သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္ဇ ဘာဝယံ" ဟူသော ဒေသနာအရအားဖြင့် အဘယ် သီလ၌ အဘယ်သို့ တည်၍ ပွါးစေခြင်းပါနည်း ဟူငြားအံ့။

သီလ၌တည်၍ ပွါးစေပုံ။ ။ခပ်သိမ်းသော ယောဂီတို့၏ သမာဓိ, ပညာကို ပွါးစေခြင်းသည် ဥပနိဿယ ပစ္စည်းဖြစ်သော ပုဗ္ဗဘာဂသီလနှင့် နိဿယပစ္စည်းဖြစ်သော သဟဇာတသီလတို့၌ ဥပနိဿယ အလို, နိဿယအလိုအားဖြင့် တည်၍ ပွါးစေခြင်းချည်းသာတည်း၊ ထင်ရှား စေဦးအံ့။

ဥပနိဿယပတိဋ္ဌာ။ ။ရှည်မြင့်စွာသောကာလမှ စဋ္ဌ်ဖြစ်စေ, အားထုတ်ခါနီးမှ ဖြစ်စေ စောင့်ရှောက် ဆောက်တည်အပ်သော သီလရှိသူအား ထိုသီလသည် ဖြစ်လတံ့သော ဝိပဿနာ သမာဓိ, ပညာ၊ မဂ်သမာဓိ, ပညာတို့၏ ပကတူပနိဿယပစ္စည်းဖြစ်သော တည်ရာ မှီရာ မည်၏၊ စောင့်ရှောက် ဆောက်တည်အပ်သော သီလရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ရှေးရှေးသော ဝိပဿနာစိတ္တုပ္ပါဒ်, မဂ်ဖိုလ်စိတ္တုပ္ပါဒ်တို့၌ ပါဝင်သောသီလသည်လည်း နောက်နောက်သော ဝိပဿနာ သမာဓိ, ပညာ၊ မဂ်သမာဓိ,ပညာတို့၏ ပကတူပနိဿယ ပစ္စည်းဖြစ်သော တည်ရာ မှီရာ မည်၏။

နိဿယ ပတိဋ္ဌာ။ ။အသီးအသီးသော ဝိပဿနာ စိတ္တုပ္ပါဒ်, မဂ်စိတ္တုပ္ပါဒ်တို့၌ ပါဝင်သော သီလသည် ထိုစိတ္တုပ္ပဒ်ါအသီးသီး၌ ပါဝင်သော သမာဓိ, ပညာတို့၏ သဟဇာတနိဿယ ပစ္စည်းဖြစ်သော တည်ရာ မှီရာ မည်၏၊ သို့ဖြစ်၍ ရှေးအဖိုကပင် သီလဝိသုဒ္ဓိဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ဥပနိဿယသီလ, နိဿယသီလ ၂-မျိုးလုံး၌ တည်၍ သမာဓိ, ပညာတို့ကို ပွါးစေသည် မည်၏။

ဝိပဿနာဖြင့်သာလျှင် သီလဝိသုဒ္ဓိပြီးသော ပုဂ္ဂိုလ်သည်ကား ပဌမဆုံး ရှုမှတ်သော စိတ္တုပ္ပါဒ်၌ သဟဇာတနိဿယ ဖြစ်သော သီလ၌သာလျှင် တည်၍ သမာဓိ, ပညာတို့ကို ပွါးစေသည် မည်၏၊ ဒုတိယအကြိမ် ရှုမှတ်သော စိတ္တုပ္ပါဒ်စသည်တို့၌ကား ဥပနိဿယ ပတိဋ္ဌာ, နိဿယပတိဋ္ဌာ ဖြစ်သော သီလ ၂-မျိုးလုံး၌ပင် တည်၍ ဝိပဿနာ သမာဓိ, ပညာ၊ မဂ်သမာဓိ,ပညာတို့ကို ပွါးစေသည် မည်၏၊ ထို့ကြောင့် မဟာဋီကာ၌ အောက်ပါအတိုင်း ဖွင့်ပြတော်မူလေသည်—

ပတိဋ္ဌာယာတိ ဒုဝိဓာ ပတိဋ္ဌာ နိဿယူပနိဿယဘေဒတော။ တတ္ထ ဥပနိဿယပတိဋ္ဌာ လောကိယာ, ဣတရာ လောကုတ္တရာ အဘိန္ဒိတ္ဒာ ဂဟဏေ၊ ဘိန္ဒိတ္ဒာ ပန ဂဟဏေ "ယထာ လောကိယ စိတ္တုပ္ပါဒေသု သဟဇာတာနံ, ပုရိမပစ္ဆိမာနဉ္စ ဝသေန နိဿယူပနိဿယ ပတိဋ္ဌာ သမ္ဘဝတိ"၊ ဧဝံ လောကုတ္တရေသု ဟေဋ္ဌိမ မဂ္ဂ ဖလ သီလဝသေန

ဥပနိဿယ ပတိဋ္ဌာပိ သမ္ဘဝတိ။ "ပတိဋ္ဌာယာ"တိ စ ပဒဿ ယဒါ ဥပနိဿယ ပတိဋ္ဌာ အဓိပ္ပေတာ၊ တဒါ "သဒ္ဓံ ဥပနိဿာယာ"တိ အာဒီသု ဝိယ ပုရိမကာလကိရိယာဝသေန အတ္ထော ဝေဒိတဗ္ဗော၊ တေနာဟ "ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီ"တိ။ ယဒါ ပန နိဿယပတိဋ္ဌာ အဓိပ္ပေတာ၊ တဒါ "စက္ခုဠ္ဠ ပဋိစ္စ"တိ အာဒီသု ဝိယ သမာနကာလကိရိယာဝသေန အတ္ထော ဝေဒိတဗ္ဗော။ (၁-၁၃)

မြန်မာပြန်။ ။ပတိဋ္ဌာယ ဟူရာ၌ တည်ရာသည် နိဿယ, ဥပနိဿယ အပြား အားဖြင့် ၂-မျိုးပြား၏၊ ထို ၂-မျိုးတို့တွင် မဂ် သမာဓိ ပညာ ၄-မျိုးကို မခဲ့ပဲ ယူလျှင် လောကီသီလသည် ဥပနိဿယ ပတိဋ္ဌာတည်း၊ လောကုတ္တရာသီလသည် နိဿယ ပတိဋ္ဌာတည်း၊ မဂ် ၄-ပါးကို ခဲ့၍ယူလျှင်ကား "လောကီဝိပဿနာ စိတ္တုပ္ပါဒ်တို့၌ တကွဖြစ်သော သီလနှင့် သမာဓိ, ပညာတို့၏ အလိုအားဖြင့်ရင်း, ရှေးအဖို့၌ဖြစ်သော သီလနှင့် နောက်အဘို့၌ဖြစ်သော သမာဓိ ပညာတို့၏ အလိုအားဖြင့်ရင်း, နိဿယ ပတိဋ္ဌာ, ဥပနိဿယ-ပတိဋ္ဌာ ၂-မျိုးလုံး ဖြစ်သင့်သကဲ့သို့ ဤနည်းတူပင် လောကုတ္တရာသီလ တို့တွင် အောက်အောက် မဂ်သီလ, ဖိုလ်သီလတို့ အလိုအားဖြင့် ဥပနိဿယ ပတိဋ္ဌာသည်လည်း ဖြစ်သင့်သေး၏၊ (အောက်အောက် မဂ်ဖိုလ်သီလသည် အထက်အထက် မဂ် သမာဓိ,ပညာတို့၏ ဥပနိဿယ ပစ္စည်းဖြစ်၍ ဥပနိဿယ ပတိဋ္ဌာလဲ ဖြစ်နိုင်ပါ၏ဟူလို။) သည်မျှသာ မကသေး ဥပနိဿယပတိဋ္ဌာကို ဆိုလိုလျှင် "သဒ္ဓံ ဥပနိဿာယ" စသည်တို့၌ကဲ့သို့ ပတိဋ္ဌာယပုဒ်၏ အနက်ကို ပုဗ္ဗကာလကိရိယာ အလိုအားဖြင့် သိအပ်၏၊ (သီလေ ပတိဋ္ဌာယ-သီလ၌ တည်ပြီး၍၊ ဤသို့အနက်ပေးရမည် ဟူလို၊) ထို့ကြောင့် "ဤရဟန်း၏ ကာယကံ ဝစီကံ အာဇီဝသည် ရှေးကပင် စင်ကြယ်သည်"ဟု ဟောတော်မူပြီ။ နိဿယ ပတိဋ္ဌာကို ဆိုလိုလျှင်ကား 'စက္ခုဠ္ဠ ပဋိစ္စ"စသည်တို့၌ကဲ့သို့ သမာနကာလကိရိယာ အလိုအားဖြင့် အနက်ကို သိအပ်၏၊ (သီလေ ပတိဋ္ဌာယ--သီလ၌ တည်ဆဲဖြစ်၍၊ ဝါ-တည်လျက်၊ ဤသို့ အနက်ပေးရမည် ဟူလို။)

အထူးမှတ်ဘွယ်။ ။ဘာဝနာဖြင့်ပင် သီလဝိသုဒ္ဓိ ပြီးနိုင်ကြောင်းကို ကျယ်ဝန်းစွာ ပြဆိုခဲ့သည်မှာ "ဘာဝနာကို အားထုတ်လိုလျှင် သီလကို စင်ကြယ်အောင် ကြာမြင့်စွာ စောင့်ထိန်း နေရဦးမည်၊ ထို့နောင်မှ သာလျှင် ဘာဝနာကို အားထုတ်ကောင်းသည်၊ ယခုမှ သီလ ဆောက်တည်၍ ယခု ချက်ခြင်း အားမထုတ်ကောင်း"ဟူ၍ ယူဆပြောဆိုသော သူတို့အားလုံး, ထိုသို့သော စကားကို ယုံကြည်သော သူတို့အားလုံး ဘာဝနာအလုပ်၏ အနှောင့်အယှက် မဖြင်ပါ။စလင့်, မကဲ့ရဲ့အပ်သည်ကို ကဲ့ရဲ့ပြစ်မှားမှု အကုသိုလ် မဖြစ်ပါစေလင့်ဟု မြှော်လင့်တောင့်တ၍သာလျှင် ပြဆိုခြင်းဖြစ်ပေသည်၊ သီလကို မရှိမသေ ပြုစေလို၍ ပြဆိုခြင်းကား မဟုတ်ပေ။

အမှန်အာ.ဖြင့် သော်ကား။ ။သီလသည် အလွန်ပင် အလေးပြုထိုက်သော အကျင့်ပေတည်း၊ အပါယ် ၄-ပါး၌ အတိဒုက္ခ ရောက်လျက် နေကြသော သတ္တဝါတို့တွင် သံလပျက်မှုကြောင့် ကျရောက်ရသောသူတို့သည် တရာလျှင် ၉၉-ရောက်ထက်မနည်း ရှိကုန်ရာ၏၊ လူ့ဘုံ, နတ်ဘုံ၌ ချမ်းသာလျက်ရှိသော သူတို့တွင်လဲ သီလစင်ကြယ်မှုကြောင့် လူ, နတ် ဖြစ်သော သူတို့သည် တရာလျှင် ၅၀-ထက် မနည်း ရှိကုန်ရာ၏၊ မဂ်ဖိုလ်ကို ရသော ပုဂ္ဂိုလ်တို့တွင်လဲ ရှေးအဖို့က သီလစင်ကြယ်၍ မဂ်ဖိုလ်ကို ရသော သူတို့သည် သာလျှင် များကုန်ရာ၏၊ သန္တတိအမတ်ကြီး စသူတို့ကဲ့သို့ ရှေးအဖို့က သီလ မစင်ကြယ်ပဲ မဂ်ဖိုလ်ရသောသူတို့မှာ အနည်းငယ်သာ ရှိကုန်ရာ၏။

သို့ဖြစ်၍ သီလကို မည်သူမဆို အသက်ပမာ အလေးပြု၍ စောင့်ထိန်းအပ်, စောင့်ထိန်းထိုက်သည်သာတည်း၊ နောင်အခါမှ စောင့်ထိန်းမည်ဟု ပေါ့ပေါ့ဆဆ မပြုအပ်သည်သာတည်း၊ အကြောင်းမူကား-ထိုသို့ ပေါ့ပေါ့ဆဆပြုလျက် သီလပျက်စီး နေခိုက်တွင် အမှတ်တမဲ့ ရုတ်တရက် သေဆုံးသွားပါလျှင် မျက်စိတမှိတ်ခန့် ကာလဒဿတွင်းမှာပင် အပါယ်ဘုံသို့ ကျရောက်သွားမည်ကို စိုးရိမ်ရသောကြောင့်ပေတည်း၊ ဘာဝနာကို အားထုတ်လိုသော သူတို့၌ကား ဆိုဘွယ်ပင် မရှိတော့ပြီ၊ ထိုသို့သော သူတို့သည်ကား အသက်ထက်ပင် အလေးအမြတ်ပြု၍ ထက်ဝန်းကျင် စင်ကြယ်အောင် စောင့်ထိန်းအပ်, စောင့်ထိန်းထိုက်သည်သာတည်း။

ထို့ကြောင့် ဘာဝနာကို အားထုတ်လိုသော သူသည် အမြဲတမ်း သီလ စင်ကြယ်နေသော်လဲ သမာဓိ, ပညာတို့အား ကျေးဇူးပြုနိုင်စေရန် ရည်သန်မြော်လင့်၍ ငါးပါးသီလကို ဖြစ်စေ, အာဇီဝဋ္ဌမကသီလကို ဖြစ်စေ ရှေးဦးစွာ ဆောက်တည် ကျင့်သုံး အပ်၏။ ပလိဗောဓ အလုံးစုံကို ပယ်ဖြတ်၍ ၇-ရက်ဖြစ်စေ, ထိုထက် အလွန် ဖြစ်စေ နေ့ညဉ့်မပြတ် အားထုတ်လိုလျှင်ကား ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကို ဆောက်တည် ကျင့်သုံးအပ်ကုန်၏။

အကျိုးကား။ ။အမှတ်တရ ဆောက်တည် ကျင့်သုံးအပ်သော ထိုသီလကို အားထုတ်သော ကာလ၌ သတ်ရတိုင်း "သီလ စင်ကြယ်ပါပေသည်"ဟု စိတ်နှလုံး သာရှင်ခြင်း ဖြစ်ပါလတံ့၊ အနည်းငယ် နှစ်သိမ့် အားရခြင်း ဖြစ်ပါလတံ့၊ မျှားစွာ နှစ်သိမ့် အားရခြင်း ဖြစ်ပါလတံ့၊ ကိုယ်စိတ် ငြိမ်းအေခြင်း ဖြစ်ပါလတံ့၊ ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်ပါလတံ့၊ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်း ဖြစ်ပါလတံ့၊ ထင်တိုင်းသော ရုပ်နာမ်တို့ကို ရှုမှတ်နိုင်၍ အမှန်အတိုင်း သိသော ယထာဘူတဉာဏ် စသည် ဖြစ်ပါလတံ့သတည်း၊ ဤသည်ကား လူတို့၏ သီလဝိသုဒ္ဓိ ဖြစ်ပုံတည်း။

လူတို့၏ သီလဝိသုဒ္ဓိ ပြီး၏။

(ဝိပဿနာရှုနည်းကျမ်း ပဌမတွဲ မျက်နှာနံပါတ် ၃၇-မှစ၍ ၈၃-အထိ ထုတ်နှုတ် ဖော်ပြပါသည်။)

ဝိနည်းစစ်ဘက်း

(ဤဝိနည်းစစ်တမ်းတွင် ရဟန်းရှစ်မျိုး, သုတ္တန်လာ ရဟန်းနှင့် ဝိနည်းရဟန်း ထူးပုံ, သီလသိက္ခာ ၃-မျိုး, သီလ၏ အကျိုး, သာသနာပ အခါ ကမ္မဿကတဉာဏ် ဖြစ်နိုင်ပုံ, အကုံရနတ်သား ကမ္မဿကဘဉာဏ် ဖြစ်ခဲ့ရပုံ, သာသနာငါးထောင် ဖွင့်ပြဆုဌ် အဌကထာတို့ အဆိုကွဲပြားရပုံ, ယုဂ်ငါးမျိုးယူဆပုံ-စသည် မှတ်သားဘွယ် အများအပြားကို တွေ့ကြရမည်။)

အဏ္ဏတ္တိကနိဒါန်း

ဒီနေ့တော့ သမန္တပါသာဒိကာ ဝိနည်းအဌကထာ အဏ္ဏတ္တိကနိဒါန်း ဝေရဉ္ဇာကဏ္ဍအဖွင့် အစက စပြောဘို့ရန် အလှည့်ကျနေပါသည်ဘုရား။

ဝေရဉ္ဇာကဏ္ဍမှာ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ" အစရှိသဖြင့် ပါဠိတော်မှာ ရှိနေတဲ့ ပုဒ်စဉ် အတိုင်း ဒီအဌကထာမှာ တေန သမယေန-ကို ရှေးဦးစွာ ဖွင့်ပါတယ်၊ ဗုဒ္ဓေါ ဘဂဝါ-ကို ဖွင့်ဘို့ အလှည့်ရောက်တော့ နောက်နားကျလျှင် အရဟံ အစရှိတဲ့ ဂုဏ်တော် ၉-ပါးကို ဖွင့်ရာမှာ ဒီ ဗုဒ္ဓေါ ဘဂဝါ ၂-ပုဒ်ကိုသဲ့ ဖွင့်ရဦးမှာ ဖြစ်တဲ့အထွက် အဲဒီကျမှပဲ ဖွင့်ပြတော့မယ်ဆိုပြီးတော့ ဒီ ၂-ပုဒ်၏ အဖွင့်ကို ဒီနေရာမှာ မပြသေးပဲ ခြွင်းချန်ထားခဲ့ပါတယ်၊ ထို့နောက် "ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ" ဆိုတဲ့ ပုဒ်များကို အစဉ်အတိုင်း ဖွင့်ပြသွားပါတယ်။

အဲဒီနောက်လဲ "အသောသိ ခေါ ဝေရဉ္ဇော ပြာဟ္မဏော သမဏော ခလုဘော ဂေါတမော သက္ကပုတ္တော သက္ကကုလာ ပဗ္ဗဇိတော" တိုင်အောင် အစဉ်အတိုင်း ဖွင့်ပြီးတော့ အဲဒီရဲ့ နောက်နားမှာရှေနားက အတိုင်းပင် ထပ်လာပြန်တဲ့

"ဝေရဉ္ဇာယံ ဝိဟရတိ။ ပ ။ ဘိက္ခုသတေဟိ" ဆိုတဲ့ ပုဒ်များကိုတော့ "တတော ပရံ ဝုတ္တတ္ထမေဝ=အဲဒီ နောက်ပုဒ်များ၏ အနက်ကို ရှေ့နားက ဖွင့်ခဲ့ပါပြီ" လို့ ညွှန်ရုံသာညွှန်ပြီးတော့ နောက်ထပ် မဖွင့်ပဲ ခြွင်းချန်ထားခဲ့ပါတယ်။

အဋ္ဌကထာသစ်၏ ဂုဏ်ရည်

ရှေးအဋ္ဌကထာတွေမှာတော့ ဒီလိုထပ်နေတဲ့ ပုဒ်တွေလဲပဲ တွေ့တိုင်း တွေ့တိုင်း ဖွင့်တယ်လို့ ဆိုပါတယ်၊ ဒီ အဋ္ဌကထာမှာ ဒီလို ပုဒ်တွေ့တိုင်း တွေ့တိုင်း မဖွင့်ပဲနှင့် ဖွင့်ပြီးသားတွေကို ပြန်ညွှန်ပြီးတော့ မဖွင့်ရသေးတဲ့ ပုဒ်သစ်တွေကိုသာ ဖွင့်သွားသည့်အတွက် ဒီအဋ္ဌကထာကို "သင်္ဂဟ အဋ္ဌကထာ==အဋ္ဌကထာကျဉ်း" လို့ ခေါ်ဝေါ် သုံးစွဲနေကြပါတယ်၊ ဒီလို ချုံးပြီး ဖွင့်သွားတာဟာ ဒီအဋ္ဌကထာသစ်၏ ဂုဏ်ထူးတရပ် ဖြစ်ပါတယ်။

အဲဒီကနောက်--

"တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော"—

ဆိုတဲ့ ပုဒ်များကို အစဉ်အတိုင်း ဖွင့်သွားပြန်ပါတယ်၊ ဖွင့်ပုံကတော့—

တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ၊ ထိုအရှင် ဂေါတမ၏။ ကလျာဏော၊ ကောင်းမြတ်သော။ ကိတ္တိသဒ္ဒေါ၊ ချီးမွမ်း အံ့သြ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂတော၊ မဆံ့ဘဝဂ် ပျံ့နှံ့ ရှိတက်၏—

ဆိုတဲ့ စကားရပ်မှာ ပျံ့နှံ့ရှိတက်ပုံ အာကာရကို "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္မုဒ္ဓေါ" စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော် ၉-ပါး, ဂုဏ်တော်ဆယ်ပါးကို ပြတဲ့ပုဒ်တွေဟာ ပါဋ္ဌိတော်မှာ တိုက်ရိုက်ရှိနေပါတယ်၊ အဲဒီ ပုဒ်တွေကို ဒီမှာ အစဉ်အတိုင်း ဖွင့်ပြသွားပါမယ်။

ဒီနေရာမှာ ထူးခြားတာကတော့ ရှေးအဋ္ဌကထာတွေမှာဆိုယင် ဒီစကားတွေက သုတ္တန်အဋ္ဌကထာကလာတဲ့ စကားတွေ, သုတ္တန်အဋ္ဌကထာနဲ့ဆိုင်တဲ့ စကားတွေ ဆိုပြီးတော့ မဖွင့်ပဲနှင့် ခြွင်းချန်ထားခဲ့ပါတယ်၊ ယခု ဒီအဋ္ဌကထာမှာတော့ ဂန္ထာရမ္ဘ စကားကတည်းက သုတ္တန်ပဋ္ဌက-က လာတဲ့ စကားတွေလဲပဲ သုတ္တန်

အားလျော်စွာ ဖွင့်သွားမယ်လို့ ပြထားခဲ့ပါတယ်၊ အဲဒီလို့ ပြထားတဲ့အတိုင်း ဒီမှာ ဖွင့်ပြသွားပါတယ်။ ဖွင့်ပြပုံကတော့—

ဣဒါနိ၊ ယခုအခါ၌။ ဝိနယဓရာနံ၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ် ဝိနည်းဆောင် ပုဂ္ဂိုလ်တို့အား။ သုတ္တန္တနယ ကောသလ္လတ္ထံစ၊ သုတ္တန်နည်း၌ လိမ္မာ ကျွမ်းကျင်စေခြင်း အကျိုးငှါငုင်း။

ဝိနည်းဆောင်တဲ့ ပုဂ္ဂိုလ်တွေ သုတ္တန်နည်းနယတွေမှာ ကျွမ်းကျင်ဘို့ နားလည်ဘို့ တတ်သိဘို့ရန် အတွက် ဖွင့်ပြဦးမယ်လို့ ဆိုလိုပါတယ်။

ဝိနယသံဝဏ္ဏနာရမ္ဘေ၊ ဝိနည်းသံဝဏ္ဏနာ ဝိနည်းအဌကထာ၏ အစ၌ ဗုဒ္ဓဂုဏ ပဋိသံယုတ္တာယ၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်ဆိုင်သော။ ဓမ္မိယာ ကထာယ၊ တရားစကားဖြင့်။ စိတ္တသမ္မဟံသနတ္ထဉ္စ၊ စိတ်ကိုရွှင်လန်းစေခြင်း အကျိုးငှါငုင်း။

ဝိနည်းဆောင် ပုဂ္ဂိုလ်တွေ ဝိနည်းကိုသင်ကြားလေ့ကျက်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အဌကထာ၏ အစ၌ ဘုရားဂုဏ်တွေနှင့်စပ်တဲ့ တရားစကားတွေ အဖွင့်တွေကို လေ့လာရလို့ရှိလျှင် မြတ်စွာဘုရား၏ဂုဏ်၌ စိတ်ရောက်ပြီးတော့ စိတ်ကြည်လင်ရွှင်လန်းခြင်း အကျိုးရှိပါလိမ့်မည်တဲ့။

အဲဒီအတွက်လဲပဲ ဒီပုဒ်တွေကို ဖွင့်တယ်လို့ ဆိုပါတယ်။

ဧတေသံ ပဒါနံ၊ ထိုအရဟံ အစရှိသော ပုဒ်တို့၏။ ဝဏ္ဏနံ၊ အဖွင့်ကို။ ဝိတ္ထာရနယေန၊အကျယ်နည်းအားဖြင့်။ ကရိဿာမိ၊ ဖွင့်ပြပေအံ့။

ဖွင့်သင့် ဖွင့်ထိုက်တဲ့အတိုင်း အကျယ်တဝင့် အပြည့်အစုံ ဖွင့်သွားပါမယ်လို့ ပဋိညာဉ် ဝန်ခံပြီးတော့ အဲဒီပုဒ်တွေကို ဖွင့်သွားပါတယ်။

ဒီပုဒ်တွေဟာ အချိန်ရမယ်ဆိုလို့ရှိလျှင် သူဖွင့်ထားတဲ့အတိုင်းပဲ တပုဒ်ချင်းနေ့စဉ် ပြောသွားမယ်ဆိုလျှင် သိပ်ကောင်းမှာပဲ၊ ဒါပေမယ်လို့ ဝိနည်းအဌကထာ ပြောဘို့အလှည့်က ကုန်ခါနီးဖြစ်နေတော့ ဒီကနေ့ တရက်လောက်ပဲ ဒီမှာပြောပြီး နောက်ရက်တွေကျတော့ သက်ဆိုင်ရာ ဝိနည်းစကားများကိုလဲ နည်းနည်းပါးပါး ပြောဘို့ရာ လိုနေပါတယ်၊ ဒါကြောင့် ပြောသင့်တဲ့စကားတွေကို နောက်ရက်တွေမှာ ပြောသွားရပါလိမ့်မယ်။

အရဟံဂုဏ်တော် ငါးနည်း

ရှေးဦးစွာ "ဣတိပိ သော ဘဂဝါ အရဟံ" ဆိုတဲ့ဂုဏ်တော်ကိုးပါးထဲက အရဟံ ဆိုတဲ့ ရှေးဦးဆုံး ပုဒ်ကလေးကို ပြောကြားပါမယ်ဘုရား။

အဲဒီ "အရဟံ" ဆိုတဲ့ပုဒ်ကို အဋ္ဌကထာဆရာက ငါနည်း ဖွင့်ပြထားပါတယ်—

အရဟံ ဆိုတဲ့ပုဒ်မှာ အကွာရာအားဖြင့် အ-ရယ် ရ-ရယ် ဟံ-ရယ် သုံးလုံးရှိပါတယ်။

အဲဒီမှာ (အရဟံ) လို့ သုံးလုံးစလုံး တပေါင်းတည်း ယူတဲ့နည်းက တနည်းပါ။

ပြီးတော့ အရ-ရှေကနှစ်လုံး၊ ဟံ-နောက်က တလုံး ဒီလိုခွဲပြီးတော့ (အရ ဟံ) လို့ ယူတဲ့နည်းက တနည်းပါ။

ပြီးတော့ အ-တလုံးတည်း ရှေက ထားပြီးတော့ ရဟံ-ဆိုတဲ့ နောက်နှစ်လုံးကို တွဲထားပြီး (အ-ရဟံ) လို့ ယူတဲ့နည်းက တနည်းပါ။

အဲဒီလို အကျဉ်းအားဖြင့် သုံးနည်းရှိပါတယ်။

အဲဒီ သုံးနည်းထဲမှာ အနက်အားဖြင့် အရဟံလို့ တပေါင်းတည်းယူတဲ့ နေရာမှာက နှစ်နည်းရှိပါတယ်၊ အရ-နှင့် ဟံ-ခွဲယူတဲ့ နေရာကလည်း နှစ်နည်းရှိပါတယ်။

ဒါကြောင့် အားလုံးပေါင်းလိုက်လျှင် ငါးနည်းရှိပါတယ်။

မြတ်စွာဘုရားမှာ အရဟံ-ဆိုတဲ့ဘွဲ့ကို ဘာဖြစ်လို့ ရသလဲဆိုတော့ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တော် မူသောကြောင့် ရပါတယ်တဲ့၊ အရဟံ-ဆိုတာ ကိလေသာတို့မှ ကင်းဝေး စင်ကြယ်တော်မူသော မြတ်စွာဘုရားလို့ ဒီလို ဆိုပါတယ်။

ရဟန္တာမျှားနှင့် ဝါသနာ

ဒီနေရာမှာ "ကိလေသာမှ ကင်းဝေး စင်ကြယ်တာဟာ မြတ်စွာဘုရားသာ မဟုတ်ပါဘူး၊ သာဝကဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေလဲ ကိလေသာတွေမှ ကင်း

ဝေး စင်ကြယ် နေကြတာပဲ မဟုတ်ပါလား"လို့ ဒီလို မေးစရာရှိပါတယ်၊ ဒါကြောင့်"သပါသနာနဲ့၊ ဝါသနာနှင့် တကွ ဖြစ်ကုန်သော။ ကိုလေသာနဲ့၊ အလုံးစုံသော ကိုလေသာတို့၏။ ဝိဒ္ဒံသိတတ္တာ၊ အရိယမဂ်ဉာဏ်ဖြင့် ဖျက်ဆီး အပ်ပြီးသည်၏ အဖြစ်ကြောင့်"လို့ ဒီလို အကြောင်းကလေးလဲ ပြထားပါတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေလဲ ကိုလေသာကင်းတာတော့ မှန်ပါသတဲ့၊ ဒါပေမယ် လို့ ဝါသနာနှင့်တကွ မကင်းကြပါဘူးတဲ့၊ ရဟန္တာများမှာ ကိုလေသာတွေ ကင်း သွားကြသော်လဲ ဝါသနာကလေးကတော့ ကျန်နေပါတယ်တဲ့၊ ဒီလို ဗျတိရေ-ကတ္ထ=ပြောင်းပြန် အနက်အားဖြင့် ဆိုလိုပါတယ်။

ဝါသနာဆိုတာ ဘာလဲဆိုလို့ရှိယင် ကိုလေသာမကင်းမီ ကာလက အကျင့် ပါလာခဲ့တဲ့ ကိုလေသာ၏ အရိုန်အဝါ, ကိုလေသာ၏ အလေ့အလာကလေးများ ပဲ ဖြစ်ပါတယ်၊ ကိုယ်အလေ့အလာ, နှုတ်အလေ့အလာကလေးတွေပါပဲ၊ အဲဒီ အလေ့အလာကလေးတွေက ကိုလေသာ မရှိသည့်တိုင်အောင် ကျန်ပြီးတော့ နေပါတယ်။

အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီး

ဒါကို သာဓကပြရလျှင် မြတ်စွာဘုရား လက်ထက်တော်တုန်းက အရှင်ပိလိန္ဒ ဝစ္ဆဆိုတဲ့ ရဟန္တာမထေရ်ကြီးတပါး ရှိပါတယ်၊ အဲဒီ ရဟန္တာ မထေရ်ကြီးက လောဘ, ဒေါသ, မောဟ ကိုလေသာတွေတော့ သူ့သန္တာန်မှာ ဘာမျှ မရှိ ပါဘူး၊ အကုန်လုံး ကင်းရှင်းပြီ တော့ နေပါတယ်၊ ဒါပေမယ်လို့ သူက ဗြာဟ္မဏ မျိုး ပုဏ္ဏားဘဝချည်း ဘဝပေါင်း ငါးရာ ဆက်တိုက် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ဗြာဟ္မဏဆိုတဲ့ လူမျိုးတွေကလဲ သူတို့ကို သူတို့ရဲ့ ဝေဒကျမ်းများက သိပ်ပြီး တော့ မြှောက်ပင့်ထားတဲ့ လူမျိုးတွေ ဖြစ်ပါတယ်၊ ဇာတ်အားဖြင့် မွေးလာ ကတည်းက ဗြဟ္မာကြီးက မွေးလာတဲ့ ဗြဟ္မာကြီးရဲ့ သားတော် ဆိုပြီးတော့ သူတို့ကို သိပ်ပြီးတော့မြှောက်ထားပါတယ်၊ ဒီ့ပြင် အမျိုးတွေထက် သူတို့က အမြတ်ဆုံး, ဒီ့ပြင် အမျိုးတွေက သူတို့ရဲ့ ကျေးကျွန်တွေ ဆိုပြီးတော့ သိပ်မြှောက်ထားပါတယ်။

ဒါကြောင့် ဗြာဟ္မဏတွေက အခြား ပုဂ္ဂိုလ်တွေကိုဆိုယင် ရိုရိုသေသေ ပြောလေ့ ဆိုလေ့ မရှိကြပါဘူး၊ သူတို့ကသာ အရိုအသေခံလေ့ ရှိကြပါတယ်၊ ယခုဗမာပြည်မှာ ဗေဒင်ဟောပြီး ဆန်တွေ ဘာတွေ အလှူခံနေတဲ့ ပုဏ္ဏားများက တောင်မှ သူတို့ကို ဆန်ကလေး ဘာကလေး ပေးလို့ရှိလျှင် ဘာပြောသေးသလဲ ဆိုတော့ "ဆရာ့ကို ပူဇော်သလား၊ ဆရာ့ကို ပူဇော်သလား"လို့ ဒီလို ပြောသေးတယ်၊ သူတို့က အပူဇော်ခံ ပုဂ္ဂိုလ်တွေကိုး၊ အဲဒီလို သူတို့ကစိတ်မြင့်နေတယ်။

အဲဒီလို စိတ်မြင့်ပြီးတော့ နေတဲ့အတွက် အရှင်ပိလိန္ဒဝစ္ဆမှာ ဗြာဟ္မဏ ဖြစ်တဲ့ ဘဝတွေတုန်းက သူတပါး တွေကို မရှိ မသေ မလေး မစား နှင့် နှိမ်ချပြီးတော့ ခေါ်ဝေါ် သုံးစွဲလာတဲ့ အလေ့အလာတွေဟာ နောက်ဆုံး ဘဝမှာလဲ ရှိနေပါတယ်၊ ဒီလို ရှိနေတဲ့ အတွက် ရဟန္တာ ဖြစ်ပြီးတဲ့ အခါကာလမှာလဲ သူက သူတပါးကို ဝသလ, ဝသလ-လို့ ခေါ်နေပါတယ်၊ ပါဠိလို "ဝသလ"-ဆိုတာဟာ ဗမာလိုကတော့ "သူယုတ်"လို့ ဆိုလိုတာပါပဲ ယုတ်မာတဲ့လူ, ယုတ်ညံ့တဲ့လူ ဒီလို အဓိပ္ပါယ် ရှိပါတယ်။

သီဘင်းသုံးဖော် ရဟန်းတွေကိုလဲ သူက ဒီလိုပဲ၊ ခေါ်ဝေါ် ပြောဆိုနေပါတယ်၊ ဒါကြောင့် ရဟန်းတွေက နောက် အခါတပါးမှာ မြတ်စွာဘုရားကို လျှောက်ထားကြတော့ မြတ်စွာဘုရားက "ပိလိန္ဒဝစ္ဆမထေရ်မှာ ကိလေသာတော့ မရှိဘူး၊ ဝါသနာပဲ"လို့ ဖြေရှင်း မိန့်ကြားတော်မူပါတယ်။

ပြီးတော့ အခါတပါးမှာ လူဒါယကာတယောက်က ပိတ်ချင်းသီးတွေကို ခွက်နှင့်ထည့်ပြီး စျေးမှာ နမူနာပြဘို့ ယူလာပါတယ်၊ ရွာထဲအဝင်မှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီးနှင့် ရင်ဆိုင်တွေ့တော့ မထေရ်ကြီးက "ဟေ ဝသလ= ဟေ့ သူယုတ်.... မင်းခွက်ထဲက ဘာတွေတုံး"လို့ မေးပါသတဲ့၊ ဒီလောက်တော့ အမေးခံရတဲ့ ပုဂ္ဂိုလ်က စိတ်ထဲမှာ မျက်သွားပါတယ်၊ ဘယ့်နယ်လဲ ဒီကိုယ်တော်ကြီးနှယ်နော် မဂ်လာ မရှိလိုက်တာ၊ ငါ့ကို တွေ့ တွေ့ချင်း "သူယုတ်မာ"လို့ ခေါ်မှ ခေါ်ပလေတယ်လို့ စိတ်က ဆိုးသွားတော့ ပိတ်ချင်းသီးဆိုတာကလဲ အစကတည်းက ခပ်မည်းမည်း ဆိုတော့ ကြွက်ချေးနှင့် ခပ်တူတူပဲ ဟာကိုး၊

ဒီတော့ သူကလည်း ငေါ့ပြီး ပြောလိုက်မိပါတယ်၊ "အရှင်ဘုရား–ကြွက်ချေးတွေဘုရာ့"လို့ ပြောလိုက်မိပါတယ်၊ ဒီတော့ မထေရ်ကြီးက "ဧဝံ ဘဝိဿတိ ဝသလ=သူယုတ်မာ ရေ–မင်းပြောတဲ့အတိုင်း ဟုတ်မှာပဲ"တဲ့၊ ဒီလို မိန့်ဆိုပြီးတော့ ကြွသွားတယ်၊ သူမှာတော့ ရိုးရိုးပါပဲ၊ သူစိတ်ထဲ ဘာမျှ မဖြစ်ပါဘူး၊ ပြောနေကျမို့ နှုတ်တက်နေတဲ့ အတိုင်း ပြောသွားတာပါပဲ။

ဒါပေမယ့် ပိတ်ချင်းသီးရှင်မှာတော့ အဲဒီလို ပြောရာက တော်တော်ကလေး သွားမိတဲ့အခါမှာ သူခွက်ထဲက ပိတ်ချင်းသီးတွေဟာ အကုန်လုံး ကြွက်ချေးတွေ ဖြစ်ပြီးနေတယ်၊ ဒီတော့ "ဟဲ့ အယ့်နှယ်တုံးဟ၊ ကြွက်ချေးနှင့် တူလှပါကလားနော်"လို့ ပွတ်ချေကြည့်တော့ တကယ်ပင် ကြွက်ချေးတွေဖြစ်နေလို့ ခက်ပါပြီ၊ ဒီလိုဆိုယင် လှည်းပေါ်ခွဲရှိတဲ့ ပိတ်ချင်းသီးတွေများ ဒီလိုပဲလေလား၊ သွားကြည့်အုံးမှပဲ ဆိုပြီး လှည်းပေါ်သွားကြည့်ပြန်တော့ လှည်းပေါ်မှာလဲ အကုန်လုံး ကြွက်ချေးတွေ ဖြစ်နေတာကို တွေ့ရတယ်။

ဒီတော့မှ စိတ်ပူပြီးတော့ မိတ်ဆွေတယောက်ထံ သွားပြီး အကျိုးအကြောင်းပြောပြတယ်၊ ထိုအခါမှာ အဲဒီ မိတ်ဆွေက "ဟ–ဒီလိုဆိုယင် အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကြီး ဖြစ်မှာပဲ၊ အဲဒီ မထေရ်ကြီးဆီကိုပဲ သွားရမယ်၊ သွားလို့ရှိယင် ဘာလဲလို့ သူကမေးလိမ့်မယ်၊ မေးတဲ့ အခါမှာ သင်က 'ပိတ်ချင်းသီးတွေပါဘုရား'လို့ ဒီလို အမှန်အတိုင်းပြော၊ အဲဒီတော့ 'ဧဝံ ဘဝိဿတိ ဝသလ'လို့ မထေရ်ကြီးက ပြန်ပြောမှာပဲ၊ ဒီလို ပြန်ပြောလို့ရှိယင် ပိတ်ချင်းသီးတွေ ပြန်ဖြစ်ပါလိမ့်မယ်"လို့ ဒီလို ညွှန်ကြားလိုက်တယ်၊ အဲဒီ ညွှန်ကြားချက်အတိုင်း သွားတော့လဲ မထေရ်ကြီးက "ဟေ–ဝသလ=သူယုတ်မာ ဘာတွေလဲ"လို့ မေးပြန်တာပါဘဲ၊ မေးတော့ "ပိတ်ချင်းသီးတွေပါဘုရား"လို့ လျှောက်လိုက်တယ်၊ ဒီတော့ "ဧဝံ ဘဝိဿတိ ဝသလ=ဟေ့ သူယုတ်မာ မင်းပြောတဲ့အတိုင်း ဟုတ်မှာပဲ"လို့ ဒီလို ရိုးရိုးပဲ ပြန်ပြောလိုက်တာပဲ၊ အဲဒီတော့မှ ပိတ်ချင်းသီးတွေ ပြန်ဖြစ်တော့တယ်တဲ့၊ ဒီ အရှင်ပိလိန္ဒဝစ္ဆဝတ္ထုဟာ ရဟန္တာများမှာ ဝါသနာမကင်းကြောင်း သာဓက ပါပဲ။

ဟို ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာရှိစဉ် အခါကာလတုန်းက ကိလေသာ၏ အရှိန်အဝါဖြစ်တဲ့ ဝါသနာကလေးတွေဟာ ရဟန္တာ ဖြစ်သည့်တိုင်

အောင် မကင်းပဲ ရှိနေပါတယ်တဲ့၊ ဘုရားရှင်တို့မှာတော့ ဒီလို ကိုလေသာ၏ အရှိန်အဝါဖြစ်တဲ့ ဝါသနာတွေပါ အကုန်လုံး ကင်းငြိမ်းပါတယ်တဲ့၊ ဒါကြောင့်မို့– "အာရကတ္တာ အရဟံ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာသော ကိုလေသာ အညစ်အကြေ တို့မှ ကင်းဝေးစင်ကြယ်တော်မူသောကြောင့် မြတ်စွာဘုရားဟာ အရဟံ-မည်တော်မူတယ်"လို့ ဆိုပါတယ်၊ ဒီတော့ အရဟံ – ဆိုတာဟာ အာရကာ-ပုဒ်က ဖြစ်လာတယ်၊ ဘယ်လိုလဲ ဆိုတော့ အာ-က အ-ဖြစ်၍ ကာ-က ဟံ-ဖြစ်ပြီး အာရကာ-က အရဟံ-ဖြစ်တယ်၊ နိုရုတ္တိနည်းဖြင့် ဒီလို ရှုပ်ပြီး တယ်လို့ ဠီကာက ဖွင့်ပြထားပါဟယ်။

ဒါကြောင့် ဒီအဋ္ဌကထာအဖွင့်ကို မှီပြီးတော့ ရှေးရှေးဆရာတော်မျှားက "အရဟံ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိုလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပေသော မြတ်စွာဘုရား"လို့ ဒီလို မြန်မာပြန်ဆိုတော် မူကြပါဘယ်။

ဒါဟာ ဘုရားတပည့်တော်တို့ အားကိုးရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာ ဘုရား၏ ဂုဏ်တော်ကိုးပါးထဲက ပဌမဆုံး အရဟံဂုဏ်တော်မှာ အနက်ငါးနည်း ရှိရာတွင် ပဌမအနက်အရ ကြည်ညိုဘွယ် ဂုဏ်တော် ဖြစ်ပါတယ်၊ ဒီဂုဏ်တော် အရအားဖြင့် "ငါတို့မြတ်စွာဘုရား၏ သန္တာန်မှာ လောဘ, ဒေါသ, မောဟ အစရှိသော ကိုလေသာတွေ ဝါသနာနှင့်တကွ လုံးဝကင်းရှင်း စင်ကြယ်ပါပေသည်၊ ဒီလို စိတ်ဓာတ် အပွန်သန့်ရှင်း ပြုစင်တော်မူသော မြတ်စွာဘုရား၏ အဆုံးအမကို ငါတို့ ကျင့်သုံးနေရပါပေသည်"လို့ ဒီလို အာရုံပြုပြီး ဝမ်းမြောက် ဝမ်းသာဘို့ပါပဲ ဘုရား။

အရိနံ ဟတတ္တာ အရဟံ

ဒုတိယနည်းကတော့ "အရိနံ ဟတတ္တာ"တဲ့၊ ရန်သူတွေကို သတ်ဖြတ်ပြီး ဖြစ်သောကြောင့်လည်း အရဟံ မည်ပါတယ်တဲ့၊ ရန်သူဆိုတာ ဘာတွေလဲ ဆိုတော့ ကိုလေသာရန်သူတွေပါပဲ တဲ့၊ ကိုလေသာရန်သူတွေ ရှိနေလို့ သတ္တဝါတွေမှာ ဘဝသံသရာထဲ ဖြစ်ပျိုးတော့ နေရဘယ်၊ အိုရ, နာရ, သေရ, အဆင်မသင့်လို့ရှိယင် ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ်ဆိုတဲ့ အပါယ်ဘုံတွေ ကျရ,

ဒါတွေဟာ ကိလေသာတွေကြောင့်ပဲ တဲ့၊ သူတို့က ကိုယ်တွင်းက နေပြီးတော့ ဒုက္ခရောက်အောင်လုပ်နေလို့ အတွင်းရန်သူတွေပါပဲ တဲ့၊ အဲဒီ အတွင်းရန်သူတွေကို မြတ်စွာဘုရားမှာ ပယ်သတ်ပြီးဖြစ်လို့ အရဟံ မည်ပါတယ်တဲ့။ ဒီတော့ အရိ-နှင့် ဟန-လို့ ရှိနေရာမှာ အရိ-က အရ-ဖြစ်၊ ဟန-က ဟံ-ဖြစ်ပြီးတော့ အရိ ဟန-က အရဟံ-ဖြစ်လာတယ်လို့ ဋီကာက ရုပ်ပြီးပုံကို ပြပါတယ်၊ ဒီလိုအားဖြင့် "အရဟံ၊ တထောင့်ငါးရာ ကိလေသာ တည်းဟူသော ရန်သူတို့ကို အရိယ မဂ်ဉာဏ်တည်းဟူသော ဓားလက်နက်ဖြင့် ပယ်ဖျက် သတ်ဖြတ်တော်မူပြီးသော မြတ်စွာဘုရား"လို့ ဒီလို ကြည်ညိုအာရုံပြုဘို့ပါပဲ။

အရ-ဟံ

တတိယနည်းကတော့ အရ-နဲ့ ဟံ-ပါပဲ၊ အရ-ဆိုတာက ဘာတုံး-ဆိုလျှင် သံသရာစက်၏ ဒေါက်အကန့်တွေပါ တဲ့၊ သံသရာစက်ဆိုတာဟာ အနမတဂ္ဂ ဘဝ သံသရာမှာ တဘဝဖြစ်လိုက် သေလိုက်, တဘဝဖြစ်လိုက် သေလိုက်နဲ့ အဲဒီလို ဘဝတွေ ဆက်လက်ပြီး မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်ကို သံသရာလို့ ခေါ်ပါတယ်၊ သတ္တဝါတခုမှာ သံသရာတခု,သတ္တဝါတခုမှာ သံသရာတခု၊ အဲဒီလို ကိုယ့် ဘဝစက်နဲ့ ကိုယ် အသီးအသီး သံသရာဘဝစက် တခုစီ ရှိနေပါတယ်၊ တဦးသော ပုဂ္ဂိုလ်၏ ဘဝစက်က အခြားတဦးသော ပုဂ္ဂိုလ်နှင့် ဘာမျှ မဆိုင်ပါ၊ တဦး တဦးမှာ အသီးအသီး ဘဝစက် တခုစီ ရှိနေပါတယ်။

မြတ်စွာဘုရားမှာလဲ အလောင်းတော်အဖြစ် မတိုင်မီ ရှေးရှေးအစမထင်တဲ့ သံသရာကာလကတည်းက တဘဝပြီး တဘဝ ဖြစ်လာခဲ့ရတဲ့အတွက် သူမှာလဲ အနမတဂ္ဂသံသရာဘဝစက်တခု ရှိခဲ့ပါတယ်၊ ဘဝစက်ဆိုတဲ့ စကားထဲမှာ "စက်" ဆိုတာဟာ စက္က-သဒ္ဒါမှ ဖြစ်လာတဲ့ ပါဋိပျက် မြန်မာစကား ဖြစ်ပါတယ်၊ မြန်မာစကား အစစ်ကတော့ ဘီး-ပါပဲ၊ ရထားဘီးများ, လှည်းဘီးများလို တင်စားပြီးတော့ ဒီမှာ ခေါ်ထားပါတယ်၊ အဲဒီ ရထားဘီး, လှည်းဘီးများမှာ ပုံတောင်း(ပဒေါင်း)ဆိုတာလဲ ရှိပါတယ်၊ ဘေးပတ်လည်က အကွပ်ဆိုတဲ့ အဝိုင်း ကြီးလဲ ရှိပါတယ်၊ ပြီးတော့ ပုံတောင်းနှင့်အကွပ် ဆက်စပ်ပြီး ထောက်ကန့် ထားတဲ့ ဒေါက်အကန့်တွေလဲ ရှိပါတယ်၊ အဲဒါလိုပဲ ဒီ ဘဝစက်မှာလဲ အဝိဇ္ဇာ

ဆိုကာက ပုံတောင်းပါပဲ တဲ့၊ ဘာကြောင့်လဲဆိုတော့ အဝိဇ္ဇာကစပြီး ဖြစ်ရလို့ ပါပဲ တဲ့၊ ဖြစ်ပုံကတော့ အဝိဇ္ဇာကြောင့် သင်္ခါရတွေဖြစ်ရတယ်၊ အဝိဇ္ဇာဆိုတာ သစ္စာလေးပါး တရားတွေကို အမှန်အတိုင်း မသိတာပါပဲ၊ သတ္တဝါတို့၏ သန္တာန်မှာ အမှန်ရှိနေတာက ဒုက္ခ-ဆင်းရဲတရားတွေနဲ့ သမုဒယ-ဆင်းရဲကြောင်း တရားတွေသာ ရှိနေတယ်၊ အဲဒီတရားတွေကိုပဲ ချမ်းသာတွေ, ချမ်းသာဘို့ အခြေခံအကြောင်းတွေလို့ ဒီလို အကောင်းတွေ ထင်မှတ်နေကြတယ်၊ အဲဒါဟာ အလွဲသိမှားနေတဲ့ အဝိဇ္ဇာပဲ၊ဒီ အဝိဇ္ဇာကြောင့် ကောင်းစား, ချမ်းသာ နိုးနိုးနှင့် အားထုတ်လို့ သင်္ခါရတွေ ဖြစ်လာတယ်၊ ဟိုဟာလုပ်လျှင် ကောင်းနိုးနိုး, ဒီဟာ လုပ်လျှင် ကောင်းမိုးနိုးနှင့် ကာယကံ, ဝစီကံ, မနောကံ အမှုတွေကို ပြုတော့ သင်္ခါရတွေဖြစ်လာတယ်၊ ဒီလို အဝိဇ္ဇာက စပြီးတော့ ဘဝစက်ဖြစ်ပေါ်လာလို့ အဲဒီ အဝိဇ္ဇာဟာ ပုံတောင်းနဲ့ တူပါတယ်တဲ့။

ယခု ပြောခဲ့တဲ့အတိုင်း သင်္ခါရဆိုတဲ့ အားထုတ်မှုဖြစ်ပေါ်လာလျှင် သင်္ခါရက အကျိုးပေးတဲ့အခါကျတော့ ဝိညာဉ်, နာမ် ရူပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ အကျိုးတရားတွေဖြစ်ပေါ်လာတယ်၊ ပြီးတော့ တဖန် အဲဒီ ဝေဒနာကိုပဲ အကြောင်းပြုပြီးတော့ တဏှာ ဥပါဒါန် ကမ္မဘဝ-ဆိုတာတွေလဲ ဖြစ်ပြန်ပါတယ်၊ ပြီးတော့ အဲဒီ ကမ္မဘဝကြောင့် နောင်တဖန် ဘဝအသစ်ဆိုတာ ဖြစ်ရပြန်ပါတယ်၊ ဒီလို ဘဝအသစ်ဖြစ်မှု ဇာတိရှိလျှင် အဲဒီ ဖြစ်ရာဘဝမှာ မအိုပဲ မသေပဲနှင့် တည် မနေနိုင်ပါဘူး၊ အိုခြင်း သေခြင်းမှာပဲ အဆုံးသတ်သွားပါတယ်၊ ဒါကြောင့် အဲဒီ ဇရာ မရဏဆိုတဲ့ အိုခြင်း သေခြင်းကတော့ အဝိဇ္ဇာက စလာတဲ့ ဘဝစက်ဘီးရဲ့ ဘေးပတ်လည်က အဝိုင်းကြီး,အကွပ်ကြီးနဲ့တူပါတယ်တဲ့၊ သင်္ခါရမှ ဇာတိတိုင်အောင် အလယ်ခေါင်က တရားဆယ်မျိုးကတော့ အရ-လို့ ခေါ်တဲ့ ဒေါင့်အကန့်တွေနဲ့ တူပါတယ်တဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီ တရားဆယ်မျိုးဟာ အဝိဇ္ဇာအကြောင်းရင်းခံပြီး ဖြစ်ပေါ်လာလို့ ပုံတောင်းနှင့်လဲ ဆက်သွယ်နေပါတယ်၊ ဇရာ မရဏမှာ အဆုံးသတ်သွားလို့ ဘေးပတ်လည်က အကွပ်နှင့်လဲ ဆက်သွယ်နေပါတယ်၊ ဒါကြောင့် သူတို့ကို ဒေါက်အကန့်တွေလို့ ခေါ်ပါတယ် တဲ့။

အနမတဂ္ဂ အစမထင်အောင် ရှည်လျားစွာသော ကာလပတ်လုံး လည်ပြီးနေတဲ့ အဲဒီ ဘဝစက်ကြီးမှာ အဝိဇ္ဇာက စပြီးတော့ သခ်ါရ ဝိညာဉ် နာမ် ရူပ် သဠာယတန ဖဿ ဝေဒနာ စသည်ဖြင့် ဖြစ်သွားလိုက်, နောက်ဆုံးမှာ အိုခြင်း သေခြင်း အဆုံးသတ်သွားလိုက်, ပြီးတော့လဲ တဖန် ဘဝအသစ် ဖြစ်ပြန်လိုက်နှင့် အဲဒီလိုချည်းပဲ လည်နေပါတယ်၊ ဒီလို လည်နေတဲ့ ဘဝစက်ကြီး ပျက်သွားအောင် ဘာလုပ်ရမလဲဆိုလို့ရှိလျှင် အလယ်က ဒေါက်တော့ ချိုးပစ်လိုက်လျှင် ရထားဘီး လှည်းဘီးများ မလည်နိုင်တာလိုပဲ ဒီ ဘဝစက်ကြီးမှာလဲ အလယ်က ဒေါက်တော့ ချိုးပစ်ဘို့ရာ လိုပါဘယ်၊ ဒါကြောင့် မြတ်စွာဘုရား၊က အဲဒီ ဘဝစက်ရဲ့ အလယ်က ဒေါက်တွေကို ချိုးပစ်ထားပါပြီတဲ့။

ဒါကြောင့် "ဝုတ္ထပကာရဿ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဣမဿ သံသာရစက္ကဿ၊ ဤ အစမထင်သော အနမတဂ္ဂသံသရာဘဝစက်ကြီး၏။ အရေ၊ သခ်ါရ-အစ ဇာတိ-အဆုံးရှိသော ဆယ်ခုသော အတောက်အကန့်တို့ကို။ ဟနိ ဝိဟနိ ဝိဒ္ဓံသေတိ၊ ဖျက်ဆီးတော်မူခဲ့လေပြီ။ ဧဝမ္ပိ၊ ဤသို့လည်း။ အရာနံ၊ သံသရာစက်၏ ဒေါက်အကန့်တို့ကို။ ဟတတ္တာ၊ ပယ်ဖျက်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ အရ-ဟံ၊ အရ-ဟံ မည်တော်မူပါပေသည်"တဲ့။

ဤ တတိယနည်း အလိုအားဖြင့် အရဟံ-မှာ အရ-နှင့်ဟံ တဲ့ထားတာပါပဲ၊ ဒါကြောင့်"အရဟံ၊ အဝိဇ္ဇာ အကြောင်းရင်းခံပြီး ဇရာ မရဏမှာ အဆုံးသတ်သွားတဲ့ သခ်ါရ, ဝိညာဉ်, နာမ် ရူပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ-ဆိုတဲ့ သံသရာဘဝစက်၏ ဆယ်ပါးသော ဒေါက်အကန့်တွေကို ပယ်ဖျက်တော်မူပြီးသော မြတ်စွာဘုရား"လို့ ဆိုလိုပါတယ်။

အ ရဟံ

ပြီးတော့ အလှည့်ကျနေတဲ့ စတုတ္ထနည်းကို မပြောသေးပဲ နောက်ဆုံး ပဉ္စမနည်းကို အလျင် ပြောပါမည်၊ အဲဒီ နောက်ဆုံး ပဉ္စမနည်းကတော့ အ-နှင့် ရဟ တဲ့ထားပါတယ်၊ ရဟ-က ဆိတ်ကွယ်ရာအရပ်၊ အ-က မရှိတာ၊ နှစ်ခုပေါင်းလိုက်တော့ အရဟ-ဆိတ်ကွယ်ရာမရှိဘူးလို့ဆိုလို ပါတယ်၊ ဘယ်လိုလဲ ဆိုတော့ **ကာ လောကမှာ ပညာရှိ သူတော်ကောင်းပဲလို့ ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေဟာ**

တကယ် ပညာရှိ သူတော်ကောင်း မဟုတ်ခဲ့လို့ရှိလျှင် မိမိတို့ ဂုဏ်ကျက်သရေတွေ ပျက်စီးသွားမှာ စိုးလို့, မကောင်းသတင်းတွေ ကျော်ကြားသွားမှာ စိုးလို့ မကောင်းမှုတွေကို အမြင်အထင် မပြုဝံ့တော့ တိတ်တိတ်ပုန်း ပြုလေရှိကြပါတယ်၊ "ရဟာ၊ ဆိတ်ကွယ်ရာ၌။ ပါပ်၊ မကောင်းမှုကို။ ကရောန်တို့၊ ပြုကြကုန်၏။" ဒါဟာ ပညာရှိ သူတော်ကောင်း အတုအပ အရေခြုံတွေရဲ့ ဓလေ့ပင် ဖြစ်ပါတယ်။

မြတ်စွာဘုရားမှာတော့ ပကတိ စိတ်ရင်းကိုက စင်ကြယ်ပြီးတော့ နေလို့ အမျှား ပရိသတ်တို့၏ ရှေ့မှာလဲ ဒီလိုပဲ ဖြူစင် သန့်ရှင်း စင်ကြယ်နေပါတယ်၊ ဘယ်သူမှ မမြင်နိုင်တဲ့ ဆိတ်ကွယ်ရာမှာလဲ ဒီလိုပဲ သန့်ရှင်း စင်ကြယ်နေပါတယ်၊ ဆိတ်ကွယ်ရာရယ်လို့ မရှိပါဘူး၊ "အာဝီ စေဝ ရဟော စ"ဆိုတဲ့အတိုင်း မျက်မှောက်နှင့် မျက်ကွယ် ဘာမျှ မခြားနားပဲ တသားထည်း စင်ကြယ်မြဲ စင်ကြယ်နေပါတယ်။

ဒါကြောင့် "အ-ရဟံ၊ မကောင်းမှုကိုပြုရန် ဆိတ်ကွယ်ရာဟူ၍ မရှိပဲ အမြဲတမ်းပင် ဖြူစင်သန့်ရှင်းတော်မူပေသော မြတ်စွာဘုရား"လို့ ဆိုလိုပါတယ်၊ ဒီ ဂုဏ်တော်လဲ ကြည်ညိုစရာ အင်မတန်ကောင်းတဲ့ ဂုဏ်ပုဒ်ဖြစ်ပါတယ်။

အရဟံ

ယခု ပြောခဲ့ပြီးဖြစ်တဲ့ ၄-နည်းအရ ပြီးတဲ့ ၄-ပုဒ်ကတော့ အနက်အဓိပ္ပါယ် အားဖြင့် အင်မတန် ကြည်ညိုဘွယ်ကောင်းတဲ့ ပုဒ်ချည်းပါပဲ၊ သို့သော် သဒ္ဒါ အားဖြင့် ဆိုလျှင်တော့ "နမော တဿ ဘဂဝတော အရဟတော"စသည်၌ အရဟတော, အရဟန္တာနံ, အရဟတာ, အရဟန္တေဟိ ပုဒ်မျှားဖြစ်အောင် စတုတ္ထိ, ဆဋ္ဌိ, တတိယာ ဝိဘတ်မျှားဖြင့် ရုပ်ပြီး ကြံဘို့ကတော့ ခက်ပါတယ်။

ယခုပြောမည့် စတုတ္ထနည်းအရ ပြီးတဲ့ ပုဒ်ကတော့ ဝိဘတ်အားလုံးနှင့် တဲ့ပြီး ရုပ်ပြီးနိုင်ပါတယ်၊ အရဟ-ဓာတ် အန္တ-ပစ္စည်းဖြင့် ပြီးသော အရဟန္တ-ပုဒ်မှ အရဟံ-လို့ ဖြစ်လာပါတယ်၊ အဲဒါကိုတော့ "ပစ္စယာဒီနံ အရဟတ္တာပိ အရဟံ"လို့ ပြဆိုထားပါတယ်၊ မြတ်စွာဘုရားဟာ ပစ္စည်းလေးပါး အစရှိသော

ထူးမြတ်သော ပူဇော်ဘွယ်တွေကို ခံယူတော်မူထိုက်သောကြောင့် အရဟံ မည်တော်မူပါတယ် တဲ့။

ဒီလို ပူဇော်အထူးကိုခံတော်မူထိုက်တဲ့အတွက် မြတ်စွာဘုရားတို့ ပွင့်လာလျှင် လောကမှာ တန်ခိုးကြီးမားတဲ့ နတ်တွေ, လူတွေဟာ မိမိတို့၏ ပူဇော်နေကျ မိရိုးဖလာတွေကို မပူဇော်ကြတော့ပဲ ဘုရားကိုသာလျှင် ပူဇော်ကြတော့တာပဲ၊ ဘုရားမပွင့်မီတုန်းက ဆိုလျှင်တော့ တချိုက တောကို ကိုးကွယ်နေ၊ တချိုက တောင်ကို ကိုးကွယ်နေ၊ နတ်တွေကို ကိုးကွယ်နေ၊ ဗြဟ္မာတွေကို ကိုးကွယ်နေ စသည်ဖြင့် အမျိုးမျိုး ကိုးကွယ်ပူဇော်နေကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဘုရားပွင့်လာတယ်ဆိုလျှင် မြတ်စွာဘုရားကိုပဲ အရိုအသေ အလေးအမြတ်ပြုပြီး ကိုးကွယ်ကြ ပူဇော်ကြပါတယ်။

မြင်းမိုရ်တောင်လောက် ပန်းကုံးကြီး

သဟမ္ပတိဆိုတဲ့ ဗြဟ္မာကြီးဟာ မြင်းမိုရ်တောင်လောက်ရှိတဲ့ ရတနာပန်းကုံးကြီးများဖြင့် မြတ်စွာဘုရားကို ပူဇော်ခဲ့ပါတယ်တဲ့၊ ဒါဟာ ကြည်ညိုဘွယ်ရာ ဖြစ်အောင်လို့ အဋ္ဌကထာဆရာကတော့ ဖော်ပြထားတာပါပဲ၊ ဒါပေမယ်လို့ ယခုကာလ သဒ္ဓါတရားနည်းပါးတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒါတွေ ဝေဘန်ကြတယ်၊ "နို့-မြင်းမိုရ်တောင်လောက်ရှိတဲ့ ပန်းကုံးကြီး ဘုရားလှူလို့ ဘုရားမှာ ဘာအသုံးကျမှာတုံး"လို့ ဒီလို တချိုက ဝေဘန်သေးတာကိုး၊ ဒီစကားဟာ ဘုရားတပည့်တော် စိတ်ကူးနဲ့ပြောတာ မဟုတ်ပါဘူး၊ ဝေဘန်ထားတာ တွေ့ဘူးလို့ ပြောတာပါ၊ ဒီနေရာမှာ အသုံးကျတာ မကျတာကို မစဉ်းစားပဲ အဲဒီ ဗြဟ္မာကြီးဟာ ဘုရား၏ ဂုဏ်နှင့် ထိုက်တန်အောင်လို့ အမွန်အမြတ်ဆုံးဖြင့် ပူဇော်တယ်လို့သာ မှတ်သင့်ပါတယ်၊ ပူဇော်ထိုက်တဲ့ ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်ကို ပူဇော်သင့်တဲ့ အရာဝတ္ထုနှင့် ပူဇော်ရပါတယ်၊ ယခုကာလမှာ သမ္မတကြီးတို့လို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ အခမ်းအနားများ ထွက်တဲ့ အခါကာလမှာ လမ်းကနေပြီး မုခ်ဦးပြာသာဒ်တွေ ဆောက်လို့ အကြီးအကျယ် အရိုအသေ အလေးအမြတ် ပြုကြတယ်၊ အဲဒါဟာ သမ္မတကြီးမှာ ဘာအသုံးကျသလဲလို့ မမေးသင့်ပါဘူး၊ ဘာမျှတော့ အသုံးမကျဘူးပေါ့၊ သို့သော်လဲ သူမှာ အရိုအသေ အလေးအစား ပြု

ရမည့် ပုဂ္ဂိုလ်မို့ အရိုသေ အလေးအစား ပြုတာပါပဲ၊ ယခု ဘုရားကို ပူဇော်ရာမှာလဲ အဲဒီလိုပါပဲ။

မြတ်စွာဘုရားမှာ ရိုသေထိုက်တဲ့ ပူဇော်ထိုက်တဲ့ ဂုဏ်တော်နှင့် ပြည့်စုံနေလို့ ဘယ်သူမျှ မလုပ်နိုင်တဲ့ ဒီလို အမြင့်မြတ်ဆုံး ပူဇော်ခြင်းမျိုးဖြင့် ပူဇော်တယ်လို့ အာရုံပြုပြီးတော့ ကြည်ညိုရပါမယ်။

ပြီးတော့ တပါးသော နတ်တွေ လူတွေလဲ ပူဇော်ကြပါတယ်တဲ့၊ လူထဲက ဗိမ္မီသာရမင်း အစရှိသော ပုဂ္ဂိုလ်တွေ, နတ်ထဲကလဲ သိကြားမင်း အစရှိတဲ့ နတ်တွေ၊ အဲဒီ ပုဂ္ဂိုလ်တွေကလဲ ပူဇော်ကြပါတယ်တဲ့၊ ပရိနိဗ္ဗာန် စံလွန်ပြီးသွားတဲ့ အခါတောင်မှပဲ ဓမ္မာသောကမင်းကြီးဟာ ကိုးဆဲ့ခြောက်ကုဋေမျှသော ဘဏ္ဍာတော်ငွေများကို တနေ့ထည်းမှာ စွန့်ပြီးတော့ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ်ပြီး ပူဇော်ခဲ့ပါတယ်တဲ့။

ပူဇော်ထိုက်မှ အရဟံ-မည်သည်

အဲဒီမှာလဲ မေးစရာတခု ရှိပြန်ပါတယ်၊ နို့ ဒီလိုလူတွေက ပူဇော်တိုင်း ပူဇော်တိုင်း အပူဇော်ခံထိုက်သလား၊ အရဟံ မည်ထိုက်ပါ့မလား လို့ ဒီလို မေးစရာ ရှိပါတယ်၊ ယခုခေတ်မှာ ရှိနေတဲ့ ဘာသာတိုင်း ဘာသာတိုင်းမှာ မိမိတို့ ကိုးကွယ်သည့် ဘာသာကို ဘာသာဝင်ပုဂ္ဂိုလ်တွေက ပူဇော်နေကြပါတယ်၊ အကြီးအကျယ် ပူဇော်ကြတာမှာ ဘုရားကျောင်းကြီးတွေ အကြီးအကျယ် ဆောက်လို့ အများကြီးပဲ ရှိပါတယ်၊ အဲဒါတွေဟာ တကဲ့ အရဟံ မည်ပါ့မလား လို့ မေးစရာ ရှိပါတယ်။

ယခု ဒီမှာ အဌကထာဆရာ ပြောနေတာက ပူဇော်ထိုက်ရာမှာ ပူဇော်တာကို ပြောနေတာပါ၊ ပူဇော်ထိုက်တဲ့ ဂုဏ်မရှိပါပဲနှင့်တော့ ဘယ်လို ပူဇော်နေနေ၊ အဲဒါကတော့ အရဟံ မမည်ပါဘူး။

မြေကောင်းမှ စိုက်ပျိုးရသလို

ပူဇော်ထိုက်တယ်ဆိုတာကို ဥပမာနှင့် ပြရလျှင် လောကမှာ ကောက်ပဲသီးနှံ မျိုးစေ့ကို စိုက်တော့မယ်ဆိုလျှင် အဲဒီ စိုက်ပျိုးမည့်နေရာဟာ သန့်ရှင်းစင်ကြယ်

ပြီး နေရပါမယ်၊ မြေကောင်း ဖြစ်ရပါမယ်၊ မြေကောင်းမဟုတ်တဲ့ မျိုးစေ့တောင် မပေါက်နိုင်လောက်တဲ့နေရာမျိုးဆိုလျှင်တော့ မျိုးစေ့တောင် မကြဲချထိုက်ပါဘူး၊ စိုက်ပျိုးထိုက်တဲ့ မြေကောင်းမြေသန့်မျှားမှာမှ မျိုးစေ့ကို စိုက်ပျိုးရပါတယ်။

အဲဒါလိုပဲ ရာဂ, ဒေါသ, မောဟ အစရှိသော ကိလေသာ အညစ်အကြေး တွေရှိနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာဆိုလျှင် ဒီလို ပူဇော်ထိုက်တဲ့ ဂုဏ်အကျင့်တွေ မရှိပါဘူး၊ ကိလေသာ အညစ်အကြေးကင်းတဲ့ မြတ်စွာဘုရား၏ သန္တာန်မှာသာ ဒီဂုဏ်အကျင့်တွေက အပြည့်အစုံရှိပါတယ်၊ ဒီလို ကိလေသာ အညစ်အကြေးတွေ လုံးဝ စင်ကြယ်ပြီးတော့ နေလို့ မြတ်စွာဘုရားမှာ ပူဇော်ထိုက်တဲ့ဂုဏ်နှင့် ပြည့်စုံ နေပါတယ်၊ ဒါကြောင့် ယခု ပြောခဲ့တဲ့အတိုင်း လူတွေ, နတ်တွေ, ब्रह्मာတွေက ပူဇော်ကြတာတွေကို အဌကထာဆရာက ဖော်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီစကားဖြင့် "ရာဂ, ဒေါသ, မောဟ အစရှိသော ကိလေသာတွေ ကင်းလို့ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန-ဂုဏ် အစရှိသော ဂုဏ် ကျေးဇူးတွေနှင့်လဲ ပြည့်စုံလို့ တကယ်ပူဇော်ထိုက်တဲ့ မြတ်စွာဘုရားအား ပူဇော် ထိုက်တဲ့ဂုဏ်တွေကို တကယ်သိနေတဲ့ တကယ့် ပညာရှိပုဂ္ဂိုလ်တွေက ပူဇော်ကြ တယ်" ဆိုတဲ့ အကြောင်းကို ဖော်ပြလိုရင်းဖြစ်ပါတယ်၊ မသိနားမလည်တဲ့ လူ တွေက ပူဇော်တိုင်း အပူဇော်ခံထိုက်တယ်လို့ သိစေလိုရင်း မဟုတ်ပါဘူး။

ဘာဖြစ်လို့ ပူဇော်သလဲ

ဒါကြောင့် ဒီအနက်အလိုအားဖြင့် "အရဟံ၊ လူ, နတ်, ब्रह्मा အပေါင်းတို့ ၏ လွန်ကဲထူးမြတ်သော ပူဇော်ခြင်းကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား" တဲ့၊ ဒီလို ပူဇော်တယ်ဆိုတဲ့နေရာမှာ ဘာဖြစ်လို့ ပူဇော်ကြသလဲဆိုလျှင် "မြတ်စွာ ဘုရားဟာ ငါဖူးထက် မြင့်တယ်၊ ငါတို့၏ အားကိုးရာ ဖြစ်တယ်၊ မြတ်စွာဘုရား ကို ပူဇော်လို့ရှိလျှင် ယခုမျက်မှောက်မှာလဲ ကောင်းကျိုးချမ်းသာတွေကို ရနိုင် တယ်၊ နောင် သံသရာဘဝတွေမှာလဲ ကောင်းကျိုးချမ်းသာတွေကို ရနိုင်တယ်" လို့ ဒီလို ယုံကြည်ကြပြီး ပူဇော်ကြခြင်း ဖြစ်ပါတယ်။

လောကမှာ မိတ်ဆွေအဖြစ်နှင့် ပေါင်းလို့ရှိလျှင် "ဒီ လူဟာ ငါ့အရေးရှိတဲ့ အခါကျတော့ အကူအညီ ရလိမ့်မယ်" လို့ ယုံကြည်ပြီးတော့ အဲဒီ ပုဂ္ဂိုလ်ကို

မိတ်ဆွေအဖြစ်နဲ့ ပေါင်းကြပါတယ်၊ တကယ် အကူအညီရမည့် ပုဂ္ဂိုလ်ကို ပေါင်းသင်းမိလို့ရှိလျှင်တော့ အဲဒါဟာ ပေါင်းသင်းစဉ်ကတည်းက လမ်းမှန်ကျခဲ့ပါတယ်၊ အကူအညီမရမည့် ပုဂ္ဂိုလ်ကို ပေါင်းသင်းမိလျှင်တော့ လမ်းမှန်လို့ မဆိုနိုင်ပါဘူး။

အဲဒါလိုပဲ ကိုယ့်ကျိုး ကိုယ့်စီးပွါး, မျက်မှောက်စီးပွါး, တမလွန်စီးပွါးတွေကို လိုလားပြီးတော့ မိမိတို့ဆိုင်ရာဖြစ်တဲ့ ကိုးကွယ်ရာတွေကို ပူဇော်ခြင်းအမှု ပြုကြတယ်၊ဘကယ်အကျိုးရှိမည့်ဟာကို ပူဇော်လို့ရှိလျှင် ပူဇော်ထိုက်တာပါပဲ၊ တကယ်အကျိုးမရှိဘူး, ထင်သလောက် ခရီးမရောက်ဘူးဆိုတဲ့ တော်စဉ် လျှော်စဉ်တွေကို ပူဇော်နေလို့ရှိလျှင်တော့ အဲဒါဟာ မပူဇော်ထိုက်ဘူး၊ အကျိုးမဲ့ပဲလို့ ဆိုရပေလိမ့်မယ်၊ ဥပမာ သစ်ပင် ပူဇော်နေတယ်၊ တောတောင် ပူဇော်နေတယ်၊ ဂုဏ်ထူးမရှိတဲ့ ပုဂ္ဂိုလ် ပူဇော်နေတယ် စသည်ပေါ့လေ၊ တကယ်ပူဇော်ရမည့်အရာတွေ ပူဇော်နေတယ်, အရိုအသေပြုနေတယ်ဆိုလျှင် အဲဒါဟာ ဘာမျှ အကျိုးမရှိပါဘူး၊ အပူဇော်ခံ အရှင်သခင်တွေကိုလဲ မပူဇော်ထိုက်ဖူးလို့ ဆိုရပေလိမ့်မယ်။

ယခု မြတ်စွာဘုရားကတော့ မိမိတို့ ရည်မှန်းသည်ထက် ပိုပြီးတော့တောင် ကောင်းကျိုး ချမ်းသာတွေကို ရစေနိုင်တဲ့အတွက်ကြောင့် မြတ်စွာဘုရားဟာ ပူဇော်အထူးတွေကို ခံတော်မူထိုက်ပါပေတယ်ဆိုတဲ့ ဒီဂုဏ်ကြီးနှင့် ပြည့်စုံတော်ပါတယ်တဲ့။

ဒါကြောင့် "အရဟံ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား" လို့ ဒီအနက်ကို ဖွင့်ပြထားပါတယ်။

ယခု ပြောခဲ့တာဟာ အရဟံပုဒ်မှာ အဌကထာဆရာ ဖွင့်ပြထားတဲ့ ကြည်ညိုဘွယ် ဂုဏ်တွေ ဖြစ်ပါတယ်၊နောက်နောက် ဂုဏ်ပုဒ်တွေလဲ ဒီလိုပဲ ကြည်ညိုဘွယ် မှတ်သားဘွယ်မျှားနှင့် တကွ ဖွင့်ပြထားပါတယ် ဘုရား။

အရဟံဂုဏ်ဘော် ၅-နည်း ပြီး၏။

ရဟန်းအမျိုးမျိုး

မနေ့က လျှောက်ထားပြောဆိုခဲ့တဲ့အတိုင်း ဝိနည်းပိဋကတ်တော် သင်ကြားလေ့လာတဲ့ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရား၌ သဒ္ဓါတရား တိုးပွါးဘို့ရန်, ထက်သန်ဘို့ရန် အရေးကြီးတဲ့အတွက် အဌကထာ ဆရာက မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို အပြည့်အစုံ အကျယ်တဝင့် ဖွင့်ပြထားခဲ့ပါတယ်။

ပါတိမောက္ခ သံဝရသီလ

ရဟန်းတော်များမှာ ကျင့်သုံးရတဲ့ သီလက လေးပါးရှိပါတယ်၊ အဲဒီလေးပါးထဲမှာ ပါတိမောက္ခသံဝရသီလဟာ အရေးအကြီးဆုံးဖြစ်ပါတယ်၊ ပြီးတော့ အဲဒီသီလဟာ သဒ္ဓါသာဓန=သဒ္ဓါတရားဖြင့် ပြီးစေရတဲ့ သီလဖြစ်တဲ့အတွက် သဒ္ဓါတရားဖြင့် ယုံကြည်မှ ကျင့်လို့ဖြစ်ပါတယ်၊ ယုံကြည်တဲ့ပုဂ္ဂိုလ်တွေမှသာလျှင် ဝိနည်းသိက္ခာပုဒ်တွေကို လုံခြုံအောင် စောင့်ထိန်းပါတယ်၊ "ငါတို့မြတ်စွာဘုရားသခင်ဟာ သိသင့်သိထိုက်တဲ့ တရားတွေကို အကုန်လုံးသိတယ်၊ ဟောသင့်ဟောထိုက်တဲ့ တရားတွေကို ဟောတယ်၊ ပညတ်သင့် ပညတ်ထိုက်တဲ့ သိက္ခာပုဒ်တွေကို ပညတ်ပြီးတော့ ထားတယ်၊ ဒီလိုပညတ်တာဟာလဲ မြတ်စွာဘုရား၏ သာသနာတော်မှာ ဝင်ရောက်ပြီး ကျင့်သုံးတဲ့ ရဟန်းတော်များမှာ မျက်မှောက်ဘဝတွင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတွေ မဖြစ်ရအောင်, နောင်သံသရာဘဝမှာ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတွေ မဖြစ်ရအောင် တကယ်အကျိုးရှိတဲ့အတွက် ဒီသိက္ခာပုဒ်တွေကို ပညတ်သင့်လို့ ပညတ်ထားတာ"လို့ ဒီလိုယုံကြည်တဲ့သဒ္ဓါတရား ပြည့်ပြည့် စုံစုံ လုံလုံလောက်လောက်ရှိမှ ဒီသိက္ခာပုဒ်တွေကို ရှိရှိသေသေ စောင့်ထိန်းသွားနိုင်ပါတယ်။

အဲဒါကြောင့် မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ သဒ္ဓါတရားတိုးပွါးရအောင်လို့ အဌကထာဆရာက မြတ်စွာဘုရား၏ ဂုဏ်တော်တွေ ဖွင့်ရန် အခွင့်ဆိုက်တဲ့အရာမှာ ထိုဂုဏ်တော်တွေကို အကျယ်တဝင့် ဖွင့်သွားပါတယ်။

လောက ဥပဒေများလို

ယနေ့တော့ ဝိနည်းသိက္ခာပုဒ်မှာ အစဆုံး"ယော ပန ဘိက္ခု" ဆိုတဲ့ အဖွင့်ကို ပြောဘို့ အလှည့်ကျနေပါတယ်။

လောကမှာလဲ စည်းကမ်း ဥပဒေတခု သတ်မှတ်လို့ရှိလျှင် ထိုစည်းကမ်း ဥပဒေကို လိုက်နာရမည့် ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ပဲဆိုတာကို သတ်မှတ်ရပါတ်ယ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သား, ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ ဆိုလို့ရှိလျှင် နိုင်ငံကော်သားဆိုတာ ဘယ်လိုဟာ, နိုင်ငံတော်သူဆိုတာ ဘယ်လိုဟာ စသည်ဖြင့် အစကတည်းက စည်းကမ်း ဥပဒေထဲမှာ စည်းကမ်း ဥပဒေနှင့် သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေကို ဖော်ပြရပါကယ်။

ထို့အတူ မြတ်စွာဘုရား၏ ဝိနည်းသိက္ခာပုဒ်တော်တွေမှာလဲပဲ ဒီဝိနည်းသိက္ခာပုဒ်တော်တွေကို ကျင့်သုံးရမည့် ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပဲဆိုတာကို "ယော ပန ဘိက္ခု"လို့ ရှေးဦးစွာ သတ်မှတ်ပြီးတော့ မြတ်စွာဘုရားက ဒီမှာ ပြထားပါကယ်၊ ယော ပန ဘိက္ခု-ဆိုတဲ့စကားရပ်ထဲမှာ ဘိက္ခု-ဆိုတာက ဘယ်လိုဟာလဲ ဆိုတော့ အဲဒီ ဘိက္ခုအမျိုးအမည်တွေကို ပဒဘာဇနီပါဠိတော်မှာပဲ"ဘိက္ခကော-တိ ဘိက္ခု၊ ဘိက္ခာစာရံ အဇ္ဈုပဂတောတိ ဘိက္ခု" စသည်ဖြင့် မြတ်စွာဘုရားက ခွဲခြားဝေဘန်ပြီးတော့ ဟောထားပါတယ်။

အဲဒီမှာ အရေးအကြီးဆုံးကတော့ "သမညာယ ဘိက္ခု, ပဋိညာယ ဘိက္ခု, ဟေ ဘိက္ခု, တိဟိ သရဏဂမနေဟိ ဥပသမ္ပန္နော ဘိက္ခု" စသည်ဖြင့် ဖွင့်ပြတဲ့ ပုဒ်တွေဟာ အရေးကြီးတဲ့ အဖွင့်တွေပဲလို့ မှတ်သားဘို့ကောင်းပါတယ်။

ရဟန်းပြုပေးကြပုံ

အဲဒီ အထည်းမှာ ရှေးဦးစွာ "တိဟိ သရဏဂမနေဟိ ဥပသမ္ပန္နော-သရဏကုံ သုံးပါးဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တဲ့ ရဟန်းလဲ ဘိက္ခုပဲ"လို့ ပါဠိတော်က ဆိုပါတယ်၊ အဲဒါကို အဋ္ဌကထာက ဒီလိုဖွင့်ထားပါတယ်၊ သရဏကုံ သုံးပါးဖြင့် ရဟန်းအဖြစ်သို့ ရောက်တယ်ဆိုတာ ဘယ့်နှယ်ဟာလဲဆိုလျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ ယခုကာလ ရှင်သာမဏေပြုတဲ့အခါမှာ သရဏကုံ ဆောက်တည်ရသလိုပါပဲ၊ မြတ်စွာဘုရား

ပွင့်ပြီးစ ကာလတုန်းက ပဌမဝါကျွတ်တဲ့အခါမှာ ဗာရာဏသီက နေပြီးတော့ ရဟန်းတော်များကို သာသနာပြုဘို့ စေလွှတ်တော်မူခဲ့ပါတယ်၊ အဲဒီတုန်းက သာသနာပြု မထေရ်များမှာ ရှင်ရဟန်းပြုချင်တဲ့ ပုဂ္ဂိုလ်တွေရှိလျှင် ဘုရားထံ ခေါ်ဆောင်ပြီးတော့ လာကြရပါတယ်၊ မြတ်စွာဘုရားထံရောက်တော့ မြတ်စွာ ဘုရားက"ဧဟိ ဘိက္ခု"ခေါ်ပြီး ရဟန်းပြုပေးပါတယ်၊ အဲဒီနည်းဖြင့် ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်တွေလဲ ပင်ပန်း, ရှင်·ရဟန်းလောင်းတွေလဲ ပင်ပန်းတဲ့အတွက် မြတ်စွာ ဘုရားက ရဟန်းတော်၁တို့ ကိုယ်တိုင်ပဲ ရောက်ရာ ရောက်ရာမှာ ရှင်လောင်း, ရဟန်းလောင်းများကို ရှင်ပြုပေးရမည်, ရဟန်းပြုပေးရမည်လို့ အမိန့်ရှိပြီးတော့ သရဏဂုံသုံးပါးဖြင့် ရှင်ပြုပေးဘို့ ရဟန်းပြုပေးဘို့ ခွင့်ပြုတော်မူခဲ့ပါတယ်။

အဲဒီခွင့်ပြုတဲ့ အမိန့်တော် အရအားဖြင့် ဟိုစဉ်အခါကာလက သရဏဂုံ သုံးပါးကို ဆရာက ဆိုပေး၊ တပည့်က လိုက်ရွတ်ဆိုလျှင် ယခုကာလ ရှင်ပြုသလိုပဲ သရဏဂုံဖြင့် ရဟန်းအဖြစ်သို့ ရောက်ကြပါတယ်။

အဲဒီ ဘိက္ခု ရဟန်းကို ဖွင့်ပြတဲ့နေရာမှာ သရဏဂုံဖြင့် ရဟန်းအဖြစ်ရောက်သလိုပဲ တခြားနည်းများဖြင့် ရဟန်းအဖြစ်ရောက်တာလဲ ခုနစ်မျိုး ရှိပါသေးတယ်၊ အဲဒါတွေကို ဒီအဋ္ဌကထာမှာ အကုန်လုံးယူပြီးတော့ ဖွင့်ပြထားပါတယ်။

ရဟန်း ရှစ်မျိုး

ရဟန်းဖြစ်တယ်ဆိုတာ ရှစ်မျိုးရှိပါတယ်၊ ပဌမအမျိုးက ဧဟိဘိက္ခု-ရဟန်း၊ ဒုတိယ အမျိုးက သရဏဂုံ-ရဟန်း၊ တတိယအမျိုးက ဩဝါဒခံ-ရဟန်း၊ စတုတ္ထ အမျိုးက ပြဿနာဖြေတဲ့ရဟန်း၊ ပဉ္စမအမျိုးက ဂရုဓံ လက်ခံတဲ့ ရဟန်း၊ ဆဋ္ဌ အမျိုးက ဒူဘ-ရဟန်း၊ သတ္တမ အမျိုးက အဋ္ဌဝါစိကဉ္ စတ်နှင့် ကမ္မဝါစာရှစ်ကြိမ် ဘတ်ပြီးတော့ ပြုပေးရတဲ့ရဟန်း၊ အဋ္ဌမ ရှစ်ခုမြောက်ရဟန်းက ဉ စတ်လျှင် **လေး**ကြိမ်မြောက်တဲ့ ဉ.တို့ စတုတ္ထကံဖြင့် ရဟန်းပြုပေးတဲ့ ရဟန်းလို့ အဲဒီလို ရှစ်မျိုး ရှိပါတယ်။

ဧဟိဘိက္ခု ရဟန်း

အဲဒီ ရှစ်မျိုးထဲမှာ ဧဟိဘိက္ခုရဟန်းဆိုတာဟာ မြတ်စွာဘုရား၏ သာသနာတော်မှာ အစဆုံးဖြစ်လာတဲ့ ရဟန်းပါပဲ။

မြတ်စွာဘုရား ရှေးဦးစွာ ဗာရာဏသီ မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂိငါးဦးကို ဓမ္မစက္ကပဝတ္တနသုတ်ဆိုတဲ့ ဓမ္မစကြာတရားတော်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်၊ အဲဒီဓမ္မစကြာတရားကို နာတဲ့ ပဉ္စဝဂ္ဂိငါးဦးထဲက ရှေးဦးစွာ အရှင်ကောဏ္ဍည တရားသိမြင်ပြီး သောတာပန် ဖြစ်သွားပါတယ်။

အဲဒီအခါမှာ အရှင်ကောဏ္ဍညက မြတ်စွာဘုရားထံမှာ တပည့်အဖြစ်ဖြင့် ဝင်ရောက်ပြီး ကျင့်သုံးလိုကြောင်း ရဟန်းအဖြစ် တောင်းပန်ပါတယ်၊ ဒီတော့ မြတ်စွာဘုရားက—

> "ဟေ ဘိက္ခု၊ သွာခါတော ဓမ္မော စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။
>
> ဘိက္ခု၊ ရဟန်း။ ဟေ၊ ဤသာသနာတော်သို့ လာခဲ့လော့။ မယာ၊ ငါသည်။ ဓမ္မော၊ တရားကို။ သွာခါတော၊ ကောင်းစွာ ဟောကြားအပ်ပေပြီ။ ဒုက္ခဿ၊ ဆင်းရဲအပေါင်း၏။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လှည့်လော့"—

လို့ အဲဒီလို လက်ရုံးတော် ဆန့်တန်းပြီး ခေါ်ဝင်တော်မူပါတယ်။ အဲဒီလို ခေါ်ဝင်ပြီးသည်နှင့် ဝေပြိုင်နက် အဲဒီ "ဟေ ဘိက္ခု" အခေါ်ခံရတဲ့ ပုဂ္ဂိုလ်မှာလဲ သက်နှံးရော သပ်တပါ ရဟန်းအသုံးအဆောင် ပရိက္ခာရာတွေ အကုန်လုံး ပြည့်စုံပြီးသား ဖြစ်သွားပါတယ်၊ ခေါင်းလဲ ရိတ်ပြီးသားဖြစ်လို့, သင်္ကန်းကလဲ ရုံပြီးသားဖြစ်လို့ အဆင်သင့် တခါတည်း ဖြစ်သွားပါတယ်။

အဲဒီလို ဟေ ဘိက္ခု အဖြစ်နဲ့ ရဟန်းပြုတဲ့ ရဟန်းတွေ ဘယ်လောက်ရှိသလဲဆိုလျှင် ရှေးဝိနည်း အဋ္ဌကထာမျှားမှာ ပြထားတာက တထောင်နဲ့ သုံးရာနှင့် လေးဆဲ့တပါး (၁,၄၁) ပြထားပါတယ်။ အဲဒါက ဝိနည်းပါဠိတော်မှာ တိုက်ရိုက်လာတဲ့ "ဟေ ဘိက္ခု" ရဟန်းတွေပါ၊ ဝိနည်းပါဠိတော်မှာ တိုက်ရိုက်မလာပဲ သုတ္တန်မှာလာတဲ့ "ဟေ ဘိက္ခု" ရဟန်းတွေ ကြွင်းကျန်နေသေးလို့ ယခု အဋ္ဌကထာသစ်မှာတော့ ထပ်ပြီးတော့ ထည့်သွင်းဖော်ပြထားပါတယ်၊ အဲဒါက ဘယ်လောက်ရှိသတုံးဆိုလျှင် နှစ်သောင်း ခုနစ်ထောင့် သုံးရာ (၂၇၃၀၀)ကျော်

ရှိပါတယ်၊ ဒါကြောင့် "ဝေမာဒယော" ဆိုပြီးတော့ အဆုံးမသတ်သေးပဲ ပြထားပါတယ်၊ သည့်ပြင်လဲ ကြွင်းကျန်နေတာ ရှိသေးတယ်လို့ ဆိုလိုပါတယ်၊ အဲဒီတော့ ရှေးဝိနည်းအဋ္ဌကထာဟောင်းမှာ လာတာက ၁၃၄၁-ပါး၊ သုတ္တန်ကယူပြီးတော့ ထည့်သွင်းပြတာက ၂၇၃၀၀-ပါး၊ ၂-ရပ်ပေါင်း ၂၀၆၄၁-ပါး၊ အဲဒါတွေဟာ "ဟိ ဘိက္ခု" ရဟန်းတွေချည်းပါပဲ။

သရဏဂုံ ရဟန်း

ဒုတိယ သရဏဂုံဖြင့် ပြုတဲ့ ရဟန်းကတော့ ခုနတုန်းက ပြောပြခဲ့ပြီးပါပြီ၊ အဲဒီ သရဏဂုံဖြင့် ရဟန်းပြုတာဟာ ဘယ်ထိအောင် တည်နေသတုံးဆိုလျှင် ရာဓ-ဆိုတဲ့ပုဏ္ဏား ရဟန်းပြုတဲ့အခါကာလတိုင်အောင် တည်နေခဲ့ပါတယ်၊ အဲဒီရဲ့ ရှေးအခါကာလမျှားမှာ ရဟန်းတော်မျှားက ရဟန်းပြုပေးလျှင် သရဏဂုံဖြင့်ပဲ ရဟန်းပြုပေးကြပါတယ်၊ မြတ်စွာဘုရားက ရဟန်းပြုပေးလျှင်တော့ "ဧဟိ ဘိက္ခု" ခေါ်ပြီး ပြုပေးတာပဲ မျှားပါတယ်။

ဩဝါဒခံ ရဟန်း

တတိယ ဩဝါဒခံရဟန်းဆိုတာက အရှင်မဟာကဿပကြီး တပါးပဲရှိပါတယ်၊ အရှင်မဟာကဿပကြီးကို ဩဝါဒသုံးခု ပေးပြီးတာနဲ့ ရဟန်းအဖြစ်ဖြင့် မြတ်စွာဘုရားက ခွင့်ပြုတော်မူပါတယ်၊ အဲဒီက စပြီးတော့ အရှင်မဟာကဿပကြီးဟာ ရဟန်းဖြစ်တော်မူခဲ့ပါတယ်။

ပြဿနာဖြေ ရဟန်း

ပြီးတော့ ပြဿနာဖြေပြီးခဲတော့ ရဟန်းဖြစ်တယ် ဆိုကာကလည်း အရှင်သောပါက တပါးပဲ ရှိပါတယ်၊ သောပါက သာမဏေဟာ ခုနစ်နှစ် အရွယ်ဌ မြတ်စွာဘုရားက ပြဿနာတွေ မေးလို့ မေးတဲ့ပြဿနာတွေကို ကျကျနန မှန်မှန်ကန်ကန် ဖြေနိုင်တဲ့ အတွက် ရဟန်းအဖြစ် ခွင့်ပြုတော်မူပါတယ်။

ဂရုဓံ ရဟန်း

ပြီးတော့ ဂရုဓံကို လက်ခံတဲ့ ရဟန်းဆိုတာက မဟာပဇာပတိဂေါတမီ (မိထွေးတော် ဂေါတမီ) ရဟန်းမိန်းမ ဖြစ်ပါတယ်၊ ရဟန်းမိန်းမထဲမှာ ပဌမဆုံး

ရဟန်းအဖြစ်သို့ရောက်တဲ့ ရဟန်းမိန်းမပါပဲ၊ "ဂဒ္ဒမံရှစ်ပါးကို လက်ခံသည့်အချိန်က စပြီး ရဟန်းဖြစ်စေ" လို့ မြတ်စွာဘုရားက ခွင့်ပြုတဲ့အတွက် မဟာပဇာပတိ ဂေါတမီဟာ ရဟန်းအဖြစ်သို့ ရောက်လာခဲ့ပါတယ်။

ဒုတ-ရဟန်းနှင့် အဌဝါဒိက-ရဟန်း

ပြီးတော့ ဒုတ-ရဟန်းဆိုတာကလဲ ဘိက္ခုနီထဲက ပါပဲ၊ ဒါကတော့နည်းနည်း နောက်ပိုင်းကျပါတယ်၊ ရဟန်းမိန်းမများမှာ ပဌမတုန်းကဆိုလျှင် ရဟန်းယောကျ်ားများလိုပဲ ရဟန်းများက ဥတ်လျှင် လေးကြိမ်မြောက် ရှိတဲ့ ကမ္မဝါစာ ဖြင့် ရှတ်ဖတ်ပြီးတော့ ရဟန်းပြုပေးကြပါတယ်၊ နောက် ဘိက္ခုနီတွေ များလာတဲ့ အခါကျတော့ ရှေးဦးစွာ ဘိက္ခုနီတွေက ဥတ်လျှင် လေးကြိမ် မြောက်ရှိတဲ့ ကမ္မဝါစာဖြင့် ရဟန်းခံပေးမှ, အဲဒီကစပြီးတော့မှ ထပ်ပြီး ရဟန်း တွေထံမှာ လာပြီးတော့ ဥတ်လျှင် လေးကြိမ်မြောက်ရှိတဲ့ ကမ္မဝါစာဖြင့် ရဟန်းခံပေးရပါတယ်၊ ဒါကြောင့် ဥတ်နှင့် ကမ္မဝါစာနှင့်ဆို ရှစ်ကြိမ် ဖြစ်နေ ပါတယ်။

ဘိက္ခုနီမတွေ တော်တော်များလာတဲ့ အချိန်ကစပြီး အမျိုးသမီးများကို ရဟန်းပြုပေးလျှင် ဥတ်နှင့် ကမ္မဝါစာ ရှစ်ကြိမ်ဘတ်ရတဲ့ နည်းဖြင့်ပဲ ရဟန်းပြု ပေးကြရပါတယ်။

အခါတပါးမှာ အဇုကာသီ ဆိုတဲ့ ပြည့်တန်ဆာမ အမျိုးသမီးတယောက် ရဟန်းမိန်းမပြုပါတယ်၊ အဲဒီအခါမှာ ဘိက္ခုနီမများထံက ဥတ်နှင့် ကမ္မဝါစာလေး ကြိမ်ဖတ်၍ ရဟန်းပြုပေးပြီးတဲ့နောက် ဘိက္ခုသံဃာ့ထံ သွားရောက်ပြီး ရဟန်း အဖြစ်ကို ယူဘို့ စီစဉ်တဲ့အခါမှာ အပျော်ကြူးတဲ့ လူတစုက လမ်းခရီးမှာ အန္တရာယ်ပြုဘို့ ကြံရွယ်နေကြတဲ့ အကြောင်းကြောင့် ဘိက္ခုသံဃာ့ထံ မသွား ရောက်နိုင်ပဲ ရှိနေခဲ့ပါတယ်၊ အဲဒါကို အကြောင်းပြုပြီး မြတ်စွာဘုရားက "ဒုတ" ခေါ်တဲ့ တမန်ကိုယ်စားလှယ် လွှတ်ပြီးတော့ ရဟန်းသံဃာတော်များထံ လျှောက် ထားတောင်းပန်ဘို့, ရဟန်းသံဃာတော်များကမ္မဝါစာရှတ်ဖတ်ပြီးမျက်ကွယ်မှာပဲ ရဟန်းခံပေးဘို့ရန်ခွင့်ပြုတော်မူပါတယ်။ အဲဒီလိုဒုတ-ခေါ်တဲ့တမန်ကိုယ်စားလှယ်

နဲ့ ရဟန်းခံပေးရတာဟာ ဒုတ-ရဟန်းပါပဲ၊ အဲဒါလဲ အဖုကာသီ ဘိက္ခုနီမ တဦးပဲ ထင်ရှားပါတယ်။ အဌဝါစိက-ရဟန်းကိုတော့ အခုန ပြောပြီးခဲ့ပါပြီ။

ဥ တ္တိစတုတ္ထရဟန်း

ရာဝပုဏ္ဏား ရဟန်းပြုတဲ့ အချိန်ကစပြီးတော့ ရဟန်းယောကျ်ားများမှာ ရဟန်းခံရတာကတော့ ဥ တ်လျှင် လေးကြိမ်မြောက်ရှိတဲ့ ကမ္မဝါစာဖြင့် ရဟန်းခံကြရပါတယ်၊ အဲဒီလို ရဟန်းခံဘဲ့ အခါကာလမှာ သမဂ္ဂေန သံဃေန ဆိုတဲ့အတိုင်း သံဃာအညီအညွတ် ရှိရပါတယ်၊ မဇ္ဈိမဒေသ အရပ်မှာဆိုလျှင် သံဃာဟာ ဆယ်ပါးထက်မနည်း ရှိရပါတယ်။

မဇ္ဈိမဒေသမှ ပြင်ဘက် ပစ္စန္တရာဇ်ဖြစ်ဘဲ့ ဗမာပြည်တို့လို အစွန်အဖျားအရပ်ဒေသတွေမှာတော့ ရဟန်းငါးပါးဆိုလျှင် လုံလောက်ပါတယ်၊ အဲဒီ ရဟန်းငါးပါးဖြစ်စေ, ဆယ်ပါးဖြစ်စေ သူနေရာနှင့်သူ အပြည့်အစုံ တခုတည်းသော သိမ်အပြင်မှာ အညီအညွတ် စည်းဝေးလျက် ရှိရပါတယ်၊ဥ တ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာကို ရွတ်ဖတ်ရပါတယ်၊ ရွတ်ဖတ်တယ်ဆိုတာကလည်း ရဟန်းလောင်းကို ရဟန်းပြုပေးတဲ့အခြေကြောင်း အဲဒါကို သံဃာတွေအားသဘောတူမတူ မေးမြန်းပြောဆိုတဲ့ စကားပါပဲ၊ ဒီလို မေးမြန်းပြောဆိုပြီး အသိအမှတ်ပြုတဲ့ စကားပါပဲ။

အဲဒီလို အသိအမှတ်ပြုတဲ့ အခါကာလမှာ ကန့်ကွက်မှုမရှိပဲ အကုန်လုံးက သဘောတူလျှင် "အကုပ္ပေန" ဆိုတဲ့အတိုင်း မပျက်မစီးပဲနှင့် ကံအောင်မြင်ပြီးသွားပါတယ်၊ အဲဒီလို ရဟန်းဖြစ်လာတာကိုသာ မြတ်စွာဘုရား၏ အလိုတော်ကျ မြတ်စွာဘုရား၏ သာသနာတော်မှာ ရဟန်းစင်စစ် ဖြစ်တယ်လို့ မှတ်ယူရပါတယ်။

အဲဒီ ရှစ်ပါးသော ရဟန်းဟာ ဝိနည်းသိက္ခာပုဒ် ဆိုင်ရာမှာ အာပတ်သင့်နိုင်တဲ့ ရဟန်းပါပဲ၊ ဒီအထဲမှာ ဟော် ဘိက္ခု-အစရှိသော ရဟန်းတွေကတော့ အာပတ်အကြီးအကျယ်တွေဆိုလျှင် မသင့်ပါဘူး၊ ဒါကြောင့် အာပတ်အကြီးအကျယ် သင့်နိုင်တဲ့ ဘိက္ခု-ရဟန်းကတော့ ယခုနောက်ဆုံး ပြောခဲ့တဲ့ ဥ တ်လျှင် လေးကြိမ်မြောက်ရှိသည့် ကမ္မဝါစာနှင့် ရွတ်ဖတ်ပြီး ပြုပေးရတဲ့ ရဟန်းပဲ ဖြစ်ပါ

တယ်၊ ဒါကြောင့် ပဌမ ပါဆုဇိကအရာမှာ ဒီ ဥတ္တိစတုတ္ထ ဘိက္ခု-ရဟန်းကိုသာ ယူရမည်လို့ ဒီမှာ ပြသွားပါတယ်။

သမညာယ ဘိက္ခု

ပြီးတော့ ဒီမှာ ဒီ ရဟန်း ရှစ်ပါးအပြင် မှတ်သားဘို့ အရေးကြီးတာက "သမညာယ ဘိက္ခု, ပဋိညာယ ဘိက္ခု" ဆိုတဲ့ ရဟန်းတွေလဲ ရှိပါသေးတယ်၊ "သမညာယ ဘိက္ခု" ဆိုတာက ဘာလဲဆိုလျှင် ပညတ္တိယာ ဝေါဟာရေနလို့ ဆိုတဲ့အတိုင်း အမည်ပညတ်မျှ အခေါ်အဝေါ်မျှဖြင့် ရဟန်းဖြစ်နေတာ တဲ့၊ ဒါကလဲ တရားဝင်တဲ့ အခေါ်အဝေါ်, တရားမဝင်တဲ့ အခေါ်အဝေါ်-လို့ ဒီလို နှစ်မျိုးရှိပါတယ်၊ တရားဝင်တဲ့ အခေါ်အဝေါ်ကတော့ ရဟန်းတော်တွေ ဆွမ်းကျွေးနေတဲ့ အခါမှာ "ရဟန်း တရာ ဆွမ်းကျွေးတယ်, တထောင် ဆွမ်းကျွေးတယ်" လို့ ဒီလို ပြောကြပါတယ်၊ အဲဒီလို ပြောတဲ့ တရာ, တထောင်ထဲမှာ ရဟန်းချည်း မဟုတ်ပဲနှင့် ရှင်သာမဏေတွေလဲ ပါနေတတ်ပါတယ်၊ အဲဒီ ရှင်သာမဏေ တွေကိုလဲ "ဘိက္ခု-ရဟန်း" ဆိုတဲ့အမည်နှင့် ခေါ်ဝေါ် သုံးစွဲထားပါတယ်၊ အဲဒါဟာ အမည်မျှလောက်ပဲ ရဟန်းစာရင်း ဝင်ပါတယ်၊ တကယ်စင်စစ် ရဟန်းမဟုတ်ပါဘူး၊ ဒါပေမယ်လို့ ဒီလို အခေါ်အဝေါ်မျိုးကတော့ တရားဝင်တဲ့ အခေါ်အဝေါ် ဖြစ်ပါတယ်၊ သာသနာ့ ဝေါဟာရနှင့် သင့်လျော်တဲ့ အခေါ်အဝေါ်လို့ ဆိုရပါတယ်၊ ဒီလို အခေါ်ခံရတဲ့ သာမဏေများလဲ တရားဝင်တဲ့ "သမညာ-ရဟန်း, အပြစ်မဲ့တဲ့ အမည်ခံရဟန်း" ဖြစ်ပါတယ်။

တရားမဝင်တဲ့ အခေါ်အဝေါ် ဆိုတာကတော့ တချိုမှာ ရဟန်းလဲ မဟုတ်, ရဟန်းနှင့်လဲ ဘာမျှ မစပ်ဆိုင်ပါပဲ အမည်မျှနှင့် ရဟန်းပဲဆိုပြီး ခေါ်နေတာတွေ ရှိပါတယ်၊ ဘာသာ အမျိုးမျိုးတွေထဲမှာလဲ သူ့ဘာသာနှင့်သူ အသီးသီး ရဟန်းရယ်လို့ အမည်ခံနေကြတာတွေ ရှိပါတယ်၊ အဲဒါတွေကတော့ ဗုဒ္ဓဘာသာရေး ကိစ္စနဲ့ မရောစပ်ပဲ သူ့ဟာသူ နေလို့ ဗုဒ္ဓသာသနာရေးမှာ သိပ်ကိစ္စ မရှိပါဘူး၊ အရေးကြီးတာကတော့ ဗုဒ္ဓဘာသာထဲမှာ ရဟန်းအစစ် မဟုတ်ပဲ ရဟန်းလို့ အမည်ခံနေတာတွေက အရေးကြီးပါတယ်၊ ခုနက ပြောခဲ့တဲ့ ဥတ္တိစတုတ္ထကံနှင့် မဟုတ်ပဲ သူတို့နည်းဖြင့် သူတို့ ရဟန်းပြုပြီး ရဟန်းအမည် ခံနေကြတာတွေ ရှိပါတယ်။

ဘုရားတပည့်တော် ကြားဘူးသလောက် ဖော်ပြရမည်ဆိုလျှင် ထေရဝါဒ မဟုတ်တဲ့ ရဟန်းဂိုဏ်းတွေမှာ သူတို့ရဲ့ ရဟန်းအဝတ်ကြီးကို ရဟန်းလောင်းရဲ့ ကိုယ်ပေါ်မှာ တင်လိုက်ရရုံဖြင့်လဲ ရဟန်းပြုပေးခြင်း ကိစ္စ ပြီးသွားတယ်လို့ ဆိုပါတယ်၊ ထေရဝါဒ ပိဋကမှာဆိုလျှင် ဒီလို ရဟန်းပြုပေးတဲ့ နည်းဟာ ဘယ်မှာမှ မရှိပါဘူး၊ အဲဒါကြောင့် ဒီရဟန်းမျိုးကို "သမညာရဟန်း, အမည်ခံ ရဟန်း" ထဲမှာ စာရင်းသွင်းနိုင်ပါတယ်။

ပဋိညာယ ဘိက္ခု

ပြီးတော့ "ပဋိညာယ ဘိက္ခု" ဆိုတာက ရဟန်းပါလို့ ဝန်ခံတာနဲ့ ရဟန်း အနေနဲ့ အသိအမှတ် ပြုရတဲ့ လူကို ဆိုလိုပါတယ်၊ ဒီနေရာမှာ အမှန်အတိုင်း ဝန်ခံတာလဲ ရှိတယ်၊ မမှန်ပဲနဲ့ ဝန်ခံတာလဲ ရှိတယ်၊ ရဟန်းစင်စစ်က ရဟန်း ပါလို့ အမှန်အတိုင်း ဝန်ခံတာကိုတော့ "ပဋိညာယ ဘိက္ခု" လို့ မဆိုလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့ ပဋိညာ-ဝန်ခံမှုကြောင့် ရဟန်းမည်တာ မဟုတ်, မူလက တည်းက ရဟန်းစစ် ဖြစ်နေလို့ပါပဲ။

ဒီနေရာမှာ ဆိုလိုတာကတော့ ရဟန်းစစ်မဟုတ်ပါပဲ ပဋိညာ-ဝန်ခံမှုသက်သက် ဖြင့် ရဟန်းအနေနဲ့ သိမှတ်ရတာကိုသာ ဆိုလိုပါတယ်၊ ဘယ်လိုလဲဆိုလျှင် ညအခါကာလမှာ ဘယ်သူလဲလို့ မေးလျှင် အမေးခံရတဲ့သူက ရဟန်းဟုတ်ပါ ပဲနှင့် ငါရဟန်းပဲ, ဘုန်းကြီးပဲလို့ ပြောလိုက်လျှင် ကြားရတဲ့ သူတွေက ရဟန်း ပဲလို့ အဲဒီလူကို အသိအမှတ် ပြုသွားနိုင်ပါတယ်၊ ဒီလို ဝန်ခံရုံမျှဖြင့် ရဟန်း အနေနဲ့ သိမှတ်ရတဲ့ လူကို "ပဋိညာယ ဘိက္ခု-ဝန်ခံရဟန်း" လို့ ဆိုလိုပါတယ်၊ ဒါဟာ ညမှာသာ မဟုတ်ဖူး၊ နေ့ခင်း ကြောင်တောင်ကြီးမှာလဲ ရဟန်းပါလို့ ဝန်ခံတာနဲ့ ရဟန်းပဲလို့ အသိအမှတ် ပြုနေရတာတွေဟာ အရပ်ရပ် အနယ် နယ်မှာ အများကြီးပဲ ရှိပါတယ်၊ ဗုဒ္ဓသာသနာရဲ့ အပြင်ဘက်က သူ့ဟာသူ ရှိနေတာတွေကတော့ သိပ်ကိစ္စမရှိပါဘူး၊ ဗုဒ္ဓသာသနာအတွင်းမှာ ခုန ပြောတဲ့ ဥတ္တိစတုတ္ထကံနှင့် စည်းကမ်းတကျ ရဟန်းပြုတာမဟုတ်ပဲ တော်စွာ လျော်စွာ နည်းဖြင့် ရဟန်းပြုလာပြီး ရဟန်းပဲလို့ ဝန်ခံနေကြတဲ့ ရဟန်းတု ရဟန်းယောင် တွေကသာ အရေးကြီးပါတယ်။

အဲဒီလိုဟာတွေကိုပဲ တကယ် ရဟန်းစစ် ရဟန်းမှန်လို့ ယူဆပြီး ကိုးကွယ်ဆည်းကပ်သွားလျှင် သာသနာတော်ဟာ ပျက်စီးသွားနိုင်ပါတယ်၊ သူတို့ဟာ သူတို့ အသီးအခြား ရဟန်းအဖြစ်ဖြင့် ဝန်ခံနေတယ် ဆိုလျှင်လဲ တော်ခေတ်ရှိပါသေးတယ်၊ ဒီလို မဟုတ်ပါပဲနှင့် ထေရဝါဒ ရဟန်းကောင်းတွေထဲမှာ ဝင်ရောက်လို့ ရှိလျှင်တော့ သေသေချာချာ ပျက်စီးသွားနိုင်ပါတယ်။

ဓမ္မာသောကမင်း လက်ထက်တုန်းက တိတ္ထိခတွေက သာသနာ့ဘောင်ဝင်လာတယ်ဆိုတာ ဒါမျိုးတွေပါပဲ၊ သမညာယ ဘိက္ခု,ပဋ္ဌိညာယ ဘိက္ခုတွေပဲ၊ သူတို့ဟာ သူ့ဘို့ သက်နိုးတွေ ဝတ်ကြတယ်၊ ရဟန်းလဲ မဟုတ်ဘူး၊ ဘယ်သူကမျှ ရဟန်းခံပေးတာ မဟုတ်ဘူး၊ အဲဒါတွေဟာ ကျောင်းတိုက်ထဲ ရောက်တဲ့ အခါကျတော့ ကျောင်းပေါ်မှာ တက်ပြီးတော့ နေကြတယ်၊ ရဟန်းကောင်းတွေ ဥပုသ်ကံကြီး, ကံငယ်ပြုကြတဲ့ အခါကျတော့လဲ ရဟန်းအသွင် အပြင် တွေဖြင့် သူတို့က ဝင်တော့ ရဟန်းကောင်းတွေမှာ ကံကြီး, ကံငယ်ဆောင်လို့ မဖြစ်ပါဘူး၊ အကယ်၍ မသိလို့ ကံဆောင်မိလျှင်လဲ အဲဒီ ကံတွေ မအောင်ပဲနှင့် ပျက်ကုန်ပါတယ်၊ အဲဒါကြောင့် ဒီလို အတုအယောင်တွေက အရေးကြီးပါတယ်။

ယခုကာလမှာ ထေရဝါဒ ဝိနည်း ပိဋကတော်အတိုင်း မဟုတ်ပဲ အခြားနည်းဖြင့် ရဟန်းပြုလာတဲ့ ရဟန်းတွေဟာ အများကြီးပဲ ရှိပါတယ်၊ အဲဒီလို ရဟန်းတွေက ထေရဝါဒ ရဟန်းကောင်းတွေထဲရောက်ပြီး ရဟန်းချင်းတူသလိုလို နှင့် ရောနှောမှာကိုတော့ အတော့ကို စိုးရိမ်စရာ ကောင်းပါတယ်။ ဒါပေမယ့် သူ့နည်းနှင့်သူ ရဟန်းပြုပြီး သူ့ဟာသူပဲ အသီးအခြားနေကြတာ တွေကတော့ ကိစ္စမရှိပါဘူး၊ အရေးကြီးတာကတော့ ရဟန်းစစ် ရဟန်းကောင်းတွေထဲမှာ အတုအယောင်တွေ ရောနှောပြီး နေလျှင်, အများကလဲ အတူတူပဲလို့ ထင်မှတ်နေလျှင် အဲဒါကတော့ ရဟန်းစစ် ရဟန်းကောင်းတွေရဲ့ သာသနာအစဉ်အဆက်ကို ပျက်စီး သွားစေနိုင်ပါတယ်၊ ဒီစကားကို ထည့်သွင်း ဖော်ပြရတာက ယခုနေအခါမှာ ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင် ဂိုဏ်းပေါင်းစုံတွေ ရောနှောတည်ရှက်ရေးနှင့် စပ်ပြီး သတိပြုစရာ ကောင်းလဲ့အတွက် အရိပ်အမြွက်မျှ ဖော်ပြရခြင်း ဖြစ်ပါတယ်။

ကောင်းတဲ့ အကျင့်ရှိလျှင် ရဟန်း

ပြီးတော့ "ဘဒြော ဘိက္ခု၊ သာရော ဘိက္ခု၊ သေခေါ ဘိက္ခု၊ အသေခေါ ဘိက္ခု"လို့ ဒီလို ဘိက္ခုတွေလဲ ပါဋိတော်မှာပဲ တိုက်ရိုက်လာပါတယ်၊ ဘဒြော-ဘိက္ခု=ကောင်းသော ရဟန်း။ ကောင်းလို့ရှိလျှင် ရဟန်းပါပဲတဲ့၊ ကောင်းတာက ဘာတုံးဆိုတော့ "ဘဒြေန သီလေန သမာဓိနာ ပညာယ ဝိမုတ္တိယာ ဝိမုတ္တိဉာဏဒဿနေန စ သမန္နာဂတတ္တာ "ဘဒြော ဘိက္ခူ"တိ သချံ ဂစ္ဆတိ" လို့ ဖွင့်ထားပါတယ်၊ ကောင်းသော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိ-ဉာဏဒဿန-ဂုဏ်နှင့် ပြည့်စုံလို့ရှိလျှင်လဲ အဲဒီ ကောင်းတဲ့ဂုဏ်နှင့် ပြည့်စုံတဲ့သူကို ဘိက္ခုလို့ ခေါ်ရဘာပါပဲတဲ့။

အဲဒါကတော့ ဝိနည်းရဟန်းရယ်လို့ မဆိုလိုပါဘူး၊ ဝိနည်းရဟန်းဖြစ်စေ, လူပဲဖြစ်စေ, နတ်ပဲဖြစ်စေ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ ဉာဏ်အမြင်နှင့် ပြည့်စုံလျှင် အဲဒါကို ဘိက္ခုလို့ ခေါ်ပါတယ်။

ဒါကြောင့် သုတ္တန်ဒေသနာတော်မှာ "ဣမ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ" စသည် ဟောတဲ့ နေရာတွေမှာ "ဘိက္ခု=ရဟန်း" ဆိုတဲ့ အမည်နဲ့ ဟောထားပါတယ်၊ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို ကျင့်တဲ့ ပုဂ္ဂိုလ်ကို ဘိက္ခုလို့ အမည်ပေးပြီး ထားပါတယ်။

သုတ်နှင့် ဆိုင်တဲ့ရဟန်း

အဲဒီမှာအဌကထာက ဘာဖွင့်ထားသလဲဆိုတော့ "ပဋိပတ္တိပူရကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခူတိ သချံ ဂစ္ဆတိ=ပဋိပတ္တိအကျင့်ကို ကျင့်တဲ့ ပုဂ္ဂိုလ်မှန်လျှင် နတ်ပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် ဗြဟ္မာပဲဖြစ်ဖြစ် ဘိက္ခုလို့ ခေါ်တယ်" လို့ ဖွင့်ပြထားပါတယ်၊ အဲဒါက သုတ်နှင့်ဆိုင်တဲ့ ဘိက္ခု-ရဟန်းပါ၊ အဲဒီ ဘိက္ခုက ဝိနည်း ရဟန်းမျိုး မဟုတ်ပါဘူး၊ သူက တမျိုးပါပဲ၊ တချိုက အဲဒီ သုတ်နှင့် ဆိုင်တဲ့ ဘိက္ခု-ရဟန်းအဖြစ်ကို ဟောပြီးတော့ ဝိနည်းရဟန်းတွေကို ပယ်မိတတ်ကြပါတယ်၊ အဲဒါကတော့ သာသနာပျက်စီးကြောင်း တခုပါပဲ။

ပြီးတော့ "သာဇော ဘိက္ခု" အနှစ်ရှိတဲ့ သီလ စသည်နှင့် ပြည့်စုံလို့ ဘိက္ခုလို့ ခေါ်တယ်တဲ့၊ ဒါလဲ အခုန အတိုင်းပါပဲ။

"သေခေါ ဘိက္ခု" ကျင့်တုန်း ကျင့်ဆဲ ဖြစ်တဲ့ သေက္ခပုဂ္ဂိုလ်ဟာ ဘိက္ခုပါပဲတဲ့၊ ကလျာဏပုထုဇဉ်နှင့်တက္ခ အရဟတ္တမင်္ဂတိုင်အောင် အရိယာ ခုနစ်ပါး၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ကျင့်တုန်း ကျင့်ဆဲ ဖြစ်လို့ သေက္ခ-ရဟန်း၊ ကျင့်ဆဲ ရဟန်း မည်ပါတယ် တဲ့။

"အသေခေါ ဘိက္ခု"ရဟန္တာပုဂ္ဂိုလ်ဟာ ကျင့်ပြီး ဖြစ်လို့ အသေခ-ရဟန်း မည်ပါတယ် တဲ့။

အဲဒါတွေကတော့ ဝိနည်းရဟန်းရယ်လို့ မဟုတ်ပါဘူး၊ သိက္ခာပုဒ်မှာ ယူဘို့ ရာလဲ မဟုတ်ပါဘူး၊ ဘိက္ခု-အမည်ဖြင့် ရသင့် ရထိုက်တာတွေ အကုန်လုံး ထုတ်ပြကြတာပါ၊ ဒီလိုထုတ်ပြပြီး ပနာက်ထုံးကျတော့ ဝိနည်းမှာ အာပတ်သင့်စေနိုင်တဲ့ ရဟန်းကို ရွေးချယ်ပြီး ပြပါတယ်။

ဘယ်လိုတုံးဆိုလျှင် ယခုကာလမှာ ရဟန်းကောင်း ရဟန်းစစ် သံဃာတော်များက ဥတ်လျှင် လေးကြိမ်မြောက်ရှိတဲ့ ကမ္ပဝါစာဖြင့် ရွတ်ဘတ်ပြီးတော့ အသိအမှတ်ပြုတဲ့ ဥတ္တိစတုတ္ထဥပသမ္ပန္ဒ-ရဟန်းကို "ယော ပန ဘိက္ခု"အရ ရဟန်းဟူ၍ မှတ်ယူရကြောင်းကို ပါဋ္ဌိတော်က မိန့်ဆိုထားတဲ့ အတိုင်း ဒီအဌကထာမှာ အကျယ်တဝင့် ထပ်မံပြီး ရှင်းလင်း ဖော်ပြထားပါတယ်။

ရဟန်းအမျိုးမျိုး ပြီး၏။

ဒီနေ့ ဒီမျှတွင် ရပ်ပြီးတော့ နက်ဖြန်ကျမှ"ဘိက္ခူနံ သိက္ခာ သာဇီဝ သမာပန္နော"အရ သိက္ခာ သုံးပါးအကြောင်းကို ဆက်လက်ပြီး လျှောက်ထားပါမည် ဘုရား။

သိက္ခာသုံးပါးနှင့် သာဇီဝ ပြည့်စုံခြင်း

ဝိနည်း ပါဋ္ဌိတော် ပဌမ သိက္ခာပုဒ်မှာ"ယော ပန ဘိက္ခု"ဆိုတဲ့ ပုဒ်နောင်မှာ "ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော"လို့ အစဉ်အတိုင်း ၂-ပုဒ် ရှိပါတယ်၊အဲဒီမှာ ယော ပန-နှင့် ဘိက္ခု-ကို ဖွင့်ပြီးတဲ့နောက် ဘိက္ခူနံ-ဆိုတဲ့ ပုဒ်ကို ပဒဘာဇနီ ပါဋ္ဌိ

တော်မှာ မဖွင့်ပဲ ချန်ထားပါဘယ်၊ အဲဒီလို ချန်ထားတော့ကာ ဘာဖြစ်လို့လဲလို့ နောင်လာ နောက်သားတွေမှာ စဉ်းစားစရာရှိပါတယ်၊ ဒီလို မဟုတ်လျှင်လဲ ပဒဘာဇနီမှာ အစဉ်အတိုင်း ဖွင့်နေကျဖြစ်ပါလျက် မဖွင့်တော့ ဒီဘိက္ခုနှုံ ဆိုတဲ့ ပုဒ်ကလေးဟာ ပိုနေတယ်လို့ ယူမည်ဆိုလျှင် ယူဆဘို့ရန် အကြောင်းရှိပါတယ်၊ ဒါကြောင့် ဒီ အဋ္ဌကထာမှာ "ဣဒါနိ ဘိက္ခုနန္တိ ဣဒံ ပဒံ ဝိသေသတ္ထာဘာဝ-တော အဝိဘဇိတ္တာဝ"လို့ ဖော်ပြသွားပါတယ်၊ ဘိက္ခုနှုံ-ဆိုတဲ့ ပုဒ်က ရှေနားတွင်ရှိတဲ့ ယော ပန ဘိက္ခု-ဆိုတဲ့ ပုဒ်ထဲက ဘိက္ခု-ပုဒ်နှင့် ပဒတ္ထ-ပုဒ်နက်အားဖြင့် တူနေသည့်အတွက်ကြောင့် အနက်ထူးမရှိလို့ ဒီပုဒ်ကို ပဒဘာဇနီမှာ မဖွင့်ပဲ မဝေဘန်ပဲနှင့် ခြွင်းချန်ထားခဲ့တယ်လို့ ဆိုလိုပါတယ်။

သိက္ခာသုံးပါး

အဲဒီရဲ့ နောက်နားက သိက္ခာ-နှင့် လာဇိုဝ-နှစ်ခုရှိတဲ့ နေရာမှာ သိက္ခာကို ပဒဘာဇနီမှာ "သိက္ခာတိ တိဿော သိက္ခာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာ သိက္ခာ"လို့ ဒီလို ဖွင့်ပြ ထားပါတယ်။

အဲဒီမှာ သိက္ခာဆိုတာ ဘာလဲဆိုလျှင် "သိက္ခိတဗ္ဗာတိ သိက္ခာ- ကျင့်အပ်တဲ့ တရားပဲ" လို့ ဖွင့်ပြထားပါတယ်၊ သိက္ခာဆိုတာဟာ ကျင့်အပ်တဲ့တရား, ကျင့်ရမည့် တရား ဖြစ်ပါတယ်၊ အဲဒီ သိက္ခာအရ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ လို့ သုံးမျိုးရှိရာမှာ အဓိသီလ ဆိုတာ ဘယ်လိုဟာလဲ၊ အဓိ-စိတ္တဆိုတာ ဘယ်လိုဟာလဲ, အဓိပညာဆိုတာ ဘယ်လိုဟာလဲလို့ ဒီလိုမေးစရာ ရှိလို့ အဲဒါကိုလဲ ဖွင့်ပြထားပါတယ်။

အဓိ-ဆိုတာက အဓိက, ဦးတွေ့-လွန်းတဲ့ မြင့်မြတ်တဲ့ အနက်ကို ဖော်ပြတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် အဓိသီလဆိုတာ လွန်းမြင့်မြတ်တဲ့ သီလ၊ အဓိ-စိတ္တဆိုတာ လွန်းမြင့်မြတ်တဲ့ စိတ်၊အဓိပညာဆိုတာ လွန်းမြင့်မြတ်တဲ့ ပညာ-ဒီလို ဆိုလိုပါတယ်။

ဒီနေရာမှာ သီလ, သမာဓိ, ပညာကို အဓိနှင့် တပ်ပြီးတော့ အဓိသီလ-အဓိစိတ္တ, အဓိပညာ-လွန်းတဲ့ မြင့်မြတ်တဲ့ သီလ, သမာဓိ, ပညာလို့ သုံးမျိုး ခွဲခြားသားတဲ့အတွက် လွန်းတဲ့ မြင့်မြတ်တာ မဟုတ်တဲ့ ရိုးရိုး သီလ, ရိုးရိုးစိတ်

ရိုးရိုးပညာလဲ ရှိသင့်နေပါတယ်၊ အဲဒီ ရှိသင့်တဲ့ ရိုးရိုး သီလက ဘယ်လိုဟာလဲ, မြင့်မြတ်တဲ့ သီလက ဘယ်လိုဟာလဲ စသည်ဖြင့် မေးစရာ အကြောင်းပေါ်လာပါတယ်၊ ဒါကြောင့် ဒီမှာ သီလဆိုတာ ဘယ်ဟာလဲ, အဓိသီလဆိုတာ ဘယ်ဟာလဲ, စိတ္တဆိုတာ ဘယ်ဟာလဲ, အဓိစိတ္တဆိုတာ ဘယ်ဟာလဲ, ပညာဆိုတာ ဘယ်ဟာလဲ, အဓိပညာဆိုတာ ဘယ်ဟာလဲလို့ ဒီမေးခွန်းခြောက်ခုကို ထုတ်ပြီးတော့ အသီးအသီး ဖြေကြားသွားပါတယ်။

ရိုးရိုး သီလ

ဖြေကြားပုံက ငါးပါးသီလနှင့် ဆယ်ပါးသီလဟာ ရိုးရိုး သီလပါပဲ တဲ့၊ အဋ္ဌင်္ဂဥပေါသထ သီလ (ရှစ်ပါးသီလ)ကတော့ ဥပေါသထ-နာမည်နှင့် တပ်ထားလို့ ဒီမှာ ထည့်မထားပါဘူး၊ သို့ပေမယ့် ဒသင်္ဂသီလလို့ ဆိုလိုက်လျှင် အဲဒါထဲမှာ ပါဝင်သွားလို့ အဋ္ဌင်္ဂသီလကိုလဲ သီလထဲ ထည့်ယူဘို့ပါပဲ၊ အဲဒီ ပဋ္ဌင်္ဂနှင့် ဒသင်္ဂသီလဟာ လူများ ကျင့်သုံးနေတဲ့ သီလ ဖြစ်ပါတယ်၊ ဒီသီလဟာ မြတ်စွာဘုရား ပွင့်တော်မူတဲ့ အခါကာလမှာသာ ရှိတာမဟုတ်, မြတ်စွာဘုရား မပွင့်တဲ့ သာသနာပ အခါကာလမှာလဲ ရှိပါတယ်၊ ဘုရားပွင့်တော်မူတဲ့ အခါကာလမှာ ဆိုလျှင် ဒီသီလကို ဆောက်တည်ဘို့ရန် မြတ်စွာဘုရားကိုယ်တိုင်ကလဲ ဟောကြားတော်မူပါတယ်၊ မြတ်စွာဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ဟောကြားပြီးတော့ လူများကို ဆောက်ဘည်စေပါတယ်၊ ဘုရားပွင့်တော်မမူတဲ့ သာသနာပ အခါကာလမှာဆိုလျှင်လဲ ပစ္စေကဗုဒ္ဓါများ, ကမ္မဝါဒီ-ကံ၏ အကျိုး ရှိတယ်လို့ ယူဆပြောဟောလေ့ ရှိကြတဲ့ တရားစောင့်တဲ့ သမဏ-ဗြာဟ္မဏ ရဟန်းသူမြတ်များ, စကြဝတေးမင်းများ, ဘုရားအလောင်းတော်များ, အဲဒီ ပုဂ္ဂိုလ်တွေက ဟောကြားပြီးတော့ ဒီသီလကို ဆောက်တည်စေကြပါတယ်၊ ပညာရှိတဲ့ သမဏ-ဗြာဟ္မဏ ရဟန်း, သူမြတ်တွေကတော့ မိမိတို့ကိုယ်တိုင်လဲ ဆောက်တည်ကြပါတယ်။

ဘာသာခြားက နှိုင်းယှဉ်မှု

ဒီနည်းဖြင့် ဒီသီလတွေက သာသနာပမှာလဲ ရှိနေပါတယ်၊ မှန်ကန်တဲ့အကျင့်ကောင်းတွေလဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဘုရားပွင့်လာတဲ့အခါမှာလဲ ဒီသီလ

တွေကို ဒီအတိုင်းပဲ ဟောကြားရပါဘယ်၊ အဲဒါကို အကြောင်းပြုပြီးတော့ ယခု ဟိန္ဒူဝါဒရှိတဲ့ ပုဂ္ဂိုလ်အချိုက "မြတ်စွာဘုရားဟောတဲ့ တရားတွေဟာ တို့ဘာသာထဲမှာ ရှိတဲ့ တရားတွေကို ဟောထားတယ်"လို့ ဂုဏ်ယူပြီး ပြောဆို နေကြပါတယ်၊ အဲဒါတွေကို မဂ္ဂဇင်းတွေ, စာတမ်းတွေထဲမှာ ရေးသား ဖော်ပြ နေကြတာကို ကြားသိရတယ်၊ "တို့ ဟိန္ဒူကျမ်းတွေထဲမှာရှိတဲ့ တရားကိုပဲ ဗုဒ္ဓ ဘုရားက ဟောထားတယ်"လို့ တချိုက အဲဒီလို ဆိုနေကြပါတယ်၊ ဘုရားဟော တရားတွေထဲမှာ သူတို့ကျမ်းတွေနဲ့ တူညီတာတွေလဲ ပါမှာပါပဲ။

ဒီလို တူညီရခြင်း အကြောင်းကတော့ သာသနာပ အခါကာလမှာ ယခု ပြောခဲ့တဲ့ ပစ္စေကဗုဒ္ဓါတို့, ကမ္မဝါဒီ သမဏ ဗြာဟ္မဏတို့, စကြဝတေးမင်းတို့ ဘုရားလောင်းတို့ ဒီလိုပညာရှိပုဂ္ဂိုလ်ကြီးတွေက ရှိနေကြပါတယ်၊ အဲဒီပုဂ္ဂိုလ် ကြီးတွေက တီထွင်ထားခဲ့တဲ့ အကျင့်ကောင်းတွေဟာ သူတို့ကျမ်းတွေထဲ ရှိနေ မှာပဲ၊ ဘုရားပွင့်လာတဲ့အခါ မြတ်စွာဘုရားက ဟောတော့လဲ အဲဒီ အကျင့် ကောင်းတွေကို မဟောပဲ ခြွင်းချန်ထားလို့တော့ မဖြစ်ပေဘူး၊ အဲဒီအတိုင်းပဲ ဟောရမှာပဲ၊ ဟိန္ဒူတရားနှင့် မတူတာတွေ, ဟိန္ဒူတရားထဲမှာ အစအနတောင် မရှိတဲ့ လောကုတ္တရာ မဂ်ဖိုလ်တရားတွေ ဒီလို ထူးခြားတာတွေကပဲ များပါ တယ်၊ အဲဒါတွေကိုတော့ သူတို့က မဖော်ပြပဲ ဒီလို တူတာလောက်ကလေးနဲ့ ဂုဏ်ယူပြီး ပြောဆိုနေကြပါတယ်၊ ဒါကြောင့် ဘုရားတပည့်တော်တို့ ဗုဒ္ဓ ဘာသာတရားဘက်က အဲဒီလိုလူတွေ နားလည်သွားအောင် သူတို့ နားလည် မည့် ဘာသာစကား စာပေနှင့် ပြန်လည်ဖြေရှင်းဘို့ရာတွေကတော့ ဗုဒ္ဓဘာသာ ဝင် ပုဂ္ဂိုလ်တွေမှာ တော်တော်ပဲ လိုနေပါတယ်။

သီလရဲ့ အကျိုးတွေ

ယခုပြောခဲ့တဲ့ သီလတွေကို ဖြည့်ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီသီလကုသိုလ် ကြောင့် လူ့ပြည်, နည်ပြည်မှာ လူ့စည်းစိမ်, နတ်စည်းစိမ်ကို ခံစားရတယ်ဆိုတဲ့ အကြောင်းကိုလဲ ဒီအဌကထာမှာ ဖော်ပြထားပါတယ်၊ ဝိသုဒ္ဓိမဂ်မှာတော့ ဒီ သီလရဲ့အကျိုး အာနိသင်ကို ပြတာဟာ တော်တော်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။

သဂ္ဂါရောဟဏသောပါဏံ၊ အညံ သီလသမံ ကုတောဝ။
ဒ္ဒါရံ ဝါ ပန နိဗ္ဗာန-နဂရဿ ပဝေသနေ——
လို့ ဒီဂါထာကလေးနှင့် ဖော်ပြထားပါတယ်။

သီလသမံ၊ သီလနှင့် အလားတူသော။ အညံ၊ သီလမှ တပါးသော။ သဂ္ဂါရောဟဏသောပါဏံ၊ နတ်ပြည်သို့ တက်ကြောင်း စောင်းတန်းလှေကားမည်သည်။ ကုတောဝ၊ အဘယ်မှာရှိအံ့နည်း။

နတ်ပြည်နတ်ရွာ သုဂတိဘဝတွေမှာ ဖြစ်ဘို့ရာအတွက် စောင်းတန်းလှေကားထဲမှာဖြင့် သီလဟာ အကောင်းဆုံးပဲတဲ့၊ အဆောက်အဦကြီးတွေကို တက်မယ်ဆိုလျှင် လှေကား ရှိရပါတယ်၊ လှေကားမရှိပဲနှင့် ခုန်ပြီးတက်လို့ မဖြစ်နိုင်ပါဘူး၊ အဲဒါလို နတ်ရွာ သုဂတိတွေကို ရောက်ချင်လို့ရှိလျှင် စောင်းတန်း လှေကား လိုပါတယ်၊ အဲဒီ လှေကားဟာ ဘာတုံးလို့ဆိုယင် ဒီ သီလပါပဲတဲ့၊ သီလတည်းဟူသော စောင်းတန်းကလေးများ အသီးအသီး ကိုယ်စီ ကိုယ်စီ အသင့်ပြင်ပြီးတော့ ထားဘို့ရန်အတွက် ညွှန်ကြားခြင်း တမျိုး ဖြစ်ပါတယ်။

ဝါပန၊ တနည်းအားဖြင့်သော်ကား။ နိဗ္ဗာန နဂရဿ၊ နိဗ္ဗာန်တည်းဟူသော မြို့တော်ကြီးသို့။ ပဝေသနေ၊ဝင်ရာ၌။ သီလသမံ ဒ္ဒါရံ၊သီလနှင့်တူသော တံခါးပေါက်မည်သည်။ ကုတောဝ၊ အဘယ်မှာ ရှိအံ့နည်း။

လောကီစည်းစိမ်တွေ အလိုမရှိလို့ လောက က လွတ်မြောက်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာတော့ ဒီ သီလဟာ နိဗ္ဗာန်ဝင်ဘို့ရန် အကောင်းဆုံးတံခါးပေါက်ကြီး ဖြစ်နေပါတယ်တဲ့၊ ဒီလို သီလကို ချီးကျူးထားပါတယ်၊ ဒီအဋ္ဌကထာမှာတော့ သီလကို ဖြည့်ကျင့်ပြီးတော့ လူ့ပြည်, နတ်ပြည် ရောက်ပြီး လူ့စည်းစိမ်, နတ်စည်းစိမ် တွေ ဆိုတာလောက်ပဲ ဖော်ပြသွားပါတယ်၊ အဲဒါက ရိုးရိုးသီလ ဖြစ်ပါတယ်။

အဓိ သီလ

ရိုးရိုး သီလထက် လွန်ကဲတဲ့ အဓိသီလဆိုတာကတော့ ဘာလဲ ဆိုယင် ပါတိမောက္ခသံဝရသီလ ဖြစ်ပါတယ်၊ပါတိမောက္ခသံဝရသီလဆိုတာ ရဟန်းတော်များ

ကျင့်သုံးနေရတဲ့ သီလပါပဲ။ အကျဉ်းအားဖြင့် ၂၂၇-ပါး, အကျယ် ရေတွက်မယ်ဆိုယင် ရှေးခေတ် အဋ္ဌကထာဆရာများလက်ထက်က မထေရ်မြတ်ကြီးများ ရေတွက်ထားခဲ့တာဟာ ကုဋေ့ ကိုးထောင်ကျော် ရှိပါတယ်၊ အဲဒီ သီလ သိက္ခာပုဒ်တွေကို စောင့်ထိန်းရတဲ့ သီလတွေဟာ အဓိသီလပါ တဲ့၊ ဘာဖြစ်လို့ အဓိသီလလို့ ခေါ်ရသလဲဆိုလျှင် ဥပမာအားဖြင့် လောကမှာ အလင်းရောင် ဟူသမျှတို့တွင် နေဟာ အကြီးကဲဆုံး, အမြင့်မြတ်ဆုံး ဖြစ်သကဲ့သို့, ဥပမာ တနည်းအားဖြင့် တောင်အပေါင်းတို့တွင် မြင်းမိုရ်တောင်ကြီးဟာ အကြီးအကဲဆုံး ဖြစ်သကဲ့သို့ ထို့အတူ ပါတိမောက္ခသံဝရသီလဟာ လောကီသီလထဲမှာ အကြီးကဲဆုံး, အမြင့်မြတ်ဆုံး ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် အဓိသီလ=လွန်ကဲထူးမြတ်တဲ့ သီလလို့ ခေါ်ရပါတယ်။

အဲဒီ ပါတိမောက္ခသံဝရဆိုတဲ့ အဓိသီလဟာ ဘုရားသာသနာတော်တွင်းမှာ သာ ရှိပါတယ်၊ သာသနာပမှာ မရှိပါဘူး၊ ဒီ ပါတိမောက္ခသံဝရ သီလကို ဘုရားမှတပါး ဘယ်ပုဂ္ဂိုလ်မှ မပညတ် မဟောကြားနိုင်ပါဘူး။ မြတ်စွာဘုရားများသာလျှင် ပညတ် ဟောကြားနိုင်ကြပါတယ်၊ ပညတ် ဟောကြားရာမှာလဲ ကာယဒွါရ, ဝစီဒွါရမှ ကျူးလွန်မှု ဟူသမျှတွေကို ပယ်ဖျက်ပြီးတော့ ထိုထို ကျူးလွန်မှုနှင့် အံကျကိုက်ပြီး သင့်လျော်တဲ့ စောင့်စည်းမှု သီလကို ဖော်ပြပြီး ပညတ်ထားပါတယ်။

အဲဒီ ပါတိမောက္ခသံဝရသီလထက် လွန်ကဲတဲ့ သီလလဲ ရှိပါသေးတယ်။ အဲဒါက ဘာတုံး-ဆိုလျှင် မဂ်ဖိုလ်၌ အတွင်းဝင်သောသီလ=မဂ်သီလ ဖိုလ်သီလ ဖြစ်ပါတယ်၊ မဂ်လေးပါး, ဖိုလ်လေးပါး၌ အတွင်းဝင်တဲ့ ဝိရတိသီလပင် ဖြစ်ပါတယ်၊ အဲဒီ လောကုတ္တရာ မဂ်ဖိုလ်သီလကိုတော့ ဒီနေရာမှာ ယူဘို့ရာ မလိုပါဘူးတဲ့၊ ဘာကြောင့်တုံးဆိုယင် မဂ်ဖိုလ်သီလသို့ ရောက်နေတဲ့ ရဟန်းပုဂ္ဂိုလ်, သိက္ခာသမာပန္န ဖြစ်နေတဲ့ ရဟန်းပုဂ္ဂိုလ်ဟာ ပဌမပါရာဇိကနှင့် ဆိုင်တဲ့ မေထုနဓမ္မများကို မှီဝဲခြင်း, ကျူးလွန်ခြင်း မရှိပါဘူးတဲ့။ ဒါကြောင့် ဒီမှာ သိက္ခာသမာပန္နော-ပုဒ်က သိက္ခာအရ လောကီသီလကိုသာ ယူရမည် ဆိုတဲ့ အကြောင်းကို ဖော်ပြပြီးတော့ သီလအခန်းကို အဆုံးသတ်သွားပါတယ်။

ရိုးရိုး စိတ္တ

ပြီးတော့ စိတ္တနှင့် အဓိစိတ္တ-အရကတော့ ကာမာဝစရကုသိုလ်စိတ် ရှစ်ခု, လောကီသမာပတ်ကုသိုလ်စိတ် ရှစ်ခု၊ အဲဒါတွေဟာ စိတ်ရိုးရိုး သမာဓိရိုးရိုး သာ မည်တဲ့အကြောင်း ပြပါတယ်၊ သမာဓိကို ဖော်ပြတဲ့နေရာမှာ စိတ်နှင့်ပဲ ဖော်ပြရပါတယ်၊ဗမာစကားနှင့်ပြောလျှင်လဲ သမာဓိကို စိတ်တည်ကြည်မှုလို့ ဒီလို ပြောရတာပဲ၊ စိတ်ကိုလှတ်ပြီး ပြောလို့ မဖြစ်ပါဘူး၊ ဒါကြောင့် ကျမ်းဂန် သုံးနေရာမှာလဲ သမာဓိ, ပြောတဲ့အခါမှာလဲ စိတ္တ-လို့ပဲ အမည်တပ်ပြီး ပြောရပါတယ်။

သမထ ဘာဝနာကို အားထုတ်တဲ့ အခါကာလမှာ ကာမာဝစရကုသိုလ်စိတ် ရှစ်ခုတွင် တခုခုနှင့် ဖြစ်ပွါးနေပါတယ်၊ ဉာဏ်နှင့်ယှဉ်ပြီး ဝမ်းမြောက် ဝမ်းသာ အားထုတ်နေတဲ့အခါ တိုက်တွန်းနှိုးဆော်ခြင်း မရှိပဲနှင့်, ထက်ထက်သန်သန် အားထုတ်နေလျှင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်နှင့် ဖြစ်ပါတယ်၊ တခါတရံ တိုက်တွန်းပြီး အားထုတ်ရတာလဲ ရှိပါတယ်၊ အဲဒီလိုအခါမှာတော့ သသင်္ခါရိကစိတ်နှင့် ဖြစ်ပါတယ်။ တခါတရံမှာ ဉာဏ်နှင့် မယှဉ်ပဲ ဉာဏဝိပ္ပယုတ်စိတ်နှင့် အားထုတ်တာတွေကလဲ ကြားထဲ ပါဝင်သွားတာ ရှိပါတယ်။ အဲဒီအခါ ကာလကျတော့ ဉာဏဝိပ္ပယုတ် အသင်္ခါရိကနှင့် သသင်္ခါရိကစိတ် ဖြစ်ပါတယ်၊ တခါတရံလဲ ဝမ်းမြောက် ဝမ်းသာ မဟုတ်ပဲ ဥပေက္ခာနှင့် အားထုတ်နေတာ ရှိပါတယ်၊ အဲဒီ ဥပေက္ခာနှင့်လဲ လေးမျိုးရှိတယ်။ ဒါကြောင့် အားလုံးပေါင်းလိုက်လျှင် သမထ ဘာဝနာ သမာဓိဘာဝနာကို အားထုတ်တဲ့အခါကာလမှာ ကာမာဝစရကုသိုလ် စိတ် ရှစ်မျိုးလုံးပဲ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီရှစ်မျိုးလုံးကို ယူရမယ်တဲ့၊ ဒါဟာ ပရိကမ္မသမာဓိ, ဥပစာရသမာဓိ အရာတွေမှာ ယူဘို့ပါပဲ။

ဒီလို အားထုတ်လို့ ဥပစာရသမာဓိက လွန်မြောက်သွားတဲ့ အခါကာလ ကျတော့ ရူပါဝစရစျာန် သမာပတ်တွေ ဖြစ်လာပါတယ်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံတဲ့ ပဌမစျာန်၊ ဝိတက်, ဝိစာရကို လွန်မြောက်ပြီးတော့ ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံတဲ့ ဒုတိယစျာန်၊ ပီတိကို လွန်မြောက်ပြီးတော့ သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံတဲ့ တတိယစျာန်၊ သုခကို

လွန်မြောက်ပြီးတော့ ဥပေက္ခာ, ကေဋ္ဌတာ စျာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံတဲ့ စတုတ္ထစျာန်၊ အဲဒီလို ရူပါဝစရစျာန်ဟာ လေးပါးရှိပါတယ်၊ ပြီးတော့ အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်လို့ ဒီလို အရူပစျာန်ကလဲ လေးပါးရှိပါတယ်၊ ဒါတွေ အကုန်လုံး ပေါင်းလိုက်လျှင် သမာပတ်ကရှစ်ပါး ဖြစ်ပါတယ်။

အဲဒီ သမာပတ် ရှစ်ပါးဟာ ရိုးရိုးစိတ္တပဲ မည်ပါသေးတယ် တဲ့၊ အဓိစိတ္တ မဟုတ်သေးပါဘူးတဲ့၊ ရိုးရိုးစိတ္တမည်တဲ့ ဒီသမာဓိမျိုးကတော့ ဘုရားပဋ္ဌာန်တော်မူတဲ့ အခါမှာရော, ဘုရား မပဋ္ဌာန်တဲ့ သာသနာပ အခါမှာရော ရှိတာပါပဲ တဲ့၊ သာသနာပမှာလဲ စျာန်ရ ရသေ့ကြီးတွေ, ဘုရားလောင်း ရဟန်းကြီးတွေဟာ စျာန်တွင်မကပဲနှင့် အဘိညာဉ်တွေပါ ရလို့ ကောင်းကင်ပျံ, မြေလျှိုး စသည်ဖြင့် ဒီလို တန်ခိုးနှင့် ပြည့်စုံနေကြတဲ့အကြောင်း ဇာတ်နိပါတ်တွေမှာ အများကြီးပဲ လာပါတယ်။

ဒီ သမာဓိ ဘာဝနာအလုပ်ကို သာသနာတွင်းမှာ ဆောက်တည်စေတာနှင့် သာသနာပမှာ ဆောက်တည်စေတာကတော့ ဘယ်လိုပါလဲဆိုယင် "သီလမှာ ပြဆိုခဲ့တဲ့ နည်းအတိုင်းပါပဲ"လို့ အဲဒါကို စကားချုံးလိုက်ပါတယ်၊ သာသနာတွင်းမှာဆိုလျှင် မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကတွေက ဒီစျာန်သမာပတ်တွေ ရအောင်လို့ ညွှန်ကြားဆောက်တည်စေပါတယ်၊ သာ-သနာပမှာဆိုလျှင် ပစ္စေကဗုဒ္ဓါ, ကမ္မဝါဒီ စျာန်ရပုဂ္ဂိုလ်တွေက ဆောက်တည်စေပါတယ်လို့ ဒီလို ယူဘို့ပါပဲ။

၀၀
အဓိစိတ္တ

အဲဒီ စိတ်ရိုးရိုးထက် လွန်ကဲတဲ့ အဓိစိတ္တ ဆိုတာကတော့ ဘာတုံး ဆိုလို့ ရှိယင် ဝိပဿနာ၏ အခြေခံဖြစ်တဲ့ ရှစ်ပါးသော သမာပတ်စိတ်ပါ တဲ့၊ ဝိပဿနာ ရှုမယ့် ပုဂ္ဂိုလ်မျှားမှာ စျာန်ရတဲ့ ပုဂ္ဂိုလ်ဆိုလျှင် အဲဒီစျာန်စိတ်ကို ရှေးဦးစွာ ဝင်စားရပါတယ်၊ ဝင်စားပြီးတော့ အဲဒီစျာန်က ထပြီး ဝိပဿနာ ရှုရပါတယ်။ ရှုတဲ့အခါမှာလဲ အဲဒီစျာန်စိတ်က စပြီး ရှုရပါတယ်၊ စျာန်ဝင်စားလိုက် အဲဒီ စျာန်စိတ်ကို ရှုလိုက်, စျာန်ဝင်စားလိုက် အဲဒီစျာန်စိတ်ကို ရှုလိုက်နှင့် ဒီလို

ရှုနေတာလဲ ရှိပါတယ်၊ စျာန်ဝင်စားပြီးတော့ စျာန်စိတ် ရှုပြီးတော့ ပကိဏ္ဏက သခါရတွေလို့ ခေါ်တဲ့ ဒ္ဒါရခြောက်ပါးက မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းတွေကို ရှောက်ပြီးတော့ ရှု၊ ဒီလို ရှုတာလဲ ရှိပါတယ်။

ဘယ်လိုပဲ ရှုရှု ဝိပဿနာ၏ အခြေခံအဖြစ်နှင့် ရှေးဦးစွာ အခြေတည်ပြီးတော့ ဝင်စားလိုက်တဲ့ စျာန်စိတ်ဟာ ဝိပဿနာ ပါဒကစျာန် ဖြစ်ပါတယ်' ပါဒကစျာန်လို့လဲ ခေါ်ပါတယ်၊ အဲဒါဟာ အဓိစိတ္တပါပဲ တဲ့၊ ခုနက ပြောခဲ့တဲ့ ရိုးရိုးသမာပတ်စိတ်တွေထက် လွန်ကဲတဲ့စိတ်လို့ ဆိုလိုပါတယ်။

ဝိပဿနာ အခြေခံဖြစ်တဲ့ ဒီ အဓိစိတ္တကလဲ သာသနာတွင်းမှာသာ ရှိပါတယ်၊ ဒါကြောင့်လဲ အဓိစိတ္တလို့ ခေါ်ပါတယ်။

အဲဒီ ပါဒကစျာန် အဓိစိတ္တထက် လွန်ကဲတဲ့ အဓိစိတ္တ ဆိုတာလဲ ရှိပါသေးတယ်၊ အဲဒါက ဘာတုံးဆိုတော့ မဂ်ဖိုလ်မှာ ပါဝင်တဲ့ သမာဓိပါပဲ တဲ့' အဲဒါဟာ အဓိစိတ္တပါပဲ၊ ဒီ အဓိစိတ္တကတော့ ဒီနေရာမှာ ယူဘို့ရာ မလိုပါဘူးတဲ့၊ အခုနအတိုင်းပဲ လောကုတ္တရာ အဓိစိတ္တ, လောကုတ္တရာ သမာဓိနှင့် ပြည့်စုံနေတဲ့ ရဟန်းပုဂ္ဂိုလ်မှာတော့ ဒီ ပါရာဇိကနှင့် စပ်ဆိုင်တဲ့ မေထုန်မှိုဝဲမှုမျိုး မရှိပါဘူးလို့ ပြဆိုပြီး သမာဓိခက်ားကို အဆုံးသတ်သွားပါတယ်။

ရိုးရိုးပညာ

ပြီးတော့ ပညာခက်ားကျတော့ ပညာရိုးရိုးဆိုတာ ဘာတုံး-ဆိုလို့ရှိလျှင် "အတ္ထိ ဒိန္နံ,အတ္ထိ ယိဋ္ဌံ" စသည်ဖြင့် ပေးလှူခြင်းရဲ့အကျိုးရှိတယ်,အကြီးအကျယ် ပူဇော်ခြင်းရဲ့အကျိုးရှိတယ်, လက်ဆောင်ပေးခြင်း အစရှိတဲ့ ဒီလို အသေးအနုပ် ပေးလှူခြင်းရဲ့ အကျိုးရှိတယ်, ကောင်းသောအမှု မကောင်းသောအမှုတို့ရဲ့ ကောင်းကျိုး ဆိုးကျိုးတွေရှိတယ် စသည်ဖြင့် ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါ ရှေသွားပြီး သိတဲ့ဉာဏ်ကို ကမ္မဿကတဉာဏ်လို့ ခေါ်ပါတယ်၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်လို့ သိတဲ့ဉာဏ်လို့ ဆိုလိုပါတယ်၊ ကုသိုလ်ကောင်းမှုပြုလျှင် ကောင်းကျိုးတွေကို ခံစားကြရတယ်၊ အကုသိုလ်ပြုလျှင် မကောင်းကျိုးတွေကို ခံစားကြရတယ်၊ လောကမှာ ကောင်းကျိုးတွေ ခံစားနေရတာဟာ ရှေးကပြုခဲ့တဲ့ကုသိုလ်ကောင်းမှုတွေကြောင့်ပဲ, မကောင်းကျိုးတွေ ခံစားနေကြရတာလဲ

ရှေးက ပြုခဲ့တဲ့ မကောင်းမှုကံတွေကြောင့်ပဲလို့ ဒီလို ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ဉာဏ်ဟာ ကမ္မသကတဉာဏ်တဲ့၊ အဲဒီ ကမ္မသကတဉာဏ်ဟာ ပညာ ရိုးရိုးပဲ ရှိပါသေးတယ်တဲ့။

ပညာနှင့် သညာ

လောကမှာ သင်ကြားပြီး တတ်မြောက်နေတဲ့ ခေတ်ပညာတွေ, အသက်မွေး ဝမ်းကျောင်းပညာတွေ ဒီလို ပညာတွေကို မဆိုလိုပါဘူး၊ အဲဒါတွေကတော့ လေ့လာမှတ်သားပြီးတော့ယူတဲ့ သညာတွေပါပဲ၊ ပညာဆိုတာကတော့ ကုသိုလ် သက်သက်ပဲ ရှိပါတယ်၊ ရဟန္တာပုဂ္ဂိုလ်ရဲ့သန္တာန်မှာဆိုလျှင်တော့ ကြိယာလို့ ခေါ်ရတယ်၊ ဒါပေမယ်လို့ အမျှားအားဖြင့်တော့ ပညာဆိုတာ ကုသိုလ်ပဲ ရှိပါတယ်၊ အကုသိုလ်ပညာရယ်လို့ မရှိပါဘူး။

ယခုလောကမှာ သင်ကြားပြီးထားတဲ့ ပညာတွေကတော့ သူတပါးတွေကို နှိပ်စက်ရအောင်, သတ်ရအောင်, ဖြတ်ရအောင် ဒီလို ပညာတွေ အမျိုးမျိုးရှိနေ ပါတယ်၊ အဲဒါတွေကတော့ ပညာတွေ မဟုတ်ပါဘူး၊ လောကမှာ နာမည် အားဖြင့်သာ ပညာရယ်, ဉာဏ်ရယ်လို့ ခေါ်နေကြပေမယ်လို့ ပညာအစစ်တော့ မဟုတ်ပါဘူး၊ မြတ်စွာဘုရား၏ သာသနာမှာ ပညာအစစ်ကတော့ အခု ပြောခဲ့တဲ့ ကမ္မသကတဉာဏ်က စပါတယ်၊ ဒီ ပညာကတော့ အကုသိုလ်ရယ်လို့ မရှိပါဘူး၊ အဲဒီ ကမ္မသကတဉာဏ်ဟာ ပညာပါပဲ တဲ့။

ဒီ ပညာဟာ မြတ်စွာဘုရားပွင့်တော်မူတဲ့ ကာလမှာရော, သာသနာပမှာရော ရှိပါတယ်၊ မြတ်စွာဘုရားပွင့်တော်မူတဲ့ အခါကာလမှာ မြတ်စွာဘုရားမျှားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကတွေက လူအမျှားကို ဒီ ကမ္မသကတဉာဏ် ပညာ၌ ဆောက်တည်စေပါတယ်၊ ဒီ ဉာဏ်ပညာကို ရစေပါတယ်၊ မြတ်စွာဘုရား မပွင့်တဲ့ သာသနာပ အခါတွေမှာဆိုလျှင် ပစ္စေကဗုဒ္ဓါတွေ, ကမ္မဝါဒီ အယူရှိတဲ့ သမဏ ဗြာဟ္မဏ ပုဂ္ဂိုလ်တွေ, စကြဝဠာမင်းတွေ, ဘုရားအလောင်းတွေ ဒီလို ပုဂ္ဂိုလ်တွေက ဒီ ပညာကို ဆောက်တည်စေပါတယ်၊ ဒီ အသိဉာဏ် ပညာမျိုးကို ရအောင်လို့ ဟောကြ ပြောကြပါတယ်၊ပညာရှိပုဂ္ဂိုလ်တွေမှာတော့ ကိုယ်တိုင်လဲ ဒီပညာတွေကို ရသွားကြပါတယ်။

သာသနာပ အခါ

အဲဒီတော့ ဒီနေရာမှာလဲပဲ "သာသနာပ အခါကာလမှာ ဒီ ကံ ကံ၏ အကျိုးတွေကို ဟောပြောနေကြတာဟာ ဘယ်နည်းနဲ့ ဟောကြတာတုံး"ဆိုတာ စဉ်းစားစရာရှိပါတယ်၊ ဘယ်နည်းနဲ့ ဟောကြားတာလဲ, ယခုကာလလူတွေလိုပဲ ကြုံစည်တွေးဆပြီးတော့ ဟောကြတာပဲလားလို့ ဒီလို မေးမြန်းစရာ ရှိပါတယ်။

အဖြေကတော့ တချို့ကလဲ မိမိတို့ကိုယ်တိုင် ရှေးဘဝက အကြောင်းတွေကို သိပြီးတော့ ကံ ကံ၏ အကျိုးကို ဟောပြောကြတာလဲ ရှိပါတယ်၊ တချို့ကလဲ ဈာန်အဘိညာဉ်တွေရပြီး ရှေးဘဝက အကြောင်းတွေကိုလဲ သိ, နောက်ဖြစ်မယ့် အကြောင်းတွေကိုလဲ သိပြီးတော့,ကံ ကံ၏ အကျိုးတွေ မြင်ပြီးတော့ ဟောတာတွေလဲ ရှိပါတယ်။

တချို့ကလဲ ထက်မြက်တဲ့ ဉာဏ်ပညာဖြင့် အကြောင်း အကျိုးတွေ ဆင်ခြင်ပြီးတော့ "အကြောင်းရှိလို့ အကျိုးဖြစ်တယ်၊ ကံရှိလို့သာလျှင် ကောင်းကျိုးတွေ ဖြစ်ရတယ်၊မကောင်းကျိုးတွေဖြစ်ရတယ်"ဆိုတာကို ထက်မြက်သော ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်ပြီး ဟောပြောကြတာတွေလဲ ရှိပါတယ်။

တချို့ကလဲ နတ်တွေကပြောလို့ အဲဒါကို ယုံကြည်ပြီး တဆင့်ပြောတာတွေလဲ ရှိပါတယ်၊ အဲဒီလို အမျိုးမျိုးပဲ ရှိပါတယ်။

ဒီလို သာသနာပမှာ ကမ္မသကတဉာဏ်ဖြစ်ပုံကို သာဓကနှင့်လဲ ပြပါသေးတယ်၊ မြတ်စွာဘုရား မပွင့်မီက သာသနာပမှာ အက္ခရာဆိုတဲ့လူဟာ အနှစ်တသောင်းကာလပတ်လုံး ကြီးစွာသော အလှူကြီးကို ပေးလှူခဲ့ပါတယ်တဲ့၊ ဒါဟာ ဒီ ကမ္မသကတဉာဏ်ကို အကြောင်းပြုပြီး ဖြစ်လာတာပဲ၊ ကံ ကံ၏ အကျိုးကို ယုံကြည်လို့ ဒီ ဒါနကို ပြုပါတယ်တဲ့၊ ပြီးတော့ ဝေလာမပုဏ္ဏားကြီးလဲ အကြီးအကျယ် လှူခဲ့ပါတယ်၊ ဝေဿန္တရာမင်းကြီးလဲ အကြီးအကျယ် လှူခဲ့ပါတယ်၊ ဒီမှ တပါးသော ပညာရှိတဲ့ပုဂ္ဂိုလ်တွေဟာလဲပဲ အကြီးအကျယ် လှူဒါန်းခဲ့ကြပါတယ်တဲ့၊ ဒီလို လှူဒါန်းပြီး ဒီ ဒါနကုသိုလ်တွေကို ဖြည့်ကျင့်ပြီးတော့ လူ.ပြည်, နတ်ပြည်မှာ လူ.စည်းစိမ်, နတ်စည်းစိမ်တွေကို ခံစားကြရ

ပါတယ်၊ အဲဒီလို ကမ္မဿကတဘာဏ်ပညာမှာ တည်ပြီးတော့ ကောင်းကျိုး ချမ်းသာတွေ ဖြစ်ပွါးသွားပုံကို ပြသွားပါတယ်။

အက္ခိုရဝတ္ထု

မြတ်စွာဘုရားမပွင့်မီ သာသနာပ လူတို့၏ အသက်တသောင်းတမ်း ရှေးကာလတုန်းက ဒွါရာဝတီမည်တဲ့ မြို့မှာ အက္ခိုရဆိုတဲ့ ကုန်သည်တဦး ရှိခဲ့ပါတယ်၊ ဟိုမြို့ ဒီမြို့ သွားလာပြီး ကူးသန်းရောင်းဝယ် ပြုလုပ်နေပါတယ်၊ အခါတပါးမှာ ဒီလို ကူးသန်းရောင်းဝယ်သွားရင်း တောကြီးထဲမှာ ရုက္ခစိုးနတ်ကြီးတဦးနှင့် တွေ့ပါတယ်၊ အဲဒီ ရုက္ခစိုးနတ်ကြီးကလဲ အလွန်ထူးပါတယ်၊ သူမှာ စားဘွယ် သောက်ဘွယ်တွေ, အဝတ်အစား အသုံးအဆောင်တွေ, ရွှေ ငွေ ရတနာတွေ အလိုရှိရာတွေဟာ အလိုရှိတိုင်း သူလက်ထဲက ထွက်ပေါ်နေပါတယ်၊ ဒါကြောင့် ဒီ ရုက္ခစိုးနတ်ကြီးက စားဖွယ် သောက်ဖွယ်တွေကို သူလက်ထဲက ထုတ်ပြီး အက္ခိုရတို့ ကုန်သည်တစုအား ကျေးမွေးညှော်ခဲ့ပါတယ်၊ ရတနာ ရွှေ ငွေ အသုံး အဆောင်တွေကိုလဲ အက္ခိုရအား သုံးလို့ မကုန်နိုင်အောင် ပေးကမ်းလိုက်ပါတယ်။

ဒီတော့ အက္ခိုရက "အသင် ရုက္ခစိုးနတ်ကြီးမှာ အလိုရှိတိုင်းသော စည်းစိမ်ဥစ္စာတွေကို လက်ထဲက ရနေတာဟာ ဘယ်ကောင်းမှုကြောင့်ပါလဲ"လို့ မေးပါတယ်၊ ဒီတော့ ရုက္ခစိုးနတ်က သူ့ရဲ့ ရှေးဘဝအကြောင်းကို ထုတ်ဖော်ပြီး ဒီလို ပြောပါတယ်—

သူဟာ ရှေးတုန်းက ရောရုဝဆိုတဲ့မြို့မှာ အထည်ချုပ်သမား ဖြစ်ခဲ့ပါတယ်တဲ့၊ သူမှာ အလွန်ဆင်းရဲလို့ အလှူဒါနကုသိုလ်တော့ မပြုနိုင်ခဲ့ပါဘူး၊ ဒါပေမယ့် သူအိမ်က အလှူ့ရှင် အသယ္ယသူဌေးကြီး၏ အိမ်နားမှာ ဖြစ်နေတဲ့အတွက် သူဌေးကြီးရဲ့ အလှူပေးရာဌာနကို လာကြတဲ့ အလှူခံပုဂ္ဂိုလ်တွေက "အလှူ့ရှင် အသယ္ယသူဌေးကြီး၏အိမ်က ဘယ်မှာလဲ၊ ဘယ်က သွားရပါသလဲလို့"သူထံမှာ မေးကြတယ်၊ ဒီလို မေးကြတော့ သူကလဲ နှုတ်သွင်းပုံက သိပ်ကောင်းတယ်၊ "ငါ့မှာတော့ လှူစရာ မရှိလို့ မလှူနိုင်ဘူး၊ သူများတွေမှာ လှူစရာရှိလို့ လှူကြရပေတယ်၊ လှူတဲ့လူမှာလဲ ကုသိုလ် ဖြစ်ပါစေ၊ အလှူခံ ပုဂ္ဂိုလ်တွေမှာလဲ

အလိုရှိတာတွေကို ရကြပါစေလို့" ဒီလို ယောနိသော မနသိကာရနှင့် နှလုံးသွင်းပြီးတော့ "အလှူရှင် အသယှသူဌေးကြီး၏ အိမ်ဆိုတာ ဟောဟိုက အိမ်ပါပဲ၊ ဒီက သွားပါ၊ အဲဒီက သွားလျှင် ဆောက်ပါတယ်"လို့ အဲဒီလို ဝမ်းမြောက်ဝမ်းသာ စေတနာကောင်းနှင့် အလှူပေးရာ ဌာနကို လက်နဲ့ လမ်းညွှန်ခဲ့တဲ့ ကောင်းမှု ဇကြောင့် သူဟာ ယခု တွေ့မြင် နေကြရတဲ့အတိုင်း ရုက္ခစိုးနတ် ဖြစ်နေရတဲ့ အကြောင်း, ရုက္ခစိုးနတ် ဖြစ်တဲ့အခါမှာ ရှေးဘဝတုန်းက သူများအလှူကို ဝမ်းမြောက်ဝမ်းသာ လက်ဖြင့် ညွှန်ပြခဲ့တဲ့အတွက် ဒီလက်ကပဲ အလိုရှိရာရာ စည်းစိမ်ဥစ္စာတွေကို အကုန်လုံး ရနေတဲ့ အကြောင်းများကို ရုက္ခစိုးနတ်ကြီးက ပြောပြပါတယ်။

အဲဒီလို ပြောတာ ကြားရတော့ အင်္ကုရက သိပ်ပြီးတော့ သဘောကျသွားတယ်။ ပြီးတော့–

အလမေဝ ကာတုံ ကလျာဏံ၊ ဒါနံ ဒါတုံ ယထာရဟံ။
ပါဏိံ ကာမဒဒံ ဒိသွာ၊ ကော ပုညံ နကရိဿတိ—

ပေတ၊ဌ၊၁၁၁။

ကလျာဏံ၊ ကုသိုလ်ကောင်းမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ အလမေဝ၊ သင့်လျော် ထိုက်တန်လှသည်သာတည်း။ ယထာ ရဟံ၊ ထိုက်သည်အားလျော်စွာ။ ဒါနံ၊ အလှူဒါနကို။ ဒါတုံ၊ ပေးလှူခြင်းငှါ။ အလ မေဝ၊ သင့်လျော် ထိုက်တန်လှသည်သာလျှင်တည်း။ ကာမဒဒံ၊ အလိုရှိရာကို ပေးစွမ်းနိုင်သော။ ပါဏိံ၊ ရုက္ခစိုး နတ်ကြီး၏ လက်ကို။ ဒိသွာ၊ မြင်ရပါလျက်။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ပုညံ၊ ဒါနအစရှိသော ကုသိုလ် ကောင်းမှုကို။ နကရိဿတိ၊ မပြု မလုပ်ပဲ နေနိုင်အံ့နည်း—

လို့ ဒီလို စိတ်ကူးမိပါတယ်။

ကုသိုလ် ကောင်းမှုများဟာ ပြုစရာ သိပ်ကောင်းတာပဲတဲ့၊ ဒီ ရုက္ခစိုးနတ်ကြီးဟာ ရှေးဘဝတုန်းက ဘာမျှ ကုသိုလ်ကောင်းမှုတွေ အထူး မပြုခဲ့ရဘူး၊ လက်ဖြင့် ညွှန်ပြရုံဖြင့် ဒီလက်က အလိုရှိအပ်တဲ့ စည်းစိမ်ဥစ္စာတွေ အလိုရှိတိုင်း ရနေတာကို မျက်မြင် တွေ့နေရပါတယ်၊ ဒီလို ကောင်းမှု၏ ကောင်းကျိုးကို

မျက်မြင် တွေ့နေပါလျက်နှင့် ကုသိုလ်ကောင်းမှုကို မပြုပဲ ဘယ်နေနိုင်လိမ့်မလဲ တဲ့၊ ကုသိုလ်ကောင်းမှုတွေကို မုချ ပြုရမှာပဲလို့ ဒီလို ကုသိုလ် ကောင်းမှု ပြုဘို့ရာတွေ စဉ်းစားပါတယ် —

ဒဿာမ'နှဉ္ဇ ပါနဉ္ဇ၊ ဝတ္ထသေနာသနာနိ စ။
ပပဉ္ဇ ဥဒပါနဉ္ဇ၊ ဒုဂ္ဂေ သင်္ကမနာနိ စ။

အနှဉ္ဇ၊ ထမင်းကိုဂှင်း။ ပါနဉ္ဇ၊ အဖျော်ကိုဂှင်း။ ဝတ္ထ သေနာသနာနိ စ၊ အဝတ် ပုဆိုး အိပ်ရာ နေရာတို့ကိုဂှင်း။ ဒဿာမ၊ ပေးလှူပါကုန်အံ့။ ပပဉ္ဇ၊ ရေအိုးစင်ကိုဂှင်း။ ဥဒပါနဉ္ဇ၊ ရေတွင်းကိုဂှင်း။ ဒဿာမ၊ ပေးလှူပါကုန်အံ့။ ဒုဂ္ဂေ၊ သွားလာရန် ခက်ခဲလှစွာသော လမ်းခရီး၌။ သင်္ကမနာနိ စ၊ တံတား လမ်းတို့ကိုလည်း။ ဒဿာမ၊ ဆောက်လုပ်၍ ပေးလှူပါကုန်အံ့။

ဒါလဲ ကုသိုလ်ကောင်းမှုပြုဘို့ အင်္ကုရရဲ့ ကြံစည်ပုံပါပဲ။ ရုက္ခစိုးနတ်ကြီးမှာ ကုသိုလ်က အကျိုးပေးနေတာကို မျက်မှောက်တွေ့ရလို့ သဒ္ဓါတရားတွေ ဖြစ်နေပုံပါပဲ၊ "စားဖွယ် သောက်ဖွယ်တွေကိုလဲ လှူမယ်၊ အဝတ် ပုဆိုးတွေကိုလဲ လှူမယ်၊ အိပ်ရာ နေရာ တွေကိုလဲ လှူမယ်၊ ခရီးလမ်းများမှာ ခရီးသည်တွေ ရေသောက်ရန်အတွက် ရေအိုးစင်များကိုလဲ တည်ထား လှူဒါန်းမယ်၊ ရေတွင်း ရေကန်တွေကိုလဲ တူးဖော်လှူဒါန်းမယ်၊ အသွား အလာ ခက်ခဲတဲ့ နေရာတွေ, တံတားလိုတဲ့ နေရာတွေ, လမ်းလိုတဲ့ နေရာတွေမှာ တံတားတွေ, လမ်းတွေလဲ ဆောက်လုပ် လှူဒါန်းမယ်"လို့ ဒီလို စိတ်ကူးပြီးတော့ အဲဒီစခန်းက ထွက်လာခဲ့ပါတယ်။

ဒီလို ထွက်လာလို့ တော်တော်ကလေး သွားမိတဲ့အခါ အခြား တနေရာကျတော့ ပြိတ္တာတဦးကို တွေ့ပြန်ပါတယ်၊ အဲဒီ ပြိတ္တာမှာ လက်တွေကလဲ ကောက်ကွေးလို့, မျက်နှာကလဲ တွန့်ရှုံ့လို့ အမြင်မကောင်းအောင် ဖြစ်နေတာကို သူ တွေ့ရပါတယ်၊ ဒီတော့ အင်္ကုရ က အဲဒီ ပြိတ္တာကို မေးမြန်းပါတယ် –

"သင့်မှာ ဘယ်လို မကောင်းမှုကို ပြုခဲ့လို့ ဒီလို ဖြစ်နေရတာတုန်း"လို့ မေးတော့ အဲဒီ ပြိတ္တာက "သူဟာ အယင် ဘဝက အသယ္ယ သူဌေးကြီးရဲ့ အလှူမှာ စိမ်ဆောင်ရွက်ခဲ့ရတဲ့ အကြီးအကဲနာယကဖြစ်ခဲ့ပါတယ်"တဲ့၊ "ဒါပေမယ်လို့ အလှူခံ ပုဂ္ဂိုလ်တွေ လာတိုင်း လာတိုင်း သူ့စိတ်ထဲမှာ မချမ်းမသာ ဖြစ်နေခဲ့ပါတယ်"တဲ့၊ သူမှာ ကိုယ်ပစ္စည်းကို ပေးလှူရတာလဲ မဟုတ်ပါဘူး၊ သူများပစ္စည်းကို ပေးလှူဘို့ ကြားထဲက ဆောင်ရွက်ရုံကလေးပဲ ရှိပါတယ်၊ စေတနာကောင်းကောင်းနဲ့ ဆောင်ရွက်မယ်ဆိုရင် ပါယာသိရာဇာည ဝတ္ထုထဲက ဥတ္တရတို့လို ကုသိုလ်တွေ အများကြီး ဖြစ်သွားဘို့ပဲ၊ ဒါပေမယ့် သူမှာ ကြာလာတော့ ပင်ပန်းလာပုံ ရပါတယ်၊ ဒါကြောင့် သူက အလှူခံ ပုဂ္ဂိုလ်တွေ လာတိုင်း လာတိုင်း စိတ်မချမ်းမသာ ဖြစ်လို့ တဖက်ကို လှည့်ပြီးတော့ မျက်နှာကို စောင်းရဲ့ တွန့်ရုံ့ပြီး မကြည်မသာ လုပ်ခဲ့မိပါဘယ်တဲ့၊ လက်တွေလဲ ကောက်ကွေးပြီး မကြည်မသာ လုပ်ခဲ့မိပါတယ် တဲ့၊ အဲဒီ မကောင်းမှုကြောင့် သူမှာ ဟိုဘဝက သေတဲ့အခါ ဒီတောထဲမှာ ပြိတ္တာကြီး ဖြစ်နေရတဲ့ အကြောင်း ပြန်ကြား ပြောပြပါတယ်။

ဒီလို ပြိတ္တာကြီးရဲ့ ပြောကြားချက်ကို ကြားသိရတဲ့အတွက် အကုံရမှာ "ဩော်... မကောင်းမှုဆိုတာဟာ ဒီလို ဘာမှ မဖြစ်လောက်တဲ့ အသေးအမှားကလေးကလဲ မကောင်းကျိုးတွေကို ပေးတတ်တာပဲကိုး"လို့ သဘောပေါက်ပြီးတော့ မကောင်းမှု ဟူသမျှမှ ကြဉ်ရှောင်ဘို့ဆုံ, ကုသိုလ်ကောင်းမှုတွေကို ပြုဘို့ရုံ သူမှာ အတိုင်းထက်အလွန် စိတ်တွေ ထက်သန်သန် ဖြစ်လာပြန်ပါတယ်။

ဒီလို ကုသိုလ် ကောင်းမှု ပြုလုပ်ဘို့ စိတ်ကူးတွေ ဖြစ်ပြီး ပြန်လာလို့ သူရဲ့ နေရပ် ဒုါရာဝတီမြို့ ပြန်ရောက်လာတဲ့အခါမှာ သူ ရည်ရွယ်လာခဲ့တဲ့ အတိုင်း ကုသိုလ် ကောင်းမှုတွေကို ပြုတော့တာ ပါပဲ၊ အလှူ ဒါန အကြီးအကျယ်ကို သူ ပြုပါတယ်၊ ဘယ်လောက် ကြီးကျယ်တုံး ဆိုလျှင် သူအလှူမှာ ထမင်းဟင်း ချက်ပြုတ်ဘို့ မီးဖိုတွေကိုက တဆဲ့နှစ် ယူဇနာ ရှိပါသတဲ့၊ နေ့စဉ် လှည်းအဝီး ပြောက်သောင်း (၆၁၀၀၀)တိုက် ချက်ပြုတ် ကျွေးမွေး လှူဒါန်းတယ်၊ အလုပ်သမားကတော့ ထမင်း ဟင်း ချက် သမားက တိ သဟဿာနီ=သုံး

ထောင်လို့ ဆိုပါတယ်၊ (လှည်း ခြောက်သောင်းနဲ့ ဆိုတော့ နည်းနေပါတယ်၊ တိ ံသ သဟဿာနီ=သုံးသောင်းဆိုလျှင် သင့်လျော်ဘို့ ရှိပါတယ်၊) ပြီးတော့ ထင်းခဲ့သမားက ခြောက်သောင်း (၆၀၀၀၀), ထမင်း ပြုပြင် ကျွေးမွေးဘို့ အမျိုးသမီးများက တသောင်း ခြောက်ထောင် နှစ်လီ=သုံးသောင်း နှစ်ထောင် (၃၂၀၀၀) ရှိပါတယ်တဲ့၊ စားဖွယ် သောက်ဖွယ် အပြင် အဝတ်ပုဆိုး ပန်းနုံသာ ထီး ဘိနပ် ယာဉ်များကိုလဲ အလိုရှိသူများအား ပေးလှူပါတယ်၊ ကာလ အားဖြင့် အနှစ်တသောင်း ပတ်လုံး ပေးလှူနေခဲ့ပါတယ် တဲ့။

ဒီလို အနှစ်တသောင်းပတ်လုံး ကျွေးမွေး လှူဒါန်းပြီးတော့ အသက်တမ်း ကုန်လို့ လူ့ဘဝက စုတေတဲ့အခါ တာဝတိ ံသာ နတ်ပြည်မှာ သွားဖြစ်ပါတယ်၊ နတ်ပြည်ရောက်တော့လဲ သူကို အကုံရ နတ်သားလို့ပဲ ခေါ်ကြပါတယ်၊ အခု ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူလာတဲ့ အခါမှာလဲ သူက အဲဒီ တာဝတိ ံသာ နတ်ပြည်မှာပဲ ရှိနေပါတယ်။

အကုံရနှင့် ဣန္ဒက

မြတ်စွာဘုရား တာဝတိ ံသာ ကြွရောက်ပြီး အဘိဓမ္မာတရားကို ဟော တော်မူတဲ့အခါမှာ အဲဒီ "အကုံရ" နတ်သားဟာ မြတ်စွာဘုရားအနီး လက်ဝဲ ဘက်မှာ လာရောက်ပြီး ထိုင်နေပါတယ်၊ လက္ခဏာတက်မှာတော့ "ဣန္ဒက" ဆိုတဲ့ နတ်သားက လာရောက်ပြီး ထိုင်နေပါတယ်၊ နောက် တန်ခိုးကြီးတဲ့ နတ်ဘုရား လာကြတဲ့ အခါမှာ နောက်သို့ ဆုတ်ပြီး နေရာ ဖယ်ပေးရတဲ့အတွက် အကုံရမှာ မြတ်စွာဘုရားနှင့် တဆဲ့နှစ်ယူဇနာ ဝေးတဲ့ နေရာက နေပြီး တရားနာရပါတယ် တဲ့၊ ဣန္ဒကနတ်သားမှာတော့ ဘယ်နတ်ကိုမှ နေရာဖယ်မပေးရပဲ မြတ်စွာ ဘုရားအနီး မူလနေရာမှာပဲ ထိုင်နေလျက် တရားနာရပါတယ်တဲ့၊ သို့သော်လဲ ဣန္ဒကနတ်သား ပြုခဲ့သော ကောင်းမှုမှာ ကြီးကျယ် များပြားတာတော့ မဟုတ်ပါဘူး၊ ဆုမ်းခံကြွလာတဲ့ အရှင် အနုရုဒ္ဓါအား ဆုမ်းတဇွန်း လောင်းလှူ ဘူးတဲ့ ကုသိုလ်မျှသာဖြစ်ပါတယ်၊ သို့ပေမယ့် ထိုဒါနမှာ ကိလေသာ အညစ် အကြေး လုံးဝကင်းစင်တဲ့ ရဟန္တာ အရှင်မြတ်ကို လှူရတဲ့ဒါန ဖြစ်တဲ့ အတွက် အကြီးအကျယ် အကျိုးပေးပါတယ်၊ ဒါကြောင့် ဣန္ဒက နတ်သားမှာ အခြား

တန်ခိုးကြီးတဲ့ နတ်မင်းကြီးတွေလိုပဲ တန်ခိုးကြီးနေပါတယ်၊ အကုံ်ရမှာတော့ သူ ဒါနပြုစဉ်တုန်းက သာသနာပ ဖြစ်နေတဲ့အတွက် သူ့အလှူခံပုဂ္ဂိုလ်တွေထဲမှာ သီလနှင့် ပြည့်စုံတဲ့လူတောင်မှ မပါဝင်ပါဘူးတဲ့၊ ဒါကြောင့် သူမှာ အကြီးအကျယ် အနှစ်တသောင်းပတ်လုံး လှူခဲ့ရသော်လဲ ဣန္ဒကရဲ့ ဆွမ်းတဇွန်းစာ အလှူလောက်တောင်မှ ခရီးမရောက်ပဲ ရှိနေပါတယ်။

အဲဒါကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားက အကုံ်ရနတ်သားကို ခေါ်တော်မူပြီးလျှင် "မဟာဒါနကြီးကို ပြုခဲ့သူဖြစ်ပါလျက် အဘယ့်ကြောင့် မိမိအနီးသို့ မလာဆောက်နိုင်ပဲ ရှိနေပါသလဲ" လို့ မေးတော်မူပါတယ်၊ ဒီတော့ အကုံ်ရက "မိမိအလှူမှာ ကြီးကျယ်သော်လဲ ဒကွိုဏေယျဆိုတဲ့ အလှူခံ ပုဂ္ဂိုလ်မြတ်ကို မရခဲ့တဲ့အတွက် အကျိုးနည်းကြောင်း, ဣန္ဒကနတ်သားမှာ အလှူခံမြတ်အား လှူခဲ့ရတဲ့အဘွက် ဆွမ်းတဇွန်း အလှူမျှဖြင့် မိမိထက် တန်ခိုးကြီးနေရကြောင်း" မျှားကို ပြန်ကြား လျှောက်ထားပါတယ်။

ထိုအခါမှာ မြတ်စွာဘုရားက "သီလ စသော ဂုဏ်နှင့် ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်မြတ်အား ရှေးချယ်စိစစ်ပြီး လှူဒါန်းသင့်ကြောင်း, ထိုဒါနမျိုးမှာ လယ်မြေကောင်းဌ စိုက်ပျိုးတဲ့ မျိုးစေ့ကဲ့သို့ပင် မျှားပြားကြီးကျယ်တဲ့ အကျိုးကို ပေးနိုင်ကြောင်း" စသည်ဖြင့် ဒါနနှင့်စပ်သော တရားကို ဟောတော်မူခဲ့ပါတယ်၊ အဲဒီတရားတော်ကို နာကြားရတဲ့အခါမှာ ဣန္ဒကနှင့် အကုံ်ရတို့ နတ်သား ၂-ယောက်လုံး သောတာပန် ဖြစ်သွားကြပါတယ်တဲ့။

ယခုပြောခဲ့တဲ့ အကုံ်ရ ဝတ္ထု-စသည်ဟာ ကမ္မဿကတ ပညာ အရင်းခံပြီး ဖြစ်တဲ့ ဒါနကုသိုလ်ဖြင့် သောတာပတ္တိ ဖိုလ်တိုင်အောင် ကောင်းကျိုးချမ်းသာကို ရသွားပုံ အကြောင်းအရာမျှား ဖြစ်ပါတယ်။

အဝိ ပညာ

ကမ္မဿကတဉာဏ်ထက် မြင့်မြတ်တဲ့ပညာကတော့ ဝိပဿနာပညာပါပဲ တဲ့၊ ဝိပဿနာ ပညာ ဆိုတာဟာ ရုပ်တရား, နာမ်တရား, အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတွေကို ပိုင်းခြားပြီး သိတဲ့ ဉာဏ်ပါပဲ၊ ဒီ ဝိပဿနာ

ဉာဏ်ကို အဓိပညာလို့ ခေါ်ပါတယ်တဲ့၊ ရိုးရိုး ကမ္မဿကတဉာဏ် ပညာထက် လွန်ကဲတဲ့ ပညာလို့ ဆိုလိုပါတယ်။

သီလရိုးရိုးထက် အဓိသီလက လွန်ကဲသလို့ သမာဓိခိုးရိုးထက် အဓိစိတ္တက လွန်ကဲသလို အဲဒီ ဝိပဿနာ ပညာကလဲ ရိုးရိုး လောကီပညာတွေထက် လွန်ကဲလို့ ဝူကို အဓိပညာလို့ ခေါ်ရပါတယ်။

အဲဒီ အဓိပညာခေါ်တဲ့ ဝိပဿနာကလဲ ဘုရားပွင့်တော်မူတဲ့ အခါကာလမှာသာလျှင် ရှိပါတယ်၊ ဘုရားမပွင့်တဲ့အခါ သာသနာပမှာဆိုလျှင် သူက မရှိပါဘူး။

အဲဒီ ဝိပဿနာ ပညာထက် လွန်ကဲတဲ့ အဓိပညာလဲ ရှိပါသေးတယ်၊ အဲဒီ ပညာကတော့ ဘာတုံး-ဆိုလို့ရှိလျှင် မဂ်ပညာ, ဖိုလ်ပညာဆိုတဲ့ လောကုတ္တရာ ပညာပါပဲ၊ အဲဒီ မဂ်ပညာ, ဖိုလ်ပညာကိုတော့ ဒီ ပဌမ ပါရာဇိက သိက္ခာပုဒ်မှာ ယူဘို့ရာ မလိုပါဘူးတဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ မဂ်ပညာ, ဖိုလ်ပညာ ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဤကဲ့သို့ အပြစ်ကြီးမားတဲ့ မေထုနဓမ္မ အမှုမျိုးကို ကျူးလွန်ခြင်း မရှိတဲ့ အတွက်ကြောင့် ယူဘို့ရန် မလိုဘူးဆိုတဲ့ အကြောင်းကို အဌကထာမှာ ပြသွားပါတယ်။

ပါဋ္ဌိတော်မှာတော့ "တတြ ယာယံ အဓိသီလသိက္ခာ။ တတြ၊ ထို အဓိသီလ အဓိစိတ္တ အဓိပညာ သုံးပါးသော သိက္ခာတို့တွင်။ ယာယံ အဓိသီလ သိက္ခာ၊ အကြင် အဓိသီလသိက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ အဓိသီလသိက္ခာကို။ သိက္ခာတိ၊ သိက္ခာဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏" တဲ့။

အဓိသီလ အဓိစိတ္တ အဓိပညာ ဆိုတဲ့ သိက္ခာသုံးမျိုးထဲက သိက္ခာသာဇီဝ သမာပန္နော-အရ သိက္ခာသို့ ရောက်နေတယ်, သိက္ခာနှင့် ပြည့်စုံနေတယ် ဆိုရာမှာ အဓိသီလ သိက္ခာကိုသာ ယူရမယ်လို့ ဆိုပါတယ်၊ ဒီ ပါဋ္ဌိတော်မှာတော့ အဓိစိတ္တ, အဓိပညာ သိက္ခာများကိုတောင် ယူဘို့ ဖော်ပြ မထားပါဘူး။

အဓိသီလနှင့် ပြည့်စုံလို့ရှိလျှင် အဲဒီပုဂ္ဂိုလ်ဟာ ရဟန်းသိက္ခာပုဒ်တွေ အားလုံးနဲ့ သက်ဆိုင်တော့တာပါပဲ၊ ရဟန်းခံတဲ့အခါမှာ ကမ္မဝါစာဆရာ ရဟန်းတော်

က "သုဏာတု မေ" မှစပြီး ဥတ်နှင့် ကမ္မဝါစာကို ဖတ်လို့ နောက်ဆုံး တတိယ အကြိမ်"သော ဘာသေယျ"တိုင်အောင် ပြီးဆုံးသွားလျှင် အဲဒီ ရဟန်းသစ်ဟာ သိက္ခာ သမာဝပန္နဖြစ်သွားပါတယ်၊ ဒီလို ရဟန်းဖြစ်ခါစမှာ သိက္ခာသမာပန္နဖြစ်တယ်, သိက္ခာနှင့် ပြည့်စုံတယ် ဆိုတာဟာ ပါတိမောက္ခသံဝရ ဆိုတဲ့ အဓိသီလ သိက္ခာနှင့် ပြည့်စုံတာကိုပဲ ဆိုလိုပါတယ်။

သာဇီဝ ပြည့်စုံခြင်း

အဓိစိတ္တ, အဓိပညာ သိက္ခာတွေက အဲဒီ ရဟန်းဖြစ်ခါစ ပုဂ္ဂိုလ်မှာ ပြည့်စုံချင်မှ ပြည့်စုံမှာပါ၊ အဓိစိတ္တ, အဓိပညာ သိက္ခာတွေနှင့် ပြည့်စုံသည် ဖြစ်စေ, မပြည့်စုံသည် ဖြစ်စေ ယခုပြောခဲ့တဲ့အတိုင်း ရဟန်းအစစ် ဖြစ်ပြီးတော့ အဓိသီလသိက္ခာနှင့် ပြည့်စုံနေလို့ရှိလျှင် အဲဒီ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ် အားလုံးကို စောင့်ရှောက် ကျင့်သုံးဘို့ရန် တာဝန်ရှိနေပါတယ်၊ အဲဒါကိုပဲ သာဇီဝ သမာပန္န-လို့ ဆိုပါတယ်၊ ရဟန်းကောင်း ရဟန်းစစ်များ အတူတကွ အသက်ရှင်ရာဖြစ်တဲ့ သိက္ခာပုဒ်နှင့် သက်ဆိုင်နေတယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် အဲဒီ ရဟန်းဖြစ်စ အခါန်က စပြီးတော့ သိက္ခာပုဒ်ဟူသမျှကို စောင့်ရှောက်ကျင့်သုံး သွားရပါတယ်၊ စောင့်ရှောက် ကျင့်သုံးတိုင်းလဲ အဲဒီ ရဟန်း၏ သန္တာန်မှာ အဓိသီလသိက္ခာ ကုသိုလ်တွေ အသစ် အသစ် ဖြစ်ပွါးပြီး ပြည့်စုံသွားပါတယ်၊ ယခု ပြောခဲ့တဲ့ အတိုင်း သိက္ခာသာဇီဝနှင့် ပြည့်စုံပုံတွေကို အဋ္ဌကထာမှာ အကျယ်တဝင့် ဖွင့်ပြထားပါတယ် ဘုရား။

သိက္ခာသုံးပါးနှင့် သာဇီဝပြည့်စုံခြင်း ပြီး၏။

သာသနာငါးထောင်

ယနေ့ ဝိနည်းအဋ္ဌကထာကို နောက်ဆုံး စိစစ်လျှောက်ထားဘို့နေ့ ဖြစ်ပါတယ်၊ စူဠဝဂ္ဂါဒိ အဋ္ဌကထာစာအုပ်မှ စာမျက်နှာ နံပါတ် ၁၂၇-က ဘိက္ခုနီခန္ဓကအဖွင့် သာသနာ ငါးထောင်အကြောင်းနှင့် စပ်ပြီးတော့ ရှေးဦးစွာ ပြောပါ့မယ်ဘုရား။ ပြီးမှ နိဂုံးစကားကလေး အနည်းငယ် ပြောဘို့ရာ ရည်ရွယ်ထားပါတယ်။

မြတ်စွာဘုရား ကပိလဝတ်ပြည်မှာ သီတင်းသုံးတော်မူစဉ် ဘုရား၏ မိထွေးတော်ဖြစ်တဲ့ မဟာပဇာပတိ ဂေါတမီက မြတ်စွာဘုရား၏ သာသနာတော်မှာ မာတုဂါမမျိုး ရဟန်းပြုခွင့်ရအောင်လို့ အကြိမ်ကြိမ် တောင်းပန်ခဲ့ပါတယ်၊ ထိုစဉ်ကာလက မြတ်စွာဘုရား ခွင့်မပြုခဲ့ပါ၊ နောက် ကပိလဝတ်ပြည်က နေပြီးတော့ ကြွသွားလို့ ဝေသာလီ ရောက်တော်မူပါတယ်၊ အဲဒီအခါမှာ မဟာပဇာပတိ ဂေါတမီ အမှူးရှိသော သာကီဝင်မင်းသမီး ငါးရာတို့ဟာ ခေါင်းမျှားရိတ်, ဖန်ရည်စွန်းသော အဝတ်မျှားဝတ်ပြီးတော့ ဝေသာလီကို လိုက်လာကြပါတယ်၊ အဲဒီအခါမှာ အရှင်အာနန္ဒာက လျှောက်ထား တောင်းပန်ပေးလို့ မြတ်စွာဘုရားက "ဂရုဓံရှစ်ပါး လက်ခံ ကျင့်သုံးနိုင်လို့ရှိလျှင် ထိုလက်ခံခြင်းသည်ပင်လျှင် မဟာပဇာပတိ ဂေါတမီအား ပဉ္စင်းအဖြစ် ဖြစ်စေလို့" ခွင့်ပြုလိုက်ပါတယ်။

ဒီအခါမှာ ရှင်အာနန္ဒာက တဆင့် သွားပြီး ဂရုဓံရှစ်ပါးကို ဟောကြားပါတယ်၊ မိထွေးတော်ဂေါတမီကလဲ လက်ခံယူပါတယ်၊ အဲသလို လက်ခံယူပြီးတဲ့ အကြောင်းကို မြတ်စွာဘုရားထံ ပြန်ပြီးတော့ လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက—

"သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတော ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ"—

စသည်ဖြင့် "မာတုဂါမ အမျိုးသမီးများဟာ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းအဖြစ်ဖြင့် မဝင်ရောက်ရဘူး" ဆိုလို့ရှိလျှင် မြတ်သောအကျင့်

=သာသနာတော်ဟာ ရှည်မြင့်စွာ တည်တံ့မည်၊ အနှစ်တထောင်တည်မယ်၊ သို့သော်လဲ "ယခုအခါ ကာလမှာ မာတုဂါမ အမျိုးသမီးများ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်း ပြုလိုက်တဲ့အတွက် မြတ်သောအကျင့်ဟာ ရှည်မြင့်စွာ မတည်တံ့တော့ဘူး၊ အနှစ်ငါးရာမျှသာ တည်တံ့မယ်လို့" အဲဒီလို မိန့်မြွက်တဲ့စကားဟာ ပါဠိတော်မှာ ရှိပါတယ်။

အဲသလို မိန့်မြွက်ပြီးတော့ ဘာကြောင့် ဒီလို ဖြစ်ရတယ်ဆိုတာကို ဥပမာတွေနှင့် ပြပြန်ပါတယ်၊ ယောကျ်ား နည်းပါးပြီး အမျိုးသမီး မိန်းမတွေက များပြားနေတဲ့အိမ်ကို သူခိုးများခို ရန် လွယ်ကူသလိုပဲလို့ ဒီလိုလဲ ဥပမာတခု ပြပါတယ်၊ နောက်တခုက ကောက်စပါးများမှာ ကောက်နာကျလို့ရှိလျှင် ကြာရှည်စွာ မတည်ပဲ ပျက်စီးသလိုပဲလို့ ဒီလိုလဲ ဥပမာတခု ပြပါတယ်။ နောက်တခုကတော့ ကြံခင်းများမှာ ကြံနာကျလို့ရှိလျှင် ကြာရှည်စွာ မတည်ပဲ ပျက်စီးသလိုပဲလို့ ဒီလိုလဲ ဥပမာ ပြပါတယ်၊ အဲဒီလိုပြပြီးတော့ နောက်ဆုံး ဥပမာ ကျတော့ကာ–

"သေယျထာပိ အာနန္ဒ ပုရိသော မဟတော တဋ္ဌာကဿ ပဋိကစ္စေဝ အာဋ္ဌိ ဗန္ဓေယျ ယာဝဒေဝ ဥဒကဿ နအတိက္ကမနာယ"

စသည်ဖြင့် ဥပမာ ပြပါတယ်။

တဖက်ဆည်ကန်များမှာ မိုးမကျမီ ရေးဦးက ကြိုတင်ပြီးတော့ ကန်ပေါင်ရိုးများကို ပြုပြင်ရပါတယ်၊ ဘာကြောင့် ပြုပြင်ရတုံး-ဆိုလို့ရှိလျှင် ရေတည်သင့်သလောက် တည်အောင်လို့ ပြုပြင်ရတာပါပဲ၊ ထို့အတူ ဘိက္ခုနီမတွေဟာ အသက်ထက်ဆုံး မလွန်ကျူးပဲ လိုက်နာကျင့်သုံးရန်အတွက် ရှစ်ပါးသော ဂရုဓံ သိက္ခာပုဒ်များကို စောစောစီးစီးကပဲ ကြိုတင်ပြီးတော့ မြတ်စွာဘုရားက ပညတ်တော်မူတဲ့အကြောင်းကို အမိန့်ရှိပါတယ်။

အဲဒီလို အမိန့်ရှိတဲ့ စကားဖြင့် ဘယ်လိုအဓိပ္ပါယ်ကို ပြတယ်ဆိုတာဟာ မထင်ရှားပဲ မြုပ်ပြီးတော့နေပါတယ်၊ ဒါကြောင့် အဋ္ဌကထာမှာ အဲဒီမြုပ်နေတဲ့ အနက်အဓိပ္ပါယ်ကို "မဟတာ တဋ္ဌာကဿ ပဋိကစ္စေဝ အာဋ္ဌိန္တိ ဣမိနာ ပနတေမတ္ထံ ဒဿေတိ" လို့ ထုတ်ဖော်ပြီးတော့ ပြသွားပါတယ်။

ဥပမာအားဖြင့် တဖက်ဆည်ကန်မှာ နည်းနည်းပါးပါး ပျက်နေတဲ့ ဘောင်တွေဆိုတာ ရှိပါလိမ့်မယ်၊ အဲဒါတွေကို မပြုမပြင်ပဲနှင့် ထားလျှင်လဲ အတော်အတန် တဝက်တပျက်တော့ ရေဟာ တည်နိုင်ပါတယ်တဲ့၊ အကယ်၍ စောစောကတည်းက ကန်ပေါင်ရိုးတွေ အပြည့်အစုံ ပြုပြင်ပြီးတော့ ထားလိုက်လို့ရှိလျှင်တော့ ရေဟာ တည်သင့်သလောက် အပြည့်အစုံပဲ တည်နိုင်ပါတယ်။

အဲဒီလိုပဲ မြတ်စွာဘုရားက ဂရုဓံ ရှစ်ပါးကို စောစောစီးစီးက ကြိုတင်ပြီး မပညတ်သော်လဲ မာတုဂါမတွေ သာသနာတော်ဘောင်မှာ ဝင်လာတဲ့အတွက် အနှစ်တထောင်မှ အနှစ်ငါးရာသာ လျှော့ဘို့ ရှိပါတယ်၊ အနှစ်ငါးရာတော့ သာသနာတော်ဟာ တည်တံ့နိုင်ပါတယ်တဲ့၊ အဲဒီလို အနှစ်ငါးရာ လျှော့မသွားဘို့ရာ စောစောစီးစီးက ကြိုတင်ပြီးတော့ ဂရုဓံ ရှစ်ပါးကို ပညတ်လိုက်တဲ့အဘွက် လျှော့သွားမည့် ငါးရာလဲ လျှော့မသွားတော့ပဲ အနှစ်တထောင် တည်မြဲ တည်မယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဒီ ဥပမာစကားဖြင့် ပြတယ်ဆိုတဲ့ အကြောင်းကို အဋ္ဌကထာက ဖွင့်ပြပါတယ်။

အဲဒီ စကားထဲမှာ အနှစ်တထောင် တည်မယ်ဆိုလို့ရှိလျှင် "အနှစ်တထောင်ရဲ့ နောက်ကျလျှင် သာသနာဟာ ဘာမျှမရှိတော့ပဲ လုံးလုံးကွယ်သွားမှာလား"လို့ ဒီလို မေးစရာရှိပါတယ်။

ဒါကြောင့် "ဝဿသဟဿံ=အနှစ်တထောင်"လို့ ဆိုတာကလဲ ပဋိသမ္ဘိဒါပတ္တာ ဖြစ်တဲ့ ရဟန္တာကြီးတွေ အပြည့်အစုံ ဖြစ်နိုင်တဲ့ ခေတ်ကာလကို ရည်ရွယ်ပြီး ဆိုပါတယ်တဲ့၊ မြတ်စွာဘုရား၏ သာသနာ တည်တယ်ဆိုတာဟာ မြတ်စွာဘုရား၏ သာသနာ အတွင်းမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အဆင့်အတန်းတွေ အမြင့်ဆုံး အဆင့်အတန်းထိအောင် အပြည့်အစုံ တည်တာကို ဆိုလိုပါတယ် တဲ့။

ဒါကြောင့် "အနှစ်တထောင် တည်မယ်ဆိုတာဟာ အဲဒီ အနှစ်တထောင် အတွင်းမှာ အမြင့်ဆုံးဖြစ်တဲ့ ပဋိသမ္ဘိဒါပတ္တာ ရဟန္တာကြီးများ တိုင်အောင် တည်နေမယ်"လို့ ဆိုလိုပါတယ်။

ပဋိသမ္ဘိဒါပတ္တာ ရဟန္တာတွေ တည်ရှိနေတယ်ဆိုလျှင် အဲဒီအထဲမှာ ဆဋ္ဌဘိညရဟန္တာတွေလဲ ပါသွားပါတယ်၊ တေဝိဇ္ဇ ရဟန္တာတွေလဲ ပါသွားပါတယ်၊ အဲဒီ

အနှစ်တထောင်ပြီးတဲ့ ကာလကျတော့ လုံးလုံး သာသနာပျောက်သွားဘို့ မဖြစ်နိုင်ပါဘူး။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေါ်တဲ့ အမြင့်မြတ်ဆုံး ရဟန္တာပုဂ္ဂိုလ်ကြီးတွေ တဆင့်ပြီးတဲ့နောက် အကုန်လုံး ကွယ်သွားဘို့ရန် မဖြစ်နိုင်ပါဘူး။ တဖြည်းဖြည်းချင်း လျော့သွားပြီးတော့မှ ကွယ်သွားဘို့ ဖြစ်နိုင်ပါတယ်။

အဲဒီက နောက်မှာ သုက္ခဝိပဿက ရဟန္တာ အဖြစ်ဖြင့် အနှစ်တထောင် သာသနာတည်ဦးမယ်တဲ့။အဲဒီကနောက်မှာ အနာဂါမ်အဖြစ်ဖြင့် အနှစ်တထောင် သာသနာတည်ဦးမယ်တဲ့၊အဲဒီကနောက်မှာသကဒါဂါမ်အဖြစ်ဖြင့် အနှစ်တထောင် တည်ဦးမယ်တဲ့၊ အဲဒီကနောက်မှာ သောတာပန် အဖြစ်ဖြင့် အနှစ်တထောင် သာသနာ တည်ဦးမယ်တဲ့၊ ဒီလို သာသနာ ငါးထောင် နှစ်ပေါင်းငါးထောင် ပိုင်းခြားပြီးတော့ ပြထားပါတယ်။

အဲဒီ အနှစ်ပေါင်း ငါးထောင်မှာ ယခုနေအခါဆိုလို့ရှိလျှင် အနှစ်နှစ်ထောင်နှင့် ငါးရာရှိနေတဲ့အတွက် ပဌမပဋိသမ္ဘိဒါပတ္တ ခေတ်ကတော့ မရှိပါဘူး။ နောက်ဒုတိယ သုက္ခဝိပဿက ရဟန္တာခေတ်လဲ ဒီအဌကထာအရဆိုလျှင် ယခု မရှိတော့ဘူးလို့ ဆိုရမှာပဲ၊ ဘာခေတ် ရှိနေသေးသလဲဆိုတော့ တတိယ-ထောင်စု ဖြစ်တဲ့အတွက် အနာဂါမ်ခေတ် ရှိနေသေးတယ်လို့ ဒီအဌကထာက ဆိုပါတယ်၊ ယခု ပြောခဲ့တာဟာ ဒီအဌကထာမှာ ပြဆိုထားတဲ့အတိုင်း မှတ်သားဘို့ရာ ဖြစ်ပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း "အနှစ် ငါးထောင်ပတ်လုံး မဂ်ဖိုလ်ဆိုတဲ့ သဒ္ဓမ္မသူတော်ကောင်း တရားတွေ တည်နေတယ်ဆိုလျှင် ပရိယတ် တရားကတော့ ဘယ်လောက်ကြာအောင် တည်ပါသလဲ"လို့ မေးစရာရှိပါတယ်၊ အဖြေကတော့ ပရိယတ် တရားလဲ အဲဒီ ပဋိဝေဓခေတ် အနှစ်ငါးထောင်ပါပဲ တဲ့၊ ဒါကြောင့် "တာနိယေဝ"လို့ မိန့်ဆိုထားပါတယ်။

ဒီနေရာမှာ ပရိယတ်လဲ ဒါလောက်ပဲ တည်တယ်ဆိုတာကို ခိုင်ခိုင်မြဲမြဲ ယုံကြရအောင်လို့ အကြောင်းယုတ္တိကိုလဲ ဆက်ပြထားပါတယ်၊ မြတ်စွာဘုရား ဟောကြားတဲ့ ကျင့်နည်း ပရိယတ္တိ ဒေသနာတော်တွေ မရှိလျှင် ပဋိဝေဓဆိုတဲ့ မဂ်တရား ဖိုလ်တရား တွေဟာ မရှိနိုင်ပါဘူးတဲ့၊ ပရိယတ် ရှိနေလျှင်လဲ

ပဋ္ဌိဝေဓဆိုတဲ့ မဂ်တရား ဖိုလ်တရားဟာ မကွယ်နိုင်ပါဘူးတဲ့၊ နည်းလမ်းရှိလျှင် အဲဒီ နည်းလမ်းအတိုင်း ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေ သန္တာန်မှာ ပဋ္ဌိဝေဓဟာ ရှိရပါမယ်တဲ့၊ အဲဒါကို ခိုင်ခိုင်မြဲမြဲ မိန့်ဆိုသွားပါတယ်။

ပြီးတော့ ရဟန်းအသွင်ဖြစ်တဲ့ လိုင်သာသနာ ဆိုတာကတော့ ပရိယတ် ကွယ်သွားပြီးတဲ့နောက်လဲ အကြာကြီး တည်နေသေးတယ် ဆိုတာကို ဒီ အဌကထာက ပြသွားပါတယ်၊ ဝိနည်းမှာ လာတဲ့ ဒီ သာသနာ ငါးထောင် ပိုင်းခြားပုံဟာ အသေချာဆုံး ပါပဲ။ အဲဒါကို တို့တို့ မှတ်ရအောင်—

" ပ, သုက်, အနာ၊ သ, သောတာ၊ မိန့်မှာ ဝိနယ "—

လို့ ဒီဆောင်ပုဒ်ကလေးကို စီထားပါတယ်။

ပ-က ပဋ္ဌိသမ္ဘိဒါပတ္တ ခေတ်၊
သုက်-က သုက္ခဝိပဿက ခေတ်၊
အနာ-က အနာဂါမ် ခေတ်၊
သ-က သကဒါဂါမ် ခေတ်။
သောတာ-က သောတာပန် ခေတ်၊

အဲဒါ တထောင်စီ တထောင်စီ ငါးထောင် ဖြစ်ပါတယ်၊ "ပ, သုက်, အနာ၊ သ,သောတာ၊ မိန့်မှာ ဝိနယ" ဝိနည်း အဌကထာက ဒီအတိုင်း ဆိုတယ်လို့ ဒီဆောင်ပုဒ်က ဆိုလိုပါတယ်။

ဒီ ဝိနည်း အဌကထာလိုပဲ အဂုံတို့ရ် ကျတော့လဲ အဌက နိပါတ် ဂေါတမီ ဝဂ် မှာ ပါဠိလဲ ဒီက ပါဠိအတိုင်းပဲ၊ အဌကထာ လဲ ဒီက အဆိုအတိုင်းပဲ အလားတူ ရှိပါတယ်။

ဒီဃနိကာယ် ပါထိကဝဂ် အဌကထာမှာတော့ "ပဌမ ပဋ္ဌိသမ္ဘိဒါပတ္တခေတ် တထောင်၊ နောက် ဆဋ္ဌာဘိည ခေတ် တထောင်၊ တေဝိဇ္ဇခေတ် တထောင်၊ သုက္ခ ဝိပဿက ခေတ် တထောင်၊ ပါတိ မောက္ခ သံဝရခေတ် တထောင် လို့ သူက တမျိုး မိန့်ဆိုထားပါတယ်၊ အဲဒါဟာ ပါထိက ဝဂ် အဌကထာ သမ္မသာ-ဒနီယသုတ် အဖွင့် နံပါတ် ဂ၃-မှာ ရှိပါတယ်။

ပြီးတော့ အင်္ဂုတ္တရ အဋ္ဌကထာ ဧကက နိပါတ် ဒုတိယ ပမာဒါဒိဝဂ် အဖွင့်မှာလဲ သာသနာ ဆုတ်ယုတ်ပုံကို တမျိုးပြထားတာ ရှိပါတယ်။

ပြီးတော့ နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာ နံပါတ် ၁၈၇-မှာလဲ သာသနာ ဆုတ်ယုတ်ပုံကို တမျိုး ပြထားတာ ရှိပါတယ်။

အဲဒီ အင်္ဂုတ္တရ, သံယုတ် အဋ္ဌကထာ များမှာ ပြတာတွေကတော့ အနှစ် တထောင်စီရယ်လို့ သေသေချာချာ ကန့်သတ်မထားပါဘူး၊ ပဌမ ဗောဓိမှာ ပဋိသမ္ဘိဒါ ပတ္တ သာ ဖြစ်ပါတယ်၊ အဲဒီကနောက် သုက္ခ ဝိပဿက ဖြစ်တယ်၊ အဲဒီကနောက် အနာဂါမ် သကဒါဂါမ် သောတာပန် ဖြစ်တယ် စသည်ဖြင့် ဒီလို အစဉ်အတိုင်း ဆုတ်ယုတ်ပုံ လောက်ကိုသာ ပြထားပါတယ်၊ နှစ်အပိုင်းအခြားနှင့် တထောင်စီ တထောင်စီလို့ ဒီလို သေသေချာချာ ကန့်သတ်ပြီး ပြတာတော့ မဟုတ်ပါဘူး။

ဒါပေမယ်လို့ ဒီ ဝိနည်း ဒီဃနိကာယ် အဋ္ဌကထာ တွေနှင့် နှီးနှောပြီးတော့ ပဋိသမ္ဘိဒါပတ္တခေတ် တထောင်၊ ဆဋ္ဌဘိညခေတ် တထောင်၊ တေဝိဇ္ဇခေတ် တထောင်၊ သုက္ခဝိပဿကခေတ် တထောင်၊ ပြီးတော့ သေက္ခခေတ် သောတာပန် သကဒါဂါမ် အနာဂါမ်ခေတ်က တထောင်လို့ သံယုတ်နှင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ အဆိုကို ရှေးဆရာ အစဉ်အဆက်က ပိုင်းခြားပြီး မှတ်ယူ ထားကြပါတယ်။

ဒီနေရာမှာ သာသနာ ငါးထောင်နှင့် ပတ်သက်ပြီးတော့ အဋ္ဌကထာ တွေဟာ တကျမ်းနဲ့ တကျမ်း မတူပဲ ဘာဖြစ်လို့ ကွဲနေကြပါသလဲလို့ ဒီလိုလဲ မေးစရာ ရှိပါတယ်၊ ဒါကတော့ ရှင်မဟာ ဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာဟာ သူ ရေးတဲ့အခါ ကာလမှာ ရှေးကရှိနေတဲ့ အဋ္ဌကထာတွေ အတိုင်းပဲ ရေးသွားပါတယ်၊ သူသဘောနှင့် သူ ပြင်ပြီး ရေးမသွားပါဘူး။ ဒီ အချက်တွေက ပြင်ဘို့ရာလဲ ခက်ပါတယ်၊ ဒါကသာ မှန်တယ်လို့ ကိန်းသေ ဆုံးဖြတ်ဘို့ရန် မလွယ်ပါဘူး၊ ဒါကြောင့် ရှေးက ရှိရင်းအတိုင်း ရေးသွားတာဟာ ဒီ အဋ္ဌကထာ ဆရာ၏ ရေးသားပုံ အပေါ်မှာ ကြည်ညိုဘွယ်ရာ ဂုဏ်တခု ဖြစ်ပါတယ်။

ရှေးက ဝိနည်းဆောင် ပုဂ္ဂိုလ်တွေရဲ့ မှတ်သားချက်အတိုင်း ဝိနည်း အဋ္ဌ-ကထာမှာ ရေးခဲ့ပ တယ်၊ ဒီဃနိကာယ်ဆောင် ပုဂ္ဂိုလ်တွေရဲ့ မှတ်သားချက်

အတိုင်း ဒီဃ နိကာယ် အဋ္ဌကထာမှာ ရေးခဲ့ပါတယ်၊ အဂ်ုတ္တရ, သံယုတ္တ နိကာယ်ဆောင်တွေ မှတ်သားချက်အတိုင်း အဂ်ုတ္တရ, သံယုတ္တ အဋ္ဌကထာ များမှာလဲ ရေးသွားပါတယ်။

ယုဂ ငါးမျိုး

ပြီးတော့ ယခု ဗမာပြည်မှာ သာသနာနှစ် ငါးထောင်ကို ယုဂ် ငါးပါးနှင့် အလှည့်ကျ ဝေဘန်ပိုင်းခြားပြီး ပြောနေကြတာလဲ ရှိပါတယ်၊ ဝိမုတ္တိယုဂ အနှစ်ငါးရာ၊ ပြီးတော့ သမာဓိယုဂ အနှစ်ငါးရာ၊ အဲဒီကနောက် သီလယုဂ အနှစ်ငါးရာ၊ အဲဒီက နောက် သုတယုဂ အနှစ်ငါးရာ၊ အဲဒီက နောက် ဒါနယုဂ အနှစ်ငါးရာ၊ အဲဒီက နောက် သာသနာနှစ်–၂၅၀၀ ကျော်တဲ့အခါမှာ ဝိမုတ္တိ ယုဂကို တဖန် ပြန်ရောက်တယ် စသည်ဖြင့် ဒီလို ပြောနေကြပါတယ်။

အဲဒါကတော့ ပြောတဲ့အတိုင်း ဝိမုတ္တိယုဂ ပြန်ရောက်တယ်ဆိုလျှင် ဝမ်းမြောက် ဝမ်းသာစရာ မင်္ဂလာရှိတဲ့ စကားပါပဲ၊ ဒါပေမယ်လို့ အဲဒီ ယုဂ ငါးပါးကို ပြဆိုတဲ့ ကျမ်းရင်းက စကားကို သတိပြုဘို့ လိုပါတယ်၊ အဲဒါဟာ ထေရ ဂါထာ အဋ္ဌကထာ တိံသ နိပါတ် ဖုဿ ထေရ ဂါထာ အဖွင့်မှာ ရှိပါ တယ်။

အဲဒီမှာ ဆိုထားတာကတော့ ရှေး အဋ္ဌကထာ ဝါဒ အနေနဲ့ မဟုတ်ပဲ နောက် မထေရ်တို့၏အဆုံးအဖြတ် ထေရဝါဒ အနေမျိုးနှင့် ပြဆိုထားတာ ဖြစ် နေပါတယ်။ ပဏ္ဍရ မည်တဲ့ ရသေ့က မေးလို့ ဖုဿမထေရ်က သာသနာတော် ဆုတ်ယုတ်တဲ့ အခါမှာ ဖြစ်ပေါ်မည့် အခြင်းအရာတွေကို ပြောပြီးတော့ "ပတ္တေ ကာလမှိ ပစ္ဆိမေ=နောက်ဆုံးကာလ ကျတော့ ဒီလို ဖြစ်လိမ့်မယ်"လို့ မိန့်ဆို ထားပါတယ်၊ ဒီနေရာမှာ နောက်ဆုံး ကာလဆိုတာကို ဘယ်ကစပြီး ယူရမလဲ လို့ မေးစရာ ရှိနေပါတယ်၊ ဒီအချက်ကို ဆုံးဖြတ် ပြဆိုရာမှာ ကေစိ, ဧကေ, အပရေ ဝါဒသုံးမျိုး ကွဲနေပါတယ်၊ ကေစိ ဆရာတို့က တတိယ သံဂါယနာက စပြီး ပစ္ဆိမ=နောက်ဆုံးကာလ ရောက်တယ်လို့ ဆိုကြပါတယ်၊အဲဒီ ကေစိဝါဒ ကို ဧကေ ဆရာတို့က လက်မခံကြပါဘူး၊ ဒါကြောင့် ထေရဂါထာ အဋ္ဌကထာ မှာ "တံ ဧကေ နာနု ဇာနန္တိ"လို့ ဆိုပြီးတော့ အဲဒီ လက်မခံခြင်းရဲ့ အကြောင်း

ကို ပြလိုတဲ့အတွက် ဒီ ယုဒ် ငါးပါးကို ထုတ်ပြပါတယ်၊ ဒီတော့ ဒီယုဒ်ငါးပါးဟာ ငေက ဆရာတို့၏ ဝါဒပဲလို့သာ ဆိုစရာဖြစ်နေပါတယ်၊ ဒီယုဒ် ငါးပါးထဲမှာ ငေက ဆရာတို့က သုတယုဒက စပြီး နောက်ဆုံး ကာလလို့ ဆိုပါတယ်၊ အပရေဆရာတို့က သီလယုဒ-က စပြီး နောက်ဆုံး ကာလလို့ ဆိုပါတယ်။

ပြီးတော့ အဲဒီ ယုဒ်ငါးပါးမှာလဲ အစဉ်အတိုင်း ဆုတ်ယုတ်ပုံကိုသာ ပြပါတယ်၊ တယုဒ် တယုဒ်မှာ ငါးထုလို့လဲ မပါဘူး၊ တထောင်လို့လဲ မပါဘူး၊ နှစ်အပိုင်းအခြားကတော့ ဘာမျှ မပါပါဘူး၊ ဆုတ်ယုတ်ပုံကို ပြတော့လဲ ဝိမုတ္တိယုဒ် ကွယ်လျှင် သမာဓိယုဒ် ဖြစ်တယ်, သမာဓိယုဒ် ကွယ်တော့ သီလယုဒ်ဖြစ်တယ်, သီလယုဒ် ကွယ်တော့ သုတယုဒ် ဖြစ်တယ်လို့ ဒီလို ပြသွားပါတယ်၊ သူ့အဋ္ဌကထာမှာ "တသ္မိံ အန္ဓရဟိတေ"ဆိုတဲ့ အတွက် ဒီမှာလဲ ကွယ်တယ်လို့ ပြောရပါတယ်။

ဒီနေရာမှာ သုတယုဒ် ကွယ်ပုံ ပြထားတာကတော့ အထူးပဲ မှတ်သားစရာ ကောင်းပါတယ်၊ "ယဒါ ပန မာတိကာပရိယောသာနာ ပရိယတ္တိ သဗ္ဗသော အန္ဓရဓာယတိ"လို့ ပြထားပါတယ်။ ယဒါ၊ အကြင်အခါ၌။ မာတိကာပရိယော-သာနာ၊ မာတိကာအဆုံးရှိသော။ ပရိယတ္တိ၊ ပိဋကတ်သုံးပုံ ပရိယတ်တရား တော်သည်။ သဗ္ဗသော၊ ဒ.ခြင်းခပ်သိမ်း။ အန္ဓရဓာယတိ၊ ကွယ်လေ၏–တဲ့။

ပရိယတ္တိသာသနာ ကွယ်တဲ့ အခါမှာ အဘိဓမ္မာနှင့် သုတ္တန်က အလျင်ကွယ်ပါတယ်၊ ဝိနည်းက နောက်မှ ကွယ်ပါတယ်၊ ဝိနည်း ပိဋကတ်မှာလဲ မာတိကာ ဆိုတဲ့ ပါတိမောက်က နောက်ဆုံးမှ ကွယ်ပါတယ်၊ အဲဒီ ပါတိမောက် မာတိကာ ကွယ်သွားလျှင်တော့ ပရိယတ္တိသာသနာ လုံးလုံး ကွယ်တော့တာပါပဲ၊ သုတယုဒ် ဆိုတာလဲ အဲဒီ အခါမှာမှ ကွယ်တယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် "မာတိကာ ပရိယောသာနာ၊ မာတိကာလျှင် နောက်ဆုံးရှိသော ပရိယတ်တရားတော် အားလုံး ကွယ်တဲ့အခါမှာ"လို့ ပြဆိုထားပါတယ်၊ အဲဒီလို ပရိယတ်တရားတော် လုံးလုံး ကွယ်သွားတဲ့ နောက်မှာ ဝိမုတ္တိယုဒ တဖန်ဖြစ်နိုင်မည်, မဖြစ်နိုင်မည် ကို ဒီနေရာမှာ ဆင်ခြင် ကြည့်ဘို့ပါပဲ။

အဲဒီလို သုတယုဂ် ကွယ်သွားတဲ့ အခါမှာ ဘာတွေသာ ရှိနေမလဲ ဆိုလျှင် "တတော ပဋ္ဌာယ၊ ထို သုတယုဂ် ကွယ်သော ကာလမှစ၍။ လိင်္ဂမတ္တမေဝ အဝသိဿတိ၊ ရဟန်း၏ အသွင် အပြင်မျှ ရဟန်းတု ရဟန်းယောင်မျှသာ လျှင် ကျန်နေပါတော့မယ်"တဲ့၊ အဲဒီ ရဟန်းတု ရဟန်းယောင်တွေက ဘာတွေ လုပ်ကြမလဲဆိုလျှင် "ယထာတထံ သံဟရိတွာ၊ ဟုတ်ဟုတ်ညားညား ရရာနည်း ဖြင့် ပစ္စည်းစု၍။ ဒါနမုခေန ဝိဘဇွေန္တိ၊ ဒါန ကုသိုလ်လောက်သာ အမွန် အမြတ်ပြုလျက် စွန့်ကြ ပေးလှူကြ ပါလိမ့်မယ်"တဲ့၊ ဒါဟာ ဒါနယုဂအထိ ဆုတ်ယုတ်ပုံကို ပြတဲ့ အဌကထာ စကားပါပဲ။

ဒါနယုဂမှာ ဒါနလောက်သာ အမွန်အမြတ် ရှိတော့တယ်၊ ကျင့်ကြံနည်း ပရိယတ်တရားတော်တွေကတော့ လုံးလုံး မရှိတော့ဘူးလို့ ယုဂ်ငါးခု ပြတဲ့ ကျမ်း ရင်း အဌကထာက မိန့်ဆိုထားပါတယ်၊ ဒီအတိုင်းဆိုတော့ ကျင့်နည်း ကြံနည်း က လုံးလုံး မရှိတော့တဲ့အတွက် ဒါနယုဂပြီးတော့ ဝိမုတ္တိယုဂ တဖန် ပေါ်လာ မည်ဆိုတာဟာ ယုံကြည်ဘွယ်ရာမရှိပဲ ဖြစ်နေပါတယ်။

ထေရဝါဒ

ဘုရားတပည့်တော်တို့၏ ထေရဝါဒဂိုဏ်း သာသနာအစဉ်နှင့် ပြောရမယ်ဆို လျှင် "သုတယုဂ ကုန်ခဲ့ပြီ၊ ဒါနယုဂရောက်ခဲ့ပြီ၊ ရောက်နေပြီ"လို့ ဘယ်နည်းနှင့် မျှ မယူဆ မပြောဆိုနိုင်ပါဘူး၊ ဘာ့ကြောင့်တုံးဆိုလျှင် ပိဋကသုံးပုံ ပရိယတ် တရားတွေဟာ ထေရဝါဒ သာသနာအစဉ်အဆက် ဘယ်တော့ကမှ မကွယ်ခဲ့ပါ ဘူး၊ ယခုလဲ နိကာယ်ငါးရပ် ပိဋကသုံးပုံလုံး အပြည့်အစုံ အကုန် တည်ရှိနေပါ တယ်၊ ကောင်းကောင်းတတ်သိတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးပဲ ရှိနေကြပါတယ်၊ ဒါကြောင့် သုတယုဂ ကွယ်ခဲ့ပြီလို့ပင် မဆိုနိုင်ပါ၊ ဒါနယုဂရောက်ခဲ့ပြီ၊ ရောက်နေ ပြီလို့တော့ ဘယ်မှာ ဆိုနိုင်ပါတော့ မည်နည်း။

ဒါကြောင့် သာသနာ ငါးထောင်ဆိုတဲ့ အပိုင်း အခြားကို တိုက်ရိုက်ပြ ထားတဲ့ ဝိနည်းအဌကထာ, ဒီဃ, သံယုတ္တ, အင်္ဂုတ္တရ နိကာယ် အဌကထာများ အတိုင်းသာ ယူဆပြောဆိုသင့်ပါတယ်၊ တိုက်ရိုက်လဲ မပြ, သေလဲ မသေချာတဲ့

ထေရဂါထာ အဋ္ဌကထာမှာ ယုဂငါးပါးနှင့်တော့ ပြောဆိုရန် သင့်မည်မထင်ပါ၊ ယခုပြောခဲ့တာဟာ သာသနာ ငါးထောင်နှင့်စပ်ပြီး အဋ္ဌကထာများ မိန့်ဆို ထားပုံ အကျဉ်းချုပ် ဖြစ်ပါသည် ဘုရား။

ဝိနည်း နိဂုံး

ယခု နိဂုံးစကားကို အပြီးသတ် လျှောက်ထားပါတော့မည်ဘုရား။

ဒီအဋ္ဌကထာကို စီရင် ရေးသားတဲ့ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာဟာ မိမိသဘောကျ မိမိထင်ရာကို ရေးခဲ့တာ မဟုတ်ပဲ အမှီတော့နဲ့ ရေးခဲ့ပါတယ်၊ ဆရာ့ထံမှာ သင်ကြားပြီးတော့လဲ ရေးခဲ့ပါတယ်၊ အဲဒါကို ဒီမှာ ဖော်ပြထားပါတယ်၊ ဗုဒ္ဓဃောသအတ္ထုပ္ပတ္တိတွေမှာတော့ တချိုက သိပ်ပြီး မြှောက်ပင့် ရေးထားတော့ တမျိုးဖြစ်နေပါတယ်၊ ယခုနိဂုံးက သူကိုယ်တိုင် ရေးသား ထားတဲ့ စကားဖြစ်တဲ့အတွက် ပိုပြီးတော့ သေချာပါတယ်။

မဟာအဋ္ဌကထဥ္ဇေဝ၊ မဟာပစ္စရိမေဝ စ။
ကုရုန္ဒိဥ္ဇာတိ တိဿောပိ၊ သီဟဋ္ဌကထာ ဣမာ။
ဗုဒ္ဓမိတ္တောတိ နာမေန၊ ဝိသုတဿ ယသဿိနော။
ဝိနယညုဿ ဓီရဿ၊ သုတ္ဒာ ထေရဿ သန္တိကေ။

ဒီ စကားဖြင့် ဝိနည်း အဋ္ဌကထာကြီးတွေ သင်ယူ ခဲ့ပုံကို ပြောပါတယ်၊

မဟာအဋ္ဌကထဥ္ဇေဝ၊ မဟာအဋ္ဌကထာကိုဋင်း။ မဟာပစ္စရိမေဝ စ၊ မဟာပစ္စရီအဋ္ဌကထာကိုဋင်း။ ကုရုန္ဒိဥ္ဇ၊ ကုရုန္ဒီမည်သော အဋ္ဌကထာကို ဋင်း။ ဣတိ၊ ဤသို့။ တိဿောပိ၊ သုံးစောင်သည်လည်း ဖြစ်ကုန်သော။ ဣမေ သီဟဋ္ဌကထာ၊ ဤ သီဟိုဋ္ဌ အဋ္ဌကထာကြီးတို့ကို။ ဗုဒ္ဓမိတ္တောတိ နာမေန၊ ဗုဒ္ဓမိတ္တ-ဟူသောအမည်ဖြင့်။ ဝိသုတဿ၊ ထင်ရှားကျော်စော သော။ ထေရဿ၊ မထေရ်မြတ်၏။ သန္တိကေ၊ အထံ၌။ သုတ္ဒာ၊ နာကြား သင်ယူပြီး၍—

အဲဒီ အဋ္ဌကထာကြီး သုံးစောင်ကို ရှေးဦးစွာ သင်ယူတယ်လို့ဆိုပါတယ်။

မဟာအဋ္ဌကထာဆိုတာ ရှေးက သံဂါယနာ သုံးတန် တင်ခဲ့တဲ့ မူလအဋ္ဌကထာကို သီဟိုဠ်ဘာသာနှင့် ရေးသားတဲ့ အဋ္ဌကထာ ဖြစ်ပါတယ်၊ နောက် အဲဒီအဋ္ဌကထာကို မြိုပြီးတော့ မဟာပစ္စရီအဋ္ဌကထာနှင့် ကုရုန္ဒီအဋ္ဌကထာတွေကို ရေးကြပါတယ်၊ ဒိပြင်လဲပဲ အနွက အဋ္ဌကထာတို့, သခေ်ပအဋ္ဌကထာတို့ဆိုတာ, ရှိပါသေးတယ်၊ ယခု ဒီအဋ္ဌကထာဆရာ ရှေးဦးစွာ သင်ယူတဲ့ အဋ္ဌကထာကြီးသုံးစောင်ကတော့ မဟာအဋ္ဌကထာ, မဟာပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာဆိုတဲ့ ဒီအဋ္ဌကထာကြီးများပင် ဖြစ်ပါတယ်၊ အဲဒါတွေကို ဗုဒ္ဓမိတ္တအမည်ရှိတဲ့ မထေရ်မြတ်၏ အထံမှာ သင်ယူပြီးတော့မှ ဒီသမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာကို ရေးသားတယ်လို့ ဝန်ခံထားတဲ့ စကားပါပဲ။

အဲဒီလို ရေးတာဟာ ဘယ်အခါကာလတုံး-ဆိုတော့ သီဟိုဠ်မှာ သီရိပါလမည်တဲ့မင်း နန်းတက်လို့ အနှစ် နှစ်ဆယ်မြောက် ကာလက ရေးတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် "သီရိပါလယသဿိနော သမဝီသတိမေ ခေမေ ဇယသံ-ဝစ္ဆရေ၊ သီရိပါလမင်း၏ အောင်တော်မူ အနှစ် နှစ်ဆယ်မြောက်၌။ အယံအာရဒ္ဓါ၊ ဤကျမ်းကို စရှိ ရေးခဲ့သည်ဖြစ်၍။ ကေဝီသမှိ သမ္ပတ္တေ ပရိနိဋ္ဌိတာ၊ နှစ်ဆဲ့တနှစ်မြောက်မှာ ပြီးဆုံးတယ်"လို့ ဆိုထားပါတယ်။

ဒီ သီရိပါလမင်းဆိုတာကို အများက မဟာနာမမင်းလို့ပဲ မှတ်ထား ကြပါတယ်၊ သီရိပါလမင်း, မဟာနာမမင်း ဒီအမည် နှစ်ခုဟာ အတူတူပါပဲ၊ တဦးတည်း၏ အမည်ပါပဲ။

အဲဒီမင်း နန်းတက်တဲ့ ခုနှစ်ဟာ သာသနာသက္ကရာဇ် ၉၅၄-ခုနှစ် ဖြစ်တယ်လို့ အမှတ်ပြုထားကြပါတယ်၊ ဒါကြောင့် နန်းတက်ပြီး အနှစ် နှစ်ဆယ်မြောက်ဆိုတော့ ၉၅၄-ထဲမှာ နှစ်ဆယ်ထည့်လိုက်လျှင် ၉၇၄-ဖြစ်တဲ့အတွက် သာသနာနှစ် ၉၇၄-ခုမြောက်မှာ ဒီကျမ်းကို စီရင်တယ်လို့ မှတ်ယူဘို့ပါပဲ၊ ပြီးတော့ ၉၇၅-ခုမြောက်နှစ်မှာ ဒီကျမ်း ပြီးစီးတယ်လို့လဲ နိဂုံးအရ မှတ်သားဘို့ ရှိပါတယ်။

ပြီးတော့ကာ ကျမ်းပြီးစီးတဲ့ အခါကာလကျတော့ သူကျမ်းပြီးစီးပုံကလေးနှင့် အာသီသ ကလေးတွေကိုလဲ နောက်ပိုင်းမှာ ပြထားပါသေးတယ်၊ ဒါက

လေးတေ့ကလဲ ကြည်ညိုဘွယ်ရာ ကောင်းလို့ ဘုရားတပည့်တော် အကုန်လုံး ဘတ်ပြီးတော့ လျှောက်ထားပါဦးမယ်။

ဥပဒ္ဒဝါကုလေ လောကေ၊ နိရုပဒ္ဒဝတော အဟံ။
ကေသံဝစ္ဆရေနေဝ၊ ယထာ နိဋ္ဌं ဥပါဂတာ။
ဧဝံ သဗ္ဗသ လောကဿ၊ နိဋ္ဌं ဓမ္မုပသံဟိတာ။
သီဃံ ဂစ္ဆန္တု အာရမ္ဘာ၊ သဗ္ဗေပိ နိရုပဒ္ဒဝါ။

ဥပဒ္ဒဝါကုလေ၊ ဥပဒ္ဒဝေါ ဘေးရန် မျှားပြားလှစ္စာသော။ လောကေ၊ လောကထဲ၌။ အယံ သံဝဏ္ဏနာ၊ ဤ သမန္တ ပါသာဒိက အမည်ရှိသော ဝိနည်း အဋ္ဌကထာသည်။ နိရုပဒ္ဒဝတော၊ ဥပဒ္ဒဝေါ ဘေးရန်ကင်းသဖြင့်။ ဝါ၊ ဥပဒ္ဒဝေါ ဘေးရန်မရှိပဲ။ ကေသံဝစ္ဆရေနေဝ၊ တနှစ်တည်းဖြင့်ပင်လျှင်။ နိဋ္ဌं၊ ပြီးဆုံးခြင်းသို့။ ဥပဂတာ ယထာ၊ ရောက်ဘိသကဲ့သို့။

ဥပဒ္ဒဝေါ

အဲဒီထဲမှာလဲ မှတ်သားစရာ ကောင်းတာကလေးတော့ ပါသွားတယ် "ဥပဒ္ဒ-ဝေါ ဘေးရန်တွေ့ မျှားပြားနေတဲ့ လောကကြီး" ဆိုပြီးတော့ အဋ္ဌကထာ ဆရာက ညည်းညူပြီး ရေးသွားပါတယ်၊ ဘုရားတပည့်တော်တို့ ငယ်ငယ်တုန်းက စဉ်းစားမိဘူးပါတယ်၊ အဋ္ဌကထာဆရာကတော့ "ဥပဒ္ဒဝေါ ဘေးရန်တွေ့ တယ်မျှားပြားတယ်"လို့ ဆိုပါတယ်၊ဘုရားတပည့်တော်တို့ ငယ်ငယ်တုန်းကတော့ ဥပဒ္ဒဝေါ ဘေးရန်တွေကလဲ တယ်ပြီး မတွေ့ရတော့ "ဟို အဋ္ဌကထာ ဆရာ မျှား လက်ထက်တုန်းက ဥပဒ္ဒဝေါတွေ့ ဆိုတာဟာ ဘာတွေ့ပါလိမ့် မတုံး"လို့ ဒီလို စဉ်းစားမိပါတယ်။

"ဥပဒ္ဒဝေါ" ဆိုတာဟာ ဘယ်လိုဖြစ်လိမ့်မယ်လို့ စောစောက မသိရပဲနှင့် ရှတ်တရက် ကျရောက်လာတဲ့ ဘေးအန္တရာယ်တွေ အကျိုးမဲ့တွေကို ခေါ်ပါတယ်၊ ဥပဒ္ဒဝ-ဆိုတဲ့ ပုဒ်ထဲမှာ ဥပ-က တပုဒ်, ဒဝ-က တပုဒ်လို့ နှစ်ပုဒ် တွဲစပ်နေပါတယ်၊ ဥပ ကပ်ပြီး သကာလ, ဒဝ-နှိပ်စက်တတ်တဲ့ အကျိုးမဲ့ ဘေးအန္တရာယ်တွေလို့ ဆိုလိုပါတယ်၊ လောကမှာ လူနိုင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက နိုင်ထိုလူကို

နှိပ်စက် ညှဉ်းပန်းမှုမျိုးတွေကို ဥပဒ္ဒဝေါလို့ ခေါ်ပါတယ်၊ အဲဒီလို နှိုင်လို မင်းထက် နှိပ်စက်မှု ညှဉ်းပန်းမှု ဥပဒ္ဒဝေါတွေဟာ လောကထဲမှာ များပြားတယ်လို့ သူက ဆိုထားပါတယ်။

ဘုရားတပည့်တော်တို့ ငယ်ငယ်က စဉ်းစားကြည့်တုန်းကတော့ ဒီ ဥပဒ္ဒဝေါကို ဘယ်လိုဟာတွေရယ်လို့ သဘောမပေါက်ခဲ့ပါဘူး၊ အပြီးသတ်တော့ သီဟိုဠ်မှာ ဟိုခေတ်တုန်းက မင်းပြောင်း မင်းလဲတွေ များပြီးတော့ တိုက်ကြခိုက်ကြ လုယက်ကြ သတ်ဖြတ်ကြနဲ့ ဒီလိုနှိပ်စက် ညှဉ်းပန်းမှုတွေက သိပ်များတာကိုး၊ အဲဒါတွေကို ရည်ပြီးတော့ ရေးသွားတယ်လို့ဆိုတာ နောက်ပိုင်းကျမှ သဘောပေါက်လာပါတယ်၊ အဲဒီလို ဥပဒ္ဒဝေါတွေ အင်မတန် များပြားနေတဲ့ လောကကြီးထဲမှာ ရေးသားရတဲ့ ဒီကျမ်းဟာ ဥပဒ္ဒဝေါ ဘေးရန်မရှိပဲနှင့် ပြီးစီးသွားပါတယ်တဲ့။

အဲဒါကို ပြီးစီးအောင် ဘယ်လောက်ကြာအောင် သူ ရေးရသတုံး-ဆိုတော့ "ကော်ဝ၀ဋ္ဌရေနေ၀"လို့ဆိုထားပါတယ်၊ တနှစ်ရေးရပါတယ်တဲ့၊ ဒီ ဝိနည်းအဋ္ဌကထာဟာ ယခု စာအုပ် အရေအတွက်အားဖြင့် လေးအုပ် ရှိပါတယ်။

ဝိသုဒ္ဓိမဂ် ခြောက်ထ

အဲဒီတော့ ၄-အုပ်ရှိတဲ့ ဒီ သမန္တပါသာဒိကာ ဝိနည်း အဋ္ဌကထာကြီးကို တနှစ် ရေးရတယ်ဆိုလျှင် ဝိသုဒ္ဓိမဂ်ကျမ်းကြီးက ၂-အုပ်ရှိတဲ့အတွက် အဲဒီ ဝိသုဒ္ဓိမဂ်ကိုလဲ ခြောက်လလောက်တော့ ရေးရဦး ရှိနေပါတယ်၊ ဒါပေမယ်လို့ ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိမှာတော့ တညတည်းနှင့် သုံးစောင်တောင် ပြီးတယ်လို့ ချီးကျူးပြီး ရေးထားပါတယ်။

အဲဒီလို ချီးကျူး ထားတာကလဲ ဖြစ်သင့် ဖြစ်ထိုက် တာလောက်သာ ကောင်းပါတယ်၊ မဖြစ်သင့် မဖြစ်ထိုက်တာတွေကို သိပ်ပြီး ချီးကျူးထားလျှင် မှန်ကန်တဲ့ ရေးသားချက်တွေ အပေါ်မှာလဲ နောင်လာ နောက်သားတွေက သံသယရှိနေတတ်ပါတယ်၊ ဒါကြောင့် ဒီလို ယုတ္တိမရှိအောင် ချီးကျူး ထားတာတွေကတော့ သိပ်မကောင်းပါဘူး၊ အမှန်အားဖြင့် ဆိုလျှင် ဒီ ဝိနည်းအဋ္ဌ

ကထာ၏ တဝက်လောက် ရှိနေတဲ့ ဝိသုဒ္ဓိမဂ်ကျမ်းကို ခြောက်လ မကြာတောင် လေးငါးလလောက် ကြာအောင်တော့ ရေးရမယ်ဆိုတာ သေချာ နေပါတယ်။

ဥပဒ္ဒဝါကုလေ၊ ဘေးဥပဒ် အန္တရာယ် မျှားပြားလှစွာသော။ လောကေ၊ လောကထဲ၌။ အယံ သံဝဏ္ဏနာ၊ ဤ သမန္တပါသာဒိကာ အမည် ရှိသော ဝိနည်း အဋ္ဌကထာ ကျမ်းကြီးသည်။ နိရုပဒ္ဒဝတော၊ ဘေးရန် ဥပဒ္ဒဝေါကင်းသဖြင့်။ ဝါ၊ ဘေးရန် ဥပဒ္ဒဝေါ မရှိပဲ။ ဧက သံဝစ္ဆရေ-နေ၀၊ တနှစ်တည်းဖြင့် ပင်လျှင်။ နိဋ္ဌာ၊ ပြီးဆုံးခြင်းသို့။ ဥပါဂတာ ယထာ၊ရောက်လေဘိသကဲ့သို့။ ဧ၀ံ၊ ဤအတူပင်။ သဗ္ဗဿ လောကဿ၊ အလုံးစုံလော လောက,အလုံးစုံသော လူအပေါင်း၏။ ဓမ္မုပသံဟိတာ၊ တရားနှင့်စပ်ဆိုင်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အာရမ္ဘာ၊ ကြိုးပမ်းအားထုတ်မှု ဟူသမျှတို့သည်။ နိရုပဒ္ဒ၀ါ၊ ဥပဒ္ဒ၀ေါ ဘေးရန်အန္တရာယ် မရှိကြကုန်သည်ဖြစ်၍။ သိဒ္ဓါ၊ လျှင်မြန်စွာ။ နိဋ္ဌာ၊ ပြီးဆုံးခြင်းသို့။ ဂစ္ဆန္တု၊ ရောက်ကြပါစေကုန်သတည်း။

ဒါက အမျှားအတွက် တောင့်တလိုက်တဲ့ အဋ္ဌကထာဆရာ၏ အာသီသ ကလေး ဖြစ်ပါတယ်။

စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ကရောန္တေန မယာ ဣမံ။
သဒ္ဓမ္မ ဗဟုမာနေန၊ ယဉ္စ ပုညံ သမာစိတံ။
သဗ္ဗဿ အာနုဘာ၀ေန၊ တဿ သဗ္ဗေပိ ပါဏိနော။

သဒ္ဓမ္မဗဟုမာနေန၊ သူတော်ကောင်းတရားကို ကောင်းစွာ မြတ်နိုးသဖြင့်။ ဝါ၊ ကောင်းစွာမြတ်နိုးသော။ ဓမ္မဿ၊ သူတော်ကောင်းတရား၏။ စိရဋ္ဌိတတ္ထံ၊ ရှည်မြင့်စွာတည်ရန် အလိုဌာ။ ဣမံ သံဝဏ္ဏနံ၊ ဤ၀ိနည်း အဋ္ဌကထာ ကျမ်းကြီးကို။ ကရောန္တေန၊ ရေးသားပြုစု စီရင်သော။ မယာ၊ငါသည်။ ယံ ပုညံ၊ အကြင် ကောင်းမှုကို၊ သမာစိတံ၊ ကောင်းစွာ ဆည်းပူးအပ်လေပြီ။ သဗ္ဗဿ၊ အလုံးစုံသော။ တဿ ပုညဿ၊ ထို ကောင်းမှု၏။ အာနုဘာ၀ေန၊ အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တ၀ါတို့သည်။ ဓမ္မရုဇဿ၊ တရား

မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဒ္ဓမ္မရသသေဝိနော၊ သူတော်ကောင်းတရားတည်းဟူသော အရသာကို မှီဝဲ စားသုံးကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

ဒါလဲ အာသီသကလေး တခုပါပဲ၊ "သူတော်ကောင်းတရားကို ကျင့်ကြံအားထုတ်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားအရသာတွေကို ရသွားကြပါစေ"လို့ အာသီသ ပြုသွားပါတယ်။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဝဿံ စိရံ ပဇံ။
တပေ္ပတု ဒေဝေါ ဓမ္မေန၊ ရာဇာ ရက္ခတု မေဒိနိံ။

သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ သဒ္ဓမ္မော၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတည်းဟူသော သူတော်ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ ဒေဝေါ၊ မိုးသည်။ ကာလေ၊ ရွာသင့်သော အချိန်အခါကာလ၌။ ဝဿံ ဝဿန္တော၊ ရွာသည်ဖြစ်၍။ စိရံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ပဇံ၊ သတ္တဝါ အပေါင်းကို။ တပေ္ပတု၊ ရောင့်ရဲပါစေသတည်း။ ရာဇာ၊ လူတို့ကို စိုးမိုးအုပ်ချုပ်နေသော မင်းသည်။ ဓမ္မေန၊ တရားသဖြင့်။ မေဒိနိံ၊ မြေအပြင်ကို။ ဝါ၊ မြေအပြင်၌ရှိသော သတ္တဝါအပေါင်းကို။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။

အဲဒီလိုလဲ အာသီသ ပြုပါတယ်၊ ဒီလို အာသီသပြုပြီးတော့ သူရေးထားခဲ့တဲ့ အဋ္ဌကထာကျမ်းကြီး ကြာရှည်စွာ တည်ပါစေဆိုတာကို တောင့်တ ထားပုံ ကလေးကလဲ တော်တော်ကို လေးနက်ပါတယ်။

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ သီလဝိသုဒ္ဓိယာ။
ယာဝ ဗုဒ္ဓေါပိ နာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သုဒ္ဓစိတ္တဿ၊ စင်ကြယ်သော စိတ်နှလုံးရှိတော်မူသော။ **တာဒိနော၊** ဣဋ္ဌ အနိဋ္ဌ အာရုံ

နှစ်ခုကို ညီတူပြု၍ ရှုနိုင်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူ သော။ လောကဇေဋ္ဌသ၊ တလောကလုံး၏ အကြီး အကဲ အမြင့်မြတ် ဆုံး ဖြစ်တော်မူပေသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါပိ နာမမ္မိ၊ ဗုဒ္ဓဟူသောအမည် ဘုရားဟူသော အမည်သော်မှလည်း။ လောကမ္မိ၊ လောကဋ္ဌ။ ယာဝ၊အကြင်မျှလောက်သော ကာလပတ်လုံး။ ပဝတ္တတိ၊ ဖြစ်လျက်ရှိသေး၏။ တာဝ၊ ထိုမျှလောက်သော ကာလ ပတ်လုံး။ လောကနိတ္ထရဏောသိနံ၊ လောကမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို ရှာမှီးကြကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့ အား။ သိလဝိသုဒ္ဓိယာ၊သီလစင်ကြယ်ခြင်း၏။ နယံ၊နည်းကို။ ဒသေန္တီ၊ ဖော်ပြလျက်။ သမန္တပါသာဒိကာနာမ၊ သမန္တပါသာဒိကာ မည်သော။ အယံ ဝိနယသံဝဏ္ဏနာ၊ ဤ ဝိနည်း အဋ္ဌကထာကျမ်းသည်။ လောက-သိုံ၊ လောကဋ္ဌ။ တိဋ္ဌတု၊ မကွယ်ပပဲ တည်မြဲ တည်ထွန်း ပါစေ သတည်း။

"လောကမှာ မြတ်စွာဘုရား၏ ဗုဒ္ဓဆိုတဲ့ အမည်ကလေးရှိနေသမျှ ကာလပတ် လုံး သူ့ အဋ္ဌကထာကျမ်းကြီး လောကထဲမှာ တည်နေပါစေလို့ ဆိုပါတယ်၊ ဒီလို တည်ရာမှာလဲ သံသရာဝဋ္ဋဆင်းရဲ လောကထဲမှ လွတ်မြောက်ဖို့ရာ လောကထဲက ထွက်မြောက်တဲ့ နိဗ္ဗာန်ကို ရှာမှီးနေတဲ့ အမျိုးကောင်းသား ပုဂ္ဂိုလ်တွေအား သီလစင်ကြယ်အောင် ကျင့်တတ်ကြံတတ်ဘို့ရန် နည်းနိသျတွေကို ဒီအဋ္ဌကထာ ကျမ်းကြီးက ပြလျက် တည်နေပါစေ"လို့ အာသီသပြုပြီးတော့ ဒီ သမန္တပါသာ-ဒိကာ ဝိနည်းအဋ္ဌကထာကြီးကို အဆုံးသတ်သွားပါတယ် ဘုရား။

ဝိနည်းစစ်တမ်း ပြီး၏။

ဤဝိနည်းစစ်တမ်းသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စိစစ်ထားသော အဋ္ဌကထာသံဂါယနာ စိစစ်ခဏ်း မျက်နှာ ၉၅-မှ ၁၅၃-အထိ ပါရှိသော ဝိနည်းဆိုင်ရာ စိစစ်ခဏ်း ဖြစ်ပါသည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ
ဆဋ္ဌသင်္ဂီတိ ပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
စိစစ်တော်မူကားသော

ဥပသမ္ပဒ ကမ္မဝါစာ

[ဤစိစစ်ထားသော ဥပသမ္ပဒ ကမ္မဝါစာတွင် ရဟန်းလောင်းတပါး ရဟန်းအဖြစ်ခံယူရာ၌ ဘတ်ကြားရပုံ, ၂-ပါး ၃-ပါး ခံယူရာ၌ သမာသ်မစပ်ပဲ ဖတ်ပုံ, သမာသ် စပ်လျက် ဖတ်ပုံ, ၂-ပါး ၃-တဲ့ ၃-ပါး ၃-တဲ့ ခံယူရာ၌ ဖတ်ပုံ, ဆုံးမပုံ, မြန်မာဘာသာဖြင့် ဆုံးမပုံ, "မာ ဧဝါ ဝိတ္ထာယိ"၌ "ဝိတ္ထာယိ"ပုဒ်၏ သဒ္ဒ, အတ္ထ ၂-မျိုးစလုံးကို အာဂမ-သာမကအားဖြင့် အပြည့်အစုံ ဆုံးဖြတ်ထားပုံ, "ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ"၌ တတ္ထ-ဟူသော နိယမပုဒ်ကို အနက်မြန်မာပြန်ပုံ စသည့် အသိခက်သော ဌာနတို့၌ သဘာဝကျကျ ပေါ်ပေါ်လွင်လွင် ထုတ်ဖော်၍ မှတ်သားဘွယ်မျှားစွာဖြင့် အဆုံးအဖြတ် ပေးထားပုံမျှားကို တွေ့ကြရပါလိမ့်မည်။(စုဆောင်းသူ)]

(ဤ၌ ကမ္မဝါစာပါဠိကို မဖော်ပြတော့ပါ၊ အလိုရှိက ဆရာတော်ဘုရားကြီး စိစစ်ထားသော ကမ္မဝါစာမူရင်းကို ကြည့်ရှုရန် ညွှန်ပြလိုပါသည်။မြန်မာပြန်နှင့် အဆုံးအဖြတ်မျှားကိုမူ ဤ၌ အပြည့်အစုံ ဖော်ပြပါအုံ့။)

၄။ ရဟန်းလောင်းအား မြန်မာသက်သက်ဖြင့် ညွှန်ကြားသင်ပြ(ဆုံးမ)ပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဥပသမ္ပဒကံ မဆောင်မီ ရှေးဦးစွာ ဥပဇ္ဈာယ်ဆရာကို ယူစေရမည်"ဟု ဗုဒ္ဓမြတ်စွာ မိန်မှာတော်မူသောကြောင့် ယခုအခါ သင် ပဉ္စင်းလောင်း (တို့) သည် ဥပဇ္ဈာယ်ဆရာကို ယူ(ကြ)ဦးလော့။

ဥပဇ္ဈာယော မေ(နော)ဘန္တေ ဟောဟိ၊ ဥပဇ္ဈာယော မေ(နော) ဘန္တေ ဟောဟိ၊ ဥပဇ္ဈာယော မေ(နော) ဘန္တေ ဟောဟိ။

အရှင်ဘုရား၊ အရှင်ဘုရားသည် ဘုရားတပည့်တော်(တို့)၏ အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှု၍ ဆိုဆုံးမသော ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါ အရှင်ဘုရား။

ပါသာဒိကေန သမ္မာဒေဟိ(သမ္မာဒေထ)။ ပါသာဒိကေန သမ္မာ-ဒေဟိ(သမ္မာဒေထ)။ ပါသာဒိကေန သမ္မာဒေဟိ(သမ္မာဒေထ)။

ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာနှင့် ပြည့်စုံ(ကြ)စေလော့။ (+ပြည့်စုံအောင် အားထုတ်၍ နေထိုင်ကြရမည်။)

အာမဘန္တေ=(ကောင်းပါပြီဘုရား ပြည့်စုံစေပါမည်)။

(*ဥပဇ္ဈာယ်ဆရာဆိုတာ တပည့်ရဟန်းသစ်အား ဝိနည်းသိက္ခာပုဒ်မျှားနှင့် အညီ ကျင့်တတ် နေထိုင်တတ်အောင် သားငယ်ကို စောင့်ရှောက်သော ဖခင်ကဲ့သို့ သင်ပြဆုံးမပေးတဲ့ ဆရာမြတ်ပဲ၊ ဥပဇ္ဈာယ်ယူထားတဲ့ တပည့်ကလဲ ဥပဇ္ဈာယ်ဆရာကို ဖခင်ကဲ့သို့ ရိုသေလေးစားရတယ်။)

မှတ်ချက်။ ။ဤ၌ (*) ဤသို့ ပြဆိုထားသော စကားနှင့် အနက်အဓိပ္ပါယ် အရတူသော အခြားစကားလုံးမျှားဖြင့် ပြောင်းလဲ၍ ပြောဆိုနိုင်ပါသည်။ (+)ဤသို့သော လက်သည်းကွင်း အတွင်းရှိ စကားတို့ကို မပြောလိုပါကလဲ ချန်ထားနိုင်ပါသည်။ ချွတ်၍ ချုံး၍ လဲ ပြောဆိုနိုင်ပါသည်။

"ဥပဇ္ဈာယ် ယူစေပြီးလျှင် သပိတ်, သင်္ကန်းကို ပြောကြားရမည်"ဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့သောကြောင့် ယခုအခါ သင် ပဉ္ဇင်းလောင်း(တို့)အား သပိတ်, သင်္ကန်းကို ပြောကြားမယ်။ (*ဒီလိုပြောကြားရတာကလဲ ဘုရားလက်ထက်တော်ကာလတုန်းက ရဟန်းခံကြရာမှာ ဥပဇ္ဈာယ်ဆရာက ပေးတဲ့ သပိတ်, သင်္ကန်းနဲ့ ရဟန်းခံကြတာပဲ များတယ်၊ ဒါကြောင့် ခေတ္တခဏငှါးတာလေလားလို သံသယဖြစ်ဘွယ် ရှိနေတဲ့အတွက် အဲဒီလို သံသယ မဖြစ်ရအောင် ရဟန်းလောင်း၏ ကိုယ်ပိုင် သပိတ်, သင်္ကန်းများဖြစ်ကြောင်း ပြောကြားရခြင်းဖြစ်တယ်၊ အဲဒီတုန်းက အစဉ်အလာအရ ယခုအခါမှာလဲ ကိုယ်ပိုင် သပိတ်, သင်္ကန်းဖြစ်ကြောင်း ထင်ရှားအောင် ပြောကြားရတာပဲ။)

သင် ပဉ္ဇင်းလောင်း(တို့)၏ ရှေ့ဦချထားသော (အသီးအသီးသော) သပိတ်ဟာ သင်(တို့)၏ ကိုယ်ပိုင်သပိတ်ပဲ၊ အဲဒါကို မိမိ(တို့)၏ ကိုယ်ပိုင် သပိတ်လို မှတ်(ထားကြ)။

သပိတ်ပေါ်မှာ တင်ထားတဲ့ (အသီးအသီးသော) နှစ်ထပ်သင်္ကန်းကြီးဟာ သင်(တို့)၏ ကိုယ်ပိုင်နှစ်ထပ်သင်္ကန်းကြီးပဲ၊ အဲဒါကို မိမိ(တို့)၏ ကိုယ်ပိုင် နှစ်ထပ်သင်္ကန်းကြီးလို မှတ်(ထားကြ)။

သင်(တို့)၏ ကိုယ်မှာ ရုံထားတဲ့ ကေသီသင်္ကန်းဟာ သင်(တို့)၏ ကိုယ်ပိုင် ကေသီသင်္ကန်းပဲ၊ အဲဒါကို မိမိ(တို့)၏ ကိုယ်ပိုင် ကေသီသင်္ကန်းလို မှတ်(ထားကြ)။

သင်(တို့)၏ ခါးမှာဝတ်ထားတဲ့ သင်းပိုင်သင်္ကန်းဟာ သင်(တို့)၏ ကိုယ်ပိုင် ခါးဝတ် သင်းပိုင်သင်္ကန်းပဲ၊ အဲဒါကို မိမိ(တို့)၏ ကိုယ်ပိုင် ခါးဝတ်သင်းပိုင်သင်္ကန်းလို မှတ်(ထားကြ)။

(*ရဟန်းလောင်းမှာ ယခုပြောခဲ့တဲ့ သပိတ်တလုံးနဲ့ သင်္ကန်းသုံးထည် ပြည့်စုံရတယ်၊ အဲဒီ သပိတ်တလုံးနဲ့ သင်္ကန်းသုံးထည် ပြည့်စုံယင် သပိတ်, သင်္ကန်းပြည့်စုံပြီလို ဆိုရတယ်၊ အဲဒီလို ပြည့်စုံမှ ရဟန်းခံပေးရတယ်၊ ဒါကြောင့် အဲဒီ သပိတ်, သင်္ကန်းများ ပြည့်စုံကြောင်း ထင်ရှားအောင်လို ယခု ပြောကြားရတာပဲ။)

အမည်မှည့်ပုံ

ယခုအခါ ဥပသမ္ပဒကံ ဆောင်ရာ၌ ဥတ်ကမ္မဝါစာ ရွတ်ဖတ်၍ လွယ်ကူစေခြင်းအကျိုးငှါ ရဟန်းလောင်းကို "နာဂ" ဟု အမည်သစ် မှည့်ပါ၏၊ သံဃာတော်အရှင်မြတ်တို့က ရဟန်းလောင်းကို နာဂ-ဟု မှတ်တော်မူကြပါ၊ ရဟန်းလောင်းကလဲ မိမိအမည်ကို "နာဂ" ဟု မှတ်ထားပါ။

(ရဟန်းလောင်း ၂-ပါးဖြစ်လျှင် အကြီးရဟန်းလောင်းကို "နာဂ" ဟု မှည့်ပါ၏၊ အငယ်ရဟန်းလောင်းကို "ဒတ္တ" ဟု မှည့်ပါ၏ဟူ၍ရင်း၊ ၃-ပါးဖြစ်လျှင် အကြီးဆုံး ရဟန်းလောင်းကို "နာဂ" ဟု မှည့်ပါ၏၊ အလတ်ရဟန်းလောင်းကို "ဒတ္တ" ဟု မှည့်ပါ၏၊ အငယ်ရဟန်းလောင်းကို "မိတ္တ" ဟု မှည့်ပါ၏ဟူ၍ရင်း၊ ၄-ပါးရှိလျှင် ၂-ပါးတစုံ ၂-ပါးတစုံ ပြု၍ သို့မဟုတ် အကြီး ၂-ပါးကို တစုံ, အငယ် ၂-ပါးကို တစုံပြု၍ ထို ၂-စုံတွင် တစုံ တစုံထဲမှ အကြီး ၂-ပါးကို "နာဂ" ဟုမှည့်ပါ၏၊ အငယ် ၂-ပါးကို "ဒတ္တ" ဟု မှည့်ပါ၏ ဟူ၍ရင်း၊ ၆-ပါး စသည်ရှိလျှင် အစဉ်အတိုင်း ၃-ပါးစီ တစု တစုပြု၍ ထို တစု တစုထဲမှ အကြီး ရဟန်းလောင်းများကို "နာဂ" ဟု မှည့်ပါ၏၊ အလတ် ရဟန်းလောင်းများကို "ဒတ္တ" ဟု မှည့်ပါ၏၊ အငယ် ရဟန်းလောင်းများကို "မိတ္တ" ဟု မှည့်ပါ၏ ဟူ၍ရင်း အမည်မှည့်ကြေငြာပြီးလျှင် သံဃာတော်အရှင်မြတ်တို့က ထို ၂-ပါးထဲက အကြီး ရဟန်းလောင်းကို "နာဂ" ဟု, အငယ် ရဟန်းလောင်းကို "ဒတ္တ" ဟု မှတ်တော်မူကြပါ ဟူ၍ရင်း၊ ထို ၃-ပါးထဲမှ အကြီးကို "နာဂ" ဟု, အလတ်ကို "ဒတ္တ" ဟု, အငယ်ကို "မိတ္တ" ဟု မှတ်တော်မူကြပါ ဟူ၍ရင်း၊ ထို ၂-ပါးစုံထဲမှ အကြီး ၂-ပါးကို "နာဂ" ဟု, အငယ် ၂-ပါးကို "ဒတ္တ" ဟု မှတ်တော်မူကြပါ ဟူ၍ရင်း, ထို တစု တစုထဲမှ အကြီး ရဟန်းလောင်းများကို "နာဂ" ဟု အလတ် ရဟန်းလောင်းများကို "ဒတ္တ" ဟု, အငယ် ရဟန်းလောင်းများကို "မိတ္တ" ဟု မှတ်တော်မူကြပါ ဟူ၍ရင်း၊ ရဟန်းလောင်းများကလဲ မိမိတို့၏ အမည်သစ်ကို "နာဂ, ဒတ္တ" ဟု, "နာဂ, ဒတ္တ, မိတ္တ" ဟု အသီးအသီး မှတ်ထားကြဟူ၍ရင်း ပြောကြားရာ၏။)

ဥပသမ္ပဒကံ ဆောင်ရာ၌ ဥတ်ကမ္မဝါစာ ရွတ်ဖတ်၍ လွယ်ကူစေခြင်းအကျိုးငှါရင်း, ဂရုဂါရဝ ဖြစ်စေခြင်းအကျိုးငှါရင်း ရဟန်းလောင်း(တို့)၏ ဥပဇ္ဈာယ်ဆရာတော် အရှင်မြတ်ကို (အရှင်)တိဿ ဟု အမည်သစ် မှည့်ပါ၏၊

သံဃာတော်အရှင်မြတ်တို့က ရဟန်းလောင်း(တို့)၏ ဥပဇ္ဈာယ်ဆရာတော်ကို (အရှင်)တိဿ-ဟု အမည်သစ်ဖြင့် မှတ်တော်မူကြပါဘုရား၊ ဥပဇ္ဈာယ်ဆရာတော် အရှင်မြတ်ကလဲ မိမိ၏အမည်ကို(အရှင်)တိဿ-ဟု မှတ်တော်မူပါ အရှင်ဘုရား။

သံဃာ့အလယ်မှ အပြင်ထုတ်ပုံ

ပဉ္ဇင်းလောင်း နာဂ(ဒတ္တ-တို့) (ဒတ္တ မိတ္တ-တို့)၊ ယခုအခါ သင်(တို့)အား ညွှန်ကြားသင်ပြရန် အချိန်ကျရောက်လာပြီ၊ သို့သော်လဲ သံဃာတော်၏ အလယ်မှာ ညွှန်ကြားသင်ပြရန် မသင့်တော်တဲ့အတွက် မတ်တတ်ထပြီး သံဃာ တော်ကို လက်အုပ်ချီကာ နောက်ဆုတ် နောက်ဆုတ် ထွက်သွားပါ၊ (တိုးတိုး မှန်မှန် ပြောတဲ့စကားကို သံဃာတော်များ မကြားလောက်ရာ နားလည် လောက်ရာ) တဆယ့်နှစ်တောင့်ထွာခန့် ဝေးကွာတဲ့ ဟိုအရပ်မှာ ခေတ္တခဏ ရပ်တည်နေပါချေ၊ (အဲဒီနေရာကို ငါလာ၍ ညွှန်ကြားပြသပေးပါမည်။)

(ရဟန်းလောင်းတပါးအတွက် အနုသာသက သမ္မုတိဥတ်)
(၂-ပါးအတွက် သမုစ္စယဥတ်)
(၂-ပါးအတွက် ဒွန္ဒသမာသဥတ်)
(နာဂ ဒတ္တ မိတ္တ-များအတွက် သမုစ္စယဥတ်)
} ဥတ်ပါဋ္ဌိ များကို ကမ္မဝါတွင် ကြည့်ပါ။

(နာဂ, ဒတ္တ ၂-စုံအတွက် ဒွန်ဥတ်မှာ ၂-ပါးအတွက် ဒွန္ဒနှင့် ပါဋ္ဌိတူ၏၊ နာဂ ဒတ္တ မိတ္တ အများအတွက် ဒွန်မှာ ၃-ပါးအတွက် ဒွန္ဒနှင့် ပါဋ္ဌိအတူပင်။)

ညွှန်ကြားသင်ပြပုံ

စူးစိုက်ပြီး နားထောင်(ကြ)ပါ ပဉ္ဇင်းလောင်း နာဂ(ဒတ္တ မိတ္တ-တို့)၊ ယခု အခါ သင်(တို့)သည် အမှန်ကို ဖြေဆိုလျှောက်ထားရမည့်အခါ, အဟုတ်ကို ဖြေဆိုလျှောက်ထားရမည့်အခါဖြစ်သည်၊ သင်(တို့)၏သန္တာန်၌ ဖြစ်ပေါ်လျက် ရှိသော အကြောင်းအရာ အမှုဝတ္ထုသဘောကို သံဃာ့အလယ်၌ သမ္မုတိရသော မထေရ်က မေးမြန်းတဲ့အခါမှာ ထင်ရှားရှိလျှင် ဟုတ်မှန်လျှင် "ရှိပါသည်ဘုရား, ဟုတ်ပါသည်ဘုရား" ဟု လျှောက်ထားဖြေဆို(ကြ)ရမည်၊ ထင်ရှား မရှိလျှင်, မဟုတ်မမှန်လျှင် "မရှိပါဘုရား,မဟုတ်ပါဘုရား" ဟု လျှောက်ထားဖြေဆို(ကြ)

ရမည်၊ မလျှောက်ဝံ့ မဖြေဆိုဝံ့ပဲ ကြောက်ရွံ့မနေ(ကြ)နဲ့၊ ရဲရဲရင့်ရင့် ပီပီသသ အသံကျယ်ကျယ်နဲ့ လျှောက်ထားဖြေဆို(ကြ)ရမည်၊ ရှက်စရာတွေကို မေးရမည်လား၊ဟု နှလုံးမသာ မျက်နှာမလှ မရှိ(ကြ)နဲ့၊ ယခုပြောပြမည့် အခြင်းအရာအားဖြင့် သင်(တို့)ကို မေးကြလိမ့်မည်။

သင်(တို့)မှာ ဤသို့သော အနာမျိုး ရှိသလား—

(ကုဋ္ဌံ)နှုနာရှိသလား၊ (ဒီလိုလဲ မေးကြလိမ့်မယ်၊ အမှန်အတိုင်း ဖြေရုံပဲ၊ မရှိဘူး မဟုတ်လား၊ မရှိယင် မရှိပါဘုရားလို့ လျှောက်ထားဖြေဆိုရမယ်)[ဂ]။

နောက်ပြီးတော့ (ဂဏ္ဍော)ထွတ်မြင်းခေါ်ဆို အသားပို မြင်းဖုနာ ရှိသလား၊ (ဒီလိုလဲ မေးကြလိမ့်မယ်၊ မရှိယင် မရှိပါဘုရားလို့ လျှောက်ထားဖြေဆိုရမယ်)[၉]၊

နောက်ပြီးတော့ (ကိလာသော) အရေပြားတွင် နီဖြူအကွက် သမင်ယက် သမင်ဖြူ အနာရှိသလား၊ (ဒီလိုလဲ....ဖြေဆိုရမယ်)[၁၀]။

နောက်ပြီးတော့(သောသော)ချောင်းဆိုးသွေးပါ အဆုတ်နာ မြစ်ခြောက်နာရှိသလား၊ (ဒီလိုလဲ....ဖြေဆိုရမယ်) [၁၁]။

နောက်ပြီးတော့ (အပမာရော) သည်းခြေရှုး နတ်ဖမ်းစားရှုးနာ ရှိသလား၊ (ဒီလိုလဲ မေးကြလိမ့်မယ်၊ အမှန်အတိုင်း ဖြေရုံပဲ၊ မရှိဘူး မဟုတ်လား၊ မရှိယင် "မရှိပါဘုရား"လို့ လျှောက်ထားဖြေဆိုရမယ်)[၁၂]။

"ဒီလို မေးရတာကလဲ အကြောင်းရှိတယ်၊ ဘုရားလက်ထက်တော် ကာလတုန်းက ယခု ပြောခဲ့တဲ့ နှုနာ အစရှိသော အနာကြီးငါးမျိုး စဲ့ကပ်နေတဲ့ သူတွေက သမားတော် ဆရာဇီဝက၏ အကုအသ ခံချင်တဲ့ အတွက် သာသနာတော်မှာဝင်ပြီး ရဟန်းပြုကြတယ်၊ ရောဂါပျောက်တဲ့ အခါကျတော့ လူ့ဘောင် ပြန်ထွက်သွားကြတယ်၊ အဲဒါကို အကြောင်းပြုပြီး ဆရာဇီဝက-က ကဲ့ရဲ့တယ်၊ နောက်ပြီးတော့ ဗုဒ္ဓသာသနာတော်မှာ စက်ဆုပ်ဘွယ် ရောဂါစဲ့ကပ်နေတဲ့သူတွေ မရှိသင့်ဘူး၊ အဲဒီ အကြောင်းများကြောင့် မြတ်စွာဘုရားက"အနာကြီး ငါးမျိုး

စ့ဲကပ်နေတ့ဲသူကို ရှင်,ရဟန်း ပြုမပေးရ” လို့ သိက္ခာပုဒ် ပညတ်တော်မူတယ်၊ ဒါကြောင့် ယခု ပြောခ့ဲတ့ဲအတိုင်း မေးကြလိမ့်မယ်၊ မေးတ့ဲအခါမှာ အမှန်အတိုင်း ဖြေရုံပါပဲ၊ မရှိယင် မရှိပါဘုရားလို့ ဖြေရမယ်။)

နောက်ပြီးတော့ “လူသားစင်စစ်ဟုတ်ရဲ့လား” လို့လဲ မေးကြလိမ့်မယ်၊ (အဲဒီလို မေးရတာကတော့ ဘုရားလက်ထက်တော် ကာလတုန်းက နဂါးတကောင်က သာသနာတော်ကို ကြည်ညိုတာနဲ့ လူယောင်ဖန်ဆင်းပြီး သံဃာတော်များထံ ရဟန်းအဖြစ် တောင်းပန်တယ်၊ သံဃာတော်များက အဲဒီနဂါးကို လူသားထင်ပြီး ရဟန်းပြုပေးလိုက်တယ်၊ နောက်ကျတော့ သူ့အမှုမှန်က ပေါ်လာတယ်၊ အဲဒီအခါ လူသားမဟုတ်တ့ဲသူကို ရဟန်းပြု မပေးထိုက်တ့ဲအတွက် မြတ်စ့ာဘုရားက “တိရစ္ဆာန်ကို ရဟန်းပြုမပေးရ” လို့ သိက္ခာပုဒ် ပညတ်တော်မူတယ်၊ ဒါကြောင့် လူသားစင်စစ် ဟုတ်ရဲ့လားလို့ မေးရတာပဲ၊ သင်ပဉ္စင်းလောင်း (တို့) ကတော့ လူသားဖြစ်ကြောင်း ထင်ရှားနေပါတယ်၊ ဒါကြောင့် “ဟုတ်ပါတယ်ဘုရား” လို့ လျှောက်ထား ဖြေဆိုရုံပါပဲ။[၁၃])

နောက်ပြီးတော့ “ယောကျ်ားစင်စစ် ဟုတ်ရဲ့လား” လို့လဲ မေးကြလိမ့်မယ်၊ ဟုတ်ယင် “ဟုတ်ပါတယ်ဘုရား” လို့ လျှောက်ထားဖြေဆိုရမယ်[၁၃]။

နောက်ပြီးတော့ “ကိုယ့်ကိုယ်ကို အစိုးပိုင်သူ ဟုတ်ရဲ့လားလို့” လဲ မေးကြလိမ့်မယ်၊ ဒီလိုမေးရတာကလဲ ရှေးတုန်းက ကျွန်ဆိုတာ ရှိခ့ဲတယ်၊ အဲဒီကျွန်ဟာ သူ့ကိုယ်ကိုသူ အစိုးမပိုင်ဘူး၊ သူ့အရှင်သခင်က အစိုးပိုင်နေတယ်၊ ယခုခေတ်မှာတော့ အဲဒီလို ကျွန်ဆိုတာ မရှိပါဘူး၊ ဒါကြောင့် ကိုယ့်ကိုယ်ကို အစိုးပိုင်သူ ဟုတ်ရဲ့လားလို့ မေးတ့ဲအခါ “ဟုတ်ပါတယ်ဘုရား” လို့ လျှောက်ထား ဖြေဆိုရမယ်[၁၃]။

နောက်ပြီးတော့ “ကြွေးမြီကင်းသူ ဟုတ်ပါရဲ့လား” လို့လဲ မေးကြလိမ့်မယ်၊ ကြွေးမြီကင်းသူ ဟုတ်ယင် “ဟုတ်ပါတယ်ဘုရား” လို့ လျှောက်ထား ဖြေဆိုရမယ်။

နောက်ပြီးတော့ “မင်းမှုထမ်းအဖြစ်မှ ကင်းလွတ်သူဟုတ်ရဲ့လား” လို့လဲမေးကြလိမ့်မယ်၊ ဟုတ်ယင် “ဟုတ်ပါတယ်ဘုရား” လို့ လျှောက်ထား ဖြေဆိုရမယ်၊ ယခုခေတ်မှာ မင်းမှုထမ်းဟုတ်ပေမယ့် အခွင့်ယူထားခိုက်မှာ ဆိုယင် မင်းမှုထမ်းအဖြစ်မှ ကင်းလွတ်နေတယ်လို့ပဲ ယူရပါတယ်။

နောက်ပြီးတော့ "ရဟန်းပြုရန် မိခင် ဖခင်တို့က ခွင့်ပြုသူ ဟုတ်ရဲ့လား" လို့လဲ မေးကြလိမ့်မယ်၊ ဗုဒ္ဓသာသနာဝင် မိဘတွေက ခွင့်ပြုတာချည်းပါပဲ၊ ခွင့်ပြုတယ် မဟုတ်လား၊ မိဘမရှိသူဆိုယင်တော့ ခွင့်တောင်းဘို့တောင် မလိုပါဘူး။ ဒါကြောင့် ခွင့်ပြုသူဟုတ်ရဲ့လားလို့ မေးယင် "ဟုတ်ပါတယ်ဘုရား" လို့ လျှောက်ထား ဖြေဆိုရမယ်။

နောက်ပြီးတော့ "အသက်နှစ်ဆယ် ပြည့်ပြီလား" လို့လဲ မေးကြလိမ့်မယ်၊ ၁၉-နှစ်နဲ့ သုံးလ, ငါးလဆိုယင် အသက်နှစ်ဆယ်ပြည့်ပြီလို့ ဆိုရတယ်၊ ဒါကြောင့် အဲဒီလို အသက်နှစ်ဆယ် ပြည့်နေယင် "ပြည့်ပါပြီဘုရား" လို့ လျှောက်ထား ဖြေဆိုရမယ်။[၁၄]

နောက်ပြီးတော့ "သင်ပဉ္စင်းလောင်း (တို့) မှာ သပိတ် သင်္ကန်း ပြည့်စုံပါပြီလား" လို့လဲ မေးကြလိမ့်မယ်၊ ဒါကတော့ ခုနက ပြောခဲ့တဲ့အတိုင်း ပြည့်စုံနေကြောင်း ထင်ရှားနေပါပြီ၊ ဒါကြောင့် "ပြည့်စုံပါပြီဘုရား" လို့ လျှောက်ထား ဖြေဆိုရမယ်။

နောက်ပြီးတော့ "သင်ဟာ အဘယ် အမည်ရှိသလဲ" လို့လဲ မေးကြလိမ့်မယ်၊ သင့်ကို "နာဂ" လို့ အမည်သစ် မှည့်ထားတယ်၊ ဒါကြောင့် "ဘုရားတပည့်တော် နာဂအမည် ရှိပါသည်ဘုရား" လို့ လျှောက်ထား ဖြေဆိုရမယ်။ ယခု မေးကြည့်မယ်၊ ဖြေဆိုကြည့်စမ်း၊ သင်ဟာ အဘယ်အမည် ရှိသလဲ၊ (ဘုရားတပည့်တော် နာဂ-အမည် ရှိပါသည်ဘုရား။) (၂-ကြိမ် ၃-ကြိမ် မေးကြည့်ပါ။)

နောက်ပြီးတော့ "သင်၏ဥပဇ္ဈာယ်ဆရာဟာ အဘယ်အမည် ရှိပါသလဲ" လို့လဲ မေးကြလိမ့်မယ်၊ သင်၏ဥပဇ္ဈာယ်ဆရာကို "အရှင်တိဿ" လို့ အမည်မှည့်ထားတယ်၊ ဒါကြောင့် "ဘုရားတပည့်တော်၏ဥပဇ္ဈာယ်ဆရာသည် အရှင်တိဿမထေရ် အမည်ရှိပါသည်ဘုရား" လို့ လျှောက်ထား ဖြေဆိုရမယ်။ (၂-ကြိမ် ၃-ကြိမ် မေးကြည့်ပါ။)

သံဃာ့အလယ်မှာ မေးမြန်းစိစစ်မည့် မေးခွန်းများနှင့် စပ်၍ လျှောက်ထား ဖြေဆိုပုံများကို သင်ပဉ္စင်းလောင်း (တို့) အား ညွှန်ကြား သင်ပြပြီးပြီ၊ ငါသည် သင်(တို့) နှင့်အတူ သံဃာ့ထံသို့ မသွားအပ်, မသွားကောင်းဘူး၊ ဒါကြောင့်

ဒီနေရာမှာပဲ ခေတ္တရပ်တည် နေရစ် (ကြ) ဦး၊ သံဃာတော်က လာခဲ့ရန် ခေါ်တဲ့ အခါကျမှ သံဃာတော်ကို လက်အုပ်ချီပြီး လာခဲ့ရမယ်။

(ပဥ္စင်းလောင်း ၂-ပါး ၃-ပါး စသည်တို့ကို ညွှန်ကြားသင်ပြသော အခါ၌ စကားလုံးများကို သင့်လျော်အောင် ပြင်၍ ပြောဆိုရာ၏။)

ရဟန်းလောင်း ၁-ပါး သံဃာ့အလယ် သွင်းရန်ဥတ်,
၂-ပါး ၃-ပါး အတွက် သမုစ္စယ ဩသာရဏဥတ်,
အများမှ ၃-ပါးကိုသွင်းရန် သမုစ္စယဥတ်၊

အထက်ဖော်ပြ ခေါင်းစဉ်ပါ ဥတ်များပါဋ္ဌိကို ကြည့်လိုပါက မူရင်း ကမ္မဝါစာကို ကြည့်ရှုကြပါရန် ညွှန်ပြအပ်ပါသည်။ (စုဆောင်းသူ။)

သံဃာ့အလယ်သို့ သွင်းပြီးလျှင် "ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ' ဟူသော ညွှန်ပြချက်နှင့်အညီ "ရဟန်း သံဃာတော်တို့၏ ခြေတော်တို့ကို ရှိခိုးပါ၏" ဟု နှုတ်ဖြင့် ဆိုစေလျက် ရှိခိုးစေသင့်၏၊ ထို့နောက် "သံဃာတော်အား ရဟန်းပြုပေးရန် လျှောက်ထားရမည်" ဟု ပြောကြား၍ အောက်ပါအတိုင်း လိုက်ဆိုစေလျက် လျှောက်တောင်းစေရမည်။)

လျှောက်တောင်းပုံ

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ (ယာစာမ)၊ ဥလ္လုမ္ပတု မံ(နော) ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။ဒုတိယမ္ပိ။ ။တတိယမ္ပိ။

အရှင်မြတ်တို့ဘုရား- တပည့်တော် (တို့) သည် သံဃာတော်ကို ရဟန်းအဖြစ် (ကို) သုံးကြိမ်တိုင်တိုင် လျှောက်တောင်းပါ (ကုန်) ၏ အရှင်မြတ်တို့ဘုရား၊ သံဃာတော်သည် တပည့်တော် (တို့) ကို သနားချီးမြှောက်ခြင်း (ကို) အကြောင်းပြု၍ (ဝါ-သနားချီးမြှောက်သော အားဖြင့်) (မြင့်မြတ်သော ရဟန်းအဖြစ်သို့) မြှင့်တင်ပေးတော်မူပါ[၁၅] အရှင်ဘုရား။

တပါးအတွက် ပုစ္ဆက သမ္မုတိဥတ်၊
၂-ပါး ၃-ပါး အတွက် သမုစ္စယဥတ် (ဒွန်ဥတ်)၊
(ဤဥတ် ပါဠိများကို မူရင်း ကမ္မဝါစာ၌ ရှုကြည့်အပ်၏။ စုဆောင်းသူ။)

မေးမြန်းစိစစ်ပုံ

ပဉ္စင်းလောင်း နာဂ(ဒတ္တ-တို့၊ ဒတ္တ မိတ္တ-တို့)စူးစိုက်ပြီး နားထောင်(ကြ)၊ ယခုအခါ သင်(တို့)သည် အမှန်ကို ဖြေဆို လျှောက်ထားရမည့်အခါ, အဟုတ်ကို ဖြေဆိုလျှောက်ထားရမည့် အခါဖြစ်သည်၊ သင်(တို့)၏ သန္တာန်၌ ဖြစ်ပေါ်လျက်ရှိသော ရဟန်းပြုပေးရာဝယ် အန္တရာယ်နှင့်စပ်ဆိုင်သော အကြောင်းအရာ အမှုဝတ္ထုသဘောကို မေးပါအံ့၊ ထင်ရှားရှိလျှင်, ဟုတ်မှန်လျှင် "ရှိပါသည်ဘုရား၊ ဟုတ်ပါသည်ဘုရား"ဟု လျှောက်ထားဖြေဆို(ကြ)ရမည်၊ ထင်ရှားမရှိလျှင်, မဟုတ်မမှန်လျှင် "မရှိပါဘုရား၊ မဟုတ်ပါဘုရား"ဟု လျှောက်ထားဖြေဆို(ကြ)ရမည်။

သင်(တို့)မှာ ဒီလို အနာများ ရှိသလား၊ သရုပ်ဖော်မေးရလျှင်—
နူနာရှိသလား၊
(မရှိပါဘုရား။)
ထွတ်မြင်းခေါ်ဆို အသားပို မြင်းဖုနာ ရှိသလား၊
(မရှိပါဘုရား။)
အရေပြား နီဖြူအကွက် သမင်ယက် သမင်ဖြူနာ ရှိသလား၊
(မရှိပါ ဘုရား)။
ချောင်းဆိုးသွေးပါ အဆုတ်နာ မြစ်ခြောက်နာ ရှိသလား၊
(မရှိပါဘုရား)။
သည်းခြေရှူး နတ်ဖမ်းစားရှူးနာ ရှိသလား၊
(မရှိပါဘုရား)။

သင်(တို့)ဟာ လူသားစင်စစ် ဟုတ်(ကြ)ရဲ့လား၊
(ဟုတ်ပါ၊တယ်ဘုရား)။
ယောကျ်ားစင်စစ် ဟုတ်ရဲ့လား၊
(ဟုတ်ပါတယ်ဘုရား)။
ကိုယ့်ကိုယ်ကို အစိုးပိုင်သူ ဟုတ်ရဲ့လား၊
(ဟုတ်ပါတယ် ဘုရား)။
ကြေးမြီကင်းသူ ဟုတ်ရဲ့လား၊
(ဟုတ်ပါတယ်ဘုရား)။
မင်းမှုထမ်းအဖြစ်မှ ကင်းလွတ်သူ ဟုတ်ရဲ့လား၊
(ဟုတ်ပါတယ်ဘုရား)။
ရဟန်းပြုရန် မိခင် ဖခင်တို့က ခွင့်ပြုသူ ဟုတ်ရဲ့လား၊
(ဟုတ်ပါတယ်ဘုရား)။
အသက်နှစ်ဆယ် ပြည့်ပါပြီလား၊
(ပြည့်ပါပြီဘုရား)။
သပိတ်, သင်္ကန်း ပြည့်စုံပါပြီလား၊
(ပြည့်စုံပါပြီဘုရား)။
သင် အဘယ်အမည် ရှိသလဲ၊
(ဘုရားတပည့်တော် နာဂအမည် ရှိပါသည် ဘုရား)။
သင် ရဟန်းလောင်း(တို့ အသီးအသီး) အဘယ်အမည် ရှိ(ကြ)သလဲ၊
(ဘုရားတပည့်တော် နာဂအမည် ရှိပါသည် ဘုရား၊ ဘုရားတပည့်တော် ဒတ္တအမည် ရှိပါသည် ဘုရား၊ ဘုရားတပည့်တော် မိတ္တအမည် ရှိပါသည် ဘုရား။)

သင်(တို့)၏ ဥပဇ္ဈယ်ဆရာတော်သည် အဘယ်အမည် ရှိပါသလဲ၊

(တပည့်တော်(တို့)၏ဥပဇ္ဈယ်ဆရာတော်သည်အရှင်တိဿမထေရ်အမည် ရှိပါသည် ဘုရား။

ကမ္မဝါစာချပ် အမှတ် ၁၊ ၃-စသည်၌ ပြခဲ့သော သင်္ကေတ ၁၊ ၂၊ ၃ စသည်ဆိုင်ရာ ပုဒ် ပါဌ်များအတွက် မှတ်ချက်များ—

၁။ ဝိတ္ထာယိ-ဟူသော ပါဌ်သည် ဆဋ္ဌသံဂါယနာမူနှင့်၎င်း, အဘယာရာမ ကမ္မဝါစာမူ စသည်တို့နှင့်၎င်း အညီပင်၊ ယင်းသည် ဝိ+(သက္ကတ-သ္တေ) ပါဋ္ဌိ ထေ-ဓာတ်နှင့် အဇ္ဇတနီ ဤဝိဘတ်ဖြင့် ပြီးသည်၊ ဝတ္တမာန် ဝိဘတ်နှင့် ယှဉ်ရာ၌ ဝိတ္ထာယတိ, ဝိတ္ထာယန္တိ စသည်ဖြင့် ပြီးသည်၊ ထို့ကြောင့် ဝိနည်း မဟာဝဂ္ဂပါဋ္ဌိ (နှာ-၁၃၀)၌ "ဥပသမ္ပဒါပေက္ခာ ဝိတ္ထာယန္တိ"ဟု ရှိလေသည်၊ ထိုပါဌ်နှင့်လည်း အညီပင်။

၂။ နာဂေါ စ ဒတ္တော စ မိတ္တော စ-ဟု တုလျတ်, ကတ္တား, အပ္ပဓာနပုဒ် တို့က ဧကဝုစ်ဖြင့် ရှိကြသော်လည်း လိင်္ဂတ်, ကတ္တီ, ပဓာနပုဒ်၌ "ဥပသမ္ပဒါ-ပေက္ခာ"ဟု ဗဟုဝုစ်ဖြင့် ပြဆိုသားသည်မှာ အောက်ပါ ဝိနည်းပါဋ္ဌိ, သုတ်ပါဋ္ဌိ စသည်တို့နှင့် အညီပင် ဖြစ်သည်။

ဘေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော ပါစီနဝံသဒါယေ ဝိဟရန္တိ။ (ဝိ-မဟာဝါ၊၄၉၇)

တေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော ဂေါသိင်္ဂသာလဝနဒါယေ ဝိဟ-ရန္တိ။ (မ-၁၊၂၆၆)

ကေံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာ-ကောဋ္ဌိကော ဗာရာဏသိယံ ဝိဟရန္တိ။ (သံ-၂၊ ၁၃၆)

စိတ္တော ဟတ္ထာဋ္ဌဝကော စ၊ အဂ္ဂုပဋ္ဌာကုပါသကာ။
နန္ဒမာတာ စ ဥတ္တရာ၊ အဂ္ဂုပဋ္ဌာကုပါသိကာ။

(အပ-ဒု၊ ၃၈၁)

အထ ခေါ ဘဂဝါ တဒဝသေသေ ဘိက္ခူ နီဟာရဘတ္တော ဓမ္မိယာ ကထာယ ဩဝဒိ အနုသာသိ၊ ယံ ဝယော ဘိက္ခူ ပိဏ္ဍာယ စရိတ္ဝာ အာဟရန္တိ၊ တေန ဆဗ္ဗဂ္ဂေါ ယာပေတိ။ အထ ခေါ အာယသ္မတော စ မဟာနာမဿ အာယသ္မတော စ အဿဇိဿ ဘဂဝတာ ဓမ္မိယာ ကထာယ ဩဝဒိယမာနာနံ အနုသာသိယမာနာနံ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။ တေ ဒိဋ္ဌဓမ္မာ။ ပ။ ဘဂဝန္တံ တေဒဝေါစုံ။ (ဝိ-မဟာဝါ၊၁၈)

ဘဂဝါ စ သာရိပုတ္တ ဝိပဿီ ဘဂဝါ စ သိခီ ဘဂဝါ စ ဝေဿဘူ ကိလာသုနော အဟေသုံ သာဝကာနံ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ၊ အပ္ပကဉ္ဇ နေသံ အဟောသိ သုတ္တံ ဂေယ္ပံ။ပ။ ဝေဒလ္လံ။ ပ။ တေသံ ဗုဒ္ဓါနံ ဘဂဝန္တာနံ အန္တရဓာနေန။ (ပါရာဇိက-၉)

ဤသို့ အစရှိသော ပါဋ္ဌိတော်တို့နှင့် ညီညွတ်သောကြောင့်ပင် မဟာ-ဝိသုဒ္ဓါရုံမူ, အဘယာရာမ ဆရာတော်၏မူ, ပခုက္ကူ မဟာဝိသုတာရာမမူ စသော ကမ္မဝါစာတို့၌ ကေဝုစ် သမုစ္စယ အပ္ပခာနပုဒ်များနှင့် ဗဟုဝုစ် ပခာနပုဒ်ကို တုလျတ် လိင်္ဂတ်အဖြစ်, ပကတိ ဝိကတိအဖြစ်, ကတ္တား ကတ္တီ ကြိယာအဖြစ်ဖြင့် ပြဆိုထားတော်မူကြပေသည်။ ဟင်းသို့ ပြဆိုခြင်းမှာ ပါဋ္ဌိဂတိကျ၍ ချောမော ပြေပြစ်လှပါပေ၏။

၃။ နာဂဒတ္တာ-ဟူ၍ဂင်း, နာဂဒတ္တမိတ္တာ-ဟူ၍ဂင်း ဒွန်သမာသ် တွဲစပ်သော ပုဒ်များသည် ပါရာဇိက (နှာ- ၂၇၉) ပဗ္ဗာဇနီယ ကမ္မဝါစာ၌ အဿဇိပုနဗ္ဗ-သုကာ ဟူ၍ဂင်း, စူဋ္ဌဝဂ္ဂ (နှာ-၃) တဇ္ဇနီယကမ္မဝါစာ၌ ပဏ္ဍုကလောဟိတကာ-ဟူ၍ဂင်း ဤသို့ စသည်ဖြင့်ရှိသော ပါဋ္ဌိတော်တို့နှင့် အညီပင်။

သို့သော် နာဂ ဒတ္တ မိတ္တတို့ အသီးအသီး ၂-ပါးစီ ၃-ပါးစီ စသည် ရှိရာ၌မူ နာဂါ စ ဒတ္တာ စ မိတ္တာ စ - စသည်ဖြင့် ပြဆိုထားသော ဗဟုဝုစ် သမုစ္စည်း ဝါကျက သာ၍ ပေါ်လွင်ထင်ရှားစေနိုင်သည်။

ပါရာဇိကပါဋ္ဌိ (၂၆၉) သမနုဘာသနကမ္မဝါစာ၌ "ဣတ္ထန္နာမော စ ဣတ္ထန္နာ-မော စ ဘိက္ခူ" ဟူသော ပါဋ္ဌိနှင့်အညီ အနုသာသက သမ္မုတိဥတ်အရာ စသည်

တို့၌ "နာဂေါ စ ဒတ္တော စ မိတ္တော စ သာမဏေရာ" စသည်ဖြင့်လည်း ရွတ်ဆိုနိုင်ပေ၏။ သို့သော် ဥပသမ္ပဒ ကမ္မဝါစာ အရာ၌ ဒုတိယအကြိမ် တတိယအကြိမ် ထပ်၍ ဖတ်သောအခါ "သာမဏေရာ"ဟု ရွတ်ဆိုရန် မလျော်လှဟု ထင်သောကြောင့် ဤ ဥပသမ္ပဒအခဏ်း၌ ထိုသို့သော ဥတ်ကမ္မဝါစာပါဠိကို မပြပဲ ချန်ထားသည်။

၄။ အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါပေက္ခာတိ အာဒိနာ နယေန ဧကေန အာစရိယေန ဒ္ဒိန္ဒံ ဧကသ္မိံ ခဏေ အနုဿာဝနနယော ဒဋ္ဌဗ္ဗော—

ဟူသော ဝိမတိဝိနောဒနီဋီကာကို အမှီပြု၍ ဩသာရဏဥတ် အရာ၌—

"နာဂေါ စ နာဂေါ စ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေ-က္ခော၊ အနုသိဋ္ဌော သော စ သော စ မယာ"—

ဟူ၍ရင်း,

ဥတ္တိစတုတ္ထကမ္မဝါစာ-၌—

"အယံ နာဂေါ စ အယံ နာဂေါ စ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ စ အဿ စ ပတ္တစီဝရံ"—

ဟူ၍ရင်း ပြဆိုထားကြသည်လည်း ရှိ၏။ ဤ ဥပသမ္ပဒအခဏ်း၌မူ ထိုသို့သော ရွတ်ဆိုပုံကို မပြပဲ ချန်ထားသည်၊ အကြောင်းမူကား ပါဠိတော်များ၌ရင်း, အဋ္ဌကထာများ၌ရင်း ပက္ကန္တ ဝိသယ အရာဝယ် "သော စ သော စ" ဟူ၍ရင်း, "အဿ စ အဿ စ" ဟူ၍ရင်း သမုစ္စယ ဝါစက ပါဠိကို မတွေ့ရသောကြောင့်ရင်း, ထိုသို့သော အရာ၌ ဗဟုဝုစ်ဖြင့် တေ-ဟူ၍သော်ရင်း, တေသံ-ဟူ၍သော်ရင်း တပေါင်းတည်းပြု၍ ပြဆိုချက်များကိုသာ တွေ့ရသောကြောင့်ရင်း "သော စ သော စ" ဟူ၍ရင်း, "အဿ စ အဿ စ" ဟူ၍ရင်း ပြဆိုလျှင် ပါဠိဂတိ ကျ မကျ သံသယ မကင်းသောကြောင့်ပင် ဖြစ်သည်။

၅။ "အယံ စ နာဂေါ အယံ စ ဒတ္တော အယံ စ မိတ္တော" ဟု သမုစ္စေတဗ္ဗ ၂-ပုဒ် ရှိရာဝယ် အယံ-ဟူသော ရှေးပုဒ်၏ နောက်၌ စ-သဒ္ဒါကို ထားခြင်းသည် "အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာကောဋ္ဌိ-ကော" ဟူ၍၎င်း, "ဘဂဝါ စ သာရိပုတ္တ ဝိပဿီ ဘဂဝါ စ သိခီ ဘဂဝါ စ ဝေဿဘူ" ဟူ၍၎င်း ဤသို့ စသည်ဖြင့်ရှိသော ပါဋ္ဌိတော်များနှင့် ညီညွတ်၍ ပါဋ္ဌိဂတိ ကျပေ၏။ ထိုသို့ ပါဋ္ဌိဂတိ ကျသော ပုဒ်ပါဌ် ဝါကျများကို သာ ဤဥပသမ္ပဒအခဏ်း၌ ပြထားသည်ကိုလည်း အထူးသတိပြုသင့်၏။

၆။ "ပရိပုဏ္ဏိမေသံ" ဟူသော ပါဌ်သည် မဟာဝိသုဒ္ဓါရုံမူ, အဘယာရာမမူ, ပခုက္ကူ မဟာဝိသုတာရာမမူ စသည်တို့၌ ပြဆိုထားသော ပါဌ်ဖြစ်သည်၊ ယင်း ပါဌ်သည် "ပရိပုဏ္ဏဿ" ဟူသော ဘုရားဟော ဥပသမ္ပဒ ကမ္မဝါစာပါဌ်၌ "အဿ" ပုဒ်ကို "ဣမ" သဒ္ဒါဖြင့် ပြီးသည်ဟု ယူ၍ ပြဆိုထားသော ပါဌ်ဖြစ် ပေသည်၊ ထိုသို့ပြဆိုခြင်းသည် ပဗ္ဗာဇနီယကမ္မဝါစာပါဋ္ဌိ၏ အနေအထားနှင့်အညီ ပင် ဖြစ်သည်၊ ညီပုံမှာ– ပါရာဇိက ၂၇၉, စူဋ္ဌဝဂ္ဂ ၂၈ ပဗ္ဗာဇနီယကမ္မဝါစာ၌ အောက်ပါအတိုင်း ပါဌ်ရှိ၏။

ဣမေ အဿဇိပုနဗ္ဗသုကာ ဘိက္ခူ ကုလဒူသကာ ပါပသမာစာရာ၊ ဣမေသံ ပါပကာ သမာစာရာ ဒိဿန္တိ စေဝ သုယျန္တိ စ၊ ကုလာနိ စ ဣမေဟိ ဒုဋ္ဌာနိ ဒိဿန္တိ စေဝ သုယျန္တိ စ။

အထက်ပါ ပဗ္ဗာဇနီယကမ္မဝါစာဝယ် ပဌမဝါကျ၌ "ဣမေ" ဟု ဆိုခဲ့ပြီး အနက်ကိုပင် ဒုတိယ တတိယ ဝါကျတို့၌ ထပ်၍ဆိုရာတွင် "တ" သဒ္ဒါဖြင့် မဆိုပဲ "ဣမ" သဒ္ဒါဖြင့်ပင် "ဣမေသံ, ဣမေဟိ" ဟု ပြဆိုထားပေသည်၊ ထို့ အတူပင် ဤ ဥပသမ္ပဒကမ္မဝါစာ၌လည်း ပဌမဝါကျ၌ "အယံ" ဟု ဆိုခဲ့ပြီး အနက်ကိုပင် "အဿ" ဟု ထပ်၍ ဆိုရာဝယ် ကမ္မာရယ ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါပြ စကားချည်း ဖြစ်သောကြောင့် "ဣမ" သဒ္ဒါဖြင့်ပင် ပြဆိုသည်ဟု ယူသင့်ပေ ၏၊ ထိုသို့ယူသင့်သောကြောင့် "အဿ" ဟူသော ထိုပါဌ်ကို ဗဟုဝုစ်အရာ၌ "ဣမေသံ" ဟု "ဣမ" သဒ္ဒါဖြင့် ပြခြင်း ဖြစ်သည်၊ ပဗ္ဗာဇနီယ ကမ္မဝါစာ၌ "ဣမေသံ, ဣမေဟိ" ဟု ပြဆိုထားသော ပါဌ်နှင့် တဏပ်တည်း တူညီလျက်ရှိ ပါပေ၏။

ဝိ-ဝိနိစ္ဆယ ၁၂—ပ-မ-သ-စ

၇။ ဤ အနုသာသကသမ္မုတိ ဉတ်ပါဋ္ဌိ စသည်တို့ကို ရှေပါဋ္ဌိသက်သက် ပြရာ၌လည်း ပြခဲ့ပြီးပင် ဖြစ်သည်၊ သို့သော်လည်း ဤ၌ အလွယ်တကူ ကြည့်ရှုနိုင်စေရန် ထပ်၍ ပြထားခြင်း ဖြစ်သည်။

ပြန်မှာသက်သက်ဖြင့် ညွှန်ကြားဆုံးမပုံ၌ ပြခဲ့သော
သင်္ကေတများဆိုင်ရာ စကားများအတွက် မှတ်ချက်များ

၈။ အနုသာသကဆရာသည် ရဟန်းလောင်းတို့အား မကြောက်မရွံ့ပဲ ပြောဆိုရဲအောင် အားပေးလျက် ညွှန်ကြားသင်ပြရသည်၊ ထို့ကြောင့် သံသယ မရှိသင့်ရာ၌ ဤနည်းဖြင့် အားပေးလျက် မေးမြန်း ညွှန်ကြားသင့်ပေ၏။

၉။ "ဂဏ္ဍော" ပုဒ်သည် အခြားအရာတို့၌ အဖုအလုံး အနာဟူသမျှကို ဟောသော်လည်း ဤအရာ၌မူ "မေဒဂဏ္ဍော ဝါ ဟောတု အညော ဝါ" စသည်ဖြင့် တိုးပွါးတတ်သော အဆီ မြင်းဖု စသည်ကို အဌကထာ၌ ဖွင့်ပြထားသောကြောင့် အသားပို အသားဖုကိုသာ ဆိုလိုပေသည်။ နွားမ၏ နို့ကဲ့သို့ဝင်း, လက်ချောင်းများကဲ့သို့ဝင်း တွဲကျသော ကြွက်နို့ ခေါ်သည့် အသားပိုများကိုလည်း "ဂဏ္ဍ" ပင် ဟူ၍လည်း ဖွင့်ပြထားပေသည်။

၁၀။ ကိလာသော တိ၊ ကိလာသ ဟူသည်မှာ။ နဘိဇနကံ၊ မပေါက်ကွဲတတ်သော။ နပဂ္ဃရဏကံ၊ အရည်မယိုထွက်တတ်သော။ ပဒုမပုဏ္ဍရီက ပတ္တဝဏ္ဏံ ကုဋ္ဌံ၊ ပဒုမ္မာကြာပန်းဖတ် အဆင်းရှိသော နူနာပေတည်း။ ယေန၊ ယင်းနူနာကြောင့်။ ဂုန္နံ ဝိယ၊ နွားတို့၏ကိုယ်ကဲ့သို့။ သဗလံ သရီရံ ဟောတိ၊ ကြောင်ကျားသော ကိုယ်သည် ဖြစ်၏—ဟု အဌကထာ၌ ဖွင့်ပြထား၏၊ ထို တွင် ပဒုမ္မာကြာပန်းဖတ် အဆင်းရှိသည်-ဟူသော စကားဖြင့် အရေပြား၌ နီရဲသည့် အကွက် အကွက် ရှိသော သမင်ယက်အနာကို ပြသည်၊ ပုဏ္ဍရိက် ကြာပန်းဖတ် အဆင်းရှိသည်-ဟူသော စကားဖြင့် သမင်ဖြူခေါ် ခရုသင်း အနာကို ပြသည်။ ထို့ကြောင့် "အရေပြားတွင် နီဖြူ အကွက် သမင်ယက် သမင်ဖြူအနာ" ဟု ဖော်၍ အနက်ပြန်ထားသည်။

၁၁။ "သောသ"ကို ဋီကာ၌ "ခယရောဂေါ"ဟု ဖွင့်သည်နှင့် အညီ ယင်းသည် သွေးသားကုန်ခန်းစေသော ရောဂါဖြစ်သည်။

၁၂။ "ပိတ္တုမ္မာဒေါ ဝါ ယက္ခုမ္မာဒေါ ဝါ"- ဟု ဖွင့်ပြသောအဋ္ဌကထာနှင့် အညီ ပြန်သည်။ အဋ္ဌကထာစာအုပ်တို့၌ ဒေါ-အရာငယ် ရော-ဟု ပျက်လျက်ရှိ၏၊ အဘိဓာန်နိဿယ စသည်တို့၌ ပြန်ဆိုထားသော ဝက်ရူးနာကိုမူ ယင်းဋ္ဌ-အလိုအားဖြင့် ပိတ္တုမ္မာဒ-၌ အတွင်းဝင်သည်ဟု ယူရာ၏။

၁၃။ ယခုနေအခါ၌ ရဟန်းလောင်းကို လူသားအစစ်ဖြစ်ကြောင်း စောစောကပင် ထင်ရှား သိပြီး ဖြစ်နေသောကြောင့် ဖြေကြားပုံကို တဲ့တဲ့ပင် ညွှန်ကြားသင့်၏၊ သံသယ မရှိသင့်သော အခြားမေးခွန်းတို့၌လည်း ဤအတူပင် ညွှန်ကြားသင့်၏။

၁၄။ ပဋိသန္ဓေ ၇-လနှင့် မွေးသူကား အလွန် ရှား၏၊ သို့သော် ထိုသို့သော ပုဂ္ဂိုလ်အတွက်လည်း ပြည့်စုံစေရန် ၁၉-နှစ်မှ ငါးလ အပိုအလွန်ကိုလည်း ပြသည်၊ အများအားဖြင့် ၉-လကျော်မှာ မွေးဖွားသူသာ များသည်ဟု ဆိုကြ၏၊ ထိုသို့သော ပုဂ္ဂိုလ်မှာ ၁၉-နှစ်မှ ၃-လ လွန်လျှင် အသက် ၂၀-ကောင်းကောင်း ပြည့်တော့သည်သာ။

၁၅။ "ဥလ္လုမ္ပတု"ပုဒ်ကို အဋ္ဌကထာ၌ "ဥဒ္ဓရတု"ဟု ဖွင့်ပြထားသည်၊ ထိုအဖွင့်၌ ဥ-အထက်သို့၊ ဓရ-ဆောင်သည်-ဟူသော အနက်သည် မြှင့်တင်သည်ဟူသော စကားနှင့် အရတူပင်၊ ထို့ကြောင့် ဥလ္လုမ္ပတု-ပုဒ်ကို မြှင့်တင်ပေးတော်မူပါ-ဟု ပြန်သည်၊ ကယ်တင်-ဟူသော စကားသည် အတိဒုက္ခရောက်နေသူ, ရေနစ်နေသူ, တွင်းထဲ ချိုင့်ထဲ ကျနေသူတို့ကို ကယ်ဆယ်ရာ၌သာ သင့်လျော်သည်၊ ရှင်သာမဏေအဖြစ်မှ ရဟန်းအဖြစ်သို့ ရောက်စေခြင်းသည် ကား ကယ်တင်ခြင်းမဟုတ်, အဆင့်အတန်း မြှင့်တင် ပေးခြင်းသာ ဖြစ်သည်။

၁၆။ "ဥပသမ္ပန္နော သံဃေန နာဂေါ"အစရှိသော နိဂုံးစကားကို ဗမာပြည်၌ ရွှေကျင်ဂိုဏ်းဝင် ပခုက္ကူမဟာဝိသုတာရာမဂိုဏ်းဝင် စသော အချို့ ဆရာတော်များက တကြိမ်သာ ရွတ်ဖတ်ကြ၏၊ အခြားဆရာတော်များက အစဉ်အလာအရ သုံးကြိမ် ရွတ်ဖတ်ကြ၏၊ တတိယအကြိမ် အနုဿာဝနကမ္မဝါစာ၏ အဆုံးဖြစ်သော "သော ဘာသေယျ" ဟူသော စကား အဆုံး၌ပင် ရဟန်းလောင်းသည် ရဟန်းအဖြစ်သို့ ရောက်သွားလေပြီ၊ ထို နိဂုံးစကားကို ၃-ကြိမ်

ရွတ်ဆိုသည့် အတွက်လည်း အကျိုးထူး ဖြစ်ဘွယ် မရှိပေ၊ ၃-ကြိမ် မရွတ်ဆို ခြင်းကြောင့်လည်း အကျိုးမဲ့ဖြစ်ဘွယ် တစုံတခုမျှ မရှိပေ၊ တကြိမ်မျှ ရွတ်ဆို လျှင်ပင် နိဂုံးသတ်ခြင်းကိစ္စ ပြီးနိုင်သောကြောင့်၎င်း, ၃-ကြိမ်ရွတ်ဆိုရန် ပါဠိ, အဋ္ဌကထာ, ဋီကာ အဆို မရှိသောကြောင့်၎င်း ဥ.တို့ ဒုတိယ ကမ္မဝါစာတို့၌ နိဂုံးစကားကို ၁-ကြိမ်မျှသာ ရွတ်ဆိုကြသကဲ့သို့ ဤ ဥ.တို့စတုတ္ထကမ္မဝါစာ၌ လည်း နိဂုံးစကားကို ၁-ကြိမ်မျှ ရွတ်ဆိုခြင်းသည်သာလျှင် လိုရင်းဖြစ်သည်ဟု မှတ်အပ်၏။

ဥပသမ္မဒကမ္မဝါစာ နိဿယ

ဘန္တေ၊ အရှင်မြတ်ဟို့ဘုရား။ သံဃော၊ သံဃာတော်သည်။ မေ၊ တပည့်တော်၏ စကားကို။ သုဏာတု၊ နားဆင်တော်မူစေချင်ပါသည်။ အယံ နာ-ဂေါ၊ ဤနာဂသည်။ အာယသ္မတော တိဿဿ၊ အရှင်တိဿ၏။ ဥပသမ္မဒါ-ပေက္ခော၊ ရဟန်းသိက္ခာနှင့်ပြည့်စုံခြင်းကို အလိုရှိသူ ပဉ္စင်းလောင်းပါတည်း။ အန္တရာယိကေဟိ ဓမ္မေဟိ၊ ရဟန်းပြုပေးခြင်း၏ အန္တရာယ်ကို ပြုတတ်သော အပြစ်တို့မှ။ ပရိသုဒ္ဓေါ၊ လုံးဝ စင်ကြယ်ပါသည်။ အဿ၊ ဤနာဂအား။ ဝါ၊ ထိုနာဂအား။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါသည်။ နာဂေါ၊ နာဂသည်။ သံဃံ၊ သံဃာတော်ကို။ အာယသ္မတာ တိဿေန ဥပဇ္ဈာ-ယေန၊ အရှင်တိဿဟူသော ဥပဇ္झာယ်ဆရာဖြင့်။ ဝါ၊ အရှင်တိဿကို ဥပဇ္ဈာယ် ပြု၍။ ဥပသမ္မဒံ ယာစတိ၊ ရဟန်းသိက္ခာနှင့် ပြည့်စုံခြင်း ဟူသော ရဟန်း အဖြစ် လျှောက်တောင်းပါ၏။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျှောက်ပတ်သည့် အခါရှိသော ကံသည်။ ယဒိ၊ အံ့ကယ်၍ ဖြစ်ငြားအုံ့။ သံဃော၊ သံဃာတော်သည်။ နာဂံ၊ နာဂကို။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ အရှင်တိဿကို ဥပဇ္ဈာယ်ပြု၍။ ဥပသမ္မာဒေယ္ယ၊ ရဟန်းသိက္ခာ နှင့် ပြည့်စုံစေရာ၏။ ဝါ၊ ရဟန်း ပြုပေးရာ၏။ ဝါ၊ ရဟန်းဟု အသိအမှတ်ပြု ရာ၏။ သော၊ ဤစကားသည်။ ဥ.တို့၊ အဆိုတင်ပြလျက် သိစေသော စကား ဖြစ်ပါသည်။

ဘန္တေ၊ တို့ဘုရား။ သံဃော၊ သည်။ မေ၊ ကို။ သုဏာတု၊ ချင်ပါသည်။ အယံ နာဂေါ၊ သည်။ အာယသ္မတော တိဿဿ၊ ၏။ ဥပသမ္မဒါပေက္ခော၊ ပဉ္စင်း

လောင်းပါတည်း။ အန္တရာယိကေဟိ ဓမ္မေဟိ၊ တို့မှ။ ပရိသုဒ္ဓေါ၊ လုံးဝစင်ကြယ်ပါသည်။ အဿ၊ အား။ ပတ္တစီဝရံ၊ သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါသည်။ နာဂေါ၊ သည်။ သံဃံ၊ ကို။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ပြု၍။ ဥပသမ္ပဒံ ယာစတိ၊ ရဟန်းအဖြစ် လျှောက်တောင်းပါ၏။ သံဃော၊ သည်။ နာဂံ၊ ကို။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ပြု၍။ ဥပသမ္ပာဒေတိ၊ ရဟန်းသိက္ခာနှင့် ပြည့်စုံစေပါ၏။ ဝါ၊ ရဟန်းပြုပေးပါ၏။ ဝါ၊ ရဟန်းဟု အသိအမှတ် ပြုပါ၏။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ အရှင်တိဿကို ဥပဇ္ဈာယ်ပြု၍။ နာဂဿ ဥပသမ္ပဒါ၊ နာဂ-ကို ရဟန်းပြုပေးခြင်း, နာဂဟု အသိအမှတ်ပြုခြင်းသည်။ ဝါ၊ ပြုခြင်းကို။ ယဿ အာယသ္မတော၊ အကြင်အရှင်အား။ ခမတိ၊ နှစ်သက်ကြည်ဖြူ သဘောတူ၏။ သော၊ ထိုအရှင်သည်။ တုဏ္ဍီ အဿ၊ ဆိတ်ဆိတ်နေသည် ဖြစ်ရာ၏။ ယဿ၊ အကြင်အရှင်အား။ နက္ခမတိ၊ မနှစ်သက်။ သော၊ ထိုအရှင်သည်။ ဘာသေယျ၊ ကန့်ကွက်ပြောဆိုရာ၏။ ဒုတိယမ္ပိ၊ ၂-ကြိမ်မြောက်လည်း။ ဧတံ အတ္ထံ၊ ဤဆိုခဲ့သော အနက်အကြောင်းအရာကို။ ဝဒါမိ၊ ပြောဆိုပါ၏။ ဘန္တေ၊ တို့ဘုရား။ပ။ဘာသေယျ၊ ကန့်ကွက် ပြောဆိုရာ၏။ တတိယမ္ပိ၊ ၃-ကြိမ်မြောက်လည်း။ ဧတံ အတ္ထံ၊ ကို။ ဝဒါမိ၊ ၏။ ဘန္တေ၊ တို့ဘုရား။ပ။ဘာသေယျ၊ ရာ၏။ ။နာဂေါ၊ နာဂကို။ သံဃေန၊ သံဃာတော်က။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ပြု၍။ ဥပသမ္ပန္နော၊ ရဟန်းပြုပေးအပ်ပြီးပါပြီ။ ဝါ။ ရဟန်းဟု အသိအမှတ် ပြုအပ်ပြီးပါပြီ။ သံဃဿ၊ သံဃာတော်အား။ ခမတိ၊ နှစ်သက်ကြည်ဖြူ သဘောတူပါသည်။ တသ္မာ၊ ထို့ကြောင့်။ တုဏ္ဍီ၊ ကန့်ကွက်ခြင်းမရှိပဲ ဆိတ်ဆိတ်နေပါသည်။ ဧဝံ၊ ဤသို့ ဆိတ်ဆိတ်နေခြင်းဖြင့်။ ဧတံ၊ ဤနှစ်သက်ကြည်ဖြူ သဘောတူခြင်းကို။ ဓာရယာမိ၊ မှတ်ယူရပါသည် အရှင်မြတ်တို့ ဘုရား။

သမုစ္စယကမ္မဝါစာ နိဿယ အကျဉ်း

ဘန္တေ၊ တို့ဘုရား။ သံဃော၊ သည်။ မေ၊ ကို။ သုဏာတု၊ ချင်ပါသည်။ အယံ စ နာဂေါ၊ ဤနာဂသည်ငှင်း။ အယံ စ ဒတ္တော၊ ဤဒတ္တသည်ငှင်း။ အယံ စ မိတ္တော၊ဤ မိတ္တသည်ငှင်း။ အာယသ္မတော တိဿဿ၊၏။ ဥပသမ္ပဒါ-ပေက္ခာ၊ ပဥ္စင်းလောင်းတို့ပါတည်း။ အန္တရာယိကေဟိ ဓမ္မေဟိ၊ တို့မှ။ ပရိ-

သုဒ္ဓါ၊ လုံးဝစင်ကြယ်ကြပါကုန်၏။ ဣမေသံ၊ ဤ နာဂ, ဒတ္တ, မိတ္တ-တို့အား။ ပတ္တစီဝရံ၊ သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါသည်။ နာဂေါစ၊ နာဂသည်ငှင်း။ ဒတ္တောစ၊ ဒတ္တသည်ငှင်း။ မိတ္တောစ၊ မိတ္တသည်ငှင်း။ သံဃံ၊ ကို။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ပြု၍။ ဥပသမ္ပဒံ ယာစတ္တိ၊ ရဟန်းအဖြစ် လျှောက်တောင်းကြပါကုန်၏။ သံဃသာ၊ အား။ ပတ္တကလ္လံ၊ သည်။ ယဒိ၊ အံ့။ သံဃော၊ သည်။ နာဂံစ၊ နာဂကိုငှင်း။ ဒတ္တံစ၊ ဒတ္တကိုငှင်း။ မိတ္တံစ၊ မိတ္တကိုငှင်း။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ပြု၍။ ဥပသမ္ပာဒေယျ၊ ရာ၏။ သော၊ သည်။ ဥတ္တိ၊ ပါသည်။ (အနုဿာဝနပါဌ်၌ အနက်တူပြီ။) နာဂေါစ၊ နာဂကိုငှင်း။ ဒတ္တောစ၊ ဒတ္တကိုငှင်း။ မိတ္တောစ၊ မိတ္တကိုငှင်း။ သံဃေန၊ သံဃာတော်က။ ဥပသမ္ပန္နာ၊ ရဟန်းပြုပေးအပ်ပါကုန်ပြီ။ ဝါ၊ ရဟန်းဟု အသိအမှတ်ပြုအပ်ပါကုန်ပြီ။ (ခမတိ သံဃသ-စသည်၌ အနက်တူပြီ။)

သြဝါဒကထာ နိဿယ

တာဝဒေဝ၊ ရဟန်းဖြစ်ပြီးစ ထိုခဏ၌ပင်လျှင်။ ဆာယာ၊ အရိပ်ကို။ မေ-တဗ္ဗာ၊ တိုင်းထားအပ်၏။ (ရှေးခေတ်က စက်နာရီ မရှိသေး၍ နေရိပ်ဖြင့်ပင် အချိန်ကို မှတ်သား ရသည်၊ ယခုခေတ်မှာတော့ နာရီဖြင့် ပြောမှ သိလွယ်သည်၊ ထို့ကြောင့် ယခု စက်နာရီဖြင့် မှတ်ထားသည်။) ဥတုပ္ပမာဏံ၊ ဆောင်း, နွေ, မိုး ဟူသော ဥတုသုံးပါး အပိုင်းအခြားကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြား အပ်၏။ ဒိဝသဘာဂေါ၊ နံနက်, နေ့လည်,ညနေ ဟူသော နေ့အဖို့ကို။ အာစိက္ခိ-တဗ္ဗော၊ အပ်၏။ သင်္ဂီဟိ၊ အရိပ်,ဥတု,နေ့အဖို့ ဟူသော သုံးပါး အပေါင်းကို။ အာစိက္ခိတဗ္ဗာ အပ်၏။ (ဘယ်ခုနှစ် ဘယ်ဥတုမှာ, ဘယ်လမှာ, လဆန်း လဆုတ် ဘယ်ရက်မှာ, နံနက် နေ့လယ် ညနေ ဘယ်အချိန်ပိုင်းမှာ, နာရီအား ဖြင့် ဘယ်နှစ်နာရီ ဘယ်နှစ်မိနစ်မှာ, ရဟန်းဖြစ်တယ်ဆိုတာ မှတ်ထားပြီးတော့ ကိုယ့်ထက် အရင်ကျပြီး ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်ကို အရိုအသေပြုဘို့ပါပဲ၊ မှတ်တမ်း ပတ်ပြရမည်။) စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ မှီရာတို့ကို။ အာစိက္ခိတဗ္ဗာ၊ ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အကရဏီယာနိ၊ မပြုအပ်သော အမှုတို့ကို။ အာစိက္ခိတဗ္ဗာနိ၊ ကုန်၏။

(၁) ပိဏ္ဍိယာလောပဘောဇနံ၊ ဆုမ်းခံ၍ ရသော ဆုမ်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ ဝါ၊ ရဟန်းဖြစ်ကြောင်း သိက္ခာသုံးပါး သည်။ ဟောတိ၊ ဖြစ်၏။ (ဆုမ်းက မှီရာနိဿယ ဖြစ်သည်၊ ရဟန်းသိက္ခာက မှီတတ်သော နိဿိတ ဖြစ်သည်၊ ဆိုလိုသည်မှာ–သုံးဆောင်စရာ ဆုမ်းရှိပါမှ ထို ဆုမ်းကို သုံးဆောင်၍ သီလ သမာဓိ ပညာ အကျင့်

---

(၁) ပိဏ္ဍိယာလောပဘောဇနံ၊ သလုံးမြင်းခေါင်း၏ အစုမ်းဖြင့် ခံ၍ ရသော ဆုမ်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သို့ ရောက်အပ်၏။ တတ္ထ၊ ထိုသလုံးမြင်းခေါင်း၏ အစုမ်းဖြင့် ခံ၍ ရသော ဆုမ်းကို မှီ၍ ပဉ္စင်းဖြစ်ရာ၌။ (၁၉၁၁-ခုနှစ် ရန်ကုန် ဇမ္ဗူ့မိတ်ဆွေ ပိဋ္ဌကတ်ပုံနှိပ်ဘိုက်ရိုက် ဆင်တဲ့ဆရာတော်ဘုရားကြီး၏ မဟာဝါပါဠိတော် နိဿယသစ် (နှာ ၁၂၁)။ ။ပိဏ္ဍိယာလောပဘောဇနံ၊ အိမ်စဉ်မပြတ် ရပ်၍ရအပ်သော ဆုမ်းကို။ နိဿာယ၊ မှီ၍။ ယာ ပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထို ရဟန်း၏ အဖြစ်၌။ (၁၃၀၁-ခုနှစ် လှခင်အင်ဆန်း စာပုံနှိပ်တိုက်ရိုက်၊ ညောင်တုံးမြို့ ရွှေဟသ်ံတောရတိုက်၊ အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်ဘုရားကြီး၏ ပရိဝါသမာနတ္တာဒီ ဝိနိစ္ဆယကျမ်း၊ ရဟန်းခံမှုဆိုင်ရာ (နှာ ၁၈၃)။ ပိဏ္ဍိယာလောပဘောဇနံ၊ သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သောဆုမ်းကို။ ဝါ၊ မျက်နှာကြီးငယ် မရွယ်မထောက် ရှာစဉ်လျှောက်လျက် အိမ်ပေါက်တွေ့ပြန် ဓမ္ဓိုဋ်းချန်ပဲ ဆုမ်းခံ၍ စားခြင်းကို။ နိဿာယ၊ အမှီပြု၍။ ယာ ပဗ္ဗဇ္ဇာ၊ အကြင် ရဟန်းအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ၌။ ၁၉၂၅-ခုနှစ် ဇန်နဝါရီလ သစ္စမဏ္ဍိုင် စာအုပ်ဆိုင်မှ ရိုက်နှိပ်သော ဆီးဘန်နီ ဆရာတော်ဘုရားကြီး၏ နိဿယ အကရဏီယခဏ်း (နှာ ၂၁၈)။ ပဗ္ဗဇ္ဇာ တတ္ထ=ဟု ပါဠိတော်ပုဒ်ကို အနက်မြန်မာပြန်ဆိုကြရာ၌ တတ္ထ=ဟူသော နိယတ်ပုဒ်စဲ့များကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ရှေးဆရာတော်ကြီးများ မည်သို့ထူးခြားသည်–ဟုသိနိုင်ရန် ထိုထို ပုဒ်စဲ့များကိုပါ ထုတ်ဆောင် ဖော်ပြလိုက်ပါသည်။ (စုဆောင်းတင်ပြသူ။)

ကို ကျင့်သုံးရသည်၊ ထို့ကြောင့် ဆွမ်းသည် မှီရာ နိဿယ ၁-ပါး ဖြစ်သည်ဟု ဆိုလို၏။) တတ္ထ၊ ထို ဆွမ်းခံ၍ ရသော ဆွမ်းဟူသော မှီရာ၌။ တေ၊ သင်ပဋ္ဌင်းသစ်သည်။ (ဝေါ၊ သင်ပဋ္ဌင်းသစ်တို့သည်။) ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဝါ၊ မိမိ၌ ရဟန်းသိက္ခာ တည်ရှိနေသမျှကာလပတ်လုံး။ ဥဿာဟော၊ ကြောင့်ကြပြုလုပ် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ (ဆွမ်းခံစားရမယ်လို့ ဆိုလိုသည်။) အတိရေကလာဘော၊ ဘုန်းကံကြီး၍ ဆွမ်းမခံရပဲ အပိုအလွန် ဆွမ်းလာဘ်ရှိသူဖြစ်ပါမူ။ သံဃဘတ္တံ၊ သံဃာအားလုံးအား လှူသော ဆွမ်းကိုဌင်း။ ဥဒ္ဒေသဘတ္တံ၊ သံဃာ့ထံမှ ထေရ်စဉ် ဝါစဉ်အရ တပါး နှစ်ပါး စသည် ညွှန်ကြားစေ၍ လှူသောဆွမ်းကိုဌင်း။ နိမန္တနံ၊ မိမိတပါးတည်းအား ဖြစ်စေ,မိမိနှင့် အခြားပုဂ္ဂိုလ်များအားဖြစ်စေ ပင့်ဖိတ်၍လှူသောဆွမ်းကိုဌင်း။ သလာကဘတ္တံ၊ သံဃာ့ထံမှ စာရေးတံမဲချစေ၍ တပါး နှစ်ပါး စသည်အား လှူသောဆွမ်းကိုဌင်း။ ပက္ခိကံ၊ လဆန်း လဆုတ် တပက္ခ တပက္ခ၌ တကြိမ် တကြိမ်လှူသော ဆွမ်းကိုဌင်း။ ဥပေါသထိကံ၊ လပြည့် လကွယ် ဥပုသ်နေ့၌ လှူသောဆွမ်းကိုဌင်း။ ပါဋိပဒိကံ၊ လဆန်းတရက် လဆုတ်တရက် နေ့များ၌ လှူသောဆွမ်းကိုဌင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်သေး၏, သုံးဆောင်လေ။

(၂) ပံသုကူလစီဝရံ၊ ပံသုကူသင်္ကန်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုပံသုကူသင်္ကန်းဟူသောမှီရာ၌။ တေ၊ သည်။ ယာဝဇီဝံ၊ လုံး။ ဥဿာဟော၊ ကို။ ကရဏီယော၊ ၏။ အတိရေကလာဘော၊ ဘုန်းကံကြီး၍ ပံသုကူမဟုတ်သော အပိုအလွန် သင်္ကန်းလာဘ်ရှိသူ ဖြစ်ပါမူ။ ခေါမံ၊ ခုံချည်သင်္ကန်းကိုဌင်း။ ကပ္ပါသိကံ၊ ဝါချည်သင်္ကန်းကိုဌင်း။ ကောသေယ္ပံ၊ ပိုးသင်္ကန်းကိုဌင်း။ ကမ္ဗလံ၊ သက္ကလတ်သင်္ကန်းကိုဌင်း။ သာဏံ၊ ပိုက်ဆံလျှော်ချည်သင်္ကန်း, သျှမ်သင်္ကန်းကိုဌင်း။ ဘင်္ဂံ၊ ခုံချည်စသော ချည်ငါးမျိုးစပ် သင်္ကန်း, ဘန်ချည်သင်္ကန်းကိုဌင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ ၏။ သုံးဆောင်လေ။

(၃) ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်း သစ်ပင်အောက်ဟူသော ကျောင်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသစ်ပင်ရင်း သစ်ပင်အောက်ဟူသောကျောင်း၌။ တေ၊ သည်။ ယာဝဇီဝံ၊ လုံး။ ဥဿာဟော၊ ကို။ ကရဏီယော၊ ၏။ အတိရေကလာဘော၊ ဘုန်းကံကြီး၍ သစ်ပင်ရင်းမှ

အပိုအလွန် ကျောင်းလာဘ်ရှိသူ ဖြစ်ပါမူ။ ဝိဟာရော၊ ၂-ဖက်မိုး ၄-ဖက်မိုး ခန့်ညားသော ကျောင်းကိုရင်း။ အစုယောဂေါ၊ တဖက်ဧစောင်းမိုး တဲကုတ်ကိုရင်း။ ပါသာဒေါ၊ အထွဋ္ဌိရှိသော ပြာသာဒ်ကိုရင်း။ ဟမ္မိယံ၊ အထွဋ္ဌိမဲ့ အုတ်တိုက်ကိုရင်း။ ဂုဟာ၊ လိုဏ်ဂူကိုရင်း။ ပရိဘုဥ္ဇိတဗ္ဗာ၊ ၏။ (အနီးဆုံး ဂုဟာ·ပုဒ်ကိုင်ခဲ့၍ ထိ-လိုင်နှင့် ထားသည်။)

(၄) ပူတိမုတ္တဘေသဇ္ဇံ၊ နှားကျင်ငယ်ရေ ဆေးကို။ ဝါ၊ နှားကျင်ငယ်ရေဖြင့် ထုံအပ်သော ဆီးဖြူသီး, ဖန်ခါးသီး စသော ဆေးကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှားကျင်ငယ်ရေ ဆေးစသော မှီရာ၌။ တေ၊ သည်။ ယာဝဇီဝံ၊ လုံး။ ဥဿာဟော၊ ကို။ ကရဏီယော၊ ပြုအပ်၏, ပြုရမည်, ပြုလေ။ အတိရေကလာဘော၊ ပူတိမုတ္တဆေးမှ အပိုအလွန် ဆေးလာဘ်ရှိသူ ဖြစ်ပါမူ။ သပ္ပိ၊ ထောပတ်ကိုရင်း။ နဝနီတံ၊ ဆီဦးခေါ် ထောပတ်စိမ်းကိုရင်း။ တေလံ၊ ဆီကိုရင်း။ မဓု၊ ပျားရည်ကိုရင်း။ ဖာဏိတံ၊ တင်လဲသကာကိုရင်း။ ပရိဘုဥ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်သေး၏, သုံးဆောင်လေ။

(ရဟန်းများမှာ မပြုအပ်သော အမှုများစွာ ရှိသည်၊ ကုဋေ့ကိုးထောင်ကျော်ရှိသည်ဟု ဆိုသည်၊ သို့သော် ယခုပြောပြမည့် အမှုလေးပါးမှာ အလွန်အရေးကြီးသောကြောင့် ချက်ခြင်း ပြောကြားဘို့ မြတ်စွာဘုရားက မိန့်တော်မူခဲ့သည်)။

(၁) ဥပသမ္ပန္နေန၊ ရဟန်းသိက္ခာနှင့် ပြည့်စုံနေသော။ ဝါ၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်နေသော။ ဘိက္ခုနာ၊ ရဟန်းသည်။ မေထုနော ဓမ္မော၊ ယုတ်ညံ့သော မေထုန်အမှုကို။ နှ ပဋ္ဌိသေဝိတဗ္ဗော၊ မမှီဝဲအပ်, မမှီဝဲကောင်း။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မဋ္ဌသော်လည်း။ နှ ပဋ္ဌိသေဝိတဗ္ဗော၊ ကောင်း။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနံ ဓမ္မံ၊ ယုတ်ညံ့သော မေထုန်အမှုကို။ ပဋ္ဌိသေဝတိ၊ မှီဝဲငြားအုံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အသမဏော၊ ရဟန်းစစ် မဟုတ်သည်။ အသက္ယပုတ္တိ-ယော၊ သားကိန္နယ်ဖွား ဘုရား၏သားတော် မဟုတ်သည်။ ဟောတိ၊ ၏။ သေယျထာပိ နာမ၊ ဥပမာဖြင့် ပြရလျှင်။ သီသစ္ဆိန္နော၊ ဦးခေါင်းပြတ်ပြီးသော။

ပုရိသော၊ ယောဂျိုးသည်။ တေန၊ ထိုပြတ်ပြီးသော ဦးခေါင်းနှင့်။ ''သရီရ-ဗန္ဓနေန၊ ကိုယ်ကို သက်စပ်သဖြင့်။ ဧဝံတံ၊ အသက်ရှင်ရန်။ အဘဗေ္ဘာ၊ မဖြစ်ထိုက် မဖြစ်နိုင်သကဲ့သို့။ ဧဝ မေဝ၊ ကျိုးဒေတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ မေထုနံ ဝမ်မ်ိ၊ ကို။ ပဋိဝေဓိတ္ဝာ. ဖိုဝဲ၍။ ဝါ၊ မှိုဝဲသောကြောင့်။ အဿမဏော၊ သည်။ အသက္ကပုတ္တိယော၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုမေထုန်မှိုဝဲမှုကို။ တေ၊ သင်ပဋ္ဌင်းသစ်သည်။ ယာဝဇီဝံ၊ လုံး၊ အကရဏီယံ၊ မပြုအပ်,မပြုကောင်း, မပြုလေနှင့်။

(၂) ဥပသမ္ပဒေန၊ သော။ ဘိက္ခုနာ၊ သည်။ အဒိန္နံ၊ ပိုင်ရှင်က မပေးသည့်ဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသောစိတ်ဖြင့်။ နေ အာဒါတဗ္ဗံ၊ မယူအပ်, မယူကောင်း။ အန္တမသော၊ အာဝုဇ္ဇိတ်ဆုံးအားဖြင့်။ တိဏသလာကံ၊ ပြက်ဝါးခြမ်းစိတ်ကို။ ဥပါဒါယ၊ အစပြု၍ မယူအပ်, မယူကောင်း။ ယော ဘိက္ခု၊ ဒုက္ခြင်ရဟန်းသည်။ ပါဒံဝါ၊ ဒွေတမတ်ဖြစ်စေ။ ပါဒါရဟံဝါ၊ တမတ်တန်ဖြစ်စေ။ အတိရေကပါဒံဝါ၊ ကမတ်ကျော်တန်ဖြစ်စေ။ အဒိန္နံ၊ ပိုင်ရှင်က မပေးသည့်ဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသောစိတ်ဖြင့်။ အာဒိယတိ၊ ယူခြားအံ့။ သော ဘိက္ခု၊ သည်။ အဿမဏော၊ သည်။ အသက္ကပုတ္တိယော၊ သည်။ ဟောတိ၊ ၏။ သေယျထာပိ နာမ၊ လျှင်။ ဗန္ဓနာ ပဝုတ္တော၊ အညွှန့် ပြုတ်ကျပြီးသော။ ပဏ္ဏုပလာသော၊ ပါဇြောသော သစ်ရွက်သည်။ ဟရိတတ္တာယ၊ တဖန် စိမ်းစိုခြင်းငှါ။ အာဘဗ္ဗော၊ ကဲ့သို့။ ဧဝမေဝ၊ ပင်လျှင်။ ဘိက္ခု၊ သည်။ ပါဒံ ဝါ၊ ဒွေတမတ်ဖြစ်စေ။ ပါဒါ-ရဟံဝါ၊ တမတ်တန်ဖြစ်စေ။ အတိရေကပါဒံဝါ၊ တမတ်ကျော်တန်ဖြစ်စေ။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယိဘဝ၊ ခိုးယူ၍။ ဝါ၊ ယူသောကြောင့်။ အဿမဏော၊ သည်။ အသက္ကပုတ္တိယော၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုသူတပါးဥစ္စာ ခိုးယူခြင်းအမှုကို။ ဝတ၊ သည်။ ယာဝဇီဝံ၊ လုံး။ အကရဏီယံ၊ မပြုလေနှင့်။

(၃) ဥပသမ္ပဒေန၊ သော။ ဘိက္ခုနာ၊ သည်။ ပါဏော၊ သတ္တဝါကို။ သဉ္စိစ္စ၊ သေစေလိုသဖြင့် လုံ့လပြု၍။ ဇီဝိတာ နံ ဝေါရောပေတဗ္ဗော၊ အသက်မှ မချအပ်, မချကောင်း။ ဝါ၊ မသတ်ကောင်း။ အန္တမသော၊ အာဝုဇ္ဇိတ်ဆုံးအားဖြင့်။ ကုန္ထကိပိလ္လိကံ ဥပါဒါယ၊ ပုရွက်ဆိတ် ပိုးရှ ခြကောင်မှစ၍ မသတ်ကောင်း။ ယော ဘိက္ခု၊ သည်။

သဠေ့စု၊ ပြု၍။ မနုဿ ဝိဂ္ဂဟံ၊ လူကို။ ဇီဝိတာ ဝေါရောပေတိ၊ သတ်ခြားအံ့။ အန္တိမသော၊ ဖြင့်။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ကျဆေး ပေးခြင်းကို။ ဥပါဒါယ၊ အစ ပြု၍ သတ်ခြားအံ့။ သော ဘိက္ခု၊ သည်။ အာသမဏော၊ သည်။ အသက္ကပုဂ္ဂိ-ယော၊ သည်။ ဟောတိ၊ ၏။ သေယျထာပိ နာမ၊ လျှင်။ ဒေ့ဓာ ဘိန္နာ၊ နှစ်ဖြာ ကွဲလေပြီးသော။ ပုထုသိလာ၊ ကျောက်ဖျာကြီး ကျောက်တုံးကြီးသည်။ အပ္ပဋိ-သန္ဓိကာ၊ တဖန်ပြန်၍ ဆက်စပ်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ် သကဲ့သို့။ ဧဝ မေဝ၊ ပင်လျှင်။ ဘိက္ခု၊ သည်။ သဠေ့စု၊ လုံ့လပြု၍။ မနုဿဝိဂ္ဂဟံ၊ လူကို။ ဇီဝိတာ ဝေါရောပေတွာ၊ အသက်မှခွာ၍။ ဝါ၊ သတ်သောကြောင့်။ အာသမဏော၊ သည်။ အသက္ကပုဂ္ဂိယော၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုသတ္တဝါ သတ်ခြင်း အမှုကို။ တေ၊ သည်။ ယာဝဇီဝံ၊ လုံး။ အကရဏီယံ၊ မပြုလေနှင့်။

(၄) ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ ဥတ္တရိမနုဿဓမ္မော၊ လူတို့၏ သာမန်ကုသိုလ်ထက် လွန်ကဲသော တရားထူး တရားမြတ်ကို။ ဘါ၊ လူမြတ်တို့၏ တရားထူး တရားမြတ်ကို။ နု ဥလ္လပိတဗ္ဗော၊ ဝါကြွားရှု မပြောအပ်။ အန္တိမသော၊ ဖြင့်။ သုညာဂါရေ၊ ဆိတ်ငြိမ်သောကျောင်းဌာ။ အဘိရမာမိတိ၊ ဣာဏ်ဓမ္မပါသည် ဟူ၍သော်လဲ ဝါကြွားရှု မပြောအပ် မပြောကောင်း။ ယော ဘိက္ခု၊ သည်။ ပါပိစ္ဆော၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍။ ဝါ၊ မိမိကို အထင်ကြီးစေလိုသည် ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုဆိုးက နှိပ်စက်အပ်သည်ဖြစ်၍။ ဝါ၊ အထင်ကြီး စေလိုခြင်းက လွှမ်းမိုးနှိပ်စက်သောကြောင့်။ အသန္တံ၊ မိမိမှာမရှိသော။ အဘူတံ၊ မိမိမှာ မဖြစ်ဘူး၍ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ၊ လူမြတ်တို့၏ တရားထူး တရားမြတ်ကို။ ဥလ္လပတိ၊ ဝါကြွား ပြောဆိုငြားအံ့။ စျာနံ ဝါ၊ စျာန်ကိုဖြစ်စေ။ ဝိမောက္ခံ ဝါ၊ လွတ်မြောက်မှုကိုဖြစ်စေ။ သမာဓိံ ဝါ၊ သမာဓိကိုဖြစ်စေ။ သမာ-ပတ္တိံ ဝါ၊ သမာပတ်ကိုဖြစ်စေ။ မဂ္ဂံ ဝါ၊ မဂ်ကိုဖြစ်စေ။ ဖလံ ဝါ၊ ဖိုလ်ကိုဖြစ်စေ။ ဥလ္လပတိ၊ ဝါကြွား ပြောဆိုငြားအံ့။ သော ဘိက္ခု၊ သည်။ အာသမဏော၊ သည်။ အသက္ကပုဂ္ဂိယော၊ သည်။ ဟောတိ၊ ၏။ သေယျထာပိ နာမ၊ ဥပမာဖြင့် ပြရလျှင်။ မတ္ထကစ္ဆိန္နော၊ လည်ဆစ်ပြတ်ပြီးသော။ တာလော၊ ဂန်းပင်သည်။ ပုန ဝိရုဠ္ဍိယာ၊ တဖန် အညွှန့်အတက်ပေါက်၍ စည်ပင်ခြင်းငှါ။ အဘာဗော၊ မဖြစ်ထိုက် မဖြစ်နိုင်သကဲ့သို့။ ဧဝ မေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။

ပါပိစ္ဆော၊ မိမိကို အထင်ကြီးစေလိုသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အထင်ကြီးစေလိုခြင်းက လွှမ်းမိုးနှိပ်စက်သောကြောင့်။ အသန္တံ၊ သော။ ဥတ္တရိမနုဿဓမ္မံ၊ လူမြတ်တို့၏ တရားထူး တရားမြတ်ကို။ ဥလ္လပိတွာ၊ ဝါကြွား ပြောဆို၍။ ဝါ၊ ဝါကြွား ပြောဆိုသောကြောင့်။ အဿမဏော ဟောတိ၊ ရဟန်းစစ်မဟုတ်တော့ချေ။ အသကျပုတ္တိယော၊ သာကိနွယ်ဖွား ဘုရား၏ သားတော် မဟုတ်တော့ချေ။ တံ၊ ထို တရားထူး တရားမြတ် ဝါကြွား ပြောဆိုခြင်းကို။ တေ၊ သင်ပဋ္ဌင်းသစ်သည်။ (ဝေါ၊ သင်ပဋ္ဌင်းသစ်တို့သည်။) ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဝါ၊ မိမိ၌ ရဟန်းသီလ တည်ရှိနေသမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုအပ်, မပြုကောင်း, မပြုလေနှင့်။

သြဝါဒကထာ၊ အဆုံးအမ စကားသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

ဥပသမ္ပဒခဏ္ဍံ၊ ဥပသမ္ပဒအခဏ်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

(ဤ ဥပသမ္ပဒကမ္မဝါစာကို ၁၃၃၁-ခုနှစ် ကဆုန်လတွင် ရိုက်နှိပ်သည်။)

ကျောင်းပိုဆုံ

ဖေမော်လိုက်ခရိုင်-ဖေဘင်းပြင်မြို့နယ်
စန္ဒားရှာ၊ ဇီးပင်ကျောင်း
အခင်းဖြစ်ပွါးမှုနှင့်စပ်၍
ဝိဟာရပဋ္ဌိစ္စ အာပတ္တာဓိကရုဏ်း
အဆုံးအဖြတ်ဆိုင်ရာ
ဝိနိစ္ဆယဆရာတော်များ ထံသို့

မဟာစည်ဆရာတော်ထံမှ
(၃၀-၁၀-၂၂)

ဘုရားတပည့်တော်၏ ထင်မြင်ချက်ကို တင်ပြလိုက်ပါသည်၊ တင်ပြရခြင်း၏အကြောင်းမှာ နောင်တော် ညီတော်များ ဖြစ်ကြသော ဆရာတော်အရှင်ဘုရားတို့၏ ဝိဟာရပဋ္ဌိစ္စ အာပတ္တာဓိကရုဏ်း အဆုံးအဖြတ်စာတမ်း စာအုပ်ငယ်ကလေးကို မည်သူက တင်ပို့လိုက်သည်ဟူ၍ ကား မသိရ၊ ဘုရားတပည့်တော်ထံသို့ စာတိုက်က လာပို့သဖြင့် တလကျော် လောက်က ရခဲ့ပါသည်၊ သို့သော် ထိုစဉ်အခါက မအားလပ်သောကြောင့်ရင်း, တတ်သိတော်မူကြသော ဆရာတော်များ၏ ဆုံးဖြတ်ချက်ကို ယထာဝမှုဖြစ်လိမ့်မည်ဟု ယုံကြည်သောကြောင့်ရင်း အနည်းငယ်မျှသာ ကြည့်ရှု၍ ချထားခဲ့ပါသည်၊ လွန်ခဲ့သော ခုနစ်ရက်လောက်ကမူ အားလပ်ချိန်ရသောကြောင့် ထိုအဆုံးအဖြတ်ကို သေချာစွာ ကြည့်ရှုမိပါသည်၊ ထိုသို့ ကြည့်ရှုမိသောအခါ ဘုရားတပည့်တော်၏ အမြင်အားဖြင့် ဝိနည်းတော်နှင့် မညီပဲ ချွတ်ယွင်းနေသော အချက်များကို မမြော်လင့်ပဲ တွေ့ရပါသည်၊ ထိုစာအုပ်ကို အခြားဝိနည်းတတ် ပုဂ္ဂိုလ်တို့အား ကြည့်ရှုစေရာ ထိုပုဂ္ဂိုလ်တို့ကလည်း ဘုရားတပည့်တော် ကဲ့သို့ပင် ထင်မြင်ယူဆမိကြပါသည်။

ထိုစာအုပ်၌ ဖော်ပြထားသော စုဒိတကဖြစ်သူ ဦးဝိမလနှင့် ဦးစန္ဒိမာတို့ကို မူ မိမိနှင့် တွေ့ဘူး သိဘူးကြောင်း ယခုထက်တိုင် စဉ်းစား၍ မရသေးပါ၊

သို့သော်လည်း "ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ကြောင်း" အဋ္ဌကထာတော်၌ ပြဆိုထားသောကြောင့် ဝိနည်းတော်နှင့် မည်ဟု ထင်ရသော အချက်များကို သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား သတိပေးသည့်အနေဖြင့် တင်ပြသင့်သည်ဟု မိမိအလိုအလျောက် ဆန္ဒဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ထိုအဆုံးအဖြတ် စာအုပ်၏ လာခဲ့ရာ မူလပဘာဝဖြစ်၍ ပဓာနဖြစ်သော ဝိနိစ္ဆယဆရာတော် အရှင်ဘုရားတို့အား ဦးတည်၍အောက်ပါ ထင်မြင်ချက်များကို စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည်။

ထို ဝိနိစ္ဆယစာတမ်း၌ ပဋိညာဉ်နိဒါန်းကို ပြထားသည်မှာ အလွန်ပင် သင့်မြတ်၍ အားရဘွယ်ကောင်းလှပါပေသည်၊ သို့ရာတွင် ထိုစာတမ်း၌ ဆုံးဖြတ်ချက်သည် ထိုနိဒါန်းတွင် ပြထားသော စာပိုဒ်နံပါတ် ၃-အရ "အဓိပ္ပါယ်နှင့်တကွ ပါဠိ,အဋ္ဌကထာကို အကြွင်းမဲ့သက်ဝင်၍ မမေ့မလျော့ဘဲ အဆုံးအဖြတ်ကို ပြုအပ်၏"ဟူသော ပါရာဇိကကဏ္ဍ အဋ္ဌကထာနှင့် မည်ညီညွတ်သည်ကိုလည်း တွေ့ရပါသည်။

ကခ်ါဝိတရဏီ အဋ္ဌကထာမှ ယူ၍ ခိုးခြင်း၏ အင်္ဂါငါးပါးကို ထုတ်ပြထားသည်မှာလည်း အလွန်ပင် သင့်လျော်၍ ခိုင်ခံ့လှပါပေသည်၊ သို့သော်"ဆိုအပ်ခဲ့သော ၂၅-ပါး အပြား ရှိသော ခိုးခြင်းတို့၏ အစုမ်းအားဖြင့် ခိုးခြင်း" ဟု ပဋ္ဌမအင်္ဂါအရ ထို ပိနိစ္ဆယ၌ အပြည့်အစုံ စိစစ်ဖော်ပြခြင်းမရှိဘဲ လိုနေသည်ကိုလည်း တွေ့ရပါသည်။

တွေ့ရပုံမှာ—ထို ပိနိစ္ဆယ၌ (၁) သာဟတ္ထိက= ကိုယ်တိုင်ခိုးခြင်း၊ (၂) အာဏတ္တိက=စေခိုင်း၍ ခိုးခြင်း၊ (၃) ပသယှာဝဟာရ=အနိုင်အထက် လုယက်၍ ခိုးခြင်း၊ (၄) သံဝိဓာဝဟာရ=တိုင်ပင်ညီညွတ်၍ ခိုးခြင်းဟူသော ဤခိုးခြင်း ၄-ချက်အရဖြင့် စုဒိတကပုဂ္ဂိုလ်အား ပါရာဇိကအာပတ်သင့်ကြောင်းဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်။

ဘုရားတပည့်တော်၏ ထင်မြင်ယူဆချက်ကို တင်ပြရပါလျှင်– ကိုယ်တိုင်ခိုးသည်ဖြစ်စေ, စေခိုင်း၍ ခိုးသည်ဖြစ်စေ,လုယက်၍ ခိုးသည်ဖြစ်စေ, တိုင်ပင်၍

ခိုးသည်ဖြစ်စေ ခိုးအပ်သော ဘဏ္ဍာက ရှေ့ဆောင်နိုင်သော ပစ္စည်းဖြစ်လျှင် ဌာနာစဝန=တည်ရာဌာနမှ ရွှေ့လျှားစေခြင်းဖြင့်သာလျှင် ပါရာဇိကအာပတ် သင့်သည်၊ တည်ရာမှ မရွှေ့စေပဲ သုံးသပ်ကိုင်တွယ်ရုံမျှဖြင့် ဒုက္ကဋ်အာပတ်သာ သင့်သည်၊ ဖန္ဒာပန=လှုပ်စေရုံမျှသာဖြစ်လျှင် ထုလ္လစဉ်းမျှသာ သင့်သည်-ဟူ၍ ၎င်း၊ အကယ်၍ ခိုးအပ်သော ဘဏ္ဍာက မရွှေ့နိုင်ကောင်းသော ပစ္စည်းဖြစ်ပါ မူ ခိုးသော ပုဂ္ဂိုလ်နှင့် ပိုင်ရှင် ထိုနှစ်ဦးလုံးက ဓုရနိက္ခေပ=ငန်ချုခြင်းကိုပြု သောအခါမှသာလျှင် ပါရာဇိက အာပတ် သင့်သည်၊ တဦးကသော်၎င်း, နှစ်ဦး ကသော်၎င်း ဝန်မချသေးလျှင် ပါရာဇိကအာပတ် သင့်ဘွယ်ရာမရှိသေး-ဟူ၍ ၎င်း ထင်မြင်သဘောကျလျက် ရှိပါသည်။

ယခုအမှု၌ ခိုးအပ်သော ဘဏ္ဍာသည် ကျောင်းတိုက်ဟာရာမ် ဖြစ်ကြောင်း ထိုဝိနိစ္ဆယစာအုပ် စာမျက်နှာ ၃-နှင့် ၁၀-တို၌ ပြထားသည်ကို တွေ့ရ၏၊ ထို ဖော်ပြချက်အရ ခိုးအပ်သည်ဟု စွဲချက်တင်ထားသောဘဏ္ဍာသည် မရွှေ့ပြောင်း နိုင်ကောင်းသော ပစ္စည်းဖြစ်၍ ဝိနည်း ပါဠိ, အဋ္ဌကထာ, ဋီကာများအရအား ဖြင့် ဓုရနိက္ခေပ ဖြစ် မဖြစ်ကို စိစစ်ဘို့မှာ အရေးအကြီးဆုံးအချက် ဖြစ်ပါ သည်၊ သို့သော် ထို ဝိဟာရပဋိစ္စ အာပတ္တာဓိကရဏ်း အဆုံးအဖြတ် စာတမ်း၌ လိုရင်းဖြစ်သော ဓုရနိက္ခေပအကြောင်းကို လုံးဝ ပြဆိုခြင်းမရှိပဲ သာဟတ္ထိက စသော မပြဋ္ဌာန်းသော ခိုးခြင်းတို့ကိုသာ ဖော်ပြထားလေသည်။ ထို့ကြောင့် ထိုစာတမ်း၌ ပြထားသော ပဋိညာဉ် နံပါတ် ၃-အရ "အမိပ္ပါယ်နှင့်တကွ ပါဠိ အဋ္ဌကထာကို အကြွင်းမဲ့ သက်ဝင်၍"ဟူသော စကားနှင့်၎င်း, "မမေ့မလျော့ ဆုံးဖြတ်ရမည်" ဟူသော စကားနှင့်၎င်း, ကခ်ါဝိတရဏီ အဋ္ဌကထာ၌ ယူ၍ပြု သော ပဌမအဂ်ါနှင့်၎င်း မညီညွတ် မပြည့်စုံကြောင်း တွေ့ရပါသည်။

ထို့ပြင် အောက်ပါ ဒုတိယ ပါရာဇိက သိက္ခာပုဒ်အဖွင့် ပဒဘာဇနီ ပါဠိ, အဋ္ဌကထာတို့နှင့်လည်း မညီညွတ်ကြောင်း တွေ့ရပါသည်။

ဝိဟာရံ အဘိယုဇ္ဇတိ၊ အာပတ္တိ ဒုက္ကဋဿ။ သာမိကဿ ဝိမတိ• ဥပ္ပါဒေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ သာမိကော "နု မယှံ ဘဝိဿတိ"တိ ဓုရံ နိက္ခိပတိ၊ အာပတ္တိ ပါရာဇိကဿ။ ဓမ္မံ စရန္တော သာမိကံ

ပရာဇေတိ၊ အာပတ္တိ ပါရာဇိကဿ။ ဓမ္မံ စရန္တော ပရဇ္ဇတိ၊ အာပတ္တိံ ထုလ္လစ္စယဿ။ (ပါရာဇိကပါဠိ နှာ-၆၁)

ထို့ပြင် အောက်ပါ ဒုတိယပါရာဇိကသိက္ခာပုဒ်အဖွင့် ပဒဘာဇနီ ပါဠိ, အဋ္ဌကထာတို့နှင့်လည်း မည်ကြောင်း တွေ့ရသည်။

ဇတ္ထ စ သာမိကဿ ဓုရနိက္ခေပဝသေနေဝ ပရာဇယော ဝေဒိတဗ္ဗော၊ အနိက္ခိတ္တဓုရော ဟိ အပရာဇိတောဝ ဟောတိ။ (ဎင်း အဋ္ဌကထာ နှာ-၂၉၅)

ဆက်၍ ရှင်းပြဦးအုံ့၊ ဤအရာ၌ ဥစ္စာရှင်၏ ဝန်ချခြင်း၏ အစွမ်းအားဖြင့် သာလျှင် ရှုံးခြင်းကို သိအပ်၏၊ မှန်ပေ၏–ဝန်မချသော ဥစ္စာရှင်သည် မရှုံးသေး သည်သာလျှင် ဖြစ်ပေ၏၊ (ဤ အဖွင့်ဖြင့် ဓုရနိက္ခေပ မရှိလျှင် ရှုံးသည် မမည်၊ တရားဖြစ်၍ လုသော ရဟန်းမှာလည်း ပါရာဇိကအာပတ် မသင့်သေး-ဟု သိစေ၏။)

ထို့ပြင် အဋ္ဌကထာ၌ပင် ခိုးယူသော ရဟန်းက "မပေးတော့ဘူး"ဟု ဝန်ချလိုက်သော်လည်း ပိုင်ရှင်က ဝန်မချသေးလျှင် ပါရာဇိကအာပတ် မသင့်သေးကြောင်း, နှစ်ဦးစလုံးက ဝန်ချလိုက်သည့် အခါကျမှ ပါရာဇိကအာပတ် သင့်ကြောင်းမျှားကိုလည်း အထင်အရှား ပြဆိုထား၏။ ထို့ပြင် "စတုဒ္ဒိသာ သံဃိက ကျောင်း"ဖြစ်ပါက အတင်းလုယူသော်လည်း အရပ်လေးမျက်နှာရှိ သံဃာအားလုံးက ဝန်ချခြင်း မဖြစ်နိုင်ကောင်းသောကြောင့် ခိုးယူမှုမမြောက်၍ ပါရာဇိကအာပတ် မသင့်ကြောင်းကိုလည်း ပြထားသေး၏၊ ဤအဖွင့်ဖြင့် ပုဂ္ဂလိက ကျောင်းကိုလည်း လုယူရာ၌ ပိုင်ရှင်က "ဓုရနိက္ခေပ" ဝန်ချခြင်းကို မပြုသေးလျှင် ပါရာဇိကအာပတ်ဖြင့် မဆုံးဖြတ်သင့်ကြောင်း သိရပေသည်။

ယခု ဖြစ်ပွါးသော အမှု၌ ဦးစန္ဒိမာ၏ ထွက်ဆိုချက်တွင် —

မေးခွန်း (၉)၌ ကိုယ် ပိုင်ဆိုင်သည့်အနေနှင့် မဟုတ်ပါ–ဟူ၍ရင်း,

မေးခွန်း (၁၀)၌ တဝါ တခြေ နေခြင်းမျှဖြစ်၍ ယခုနှစ် တန်ဆောင်မုန်း လကုန်ထိ နေထိုင်ပြီးမှ ပြောင်းရွှေ့ပါမည်–ဟူ၍ရင်း,

မေးခွန်း (၁၁) ဒကာ ဒကာမများ လျှောက်ထားချက် အရ ဦးပညာဝံသ ပိုင်ဆိုင်သော ကျောင်း မဟုတ်–ဟု ယူဆ သဘောထား၍ နေထိုင်ပါသည်ဟူ၍၎င်း–

ဦးစန္ဒိမာ၏ ဖြေဆိုချက်များကို တွေ့ရ၏၊

ထို ဖြေဆိုချက်တို့တွင် မေးခွန်း (၁၁) ၌ ဖြေဆိုချက်အားဖြင့် ဆိုလျှင် ခိုးလိုသော ထေယျစိတ်ဖြင့် နေထိုင်ခြင်း ဖြစ်သည်ဟု စွဲဆိုရန်ပင် မပေါ်လှပါ၊ သို့သော် ထိုစွဲဆိုချက်အတိုင်း ဟုတ်မှန်စေကာမူ ထိုဖြေဆိုချက် သုံးခုကို ထောက်ဆ ဆင်ခြင်ကြည့်လျှင် ထို ဇီးပင်သာကျောင်းကို ပိုင်းသိမ်းယူကာ ဝန်ချထားခြင်း မရှိကြောင်း ထင်ရှား ပေါ်လွင်နေပါသည်။

ပိုင်ရှင်ဆိုသူ ဦးပညာဝံသဘက်က ကြည့်လျှင်လည်း နောက်ဆုံး အချိန်ထိ သူပိုင်သည့် ကျောင်းဖြစ်ကြောင်း အတိအလင်း ပြောဆိုလျက် တရား ဆုံးဖြတ်ပေးရန် အကြိမ်ကြိမ် တောင်းပန် လျှောက်ထားသည်များကို တွေ့ရသော ကြောင့် မိမိပိုင် အဖြစ်မှ ဝန်မချသေးကြောင်း အလွန်ပင် ထင်ရှားနေပါသည်၊ "ငါ ရမှ ရပါတော့မလား" ဟု ယုံမှားဟန် လက္ခဏာကိုပင် မတွေ့ရပါ။

ဤသို့ နှစ်ဦးနှစ်ဘက်စလုံးက "ဓုရနိကွေပ=ဝန်ချခြင်း" မရှိပါက ဦးဝိမလ နှင့် ဦးစန္ဒိမာ တို့အား ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်ခြင်းသည် ထုတ်ပြခဲ့သော ဒုတိယ ပါရာဇိက သိက္ခာပုဒ် အဖွင့် ပဒဘာဇနီ ပါဠိ စသည် တို့နှင့် မညီ" ဟု ဘုရားတပည့်တော် အနေဖြင့် ထင်မြင်ယူဆပါကြောင်း သက်ဆိုင်ရာ အရှင်တို့အား သမ္မာဆန္ဒဖြင့် တင်ပြ လိုက်ပါသည်။

အကယ်၍ ကျောင်းကို ခိုးယူလုယက်မှု၌ ဓုရနိကွေပ မရှိလည်း ပါရာဇိက အာပတ် သင့်နိုင်သည်ဟု ဆိုလိုပါမူ မည်သည့် ပါဠိ, အဋ္ဌကထာအရ မည်သည့် အချိန်အခါ၌ ထိုအာပတ် သင့်သည်ကို တိတိကျကျ ဖော်ပြ၍ ဆုံးဖြတ်သင့် ပါသည်၊ ထိုသို့သော ခိုင်လုံပြတ်သားသည့် အဆုံးအဖြတ်နှင့် သာဓက ပါဠိကို ထို ဝိဟာရ ပဋိစ္စ အာပတ္တာဓိကရုဏ်း အဆုံးအဖြတ် စာတမ်း၌ မတွေ့ရပါ၊ ထိုစာတမ်း စာမျက်နှာ ၁၁–၁၂ ၌ ထုတ်ပြထားသော ပါတိမောက် သိက္ခာပုဒ်မျှဖြင့် တိကျသော အဆုံးအဖြတ်ကို ပြရန် မလုံလောက်သေးပါ၊ ထို သိက္ခာ

ပုဒ်၏အဖွင့် ပဒဘာဇနီ ပါဠိ, ဝိနီတဝတ္ထု ပါဠိနှင့် သက်ဆိုင်ရာ အဋ္ဌကထာ, ဋီကာတို့ကိုပါ ထုတ်ပြမှသာလျှင် ပြတ်သား ခိုင်လုံသော အဆုံးအဖြတ် ဖြစ်နိုင်သည်ကို ဝိနယကောဝိဒ ပညာအရှင်တို့ အသိပင် ဖြစ်ပါသည်။

ယထာဓမ္မ ယထာဝိနယ တိကျ မှန်ကန်အောင် သတိပြုတော်မူနိုင်ကြပါစေ။

(အရှင်သောဘန)
အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်။

ဤမိတ္တူကို အောက်ပါပုဂ္ဂိုလ်များထံသို့ သိသာရန် ပေးပို့ပါသည်။

၁။ ဦးပညာဝံသ၊ စန္ဒားကျောင်း၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်ခရိုင်။

၂။ ဆရာတော် ဦးဝိမလ၊ သရောင်းကျောင်း၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်ခရိုင်။

၃။ ဦးစန္ဒိမာ၊ သရောင်းကျောင်း၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်ခရိုင်။

၄။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ခရိုင် သာသနာရေး အရာရှိရုံး၊ မော်လိုက်မြို့။

၅။ န-လ-က ဥက္ကဋ္ဌ၊ ဖောင်းပြင်မြို့၊ မော်လိုက်ခရိုင်။

၁၃၃၄-ခု၊ တပ္ပိုတ္ထဲလဆန်း ၇-ရက်
၁၉၇၃-ခု၊ ဖေဖော်ဝါရီလ ၉-ရက်

၁၃၃၄-ခု၊ တပ္ပိုတ္ထဲလဆန်း ၃-ရက်၊ ၁၉၇၃-ခု၊ ဖေဖော်ဝါရီလ ၅-ရက်၊ ည ၆-နာရီကျော် အချိန်တွင် ဦးဝိသုဒ္ဓ, ပါတိယူနစ် ဥက္ကဋ္ဌ, နလက ဥက္ကဋ္ဌ စသောသူများ တောင်ဖီလာကျောင်းတိုက်သို့ လာ၍ ပါတိယူနစ်ဥက္ကဋ္ဌ က မြို့ရောနယ်ပါ ကဲ့ပြားနေမှုကို ဘယ်လိုနည်းနှင့် ညီညွတ်ရေး ပြုလုပ်ရမည်ကို အမိန့်ရှိရန် လျှောက်ထားပါသည်။

ၜင်း လျှောက်ထားချက် အရ ဝိနိစ္ဆယ ဆရာတော်များကို ပင့်ဆောင်စည်းဝေး၍ ညီညွတ်ရေးကို ရှေ့ရှုသောအားဖြင့် ဝိနိစ္ဆယ ဆရာတော်များနှင့် ရှစ်ဂိုဏ်း သံဃာတော်များ အားလုံးက ဦးစန္ဒိမာ အစရှိသော ပုဂ္ဂိုလ်များ အပေါ် "တိဏဝတ္ထာရက သမထ"ဖြင့် မြို့နယ်လူထု၏ ညီညွတ်ရေးကို ရှေ့ရှု၍ ငြိမ်းအေးသည်ဟု ဆုံးဖြတ်ကြောင်း ကြေငြာလိုက်သည်။

ဝိနိစ္ဆယ ဆရာတော်များ

မှတ်ချက်။ ။ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ပေးစာ ဆုံးဖြတ်ချက်နှင့် အဓိကရုဏ်း ငြိမ်းအေး သွားအောင် ရှက်ဆောင်မှုမှာ ၄-လမျှ ခြားသည်။

ဤ အဓိကရုဏ်း ငြိမ်းအေးသွားခြင်းမှာ ဆရာတော် ဘုရားကြီး၏ ပေးစာက အထောက်အပံ့ များစွာ ရရှိသွား ကြောင်း ထင်ရှားပါသည်။

ကတိကဝတ် အဆုံးအဖြတ်

ကန်းနီကျောင်း ၁၃၃၁-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁-ရက်
ကန်းနီရွာ
ဗန်းမော်ခရိုင်

ဦးဇဝနသို့.....

မေတ္တာဖြင့် စာရေးသား ပြန်ကြားလိုက်ပါသည်။

ဦးဇဝနထံမှ စာကိုရရှိ၍ စာပါအကြောင်းရပ်များကို သေချာစေ့ငုံ ကြည့်ရှု ဆင်ခြင်ကာ ဤ ဖြေကြားလွှာကို ရေးလိုက်ပါသည်။

အလေးအနက် သတိပြုပါ

ဦးဇဝန၏ စာပါ အမေးများကို မဖြေကြားမီ အလေးအနက် ဂရုပြုရန် အချက်တခုကို သတိပေးလိုပါသည်။ ထိုအချက်မှာ အခြားမဟုတ်, တပည့်တော်သည် ဦးဇဝနကိုလည်း မည်သူ မည်ဝါဟု မသိ၊ ဦးဇဝနစာ၌ ဖော်ပြထားသော အခြားတဘက်မှ ပုဂ္ဂိုလ်ကိုလည်း မည်သူ မည်ဝါဟု မသိရဘဲ အမေးရှိ၍သာ ဖြေကြားလိုက်ရသည်ဆိုသော အချက်ပင် ဖြစ်ပါသည်။ ဤအချက်ကို သေချာစွာ ဂရုထားမှသာ ဘက်မလိုက်ဘဲ တရားထိုက်သက်ရောက်သာ ဖြေဆိုထားခြင်းဖြစ်ကြောင်း ကောင်းမွန်စွာ သဘောပေါက်နိုင်ပါလိမ့်မည်။

လိုရင်းကောက်သော်

ဦးဇဝန၏စာ၌ အခြားတဘက်မှ ပုဂ္ဂိုလ်သည် နှစ်ဦးသဘောတူ ပြုလုပ်ထားသော ကတိကဝတ်ကို ဖျက်၍ ယင်း ကတိကဝတ်အရ မိမိလက်ခံပိုင်ခွင့်မရှိသော ကျောင်းသားကို လက်ခံခြင်း၊ မိမိအလှူခံပိုင်ခွင့် မရှိသော ဂေါစရ-ဂါမ်မှ အလှူဝတ္ထုကို ခံယူသုံးဆောင်ခြင်း၊ ဤအကြောင်းများကြောင့် ထိုပုဂ္ဂိုလ်မှာ ဒုတိယပါရာဇိကသိက္ခာပုဒ်နှင့် ငြိစွန်းမှု ရှိ မရှိ သိလိုပ်သည်-ဟု လိုရင်း ကောက်၍ ရပါသည်။

ကတိကဝတ်

ကတိကဝတ်ဆိုသည်မှာ.... (၁) ကုသိုလ်တရား တိုးပွါးကြောင်းလည်း ဖြစ်ပါမှ, (၂) ဝတ်ပြုသူအားလုံး ကျင့်သုံးလိုက်နာနိုင်လောက်သော ကတိကဝတ်လည်း ဖြစ်ပါမှ တရားနှင့်ယှဉ်သော ဓမ္မိကကတိကဝတ်ဟု ဆိုရပါသည်။ ကုသိုလ်တရား တိုးပွါးကြောင်းပင် ဖြစ်သော်လည်း မလိုက်နာနိုင်မည့် ကတိကဝတ်မျိုးကိုမူ တရားနှင့် မယှဉ်သော အဓမ္မိက ကတိကဝတ်-ဟု ဆိုရပါသည်။

စာသင်, စာအံ, ရဟန်းခံ, ရှင်ပြု စသည်တို့မှာ ပပဉ္စကိစ္စများဖြစ်၍ ယင်းတို့ကို မပြုမလုပ်ဘဲ ဓုတင်များကိုသာ ကျင့်ဆောင်ကြစတမ်း၊ တညဉ့်လုံး အိပ်စက် နားနေမှု မပြုပဲ ရပ်ခြင်း, စင်္ကြံလျှောက်ခြင်းတို့ဖြင့်သာ ညဉ့်အချိန်ကို ကုန်လွန်စေကြစတမ်း၊ ဝါတွင်း သုံးလအတွင်း ရဟန္တာဖြစ်အောင် အားထုတ်ကြစဘမ်း၊ ဥပစာရ သိမ်အပြင်ပ၌ နေသော ရဟန်းတို့အားလည်း သံဃာ့လာဘ်ကို ပေးဝေကြစတမ်း- စသော ကတိကဝတ်မျိုးသည် ကုသိုလ်တရား တိုးပွါးကြောင်းပင် ဖြစ်သော်လည်း လိုက်နာကျင့်ကြံဘို့ရာ လွန်စွာခဲယဉ်းသောကြောင့် ဤသို့သော ကတိကဝတ်မျိုးကို တရားနှင့်မယှဉ်သော အဓမ္မိက ကတိကဝတ်များဟုသာ ဆိုရပါသည်။

(ဆဋ္ဌသံဂါယနာမူ ပါရာဇိကဏ် အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၉၅-၉၆ စတုတ္ထပါရာဇိက ဝိနီတဝတ္ထု ဝဏ္ဏနာကိုရင်း၊ ပါစိတျာဒိ အဋ္ဌကထာ စာမျက်နှာ-၃၅၄ အဓမ္မိက ကတိကာဒိကထာကိုရင်း, စူဋ္ဌဝဂ္ဂါဒိ အဋ္ဌကထာ စာမျက်နှာ-၇၂ သေနာသနက္ခန္ဓက သေနာသနဂ္ဂါဟကထာ ကိုရင်း ကြည့်ပါ။)

လိုက်နာကျင့်သုံးနိုင်သည့် ကတိကဝတ်ပင် ဖြစ်စေကာမူ ကုသိုလ်တရားတိုးပွါးကြောင်း မဟုတ်လျှင်လည်း ဓမ္မိက ကတိကဝတ်ဟု မဆိုနိုင်ပါ။

ယခု ဦးဇဝနတို့ ထားကြသည့် ကတိကဝတ် နှစ်ခုအနက် "ကျောင်းသားများကို အပ်နှံရာတွင် မူလကျောင်းမှ ဆရာဘုန်းကြီး၏ ခွင့်ပြုချက် မရရှိဘဲ အခြားကျောင်းမှ လက်မခံစတမ်း" ဟူသော ကတိကဝတ်မှာ မူလကျောင်းမှ

ဆရာဘုန်းကြီး စေတနာကောင်းထားလျှင် ထားသလောက် ကျေးဇူးများအတွက် အကျိုးများနိုင်သဖြင့် သင့်လျော်လျောက်ပတ်သည် ဟု ဆိုရပါမည်။

ကတိကဝတ်အရ သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရဘဲ အခြားဂေါစရ-ဂါမ်မှ အလှူဝတ္ထုပစ္စည်းကို ခံယူခြင်း, အသင်းဝင် လက်ခံခြင်း မပြုစတမ်း ဟူသော ကတိကဝတ်မှာမူ လိုက်နာကျင့်သုံးဘို့လည်း မလွယ်ကူ, ကုသိုလ်တရား တိုးပွါးဖွယ်လည်း မရှိသဖြင့် ဓမ္မိက ကတိကဝတ် ဟု ဆိုနိုင်မည်မဟုတ်ပါ။ အကြောင်းကို ဆိုပါမည်–သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်း၍ ကောင်းမှုကုသိုလ်ကို ဆည်းပူး စုဆောင်းကြသော ဒါယကာ, ဒါယိကာမများမှာ မည်သည့် ပုဂ္ဂိုလ်ကိုမဆို ကြည်ညိုဆည်းကပ်ခွင့်, လှူဒါန်းခွင့် ရှိကြပါသည်။ သို့ဖြစ်ရာ ဒါယကာ ဒါယိကာမတို့၏ စေတနာနှင့် သဒ္ဓါတရား အားကောင်းလျှင် အားကောင်းသလောက် ရဟန်းသံဃာမြောက်မြားစွာကို ကြည်ညိုဆည်းကပ် လှူဒါန်းနိုင်လေ ၎င်းတို့မှာ ကုသိုလ်တရား တိုးပွါးလေပင် ဖြစ်ပါသည်။ မည်သည့် ဂေါစရဂါမ်မှသာ ကြည်ညိုလှူဒါန်းမှုကို လက်ခံရမည်, မည်သည့် ဂေါစရဂါမ်မှ ကြည်ညိုလှူဒါန်းမှုကိုမူ လက်မခံရ-ဟု ကတိကဝတ် ပြုထားလျှင် ဒါယကာ, ဒါယိကာမတို့၏ ကုသိုလ်ပွါးရာ နယ်ပယ်ကို ကျဉ်းကျုံ့သွားအောင် ပိုင်းခြားသတ်မှတ်ပေးရာ ရောက်သဖြင့် ၎င်းတို့၏ ကုသိုလ်ပွါးမှုကို တားဆီးပိတ်ပင်ရာ ကျပါသည်။ စင်စစ်မှာမူ ယင်းသို့ နယ်ပယ်သတ်မှတ်ပေးခြင်းမှာ သဘာဝလည်း မကျ, ဖြစ်နိုင်စကောင်းသော အရာလည်း မဟုတ်ပါ။

ဤအချက် မှန်ကန်ကြောင်းကို ဘုရားရှင် လက်ထက်အခါက နိဂဏ္ဌတိတ္ထိဆရာကြီးတို့၏ အတင်းအကြပ် ပိတ်ပင်တားဆီးမှုကို မနာယူဘဲ နိဂဏ္ဌတို့၏ တပည့်သာဝကရင်း အဖြစ်ကို စွန့်လွှတ်၍ ဗုဒ္ဓ၏ တပည့်သာဝကရင်း အဖြစ် ခံယူကာ ဘုရားရှင်ကို ကြည်ညိုဆည်းကပ် လှူဒါန်းကြသော ဥပါလိသူကြွယ်နှင့် သီဟာစစ်သူကြီး စသည်တို့၏ သာသနာဝင် တွင်ရစ်စေသည့် ဖြစ်ရပ်များက အထင်အရှား ညွှန်ပြလျက် ရှိပေသည်။

နောက်တကြောင်းမှာ—ထိုသို့ သူ့ဂေါစရဂါမ်, ကိုယ့်ဂေါစရဂါမ် ဟု သတ်မှတ်ကာ ကတိကဝတ် ပြုထားသဖြင့် သက်ဆိုင်ရာ ဘုန်းကြီးများမှာ "ငါ့ဂေါစရဂါမ် ဟူသော တကျာစ့ဲ ပြင်းထန်ကြီးမား အားကောင်းဘို့အကြောင်း ဖြစ်နေပါသည်။ ထိုတကျာအရင်းခံကာ ကုလမစ္ဆေရနှင့် ဣဿာတရား, ဒေါသနှင့် ဒေါမနဿ တရားတို့ ပျပ်စီးဘို့အကြောင်းလည်း ဖြစ်ပါသည်။ ရဟန်းတော်တို့မှာ ဤကဲ့သို့သော အကုသိုလ် အညစ်အကြေးများမှ လုံးဝပျောက်သွားအောင် ကျင့်ကြံရသည်ဖြစ်ရာ ရဟန်းဘဝ၏ ရည်ရွယ်ချက်နှင့်လည်း အံမဝင် ခွင်မကျ ဆန့်ကျင်လှပါသည်။

ဤဖော်ပြပါ အကြောင်းများကြောင့် ဦးဇဝနတို့ ထားကြသော ကတိကဝတ်ကို တရားနှင့်ယှဉ်သော ဓမ္မိက ကတိကဝတ်- ဟု ဆိုနိုင်ဖွယ် မရှိပါ။

ဒုတိယသိက္ခာပုဒ်နှင့် မငြိစွန်း

ယင်းသို့လျှင် ပြုလုပ်ထားကြသော ကတိကဝတ်ကိုက် ဓမ္မိက ကတိကဝတ် မဖြစ်နိုင်သဖြင့် အခြေတည်ကတည်းကပင် လမ်းမှားကို လိုက်မိကြပြီး ဖြစ်လေရာ ဒုတိယ ပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းသည်, မငြိစွန်းသည်ကို ဆက်လက်စဉ်းစားဘို့ပင် မရှိတော့ပါ။ သို့ရာတွင် သံသယရှင်းသွားအောင် ဖြေကြားပါမည်။

ဒုတိယပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းနိုင်သော အင်္ဂါများမှာ—

(၁) သူတပါးပိုင် ပစ္စည်းဖြစ်ခြင်း (ပရပရိဂ္ဂတိတ),
(၂) သူတပါးပိုင်မှန်း သိခြင်း,
(၃) ပါရာဇိက ကျူးနိုင်လောက်သော တန်ဘိုးရှိသည့် ပစ္စည်းဖြစ်ခြင်း,
(၄) ခိုးယူလိုစိတ် ရှိခြင်း,
(၅) ခိုးယူခြင်းတို့ ဖြစ်ပါသည်။

ဤ အင်္ဂါငါးပါးစုံမှ ဒုတိယသိက္ခာပုဒ်နှင့် ငြိစွန်း၍ ရဟန်းဘဝ ဆုံးရှုံးပါသည်။ ထိုအင်္ဂါများ အရ စိစစ်သော် မည်သည့် ဂေါစရဂါမ်မှ ဒုမင်္ဂလ,သုမင်္ဂလ

ပင့်ဖိတ်မှု, လှူဖွယ်ဝတ္ထု လှူဒါန်းမှုကို ဦးတိသ-ကသာ ခံယူစေရမည်၊ ဦးဒတ္တ-ကမခံယူရ-ဟု ကတိကဝတ် ပြုလုပ်ထားရုံမျှဖြင့် ထို ဂေါစရဂါမ်ရှာနှင့် ရှာတွင်းရှိ ရှာသူရှာသား ဒါယကာ, ဒါယိကာမများရော ပစ္စည်းဥစ္စာ အိမ် ယာ ကျွဲ နွားများပါ! ဦးတိသပိုင် ပစ္စည်းများ ဖြစ်သွားပါသလား၊ မဖြစ်ပါ။ ထိုသို့ ဦးတိသပိုင် ဖြစ်မသွားကြောင်းမှာ ထင်ရှားလှပါသည်။

အကယ်၍သာ ကတိကဝတ် ပြုရုံမျှဖြင့် ယင်း ဂေါစရဂါမ်သည် ဦးတိသ၏ တရားဝင် ပိုင်ဆိုင်သည့်ရှာ ဖြစ်သွားသည်ဆိုလျှင် ဦးတိသသည် မိမိပိုင်သက်နှံးကို ဝတ်လိုဝတ်, လှူလိုလှူ, ဆုတ်လိုဆုတ်, အလိုရှိသလို ပြုလုပ်နိုင်ခွင့်ရှိသကဲ့သို့ ထိုဂေါစရဂါမ်ကိုလည်း မိမိအလိုရှိသလို ပြုလုပ်နိုင်ခွင့် ရှိပေရာသည်။

အကယ်၍သာ ကတိကဝတ် ပြုရုံမျှဖြင့် ယင်း ဂေါစရဂါမ်သည် ဦးတိသ၏ တရားဝင် ပိုင်ဆိုင်သည့်ရှာ ဖြစ်သွားသည်ဆိုလျှင် ဦးတိသသည် မိမိပိုင်သက်နှံးကို ဝတ်လို ဝတ်, လှူလို လှူ, ဆုတ်လို ဆုတ်, အလိုရှိသလို ပြုလုပ်နိုင်ခွင့် ရှိသကဲ့သို့ ထိုဂေါစရဂါမ်ကိုလည်း မိမိအလိုရှိသလို ပြုလုပ်နိုင်ခွင့် ရှိပေရာသည်။ ထိုဂေါစရဂါမ်မှ ဒါယကာ, ဒါယိကာမများက ဦးဒတ္တအား ကြည်ညိုဆည်းကပ် လှူဒါန်းကြသည်ကို နိုင်နိုင်နင်းနင်း တားမြစ်ပိတ်ပင်နိုင်ခွင့် ရှိပေရာသည်၊ စင်စစ်မူ ထိုသို့ တားမြစ်ပိတ်ပင်နိုင်ခွင့် မရှိပေ။

ဤအချက်ကို ဦးဇဝနတို့ လက်တွေ့ဖြစ်သဖြင့် ပို၍ သိကြပါလိမ့်မည်။ ထိုသို့ မိမိအလိုရှိသလို ပြုလုပ်နိုင်ခွင့်, တားမြစ်ပိတ်ပင်နိုင်ခွင့် တရားဝင်မရှိခြင်းကို ကြည့်ခြင်းအားဖြင့် ထိုဂေါစရဂါမ်သည် ဦးတိသပိုင် ပစ္စည်း ဖြစ်မသွားကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ထိုဂေါစရဂါမ်မှ လှူဘွယ်ဝတ္ထုကို ဦးတိသ၏ ခွင့်ပြုချက် မရဘဲ ဦးဒတ္တက အလှူခံလျှင် ၁-နံပါတ်ဖြစ်သော ပရပရိဂ္ဂဟိတ အင်္ဂါ ချိုတဲ့နေသဖြင့် ဦးဒတ္တမှာ ဒုတိယပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းမှု လုံးဝ မရှိပါ။ စင်စစ်ဆိုသော် ဦးဒတ္တက ဦးတိသ၏ တရားဝင် ပိုင်ဆိုင်သည့် ဂေါစရဂါမ် မဟုတ်ကြောင်း အတိအကျ ယုံကြည် ယူဆထားသဖြင့် အထက်ဖော်ပြပါ ၂-၄-၅-အင်္ဂါများပါ ချိုတဲ့လျက် ရှိပါသည်။

ဤမျှ ရှင်းပြလျှင်ပင် ဦးဇဝန မေးမြန်းသော ကိစ္စ၌ ကတိကဝတ်ကို ဖောက်ဖျက်၍ ကတိကဝတ်အရ မိမိဆိုင်သော ဂေါစရဂါမ်မှ ပင့်ဖိတ်မှု, လှူဒါန်း

မှုကို လက်ခံသော ဘုန်းကြီးမှာ ဒုတိယသိက္ခာပုဒ်နှင့် ငြိစွန်းမှု မရှိကြောင်း ဦးဇဝန သဘောပေါက်ပါလိမ့်မည်။

ပဋိသဝ ဒုက္ကဋ်

သို့သော် ကတိကဝတ်သည် ဓမ္မိကပင် ဖြစ်စေ, အဓမ္မိကပင် ဖြစ်စေ မူလ ကတိကဝတ် ပြုကြစဉ်က ထားရှိခဲ့ကြသော "ဤကတိကဝတ်အတိုင်း လိုက်နာ နေထိုင်ပါမည်" ဟူသော ဝန်ခံချက် ပဋိညာဉ် ပျက်ခြင်းကြောင့်ကား အောက်ပါ ဝိနည်း မဟာဝါ အဌကထာ ဝဿူပနာယိကက္ခန္ဓက ပဋိသဝ ဒုက္ကဋ် အဖွင့်စကားနှင့်အညီ ပဋိသဝ ဒုက္ကဋ်အာပတ်တော့ သင့်ရောက်ပါသည်။

> နကေဝလံ "ဣမံ တေမာသံ ဣဓ ဝဿံ ဝသထာ" တိ တေသေဝ ပဋိသဝေ အာပတ္တိ၊ "ဣမံ တေမာသံ ဘိက္ခံ ဂဏ္ဍထ၊ ဥဘောပိ မယံ ဣဓ ဝဿံ ဝသိဿာမ ဧကတော ဥဒ္ဒိသာပေဿာမီ" တိ ဝေမာဒိနာပိ တဿ တဿ ပဋိသဝေ ဒုက္ကဋ်။ (ပါစိတျာဒိ အဌ ကထာ-နှာ-၃၅၄။)

သတိပြုစရာအချက်

ဤကိစ္စနှင့်ပတ်သက်၍ အထူးသတိပြုသင့်သည့် အချက်အလက်ကို ညွှန်ပြ လိုပါသည်၊ ဦးဇဝန၏စာ၌ ကတိကဝတ်အရ အခြားပုဂ္ဂိုလ်နှင့် သက်ဆိုင်သည် ဟု သတ်မှတ်ထားသော ဂေါစရဂါမ်မှ ပင့်ဖိတ်မှုနှင့် ဆွမ်းကွမ်းစသော လှူဖွယ် ဝတ္ထုတို့ကို ထိုဂေါစရဂါမ်နှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်က အလှူခံယူနေခြင်း ကြောင့် ပါရာဇိကအပြစ်နှင့် စွပ်စွဲလိုဟန် မကျေနပ်သံနှင့် မေးမြန်းထားသည် ကို တွေ့ရပါသည်။ အမှန်ဆိုသော် ယင်းသို့ မိမိ ဂေါစရဂါမ်မှ ဒါယကာ, ဒါယိကာများသည် မိမိကို သဒ္ဓါမရောက် စေတနာမပေါက်ဘဲ အခြားပုဂ္ဂိုလ် သို့ သဒ္ဓါရောက်၍ စေတနာပေါက်ကာ ဆည်းကပ်လှူဒါန်း နေခြင်းမှာ မိမိ ညှံ့၍သာ ဖြစ်ပါလိမ့်မည်။ ဤနေရာ၌ ညှံ့ဆိုသည်မှာ မိမိဘက်က တာဝန် ဝတ္တရား ပျက်ကွက်ခြင်းကို ဆိုလိုပါသည်။ ရဟန်းသံဃာများက ဒါယကာ, ဒါယိကာမများ အပေါ်၌ ပြုရမည့်—

"မကောင်းမြစ်ဆာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နှားဘူး ထပ်မံ၊ နတ်ထံ တင်ရာ၊ မေတ္တာလည်း ပြု၊ ရဟန်းမှု ခြောက်ခု လွှန်သေချေ"—

ဟူသော သိင်္ဂါလောဝါဒသုတ်လာ ဝတ္တရားခြောက်ပါး ချုတ်ယှင်းပျက်ကွက် ခြင်းကြောင့်လည်း ဒါယကာ, ဒါယိကာမများသည် မိမိအပေါ်သို့ သဒ္ဓါ စေတနာ မရောက်ဘဲ အခြားပုဂ္ဂိုလ်အပေါ်သို့သာ ရောက်ခြင်း ဖြစ်ပါလိမ့်မည်။

ထို့ပြင် "ဒါနံ ပေယ္ယဝဇ္ဇံ အတ္ထစရိယာ သမာနတ္တတာ" ဟူသော သင်္ဂဟတရား လေးပါးအနက် ဝိနည်းတော်နှင့် လျော်ညီစွာ သာယာပြေပြစ်သော စကားကို ပြောဆိုခြင်း ပေယ္ယဝဇ္ဇ-သင်္ဂဟ တရား မရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

အထူးသဖြင့် ဒါယကာ ဒါယိကာမတို့ကို လောကီရေး လောကုတ္တရာရေး တို့၌ ယဉ်ကျေး လိမ္မာအောင် ဟောပြော ဆုံးမ သွန်သင်ပေးခြင်း, ယင်းတို့၏ သားသမီးများကို တတ်သင့်သော လောကီ-လောကုတ္တရာ စာပေများ တတ်မြောက်အောင် ဂရုတစိုက် သင်ကြားပေးခြင်း, နည်းညွှန်လမ်းပြ ဆိုဆုံးမ ပေးခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် ဒါယကာ, ဒါယိကာမတို့၏ အကျိုးကို ကျင့်ခြင်းဟူသော အတ္ထစရိယာ သင်္ဂဟတရား ပျက်ပြား ချုတ်ယှင်း ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

သို့ဖြစ်ရာ ဤကဲ့သို့သော ကိစ္စမျိုး ပေါ်လာတိုင်း သူတပါးအပေါ်တွင် အပြစ်တင်လိုသော စိတ်ထားကိုဖယ်ရှားပြီး မိမိချုတ်ယှင်းချက်တို့ကိုသာ နှိုက်နှိုက် ချုတ်ချုတ် စိစစ်ရှာဖွေပြီးလျှင် တွေ့သမျှ ချုတ်ယှင်းချက်တို့ကို ပြုပြင်သွားခြင်း ဖြင့် အရာရာမှာ အဆင်ပြေ၍ ကုသိုလ်ပွါးကာ စိတ်ချမ်းသာ နိုင်ကြောင်းကို ကောင်းမြတ်သော စေတနာဖြင့် သတိပေး ရေးသားလိုက်ရပါသည်။

မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ
၁၆-ဟာမစ်တိတ်လမ်း
ကုက္ကိုင်း၊ ရန်ကုန်။

၁၃၃၁-ခု၊ ဒုတိယဝါဆိုလဆန်း ၁-ရက်။ (၁၆/၇/၁၉၆၉)

ဗန်းမော်မြို့နယ်၊
ကန်းနီရွာ
ကန်းနီကျောင်း

ဦးဇဝန သို့

မေတ္တာဖြင့် စာပြန်ကြားပါသည်။

ဦးဇဝန၏စာကို ရရှိ၍ စာပါ အကြောင်းအရာတို့ကို သေချာစွာ ကြည့်ရှု ဆင်ခြင်၍ ပူးတွဲပါ ဖြေကြားလွှာကို ပို့လိုက်ပါသည်။ ဤဖြေကြားလွှာသည် ဦးဇဝန၏ သာသနာစိတ်ကို နှစ်သိမ့် ကျေနပ် စေလိမ့်မည်ဟု ယူဆပါသည်။

ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သာသနာ့တာဝန်ကို အားသွန်ဆောင်ရွက်နိုင်ပါစေ။

မဟာစည် ဆရာတော်
သာသနာ့ရိပ်သာ
၁၆-ဟာမစ်တီတ်လမ်း
ကုက္ကိုင်း၊ရန်ကုန်။

၁၃၃၇-ခုနှစ် နတ်တော်လဆုတ် ၄-ရက်
ရန်ကုန်မြို့ သာသနာ့ရိပ်သာ
၂၆-ကြိမ်မြောက်
နှစ်ပတ်လည်ပွဲ အကြိုနေ့၌
ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသော

သြဝါဒကထာ

(ဝိကာလဘောဇန သိက္ခာပုဒ်ကို စောင့်ထိန်းရကျိုး၊ ယာဝကာလိကနှင့် သန္ဓိမိ သိက္ခာပုဒ်, ဝိကာလဘောဇန သိက္ခာပုဒ်အရ အာပတ်သင့်ပုံ၊ ယာမကာလိက စသည် ကာလိက သုံးပါးကို အာဟာရ အကျိုးဌါ သုံးဆောင်ကောင်း, မသုံးဆောင်ကောင်း၊ ဝိနယာလင်္ကာရဋီကာလာ အရုဏ်တက်ချိန် ဗမာနာရီနှင့် စက်နာရီ ညှိနှိုင်းပုံ၊ ဝိကာလဘောဇန သိက္ခာပုဒ်ကို စောင့်ထိန်းရာ၌ရင်း, ပရိဝါသ်, မာနတ် ဆောက်တည်ရာ၌ရင်း အရုဏ်တက်ချိန် အရေးကြီးပုံ စသည် မှတ်သားဘွယ်ရာများ စွာ ဤ သြဝါဒကထာ၌ မိန့်ကြားတော် မူထားသည်။)

အခြေခံစကား

နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်အကြောင်းကို အရင်နှစ်များကလဲ ပြောခဲ့ပါပြီ၊ ယောဂီ အဟောင်း, အသစ်တွေ အချင်းချင်း တွေ့ဆုံခွင့်ရအောင် ဒါကလဲ ရည်ရွယ်ချက် တခုပါပဲ၊ မိမိတို့ အားထုတ်ခဲ့ဘူးတဲ့ နေရာဌာနသို့ ပြန်ရောက်လာပြီးတော့ အသစ်လိုပဲ စိတ်ဓာတ် ဖြစ်ပေါ်လာပြီး ရှုမှတ်နေကျ တရားကို တက်တက်ကြွကြွနဲ့ အားထုတ်နိုင်အောင် ဒါကလဲ ရည်ရွယ်ချက်တခုပါပဲ၊ အဲဒီ ရည်ရွယ်ချက်များဖြင့် နှစ်ပတ်လည် သြဝါဒခံယူ

ပူဇော်ပွဲကို ကျင်းပစေခဲ့ပါတယ်၊ ဟိုတုန်းကတော့ တပည့် ယောဂီတွေနဲ့ ကမ္မ-ဌာန်းဆရာတွေက အလွန်နဲပါသေးတယ်၊ ယခုတော့ တပည့် ယောဂီတွေရော, ဆရာတွေရော ပရိသတ်က များလာတဲ့အတွက် အဲဒီ မူလက ရည်ရွယ်ချက်လောက်တွင် မကဘူး, ဩဝါဒခံယူပွဲ ဆိုတဲ့အတိုင်း ဩဝါဒ ပေးဘို့ရာကိစ္စလဲ ပေါ်လာပါတယ်။

မြှော်လင့် ယုံကြည်တဲ့အတိုင်း မဟုတ်ဘူး

ပဌမ တရားပြခါစဆီက ဆိုလို့ရှိယင် "တရားအားထုတ်ထားတဲ့ လူတွေဟာ တရားထူး ဉာဏ်ထူးအဆင့်သို့ မရောက်သေးစေကာမူ သဒ္ဓါတရားဖြစ်လောက်တဲ့ ဝိပဿနာဉာဏ်အဆင့်လောက်ရောက်လာယင် အဲဒီပုဂ္ဂိုလ်တွေမှာ စိတ်ဓာတ်တွေ ပြောင်းလဲပြီး အစဉ်တစိုက် ကောင်းသွားကြလိမ့်မယ်"လို့ မြှော်လင့်ခဲ့ပါတယ်၊ ယုံကြည်ခဲ့ပါတယ်၊ "ပရိယတ္တိ စာသင်တိုက်ဌာနများမှာတော့ စိတ်ဓာတ်ပြုပြင်ရေးက မပါတဲ့အတွက် စာသင်သား တပည့်အချင်းချင်းလဲ မညီမညွတ်ဖြစ်တတ်တယ်၊ ဆရာနဲ့ တပည့်လဲ မညီမညွတ် ဖြစ်တတ်တယ်၊ ဒါကတော့ အရပ်တိုင်း အရပ်တိုင်းမှာ မျက်မြင် တွေ့နေရတာတွေပဲ၊ ပဋိပတ္တိဌာနများမှာလဲ သဘာဝကျကျ အားမထုတ်ယင် အဲဒီလို ဖြစ်ကြမှာပဲ၊ သတိပဋ္ဌာန်နည်းအရ ဝိပဿနာ ပြနေတဲ့ ဌာနမှာတော့ သဘာဝကျကျ အားထုတ်ထားတဲ့ ယောဂီတွေမှာ လူ ဖြစ်ဖြစ်, ရဟန်းဖြစ်ဖြစ် မင်ဖိုလ်ဉာဏ် တရားထူးကို မရောက်သေးစေကာမူ (ရောက်ပြီဆိုယင်တော့ ပြောစရာမလိုပါဘူး၊)သဒ္ဓါတရားဖြစ်လောက်တဲ့ ဝိပဿ-နာ ဉာဏ်လောက် ရောက်ယင်ကို စိတ်ဓာတ်တွေ ပြောင်းလဲပြီးတော့ အရှုပ်အထွေးမရှိပဲ အစဉ်တစိုက် ညီညွတ်ပြီး ကောင်းသွားလိမ့်မယ်" လို့ ဘုရားတပည့်တော်ဟာ အစတုန်းက မြှော်လင့်ခဲ့ပါတယ်။ အဲဒီတုန်းက တကယ်ကို မြှော်လင့်ခဲ့တာပါပဲ၊ဒါပေမဲ့ ယခု ပရိသတ်တွေများလာတော့ အဲဒီ မြှော်လင့်ချက်အတိုင်း သိပ်မဟုတ်လှဘူး၊ ချတ်ယွင်းသူတွေက ပေါ်ပေါ်လာတယ်၊ လွန်ခဲ့တဲ့ ၂-နှစ် ၃-နှစ်လောက်ကပဲ ဆိုပါတော့ အဲဒီလောက် အတွင်းကမှ ချတ်ယွင်းတာတွေ ပိုပြီး ထင်ရှားလာတယ်။

အစကောင်းပေမယ့် အနှောင်းချတ်ယွင်း

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခါစ သာသနာတော်ဦးအစက ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေဟာ သဒ္ဓါရော တရားဂုဏ်အဆင့်ရော ပြည်စုံကြပါတယ်၊ ရဟန္တာ ပုဂ္ဂိုလ်တွေပဲ များခဲ့ပါတယ်၊ အဲဒီတုန်းက ဝိနည်းသိက္ခာပုဒ်တော်ဟာ ပြောလောက် ဆိုလောက်အောင် မရှိခဲ့သေးဘူး၊ ဝိကာလဘောဇန သိက္ခာပုဒ်ဆိုတာကို ပဌမအစက မပညတ်ခဲ့သေးဘူး၊ ပညတ်တဲ့အခါကျတော့လဲ နေမွန်းလွဲတဲ့ ညနေပိုင်း မစားဘို့ ရှေးဦးစွာ ပညတ်ပြီးတော့ အတော်အတန်ကြာမှ ညပိုင်း မစားဘို့ ပညတ်တော်မူပါသတဲ့၊ အဲဒီသိက္ခာပုဒ် မရှိသေးမီကဆိုယင် သီလသိက္ခာ အလေးပြုတဲ့ ပုထုဇဉ်အရိယာများက နေမွန်းလွဲတဲ့အခါ မစားပဲ ကြဉ်ရှောင် နေကြပေမယ့် အချိုကတော့ ညနေပိုင်းရော ညဉ့်ပိုင်းရော ဆွမ်းခံပြီး စားနေကြပါသတဲ့၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် လဋ္ဌုကိကောပမ သုတ်မှာ (ကိုယ်ကာယ ကြီးမားတဲ့အတွက် မဟာဥဒါယီခေါ်တဲ့) အရှင် ဥဒါယီမထေရ်က မြတ်စွာဘုရားအား ဒီလိုလျှောက်ထားပါတယ်။

"မြတ်စွာဘုရားဟာ ငါတို့အား များစွာသော ဆင်းရဲကြောင်းတို့ကို ပယ်ရှားတော်မူပါပေစွတကား၊ ငါတို့အား များစွာသော ချမ်းသာကြောင်း တို့ကို ဆောင်ပေးတော်မူပါပေစွတကား" စသည်ဖြင့် ကြည်ညို သဒ္ဓါဖြစ်ပုံကို လျှောက်ထားပါတယ်၊ အဲဒီလို လျှောက်ထားပြီးတော့ ဆင်းရဲကြောင်းတွေကို ပယ်ပြီး ချမ်းသာကြောင်းတွေ ဆောင်ပေးပုံကို ဒီလို ဆက်လျှောက်ပါတယ်။

ဝိကာလဘောဇန သိက္ခာပုဒ်

"မြတ်စွာဘုရား.... တပည့်တော်တို့ဟာ ရှေးအခါက ညချမ်းအချိန်၌လဲ စားကြပါတယ်၊ နံနက်အချိန်၌လဲ စားကြပါတယ်၊ နေ့ခင်း မွန်းလွဲအချိန်၌လဲ စားကြပါတယ်၊ တခါက မြတ်စွာဘုရားဟာ နေ့ခင်း မွန်းလွဲအချိန်၌ စားခြင်းကို ပယ်စွန့်ရန် မိန့်တော်မူပါတယ်၊ အဲဒီအခါ တပည့်တော်မှာ စိတ်မချမ်းသာပဲ တမျိုးတမည် ဖြစ်ခဲ့ပါတယ်၊ နေ့ခင်း မွန်းလွဲအချိန်မှာ သဒ္ဓါတရားရှိတဲ့ ဒကာတွေက မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ကို လှူကြတယ်၊ အဲဒါကို မြတ်စွာ

ဘုရားက ပယ်ဘို့ မိန့်တော်မူတယ်လို့ ဆင်ခြင်ပြီး နှလုံးမသာ ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် တပည့်တော်တို့ဟာ မြတ်စွာဘုရားအပေါ်မှာ ခင်မင်ကြည်ညိုခြင်း, ရိုသေခြင်း, ရှက်ကြောက်ခြင်းကို ရှုမြင်ကာ ဖြစ်စေလျက် အဲဒီ နေမှန်းလဲ့ နေ့ခင်းစားခြင်းကို ပယ်ခဲ့ကြပါတယ်၊ ညချမ်းနှင့် နံနက်အချိန်ဌာသာ စားနေကြပါတယ်၊ နောက်တချိန်ကျတော့ မြတ်စွာဘုရားက ညဉ့်အချိန်စားခြင်းကို ပယ်စွန့်ရန် မိန့်တော်မူပြန်ပါတယ်၊ အဲဒီအခါမှာလဲ တပည့်တော်တို့မှာ စိတ်မချမ်းမသာပဲ တမျိုးတမည် ဖြစ်ခဲ့ပါတယ်၊ ညဉ့်အချိန်မှာ လှုတ့ဲ ဆွမ်းနဲ့ ဟင်းက သာပြီး ကောင်းတယ်၊ အဲဒီ ဆွမ်းဟင်းကိုလဲ မြတ်စွာဘုရားက ပယ်ဘို့ မိန့်တော်မူပြန်တယ်လို့ ဆင်ခြင်ပြီး နှလုံးမသာ ဖြစ်ခဲ့ပါတယ်၊ ညဉ့်အချိန်မှာ ချက်ပြုတ်စားကြတဲ့ ထမင်းဟင်းဟာ အကောင်းဆုံးဖြစ်ပါတယ်၊ အဲဒါကို မစားရဘူးလို့ မိန့်တော်မူတဲ့အတွက် နေလို့ ဖြစ်မှ ဖြစ်ပါ့မလားလို့ ဆင်ခြင်ကြုံတွေးပြီး နှလုံးမသာ ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရားအပေါ်မှာ ခင်မင်ကြည်ညိုခြင်း, ရိုသေခြင်း, ရှက်ကြောက်ခြင်းကို ရှုမြင်ကာ ဖြစ်ပေါ်စေလျက် ညဉ့်အချိန် စားခြင်းကိုလဲ ပယ်ခဲ့ကြပါတယ်”လို့ လျှောက်ပြီးတော့ အဲဒီ ဝိကာလဘောဇန ၂-မျိုးကို ပယ်တဲ့အတွက် တွေ့ရတဲ့ အကျိုးအာနိသင်ကိုလဲ ဒီလို ဆက်လျှောက်ပြန်ပါတယ်။

ညစာမစားခြင်း အကျိုး

ညဉ့်မှောင်မိုက်ထဲမှာ ဆွမ်းခံသွားကြတဲ့ ရဟန်းများဟာ ရေပုပ် ရေသိုးတွင်းထဲ ရှုံ့ဇွက်ထဲလဲ ကျရောက်ကြတယ်၊ ဆူးစည်းရိုးကိုလဲ နင်းမိကြတယ်၊ အိပ်နေတဲ့ နွားကိုလဲ နင်းမိကြတယ်၊ သူခိုး ဓားမြ လူဆိုးတို့နှင့်လဲ တွေ့ကြရတယ်၊ တခါကတော့ တပည့်တော် ညဉ့်အမှောင်မိုက်ထဲ ဆွမ်းခံသွားနေစဉ်မှာ အိုးခွက်ဆေးနေတဲ့မိန်းမက လျှပ်ရောင်ဖြင့် တွေ့မြင်သွားပြီး“တစ္ဆေကြီးပါတော့ သေပါပြီ”လို့ အလန့်တကြား ဟစ်အော်လိုက်ပါတယ်၊ အဲဒီတော့ တပည့်တော်က “ငါ တစ္ဆေမဟုတ်ဘူး၊ ရဟန်းပါ, ဆွမ်းခံလာတာပါ”လို့ ပြောလိုက်ပါတယ်၊ “ရဟန်းမှာ အမေ, အဖေတွေ သေကုန်ရော့လား၊ ညဉ့်မှောင်မိုက်ထဲ ဝမ်းရေးအတွက် ဆွမ်းခံတာထက် ဝမ်းဗိုက်ကို သားလှီးခားဖြင့် လှီးလိုက်တာက ကောင်းသေးတယ်”လို့ အဲဒီ မိန်းမက ဆိုပါတယ်။

အဲဒီလို ဒုက္ခရောက်ရတာတွေ, ရှုတ်ချပြီး အပြောအဆို ခံရတာတွေကို ပြန်လည် စဉ်းစားကြည့်လိုက်တော့ "မြတ်စွာ ဘုရားဟာ ငါတို့၏ မျှားစွာသော ဆင်းရဲကြောင်းတို့ကို ပယ်ရှားတော်မူပါပေတယ်"စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်မိကြောင်း ဥဒါယီမထေရ်က လျှောက်ပါတယ်၊ အဲဒါကို ထောက်ဆကြည့်ယင် သာသနာတော် အစပိုင်းတုန်းက အရှုပ်အထွေး မရှိသေးလို့ သိက္ခာပုဒ်တွေ မျှားစွာ မပညတ်ရသေးကြောင်း သိရပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရား တဆဲ့နှစ်ဝါမြောက်မှာ ဝေရဉ္ဇာမြို့၌ ဝါကပ်စဉ်က သိက္ခာပုဒ်ပညတ်ဘို့ရာ အရှင်သာရိပုတြာမထေရ်မြတ်က လျှောက်ထားတောင်းပန်တယ်၊ မြတ်စွာဘုရားက ပညတ်ရန် အချိန်မရောက်သေးကြောင်း မိန့်တော်မူတယ်၊ အဲဒါကို ထောက်ဆကြည့်ယင်လဲ သာသနာတော်အစပိုင်းတုန်းက သိက္ခာပုဒ်မျှားမျှား မရှိသေးကြောင်း သိရပါတယ်။

အဲဒါလိုပဲ ဝိပဿနာကမ္မဋ္ဌာန်း ပြရာမှာလဲ အစပိုင်းတုန်းက တော်တော်ဟန်အကျသားပါပဲ၊ အရှုပ်အထွေး မရှိခဲ့ပါဘူး၊ နောက်ပိုင်းကျတော့ အချို့အနည်းငယ်သော ပုဂ္ဂိုလ်တွေက ချွတ်ယွင်းလာတာကို တွေ့ရတယ်၊ အဲဒီချွတ်ယွင်းချက်မျှားကို အကြောင်းပြုပြီးတော့ သြဝါဒပေးဘို့ရာ လိုလာပါတယ်၊ အစကတော့ ဒီလို ရည်ရွယ်ချက် မရှိခဲ့ပါဘူး၊ ကိုယ့်တပည့် ပရိသတ်တွေ အပေါ်မှာ စိတ်ချယုံကြည်လာခဲ့ပါတယ်၊ အဲဒီလို ချွတ်ယွင်းချက်တွေ မဖြစ်နိုင်ဘူးလို့ ထင်မြင်လာခဲ့ပါတယ်၊ ယခု ချွတ်ယွင်းချက်တွေကို တွေ့ရတဲ့အခါကျတော့မှ ဟိုတုန်းက ယုံကြည်စိတ်ချပြီး ထင်မြင်ခဲ့တာဟာ ကိုယ့်တပည့်တွေကို အထင်ကြီးရာရောက်နေကြောင်း ပေါ်လာပါတယ်။

(၁) ဝိနည်းအလေးပြုရေး

ယခု သြဝါဒပေးဘို့ကတော့ အယင်က ပေးနေကျ သြဝါဒခေါင်းစဉ် ခုနစ်ပါးဖြင့်ပင် ပြည့်စုံနေပါပြီ၊ အဲဒီ ခုနစ်ပါးထဲက (၁) အရ ဝိနည်းကို အလေးပြုရေးဆိုတာ အရေးကြီးပါတယ်၊ အရှင်ဘုရားတို့ဟာ ဝိနည်းကို တတ်သိကြပြီး ချည်း ဖြစ်ပါတယ်၊ ဒါပေမယ့် ပြည့်စုံသည်ထက် ပြည့်စုံအောင် ထပ်ပြီး လေ့လာဘို့လိုပါတယ်၊ ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ စာပေ ကျမ်းဂန်

တတ် စာချဆရာတော်ကြီးတပါးက ဝိနည်းအဆုံးအဖြတ်စာအုပ်တခု ရေးထုတ်တာကို တွေ့ရပါတယ်၊ အဲဒီ စာအုပ်ထဲမှာ မှတ်သားလောက်တဲ့ အဆုံးအဖြတ်တွေလဲ တော်တော်များများ ပါပါတယ်၊ ဒါပေမယ့် မမှားသင့်ရာမှာ မှားပြီး ရေးသား ဆုံးဖြတ်ထားတာတွေကိုလဲ တွေ့ရတယ်။ သာသနာတော်အတွက် ဝမ်းနည်းစရာပါပဲ၊ တွေ့ရတာ တခုကတော့ ဝိကာလဘောဇနသိက္ခာပုဒ်နှင့် စပ်ပြီး သတ္တာဟကာလိကအကြောင်း မှားယွင်းစွာ ရေးသား ဆုံးဖြတ်ထားချက်ပါပဲ။

အဲဒီမှာ ရေးထားပုံက "သတ္တာဟကာလိကကို အာဟာရအတွက် အကပ်ခံပြီး ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်းတယ်၊ ဆေးအတွက်ဆိုယင်တော့ တသက်ပတ်လုံး သုံးဆောင်ကောင်းတယ်"တဲ့၊ အဲဒီ ဆုံးဖြတ်ချက် မှားယွင်းကြောင်း ဝိနည်းတတ်သိကြတဲ့ အရှင်မြတ်တို့လဲ သိကြမှာပါပဲ၊ အမှန်ကတော့ သတ္တာဟကာလိကကို အကပ်ခံပြီး ခုနစ်ရက်အတွင်း သုံးဆောင်ရတယ်ဆိုတာဟာ ဆေးအဖြစ်ဖြင့် သုံးဆောင်ရတာကို ဆိုတာပါ၊ အာဟာရအတွက် မဟုတ်ပါဘူး၊ သတ္တာဟကာလိကကို နေမွန်းလွဲတဲ့အခါ အာဟာရအတွက် အကပ်ခံယင် ဒုက္ကဋ္ဌ အာပတ်သင့်တယ်၊ စားသောက်ယင်လဲ ဒုက္ကဋ္ဌအာပတ် သင့်တယ်၊ အဲဒီအနက် အဓိပ္ပါယ်ဟာ "ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏာတိ၊ အာပတ္တိ ဒုက္ကဋ္ဌဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋ္ဌဿ"လို ဝေဘန်ပြထားတဲ့ ဝိကာလဘောဇနသိက္ခာပုဒ်၏ ပဒဘာဇနီပါဌ်ဖြင့်ပင် အလွန်ထင်ရှားနေပါတယ်။

နောက်ပြီးတော့ သတ္တာဟကာလိကကို ဆေးအတွက် အကပ်ခံပြီး ခုနစ်ရက်အတွင်းသာ သုံးဆောင်ရတယ်၊ ခုနစ်ရက်ထက် ပိုလွန်ပြီး ထားလျှင်နိဿဂ္ဂိ ပါစိတ်အာပတ် သင့်တယ်ဆိုတာလဲ—

"ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနိ ။ပ။ တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ၊ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ"

ဆိုတဲ့ ပါတိမောက်သိက္ခာပုဒ်ဖြင့်ပင် ထင်ရှားနေပါတယ်။

ဒါလောက် ထင်ရှားပါလျက်နဲ့ အဲဒီ စာအုပ်မှာ "သတ္တာဟကာလိကကို အာဟာရအတွက် အကပ်ခံပြီး ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်းကြောင်း, ဆေးအတွက်ဆိုလျှင်တော့ တသက်ပတ်လုံး သုံးဆောင်ကောင်းကြောင်း" မှားယွင်းစွာ ရေးထားတာဟာ အလွန်ပင် အံ့သြစရာကောင်းပါတယ်၊ အဲဒီ ကျမ်းဆရာ ကိုးကားကားတာကတော့ သာရတ္ထဒီပနီဋီကာပါဠိပါပဲ၊ အဲဒီ ဋီကာ ကလဲ သူယူဆတဲ့အတိုင်း ဆိုလိုတာ မဟုတ်ပါဘူး၊ ဝိနည်း ပါဠိ, အဋ္ဌကထာ များအတိုင်းပင် ထပ်ဆင့်၍ ဖွင့်ပြထားချက်မျှသာ ဖြစ်ပါတယ်။

ယခု ပြောခဲ့တဲ့ မှားယွင်းသော ဆုံးဖြတ်ချက်များကို ယုံကြည်ပြီးတော့ သတ္တာဟကာလိကကို အာဟာရအတွက် သုံးဆောင်ယင်, ဆေးအတွက် ခုနစ်ရက်ထက် ကျော်လွန်ပြီး သုံးဆောင်ယင် အာပတ်သင့်ရုံမျှမက ဝိနည်းကိုလဲ မရိုသေရာ ရောက်ပါလိမ့်မယ်၊ ဒီလို ဝိနည်းကို မရိုမသေ ဆုံးဖြတ်ပြီး မရိုမသေ ပြုကျင့်သွားကြယင် ဝိနည်းကျင့်ဝတ်တွေ ပျက်သွားဘို့ သေချာပါတယ်။

ယခု ပြောခဲ့တာက ပုံစံတခုအနေနဲ့ ထုတ်ပြတာပါပဲ၊ ဝိနည်းသိက္ခာပုဒ်တွေနဲ့ စပ်ပြီး အကျယ်ဝေဘန်ပြောဘို့ကတော့ အခြိန်မရှိပါဘူး၊ မိမိတို့ လေ့လာတတ်သိပြီး ဖြစ်သည့်အတိုင်း ရိုသေစွာ ကျင့်သွားကြဘို့ပါပဲ၊ အရေးကြီးတာကတော့ သုံးလေးခုလောက်တော့ ပြောချင်ပါသေးတယ်။

အရုဏ်တက်ချိန် သတိပြုရန်

ယာဝကာလိကဆိုယင် နံနက်အရုဏ်တက်ပြီးမှ အကပ်ခံပြီး သုံးဆောင်ရတယ်၊ အရုဏ်မတက်ခင်က အကပ်ခံထားယင် အရုဏ်တက်တဲ့အခါ "သန္ဓိဝိ" ဖြစ်သွားတယ်၊ အဲဒါကို မစားကောင်းဟော့ဘူး၊ စားယင် သန္ဓိဝိသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်၊ အရုဏ်မတက်ခင် စားယင်တော့ ဝိကာလဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်တယ်၊ တနေ့လုံး, တညလုံး မစားပဲ ရှောင်ကြဉ်လာခဲ့ပြီးမှ အရုဏ်တက်ခါနီး တနာရီခန့်, နာရီဝက်ခန့်အတွင်းမှာ စားသုံးမိလို့ အာပတ်သင့်ရတယ်ဆိုယင် တနေ့လုံး, တညဉ့်လုံး ရှောင်ကြဉ်လာခဲ့တာတွေဟာ အလကားလို ဖြစ်သွားတယ်၊ ဝမ်းနည်းစရာပဲ။

ဝိနယာလင်္ကာရဋီကာမှာ အရုဏ်တက်ချိန်နှင့်စပ်ပြီး ဆုံးဖြတ်ထားတာ ရှိပါတယ်၊ သင့်လဲ သင့်ပါတယ်၊ နေမထွက်မီ ၁-နာရီ ၂-နာရီခန့်ဖြင့် အရုဏ်တက်သည်ဟု သတ်မှတ်အပ်ကြောင်း ပြဆိုထားပါတယ်၊ အဲဒီမှာ တနာရီ နှစ်နာရီ-ဆိုတာက ဘာနာရီလဲဆိုယင် အဲဒီ ဋီကာရေးတဲ့ ခေတ်တုန်းက ဗမာပြည်မှာ စက်နာရီ မပေါ်သေးဘူး၊ နေ့နာရီ ၃၀, ညဉ့်နာရီ ၃၀ ဆိုတဲ့ ဗမာနာရီကို အသိအမှတ်ပြုနေတဲ့အခါ ဖြစ်တယ်၊ ဒါကြောင့် အဲဒီဋီကာမှာ ပြဆိုထားတဲ့ နာရီဟာ ဗမာနာရီ ဖြစ်ကြောင်း သိသာပါတယ်၊ အဲဒီ ဗမာနာရီ ၁-နာရီမှာ ယခုစက်နာရီဖြင့် ၂၄-မိနစ် ရှိတယ်၊ ဒါကြောင့် မကြာမီက မင်းဘူးမှ ဆရာတော်တပါးက ရေးသားစီရင်တဲ့ "အရုဏ်တက်ချိန် အဆုံးအဖြတ်" စာအုပ်မှာ နေမထွက်မီ ၂၄-မိနစ်၌ အရုဏ်ဘက်ကြောင်း ဆုံးဖြတ်ထားပါတယ်။

ဒါပေမယ့် နေထွက်ပုံကို ထင်ရှားမြင်ရတဲ့အရပ်မှာဆိုယင် မိမိတို့၏ မျက်မြင်ဖြင့်ပင် နေမထွက်မီ မည်မျှလောက် အချိန်က အရုဏ်ရောင် ထွက်ပေါ်လာတယ်ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်၊ အရုဏ်ရောင်ဆိုတာ နေမထွက်မီက ပေါ်လာတဲ့နေ၏ အရောင်ဖြစ်ကြောင်း အဘိဓာန်ကျမ်း စသည်မှာ "သူရသော့ဒယတော ပုဗ္ဗု-ဋ္ဌိတရံသိ သိယာရုဏော" စသည်ဖြင့်၎င်း, "အရုဏော ကိဋ္ဌိရတ္တော" ဟူ၍၎င်း ပြဆိုထားပါတယ်၊ ဒါကြောင့် နံနက်လင်းစပြုတဲ့အချိန်မှာ နေထွက်မည့်အရပ်ဆီသို့ စောင့်မျှော်ကြည့်နေယင် နေမထွက်မီ မိနစ် ၅၀-ခန့်လောက်မှာ စဉ်းငယ် နီသောအရောင် ပေါ်လာတာကို တွေ့ရပါလိမ့်မယ်၊ အဲဒီ စဉ်းငယ်နီတဲ့အရောင် ပီပီသသပေါ်လာတဲ့ အချိန်ကို "အရုဏ်တက်ချိန်" လို့ မှတ်ယူနိုင်ပါတယ်၊ စက်နာရီအလိုအားဖြင့် နေမထွက်မီ မိနစ် ၅၀-ခန့်အချိန်မှာ အဲဒီ အရုဏ်ရောင်ကို တွေ့မြင်ရတတ်ပါတယ်၊ ဒါကြောင့် နေမထွက်မီ မိနစ် ၅၀-ခန့်အချိန်ကို အစောဆုံး အရုဏ်တက်ချိန်လို့ မှတ်ယူသင့်ပါတယ်၊ ဒါပေမယ့် ရှင်-ရဟန်းများ, ဥပုသ်သည်များမှာ အဲဒီအချိန်ထက် ၅-မိနစ်ခန့် ၁၀-မိနစ်ခန့် နောက်ချပြီး စားသုံးလျှင် သာပြီး သံသယကင်းဘွယ် ရှိပါတယ်။

နေထွက်ချိန် နာရီကိုတော့ ဗမာလနှင့် ကိန်းသေမှတ်ထားယင် အတိအကျမဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဗမာလက ဝါထပ်ပြီးခါစမှာ အချိန်မှန်ပေမယ့် တနှစ် တနှစ်မှာဆိုယင် ၁၀-ရက် သာသာလောက် စောစောလာပါ

တယ်၊ ၃-နှစ်ခန့် ၂-နှစ်ကျော်ခန့်မှာ ရက် ၃၀-လောက် စောနေတဲ့အတွက် ပဌမဝါဆို တလလုံးကို ပယ်ပြီး ဒုတိယဝါဆို တလ ထပ်ရတယ်၊ ဒါကြောင့် ဗမာလနှင့်ဆိုယင် နေထွက်ချိန်ဟာ အတိအကျ မှတ်ယူထားလို့ မဖြစ်ပါဘူး၊ ယခုနေအခါမှာ ကမ္ဘာသုံး လဖြင့် ရက်စဉ်အတိုင်း နေထွက်ချိန် နာရီ မိနစ်များကို အတိအကျ ပြထားတဲ့ စာရင်းဇယားတွေ ရှိပါတယ်၊ အဲဒီ စာရင်းဇယား အရက နေထွက်ချိန် ပိုပြီးတိကျပါတယ်၊ ဒါကြောင့် အဲဒီ နေထွက်ချိန် စာရင်းဇယားဖြင့် နေမထွက်မီ ၄၅-မိနစ်ခန့် ၄၀-ခန့်မှာ အရုဏ်တက်တယ်လို့ ယူယင် သင့်လျော်ပါလိမ့်မယ်၊ ဒါပေမယ့် ဆောင်းရာသီမှာ ဗမာပြည်တောင်ပိုင်းက နေထွက်စောတတ်တယ်၊ နွေရာသီမှာ မြောက်ပိုင်းက စောတတ်တယ်၊ အဲဒီ နေထွက်အပြောင်းအလဲကိုလဲ သတိပြုသင့်ပါတယ်။

အဲဒီ အရုဏ်တက်ချိန်ဟာ ဝိကာလဘောဇန သိက္ခာပုဒ်အတွက် အရေးကြီးသည့်ပြင် ပရိဝါသ်,မာနတ် ဆောက်တည်ရာမှာလဲ အရေးကြီးပါတယ်၊ အရုဏ်မတက်သေးပဲ ပရိဝါသ်,မာနတ်ကို ချမိယင် အဲဒီရက်ဟာ "ရတ္တိစ္ဆေဒ" ဖြစ်သွားပါတယ်၊ စာရင်း မဝင်တော့ပါဘူး၊ ဒါကြောင့် ပရိဝါသ်,မာနတ် အတွက် ဆိုယင် နေမထွက်မီ စက်နာရီဖြင့် တနာရီခွဲခန့်က ဆောက်တည်ပြီးတော့ နေထွက်ခါနီး မိနစ် ၂၀-လောက်ကျမှ ဝတ်ကိုချယင် သာပြီး စိတ်ချရပါတယ်။

သက်နး ရုံသွားဘို့

နောက်တခုကတော့ ကျောင်းဝင်းမှ ထွက်ခွါသွားယင် သက်နး ရုံသွားဘို့ ပါပဲ၊ အဲဒါက အလွန်ကျေးဇူးများပါတယ်၊ ဒါကြောင့် မဟာစည်စည်းမျဉ်း ဥပဒေထဲမှာ အဲဒါကို ထည့်သွင်းထားပြီး ရှိနေပါတယ်။

နောက်ပြီးတော့ ပရိမဏ္ဍလပါရုပန အရာ၌ ပါဋိကာရက ရဟန်းကဲ့သို့ လက်ဝဲ လက်မောင်းကို ဖော်၍ ကေသီကို မရုံမိစေရန် သတိပြုကြဘို့ပါပဲ၊ အဋ္ဌကထာမှာ အဝန်းညီစွာ ရုံပုံကို ဖွင့်ပြထားပုံကတော့ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်မှာလိုပဲ "ဥဘော ကဏ္ဏေ သမံ ကတွာ ပါရုပနံ"လို့ ပြဆိုထားပါတယ်၊ "ပရိ-သဿ်ရိတွာ၊ ခေါက်လိပ်၍"ဆိုတဲ့ ပုဒ် မပါတာလောက်ပဲ ထူးပါတယ်၊ ဒါကြောင့် အရိုအသေ ရုံသင့်ရာဌာနများအတွက် ရုံတဲ့အခါမှာ အထက်ပိုင်း

သင်္ကန်းအစွန်း ၂-ခုကို အညီအညွတ်ပြုပြီး သုပ္ပဋိစ္ဆန္ဒ ရုံတာမျိုးပင် လက်ဝဲ လက်မောင်းကို ရစ်ပတ်ပြီး ရုံတာဟာ အဌကထာ အဆိုနဲ့ ညီပါကယ်၊ "ကေံသံ စီဝရံ ကတ္ဝာ" အရ ရုံရာမှာလဲ ဒီနည်းဖြင့် ရုံကာဟာ အလွန်သင့်လျော်ပါဝယ်၊ အဲဒီလို မဟုတ်ပဲ အမျှားရုံနည်းဖြင့် ရုံယင်လဲ လက်ဝဲ လက်မောင်း လုံခြုံနေယင် သင့်တော်တယ်လို့ ယူရမှာပဲ၊ အဲဒီ "ကေံသ ပါရုပန"ဟာ ဘုရားဆင်းတုတော်ရှေ့, စေတီတော်ရှေ့, မထေရ်ကြီးများရှေ့၌ အရိုအသေပြုသောအားဖြင့် ရုံပုံ ရုံနည်းပါပဲ၊ မြို့ထဲ ရွာထဲ မဟုတ်ယင် အရိုအသေ ပြုသင့်တဲ့ ဌာနမှာ အဲဒီ "ကေံသ ပါရုပန"ဖြင့် အရိုအသေပြုရပါတယ်၊ "ဥဘောအံသပါရုပန"နည်း သင်္ကန်းရုံလျက် အရိုအသေပြုတာကတော့ မသင့်လျော်ပါဘူး၊ ဘာကြောင့်လဲ ဆိုပါင် အရိုအသေပြုလဲ့ အရာတိုင်းမှာ "ကေံသံ စီဝရံ ကတ္ဝာ"လို့ချည်း ဟောတော်မူသောကြောင့်ပါပဲ၊ နောက်တခုကတော့ ဘုရားရှေ့, မထေရ်ကြီးများရှေ့နဲ့ သံဃာ့အလယ်တို့မှာ ဒူးတဖက်ကိုဖြစ်စေ, ၂-ဖက်ကို ဖြစ်စေ လက်နှစ်ဖက်ဖြင့် ပိုက်ပြီး ထိုင်တဲ့ ပလ္လင်္ကပ်-ထိုင်နည်းဖြင့် မထိုင်မိစေရန်လဲ သတိပြုကြစေလိုပါတယ်။

ရှေ့ဌေးကို အပြစ်ကင်းအောင် အလှူခံဘို့

နောက်တခုက ရှေ့ဌေးကို နဝကမ္မ ဆိုပြီး ဒကာ ဒကာမတွေက လှူရာမှာ အပြစ်ကင်းတဲ့နည်းဖြင့် အလှူခံဘို့, သိမ်းထားဘို့, သုံးစွဲဘို့ပါပဲ၊ အဲဒါကလဲ အလွန်အရေးကြီးပါတယ်၊ အဲဒီအကြောင်းကို အရှင်ဘုရားတို့လဲ လေ့လာပြီး ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ပြည့်စုံသည်ထက် ပြည့်စုံအောင် ထပ်ပြီး လေ့လာကြစေလိုပါတယ်၊ ပါဠိတော်တဲ့ ဆရာတော်တွေဆိုယင် ပါဠိ, အဌကထာ, ဋီကာများကို ထပ်မံကြည့်ရှုပြီး လေ့လာကြရုံပါပဲ၊ ပါဠိမှာ ကောင်းကောင်း မကျွမ်းကျင်ယင်လဲ ယခုနေအခါမှာ မြန်မာဘာသာဖြင့် ရေးထားတဲ့ ဝိနည်းဆိုင်ရာ ကျမ်းစာအုပ်တွေ ရှိပါတယ်၊ မန္တလေး-တောင်မြို့က ဆရာတော် အရှင်ဇနကာဘိဝံသ ရေးထားတဲ့ ဝိနည်းဆိုင်ရာ ကျမ်းစာအုပ်တွေဆိုယင် သာပြီး သိလွယ်ပါလိမ့်မယ်။

အပြစ်ကင်းအောင် အလှူခံနည်း အကောင်းဆုံးကတော့ ဝိနည်းမဟာဝါ ၃၄၂-မှာ ပြထားတဲ့ "သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ၊ တေ

ကပ္ပိယ ကာရကာနံ ဟတ္ထေ ဟိရည် ဥပနိက္ခိပန္တိ 'ဣမိနာ အယျဿ ယံ ကပ္ပိယံ၊ တံ ဒေထာ'တိ၊ အနုဇာနာမိ ဘိက္ခဝေ ယံ တတော ကပ္ပိယံ၊ တံ သာဒိတုံ" ဆိုတဲ့ ခွင့်ပြုတော်မူချက် မေဏ္ဍက သိက္ခာပုဒ်အရ " ဤ ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတံ့သော ရဟန်းတို့အား အပ်စပ်သော ဆွမ်း သက်နှ်း-စသော လိုရာရာ ပစ္စည်းတို့ကို အရှင်ဘုရားအား လှူပါ၏၊ ဝတ္ထုငွေတို့ကို အရှင်ဘုရား၏ ကပ္ပိယ-ကာရက ထံ၌ အပ်နှံ၍ ထားပါမည်၊ အလိုရှိသော ဆွမ်း,သက်နှ်း စသည်ကို ထိုကပ္ပိယကာရက ထံမှ တောင်းယူ၍ သုံးဆောင်တော်မူပါ "လို့ ဆိုပြီး လှူတာဟာ အကောင်းဆုံးပါပဲ။ အဲဒီလိုဆိုကာ လှူပြီးတော့ ကပ္ပိယကာရကထံမှာ အပ်နှံထားခဲ့ယင် အလိုရှိသော ပစ္စည်းကို အဲဒီ ကပ္ပိယကာရကထံမှ တောင်းယူ သုံးစွဲနိုင်တယ်၊ အပြစ်မရှိ စင်ကြယ်ပါတယ်၊ နဝကမ္မအား လှူပါ၏ လို့ ဆိုပြီး လှူပေမယ့် သိမ်းမှု, သုံးစွဲမှုနှင့် စပ်ပြီး အပ်စပ်ဘို့ လိုပါသေးတယ်၊ "ဟိုနားမှာ ထားလိုက်၊ ဘယ်သူထံ ပေးလိုက်" စသည်ဖြင့် ညွှန်ကြားပြီး သိမ်းယင် အဲဒါ မအပ်စပ်ဘူး၊ သုံးတဲ့အခါလဲ အရောင်း, အဝယ်သဘော သက်ရောက်တဲ့ စကားဖြင့် ပြောဆို သုံးစွဲယင် အဲဒါလဲ မအပ်ဘူး၊ အပ်စပ်တဲ့ ပစ္စည်းကို ကပ္ပိယကာရကထံမှ တောင်းယူပါမှ အပ်တယ်၊ ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ မေဏ္ဍက သိက္ခာပုဒ်အရ လှူနည်း, သုံးနည်းဟာ အကောင်းဆုံးပါပဲ။

သာပြီး ဆိုးတာကတော့ ငွေတွေ, ငွေစက္ကူတွေကို ဒကာ ဒကာမတွေက လှူတဲ့အခါ ရဟန်းတော်တွေက မိမိတို့၏ လက်ဖြင့်ပင် ခံယူတာတွေ ရှိတယ်၊ မဟာစည်ဂိုဏ်းထဲမှာတော့ အဲဒီလို ခံယူတာကို မတွေ့ဘူး, မကြားဘူးပါဘူး၊ ဒါပေမယ့် မဟာစည်ဂိုဏ်းဝင် အမည်နှဲ့ ပုဂ္ဂိုလ်တွေက အများကြီးဆိုတော့ ဒီလို အလှူခံတာ မရှိဘူးလို့တော့ မဆိုနိုင်ဘူး၊ အဲဒီ မအပ်မရာ အလှူခံမှုမျိုး, ရွှေ ငွေကို ကိုင်တွယ်မှုမျိုးတွေဟာ အလွန်အမြင်မတော်တဲ့ အမှုမျိုးတွေဖြစ်တဲ့ အတွက် လွတ်လွတ်ကင်းကင်း ရှောင်ကြဉ်ကြရန် အထူး သတိပေးပါတယ်။

အကပ်ခံရေး

နောက်ပြီးတော့ အကပ်ခံတဲ့နေရာမှာ ကပ်တဲ့ စားသောက်ဖွယ်၏ တည်ရာ ပန်းကန် ခွက် စားပွဲခုံ-စသည်ကို လက်နှဲ့သွားတို့တာ,မကပ်သေးခင်က ဆွဲယူတာ

ဒီလို ကိုယ်က သွားကိုင်တာမျိုး မဖြစ်စေရဘူး၊ (အဘိဟာရ) ရှေးရှုဆောင်ကပ်ပေးခြင်းဆိုတဲ့ အင်္ဂါနှင့်အညီ ပေးကပ်တဲ့သူက ရဟန်း၏ လက်ထဲသို့ ထည့်ပေးခြင်းသာ ဖြစ်စေရမယ်၊ ကပ်သူနှင့် အကပ်ခံသူ အကွာအဝေးကတော့ ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်းမှာ တည်ရှိစေရမယ်တဲ့၊ အဲဒီ ၂-တောင့်ထွာ ပမာဏကိုလဲ အကပ်ခံသူက ထိုင်နေယင် အကပ်ခံသူ၏ နောက်ဖက်မှ စပြီး ယူရမယ်၊ ရပ်နေယင်လဲ ဖနှောင့်အစွန်းမှစပြီး ယူရမယ်၊ ကပ်သူ၏ဘက်ကတော့ လှမ်းပြီး ကပ်တဲ့ လက်မှတပါး အနီးဆုံး ကိုယ်အင်္ဂါ၏ အတွင်းဘက်မှ ယူရမယ်တဲ့၊ ၂-ယောက် ၃-ယောက်ကပ်ယင် တယောက်ကတော့ အဲဒီ ဟတ္ထပါသ်အတွင်းရောက်ဘို့ လိုပါတယ်၊ အလေးချိန်ကတော့ အလယ်အလတ်အားရှိသူ ပင့်မ-နိုင်တဲ့ အရာဝတ္ထု ပြစ်ရမယ်တဲ့၊ ဒါကြောင့် အား အလယ်အလတ်ရှိသူ မပင့်မ-နိုင်လောက်ဘူး ထင်ယင် တချိုကို ချထားစေပြီးမှ အကပ်ခံရမယ်၊ အဲဒါဟာ အကပ်ခံမှုနှင့်စပ်ပြီး သတိပြုဘို့ပါပဲ။

ကမ္မဋ္ဌာန်းဌာနနှင့် နစ္စ, ဂီတ

နောက်တခုကတော့ ကမ္မဋ္ဌာန်းဌာနအတွင်း၌ နစ္စ, ဂီတ, ဝါဒိတ-များကို အခွင့်မပြုဘို့ပါပဲ၊ ရန်ကုန် သာသနာ့ရိပ်သာမှာတော့ ရှင်ပြုအလှူအခမ်းအနားများ၌ အတီး အမှုတ် အဆိုများ မပါစေရန် တားမြစ်ထားပါတယ်၊ အတီး အမှုတ် အဆိုတွေ တည့်ချင်ယင် အခြားဌာနများမှာ ကျင်းပကြဘို့လဲ ညွှန်ကြားထားပါတယ်၊ တိပိဋကပူဇော်ပွဲကတော့ ဘုရားတပည့်တော် သာသနာ့ရိပ်သာမရောက်ခင်ကတည်းက ကျင်းပတဲ့ပွဲ ဖြစ်သည့်ပြင် တားမြစ်ရန်လဲ မပိုင်တဲ့ ကိစ္စဖြစ်ဘဲ့အတွက် အဲဒီပွဲမှာ စည်တော်ကြီး တီးတာကိုတော့ လျစ်လျူရှုထားရပါတယ်၊ အဲဒါကို အကြောင်းပြုပြီးတော့ ဆင်ခြေမကန်ရန်လဲ သိနားလည်ထားကြစေလိုပါတယ်၊ ယခုနေအခါမှာ ရကော်ဒါ, ကက်ဆက်, ရေဒီယိုတွေက အလွန်ပေါနေပါတယ်၊အဲဒီ ရကော်ဒါ,ကက်ဆက်,ရေဒီယိုများဖြင့် သီချင်းများ, အတီး အမှုတ် အသံများကို ကမ္မဋ္ဌာန်းဌာန၌ ကိုယ်တိုင်လဲ မဖွင့်ကြရန်,သူတပါး အားလဲ ဖွင့်ခွင့်မပြုကြရန် အထူးသတိပြုကြစေလိုပါတယ်။

(၂) တရား အလေးပြုရေး

အမှတ်(၂)က တရားအလေးပြုရေးပဲ၊ယခု ဘုရားတပည့်တော်တို့ ဟောပြောနေတဲ့ တရားက တကယ်ကိုယ်တော်ဖြစ်အောင် ကျင့်ဘို့ ဟောပြောနေတဲ့ တရားဖြစ်ပါတယ်၊ ကြည်ညိုဘွယ်ဖြစ်ရုံ ဟောတဲ့တရား မဟုတ်ဘူး၊ ကြည်ညိုဘွယ်ဖြစ်ရုံ ဟောတဲ့တရားကတော့ နားထောင်ကောင်းရုံ ဟောလိုက်ယင် ပြီးတာပဲ၊ တကယ်ကိုယ်တော်ဖြစ်အောင် ဟောရတဲ့ တရားကတော့ မလွယ်ဘူး၊ ကိုယ်တိုင် ကျင့်သုံးမထားယင် သူများကို ဟောပြဘို့ရာ မလွယ်ဘူး၊ ကိုယ်တိုင်က ကျကျနန ကျင့်သုံးထားမှ သူများကို ညွှန်ကြားလို့ ဖြစ်တယ်၊ တချို့က ကိုယ်တိုင်တော့ ကျကျနန အားမထုတ်ပဲနဲ့ တရားအားထုတ်နည်းကို ဟောပြော ရေးသားနေကြတာ ရှိတယ်၊ အဲဒါဟာ ဒီက အမြင်နဲ့ဆိုယင်တော့ အလွန်မသင့်တော်တဲ့ အလုပ်ပဲ! အဲဒါဟာ ကိုယ်မစားဘူးတဲ့ ဆား, မစားဝံ့တဲ့ ဆေးကို သူများအားကျွေးတာနဲ့တူကြောင်း မြေကြာစာအုပ်ထဲမှာတောင် ထည့်ပြီးပြထားပါတယ်၊ မယုံလို့ပဲ ဖြစ်ဖြစ်, ပျင်းလို့ပဲ ဖြစ်ဖြစ်, ကြောက်လို့ပဲဖြစ်ဖြစ် ကိုယ်တိုင်ကိုယ်ကျအားမထုတ်ပဲနဲ့ သူများတွေအားထုတ်ဘို့ ဟောပြောရေးသားနေကြတာဟာ ကိုယ်မစားဝံ့တဲ့ဆေးကို သူများကျွေးတာနဲ့ မတူပေဘူးလား၊ အဲဒါ သင့် မသင့် စဉ်းစားကြည့်ဘို့ပါပဲ။

အခု ဒီမှာ ကြွရောက်လာကြတဲ့ ကမ္မဋ္ဌာန်းဆရာတွေကတော့ ကမ္မဋ္ဌာန်းတရားကို ကျကျနန အားထုတ်တားကြပြီးချည်းပါပဲ၊ ဒါပေမယ့် အချိန်အခွင့်သင့်သည်အားလျော်စွာ ပြည့်စုံသည်ထက် ပြည့်စုံအောင် မပြတ်အားထုတ်သွားကြဘို့ကတော့ လိုပါတယ်၊ တချို့က ဝိပဿနာအလုပ်ကို ခပ်ပေါ့ပေါ့ ဟောပြော ညွှန်ပြနေတာလဲ ရှိတယ်လို့ ကြားရတယ်၊ ပုဂ္ဂိုလ်ဦးရေကတော့ သိပ်မများပါဘူး၊ နဲနဲပါပဲ၊ ဒီ ပရိသတ်တဲမှာတော့ အဲဒီလို ပုဂ္ဂိုလ် ပါပုံမရပါဘူး၊ ဒါပေမယ့် ယခုလို ကမ္မဋ္ဌာန်းဆရာ အများ စုဝေးမိတဲ့အခါ အဲဒီလို ပေါ့လျော့မှု မဖြစ်စေရန် သတိပေးစကား ပြောကြားရမှာပဲ၊ ခပ်ပေါ့ပေါ့ ဟောပြောပုံကတော့ ယောဂီများကို ခုနစ်ရက်လောက်, ဆဲ့လေးငါးရက်လောက် အားထုတ်စေပြီးလျှင် တရားပြည့်စုံတဲ့ အနေဖြင့် အယိုအမှုတ်ပြုပြီး ဉာဏ်စဉ် တရားကို ဟောတယ်လို့ ဆိုပါတယ်၊ ခုနစ်ရက်လောက်အတွင်း ဉာဏ်ပဉ္စင် ပြည့်စုံ

တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ တရာမှာ တယောက်လောက်တောင် ရှိခဲပါတယ်၊ ဆဲ့လေးငါးရက်အတွင်း တရားပြည့်စုံတဲ့ ပုဂ္ဂိုလ်လဲ နဲတာပဲ၊ ဒါကြောင့် ဆဲ့ငါးရက်အတွင်းမှာ အားထုတ်တဲ့ ယောဂီအများကို ဉာဏ်စဉ်တရား ပြည့်စုံတဲ့အနေဖြင့် အသိအမှတ်ပြုပြီး ဉာဏ်စဉ်တရား ဟောတာကတော့ တကယ် အစစ်အမှန် မဟုတ်ပဲ တပည့်ပရိသတ် စုတဲ့နည်းသာ ဖြစ်နေတတ်ပါတယ်။

မင်္ဂဖိုလ်ရအောင် ညွှန်ပြဘို့

အမှန်ကတော့ သံသရာဝဋ်ဆင်းရဲ့ အပါယ်ဆင်းရဲမှ လွတ်မြောက်ချင်လို့ မင်္ဂဖိုလ် တရားစစ် တရားမှန်ကို ရချင်လို့ မိမိကို ယုံကြည်အားကိုးပြီး လာရောက်အားထုတ်ကြတဲ့ သူများကို မင်္ဂဖိုလ်တရားထူး အစစ်အမှန်ရသွားအောင် ညွှန်ပြပေးဘို့ဟာ အလွန်အရေးကြီးပါတယ်၊ အဲဒီလို ညွှန်ပြပေးတဲ့ နေရာမှာလဲ ကမ္မဋ္ဌာန်းဆရာဆိုတော့ နာယကဂုဏ်တွေနဲ့ ပြည့်စုံဘို့ လိုပါတယ်၊ အဲဒီ ဂုဏ်တွေထဲက "ခမာ" ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံဘို့ရာဟာ အလွန် အရေးကြီးပါတယ်၊ အစစအရာရာမှာ သည်းခံပြီး ပြောဟောဘို့ပါပဲ၊ အဲဒီလို သည်းမခံပဲ စိတ်ဆိုးတဲ့ အမူအရာကို ပြနေယင်တော့ နေရာမကျဘူး၊ ကမ္မဋ္ဌာန်းဆရာ၏ဂုဏ် ပျက်ပါတယ်၊ ဘုရားတပည့်တော်ကိုယ်တိုင် ကမ္မဋ္ဌာန်းပြနေတုန်းက ရဟန်းဖြစ်ဖြစ်, လူဖြစ်ဖြစ် ယောဂီများအား စိတ်မချမ်းမသာဖြစ်အောင် ပြောဘူးတာကို အမှတ်မရပါဘူး၊ အဲဒီလို ပြောဆိုမှု မရှိခဲ့ဘူးလို့သာ အမှတ်ရပါတယ်၊ တပည့် ယောဂီက မဟုတ်ဘာတွေ ပြောနေပေမယ်လို့ နားမချမ်းသာဖြစ်မည့် စကားကို မပြောရဘူး၊ အမှားတွေကို ပြောနေပေမယ်လို့ သည်းခံရတယ်၊ သိမ်မွေ့နူးညံ့တဲ့ စကားဖြင့်သာ ပြေရှင်း ပြောပြရတယ်။

ရဟန်းတော်နှင့် နတ်ကန်တော့ပွဲ

နောက်တခုကတော့ မဟာစည်ကမ္မဋ္ဌာန်းဌာနဆိုတဲ့ အမည်နဲ့ ဟောပြနေရာမှာ တခြား ကမ္မဋ္ဌာန်းနည်းကို အလေးအမြတ်ပြုပြီး ဟောပြဘို့ မသင့်ဘူး၊ မဟာစည် ရှုမှတ်နည်းအတိုင်းသာ ဟောပြောညွှန်ပြသင့်ပါတယ်၊ အကယ်၍ အခြားနည်းကို ကြိုက်ယင်တော့ မဟာစည် ဌာနဆိုတဲ့ အမည်ကို မခံပဲ အဲဒီ ကြိုက်နှစ်သက်တဲ့ အခြားနည်းဆိုင်ရာ အမည်ဖြင့်သာ ဝန်ခံပြီး ဟောပြောရန် သင့်

လျှော်ပါတယ်၊ ဘုရားသာသနာတော်က ဘုရားနည်းကို ဟောပြောနေရာမှာလဲ ထွက်ရပ်ဂိုဏ်း ယောင်ယောင် နတ်ဂိုဏ်း ယောင်ယောင် အသွင်ဆောင်နေယင် မသင့်မတော်ဘူး၊ မကြာမီကမှ ဖွင့်သစ်စပြစ်တဲ့ ဌာနတခုမှာ နတ်ကန်တော့ပွဲ တင်ထားတာကို တွေ့ခဲ့ရကြောင်း ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ထံမှ ကြားသိရတယ်၊ ရဟန်းက နတ်ကို အရိုအသေပြုတယ်ဆိုတာ သင့်တော်ပါ့မလား၊ ဘုရားတပည့်တော်ကတော့ ရှင်သာမဏေ ဘဝ, ရဟန်းယ် ဘဝ ကတည်းက နတ်ကို ရှင် ရဟန်းက အရိုအသေ မပြုကောင်းဘူး၊ နတ်ကသာ ရှင် ရဟန်းကို အရိုအသေ ပြုသင့်တယ်လို့ အသိဉာဏ်မှတ် ပြုလာခဲ့ပါတယ်၊ ရဟန်းက နတ်ကို အရိုအသေ ပြုတယ်, ကန်တော့ပွဲဖြင့် ပူဇော်တယ် ဆိုတာကတော့ အလွန်မသင့်မတော်တဲ့ အမှုပါပဲ၊ လူ ဒကာ ဒကာမတွေရဲ့ အလိုသို့လိုက်ပြီး ကန်တော့ပွဲ တင်ထားတာကို လက်ခံထားတာမျိုး ဖြစ်လေမလားတော့ မပြောတတ်ပါဘူး၊ ဘုရားတပည့်တော် အမြင်အာဏဖြင့်တော့ အဲဒီလို လူ ဒကာ, ဒကာမတွေက လာပြီး ကျောင်းမှာ တင်ထားတာကိုလဲ လက်မခံသင့်ဘူးလို့ပဲ မြင်ပါတယ်၊ ဖြစ်နိုင်လို့ရှိယင် အိမ်မှာ ကန်တော့ပွဲ တင်ထားတာကိုတောင် တားမြစ်သင့်တယ်လို့ပဲ မြင်ပါကယ်။

အကြောင်းကတော့ ရှင် ရဟန်းပြုတယ်ဆိုတာ "သံသာရဝဋ္ဋဒုက္ခတောမောစနတ္ထာယ"လို့ ဆိုတဲ့အတိုင်း သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ဘို့ပဲ၊ လူတပါးအား ဟောပြောယင်လဲ သဒ္ဓါ, ဩဇာ စသော ကုသိုလ်တရား ဖြစ်ပွါးဘို့, သံသရာမှ လွတ်မြောက်ဘို့ ဟောပြောရတာပဲ၊ အဲဒီလို ဟောပြောသင့်, ပြုကျင့်သင့်တဲ့ နေရာမှာ ဒကာ ဒကာမတွေ ကြည်ညိုအောင်, အထင်ကြီးအောင် သူတို့ အလိုလိုက်ပြီး ထွက်ရပ်ဂိုဏ်း ယောင်ယောင်, နတ်ဂိုဏ်း ယောင်ယောင် လုပ်တာကတော့ မဟုတ်ဘူး၊ တချို့က အဲဒီ ဂိုဏ်း,ပုဂ္ဂိုလ်တွေ အသုံးပြုတဲ့"ပါရမီရှင်"ဆိုတဲ့အမည်မျိုးကိုလဲ ခံယူမိကတ်တယ် အဲဒီအမည်မျိုးလဲ မခံယူသင့်ဘူး၊ ကမ္မဋ္ဌာန်းသရာဆိုတဲ့ အမည်နှင့် ညီညွတ်တဲ့ ဝိပဿနာ ဓမ္မကထိက ဆိုတဲ့ အမည်မျိုးကိုသာ ခံယူပြီး ဝိပဿနာကမ္မဋ္ဌာန်းတရား သက်သက်ကိုသာ ဟောကြားသင့်ပါတယ်၊ ဒါကြောင့် အဲဒီလို ရိုးရိုးအမည်ဖြင့်သာ ရိုးရိုးဟောပြောဘို့လဲ သတိပေးပါတယ်။

(၄) အရှည်တည်တံ့ရေး

အမှတ် ၄-အရ အရှည်တည်တံ့ရေးကတော့ အယင်နှစ်မျိုးက ပြောပြီးရှိခဲ့ပါပြီ၊ ကမ္မဋ္ဌာန်းဌာနဟာ ကမ္မဋ္ဌာန်းဌာနအဖြစ်ဖြင့် အရှည်တည်တံ့သွားဘို့ပါပဲ၊ စာသင်တိုက် ဖြစ်စေ, သာမန် ဘုန်းကြီးကျောင်း ဖြစ်စေ ဖြစ်ပြီး ကမ္မဋ္ဌာန်းဌာန ပျက်မသွားဘို့ပါပဲ၊ ဒါကြောင့် ကမ္မဋ္ဌာန်းဌာနများမှာ ကမ္မဋ္ဌာန်းတရားအမွေကို ရိုရိုသေသေ ခံယူစောင့်ရှောက်နိုင်မည့် အရည်အချင်းနှင့် ပြည့်စုံတဲ့ တပည့်ရှိယင် အကောင်းဆုံးပါပဲ၊ ကျောင်းတိုက်, ပစ္စည်းအမွေလောက်သာ ခံယူပြီးတော့ ကမ္မဋ္ဌာန်းကျောင်းကို ပျက်စေမည့် ပုဂ္ဂိုလ်များ မရှိစေဘို့, အဲဒီလို ပုဂ္ဂိုလ်များအား လွဲအပ် ထားခဲ့သို့ အရေးကြီးပါတယ်၊ အဲဒါကလဲ မူလက သာမန်ကျောင်းမှ ကမ္မဋ္ဌာန်းဌာန ဖြစ်လာတဲ့ ကျောင်းကိုတော့ မဆိုလိုပါဘူး၊ စပြီး တည်ထောင်ကတည်းက မဟာစည်သြဝါဒခံ အဖြစ်ဖြင့် အသစ် တည်ထောင်လာခဲ့တဲ့ ကမ္မဋ္ဌာန်းကျောင်းများကိုသာ ရည်ရွယ်ပါတယ်။

ကမ္မဋ္ဌာန်းကျောင်းများ မူလရည်ရွယ်ချက် မပျောက်အောင်

ဒကာ ဒကာမတွေက ပဋိပတ္တိသာသနာတော်အတွက် ရည်စူးပြီးတော့ ငွေကြေး အမြောက်အမြား အကုန်ခံပြီး ကမ္မဋ္ဌာန်းကျောင်းများကို တည်ဆောက်ခဲ့ကြတယ်၊ အဲဒီလို ကမ္မဋ္ဌာန်းကျောင်းများကို ရဟန်းတော်များက မူလရည်ရွယ်ချက်အတိုင်း တည်တံ့သွားအောင် စောင့်ရှောက်သွားဘို့ အလွန် အရေးကြီးပါတယ်၊ ကိုယ်နဲ့ နီးစပ်ရာ ပုဂ္ဂိုလ်အား ဒိဿန္တက, တိသန္တက ပြုပြီး လွဲအပ်ဘို့ မသင့်ပါဘူး၊ ကိုယ့်မှာ တပြားတချပ်မှ မကုန်ရပဲနဲ့ ရ-ထားတဲ့ ပဋိ-ပတ္တိသာသနာ ပစ္စည်းကို ကိုယ် ပေးချင်ရာ အမွေ ပေးတာကတော့ မသင့်တော်ပါဘူး၊ ဘုရားတပည့်တော်ကတော့ မူလကတည်းက ကျောင်းအဆောက်အအုံများကို ပုဂ္ဂလိကအဖြစ် အလှူမခံခဲ့ပါဘူး၊ သံဃာအား ဖြစ်စေ, ယောဂီအပေါင်းဂိုဏ်းအား ဖြစ်စေ လှူဒေခဲ့ပါတယ်၊ အဲဒါဟာ ငါ့ဦးစွာ ဆိုတဲ့ အစဲ့ အလမ်း ကင်းတဲ့အကျင့် အင်မတန်ကောင်းပါတယ်၊ ဘယ်သူကိုမျှ အမွေပေးစရာ မရှိတဲ့အတွက် စိတ်လဲ သန့်ရှင်းစင်ကြယ်ပါတယ်၊ ပုဂ္ဂလိက အလှူခံပြီး

တော့ ဒိုဿန္တက-စသည်ပြုပြီး အမေ့ပေးထားယင်, အမေ့ခံပုဂ္ဂိုလ်က ကမ္မဋ္ဌာန်းဌာနအဖြစ် တည်တံ့အောင်လဲ မဆောင်ရွက်ယင် ကမ္မဋ္ဌာန်းဌာန ပျက်သွားတတ်ပါတယ်၊ ကမ္မဋ္ဌာန်းကျောင်း အလှူဒကာတွေ့မှာလဲ စိတ် မချမ်းမသာ ဖြစ်တတ်ပါတယ်၊ တရားအားထုတ်လိုတဲ့ သူများအတွက်လဲ အကျိုးယုတ်စေပါတယ်။

ဘုရားတပည့်တော်၏ မျက်မှောက်မှာပင် ကမ္မဋ္ဌာန်းဌာန ၂-ခု ၃-ခုဟာ အဲဒီလို ပစ္စည်းသက်သက် အမေ့ခံတဲ့ ပုဂ္ဂိုလ်များကြောင့် သာမန်ဘုန်းကြီးကျောင်းအနေ ဖြစ်သွားတာကို တွေ့ရပါတယ်၊ ယခုလဲ မော်လမြိုင်ကျွန်းမြို့က ကမ္မဋ္ဌာန်းတိုက်ဟာ ပျက်တော့မည့်အသွင် ဆောင်နေပါပြီ၊ ပဌမ ဆရာတော်ကြီးက သူတပည့်ကြီးတပါးနှင့် ဒိုဿန္တက ပြုလုပ်ထားတယ်လို့ ဆိုပါတယ်၊ ပဌမ ဆရာတော်ကြီး ပျံလွန်သွားတဲ့အခါ ဒိုဿန္တက အမေ့ခံ တပည့်ဆရာတော်က သူ့ကိုယ်တိုင်လဲ အဲဒီကျောင်းတိုက်မှာ မနေ, ကမ္မဋ္ဌာန်းဌာန တည်တံ့အောင်လဲ ကြောင့်ကြမစိုက်ပဲ ကမ္မဋ္ဌာန်းဘက်ဌ် စိတ်မဝင်စားတဲ့ အခြားရဟန်းတပါးနှင့် ဒိုဿန္တက ထပ်ပြီး ပြုထားပြန်တယ်လို့ ကြားသိရပါတယ်၊ ဘုရားတပည့်တော်ကတော့ စာဖြင့် မေးမြန်း ညွှန်ကြားဟာကိုလဲ ယခုထိ စာ မပြန်ကြားပဲ ရှိနေပါတယ်၊ အဲဒီ ဆရာတော်ဟာ သူတစိမ်းလဲ မဟုတ်ပါဘူး၊ ဒီရန်ကုန် သာသနာ့ရိပ်သာမှာ ဝါဆိုဦးက ၂-လလောက် တရားအားထုတ်သွားတဲ့ ယောဂီဟောင်း ဆရာတော်ပါပဲ၊ အသက်လဲ မငယ်ပါဘူး, ၆၀-ကျော်နေပါပြီ၊ သူ ပြန်ခါနီးမှာ 'ဘုရားတပည့်တော်က အဲဒီ မော်လမြိုင်ကျွန်း ရိပ်သာဌာနကို ကမ္မဋ္ဌာန်းဌာနအဖြစ် တည်မြဲတည်တံ့သွားအောင် ဆောင်ရွက်ဘို့ သတိပေးတိုက်တွန်းလိုက်ပါတယ်၊ သူကလဲ ဆောင်ရွက်ပါ့မယ်လို့ ဝန်ခံသွားပါတယ်၊ ဒါပေမယ့် အခုအထိတော့ ကမ္မဋ္ဌာန်းဌာန ပျက်မည့်အနေမှာပဲ ရှိနေပါတယ်၊ ဆိုင်ရာ ဒကာ ဒကာမတွေ့မှာလဲ စိတ် မချမ်းမသာ ဖြစ်နေကြပါတယ်။

ဒါကြောင့် မဟာစည်ရိပ်သာ အဖြစ်ဖြင့် အသစ် တည်ထောင်တဲ့ ကမ္မဋ္ဌာန်းဌာနများမှာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို တကယ်လိုလားသည့်ပြင် ကမ္မဋ္ဌာနာ-စရိယ အရည်အချင်းနှင့်လဲ ပြည့်စုံတဲ့ တပည့်က ဆရာ မရှိသည့်နောက် အခြေမပျက် ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်ယင် အဲဒါဟာ အကောင်းဆုံးပါပဲ၊

အဲဒီလို ဆောင်ရွက်နိုင်တဲ့သူ မရှိယင်တော့ ဘုရားတပည့်တော်တို့ထံ အကြောင်းကြားပြီး ကမ္မဋ္ဌာန်းဆရာ တောင်းဆိုကြ စေလိုပါတယ်၊ ဘုရားတပည့်တော်၏ အလိုကတော့ ကိုယ်တိုင် ဆောင်ရွက်နိုင်ယင် ဆောင်ရွက်မြဲ ဆောင်ရွက်နေဘို့, မဆောင်ရွက်နိုင်ယင် သို့မဟုတ် ကွယ်လွန်သွားယင်တော့ တည်ဓံ့တိုးတက်စေနိုင်တဲ့ ပုဂ္ဂိုလ်က ဆောင်ရွက်သွားဘို့ အလိုရှိပါတယ်၊ ကိုယ်နှင့် ရင်းနှီးတာ မရင်းနှီးတာက လိုရင်း မဟုတ်ပါဘူး, ပဋိပတ္တိသာသနာတော် တည်တံ့တာ, တိုးပွါးတာကသာ လိုရင်း ဖြစ်ပါတယ်၊ အထူးအားဖြင့်တော့ မဟာစည် ဆရာတော် အမှူးရှိသော မဟာစည် ဩဝါဒခံ ယောဂီအပေါင်းအား လှူထားတဲ့ ရိပ်သာ ဆိုယင်တော့ တစုံတရာ ပြုပြင်ပြောင်းလဲချင်ယင်, ဘုရားတပည့်တော် အသက်ထင်ရှား ရှိခိုက်ဆိုယင် ဘုရားတပည့်တော်ထံက ဆန္ဒယူပြီးမှ ပြုပြင်ပြောင်းလဲသင့်ပါတယ်၊ အဲဒီလို မဟုတ်ယင် မဟာစည်ဩဝါဒခံ မဟုတ်ရာရောက်သွားပါတယ်။

သံဃောဇဉ် မမွေးဘို့

နောက်တခု သတိပေး ပြောချင်တာကတော့ သံယောဇဉ် မမွေးဘို့ပါပဲ၊ ရဟန်းပြုတယ်ဆိုတာ စည်းစိမ်ဥစ္စာ သံယောဇဉ်, ဆွေမျိုးသံယောဇဉ်တွေကို ဖြတ်ပြီး ပြုကြရပါတယ်၊ ဒါကြောင့် ရဟန်းဆိုယင် ကိတ္တိမသား, ကိတ္တိမသမီး မွေးစားထားခြင်း မရှိသင့်ပါဘူး၊ ဘယ့်နှယ်လဲ အရှင်ဘုရားတို့– ရှိသင့်ပါသလား၊ (မရှိသင့်ကြောင်း ထင်ရှားပါတယ်၊) ကမ္မဋ္ဌာနာစရိယ့ ဆိုတာ သံယောဇဉ်ကို ပယ်ဖြတ်ဘို့ ဟောနေရတာပဲ၊ အဲဒီလို ဟောနေပါလျက် ကိတ္တိမသား, သမီး မွေးစားထားတယ်ဆိုယင် အလွန်ကို မသင့်တော်တဲ့ အလုပ်ပါပဲ၊ သနားလို့ ပေးကမ်း ထောက်ပံ့တာကတော့ ပြုသင့်ပါတယ်၊ ဒါပေမယ့် သာသနာတော်ကို ကြည်ညိုတဲ့ သဒ္ဓါတရားဖြင့် လှူထားတဲ့ ပစ္စည်းတွေကို အလဟဿ ပျက်စီးမသွားရန်ကိုတော့ အထူး သတိပြုသင့်ပါတယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာဖြစ်ကြတဲ့ အရှင်မြတ်များဟာ ကိတ္တိမ သား, သမီး မမွေးစိုးကြဘို့, သံယောဇဉ်မပွါးစေကြဘို့ အထူး သတိပေးပါတယ်။

သိမ်ထပ်, ကံထပ်ခြင်း

နောက်တခုကတော့ ဥပသမ္မဒကံ-ကပ်ပြီး သံယောဇဉ်ပွါးစေတဲ့ အလုပ်ကို မပြုကြဘို့ပါပဲ၊ မူလ ရဟန်းခံစဉ်က အသက် ၂၀-ပြည့် မပြည့်နှင့် စပ်ပြီးတော့ ဖြစ်စေ, သိမ်,ဥ,တ်, ကမ္မဝါစာ, ကာရကသံဃာနှင့် စပ်ပြီးတော့ ဖြစ်စေ သံသယ ရှိလို့ သိမ်ထပ်တာ, ကံထပ်တာကတော့ အပြစ်မရှိပါဘူး၊ သို့ပေမယ့် မူလ ရဟန်းခံစဉ်က ကံဆောင်မှုနှင့်စပ်ပြီး သံသယမရှိပါပဲနဲ့ ရဟန်းဒကာ ရဟန်းအမ ပွါးရုံမျှအတွက် ကံထပ်တာကတော့ သံယောဇဉ်ပွါးစေတဲ့ အလုပ်ပဲ၊ ဒါပေမယ် စာသင်သား ရဟန်းငယ်ဘဝဆိုယင် စာသင်ရာမှာ အထောက်အပံ့ရရေးအတွက် ဆိုတော့ တော်ပါသေးတယ်၊ ကမ္မဋ္ဌာန်းဆရာ မထေရ်ကြီးဘဝ ရောက်နေမှ ကံထပ်တာကတော့ မတော်ပါဘူး၊ မူလ ရဟန်းခံစဉ်ကပင် ရဟန်းဖြစ်နေယင် နောက်ထပ် ဥပသမ္မဒကံဆောင်ယူဟာ အပိုပါပဲ၊ ရဟန်းဒကာခံတဲ့ သူမျှားမှာလဲ ရဟန်းဒကာအစစ် မဖြစ်ပါဘူး၊ အမည်ခံမျှပါပဲ၊ သက်နှံး သပိတ်လှူတဲ့ ကုသိုလ်အပြင် အခြားကုသိုလ် အထူးကိုလဲ မရပါဘူး၊ အမည်ခံ ရဟန်းဒကာ ဒကာမမျှားမှာရော, အဲဒီ ကံထပ်တဲ့ ရဟန်းမှာရော သံယောဇဉ်ပွါးရုံမျှပါပဲ၊ တခါက ရိပ်သာတခုမှာ ကမ္မဋ္ဌာန်းဆရာက ဟနာရိုလောက်အတွင်းမှာပင် ရဟန်း ဒကာ ရဟန်းအမ သုံးဦးတို့၏ သက်နှံး သပိတ် ဘုံးစုံကို အလှူခံပြီး ဘုံးကြီမ် တိုင်တိုင် ကံထပ်တာကို တွေ့ရဘူးတယ်၊ အဲဒီဟုန်းက ဘုရားဟာယည့်တော်မှာ မျှားစွာ အရှက်ရခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မဟာစည်၏ တပည့် ကမ္မဋ္ဌာန်းဆရာတပါးက အဲဒီလို ပြုလုပ်တာကို မြင်တွေ့ကြားသိရတဲ့ အလို နည်းသူမျှားက "မဟာစည်သြဝါဒခံ ကမ္မဋ္ဌာန်းဆရာက ဒီလိုလုပ်တယ်"လို့ ကဲ့ရဲ့ ကြမှာကို မြှော်တွေးပြီး မြင်မိလို့ပါပဲ၊ ဒါကြောင့် သံသယမရှိပဲ အကြောင်းမဲ့ သိမ်ထပ်ခြင်း, ကံထပ်ခြင်းကို ရှောင်ကြဉ်ကြရန် အထူးသတိပေးပါတယ်၊ ကံထပ် ပေးလိုတဲ့ ဒကာ ဒကာမမျှား ပေါ်ပေါက်လာယင်လဲ "ကုသိုလ် အထူး မရ ကြောင်း, အပိုသက်သက် ဖြစ်ကြောင်း, ဒီလောက် အရွယ်ကြီးမှ ကံထပ်ယင် ရှက်ဘွယ်ဖြစ်ကြောင်း"စသည်ဖြင့် ပြောဟောပြီး လက်မခံပဲ ပယ်လိုက်ကြစေ လိုပါတယ်၊ ဘုရားတပည့်တော်ကိုယ်တိုင်ကတော့ အဲဒီအတိုင်းပဲ နားလည်အောင် ပြောဟောပြီး ပယ်ခဲ့ပါတယ်၊ အမှန်ကတော့ ရဟန်းဒကာ ဒကာမတွေရဲ့

သင်္ကန်း စသည်ကို ခံယူပြီး အကြောင်းမဲ့ သိမ်ဆပ်ဘာ, ကံထပ်တာဟာ ကိုတ္တိမသားမွေးသလိုပင် သံယောဇဉ်ပွါးစေတဲ့ အလုပ်ပါပဲ။

(၅) အညီအညွတ် ဆောင်ရွက်ရေး

အမှတ်-၅ အညီအညွတ်ဆောင်ရွက်ရေးအကြောင်းကတော့ အယင်နှစ်များ ကလဲ ပြောခဲ့ပါပြီ၊ အစစ အရာရာမှာ အညီအညွတ် ဆောင်ရွက်ဘို့ပါပဲ၊ ယခု သြဝါဒခံယူပူဇော်ပွဲကို လာရောက်ပြီး စွမ်းနိုင်ရာ တာဝန်ကို ဆောင်ရွက်ကြ တာလဲ အညီအညွတ်ဆောင်ရွက်တာပါပဲ၊ အောက်ထစ်ဆုံးအားဖြင့် ယခုလို သြဝါဒ စကားကို နာယူကြတာဟာလဲ အညီအညွတ် ဆောင်ရွက်ကြတာပါပဲ၊ မဟာစည်ဓမ္မကထိကအဖွဲ့က နယ်လှည့်ပြီး တရားဟောတာ ရှိပါတယ်၊ အဲဒီလို ဟောဘို့ရာအတွက် ဒကာကြီး ဦးညိပုက ဒီလို လျှောက်ထားပါတယ်၊ "ထိုထို အရပ်ဒေသတွေမှာ သတိပဋ္ဌာန်ရှုနည်းတရားကို မ်နာကြားဘူးတဲ့ သူတွေ နာကြားကြရအောင်, နာကြားဘူးတဲ့သူတွေမှာလဲ ဓမ္မကထိကအသ်စ်ဟောတဲ့ တရားကို နာကြားကြရအောင် ဓမ္မကထိကအဖွဲ့ ဖွဲ့ပြီး နယ်လှည့်ဟောစေယင် ကျေးဇူးများမည်ထင်ကြောင်း" လျှောက်ပါတယ်၊အဲဒီတော့ ဘုရားတပည့်တော် ကလဲ ဆင်ခြင်ပြီး သင့်တော်တဲ့ အလုပ်ဖြစ်တဲ့အတွက် ခွင့်ပြုထားပါတယ်။

သင့်တော်ပုံကတော့ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ပဌမ ဝါကျွတ်တဲ့ အခါမှာ "စရထ ဘိက္ခဝေ စာရိကံ=ရဟန်းတို့ ဒေသစာရိ လှည့်လည်ကြ၊ ဒေသထ ဓမ္မံ=တရားကို ဟောကြ" စသည်ဖြင့် ရဟန္တာ ၆-ကျိပ်ကို တရားဟော စေလွှတ်တော်မူခဲ့ပါတယ်၊ ဒီလို ဘုရားကိုယ်တော်တိုင်က တရားဟောလှည့်လည် ခြင်းကို အလိုရှိပြီး စေလွှတ်တော်မူတဲ့အတွက် သင့်တော်တဲ့ အလုပ်ဖြစ်ကြောင်း ထင်ရှားသိရပါတယ်။

အဲဒီလို ဘုရားတပည့်တော်က ခွင့်ပြုထားတဲ့အတိုင်း မဟာစည်ဓမ္မကထိက အဖွဲ့ဝင်တွေက အဖွဲ့မှ ညွှန်ကြားရာနယ်ကို လှည့်ပြီး တရားဟောကြပါတယ်၊ အဲဒီလို ဟောရာမှာ တခ္ခါဌာနက မလိုလားတဲ့အနေနဲ့ အဆင်မပြေအောင် ပြောတာ, ပြုတာကလေးတွေ ရှိခဲ့ပါတယ်၊ အဲဒီ အကြောင်းကို အယင်နှစ်များ ကလဲ ပြောခဲ့ပါပြီ၊ အမှန်ကတော့ သတိပဋ္ဌာန်ဒေသနာတော်အရ နည်းမှန်

လမ်းမှန် ဝိပဿနာတရားကို ဟောယင်, တရားနာပရိသတ်ကလဲ နှစ်သက်လက်ခံယင် ကမ္မဋ္ဌာန်းဆရာများက ဝမ်းမြောက်ဝမ်းသာ သဘောတူစရာသာ ရှိပါတယ်၊ သို့သော် ဟောပုံက နေရာမကျလို့ ပရိသတ်က မနှစ်သက်ဘူး၊ တရားနာမည့်သူ နည်းလွန်းတယ်ဆိုယင်တော့ တာဝန်ခံပြီး တရားပွဲ ကျင်းပပေးဘို့ရာ တာဝန်လေးပေလိမ့်မယ်၊ တရားနာလိုတဲ့သူတွေရှိနေပါလျက် ဆရာတူ နည်းချင်းလဲတူတဲ့ ကမ္မဋ္ဌာန်းဆရာက ကန့်ကွက်တဲ့အနေနဲ့ ပြောတာ, ပြုလုပ်တာကတော့ မညီညွတ်တဲ့သဘော ပြတာပဲ၊ မနာလို ဝန်တိုတဲ့လက္ခဏာလဲ ပေါ်နေပါတယ်။

တမြို့တည်း ကမ္မဋ္ဌာန်းဌာနခွဲတွေ

နောက်တခုက တမြို့တည်းမှာ ကမ္မဋ္ဌာန်းဌာနခွဲရှိနေယင် တရားတူဌာနချင်း အညီအညွတ် ဆောင်ရွက်သွားဘို့ လိုပါတယ်၊ ပုံစံထုတ်ပြရယင်–မန္တလေးမြို့မှာ မဟာစည်ဌာနခွဲ ငါးခု ရှိပါတယ်၊ အဲဒီ ငါးခုဟာ အချင်းချင်း ဆန့်ကျင်ခြင်း မရှိပါဘူး၊ စွမ်းနိုင်သမျှ အကူအညီသာ ပေးကြပါတယ်၊ အဲဒီအတိုင်းပဲ အညီအညွတ် ဆောင်ရွက်သင့်ပါတယ်၊ အကောင်းဆုံးကတော့ မြို့ရွာက မကျယ်လှတဲ့ အရပ်တွေမှာဆိုယင် တဌာနတည်း ရှိတာဟာ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် အကြောင်းအားလျော်စွာ ဌာနသစ်တခု ပေါ်ပေါက်လာယင်,နည်းမှန် လမ်းမှန် အတိုင်းလဲ ဟောပြောပြနေယင် အချင်းချင်း ဆန့်ကျင်ဘွယ် မရှိပါဘူး၊ ဘယ်သူက ဟောလို့ ပဋိပတ္တိသာသနာ တိုးပွါးသည်ဖြစ်စေ ပဋိပတ်ကို အလေးပြုသူတိုင်း နှစ်သက်ကြည်ဖြူစွာနဲ့ ဝမ်းမြောက်ရမှာချည်းပါပဲ၊ ဒီစကားကို ထည့်ပြောရတာကတော့ အထက်အရပ်က မြို့ငယ်တခုနဲ့ အောက်အရပ်က မြို့ငယ်တခုမှာ မထင်ရှားတဲ့ ရိပ်သာခွဲကလေးများ တွက်ပါပဲ၊ တရားနည်းလမ်းချင်း တူပါလျက် အခြားဌာန၏ အပြစ်ကို ပြောခြင်း, ဆန့်ကျင်ဘက်ပြုခြင်းများဟာ မိမိသန္တာန်မှာ ကိလေသာ ငြိမ်းကြောင်း တရားကောင်းမရှိသေးဘူး ဆိုတာ ဝန်ခံရာ ရောက်ပါတယ်၊ ဒါကြောင့် ဌာနချင်း ကွဲနေပေမယ်လို့ တရားနည်းမှန်ချင်း တူယင် စွမ်းနိုင်ပါက အကူအညီပေးဘို့, မစွမ်းနိုင်ယင်လဲ မဆန့်ကျင်ပဲ အညီအညွတ် ဟောပြော ဆောင်ရွက်သွားဘို့ အထူးသတိပေးပါတယ်။

(၆) နောက်နှစ်အတွက် အစီအစဉ်

နောက်နှစ်အတွက် အစီအစဉ်ကတော့ ယခုနှစ် အတိုင်းပါပဲ၊ နတ်တော်လပြည့်နေ့မှာ သြဝါဒ ခံယူ ပူဇော်ပွဲ ကျင်းပဘို့ သတ်မှတ်ထားပါတယ်၊ အကြို တရားပူဇော်ပွဲ, ည တရားပွဲများကို နတ်တော်လဆန်း ၁၂-ရက်နေ့က စပြီး ကျင်းပသွားဘို့ပါပဲ၊ ဒါကြောင့် တရားပူဇော်ပွဲတွင် ပါဝင်ဆောင်ရွက်ကြမည့် အရှင်မြတ်များဟာ နတ်တော်လဆန်း ၁၁-ရက်နေ့ အရောက် ကြွလာကြဘို့ သင့်ပါတယ်၊ ည တရားဟောနိုင်စွမ်းရည် ရှိတဲ့ ပုဂ္ဂိုလ်များဟာ ကြွလာနိုင်းညည်ဆိုလျှင် ခပ်စောစောကတည်းက စာဖြင့် အကြောင်းကြားစေလိုပါတယ်၊ အခြားဆရာတော်များလဲ မလာမီရက် တပတ်, နှစ်ပတ်လောက်ကကြိုတင်ပြီး အကြောင်းကြားစေလိုပါတယ်၊ ကမ္မဋ္ဌာန်းနဲ့ မပတ်သက်တဲ့ အာဂန္တုကိုယ်တော်များကိုတော့ ပင့်ခေါ်မလာကြဘို့ တောင်းပန်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ နေရာအခက်အခဲ ရှိတတ်သောကြောင့်ပါပဲ၊ ဝါငယ်တဲ့ အရှင်မြတ်များနှင့် ကပ္ပိယဒကာများကတော့ အိပ်ရာလိပ် ပါလာယင် ကောင်းပါတယ်၊ ယောဂီ အမျိုးသား, အမျိုးသမီးများ လာရောက်ကြမည်ဆိုယင်လဲ အရေအတွက် စာရင်းကို စောစောက ပို့ထားယင် နေရာအတွက် အဆင်သင့် စီစဉ်ထားဘို့ အခွင့်အရေးရတဲ့အတွက် ကျေးဇူးများပါတယ်။

နောက်တခုကတော့ ယောဂီ စာရင်းကို သီတင်းကျွတ်လပြည့်အတွင်း ပို့ကြစေလိုပါတယ်၊ ပို့တာ နောက်ကျယင် အစီရင်ခံစာ စာအုပ်ထဲမှာ မပါပဲ ကျန်နေပါလိမ့်မယ်။

နောက်တခုကတော့ ဆွေးနွေးပွဲ ကျင်းပဘို့ စဉ်းစားထားပါတယ်၊ ဆွေးနွေးပုံကတော့ မိမိတို့ထံမှာ ယောဂီတို့က ပြောကြားတဲ့ အတွေ့အထူး မှတ်ဖွယ်များကို တင်ပြဘို့ပါပဲ၊ ကမ္မဋ္ဌာန်း စစ်မေး ပြုပြင်ပေးရာ၌ အခက်အခဲကလေးများရှိယင်လဲ အဲဒီ အခက်အခဲများအတွက် မေးမြန်းဘို့, အဲဒီ အမေးကို စွမ်းနိုင်တဲ့ ကမ္မဋ္ဌာနာစရိယက ဖြေရှင်းပေးဘို့ပါပဲ၊ အဲဒီ ဆွေးနွေးပွဲဟာ အလွန်ကျေးဇူးများပါလိမ့်မယ်၊ ဒီနှစ်မှာတော့ နက်ဖြန် တရက်ထဲ ရှိတော့တယ်၊ နက်ဖြန် နံနက် ၇-နာရီလောက်က စပြီး တနာရီခွဲလောက် ဆွေးနွေးပွဲ ကျင်းပ

ရန် ဖြစ်ပါတယ်၊ နောက်နှစ်မျိုးမှာတော့ အကြို တရားပူဇော်ပွဲများတွင် နေ့ခင်း ပူဇော်ပွဲကို နေ့ ၁-နာရီမှ စပြီး ၃-နာရီမှာ အပြီးသတ်ဖို့, ညနေ ၄-နာရီခွဲမှစပြီး ၆-နာရီ အထိလဲ ဆွေးနွေးပွဲကျင်းပဘို့ စဉ်းစားထားပါတယ်၊ အဲဒီ ဆွေးနွေးပွဲက တင်ပြဆွေးနွေးကြတဲ့ မှတ်သားဘွယ်များကို စာအုပ်အဖြစ် မှတ်တမ်းတင်ထားဘို့လဲ ရည်ရွယ်ထားပါတယ်၊ ယခု လက်ရှိ ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းစာအုပ်ဟာ ကမ္မဋ္ဌာန်းဆရာများဖြစ်ကြတဲ့ ဆရာကြီးနဲ့ ဆရာကြီးတို့၏ အတွေ့များကို စုပေါင်းပြီး ပြုလုပ်ထားဘဲ့ စာအုပ် ဖြစ်ပါတယ်၊ ယခု ဆွေးနွေးပွဲက မှတ်တမ်းဟာလဲ အဲဒီ စာအုပ်လိုပင် အကျိုးများပါလိမ့်မယ်။

နောက်တခုကတော့ ဝိနည်းပူဇော်ပွဲနှင့် စပ်ပြီး နံနက်တိုင်း ပါတိမောက်ကို ရွတ်ဆို ပူဇော်ကြရာမှာ တရက် တရက်၌ ၁၀-ပါး, ၁၀-ပါး အထူး ကျေပြွန်စွာ ကျက်မှတ်ပြီး ရွတ်ဆို ပူဇော်ကြဘို့ပါပဲ၊ ၄-ရက်ခန့်ရာမှာ မိမိတို့အလိုရှိတဲ့ ရက်မှာ အထူးပူဇော်ကြဘို့ပါပဲ။

(၂) ဟောပြောရေး-စသည်အတွက် ညွှန်ကြားရေး

ဟောပြောရေး စသည်အတွက် ညွှန်ကြားရေး ဆိုတာကို ၁၃၇၅-ခုနှစ်က ထုတ်ဝေတဲ့ သြဝါဒ ကထာ စာအုပ်ထဲမှာ ပြထားတာ တော်တော် ပြည့်စုံပါတယ်၊ အဲဒါတွေသဲက နောက်ဆုံး ညွှန်ကြားချက်ကလေးကိုတော့ ထပ်ပြီး ပြောပါအုံးမယ်၊ တခြားဌာနကပဲ ဖြစ်ဖြစ်, တဌာနတည်းမှာပင် ပဌမ ဆရာ လက်ထက်ကပဲ ဖြစ်ဖြစ် ဉာဏ်စဉ်တရား နာဘူးတဲ့ ယောဂီဟောင်း ဆိုယင် ဉာဏ်စဉ်တရား ဟောတဲ့အခါ နာချင်ယင် နာခွင့်ပြုရမယ်၊ အကြောင်းကတော့ ပဌမ အားထုတ်စဉ်က အတွေ့အသိ ရှင်းပေမယ့် နောက်ထပ် အားထုတ်တဲ့ အခါမှာ အကြောင်း မညီညွတ်လို့ အတွေ့အသိ မရှင်းတာလဲ ရှိတတ်ပါတယ်၊ နောက်ပြီးတော့ ယောဂီဟောင်းက ဉာဏ်စဉ်တရားကို နာချင်ပါလျက် ကမ္မဋ္ဌာန်းဆရာက ခွင့်မပြုယင် ပဌမ ကမ္မဋ္ဌာန်းဆရာကို နှိမ်ချသလိုလဲ အပြစ်ရောက်တတ်ပါတယ်၊ ယခင်က ဉာဏ်စဉ်တရားကို နာထိုက်တဲ့ အဆင့်ရောက်လို့ နာခဲ့ရပြီ ဖြစ်ပါလျက် နောက်တကြိမ် ထပ်ပြီး အားထုတ်လိုက်မှ ဉာဏ်အဆင့်က လျှောကျ

သွားတယ်လို့လဲ ထင်စရာ ရှိပါတယ်၊ ဒါကြောင့် ဉာဏ်စဉ်တရား နာချင်တဲ့ ယောဂီဟောင်းအား နှာခွင့် ပြုသင့်ပါတယ်။

ဉာဏ်စဉ်တရား နာခွင့်

နောက်တခုက အရပ်ဝေးမှ လာပြီးတော့ နှစ်လ,သုံးလလောက် ရှိရှိသေသေ အားထုတ်ပါလျက် ဉာဏ်စဉ် နာနိုင်လောက်တဲ့ အဆင့်ကို မရောက်သေးပေမယ့် နောက်တကြိမ် လာဘ်ရှိရာလဲ မလွယ်ကူဘူး, မသေချာဘူး, ဉာဏ်စဉ်တရားကိုလဲ နာချင်တယ်ဆိုယင် အဲဒီလို ယောဂီအား ကမ္မဋ္ဌာန်း ဆရာက မိမိထင်မြင်တဲ့ ဉာဏ်အဆင့်ကို ပြောပြပြီးတော့ နာခွင့် ပြုနိုင်ပါတယ်၊ "ယောဂီ ပြောပြသလောက်ကတော့ ဒီဉာဏ်အဆင့်လောက်ပဲ ရှိသေးတယ်၊ ဉာဏ်စဉ် ပြည့်စုံတဲ့ အနေနဲ့ အခွင့်ပြုတာတော့ မဟုတ်ဘူး၊ ကိုယ် တွေ့ရ, သိရသလောက်ကို အသိအမှတ်ပြုရအောင် နာခွင့်ပြုတယ်"လို့ ပြောပြီး နာခွင့် ပြုရုံပါပဲ၊ ဉာဏ်စဉ်တရား နာခွင့် မပြုတာက လျှို့ဝှက်တဲ့သဘော မဟုတ်ပါဘူး၊ တရား မပြည့်စုံသေးပဲနဲ့ ဉာဏ်စဉ်တရားကို နာလျှင် နောက်တကြိမ် အားထုတ်တဲ့ အခါကျတော့ စိတ်ကူးတွေ ဝင်ပြီးတော့လဲ အနှောင့်အရှက် ဖြစ်တတ်တယ်၊ မဟုတ်သေးပဲနဲ့ အဟုတ်ထင်ပြီး ပြောတဲ့အတွက် အရှုပ်အထွေးလဲ ဖြစ်တတ်တယ်၊ဒီလို အန္တရာယ်တွေကြောင့်ပါပဲ၊ ဒါကြောင့် လာရာဘို့မြော်လင့်ဘွယ်မရှိတဲ့ ယောဂီအား သူက နာချင်တယ်ဆိုယင် ပြောသင့်တာကို ပြောပြီး နာခွင့်ပြုနိုင်ပါတယ်။

လိုရင်းကတော့ ဝိနည်းဆိုင်ရာ သီလအကျင့် ပဋိပတ်ရော, သုတ္တန် ဆိုင်ရာ သီလ, သမာဓိ, ပညာ ပဋိပတ် ရော အဲဒီ ပဋိပတ္တိသာသနာတော် တည်တံ့ရေး, ပြန့်ပွါးရေးကို အလေးပြုပြီး ဆောင်ရွက်သွားကြဘို့ပါပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်ကျော်လောက်က ရှေကျင်ဂိုဏ်း မဟာနာယကချုပ် ရှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီးက "သာသနာတော်ကို ကိုယ့်အတွက် မသုံးဘို့, ကိုယ့်ကိုယ်ကိုသာ သာသနာတော်အတွက် အသုံးချဘို့"လို့ မိန့်တော်မူတဲ့ စကားဟာ အင်မတန်ကောင်းပါတယ်၊ ဘုရားသာသနာတော်ကို မှီပြီး လာဘ်လာဘ ပေါများအောင်, ဘုန်းကြီးအောင် ပြောဟော ပြုလုပ်တာတွေဟာ သာသနာတော်ကို ကိုယ့်အတွက် အသုံးချတာပဲ၊ ဒကာ

ဒကာမတွေက ကျောင်းအဆောက်အအုံကို သာသနာတော်အတွက် အကျိုးများအောင် သံဃာက လှူဒါန်းချင်ပါလျက် သာသနာ့ဝန်ထမ်း ရဟန်းတော်က ပုဂ္ဂလိက အလှူခံပြီး ကိုယ့်သဘောအတိုင်း သုံးစွဲတာ, အမေ့ပေးတာတွေလဲ သာသနာတော်ကို ကိုယ့်အတွက် အသုံးချတားပါပဲ၊ အဲဒီလို "သာသနာတော်ကို ကိုယ့်အတွက် အသုံးမချပဲ ကိုယ့်ကိုယ်ကိုသာ သာသနာတော်မှာ အကျိုးများစေရန်အတွက် အသုံးချပါ"တဲ့၊ အဲဒီလို ကိုယ့်ကိုယ်ကို သာသနာတော်အတွက် အသုံးချတာဟာ အင်မတန်ကောင်းတဲ့ စိတ်သဘောထားပဲ၊ သာသနာဝင် ပုဂ္ဂိုလ်တိုင်းက အဲဒီလို ကောင်းမြတ်စင်ကြယ်တဲ့ စိတ်သဘောထားဖြင့် ဆောင်ရွက်သွားကြမယ်ဆိုယင် သိပ်ကောင်းမှာပဲ။

အဲဒါကြောင့် ကမ္မဋ္ဌာန်းဆရာ မထေရ်ကြီးဖြစ်ဖြစ်, သာမန် ယောဂီရဟန်းဖြစ်ဖြစ် သာသနာတော်ကို ကိုယ်ကျိုးအတွက် မသုံးပဲ မိမိကိုယ်ကိုသာ သာသနာတော်အတွက် အသုံးပြု ဆောင်ရွက်သောအားဖြင့် မြတ်စွာဘုရားအလိုတော်အတိုင်း သီလ, သမာဓိ, ပညာတို့ကို ပြည့်စုံသည်ထက် ပြည့်စုံအောင် ကိုယ်တိုင်လဲ ကျင့်ပြီး သူတပါးတွေကိုလဲ ကျင့်နိုင်အောင် ဟောပြောတိုက်တွန်းပေးလျက် သာသနာတော် အကျိုးကို တိုး၍ တိုး၍ ဆောင်ရွက်နိုင်ကြပါစေ၊ အဲဒီလို ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကိုလဲ တိုးတက်ပြန့်ပွားစေနိုင်သည့်အပြင် မိမိတို့ အလိုရှိအပ်သော တရားတူး, တရားမြတ်တွေကိုလဲ အပြည့်အစုံ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

၁၃၃၇-ခုနှစ် နှစ်ပတ်လည် သြဝါဒကထာ ပြီး၏။

အမှာ။ ။ဤ သြဝါဒကထာ၌ ရဟန်းတော်တို့၏ ဝိနည်းဆိုင်ရာ သြဝါဒကထာချည်း သြဝါဒ ပေးတော်မူထားခြင်း မဟုတ်သော်လဲ ကမ္မဋ္ဌာနာစရိယများနှင့် ယောဂီတို့အတွက် ဝိနည်းဆိုင်ရာနှင့် အလားတူစွာ စာရိတ္တရော, ဝါရိတ္တပါ အပြည့်အစုံ သြဝါဒ ပေးထားပါသည်။ ထို့ကြောင့် ဝိနည်းဆိုင်ရာ သြဝါဒကထာ အဖြစ် ထည့်သွင်းသင့်သဖြင့် မချန်မခြင်း ထည့်သွင်းဖော်ပြလိုက်ပါသည်။ (စုဆောင်းသူ)

စည်းမျဉ်းဥပဒေများ

နိဒါန်း

နမော ဗုဒ္ဓဿ ဝိနယပညာပကဿ တံဝန္ဓာဝါဒိနော။

မည်သည့်လုပ်ငန်းမဆို အများနှင့် သက်ဆိုင်လျှင် စည်းမျဉ်းလည်း ရှိရမည်၊ ထို စည်းမျဉ်းကိုလည်း ရိုသေရမည်၊ သို့မှသာလျှင် ထိုလုပ်ငန်းသည် အပြစ်ကင်းရှင်း စင်ကြယ်နိုင်သည်၊ အရှည်လည်း တည်တံ့ထွန်းကား ကြီးပွါးသွားနိုင်ပေသည်၊ စည်းမျဉ်းမရှိလျှင် သို့မဟုတ် စည်းမျဉ်းကို မရိုသေလျှင်ကား အပြစ်များစွာ ဖြစ်ပေါ်လာပြီးလျှင် မကြာမီပင် ပျက်စီးသွားတတ်ပေသည်။

သို့ဖြစ်၍ လောကရေးရာတွင် ကြီးကျယ်သောလုပ်ငန်းဟူသမျှမှာ စည်းမျဉ်းများကို ထားကြသည့်ပြင် စည်းကမ်းသေဝပ်သော လူတော် လူကောင်းများကိုလည်း တာဝန်ဆောင်အဖြစ်ဖြင့် ရွေးချယ်၍ ခန့်ထားကြပေသည်။ ဤသို့ခန့်ထားကြရာတွင် စည်းမျဉ်းနှင့် တာဝန်ဆောင် ပုဂ္ဂိုလ် ၂-မျိုးလုံးက ကောင်းလေလေ လုပ်ငန်းမှာ ကြီးပွါးလေလေ ဖြစ်ပေသည်။

ဤ စည်းမျဉ်းကောင်း, တာဝန်ဆောင် ပုဂ္ဂိုလ်ကောင်းများမှာ လောကရေးရာ၌သာ လိုသည် မဟုတ်သေး၊ လောကမှ ထွက်မြောက်ရေးဖြစ်သော ဗုဒ္ဓသာသနာတော်ကြီး၌လည်း နည်းတူပင် လိုလျက် ရှိပေသည်။ ဤ ၂-မျိုးတို့တွင် စည်းမျဉ်းကောင်းရှိပါမှ စည်းမျဉ်းကို ရိုသေသော တာဝန်ဆောင်ပုဂ္ဂိုလ်ကောင်းလည်း ပေါ်လာနိုင်ပေသည်၊ စည်းမျဉ်းမျှပင် မရှိလျှင်ကား စည်းမျဉ်းကို ရိုသေသူ တာဝန်ဆောင်ပုဂ္ဂိုလ်ကောင်း အဘယ်မှာ ပေါ်လာနိုင်ပါတော့အုံးနည်း၊ ဤ အရာ၌ "ဝိပဿီ, သိခီ, ဝေဿဘူ-ဟူသော ဘုရားရှင် ၃-ဆူတို့သည် ရဟန်းတော်များ၏ စည်းမျဉ်းဖြစ်သော ဝိနည်းကို ပညတ်တော်မမူခဲ့သောကြောင့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကောင်းများ မပေါ်လာနိုင်သဖြင့် ထို ဘုရားရှင်တို့၏ သာသနာတော်သည် ကြာရှည်စွာ မတည်တံ့ပဲ လျင်စွာ ကွယ်ပျောက်သွားသည်" ဟု မိန့်ဆိုထားသော ဘုရားစကားတော်ကို သောက်ထားသင့်ပေသည်။

စည်းမျဉ်းမရှိလျှင် သာသနာအရှည် မတည်နိုင်

အထက်ပါ ထောက်ထားဘွယ်ကို အနည်းငယ်ခွဲ၍ ပြရလျှင် ဤ သုံးဆူသော ဘုရားရှင်တို့သည် ထို ခေတ်အခါက ဝေနေယျတို့၏ အဗျာသယအားလျော်စွာ သုတ္တ,ဂေယျ စသော တရားတော်ကိုလည်း ကျယ်ပြန့်စွာ မဟောမူ၍ အကျဉ်းမျှသာ ဟောတော်မူကုန်၏၊ ဝိနည်းကိုလည်း ကျယ်ပြန့်စွာ ပညတ်တော်မမူကုန်၊ ဩဝါဒ ပါတိမောက် မျှကိုသာ ဟောပြတော်မူကုန်၏၊ ထို့ကြောင့် ထို ဘုရားရှင်တို့နှင့် တကွ အနုဗုဒ္ဓဖြစ်သော ဘုရားတပည့် သာဝကကြီးများ ကွယ်လွန်တော်မူသွားကြပြီးသော နောက်ကာလ၌ ထို ဘုရားရှင်တို့ ပြုစု ပျိုးထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးများသည် ဆရာ,တပည့် ၂-ဆက်, ၃-ဆက်မျှဖြင့် ကွယ်ပ သွားကြရှာလေတော့၏။

ကွယ်ပရုံမှာ ထိုစဉ်အခါမျှားဌ သာသနာတော်သို့ ဝင်ရောက်လာကြသော ပုဂ္ဂိုလ်များမှာ လူမျိုးတမျိုးတည်းလည်း မဟုတ်ကြ၊ ဇာတ်အနွယ်အားဖြင့်လည်း မတူကြ၊ ဤသို့ အမျိုး, ဇာတ်,အနွယ် မတူကြလျှင် အယူအဆ အတွေးအခေါ်များလည်း ကွဲပြားလျက် ရှိကြပေမည်၊ သို့ဖြစ်၍ ထို နောက်ဆက်တွဲ ရဟန်းတို့သည် မိုဃ်ငြမ်းပြုစရာ ဓမ္မ,ဝိနယများကလည်း မရှိသည့်အတွက် မိမိတို့ထင်သလို ယူဆကြ, ကျင့်ကြံကြ, ဟောပြောကြမည်မှာ ယုံမှားဘွယ် မရှိပေ၊ ထိုစဉ်အခါတွင် မည်သို့ပင် မှားယွင်းစွာ ကျင့်ကြံ ပြောဟောစေကာမူ ဝိနည်း စည်းမျဉ်းနှင့် တကွ သုတ္တ,ဂေယျ စသော တရားတော်ကလည်း ကျယ်ကျယ်ပြန့်ပြန့် မရှိသဖြင့် အခြားပုဂ္ဂိုလ်များကလည်း ဆုံးမပြုပြင်နိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် ထို နောက်ဆက်တွဲ ရဟန်းတော်တို့သည် သင်ရာကို ပြောဟော ကျင့်ကြံကြလျက် ထို ဘုရားရှင်တို့၏ ပွန်မြတ်လှစွာသော သာသနာတော်ကို သူတို့၏ လက်ထက်မှာပင် ကွယ်ပ စေကြကုန်၏၊ ဖျောက်ဖျက် ပစ်လိုက်ကြကုန်၏၊ ထို့ကြောင့်.... "တေ တံ ဒြဟ္မစရိယံ ဒီပွညေ အန္ဓရဓာပေသုံ" ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပေသည်၊ (ဓမ္မသံဝေဂ ဖြစ်ဘွယ်ပေတည်း၊ ဤ နောက်ပိတ်ဆုံး သာဝကမျိုး မဖြစ်စေရန် သတိပြုသင့်လှပေ၏။)

စည်းမျဉ်းခိုင်ခံ့မှ သာသနာ အရှည်တည်တံ့သည်

"ကကုသန်, ကောဏာဂုံ, ကဿပ ဟူသော ဤဘုရားရှင် ၃-ဆူတို့၏ သာသနာတော်သည်ကား စည်းမျဉ်း ခိုင်ခံ့၍ ကြာရှည်စွာ တည်တံ့သည်"ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပေသည်၊ အနည်းငယ် ခဲ့၍ ပြောရလျှင် ဤ ၃-ဆူသော ဘုရားရှင်တို့သည် သုတ္တ, ဂေယျ-စသော တရားတော်ကိုလည်း ကျယ်ပြန့်စွာ ဟောတော်မူကုန်၏၊ ဝိနည်းကိုလည်း ကျယ်ပြန့်စွာ ပညတ်တော်မူကုန်၏။ ထို့ကြောင့် ဘုရားရှင်တို့နှင့် တကွ အနုဗုဒ္ဓဖြစ်တော်မူကြသော ဘုရားတပည့် သာဝကကြီးများ ကွယ်လွန်သွားကြသော်လည်း နောက်နောက် တပည့် သာ-ဝက အဆက်ဆက်တို့သည် ထို ဘုရားရှင်တို့ တည်ထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးများကို အဓွန့်ရှည်စွာသော ကာလပတ်လုံး အခြေမပျက် တည်တံ့သွားအောင် စောင့်ရှောက်တော်မူနိုင်ကြပေသည်။

စောင့်ရှောက်ကြပုံမှာ ထိုအခါများ၌ သာသနာတော်သို့ ဝင်ရောက်လာကြသော ပုဂ္ဂိုလ်တို့သည် အမျိုး, ဇာတ်, အနွယ် အယူအဆ မတူကြစေကာမူ တဦးဦးက မှားယွင်းစွာ ပြောဟော ကျင့်ကြံခဲ့လျှင် အကျယ် ပညတ် ဟောကြားထားသော ဝိနည်း စည်းမျဉ်းများဖြင့်ရင်း၊ သုတ္တ, ဂေယျ စသော ဩဝါဒ တရားတော်များဖြင့်ရင်း အခြားပုဂ္ဂိုလ်တို့က ဝိုင်းအုံ၍ ဆုံးမ ပြုပြင်ကြသောကြောင့် ထိုမှားသောပုဂ္ဂိုလ်လည်း အမှားကို ပယ်ဖျောက်၍ အမှန်သို့ ရောက်သွားလေတော့သည်။ ဤနည်းဖြင့် ဘေးရန် အန္တရာယ်များကို ပယ်ရှား ကာကွယ်ကြ၍ ထို ဘုရားရှင်တို့၏ သာသနာတော်ကို ဆရာတပည့် အဆက်ဆက် ရှည်မြင့်စွာ သော ကာလပတ်လုံး တည်တံ့နေအောင် စောင့်ရှောက် ထားကြပေကုန်၏။ ထို့ကြောင့် " တေ တံ ဗြဟ္မစရိယံ စိရံ ဒီဃမဒ္ဓါနံ ဋ္ဌပေသုံ "ဟု မြတ်စွာဘုရားက အရှင်သာရိပုတြာအား မိန့်ကြားတော်မူပေသည်။

(အားကျဘွယ်, အတုယူဘွယ် ကောင်း၏၊ ဤ သာသနာ၌ သာဝက မျိုးများဖြစ်အောင် ကြိုးစားသင့်လှပေ၏။)

သာသနာအရှည် တည်စေလိုရှိ ဝိနည်းစည်းကမ်းများကို တောင်းပန်ရသည်

အထက်ပါ မိန့်ခွန်းတော်များကို ကြားရရှိ အရှင်သာရိပုတြာက သာသနာတော် အရှည်တည်တံ့ရေးအတွက် ဝိနည်း သိက္ခာပုဒ်များကို ပညတ်တော်မူရန် တောင်းပန် လျှောက်ထားခဲ့ပေသည်၊ ဤသို့ တောင်းပန်သည့်အတိုင်းပင် အချိန်တန် အခါကျသော နောက်ကာလများ၌ မြတ်စွာဘုရားက ဝိနည်း သိက္ခာပုဒ်တော်များကို ပညတ်ထားတော်မူခဲ့ပေသည်၊ ထို့ကြောင့်ပင် ဘုရားရှင်နှင့် တကွ အနုဗုဒ္ဓ ဖြစ်တော်မူကြသော ဘုရားတပည့် သာဝကကြီးများ ကွယ်လွန်သွားကြသော်လည်း သာသနာတော်နှစ် ၂၄၉၆-ခု မြောက် ယခုကာလ တိုင်အောင် နိကာယ်ငါးရပ် ပိဋကသုံးပုံ ဘုရား စကားတော် အလုံးစုံ ဟူသော ပရိယတ္တိသာသနာတော်ကြီးသည် နေ့,လ အလားကဲ့သို့ ထင်ရှားပြည့်စုံစွာ တည်တံ့လျက်ရှိပေသည်၊ ဤ ပရိယတ္တိသာသနာ ပြည့်စုံစွာ တည်ရှိနေသောကြောင့်ပင်လျှင် ပဋိပတ္တိ သာသနာတော်သည်လည်း တည်ရှိနေပါပေသည်၊ ဤ အခြေခံ သာသနာတော် ၂-ပါးလုံး အပြည့်အစုံ တည်ရှိနေသောကြောင့်ပင်လျှင် မဂ်ဖိုလ်ဟူသော ပဋိဝေဓ သာသနာတော်သည်လည်း နည်းလမ်းမှန်စွာ အပြည့်အစုံ ကျင့်ကြံ အားထုတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အထင်အရှား ဖြစ်ပွါးလျက် တည်ရှိနေပါပေသည်၊ နောက်ကာလ၌လည်း နှစ်ပေါင်း ၂၅၀၀-ကျော် အထိ သာသနာတော် တည်တံ့သွားပေဦးမည်၊ (ဝိနည်း စည်းမျဉ်းရှိ၍ ယခုခေတ် ဗုဒ္ဓသာသနာဝင်များ သာသနာ့အရသာကို ခံစားနေရပါပေသည်ဟု နှုလုံးသွင်း၍ ဝိနည်းစည်းမျဉ်းကို အထူးသဖြင့် အလေးပြုသင့်ပေ၏။)

ယခုဖော်ပြခဲ့သည့်အတိုင်း မြတ်စွာဘုရား၏ သာသနာတော် အပြည့်အစုံ တည်ရှိနေသောကြောင့်ပင်လျှင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်လည်း ဆရာမြတ်တို့၏ နည်းဥပနိသျှမျှားနှင့်တကွ သတိပဋ္ဌာန်သုတ် အစရှိသော ပရိယတ္တိသာသနာတော်ကြီးကိုပင် အမှီပြု၍ "သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းတရား" ဟူသော ပဋိပတ္တိသာသနာတော်ကို အထင်အရှား ဟောကြားညွှန်ပြ၍လာခဲ့သည်မှာ ၁၅-နှစ်ခန့် ရှိခဲ့လေပြီ၊ ဤ ဝိပဿနာပဋိပတ်အလုပ်ကို အားထုတ်ကြကာ ကိုယ်ပိုင်ဉာဏ်အတွေ့ဖြင့် နှစ်နှစ်ခြိုက်ခြိုက် သဘောကျနေ

သော ရဟန်းရှင်လူအပေါင်းမှာလည်း ထောင်သောင်းမက များပြားလှပေပြီ၊ ဤပုဂ္ဂိုလ်အပေါင်း ထောင်သောင်းများစွာတို့တွင် စာပေကျမ်းဂန် ဗဟုသုတနှင့် ပြည့်ဝလုံလောက်သော ပုဂ္ဂိုလ်တို့မှာလည်း ဂဏဝါစက ဓမ္မာစရိယများနှင့်တကွ သိက္ခာ ဝါတော် ငါးဆယ်ကျော်အထိ ဆရာတော်ကြီးများလည်း ပါဝင်လျက် ရှိကြပေသည်။ ဤလို ဗဟုသုတနှင့်ပြည့်စုံကြသော ပုဂ္ဂိုလ်များက မိမိတို့ဆိုင်ရာ အရပ်ဒေသများ၌ တဆင့်တဆင့် ဟောပြောညွှန်ပြကြသဖြင့် ဖြစ်ပေါ်လာကြသော ကမ္မဋ္ဌာန်းဌာနခွဲများမှာလည်း တရုတ်နှင့် ရှိနေလေပြီ။

သို့ဖြစ်၍ ဌာနခွဲများစွာ, ပုဂ္ဂိုလ်များစွာတို့နှင့် သက်ဆိုင်သော "သတိပဋ္ဌာန် ဝိပဿနာ"ဟူသော ဤပဋိပတ္တိသာသနာလုပ်ငန်းကြီး၏ အရှည်တည်တံ့ရေး, အပြစ်တင်ဘွယ်ကင်း၍ သန့်ရှင်းစင်ကြယ်ရေးများအတွက် စီမံညွှန်ကြားရန် မိမိမှာ တာဝန်ဝတ္တရားရှိနေသေးသည်ဟု ဆရာတော်ဘုရား၏ ဉာဏ်တွင် ထင်မြင်ပေါ်ပေါက်လာခဲ့လေသည်၊ ထို့ပြင် ဤသို့ စီမံရာတွင်လည်း မိမိတပါးတည်း စီမံခြင်းထက် ကမ္မဋ္ဌာန်းပြသရာ၌ ကိုယ်တွေ့ဗဟုသုတ များစွာရှိကြသော ကမ္မဋ္ဌာန်းဆရာများနှင့် တိုင်ပင်ညှိနှိုင်း၍ စီမံခြင်းက ပိုမို၍ ကောင်းပေလိမ့်မည်ဟု ယူဆတော်မူခဲ့လေသည်၊ သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အထက်ပိုင်း, အောက်ပိုင်းမှာ ရှိကြသော မဟာစည်သတိပဋ္ဌာန်ကမ္မဋ္ဌာန်းဌာန များမှ ပဓာနဆရာတော်များကို ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ပင့်ဆောင်ပြီးလျှင် ၁၃၁၄-ခုနှစ် ဝါဆိုလဆန်း ၉-၁၀-၁၁-ရက်နေ့များ၌ ပဓာနကမ္မဋ္ဌာန၊-စရိယ အစည်းအဝေးကို ကျင်းပ၍ တည်ထားသင့်သော စည်းမျဉ်းဥပဒေများကို စဉ်းစားဆွေးနွေးခဲ့ကြပေသည်၊ ဤအစည်းအဝေးသို့ ပါဝင်ရောက်ကြသော ပုဂ္ဂိုလ်များမှာ—

(၁) သရက်ပင်ချောင်ဆရာတော်ဘုရားကြီး၊ လှည်းကူးမြို့နယ်။

(၂) ရွှေစေတီဆရာတော်၊ မန္တလေး (နောက်မှကြွလာသည်)။

(၃) အောင်မြေဘုံစံဆရာတော် အရှင်ဥာနုတ္တရ၊ ရန်ကုန်။

(၄) ရွှေမင်းဝံဆရာတော်၊ ရန်ကုန်။

(၅) ဝက်လက်ဆရာတော် အရှင်ကုသုမ၊ မူလ မဟာစည် ကမ္မဋ္ဌာန်း တိုက်၊ ရွှေဘို။

(၆) ဆရာတော် ဦးကလျာဏ၊ သံလျင်မြို့။

(၇) မဟာစည်ဆရာတော်၊ သာသနာ့ရိပ်သာ၊ ရန်ကုန်။

(၈) သဒ္ဓမ္မသီတဂူဆရာတော် အရှင်အာစိဏ္ဏ၊ ပုသိမ်။

(၉) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင်ဝိစာရ၊ (ယခု ဝါးခယ်မ)။

(၁၀) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင်သုဇာတ၊ရန်ကုန်။

(၁၁) ဦးနန္ဒမာလာ၊ လှည်းကူးရိပ်သာ၊ လှည်းကူးမြို့။

(၁၂) သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာန်းနည်းပြဆရာနှင့် ဓမ္မကထိက ရွှေဘို ဦးမုနိန္ဒ၊ ရန်ကုန်။

(၁၃) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအာသဘ၊ ရန်ကုန်။

(၁၄) ဆင်များရှင် ကမ္မဋ္ဌာန်းဌာန၊ ဦးပညဝါ၊ စစ်ကိုင်း။

(၁၅) ဦးကောသလ္လ၊ နေရာချထားရေးဝန်ဆောင်နှင့် လက်ထောက် ကမ္မဋ္ဌာန်းနည်းပြဆရာ၊ သာသနာ့ရိပ်သာ။

(၁၆) ဦးထေရာစာရ၊ ဘုံကျော်ကမ္မဋ္ဌာန်းဌာန၊ ပုသိမ်။

စသော ဆရာတော်များနှင့် ကမ္မဋ္ဌာန်းဆရာကြီး ဆရာကြီးတို့ ဖြစ်ကြသည်။

ဤအစည်းအဝေးတွင် မိမိတို့မြောက်မြင်နိုင်သလောက် အသီးအသီးအကြံဉာဏ် ပေးကြ၍ စည်းမျဉ်းမူကြမ်းကို ရေးဆွဲလက်ခံကြပြီးလျှင် နောက်ထပ် ဖြည့်စွက်ပြင်ဆင်ရန်စသော ဆောင်ရွက်ဖွယ်ဟူသမျှကို အောင်မြေဘုံစံဆရာတော် အရှင်ဉာနုတ္တရ, သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင်သုဇာတတို့နှင့်တကွ ကျေးဇူးရှင်မဟာစည်ဆရာတော်အား လုံးဝ တာဝန်လွှဲအပ်ကြသည်။

ထို့ကြောင့် ကျေးဇူးရှင်မဟာစည်သူဆရာတော်သည် အရှင်ဥာနုတ္တရ, အရှင်သုဇာတတို့နှင့်တကွ အဖန်ဖန်ညှိနှိုင်းပြင်ဆင် သုံ့သင်တော်မူပြီးလျှင် ဤစည်းမျဉ်းဥပဒေများကို ပုံနှိပ်ထုတ်ဝေစေခဲ့ပေသည်၊ ဤစည်းမျဉ်းများမှာ လောကဝေါဟာရအလိုက် စည်းမျဉ်းများဟု ခေါ်ဆိုရသော်လည်း အာဏာပညတ်မျိုးကား မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား သုတ်, ဝိနည်း, အဘိဓမ္မာတို့၌ မြတ်စွာဘုရားမိန့်မှာထားခဲ့သော အဆုံးအမတော်ကိုပင် အမှတ်တရ လိုက်နာကျင့်သုံးကြစေရန်အလို့ငှါ ထုတ်ဖော်၍ ညွှန်ပြထားသော သြဝါဒစကားမျှသာ ဖြစ်ပေသည်၊ သို့ဖြစ်၍ ဤ သြဝါဒ စည်းမျဉ်းများကို ရိုသေစွာ လိုက်နာလျှင် အောက်ပါအကျိုးတရားများကို လက်ငင်းပင် ခံစားကြရပါလိမ့်မည်။

ဂင်းတို့မှာ—

(၁) မိမိကိုယ်ကို မိမိစွပ်စွဲမည့် အတ္တာနုဝါဒဘေး၊

(၂) မိမိကိုယ်ကို သူတပါးတို့ စွပ်စွဲမည့် ပရာနုဝါဒဘေး—

စသည်တို့မှ ကင်းဝေးလွတ်မြောက်၍ အခါခပ်သိမ်း ချမ်းမြေ့ကြည်လင်စွာ နေရပါလိမ့်မည်။

ထို့ပြင်—

(၁) ကိုယ့်အသက်ကို မငဲ့ကွက်ပဲ ကျင့်စွမ်းနိုင်ခြင်း၊

(၂) ကိုယ်နှုတ်နှစ်တန် ဖြောင့်မှန်ခြင်း၊

(၃) စိတ်ကူးနှစ်တန် ဖြောင့်မှန်ခြင်း၊

(၄) ဆိုဆုံးမ လွယ်ခြင်း၊

(၅) နှုးညှံ့သိမ်မွေ့ခြင်း၊

(၆) မာန်ထောင်လွှားမှု မရှိခြင်း၊

(၇) ရောင့်ရဲလွယ်ခြင်း၊

(၈) မေ့မြိုလွယ်ခြင်း၊

(၉) အမှုကိစ္စ နည်းပါးခြင်း;

(၁၀) အသက်မွေးမှု ပေါ့ပါးခြင်း၊
(၁၁) ဣန္ဒြေ ငြိမ်သက်တည်ကြည်ခြင်း၊
(၁၂) ဉာဏ်ပညာ ရင့်ကျက်ခြင်း၊
(၁၃) ကိုယ်နှုတ်စိတ်ကြမ်း အရမ်းချုတ်ချယ်မှု မရှိခြင်း၊
(၁၄) ဒါယကာ ဒါယိကာမတို့၌ ငြိတွယ်မှု မရှိခြင်း၊
(၁၅) ပညာရှိတို့ ကဲ့ရဲ့ဘွယ်မှန်ပါက အသေးအနုတ်ကိုမျှ မပြုမိခြင်း—

ဟူသော မေတ္တာသုတ်လာ ဘာဝနာ၏ ပရိကမ် ဂုဏ်အင်္ဂါ မျှားနှင့်လည်း ကောင်းကောင်း ပြည့်စုံပါလိမ့်မည်။

ထို့ပြင်—

(၁) မကောင်းမှု ဟူသမျှကို မပြုခြင်း၊
(၂) ကောင်းမှု ဟူသမျှကို ပြည့်စုံစေခြင်း၊
(၃) မိမိ၏ စိတ်နှလုံးကို သန့်ရှင်း ဖြူစင်စေခြင်း—

ဟူသော ဩဝါဒ ပါတိမောက်၌ လာသော ဘုရားရှင်၏ ဆုံးမတော်မူလိုရင်း အစစ် သာသနာတော် အဆီအနှစ် မျှားလည်း မိမိသန္တာန်မှာ ထိုက်တန်သလောက် ပြည့်စုံသွားပါလိမ့်မည်။

ထို့ပြင် "အတ္တနာ စ အပ္ပိစ္ဆော၊ အပ္ပိစ္ဆကထဉ္စ ဘိက္ခူနံ ကတ္တာ" စသော ဒေသနာတော်နှင့် အညီ—

(၁) အလို နည်းခြင်း၊
(၂) ရောင့်ရဲလွယ်ခြင်း၊
(၃) ဆိတ်ငြိမ်စွာ နေခြင်း၊
(၄) ရောနှောမှု ကင်းခြင်း၊
(၅) တင်းတင်း အားထုတ်ခြင်း
(၆) သီလနှင့် ပြည့်စုံခြင်း၊

(၇) သမာဓိနှင့် ပြည့်စုံခြင်း၊

(၈) ပညာနှင့် ပြည့်စုံခြင်း၊

(၉) ဝိမုတ္တိနှင့် ပြည့်စုံခြင်း၊

(၁၀) ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံခြင်း—

ဟူသော ကထာဝတ္ထု ၁၀-ပါးတို့နှင့် ကိုယ်တိုင်လာ ပြည့်စုံပြီးလျှင် သူတပါးတို့ အားလည်း ၎င်းဂုဏ်တို့နှင့် ပြည့်စုံစေရန် ဟောပြော ညွှန်ပြခြင်း ဟူသော ဤ ကထာဝတ္ထု သာမညဂုဏ် နှင့်လည်း ထိုက်တန်သလောက် ပြည့်စုံသွားပါ လိမ့်မည်။

ဤသို့ စသည်ဖြင့် ဗုဒ္ဓသာသနာတော်မှာ မုချ လိုလားအပ်သော ဂုဏ်အင်္ဂါ များ, အထူးအားဖြင့် ယောဂီပုဂ္ဂိုလ်တို့မှာ ပြည့်စုံသင့် ပြည့်စုံထိုက်သော ပဋိပတ္တိ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်, သာသနာပြု ပုဂ္ဂိုလ် အဖြစ်သို့ ရောက် အောင် ညွှန်ကြား ပို့ဆောင်နိုင်သော ဤ စည်းမျဉ်း ဥပဒေများကို မဟာစည် သတိပဋ္ဌာန် အဖွဲ့ဝင် သူတော်စင်အပေါင်း ယောဂီ အသစ် အဟောင်းတို့သည် နှစ်ထောင်းအားရ ရှေအိုးကြီးများကို ရကြသလို ရှင်ပျဝမ်းသာ ရှိသောစွာဖြင့် လိုက်နာ ကျင့်သုံး နိုင်ကြပါစေ၊

ဤသို့ လိုက်နာ ကျင့်သုံးကြ၍ မြတ်စွာဘုရား တည်ထောင်ထားခဲ့သော ပဋိပတ္တိ သာသနာတော်၏ ဂုဏ်ရောင်ကို တောက်ပြောင် ထွန်းဝင်း လင်းထက် လင်းအောင် ရှက်ဆောင် နိုင်ကြပါစေကုန်သတည်း။

သာသနာနှစ် ၂၄၉၆-ခု။
မြန်မာ သက္ကရာဇ် ၁၃၁၄-ခု။
တောသလင်းလဆုတ် ၇-ရက်။
၈-၉-၅၂

အရှင်သုဇာတ
ကမ္မဋ္ဌာန်း နည်းပြဆရာ
သာသနာ့ရိပ်သာ
ရန်ကုန်။

မဟာစည် သတိပဋ္ဌာန် အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်း ဥပဒေများမှာ မူလရင်း ဥပဒေ ငါးရပ်ကို အခြေတည်၍ အပိုဒ်ကြီး, အပိုဒ်လတ်, အပိုဒ်ငယ် တို့ဖြင့် ခွဲခြားထား၏၊ ၎င်းတို့မှာ အောက်ပါ ဇယားအတိုင်းပင် ဖြစ်သည်—

မူလရင်း	အပိုဒ်ကြီး	အပိုဒ်လတ်	အပိုဒ် ငယ်	ထပ်တူ	ထူးခြား
၁	၃	၉	၅၁	၀	၅၁
၂	၃	၀	၃၄	၃၂	၂
၃	၃	၂	၆၃	၃၃	၁၀
၄	၂	၅	၁၃	၉	၂
၅-ဃ	၀	၀	၁၄	၀	၁၄
၅-ခ	၀	၀	၂	၀	၂
ပေါင်း	၁၁	၂၉	၁၆၂	၃၁	၉၁

မဟာစည်ဆရာတော်ဘုရားကြီး၏

ဥပဒေ သြဝါဒကထာ

ဆရာတော်သည် မဟာသတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းတရားကို ၁၃၀၀-ပြည့် နှစ်မှ စ၍ အထင်အရှား ဟောကြား ညွှန်ပြ လာခဲ့ပေသည်၊ ဤသို့ ဟောကြား ညွှန်ပြရာတွင် သက်ဝင်ယုံကြည်ကာ လိုက်နာ၍ အားထုတ်လိုကြသော သမ္မာဆန္ဒ ရှိသူ ရဟန်း ရှင် လူအပေါင်း ထောင် သောင်း မျှားစွာတို့မှာ အဖိုး မဖြတ်နိုင် အောင် ကောင်းမြတ်သော ဝိပဿနာ၏ အကျိုးကျေးဇူးများကို လက်ငင်းပင် ခံစားနေရကြောင်း ကောင်းကောင်း အားထုတ်ဘူးသူတို့အား ထင်ရှားလျက် ရှိပေသည်။

ဤ ရဟန်း ရှင်လူအပေါင်း ထောင်သောင်း မျှားစွာတို့ထံမှ ဟောပြော နိုင်သော စွမ်းရည် သတ္တိနှင့် သမ္မာဆန္ဒ ဝိရိယ ဓာတ်ခံ ထက်သန်စွာ ရှိကြသော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့ကလည်း မိမိတို့ကဲ့သို့ပင် ဝိပဿနာ၏ အကျိုးများ ကို ခံစားနိုင်စေရန် အလို့ငှါ ဆိုင်ရာဆိုင်ရာ အရပ်ဒေသများတွင် တဆင့် ဟော ကြား ညွှန်ပြကြသောကြောင့် တစတစနှင့် တိုးပွါးလာသော မဟာစည် သတိပဋ္ဌာန် ဌာနခွဲများမှာ ယခုအချိန်အခါ၌ တရာခန့်အထိ ရှိနေလေပြီ။

ဤမျှ မျှားပြားသော တပည့် ယောဂီများနှင့် ဌာနခွဲများ ဘတ္တက် ဟော ကြား ညွှန်ပြ ဆုံးမရန်အလို့ငှါ ဆရာတော်ထံမှ မဟာသတိပဋ္ဌာန်သုတ် စသော ဓမ္မလက်ဆောင် မျှကိုသာ ပေးရသေးသည်၊ စည်းမျဉ်းဥပဒေ ဟူသော ဝိနယ လက်ဆောင်ကိုကား မပေးရသေးပေ၊ ဤသို့ ဝိနယ မဖက် ဓမ္မ သက်သက်ဖြင့် သာ ဟောကြား ညွှန်ပြ သြဝါဒ ပေးနေသော်လည်း ထိုမျှ မျှားပြားသော မဟာစည် သတိပဋ္ဌာန် ဌာနများတွင် ယခုထက်တိုင် ပြောပ လောက်သော ချုတ်ယှင်းချက်များ မပေါ် ခဲ့ခြင်းမှာ ဆရာရော တပည့်ပါ ဝိပဿနာဓမ္မကို ရိုသေ လေးစားခြင်းကြောင့်ပင် ဖြစ်သည်ဟု ယုံကြည်ရပေသည်၊ သို့ဖြစ်၍ ဤနည်း အတိုင်းသာ ဝိပဿနာ ဓမ္မကို ရိုသေ လေးစား သွားကြမည် ဆိုလျှင် မဟာစည်

သတိပဋ္ဌာန် ဌာနများတွင် မည်သည့်အခါမှာမျှ ပြောပလောက်သော ချွတ်ယွင်းချက်များ ပေါ်လာနိုင်ဘွယ် မရှိဟု ထင်ရလောက်ပေသည်။

သို့ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့ ကိုယ်တိုင် မမြင်နိုင်သော အသေးအမွှား ချွတ်ယွင်းချက်ကလေးများမှာမူကား ရှိနိုင်သေးသည်၊ ထို့ပြင် အသစ်ဖြစ်သော ဌာနခွဲများလည်း မကြာမီ ကာလအတွင်းဌာပင် ဆထက်ထမ်းပိုး များစွာ တိုးလာမည်မှာ သေချာလျက် ရှိပေသည်၊ ဤသို့ များပြားလှစွာသော ဌာနခွဲတွေ တိုးပွါးလာသော အခါမှာ လိုက်နာစရာ စည်းမျဉ်းများ သတ်မှတ်၍ မထားပါက ဆရာများမှာလည်း ညွှန်ကြားရန် မလွယ်ကူမည့်ပြင် တပည့်များမှာလည်း လိုက်နာရန် ခက်ခဲလျက် ချွတ်ယွင်းချက်များ ဖြစ်ပွါးနိုင်ဘွယ်ရာ အကြောင်းလည်း ရှိပေသေးသည်။

သို့ဖြစ်၍ အဆိုပါ မမြင်နိုင်သော ချွတ်ယွင်းချက် ကလေးများနှင့် ဖြစ်ပွါးစေနိုင်သော အကြောင်းအချက် များကို စည်းမျဉ်းဖြင့် ကာကွယ်ထားလျှင် သတိပဋ္ဌာန် ဘာဝနာ ၌ ဝိပဿနာ လုပ်ငန်းကြီးသည် အပြစ်ကင်း၍ သန့်ရှင်းစွာ အရှည်တည်တံ့ သွားနိုင်လိမ့်မည်ဟု မိမိ၏စိတ်တွင် ထင်မြင် မြော်လင့်မိပေသည်။ ထို့ကြောင့် မဟာစည် သတိပဋ္ဌာန် အဖွဲ့ထဲတွင် ပဓာန ဖြစ်သော ကမ္မဋ္ဌာန်း ဆရာတော်များနှင့် ဆွေးနွေးတိုင်ပင် ဆင်ခြင် စဉ်းစားပြီးလျှင် မဟာစည် သတိပဋ္ဌာန် တဖွဲ့လုံး စောင့်သုံးရန် အတွက် ဤ စည်းမျဉ်း ဥပဒေများကို ရေးသား၍ ထုတ်ပြန်ရပေသည်၊ သို့ရာတွင် မိမိတို့၏ သဘောအတိုင်း ကြံဖန်၍ ရေးသား်ယားသည်ကား မဟုတ်ပေ၊ ယောဂိပုဂ္ဂိုလ်များနှင့် ကမ္မဋ္ဌာန်းဆရာများမှာ ရှိသင့် ရှိထိုက်သော ကျင့်ဝတ် ဂုဏ်ထူးများကိုပင် မြတ်စွာဘုရားဟောကြား ပညတ်တော် မူအပ်သော ဓမ္မနှင့် ဝိနယ တို့မှ ထုတ်ဖော်၍ ရေးသားခြင်းမျှသာ ဖြစ်ပေသည်၊ သို့ဖြစ်၍ ဤ စည်းမျဉ်း ဥပဒေများကို အသေးစိတ်အားဖြင့် ခွဲခြားဝေဘန်ကြည့်လျှင်—

(၁) ဓမ္မဥပဒေများ၊

(၂) ဓမ္မာနုလောမဥပဒေများ၊

(၃) ဝိနယဥပဒေများ၊

(၄) ဝိနယာနုလောမဥပဒေများ၊

(၅) ဓမ္မဝိနယမိဿက ဥပဒေများ—

ဟူ၍ ငါးမျိုးကွဲပြားလျက်ရှိသည်ကို တွေ့ရပေလိမ့်မည်။

(၁) ထိုတွင် ဘုရားဖောတော်မူအပ်သော သုတ်တရားတော်များအရ တိုက်ရိုက်ညွှန်ပြထားသော ဥပဒေများကို "ဓမ္မဥပဒေများ"ဟု မှတ်ကြရမည်။

ပုံစံမှာ—ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ၊ အပိုဒ်ကြီး [၃] အပိုဒ်လတ် (ခ) သွားလာရေး အပိုဒ်ငယ် (၁) ဥပဒေ စသည်ပင်တည်း။

(၂) သုတ်တရားတော်များ၌ တိုက်ရိုက် မဟောအပ်သော်လည်း ထို သုတ်တရားတော်များနှင့် လျော်ညီစွာ ညွှန်ပြထားသော ဥပဒေများကို "ဓမ္မာနုလောမဥပဒေများ"ဟု မှတ်ကြရမည်။

ပုံစံမှာ—ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ ဥပဒေ အပိုဒ်ကြီး [၃] အပိုဒ်လတ် (က) နေထိုင်ရေး အပိုဒ်ငယ် (၁) ဥပဒေ စသည်ပင်တည်း။

(၃) မြတ်စွာဘုရား ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တော်များအရ တိုက်ရိုက်ပြထားအပ်သော ဥပဒေများကို "ဝိနယဥပဒေ"များဟု မှတ်ကြရမည်။

ပုံစံမှာ–ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ အပိုဒ်ကြီး [၃] အပိုဒ်လတ် (ခ) သွားလာရေး အပိုဒ်ငယ် (၃) ဥပဒေ စသည်ပင်တည်း။ အပိုဒ်ငယ်(၃) ၌ သုပ္ပဋိစ္ဆန္ဒ စသော သေခိယ သိက္ခာပုဒ်များနှင့်တကွ ရူပိယ သိက္ခာပုဒ်, ရူပိယ-သံဝေါဟာရသိက္ခာပုဒ်စသည်တို့ကိုစောင့်ရှောက်ရန် အကျဉ်းချုံး၍ပြထားသည်။

(၄) ဝိနည်းသိက္ခာပုဒ်များ၌ တိုက်ရိုက်မဆိုသော်လည်း ထို ဝိနည်းသိက္ခာပုဒ်များနှင့်လျော်ညီစွာ ညွှန်ပြထားသောဥပဒေများကို "ဝိနယာ-နုလောမဥပဒေများ"ဟု မှတ်ကြရမည်။

ပုံစံမှာ— ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ ဥပဒေ အပိုဒ်ကြီး [၃] အပိုဒ်လတ် (ဃ) စားသောက်ရေး အပိုဒ်ငယ် (၁) ဥပဒေ စသည်ပင်တည်း။

(၅) သုတ်နှင့် ဝိနည်း ရောပြွမ်းရှိထားသော ဥပဒေများကို "ဓမ္မ-ဝိနယမိဿက ဥပဒေများ"ဟု မှတ်ကြရမည်။

ပုံစံမှာ-—ကမ္မဋ္ဌာနာဘရိယ ရဟန်းတော်များ ဥပဒေ အပိုဒ်ကြီး [၃] အပိုဒ်လတ် (က) နေထိုင်ရေး အပိုဒ်ငယ် (၂) ဥပဒေ စသည်ပင်တည်း။

ဤ ငါးမျိုးသော ဥပဒေတို့တွင် ဝိနယ ဥပဒေများမှာ မြတ်စွာဘုရား၏ အာဏာ ပညတ်တော်များ ဖြစ်၍ မချုတ်မယှင်း လိုက်နာရမည့် ဥပဒေများ ဖြစ်ပေသည်၊ ၎င်းတို့ကို လိုက်နာရသောအခါများ၌ စည်းမျဉ်းဥပဒေက သတိပေးရုံမျှသာဖြစ်သည်၊အမှန်အားဖြင့် မြတ်စွာဘုရား၏ အမိန့်အာဏာတော်ကိုသာ ရိုသေကာ လိုက်နာရသည်" ဟု ယောနိသောမနသိကာရဖြင့် နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းကြစေလို၏။

ဓမ္မ ဥပဒေများနှင့် အနုလောမ ဥပဒေများမှာ သဒ္ဓါ, ဝီရိယ စသော မိမိတို့၏ ခွန်အားဗလ ရှိသမျှသာ လိုက်နာရန်ဖြစ်သည်၊ ၎င်းတို့ကို လိုက်နာသော အခါ၌လည်း "မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်သည့် သန္တုဋ္ဌိ, သလ္လေခ, အပ္ပကိစ္စ, ပါသာဒိက-စသော ယောဂိပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါများ မချုတ်ယှင်းစေရန်အလို့ငှါ ပဋိပတ္တိသာသနာ့ဝန်ဆောင်ပုဂ္ဂိုလ် ဖြစ်နေသည့်အဟုတ်ပြည့်ပြည့်ဝကြီး ကျင့်သုံးရပေသည်" ဟူ၍သာ နှလုံးသွင်းကြစေလိုသည်။

အထူး သိနားလည်ထားရန်မှာ—ဤ ဓမ္မနှင့်အနုလောမ ဥပဒေတို့၏အရာ၌ အတိအကျ လိုက်နာရန် ခဲယဉ်းမည်ဟု ထင်ရသော အပိုဒ်များတွင် "သတိပြုရမည်၊ လုံးလပြုရမည်၊ ပြောဆိုနိုင်ရမည်" စသည်ဖြင့် အတိအက် မဆိုပဲ သတိပေးစကားအနေဖြင့်သာ ညွှန်ကြားထားသည်ကိုရင်း, အတိအကျ လိုက်နာသင့်သော အပိုဒ်များတွင်ကား "ပြောဆိုရမည်၊ ပြုရမည်၊ ဖြစ်စေရမည်၊ ရှိစေရမည်၊ မပြုရ၊ မဖြစ်စေရ" စသည်ဖြင့် အတိအကျပင် ဩဝါဒပေးထားသည်ကိုရင်း အထူး သိနားလည်ကြပြီးလျှင် အတိအကျ မလိုက်နာနိုင်ကောင်းသော အရာဌာနများ၌ စွမ်းနိုင်သမျှသာ လိုက်နာကြရန် ဖြစ်သည်၊ အတိအကျ လိုက်နာနိုင်ကောင်းသော အရာဌာနများ၌ကား မြတ်စွာဘုရားနှင့် တရားတော်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုရင်း, ပဋိပတ္တိ သာသနာတော်မြတ်ကြီးနှင့် ဆရာသမား သီတင်း

သုံးဘော်မျှားကိုရင်း ကြည်ညို လေးစား ရိုသေသောအားဖြင့် ညွှန်ကြားထား သည့်အတိုင်း အပြည့်အစုံ အတိအကျပင် လိုက်နာ ကျင့်သုံးသွားကြစေလို၏။

အထူး သတိပြုရန်မှာ—ယခုအချိန်အခါမှ စ၍ ရှေ့အဖို့၌ ဗုဒ္ဓသာသနာ ကော်ကြီး ဆုတ်ယုတ်ရေး, တိုးတက်ရေးသည် ယခု လက်ရှိ ဗုဒ္ဓသာသနာဝင် လူ ရှင် ရဟန်း အားလုံးတို့နှင့် သက်ဆိုင်လျက်ရှိပေသည်။ ယခု လက်ရှိ လူ ရှင် ရဟန်း အားလုံးတို့က မိမိတို့၏ တာဝန်ကို ကျေပြည်အောင် ထမ်းဆောင် မသွားလျှင် သာသနာတော်ကြီးသည် ရှေ့အဖို့ဟူ၍ တစ်တစ်နှင့် ဆုတ်ယုတ် သွားမည်မှာ မလွဲတော့ပေ။ မိမိတို့၏ တာဝန်ကို ကျေပြည်အောင် ထမ်းဆောင် သွားလျှင်ကား သာသနာတော်ကြီးသည် မတိုးတက်စေ ကာမူ မဆုတ်ယုတ်ပဲ အရှည်တည်တံ့သွားမည်မှာ သေချာလှပေ၏။

သို့ဖြစ်၍ သာသနာတော်၏ မဆုတ်ယုတ်ရေး, တိုးတက်ရေးကို တကယ်တမ်း အလေးပြုတော်မူကြသော ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့သည် နိကာယ် ငါးရပ် ပိဋကတ် ၃-ပုံ အလုံးစုံသော ဘုရားစကားတော်ကြီးကို သာဝကျကျ စေ့ဌ စုံလင်စွာ တတ်သိအောင် လေ့လာခြင်း, သင်ကြားပေးခြင်း စသည်ဖြင့် မိမိ တို့၏ တာဝန်ကို ကျေပြည်အောင် ထမ်းဆောင်တော်မူကြသကဲ့သို့ ထို့အတူပင် ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့သည်လည်း မိမိတို့၏ တာဝန်ပြည့်ဝေသော ပဋိ-ပတ္တိဆိုင်ရာ ကျင့်ဝတ်ကျေသမျှကို ဆင်ခြေကန်၍ ငြင်းပယ် ရှောင်ရှားခြင်း, ခိုကပ်ခြင်း အလျင်းမရှိမူ၍ အင်အားရှိ၊ မမှ ပြည့်ပြည့်ဝဝကြီး ကျင့်ဆောင် တော်မူသွားကြရန်နှင့် "မိမိအားတူက သာသနာတော်၏ ပုဏ္ဏကျက်သားရေကို သိသိသာသာကြီး ဖိုးတက်စေပည်"ဟု နှလုံးသွင်းဆောက်တည်ကာ ပြည့်စုံစွာ ကျင့်ဆောင်ကြလျက် ပဋိပတ္တိ သာသနာတော်မြတ်ကြီးကို အစွမ်းကုန် ကြိုးတင်း တော်မူကြရန် ဆရာတော်က သြဝါဒ စကားဖြင့် ပေးနှက်စွာ မှာကြားအပ်ပါ သတည်း။

အရှင်သောဘန
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ
ရန်ကုန်

၁၃၁၄-ခုနှစ် တော်သလင်းလဆန်း (၁၅) ရက်နေ့။
၃-၉-၅၂

မဟာစည် သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ

စည်းမျဉ်းဥပဒေများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဌမ ပလ္လင်ခံ စကား

လောက၌ မည်သည့်အရပ်ဒေသတွင် မဆို လုပ်ငန်းရှိလျှင် ပုဂ္ဂိုလ်ရှိသည်၊ လုပ်ငန်းတူသော ပုဂ္ဂိုလ်များရှိလျှင် သူအလိုလိုပင် အစုအဖွဲ့ဖြစ်လေတော့သည်၊ လူများစုပါဝင်သော ဤအစုအဖွဲ့တိုင်းမှာ ခေါ်ဝေါ်လွယ်စေရန် အကျိုးငှါ အမည်သညာ ဝိသေသရှိရိုး ဓမ္မတာဖြစ်သည်၊ ထို့ပြင် ၎င်းအဖွဲ့နှင့် အဖွဲ့၏လုပ်ငန်းစဉ်များ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အရှည်တည်တံ့သွားစေခြင်းအကျိုးငှါ စည်းမျဉ်းဥပဒေလည်း မချတ်ဧကန် အမှန်ပင် ရှိရရိုးဓမ္မတာဖြစ်ပေသည်။

ဤနည်းအတူပင် မဟာစည်ဆရာတော်သည် ဆရာမြတ်တို့၏ ဥပနိသျများနှင့်တကွ မဟာသတိပဋ္ဌာနသုတ် အစရှိသော ဘုရားဟောဒေသနာတော်များကို အမှီပြုကာ ရှာကြံအားထုတ်ကော်မူပြီးလျှင် မိမိ၏ ဉာဏ်တွင် ထင်မြင်သဘောကျသည့်အတိုင်း ဘုရားရှင်၏ကိုယ်စား ထုတ်ဖော်ကာ ဟောကြားသဖြင့် သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာလုပ်ငန်းတရားသည် ထင်ရှားထွန်းပေါ်လျက် ရှိပေသည်၊ ဤဝိပဿနာလုပ်ငန်းတရားကို အားဆားယုံကြည်ကာ လိုက်နာကျင့်သုံးလျက်ရှိသော ရဟန်း ရှင် လူ အပေါင်းမှာလည်း ထောင်သောင်းများစွာ ရှိနေလေပြီ၊ သို့ရှိနေရာမှာ ဝိပဿနာအလုပ်တရားဖြင့် စိတ်ထားတူမျသော ဤရဟန်း ရှင် လူ အပေါင်း ထောင်သောင်းများစွာဘို့သည်လည်း သူအလိုလိုပင် အစုအဖွဲ့ကြီးဖြစ်လျက် ရှိနေလေပြီ။

သို့ဖြစ်၍ ဤအစုအဖွဲ့ကြီးမှာလည်း ခေါ်ဝေါ်လွယ်စေရန်အကျိုးငှါ အမည်သညာ ဝိသေသ ရှိသင့်ပါပေသည်၊ ထို့ပြင် ဤအဖွဲ့ကြီးနှင့် အဖွဲ့၏ လုပ်ငန်းစဉ်

ဖြစ်သော သတိပဋ္ဌာန်ဘာဝနာ ဝိပဿနာ ပဋိပတ်သာသနာတော်မြတ်ကို အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အရှည်တည်တံ့သွားစေခြင်း အကျိုးငှါ စည်းမျဉ်းဥပဒေလည်း မချွတ်ကေန် အမှန်ပင် ရှိသင့်လှပါပေသည်။

သို့ဖြစ်၍ မဟာသတိပဋ္ဌာနသုတ် အစရှိသော ဘုရားဟော ဒေသနာတော်များနှင့်အညီ မဟာစည်ဆရာတော် ထုတ်ဖော်၍ ဟောကြားအပ်သော သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာလုပ်ငန်းစဉ်ဖြင့် ကျင့်သုံးအားထုတ်လျက်ရှိသော ရဟန်း ရှင် လူအပေါင်းကို "မဟာစည်သတိပဋ္ဌာန်အဖွဲ့"ဟု ခေါ်တွင်စေရန် ဤအဖွဲ့ဝင် "ပဓာနကမ္မဋ္ဌာနာစရိယ"အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်၍ အတည်ပြုကြသည်။

ထို့ပြင် ဤမဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ရဟန်း ရှင် လူတို့ နာယူကျင့်သုံးရန် အလို့ငှါ သြဝါဒကထာသဘွယ်ဖြစ်သော အောက်ပါ စည်းမျဉ်းဥပဒေ ၅-ရပ်တို့ကိုလည်း ၎င်း ပဓာန ကမ္မဋ္ဌာနာစရိယ အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်၍ ပြဋ္ဌာန်း အတည်ပြုကြသည်။ ၎င်းတို့မှာ—

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက် စည်းမျဉ်းဥပဒေ၊
၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက် စည်းမျဉ်းဥပဒေ၊
၃။ ယောဂီ ရဟန်းတော်များအတွက် စည်းမျဉ်းဥပဒေ၊
၄။ ယောဂီ ဥပါသကာ, ဥပါသိကာမများအတွက် စည်းမျဉ်းဥပဒေ၊
၅။ ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေ။

ဤ ၅-ရပ်တို့ပင် ဖြစ်သည်။

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက် စည်းမျဉ်းဥပဒေများ

[၁] ကမ္မဋ္ဌာနာစရိယ ရဟန်းတော်-ဟူရာ၌ အောက်ပါ အရည်အချင်းများနှင့်ပြည့်စုံသော ရဟန်းတော်ကိုသာလျှင် မှတ်ယူရမည်။

(က) ပရိယတ္တိ အရည်အချင်း

မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် သဒ္ဒါ, သင်္ဂြိုဟ်, ဋီကာကျော် စသော ပရိယတ္တိအခြေခံကျမ်းများကို သင်ကြားလေ့လာဘူးသည့်အပြင် ပါဋ္ဌိ, အဋ္ဌကထာ, ဋီကာတို့ကိုလည်း အထိုက်အလျောက် ကြည့်ရှုသုံးသပ်နိုင်သော အရည်အချင်းရှိစေရမည်။ အထူးအားဖြင့် ပရမတ္ထသရုပ်သဘောတို့၌ ပိုင်နိုင်သော အသိဉာဏ်ရှိသည့်ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုလည်း လေ့လာပြီး ဖြစ်စေရမည်။

ဒေ့မာတိကာ သို့မဟုတ် ဘိက္ခုပါတိမောက်နှင့်တက္ခ မဟာသတိပဋ္ဌာနသုတ်ကို အာဂုံဆောင်ထားရမည့် အပြင် မဇ္ဈိမနိကာယ်မှ ဝိပဿနာဆိုင်ရာ သုတ်ပေါင်း ၂၀-ထက်မနည်း လေ့လာပြီး ဖြစ်စေရမည်။

ဝိပဿနာရှုနည်းကျမ်းနှင့် ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းတို့၌ ကျေပြန်စွာ ကြည့်ရှုလေ့လာပြီး ဖြစ်စေရမည်။ (ဤ စာပိုဒ်သည် ပရိယတ္တိ အရည်အချင်း၌ လိုရင်းဖြစ်သည်။)

သီလပေးခြင်း, ရေစက်ချခြင်း, ပရိတ်ရွတ်ခြင်း, အနုမောဒနာပြုခြင်း စသော ကိစ္စတို့၌ ကျမ်းဂန်နှင့်အညီ မူမှန်ဖြစ်စေရန် ဟောပြောရေး သင်တန်းတက်ပြီး ဖြစ်စေရမည်။ (သို့ရာတွင် မူလကပင် အချိုးကျပြီး သော ပုဂ္ဂိုလ်များမှာ သင်တန်းတက်ရန် မလိုပါ။)

(ခ) ပဋိပတ္တိအရည်အချင်း

မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် အများသော ရဟန်း ရှင် လူတို့ ကြည်ညိုလေးစားထိုက်သော လဋ္ဌိ-ပေသလ, သိက္ခာကာမ-ဂုဏ်နှင့် ပြည့်ဝုံစေရမည်။

မဟာစည်ဆရာတော်၏ နည်းနိသျအတိုင်း ဝိပဿနာကုပ်ငန်းကို ပြီးဆုံးသည့်တိုင်အောင် အပြည့်အစုံ နိုင်နိုင်နင်းနင်း ကျင့်သုံး အားထုတ်ပြီး ဖြစ်ရမည့်အပြင် ကမ္မဋ္ဌာန်း စစ်မေးရေးမှာလည်း လေ့လာသင်ကြားပြီး, ကျွမ်းကျင်နိုင်နင်းပြီး ဖြစ်စေရမည်။

(၃) သန္တုဋ္ဌိ, သုလ္လေခ, အပ္ပကိစ္ဆ, သလ္လဟုကဝုတ္တိ စသော ယောဂါဝစရ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံစေရမည်။

(၄) ခမာ, ဇာဂရိယ, ဥဋ္ဌာန, သံဝိဘာဂ, ဒယာ, ဣက္ခဏာ-ဟူသော နာယကဂုဏ်အင်္ဂါ ၆-ပါးတို့နှင့်လည်း ပြည့်စုံစေရမည်။

(၅) စိတ်ရှည်ခြင်း, သဘောထားကြီးခြင်း, နှုးညံ့ပြေပြစ်သောစကားရှိခြင်း, ချိုသာသောစကားရှိခြင်း စသော ဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါ မျှားနှင့်လည်း ပြည့်စုံစေရမည်။

(၆) ရဟန်းသိက္ခာ၌ အသက်နှင့်မခြား လေးစား ခိုင်ခံ့ တည်တံ့သော စိတ်နေ စိတ်ထား ရှိစေရမည်။

အထက်ပါ ပရိယတ္တိ, ပဋိပတ္တိ အရည်အချင်းတို့တွင် ပဋိပတ္တိအရည်အချင်းသည် ကမ္မဋ္ဌာန်းဆရာမှာ သာ၍လိုပေသည်၊ သို့ဖြင့်၍ ပဋိပတ္တိအရည်အချင်း အပိုဒ်းယ်(၁, ၂)ဂုဏ်အင်္ဂါမျှားနှင့် ကောင်းကောင်းပြည့်စုံလျှင်ပင် "မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်"ဟု အသိအမှတ်ပြုသော သာမန် ဆရာဖြစ်လက်မှတ်ကို ရနိုင်ခွင့် ရှိသည်။ ပရိယတ္တိအရည်အချင်းပါ ပြည့်စုံလျှင်ကား ဂုဏ်ထူးဆောင် ဆရာဖြစ်လက်မှတ်ကိုပါ ရနိုင်ခွင့် ရှိသည်။

မှတ်ချက်။ ။ဤသို့ အရည်အချင်းအလိုက် သာမန်လက်မှတ်, ဂုဏ်ထူးဆောင် လက်မှတ်တို့ဖြင့် အသိအမှတ်ပြုရန် စီမံချက်မှာ အရည်အချင်း ရှိသော ဆရာတို့ကို ဂုဏ်တင်ရန်, ချီးမြှောက်ရန်အတွက် မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား တရားအားထုတ်မည့် ယောဂီတို့မှာ အရည်အချင်း လုံလောက်သောဆရာမျှားထံမှ လုံလောက်သော နည်းနိသျှသြဝါဒမျှားကို ရကြ၍ ချမ်းချမ်းသာသာနှင့် ရသင့်ရထိုက်သော ဉာဏ်ထူး, တရားထူးမျှားကို အပြည့်အစုံ ရရှိသွားကြစေရန်အတွက်သာ ရည်ရွယ်၍ စီမံခြင်း ဖြစ်ပေသည်။

[၂] မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် မြတ်စွာဘုရား ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တော်မျှားကို အသက်

ပမာထား၍ လေးစားလုံခြုံစွာ လိုက်နာစောင့်ထိန်းရမည်၊ (အထူးသတိရစေရန် ထပ်မံ၍ သတိပေးချက်သာ ဖြစ်သည်၊ နောက်နောက် အပိုဒ်များ၌လည်း ဤနည်းချည်းမှတ်လေ။)

[၃] အထူးအားဖြင့်—

(က) နေထိုင်ရေး၊

(ခ) သွားလာရေး၊

(ဂ) ဂတ်ရုံရေး၊

(ဃ) စားသောက်ရေး၊

(င) ဟောကြားရေး၊

(စ) ပြောဆိုရေး၊

(ဆ) ဆက်ဆံရေး—

ဟူသော ဤ ၇-ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် လုံ့လပြုရမည်။ ထိုတွင်—

(က) နေထိုင်ရေးမှာ

(၁) ဇပည်ကြစ်သူတို့၏ ဤနေ့ဒိသိကွာဝေက ပိုမိုရှိ စည်ကြည်ခန့်ညားသော ဤမနေ့ဒိသိကွာနှင့် ပြည့်စုံစေရမည်။

(၂) မာတုဂါမတို့နှင့် စပ်လျဉ်း၍ ပရိပဝါဒ ကင်းရှင်းအောင် နေထိုင်ရမည်၊ အထူးအားဖြင့် အရေးကြီးသော အကြောင်းကိစ္စမရှိပဲ မာတုဂါမတို့နှင့် ကြာရှည်စွာ လက်ခံ၍ စကားပြောဆိုနေထိုင်ခြင်း မရှိစေရ၊ မလွဲမရှောင်သာသဖြင့် ပြောဆိုနေထိုင်ရာ၌လည်း "ရဟောဓိသင်္ဃ" မဖြစ်ရအောင် သတိရှေဆောင်လျက် နေထိုင်ရမည်။

(၃) မူရင်းနေမြဲဌာနမဟုတ်လျှင် မည်သည့် ကမ္မဋ္ဌာန်းဌာနကိုမျှ ကိုယ်ပိုင် အမြဲတမ်း နေရာအဖြစ်ဖြင့် အစဉ်မထားမူ၍ ပမာဏ နှင့်ယှဉ်ကာ ဆရာတော်များက အကြောင်းအားလျော်စွာ စေလွှတ်ချက်ကဲ့သ

ကမ္မဋ္ဌာန်းဌာနတွင်သာ နေထိုင်စောင့်ရှောက်သွားရန် ထက်သန်သော ဝိတ်ဆန္ဒ ရှိစေရပည်။

(၁) သွားလာရေး

(၁) ပါသာဒိကေန အဘိက္ကန္တေန-စသော ဒေသနာတော်နှင့်အညီ အပ္ပတ်သတိမကင်းသာဖြင့် ကြည်ညိုဘွယ်ကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရပည်။

(၂) ပရူပဝါဒ ဖြစ်နိုင်သောအချိန်အခါ၌ရင်း, ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်ဟောင်းထံသို့ရင်း သွားလာခြင်း မရှိစေရ။

(၃) မြို့တွင်း ရွာတွင်းသို့ သွားသောအခါဖြစ်စေ, ခရီးရှည် သွားသောအခါဖြစ်စေ ဝိနည်းတော်နှင့်အညီ သွားလာရမည်။

(၈) ဝတ်ရုံရေးမှာ

(၁) ပိန္ဒဲရောင်, ညောင်ခေါက်ရောင် သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ရမည်။

(၂) ဗုဒ္ဓစေတီတော်ဟောင်းထံသို့ ပြစ်စေ, သံဃာ့အစည်းအဝေးသို့ ကြွစေ, မထေရ်မြတ်ကြီးများတံသို့ ဖြစ်စေ ဝင်ရောက်သောအခါ၌ လက်ပဲလက်မောင်းကို ပြုံရုံစေသော ပရိမဏ္ဍလ ဝတ်ရုံနည်းဖြင့် ဝတ်ရုံ ရမည်။

(၃) မြို့တွင်းရွာတွင်းသို့ သွားသောအခါဖြစ်စေ, မြို့တွင်းရွာတွင်းမှ ပြတ်သန်း၍ သွားသောအခါဖြစ်စေ သုပ္ပဋိစ္ဆန္န-သိက္ခာပုဒ်နှင့်အညီ သင်္ကန်းရုံ၍ သွားရမည်။

(၄) မိမိနေရာတွင် နေထိုင်သောအခါ၌လည်း ပါသာဒိက ဖြစ်အောင် ကောင်းစွာ ဝတ်ရုံလျက် ရှိစေရမည်။

(ဃ) စားသောက်ရေးမှာ

(၁) အကြောင်းထူး မရှိလျှင် ဆွမ်းဘောဇဉ်များကို သပိတ်ဖြင့် သာ ဘုဉ်းပေးသုံးဆောင်နိုင်ရန် လုံလ ပြုရမည်။

(၂) စားဘွယ်များကို ရပ်လျက်, သွားလျက် မစားမူ၍ ထိုင်လျက် သာလျှင် ဣန္ဒြေရရ စားသုံးရမည်။

(၃) အကြောင်းထူးမရှိပဲ ဆေးလိပ်သောက်ခြင်း, ကွမ်းစားခြင်း, ဆေးဝါးခြင်းများကို (ပါသာဒိက, သန္တုဋ္ဌိ, သလ္လေခ, အပ္ပဂၢိစ္ဆ ဂုဏ် စသည်နှင့် ပြည့်စုံစေခြင်းအကျိုးငှါ) ကြဉ်ရှောင်ရမည်။

(c) ဟောကြားရေးမှာ

(၁) မိမိတို့၏ ကမ္မဋ္ဌာန်းဌာနဌ် တလလျှင် ၄-ကြိမ်ဖြစ်စေ, ၂-ကြိမ် ဖြစ်စေ ဝိပဿနာ လုပ်ငန်းစဉ်တရားကို မဟာစည်ဆရာတော်၏ ယူဆ ဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

မှတ်ချက်။ ။ဤ၌ ဒေသနာတော်နှင့်အညီဟူသော အပိုဒ်ဖြင့် ဒေသနာတော် နှင့်မညီသည်ကို မဟောရန် တားမြစ်ထားသည်၊ ဟောပြောပုံ ဟူသည်မှာ အသံနေ အသံထား၌ အယူးပြုပြင်မှု မရှိပဲ ပကတိ စကားပြောသကဲ့သို့ ရိုးရိုးဟောပြောခြင်းကို ဆိုလိုသည်။

(၂) ပြင်ပတရားပွဲများ၌မူကား တရားနာပုဂ္ဂိုလ်တို့၏ အဇ္ဈာသယ ကို ထောက်ချင့်၍ သဒ္ဓါပသန္နဖြစ်စေခြင်းငှါ သင့်လျော်သလို ဟော ပြောနိုင်ခွင့်ရှိပေ၏၊ သို့သော် ဝိနည်းတော်နှင့်အညီ တည်ကြည်ခန့်ညား သော အသံဖြင့်သာ ဟောကြားရမည်။

(၃) ကမ္မဋ္ဌာန်းစစ်မေးရာ၌ ယောဂီတို့၏ ဉာဏ်အဆင့်အတန်းအား လျော်စွာ တိုးတက်သည်ထက် တိုးတက်စေခြင်းငှါ သင့်လျော်သော တရားများကို ဟောကြားခြင်း၊ ယောဂီတို့၏သန္တာန်၌ဖြစ်ပေါ်နေသော သတိ,သမာဓိ,ဉာဏ်များကို ထိုက်တန်သလောက် ချီးမြှောက်၍ အား

ပေးခြင်း၊ ရှုမှတ်မှုဖြင့်ပင် သီလ,သမာဓိ,ပညာ ဖြစ်လာပုံ၊ ဗောဓိပက္ခိယတရားများ ပြီးစီးသွားပုံ စသည်တို့ကို ရှင်းလင်းဖော်ပြခြင်း စသော အားပေးတရားများကို ယောဂီတို့မှာ စိတ်တက်ကြွလာသည့်တိုင်အောင် ဟောကြားရမည်။

(၄) တရားဟောရာ, ကမ္မဋ္ဌာန်းစစ်မေးရာကိုဌ် မယဉ်ကျေးသော ဥပမာနှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်၊ ဟာသကထာကိုကား ယဉ်ကျေးငြားသော်လည်း နည်းပါးနိုင်သမျှ နည်းပါးစေရန် သတိပြုရမည်။

(၅) ကမ္မဋ္ဌာန်းဆရာတဦး စစ်မေးနေသော ယောဂီအား ၎င်းဆရာက ခွင့်မပြုပဲ ဝင်ရောက်စွက်ဖက်၍ စစ်မေးခြင်း, ဆုံးဖြတ်ခြင်းများကို မပြုရ။

(၆) မဟာစည်ဆရာတော် နည်းလမ်း ညွှန်ပြထားသည့်အတိုင်း တပည့်ယောဂီတို့အား ရသင့် ရထိုက်သော သမာဓိ, ဉာဏ်အဆင့်များ အကြွင်းမဲ့ ပြည့်စုံစေရန် တင်းတင်းရင်းရင်း တိတိကျကျ ဆရာ့တာဝန် မလိုရအောင် ညွှန်ပြတိုက်တွန်းရမည်။

(၇) ယောဂီမများအား ကမ္မဋ္ဌာန်း စစ်မေးရာဌာနမှာ အမျိုးမြင်သာသော ဌာန ဖြစ်စေရမည့်အပြင် ၎င်းဌာနသို့ ထိုက်သင့်သလို အပေါင်းလိုက် အစုလိုက် ခေါ်ယူပြီးလျှင် နေ့ခင်းအချိန်တွင်သာ စစ်မေး ဟောပြောရမည်။ ထို့ပြင် သိကြားလိမ္မာသော ယောကျ်ားပုဂ္ဂိုလ်လည်း အနီးဌ် ရှိစေရဦးမည်။

(၈) ယောဂီမတို့အား ကမ္မဋ္ဌာန်းပေးရာဌာနမှာ အမျိုးမြင်သာသော နေရာ ဖြစ်စေရမည့်အပြင် သိကြားလိမ္မာသော ပုဂ္ဂိုလ်လည်း အနီးဌ် ရှိစေရမည်၊ ထို့ပြင် အကြောင်းအားလျော်စွာ ညဉ့်အခါ၌ ကမ္မဋ္ဌာန်း ပေးရလျှင် ထိန်ထိန်လင်းသော မီးရောင်လည်း ရှိစေရဦးမည်။

(၉) စာရွက် စာတမ်း ကျမ်းစာအုပ်များကို "ပုံနှိပ်ခွင့် ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါးထံမှ ခွင့်ပြုချက် မရှိပဲ" မဟာစည်ဆရာတော်၏ ဝိပဿနာနည်း နိသျည်း အဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(စ) ပြောဆိုရေးမှာ

(၁) တိရစ္ဆာနကထာကို ပယ်ရှား၍ ကထာဝတ္ထုဆယ်ပါးကိုသာ ပြောဆိုနိုင်ရန် လုံလပြုရမည်၊

(၂) ဒုဗ္ဘာသိတ ဝါစာဖြစ်သော ပြက်ရယ်ပြောင်လှောင်မှုများကို မပြုရ။

(၃) နက်နဲသောစကား,ဟုတ်မှန်၍ အကျိုးရှိသောစကား,အလေး ပြုလောက်သောစကား, မှတ်သားဘွယ် ကောင်းသော စကား, ဝမ်း မြောက်ဘွယ် ကောင်းသော စကား–ဤသို့သော စကားများကိုသာ ပြောဆိုနိုင်ရန် လုံလပြုရမည်။

(၄) ကြမ်းတမ်းသောစကား,ကြိမ်းမောင်း ချုတ်ချယ်သောစကား များကို မပြောဆိုမိစေရန် သတိပြုရမည်။

(၅) ကျုပ်, ကျွန်တော်, ခင်ဗျား-စသော ဂိဟိ ဝေါဟာရများကို မသုံးမိစေရန် သတိပြုရမည်။

(၆) ဘုန်းကြီး, ဆရာတော်, ဒါယကာကြီး,ဒါယိကာမကြီး-စသော သမဏဝေါဟာရများကိုသာ သုံးစွဲရန် သတိပြုရမည်။

(၇) ရဟန်း အချင်းချင်း ပြောဆိုရာ၌လည်း"ဘုရားတပည့်တော်, အရှင်ဘုရား" စသော သမဏဝေါဟာရများကိုသာ သုံးစွဲရမည်။

(၈) မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း, သူတပါးကို နှိမ့်ချ၍ ပြောဆိုခြင်းများမှ လုံးဝ ရှောင်ကြဉ်ရမည်။

(၉) ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်, ဘူတာရောစနေ သိက္ခာပုဒ်တို့ဖြင့် ယုံမှားမှု မဖြစ်စေခြင်း အကျိုးငှါ အရိယဓမ္မကို မိမိနှင့်စပ်လျဉ်း၍ ပပြောကြားပိစေရန် အထူးသတိထားရမည်။

(၁၀) အရိယမမှုနှင့် စပ်လျဉ်း၍ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဆုံးဖြတ်ပြောဆိုခြင်း မရှိစေရ။

(၁၁) သဘာဝ ဖြစ်သော သီတင်းသုံးဘော်များ၏ ချစ်ယင်းချက်ကို ကြားသိ တွေ့မြင်ရလျှင် မေတ္တာ,ကရုဏာ ရှေထား၍ သတိပေးပြောဆိုနိုင်ရမည်။

(၁၂) သီတင်းသုံးဘော်များက မိမိ၏ ချစ်ယင်းချက်ကို ကြားသိတွေ့မြင်ကြ၍ သတိပေးပြောဆိုလျှင် ဝမ်းမြောက် ကြည်သာစွာဖြင့် သည်းခံနိုင်, ပြင်ဆင်နိုင်ရမည်။

(၁၃) သီတင်းသုံးဘော်များက ဓမ္မ,ဝိနယဖြင့် သတိပေးဆုံးမလျှင် ဝမ်းမြောက်ကြည်သာ ရှိသေစွာ နာခံနိုင်ရမည်။

(၁၄) သမယန္တရ ပုဂ္ဂိုလ်များနှင့် တရားငြင်းခုံ ပြိုင်ဆိုင်ခြင်း အလျှင်းမရှိစေရ။

(ဆ) ဆက်ဆံရေးမှာ

(၁) လင်္ကာပေသလ, သိက္ခာကာမ ဖြစ်သည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်တိုင်းနှင့် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ-အားဖြင့် ပေါင်းသင်းဆက်ဆံနိုင်ခွင့် ရှိသည်။

အဓိပ္ပါယ် ဖော်ပြချက်=ကိုယ်ပစ္စည်းကို ပေးကမ်း ချီးမြှောက်ခြင်းနှင့် သူ့ထံမှ ပစ္စည်းကို ခံယူ၍ သုံးစွဲခြင်းသည် ပစ္စယသမ္ဘောဂမည်၏၊ တိုနည်းတူစွာပင် တရားဓမ္မသြဝါဒ အပေးအယူဖြင့် ဓမ္မ-သမ္ဘောဂကို သိအပ်၏၊ ဤမျှသာ ရည်ရွယ်သည်။

(၂) မထေရ်ကြီးများအား ဂါရဝ,နိဝါတ ရှေထား၍ဂုင်း၊ သမာန၊ နဝကပုဂ္ဂိုလ်တို့အား မေတ္တာ,ကရုဏာရှေထား၍ဂုင်း နူးညံ့သိမ်မွေ့သော ကိုယ် အမူအရာ, နှုတ်အမူအရာတို့ဖြင့် ပဋိသန္ထာရဝတ် မချတ်စေရန် လုံ့လပြုရမည်။

(၃) ဒါယကာ, ဒါယိကာမတို့နှင့် ဆက်ဆံရာ၌ "ကုသေသွ'နနု-ဂိဒ္ဓေါ" ဟူသော ဒေသနာတော်နှင့်အညီ ကုလဒူသန, အနေသန-တို့ကို ဝေးစွာရှောင်ကြဉ်၍ သံဟနန္ဒီ, သဟသောဂီ-တို့၏ အကြောင်းဖြစ်သော ဂေဟသိတပေမ-ဖြင့် ရင်းနှီးစွာ ဆက်ဆံမှု မရှိစေရန် အထူးသတိပြုရမည်။

(၄) ကမ္မဋ္ဌာန်း စစ်မေးရာ၌ တပည့်ယောဂီတို့သည် မိမိတို့၏ သမာဓိဉာဏ်အတွေ့များကို ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ မရှုံမကြောက် ပြောကြားနိုင်စေရန် အလို့ငှါဂုင်း, စိတ်အားတက်ကြွလာစေရန် အလို့ငှါဂုင်း ကမ္မဋ္ဌာန်းဆရာမှာ သင့်လျော်သလို လိုက်လျော၍ ဖော်ဖော်ရွေရွေ ပြောဆိုနိုင်ခွင့်ရှိသော်လည်း အခြားကာလများ၌မူကား ထိုသို့သော ပြောဆို ဆက်ဆံမှုများ မရှိစေမူ၍ တည်ကြည်ခန့်ညားသော ပြောဆိုခြင်းဖြင့်သာလျှင် ဣန္ဒေရရ ပြောဆို ဆက်ဆံရမည်။ အထူးအားဖြင့်မူကား ထိုအခြားကာလ ဆက်ဆံရေးတွင် ဥပါသိကာမများနှင့် ဆက်ဆံရာ၌ သာ၍ တည်ကြည်ခန့်ညားခြင်း ရှိစေရမည်။

(၅) တပည့် ဒါယကာ, ဒါယိကာမတို့၏ သဒ္ဓါတရားအလျောက် ပေးလှူခြင်းမှတပါး ဉာတိ,ပဝါရိတ-မဟုတ်သော ပုဂ္ဂိုလ်တို့ထံမှ အလှူခံခြင်း အလျှင်းမရှိစေရ။

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက်
စည်းမျဉ်း ဥပဒေများ
ဤတွင် ပြည့်စုံပြီ။

၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက်

စည်းမျဉ်းဥပဒေများ

[၁] "ကမ္မဋ္ဌာနာစရိယ ဥပါသကာ"ဟူရာ၌ အောက်ပါ အရည်အချင်းများ နှင့်ပြည့်စုံသော ဥပါသကာကိုသာလျှင် မှတ်ယူရမည်။

(က) ပရိယတ္တိ အရည်အချင်း

(၁) မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် ကျမ်းဂန်ဗဟုဿုတ အတော်အတန် ရှိရမည့်အပြင် ပရမတ္ထသရုပ်သဘောတို့၌ ပိုင်နိုင်သော အသိဉာဏ်လည်း ရှိစေရမည်။

(၂) မဟာသတိပဋ္ဌာန်သုတ်, ပါဌ်, နိသျကို အာဂုံဆောင်ထားရမည်။

(၃) ဝိပဿနာရှုနည်းကျမ်းနှင့် ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းတို့၌ ကျေပြွန်စွာ ကြည့်ရှုလေ့လာပြီး ဖြစ်စေရမည်။ (ဤအပိုဒ်သည် ပရိယတ္တိ အရည်အချင်း၌ လိုရင်းဖြစ်၏။)

(ခ) ပဋိပတ္တိ အရည်အချင်း

(၁) မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် အများသော ရဟန်း ရှင် လူတို့ ကြည်ညိုလေးစားထိုက်သော ကိုယ်ကျင့်သီလနှင့် ပြည့်စုံစေရမည်။

(၂) မဟာစည်ဆရာတော်၏ နည်းနိသျည်းအတိုင်း ဝိပဿနာလုပ်ငန်းကို ပြီးဆုံးသည့်တိုင်အောင် အပြည့်အစုံ နိုင်နိုင်နင်းနင်း ကျင့်သုံး အားထုတ်ပြီး ဖြစ်စေရမည့်အပြင် ကမ္မဋ္ဌာန်း စစ်မေးရာ၌လည်း လေ့လာသင်ကြားပြီး, ကျွမ်းကျင်နိုင်နင်းပြီး ဖြစ်စေရမည်။

(၃) ခမာ, ဇာဂရိယ, ဥဋ္ဌာန, သံဝိဘာဂ, ဒယာ, ဣက္ခဏာ-ဟူသော နာယကဂုဏ် အင်္ဂါ ၆-ပါးနှင့်လည်း ပြည့်စုံစေရမည်။

(၄) စိတ်ရှည်ခြင်း, သဘောထားကြီးခြင်း, နူးညံ့ပြေပြစ်သော စကားရှိခြင်း, ချိုသာသော စကားရှိခြင်း စသော ဝန်ဆောင်ဂုဏ်လိုလိုတို့၏ ဂုဏ်အင်္ဂါများနှင့်လည်း ပြည့်စုံစေရမည်။

အထက်ပါ ပရိယတ္တိ, ပဋိပတ္တိ အရည်အချင်းတို့တွင် ပဋိပတ္တိ အရည်အချင်းသည် ကမ္မဋ္ဌာန်းဆရာတို့မှာ သာ၍ လိုပေသည်၊ သို့ဖြစ်၍ ပဋိပတ္တိအရည်အချင်း အပိုဒ်ငယ်(၁)(၂)ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်းပြည့်စုံလျှင်ပင် မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာ-ဟု အသိအမှတ်ပြုသော သာမန်ဆရာဖြစ်လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။ ပရိယတ္တိအရည်အချင်းပါ ပြည့်စုံလျှင်ကား ဂုဏ်ထူးဆောင် ဆရာဖြစ်လက်မှတ်ကိုပါ ရနိုင်ခွင့် ရှိသည်။

မှတ်ချက်။ ။ဤ၌လည်း အရည်အချင်းအလိုက် လက်မှတ်ဖြင့် အသိအမှတ်ပြုရန် စီမံချက်မှာ ရဟန်းတော်များ၏ အရည်အချင်းကို သတ်မှတ်ရာ၌ စီမံချက်အတိုင်းပင် ဖြစ်သည်။

[၂] မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် လူတို့၏ ဆိုင်ရာ ကိုယ်ကျင့်သီလများကို အသက်ပမာထား၍ လေးစားလုံခြုံစွာ ကျင့်သုံး စောင့်ထိန်းရမည်။

[၃] အထူးအားဖြင့်—

(က) နေထိုင်ရေး။

(ခ) သွားလာရေး။

(ဂ) ဝတ်ရုံရေး။

(ဃ) ဟောကြားရေး။

(င) ပြောဆိုရေး။

(စ) ဆက်ဆံရေး—

ဟူသော ဤ ၆-ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် လုံ့လပြုရမည်။ ထိုတွင်—

(က) နေထိုင်ရေးမှာ

(၁) တပည့်ဖြစ်သူတို့၏ ဣန္ဒြေသိက္ခာထက် ပိုမို၍ တည်ကြည်ခန့်ညားသော ဣန္ဒြေသိက္ခာနှင့် ပြည့်စုံစေရမည်။

(၂) တပည့် ယောဂီမတို့နှင့် စပ်လျဉ်း၍ ပရူပဝါဒ ကင်းရှင်းအောင် နေထိုင်ရမည်၊ အထူးသဖြင့် အရေးကြီးသော အကြောင်းကိစ္စမရှိပဲ တပည့် ယောဂီမတို့နှင့် ကြာရှည်စွာ လက်ခံ၍ စကားပြောဆို နေထိုင်းခြင်း မရှိစေရ၊ မလွှဲမရှောင်သာသဖြင့် ပြောဆို နေထိုင်ရာ၌ လည်း တယောက်ချင်းချင်း မဖြစ်စေရန် သတိပြုရမည်။

(ခ) သွားလာရေးမှာ

(၁) ပါသာဒိကေန အဘိက္ကန္တေန-စသော ဒေသနာတော်နှင့်အညီ အမှတ်သတိ မကင်းသဖြင့် ကြည်ညိုဘွယ်ကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရမည်။

(၂) ပရူပဝါဒ ဖြစ်နိုင်သော အချိန်အခါ၌ငင်း, ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်များထံသို့ငင်း သွားလာခြင်း မရှိစေရ။

(ဂ) ဝတ်ရုံရေးမှာ

(၁) ကမ္မဋ္ဌာန်းစစ်မေးသော အချိန်အခါများ၌ငင်း, တရားဟောပြော သောအခါများ၌ငင်း ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်သော အဝတ်အရုံများနှင့် ပြည့်စုံစေရမည်။

(ဃ) ဟောကြားရေးမှာ

(၁) မိမိတို့၏ ကမ္မဋ္ဌာန်းဌာန၌ တလလျှင် ၄-ကြိမ်ဖြစ်စေ, ၂-ကြိမ်ဖြစ်စေ ဝိပဿနာလုပ်ငန်းစဉ်တရားကို မဟာစည်ဆရာတော်၏ ယူဆ ဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

(၂) ပြင်ပ တရားပွဲများ၌မူကား တရားနာပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ထောက်ချင့်၍ သဒ္ဓါပသန္နဖြစ်စေခြင်းငှါ သင့်လျော်သလို ဟောပြော

နိုင်ခွင့် ရှိပေ၏၊ သို့သော် ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်သိက္ခာနှင့်လျော်စွာ တည်ကြည်ခန့်ညားသော အသံဖြင့်သာ ဟောကြားရမည်။

(၃) ကမ္မဋ္ဌာန်းစစ်မေးရာ၌ ယောဂီတို့၏ဉာဏ်အဆင့်အတန်းအားလျော်စွာ တိုးတက်သည်ထက် တိုးတက်စေခြင်းငှါ သင့်လျော်သော တရားများကို ဟောကြားခြင်း၊ ယောဂီတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော သတိ, သုမာဓိ, ဉာဏ်များကို ထိုက်တန်သလောက် ချီးမြှောက်၍ အားပေးခြင်း၊ ရှုမှတ်မှုဖြင့်ပင် သီလ, သမာဓိ, ပညာ ဖြစ်လာပုံ၊ ဗောဓိပက္ခိယတရားများ ပြီးစီးသွားပုံ စသည်တို့ကို ရှင်းလင်းဖော်ပြခြင်း စသော အားပေးတရားများကို ယောဂီတို့မှာ စိတ်တက်ကြွလာသည့်တိုင်အောင် ဟောကြားရမည်။

(၄) တရားဟောရာ, ကမ္မဋ္ဌာန်းစစ်မေးရာတို့၌ မယဉ်ကျေးသော ဥပမာနှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်၊ ဟာသကထာကိုကား ယဉ်ကျေးငြားသော်လည်း နည်းပါးနိုင်သမျှ နည်းပါးစေရန် သတိပြုရမည်။

(၅) ကမ္မဋ္ဌာန်းဆရာတဦး စစ်မေးနေသော ယောဂီအား ၎င်းဆရာက ခွင့်မပြုပဲ ဝင်ရောက်စွက်ဖက်၍ စစ်မေးခြင်း, ဆုံးဖြတ်ခြင်းများကို မပြုရ။

(၆) မဟာစည်ဆရာတော် နည်းလမ်းညွှန်ပြထားသည့်အတိုင်း တပည့်ယောဂီတို့အား ရသင့် ရထိုက်သော သမာဓိ, ဉာဏ်အဆင့်များ အကြွင်းမဲ့ပြည့်စုံစေရန် တင်းတင်းရင်းရင်း တိတိကျကျ ဆရာ့တာဝန် မလိုရအောင် ညွှန်ပြတိုက်တွန်းရမည်။

(၇) ယောဂီမများကို ကမ္မဋ္ဌာန်း စစ်မေးရာ၌ဌာနမှာ အများမြင်သာသော ဌာန ဖြစ်စေရမည့်အပြင် ၎င်းဌာနသို့ ထိုက်သင့်သလို အပေါင်းလိုက် အစုလိုက် ခေါ်ယူပြီးလျှင် နေ့ခင်းအချိန်၌သာ စစ်မေးဟောပြောရမည်၊ အနီးအပါး၌ အခြားယောဂီ အဖော်လည်း ရှိစေရဦးမည်။

(၈) ယောဂီမတို့အား ကမ္မဋ္ဌာန်းပေးရာ ဌာနမှာ အများမြင်သာသော နေရာ ဖြစ်စေရမည့်အပြင် အနီးအပါး၌ အခြား ယောဂီအဖော်

လည်း ရှိစေရဦးမည်၊ ထို့ပြင် အကြောင်းအားလျော်စွာ ညဉ့်အခါ၌ ကမ္ဘာန်းပေးရလျှင် ထိန်ထိန်လင်းသောမီးရောင်လည်း ရှိစေရဦးမည်။

(၉) စာရွက်, စာတမ်း, ကျမ်းစာအုပ်များကို "ပုံနှိပ်ခွင့်ရှိသော မဟာစည်သတိပဋ္ဌာန် အဖွဲ့ဝင် ဆရာတော် တပါးပါးထံမှ ခွင့်ပြုချက် မရှိပဲ" မဟာစည်ဆရာတော်၏ ဝိပဿနာနည်းနိသျ အဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(c) ပြောဆိုစေရးမှာ

(၁) တိရစ္ဆာနကထာကို ပယ်ရှား၍ ကထာဝတ္ထုဆယ်ပါးကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

(၂) ပြက်ရယ်ပြောင်လှောင်မှု စကားများကို မပြောဆိုမိစေရန် သတိပြုရမည်။

(၃) နက်နဲသော စကား, ဟုတ်မှန်၍ အကျိုးရှိသော စကား, အလေးပြုလောက်သော စကား, မှတ်သားဘွယ်ကောင်းသော စကား, ဝမ်းမြောက်ဘွယ်ကောင်းသော စကား–ဤသို့သော စကားများကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

(၄) ကြမ်းတမ်းသော စကား, ကြိမ်းမောင်းချုတ်ချယ်သော စကား, ကဲ့ရဲ့ရှုတ်ချသော စကား–ဤသို့သော စကားများကို မပြောဆိုမိစေရန် သတိပြုရမည်။

(၅) မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း, သူတပါးကို နှိမ့်ချ၍ ပြောဆိုခြင်းများမှ လုံးဝ ရှောင်ကြဉ်ရမည်။

(၆) အရိယမမှန်ခင့် စပ်လျဉ်း၍ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဆုံးဖြတ်ပြောဆိုခြင်း မရှိစေရ။

(၇) သဘာဝဖြစ်သော သီတင်းသုံးဘော်များ၏ ချွတ်ယွင်းချက်ကို ကြားသိတွေ့မြင်ရလျှင် မေတ္တာ, ကရုဏာ ရှေထား၍ သတိပေး ပြောဆိုနိုင်ရမည်။

(ဂ) သီတင်းသုံးဘော်များက မိမိ၏ ချတ်ယွင်းချက်ကို ကြားသိတ့ေမြင်၍ သတိပေးပြောဆိုလျှင် ဝမ်းမြောက်ကြည်သာစွာဖြင့် သည်းခံနိုင်, ပြင်ဆင်နိုင်ရမည်။

(ဇ) ဝါဒမတူသော ပုဂ္ဂိုလ်များနှင့် တရားငြင်းခုံ ပြိုင်ဆိုင်ခြင်း အလျှင်း မရှိစေရ။

(စ) ဆက်ဆံရေးမှာ

(၁) ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိရှိသော ပုဂ္ဂိုလ်တို့အား ဂါရဝ, နိဝါတ ရှေထား၍ ၎င်း၊ အခြားပုဂ္ဂိုလ်တို့အား မေတ္တာ, ကရုဏာ ရှေထား၍၎င်း နူးညံ့သိမ်မွေ့သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ပြေပြစ်စွာ ပေါင်းသင်း ဆက်ဆံနိုင်ရန် လုံ့လပြုရမည်။

(၂) တပည့် ယောဂီတို့နှင့် ဆက်ဆံရာ၌ ဂေဟသိတပေမဖြင့် ရင်းနှီးစွာ ဆက်ဆံခြင်း မရှိစေရန် အထူးသတိပြုရမည်။

(၃) ကမ္မဋ္ဌာန်း စစ်မေးရာ၌ တပည့် ယောဂီတို့သည် မိမိတို့၏ သမာဓိ, ဉာဏ်အတ့ေများကို ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ မချွံမကြောက် ပြောကြားနိုင်စေရန်အလို့ငှါ၎င်း, စိတ်အားတက်ကြွလာစေရန်အလို့ငှါ၎င်း ကမ္မဋ္ဌာန်းဆရာမှာ သင့်လျော်သလို လိုက်လျော၍ ဖော်ဖော်ရွေရွေ ပြောဆိုခွင့်ရှိသော်လည်း အခြားကာလများ၌ မူကား ထိုသို့သော ပြောဆို ဆက်ဆံမှုများ မရှိစေမူ၍ တည်ကြည်ခန့်ညား သော ပြောဆိုခြင်းဖြင့် သာလျှင် ဣန္ဒေရရ ပြောဆိုဆက်ဆံရမည်၊ အထူးအားဖြင့် မူကား ထိုအခြားကာလ ဆက်ဆံရေးတွင် တပည့် ယောဂီမများနှင့် ဆက်ဆံရာ၌ သာ၍ တည်ကြည်ခန့်ညားခြင်း ရှိစေ ရမည်။

(၄) သဒ္ဓါတရားအလျောက် ပေးလှူသည်မှတပါး ကိုယ့်အကျိုး ကိုယ့် စီးပွါးအတွက် အလှူခံခြင်း အလျှင်း မရှိစေရ။

၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများ အတွက်
စည်းမျဉ်းဥပဒေများ ဤတွင် ပြည့်စုံပြီ။

၃။ ယောဂီ ရဟန်းတော်များအတွက်

စည်းမျဉ်းဥပဒေများ

[၁] "ယောဂီ ရဟန်းတော်" ဟူရာ၌ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသော ရဟန်းတော်ကိုသာလျှင် မဟာစည် သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ဌာနများ၌ ယောဂီရဟန်းတော်-ဟု အသိအမှတ်ပြု၍ လက်ခံရမည်။

(က) ပါတိမောက် သိက္ခာပုဒ်များ၌ လေ့လာသင်ကြား သိနားလည်ပြီး ဖြစ်စေရမည်။

(ခ) ဂရုကအာပတ်၌ သံသယကင်း၍ သီလဝိသုဒ္ဓိ ပြည့်စုံပြီး ဖြစ်စေရမည်။

(ဂ) ဆရာသမား သို့မဟုတ် လုံလောက်သော ပုဂ္ဂိုလ်တဦးဦး၏ ထောက်ခံချက် ရှိစေရမည်။

(ဃ) မဟာစည်ဆရာတော်၏ ဩဝါဒအရ သိက္ခာသင်တန်းကို တက်ရောက်သင်ကြားပြီး ဖြစ်စေရမည်၊ သို့ရာတွင် မူလကပင် အချိုးကျပြီးသော ပုဂ္ဂိုလ်မှာ သင်တန်းတက်ရန် မလိုဟော့ပါ။

(င) အနာကြီး ငါးမျိုး စွဲကပ်ခြင်း, ခြေလက်အင်္ဂါ ချို့တဲ့ခြင်းစသော ပရိသ ဒူသနအဖြစ်တို့မှ ယောဘုယျအားဖြင့် ကင်းရှင်းစေရမည်။

အထက်ပါ အရည်အချင်းများနှင့် ပြည့်စုံမှသာလျှင် မဟာစည် သတိပဋ္ဌာန် ဌာနများ၌ ယောဂီရဟန်းတော်-ဟု အသိအမှတ်ပြု၍ လက်ခံရမည်။

[၂] မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ယောဂီရဟန်းတော်သည် ဝိနည်းသိက္ခာပုဒ်တော်များကို အသက်ပမာထား၍ မချိတ်မယှင်း ကျင့်သုံးစောင့်ထိန်းရမည်။

[၃] အထူးအားဖြင့်—

(က) နေထိုင်ရေး၊
(ခ) သွားလာရေး၊
(ဂ) ဝတ်ရုံရေး၊
(ဃ) စားသောက်ရေး၊
(င) ဟောကြားရေး၊
(စ) ပြောဆိုရေး၊
(ဆ) ဆက်ဆံရေး —

ဟူသော ဤ ၇-ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရမည်။ထိုတွင်—

(က) နေထိုင်ရေးမှာ

(၁) "အညော မေ အာဂကပ္ပေါ ကရဏီယော"-ဟူသော ဒေသနာတော်နှင့်အညီ လူဝတ်ကြောင်တို့၏ အသွင်အပြင် အမူအရာနှင့် မတူစေဘဲ သမဏသာရုပ္ပဖြစ်သော ရဟန်းတော်တို့၏ အသွင်အပြင် အမူအရာ ဣန္ဒြေသိက္ခာတို့နှင့် ပြည့်စုံစေရမည်။

(၂) မာတုဂါမတို့နှင့်စပ်လျဉ်း၍ ပရူပဝါဒကင်းရှင်းအောင် နေထိုင်ရမည်။

(၃) နိဿယမုစ္စက အင်္ဂါ မပြည့်စုံသေးလျှင် နိဿည်းယူ၍ နေထိုင်ရမည်။

(ခ) သွားလာရေးမှာ

(၁) ပါသာဒိကေန အဘိက္ကန္တေန-စသော ဒေသနာတော်နှင့်အညီ အမှတ်သတိ မကင်းသဖြင့် ကြည်ညိုဘွယ်ရာ ကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရမည်။

(၂) ပရူပဝါဒ ဖြစ်နိုင်သော အချိန်အခါ၌ရင်း, ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်မျှားထံသို့ရင်း သွားလာခြင်း မရှိစေရ။

(၃) မြို့တွင်း, ရွာတွင်းသို့ သွားလာသောအခါ ဖြစ်စေ, ခရီးရှည် သွားသောအခါ ဖြစ်စေ ဝိနည်းတော်နှင့်အညီ သွားလာရမည်။

(၄) ကျန်းမာပါလျက် ဆိုက်ကား, မြင်းလှည်း စသည် စီးခြင်း မရှိစေရ။

(ဂ) ဝတ်ရုံရေးမှာ

ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ ဝတ်ရုံရေး စည်းမျဉ်း ဥပဒေ ၄-ပိုဒ်လုံးအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဃ) စားသောက်ရေးမှာ

(၁) ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ စားသောက်ရေး စည်းမျဉ်း ဥပဒေ ၃-ပိုဒ်လုံးအတိုင်း လိုက်နာ ကျင့်သုံးရမည့်အပြင်-

(၂) နိဿဂ္ဂိယ ပစ္စည်း, အဓမ္မိယ ပစ္စည်းများ လုံးဝ ကင်းရှင်းစေ ရမည်။

(င) ဟောကြားရေးမှာ

(၁) စွမ်းရည်ရှိ၍ ကမ္မဋ္ဌာန်းဌာနဌ ဝိပဿနာ တရားကို ဟောလျှင် မဟာစည်ဆရာတော်၏ ယူဆ ဟောပြောပုံအတိုင်း ဒေသနာတော်နှင့် အညီ ဟောပြောရမည်။

(၂) ပြင်ပ တရားပွဲများ၌မူကား တရားနာပုဂ္ဂိုလ်တို့၏ အစ္ဆာသယ ကို ထောက်ချင့်၍ သဒ္ဓါ ပသန္နဖြစ်ကြစေခြင်းငှါ သင့်လျော်သလို ဟောပြောနိုင်ခွင့် ရှိပေသည်၊ သို့သော် ဝိနည်းတော်နှင့်အညီ တည်ကြည် ခန့်ညားသော အသံဖြင့်သာ ဟောကြားရမည်။

(၃) တရားဟောချိန် မယဉ်ကျေးသော ဥပမာနှင့် ဟာသကထာ တို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူး သတိပြုရမည်၊ ဟာသကထာ ကိုကား ယဉ်ကျေးငြားသော်လည်း နည်းပါးနိုင်သမျှ နည်းပါးစေရန် သတိပြုရမည်။

(၄) ကမ္မဋ္ဌာန်းဌာနတွင် အားထုတ်နေသော ယောဂတို့အား တရားစစ်ဆေး မေးမြန်းခြင်း, အဆုံးအဖြတ်ပေးခြင်းများကို မပြုရ။

(၅) စာရွက်,စာတမ်း, ကျမ်းစာအုပ်များကို ပုံနှိပ်ခွင့်ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါးထံမှ ခွင့်ပြုချက်မရှိပဲ မဟာစည် ဆရာတော်၏ နည်းနိသျှအဖြစ်ဖြင့် ရေးသားရှု ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(စ) ပြောဆိုရေးမှာ

ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ ပြောဆိုရေး စည်းမျဉ်းဥပဒေ ၁၄-ပိုဒ်လုံးအတိုင်း လိုက်နာ ကျင့်သုံးရမည်။

(ဆ) ဆက်ဆံရေးမှာ

(၁) လင်္ဂေပေသလ သိက္ခာကာမ ဖြစ်သည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်ဘိုင်းနှင့် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ အားဖြင့် ပေါင်းသင်း ဆက်ဆံနိုင်ခွင့် ရှိသည်။

(၂) မဟာရ်ကြီးများအား ဂါရဝ, နိဝါတ ရှေထားရှိခြင်း, သမာန, နဝက ပုဂ္ဂိုလ်တို့အား မေတ္တာ, ကရုဏာ ရှေထားရှိခြင်း နှုးညံ့သိမ်မွေ့သော ကိုယ်အမူအရာ, နှုတ်အမူအရာတို့ဖြင့် ပဋိသန္ထာရဝတ် မချုတ်စေရန် လုံလပြုရမည်။

(၃) ဒါယကာ, ဒါယိကာမတို့နှင့် ဆက်ဆံရာ၌ "ကုလေသု'နနု-ဂိဒ္ဓေါ" ဟူသော ဒေသနာတော်နှင့်အညီ ကုလဒူသန, အနေသနတို့ကို ဝေးစွာ ရှောင်ကြဉ်၍ သဟနန္ဒီ, သဟသောကီတို့၏ အကြောင်းဖြစ်သော ဂေဟသိတပေမ-ဖြင့် ရင်းနှီးစွာ ဆက်ဆံမှု မရှိစေရ။

(၄) ဒါယကာ, ဒါယိကာမတို့၏ သဒ္ဓါတရားအလျောက် ပေးလှူခြင်းမှ တပါး ဥာတိ,ပဝါရိတ မဟုတ်သော ပုဂ္ဂိုလ်တို့ထံမှ အလှူခံခြင်း အလျှင်း မရှိစေရ။

၃။ ယောဂီ ရဟန်းတော်များအတွက် စည်းမျဉ်း ဥပဒေများ ဤတွင် ပြည့်စုံပြီ။

၄။ ယောဂီ ဥပါသကာ,ဥပါသိကာများအတွက်

စည်းမျဉ်း ဥပဒေများ

[၁] ကမ္မဋ္ဌာန်းဌာနဌ် တရားအားထုတ်ဆဲ ယောဂီများသည် ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်း ဥပဒေများကို တဖသွယ်တိမ်း လိုက်နာရမည်။

[၂] တရားအားထုတ်ပြီးသော ယောဂီများသည်လည်း မည်သည့် နေရာဌာနဌ် နေထိုင်သည်ဖြစ်စေ တရားတော်နှင့် ဆရာသမားတို့၏ ဂုဏ်ကို ယုံကြည်လေးစားသောအားဖြင့် အောက်ပါ သြဝါဒများကို ရိုသေစွာ လိုက်နာကျင့်သုံးရမည်။

(က) နေထိုင်ရေး

လောဘ, ဒေါသ စသော ကိလေသာတို့၏ အလိုအားဖြင့် ရုန်ရင်းကြမ်းတမ်းသော ကိုယ်အမူအရာ, နှုတ်အမူအရာများ ထင်ရှားမဖြစ်ပေါ်ရအောင် အမှတ်သတိဖြင့် စောင့်စည်း ထိန်းသိမ်း၍ နေထိုင်ရမည်။

(ခ) သွားလာရေးမှာ

သူတော်ကောင်းတို့ ကဲ့ရဲ့ စက်ဆုပ်အပ်သော နေရာဌာနများသို့ မသွား မလာမိစေရန် အထူးသတိပြု၍ ရှောင်ကြဉ်ရမည်။

(ဂ) ဟောပြောရေးမှာ

(၁) ဟောစွမ်းနိုင်သော ဗဟုသုတ လုံလောက်စွာ မရှိပါပဲ လူများစုအား တရားဟောပြောခြင်းကို မပြုရ။

[၂] ဟောနိုင်စွမ်းသော ဗဟုသုတရှိ၍ ဝိပဿနာတရားကို ဟောပြောခဲ့လျှင် မဟာစည် ဆရာတော်၏ ယူဆဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

(၃) အားထုတ်ဆဲ ယောဂီတို့အား တရားစစ်မေးခြင်း, အဆုံးအဖြတ်ပေးခြင်းများကို မပြုရ။

(၄) စာရွက်, စာတမ်း, ကျမ်းစာအုပ်များကို "ပုံနှိပ်ခွင့်ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါးထံမှ ခွင့်ပြုချက်မရှိပဲ" မဟာစည်ဆရာတော်၏ ဝိပဿနာ နည်းနိသျအဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(ဃ) ပြောဆိုရေးမှာ

(၁) ကျောင်းကန်ဘုရားများတွင် ဥပုသ်သီတင်း သီလ စောင့်သုံးနေသော အခါ၌၎င်း, ကမ္မဋ္ဌာန်းဌာနတွင် ရောက်ရှိနေသောအခါ၌၎င်း လောကရေးရာ စကားများကို ပြောဆိုခြင်း နည်းပါးစေရန် အထူး သတိပြုရမည်။

(၂) ကြမ်းတမ်းသောစကား, ကြိမ်းမောင်း ချုတ်ချယ်သောစကား, မျက်မှောက် မျက်ကွယ်၌ ကဲ့ရဲ့ရှုတ်ချသောစကား ဤသို့သော စကားများကို မပြောမဆိုမိစေရန် သတိပြုရမည်။

(၃) မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း, သူတပါးတို့အား နှိမ့်ချ၍ ပြောဆိုခြင်းများမှ လုံးဝ ရှောင်ကြဉ်ရမည်။ (ရဟန်းတော်များအား ကဲ့ရဲ့ပြစ်တင်မိခြင်းမရှိစေရန် အထူး သတိပြု၍ စောင့်စည်းရမည်)။

(၄) ဝါဒမတူသောပုဂ္ဂိုလ်များနှင့် တရားငြင်းခုံပြိုင်ဆိုင်မှုအလျှင်းမရှိစေရ။

(၅) တရားထူး တရားမြတ်များကို မိမိနှင့်စပ်လျဉ်း၍ အကျိုးမဲ့ ဖော်ပြ ပြောဆိုခြင်း မရှိစေရန် အထူး သတိပြုရမည်။

မှတ်ချက် = အကျိုးမဲ့ ဖော်ပြ,ပြောဆိုခြင်းဟူသည်မှာ သူတပါး၏ အကျိုး, သာသနာတော်၏ အကျိုးများအတွက် မဟုတ်ပဲ မိမိဂုဏ် ထင်ပေါ်ရုံမျှအတွက်သာ ရည်ရွယ်၍ ပြောဆိုခြင်းမျိုးကို ဆိုလိုသည်။ သို့ဖြစ်၍ ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာ၏ အကျိုးကိုင့်၍ တရားထူးကို ပြောကြားခြင်း, ထို့အတူ ဥပတိဿ ပရိဗိုဇ်က ကောလိတ ပရိဗိုဇ်အား ပြောကြားခြင်း, ခုဇ္ဇုတ္တရာက

သာမာဝတီအား ပြောကြားခြင်း စသည်တို့မှာ အကျိုးရှိသော ပြောကြားခြင်းများ ဖြစ်သောကြောင့် ထို ပြောဆိုခြင်းမျိုးကို "အကျိုးမဲ့" ဟူသော ဤစကားဖြင့် မဘားမြစ်ဟု မှတ်ရမည်။ တည့်တည့်ပြောရလျှင် သူတပါး၏ အကျိုးကို ငဲ့၍ ဟုတ်မှန်သော တရားထူးကို ပြောကြားခြင်း, သာသနာတော် တည်ထွန်းစေရန် သန္ဓိဋ္ဌက, နိယျာနိကဂုဏ် ထင်ရှားစေရန် ပြောကြားခြင်းများကို ဤ ဥပဒေက မတားမြစ်ဟု ဆိုလို၏။ ဤ ပြောဆိုခြင်းမျိုးကို တားမြစ်လျှင် "သမ္မာ ဝိဟာရေယျုံ" ဟူသော ဘုရား၏ စကားတော်ကို တားမြစ်ရာ ရောက်မည်၊ သတိပြု ပါကုန်။

(c) ဆက်ဆံရေးမှာ

(၁) ရဟန်း သံဃာတော်များနှင့် တွေ့ဆုံသောအခါ၌ သံဃာ့ဂုဏ်ကို အာရုံပြုလျက် ဥပါသကာဝတ် မချုတ်စေမူ၍ အထူးသဖြင့် ရိုသေလေးစားခြင်း ရှိစေရမည်။

(၂) ရဟန်း သံဃာ ဆရာသမားတို့ကို ဆည်းကပ် ကိုးကွယ်ရာ၌ ဂါဟ အစဲ့ မရှိစေမူ၍ ကြည်ညို အားကိုးထိုက်သော သီလ, သမာဓိ, ပညာ ဂုဏ်ကျေးဇူးများကိုသာ အာရုံပြုလျက် သဒ္ဓါတရား သက်သက်ဖြင့်သာလျှင် ဆည်းကပ်ကိုးကွယ်နိုင်ရန် သတိသမ္ပဇဉ် ဉာဏ်ယှဉ်စေရမည်။

၄။ ယောဂီဥပါသကာ, ဥပါသိကာမ-များအတွက် စည်းမျဉ်း ဥပဒေများ ဤတွင် ပြည့်စုံပြီ။

၅။ (က) ကမ္ပဋ္ဌာန်းဌာနဆိုင်ရာ

စည်းချဉ်းဥပဒေများ

(၁) အောက်ထစ်ဆုံးအားဖြင့် ရှစ်ပါးသီလနှင့် ပြည့်စုံ၍ ကြိုးကြိုးစားစား အားထုတ်သော ပုဂ္ဂိုလ်များသာလျှင် မဟာစည်သတိပဋ္ဌာန် ကမ္ပဋ္ဌာန်းဌာနများ၌ အားထုတ်နေထိုင်ခွင့်ရှိသည်။

(၂) တာဝန်ဆောင်ပုဂ္ဂိုလ်က ညွှန်ပြထားသော ကျောင်းခန်းနေရာ၌ သာလျှင် နေထိုင်ရမည်။

(၃) သပ္ပါယ မဖြစ်၍ နေရာပြောင်းလိုလျှင် တာဝန်ဆောင်ပုဂ္ဂိုလ်အား ပြောကြား၍ ၎င်းက ညွှန်ပြထားသော နေရာ၌ ရွှေပြောင်း နေထိုင်ခွင့် ရှိသည်။

(၄) အကြောင်းထူးရှိ၍ နေရာရွှေပြောင်းရန် တာဝန်ခံပုဂ္ဂိုလ်က ညွှန်ကြားလာလျှင် မည်သည့် ယောဂီမဆို အချိန်မရွေး,ဝန်မလေးပဲ ရွှေပြောင်း ပေးနိုင်ရမည်။

(၅) ယောဂီသစ်အဖြစ်ဖြင့် နေထိုင်ခွင့်ရသော ကာလအပိုင်းအခြားမှာ ဉာဏ်စဉ်တရားနာပြီးသည့်နောက် ၇-ရက်အထိ သို့မဟုတ် ကြိုးကြိုးစားစား အားထုတ်ပါလျက် တရားမပြည့်စုံသေးသောသူမှာ ၂-လ အထိ ဤမျှသာရှိသည်ဟု မှတ်ယူရမည်။ ဤ အခွင့်ကာလ ကုန်လွန်ပြီးသော ယောဂီမှာ အားလပ်သော နေရာရှိသေးလျှင် ၎င်းနေရာ၌ ယောဂီဟောင်းများ နည်းတူပင် ဆက်လက်၍ နေထိုင်ခွင့် ထပ်မံတောင်းယူရမည်။

ခြွင်းချက်။ ။တရားပြည့်စုံရန် နီးကပ်နေသော ယောဂီအား နေထိုင်ခွင့် ရက်ပိုများ ထပ်မံ၍ ရရှိစေရမည်၊ ဝါကပ်နေသော ရဟန်းတော်များမှာ ဝါကျွတ်ပြီးသည်တိုင်အောင် နေထိုင်ခွင့် ရှိစေရမည်။

ကမ္မဋ္ဌာန်းဌာနအတွက် ကျေးဇူးများသော ပုဂ္ဂိုလ်များအား သင့်လျော်သောနေရာ၌ အထူးနေထိုင်ခွင့် ရရှိစေရမည်။

(၆) ထင်း, အိုး, ခွက် စသည်တို့ကို ရှုပ်ထွေးစွာ မထားရ၊ တိုက်ခန်းတွင်း၌ ချက်ပြုတ်ခြင်းကို မပြုရ၊ နေရာဌာန၏ သန့်ရှင်းစင်ကြယ်ရေးကို အလေးပြုရမည်။

(၇) အရေးကြီးသော အကြောင်းထူးမရှိပဲ စကားပြောဆိုနေခြင်း မရှိစေရ၊ မပြောလျှင် မဖြစ်၍ ပြောရပါမူ သူတပါး၏ သမာဓိအန္တရာယ် မဖြစ်အောင် တိုးတိုးသာသာ ပြောရမည်၊ သို့သော် ကြာရှည်စွာကား ပြောဆိုမနေရ၊ ကြာရှည်စွာ ပြောရန်ရှိလျှင် ကမ္မဋ္ဌာန်းကျောင်းမှ ဝေးရာသို့သွား၍ ပြောရမည်။

(၈) ဧည့်သည်များကို ကြာရှည်စွာ ဧည့်ခံစကားပြောခြင်းမှာ ဧည့်ခံဌာန တွင်သာ ဖြစ်စေရမည်။

(၉) ညဉ့်အိပ် ညဉ့်နေ တည်းခိုနေလိုသော အသိမိတ်ဆွေ ဧည့်သည်များ ရောက်လာလျှင် နာယက ဆရာတော်ထံမှာ လျှောက်ထားနေကြရမည်။

(၁၀) သူတပါး၏ သမာဓိပျက်လောက်အောင် အသံမြည်စေသော အပြုအမူများကို မပြုမလုပ်ရ၊ အယုတ်ဆုံးအားဖြင့် အသံထုတ်လျက် တရားစာပေ ရွတ်ဆိုခြင်းကိုသော်လည်း မပြုရ။

(၁၁) သတင်းစာကြည့်ခြင်း, စာအုပ် စာတမ်း ကျမ်းစာအုပ်များကို ကြည့်ရှုခြင်း, ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများကိုလည်း မပြုရ။

(၁၂) အကြောင်းမဲ့ လှည့်လည်သွားလာနေခြင်း မရှိစေရ၊ အထူးအားဖြင့် ဝိသဘာဂဖြစ်သော ယောဂီ, ယောဂီမတို့၏ နေရာဌာနသို့ လုံလောက်သော အကြောင်းကိစ္စမရှိပဲ သွားရောက်ခြင်းနှင့် ဝိုင်းဖွဲ့၍ စကား ပြောဆိုနေခြင်းများကို အပြစ်အကြီးဆုံးဟု မှတ်ယူရမည်။

(၁၇) အားထုတ်ဆဲ ယောဂီအသစ်များသည် သတ်မှတ်ထားသော အချိန်တွင် ကမ္မဋ္ဌာန်းစစ်မေးထုဋ္ဌာနသို့ လာရောက်ကြပြီးလျှင် မိမိ၏ အားထုတ်ပုံ, တွေ့သိပုံများကို လျှောက်ကြားလျက် ညြှဝါဒတရားကို နေ့စဉ် နာယူရမည်။

(၁၈) အထူးလေးစားရမည့်အချိန်မှာ နေ့ ၁၂-နာရီမှ နံနက် ၅-နာရီအထိ ဖြစ်သည်၊ ဤအချိန်များမှာ စားသောက်မှုစသော ကိစ္စဗျာပါရများ မရှိသဖြင့် လွတ်လွတ်လပ်လပ် အားထုတ်ခွင့်ရသည့် အကောင်းဆုံး အချိန်များဖြစ်သည်၊ သို့ဖြစ်၍ ဤအချိန်များအတွင်းမှာ အိပ်ပျော်နေသော လေး ငါး ခြောက်နာရီမှတပါး မနေမနား အထူးသဖြင့် ကြိုးစားအားထုတ်ရမည်၊ အကြောင်းကိစ္စရှိသော်လည်း သူတပါး၏ အားထုတ်မှု ပျက်လောက်အောင် မည်သည့် အပြုအမူမျိုးကိုမျှ မပြုမိစေရန် အထူးသတိထားရမည်။

၅။ (၁) ရဟန်းတော်များအတွက် ဌာနဆိုင်ရာ သီးခြားဥပဒေများ

(၁) အခြားတပါးသို့ သွားရန်ကိစ္စရှိလျှင် နာယကဆရာတော်ထံ၌ ပန်ကြား၍ သွားရမည်။

(၂) သေနာသန အသုံးအဆောင်များကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ပင် ရိုသေစွာ သုံးဆောင်ရမည်။

(၃) သံဃာလုံလောက်လျှင် လပြည့်,လကွယ်နေ့တိုင်း သံဃာ့ဥပုသ် ပြုကြရမည်။

(၄) ဝတ်ရုံ စားသောက်မှု, သွားလာနေထိုင်မှုများမှာ ပါသာဒိက ဖြစ်စေရမည်။

(၅) ပိဏ္ဍပါတ်ကျင့်ဝတ်ဖြင့် မျှတနေထိုင်ရမည်၊ သို့သော် ဒါယကာရှိလျှင် ၎င်းဒါယကာ၏ ဆွမ်းဖြင့်လည်း မျှတနေထိုင်ခွင့် ရှိသေး၏။

(၆) ယောဂီမတို့ထံ၌ ဆွမ်းခံခြင်းသည် ၎င်းတို့အား ပလိဗောဓဖြစ်စေလျက် အနှောင့်အယှက်ပေးရာ ရောက်သည်၊ သို့ဖြစ်၍ ၎င်းတို့၏ နေရာ ကမ္ဘဋ္ဌာန်းကျောင်းသို့ သွားရောက်၍ ဆွမ်းခံခြင်း မရှိစေရ၊ ယောဂီမ တို့က သင့်လျော်သော နေရာသို့ လာရောက်၍ လောင်းလှူသော ဆွမ်းကိုကား အလှူခံနိုင်ခွင့် ရှိသည်ပင်။

(၇) ယောဂီဟောင်းများနှင့် သင်တန်းပုဂ္ဂိုလ်များမှာ နေ့စဉ် ညဉ့်ဦး ၇-နာရီခန့်အချိန်၌ အညီအညွှတ်စည်းဝေး၍ ဘုရားဝတ်တက်ခြင်း, ဩဝါဒဓမ္မကထာများကို ပြောဟောခြင်း, နာကြားခြင်းများ ရှိစေ ရမည်။ နံနက်ခင်း၌လည်း အရုဏ်မတက်မီ စောစောထ၍ ဘုရား ဝတ်ပြုခြင်း, တရားနှလုံးသွင်းခြင်းများ မချွတ်ယွင်းစေရန် သတိပြု ရမည်။

မှတ်ချက်။ ။ဌာနဆိုင်ရာ ဤဥပဒေ ၂-ရပ်တွင် မိပိတို့၏ ဌာနအားလျော်စွာ ဖြည့်စွက်,နှုတ်ပယ် ပြင်ဆင်နိုင်ခွင့် ရှိသည်။

၅။ ကမ္ဘဋ္ဌာန်း ဌာနဆိုင်ရာ စည်းမျဉ်းဥပဒေများ
ဤတွင် ပြည့်စုံပြီ။

မဟာစည်သဟိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ
စည်းမျဉ်းဥပဒေများ
ဤတွင် ပြည့်စုံပြီ။

မဟာစည်သတိပဋ္ဌာန်အဖွဲ့ဝင်
ပဓာနကမ္ဘဋ္ဌာနာစရိယများနှင့်တကွ
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ
ရန်ကုန်။

၁၃၁၄-ခုနှစ်၊ ဝါခေါင်လဆုတ် ၂-ရက်နေ့။ (၇-ဂ-၅၂)

မဟာဓည် ဥပုသ်ပြုစဏ်း

သံဃာ့ဥပုသ်ပြုရာ၌ တပါတည်း ဥတ်ထား၍စိစစ်ပုံ

သုဏ်ာတု မေ ဘန္တေ သံဃော အဇ္ဇုပေါသထော (ပန္နရသော)၊ ယဒိ သံဃသ ပတ္တကလ္လံ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

ယခုအခါ "ကိုံ သံဃသ ပုဗ္ဗကိစ္စံ"ဟူသော နိဒါန်း ပါဋ္ဌိ, "ယဒိ သံဃသ ပတ္တကလ္လံ"ဟူသော ဥတ်ပါဋ္ဌိတော်တို့နှင့်အညီ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စ-တို့ကို စိစစ်လျှောက်ကြားပြီးလျှင် ပတ္တကလ္လအင်္ဂါတို့ကိုလည်း စိစစ် လျှောက်ကြားပါမည် အရှင်မြတ်တို့ဘုရား။

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထသ တောနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ—

ဟူ၍ အဌကထာဆရာ မဟာထေရ်မြတ်သို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ—

၁။ ဥပုသ်ပြုရာ သိမ်အတွင်း၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီ (အရှင်ဘုရား)။

၂။ ယခုအခါ နေ၏အလင်းရောင်ကို ရဆဲဖြစ်သောကြောင့် မီးထွန်းဖွယ်ကိစ္စမရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

၃။ သောက်ရေ သုံးရေ တည်ထားခြင်းကိစ္စ ပြီးပါပြီ (အရှင်ဘုရား)။

၄။ နေရာခင်းခြင်းကိစ္စ ပြီးပါပြီ (အရှင်ဘုရား)။

ဤ ၄-ပါးသော အမှုကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေ့အဘို့က ကြိုတင်၍ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ-တို့ဟူ၍ ခေါ်ဆိုအပ်ပါသည် (အရှင်မြတ်တို့ဘုရား)။

ဆန္ဒ ပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ သြဝါဒေါ။
ဥပေါသထဿ တောနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ—

ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ—

၁။ ယခု ဥပုသ်ပြုရာ ဤသိမ်အတွင်း၌ သံဃာ့အစည်းအဝေးသို့ မလာ ရောက်နိုင်သော ရဟန်းများ မရှိသောကြောင့် ဆန္ဒကို ဆောင်ဖွယ်, လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

၂။ ပါရိသုဒ္ဓိကိုလည်း ဆောင်ဖွယ်, လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

၃။ ဥတုသည်–ဟေမန္တဥတု, ဂိမှဥတု, ဝဿာနဥတု ဟူ၍ ၃-ပါး အပြားရှိပါသည်၊ ထို ၃-ပါးတို့တွင် ယခု ရောက်ဆဲ ဥတုသည် (ဝဿာန–မိုးဥတု ဖြစ်ပါသည်)၊ ဤ ဥတု၌ ၈-ပက္ခ ရှိသည်တို့တွင် ယခုရောက်ဆဲ ပက္ခသည် (အစဆုံး ပဋမပက္ခဖြစ်၍ လွန်ပြီး ပက္ခ မရှိ၊ ၇-ပက္ခ ကြွင်းကျန်ပါသေးသည်။ (နှစ်ခုမြောက် ဒုတိယပက္ခဖြစ်၍ တပက္ခ လွန်ခဲ့ပါပြီ၊ ၆-ပက္ခ ကြွင်းကျန်ပါသေးသည်၊ နောက်ဆုံး အဋ္ဌမပက္ခဖြစ်၍ ၇-ပက္ခ လွန်ခဲ့ပါပြီ၊ ကြွင်းသော ပက္ခ မရှိတော့ပါ) (အရှင်ဘုရား)။ (ဝါထပ်မည့်နှစ် နေ့ဥတုဖြစ်လျှင် "၈-ပက္ခ ရှိသည်တို့တွင်-ဟူရာ၌ ၁၀-ပက္ခ ရှိသည်တို့တွင်" ဟု ပြင်၍ ရောက်ဆဲပက္ခအား လျော်စွာ လျှောက်ထားရာ၏။)

၄။ ယခုအခါ ဤသိမ်အတွင်း၌ ဥပုသ်ပြုရန် စည်းဝေးတည်နေလျက်ရှိသော ရဟန်းတော်အရေအတွက်မှာ ငါးကျိပ်ကိုးပါးရှိပါသည် (အရှင်ဘုရား)။

၅။ ယခုအခါ သာသနာတော်၌ ဘိက္ခုနီမများ ထင်ရှားမရှိသောကြောင့် ဘိက္ခုနီမတို့၏ သြဝါဒခံယူရန် တောင်းပန်သောစကားကို သံဃာတော်အား လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

ဤ ၅-ပါးသော အမူကိစ္စတို့ကို သံဃာစည်းဝေးပြီးနောက် ဥပုသ်မပြုမီ (ပါတိမောက် မရွတ်ပြမီ) ရှေအဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-တို့ဟူ၍ ခေါ်ဆိုအပ်ပါသည် (အရှင်ဘုရား)။

"ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ သဘာဂါပတ္တိ-ယော စ နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နဟောန္တိ ပတ္တ-ကလ္လန္တိ ဝုစ္စတိ"—

ဟူ၍ အဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုကော်မူအပ်သည်နှင့်အညီ—

၁။ ဥပုသ်သည်-သာမညလက္ခဏာအားဖြင့် တပါးတည်းသာ ဖြစ်ပါသည်၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ်-ဟူ၍ နေ့၏အစွမ်းအားဖြင့် ၃-ပါး၊ သံဃာ့ဥပုသ်, ဂဏဥပုသ်, ပုဂ္ဂလဥပုသ်-ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ၃-ပါး၊ သုတ္တုဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်-ဟူ၍ ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၃-ပါး၊ ဤသို့အားဖြင့် ၉-ပါး အပြားရှိပါသည်။

ထို ၉-ပါးတို့တွင် ယခု ပြုလတံ့သော ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် ပန္နရသီဥပုသ် (စာတုဒ္ဒသီဥပုသ်)ဖြစ်ပါသည်၊ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃာ့ဥပုသ်ဖြစ်ပါသည်၊ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဥပုသ် ဖြစ်ပါသည် (အရှင်ဘုရား)။

၂။ ဤ သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်ကို ပြုရာဝယ် လေးပါး လေးပါးထက် အလွန်ဖြစ်ကုန်သော ရဟန်းတော်တို့သည် တခုတည်းသော သိမ်အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍စည်းဝေးတည်နေကြလျှင် ဤသံဃာ့ဥပုသ်ကံအား လျောက်ပတ်ပါသည်။

ယခုအခါ (၄-ပါးသော) ၄-ပါးထက်အလွန် ငါးကျိပ်ကိုးပါးသော ရဟန်းတော်တို့သည် တခုတည်းသော သိမ်အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေးတည်နေကြပါကုန်ပြီ (အရှင်ဘုရား)။

၃။ စည်းဝေးတည်နေကြသော ထိုရဟန်းတော်တို့သည် ဒေသနာပြောကြား ကြပြီးလျှင် သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်မှ ကင်းစင် ကြပါကုန်ပြီ (အရှင်ဘုရား)။

၄။ လူ့ဘိုးဘွားနှီ ဒေဝဒတ်သော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို သံဃာ့တော်၏ ၂-တောင့်ထား ဟတ္ထပါသမ္မ အပပြုသောအားဖြင့် ကြည်အပ်ပါကုန်ပြီ (အရှင်ဘုရား)။

ဤ ၄-ပါးသော အင်္ဂါဘိုးဖြင့် ရေတွက်အပ်သော ဥပုသ်အင်္ဂါကို လျော်ကန်ပတ်သော အခါရှိ၏သာ ပဋ္ဌာဒကလွှဲ-ကံဟု ခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

ပဋ္ဌာဒကရဿ ပုဗ္ဗကိစ္စာနိ သမာပေတ္မာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥद्दိသိတုံ ဥသောရုမနုံ ဂဏေရေ မ။

သာဓု....သာဓု....သာဓု....။

ပါတိမောက်ပြုပုံ အကျဉ်း

ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ၊ (ပ) ဝေ မေတံ ဓာရယာမိ။

ကတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ (ပ) ဝေ မေတံ ဓာရ-ယာမိ။

ဣမေ ခေါ ပနာယသ္မန္တော ဝေရသ သံဃာဒိသေသာ ဓမ္မာ (ပ) ဓာရယာမိ။

ဣမေ ခေါ ပနာယသ္မန္တော ဒွေ အနိယတာ ဓမ္မာ (ပ) ဓာရ-ယာမိ။

အကြင်းကို သုတ-ဖြင့် သိမ်းပုံ

ဥद्दिट्ठं ခေါ အာယသ္မန္တော နိဒါနံ၊ (ပ) ဥद्दिट्ठာ ဒွေ အနိယတာ ဓမ္မာ။

သုတာ ခေါ ပနာယသွန္တေဟိ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ၊

သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊

သုတာ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ၊

သုတာ သေခိယာ ဓမ္မာ၊

သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ၊

ဧတ္တကံ တဿ ဘဂဝတော (ပ) အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။

အနိယတုဒ္ဒေသော စတုတ္ထော။

သာဓု....သာဓု....သာဓု....။

မဟာဇည် သံဃပဝါရဏာ

သံဃပဝါရဏာပြုပုံ အကျဉ်း

တပါးတည်း ဥတ်ထား စိစစ်၍ သံဃပဝါရဏာအကျဉ်း ပြုလိုလျှင် အောက်ပါ အစီအစဉ်အတိုင်း ပြုရာ၏။

သုဏာတု မေ ဘန္တေ (အာဝုသော) သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။

ယခုအခါ "ကိံ သံဃဿ ပုဗ္ဗကိစ္စံ" ဟူသော ပါတိမောက် နိဒါန်းပါဋ္ဌိ, "ယဒိ သံဃဿ ပတ္တကလ္လံ" ဟူသော ဥတ်ပါဋ္ဌိတော်တို့နှင့် အညီ(ပ) စိစစ်လျှောက်ကြားပါမည် အရှင်ဘုရားတို့။

"သမ္မဇ္ဇနီ (ပ) ပဝါရဏာယ တောနိ (ပ)" နှင့် အညီ(၁/၂/၃/၄) ယခုပဝါရဏာပြုရာ သိမ်အတွင်း၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီ။(ပ) ပုဗ္ဗကရဏတို့ ဟူ၍ ခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

ဆန္ဒ ပဝါရဏာ ဥတုကွာနံ (ပ) ပဝါရဏာယ တောနိ (ပ)နှင့်အညီ–

(၁) ယခု ပဝါရဏာပြုရာ သိမ်အတွင်း၌ (ပ) ပြည့်စုံပါပြီ (အရှင်ဘုရား)။

(၂) ပဝါရဏာကိုလည်း ဆောင်ဖွယ်, လျှောက်ကြားဖွယ် မရှိပြည့်စုံပါပြီ (အရှင်ဘုရား)။

(၃) ဥတုသည် (ပ) ယခုရောက်ဆဲဥတုသည် ဝဿာန=မိုးဥတုဖြစ်ပါသည်၊ ဤဥတု၌ ၈-ပက္ခ ရှိသည်တို့တွင် ယခုရောက်ဆဲပက္ခသည် ခြောက်ခုမြောက်ဖြစ်၍ ၅-ပက္ခ လွန်ခဲ့ပါပြီ၊ ၂-ပက္ခ ကြွင်းကျန်ပါသေးသည် (အရှင်ဘုရား)။

(၄) ယခုအခါ ဤသိမ်အတွင်း၌ ပဝါရဏာပြုရန် စည်းဝေးတည်နေလျက်ရှိသော ရဟန်းတော် အုရေအတွက်မှာ ( )ပါးရှိပါသည် (အရှင်ဘုရား)။

(၅) ယခုအခါ သာသနာတော်၌ ဘိက္ခုနီမတို့(ပ) ပြည့်စုံပါပြီ (အရှင်ဘုရား)။

ဤ ၅-ပါးသော အမှုကိစ္စတို့ကို သံဃာစည်းဝေးပြီးနောက် ပဝါရဏာမပြုမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် "ပုဗ္ဗကိစ္စ"တို့ဟူ၍ ခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

ပဝါရဏာ ယာဝတိကာ ၀ (ပ) ပတ္တကလ္လန္တိ ဝုစ္စတိ ဟူ၍ (ပ) နှင့်အညီ-(၁) ပဝါရဏာသည် သာမညလက္ခဏာအားဖြင့် တပါးတည်းသာဖြစ်ပါသည်၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား စာတုဒ္ဒသီပဝါရဏာ, ပန္နရသီပဝါရဏာ, သာမဂ္ဂီပဝါရဏာဟူ၍ နေ့၏အစွမ်းအားဖြင့် ၃-ပါး၊ သံဃပဝါရဏာ, ဂဏပဝါရဏာ, ပုဂ္ဂလပဝါရဏာ ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ၃-ပါး၊ တေဝါဒိက ပဝါရဏာ, ဒွေဝါစိက ပဝါရဏာ, ဧကဝါစိက ပဝါရဏာ, သမာနဝဿိက ပဝါရဏာ-ဟူ၍ ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၄-ပါး ဤသို့အားဖြင့် ၁၀-ပါး အပြားရှိပါသည်၊ ထို ၁၀-ပါးတို့တွင် ယခု ပြုလတ္တံသော ပဝါရဏာသည် နေ့၏ အစွမ်းအားဖြင့် ပန္နရသီပဝါရဏာ ဖြစ်ပါသည်၊ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃပဝါ-ရဏာ ဖြစ်ပါသည်၊ ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာ ကာရ၏ အစွမ်းအားဖြင့် သုံးကြိမ်တိုင်တိုင် လျှောက်ဆိုဖိတ်ကြားလျက် ပြုအပ်သော တေဝါစိက-ပဝါရဏာ ဖြစ်ပါသည် (အရှင်ဘုရား)။

(၂) ဤ သံဃပဝါရဏာကို ပြုရာဝယ် ၅-ပါး, ၅-ပါး ထက် အလွန်ဖြစ်ကုန်သော ရဟန်းတော်တို့သည် တခုတည်းသော သိမ်အတွင်း၌ အချင်းချင်း ၂-ကောင့်ထဲ၀ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေးတည်နေကြလျှင် ဤ သံဃပဝါရဏာကံအား လျှောက်ပတ်ပါသည်၊ ယခုအခါ (၅-ပါး

သော) ၅-ပါးထက် အလွန်(.....)ပါးသော ရဟန်းတော်တို့သည် တခုတည်းသော သိမ်အတွင်း၌ (ပ) ကြည်အပ်ပါကုန်ပြီ (အရှင်ဘုရား)။

ဤ ၄-ပါးသော အင်္ဂါတို့ဖြင့် ရေတွက်အပ်သော ပဝါရဏာကံကို လျှောက်ပတ်သောအခါရှိသော ပတ္တကလ္ဂ ကံ-ဟု ခေါ်ဆိုအပ်ပါသည်အရှင်ဘုရား။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတ္မာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏံ ကာတုံ အာရာ-ဓနံ ကရောမ။

သာဓု....သာဓု....သာဓု....။

ပဝါရဏာပြု ပါဠိ

သံဃံ (အာဝုသော) ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာ-ယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္မံ ဥပါဒါယ ပဿန္တော ပရိ-ကရိဿာမိ။ ဒုတိယမ္ပိ.....ပဋ္ဌိကရိဿာမိ၊ တတိယမ္ပိ.....ပဋ္ဌိကရိဿာမိ။

(သံဃာ့ဆေရ်ကြီးမှတပါး သီတင်းငယ်များက "အာဝုသော" နေရာတွင် "ဘန္တေ"ဟု ပြင်ဆင်၍ ဖိတ်ကြားရပါမည်။)

သံဃပဝါရဏာပြုပုံအကျဉ်း ပြီး၏။

သံဃပဝါရဏာပြုပုံ အကျယ်

ဥတ်ကားခြင်းနှင့် အမေးအဖြေတို့ကို ၂-ပါးဆောင်ရွက်၍ သံဃပဝါရဏာ အကျယ်ပြုလိုလျှင် အောက်ပါ အစီအစဉ်အတိုင်း ပြုရာ၏။

အဇ္ဈေသက သမ္မုတိ ဥတ်ထားရန်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ကုသလံ) ပဝါရဏာဥတ္တိဌပနံ အဇ္ဈေသေယ္ယံ။

တောင်းပန်ရန်

သံဃော ဘန္တေ အာယသွန္တံ (ကုသလံ) ပဝါရဏာဥတ္တိဌပနံ အဇ္ဇေသတိ၊ ဌပေကု ဘန္တေ အာယသွာ(ကုသလော)ပဝါရဏာဥတ္တိံ။

ဒုတိယမ္ပိ သံဃော....ပဝါရဏာဥတ္တိံ။ဘတိယမ္ပိ....ပဝါရဏာဥတ္တိံ။

"အာမ ဌပေဿာမဟံ အာဝုသော ပဝါရဏာဥတ္တိံ"
ဟု ဝန်ခံ၍ အောက်ပါအတိုင်း တေဝါစိကပဝါရဏာဥတ်ကို ထားရာ၏။

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃသ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။ (တေဝါစိက-ပဝါရဏာဥတ်)

ပုစ္ဆကသမ္မုတိ ဥတ်ထားရန်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃသ ပတ္တကလ္လံ၊ အဟံ အာယသွန္တံ (သုမနံ) ဝိနယံ ပုစ္ဆေယျံ။

ဝိဿဇ္ဇကသမ္မုတိ ဥတ်ထားရန်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃသ ပတ္တကလ္လံ၊ အဟံ အာယသွတာ (ကုသလေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

မေး။ ။"သမ္မဇ္ဇနီ ပဒီပေါ စ (ပ) ပဝါရဏာယ ဧတာနိ ပုဗ္ဗကရဏန္တိ ဝုစ္စတိ" ဟူ၍ အဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့် အညီ ပဝါရဏာပြုရာသိမ်အတွင်း၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။ (၁)

မေး။ ။မီးထွန်းခြင်းကိစ္စ ပြီးပါပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။ (၂)

မေး။ ။သောက်ရေ သုံးရေ တည်ထားခြင်းကိစ္စ ပြီးပါပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။ (၃)

မေး။ ။နေရာခင်းခြင်းကိစ္စ ပြီးပါပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။ (၄)

သံဃာအား လျှောက်။ ။ဤ ၄-ပါးသော အမှုကိစ္စတို့ကို သံဃာ မစည်းဝေးမီ ရှေးအဖို့က ကြိုတင်၍ပြုအပ်သောကြောင့် "ပုဗ္ဗကရဏ"ဟို့ဟူ၍ ခေါ်ဆိုအပ်ပါသည် အရှင်မြတ်တို့ဘုရား။

မေး။ ။"ဆန္ဒပဝါရဏာ ဥတုက္ခာနံ (ပ) ပဝါရဏာယ ဧတာနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ"ဟူ၍ အဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ ပဝါရဏာပြုရာ သိမ်အတွင်း၌ သံဃာ့အစည်းအဝေးသို့ မလာရောက်နိုင်သော ရဟန်းများ ရှိနေလျှင် ထိုရဟန်းတို့၏ ဆန္ဒနှင့် ပဝါရဏာကို ဆောင်ယူ၍ သံဃာတော်အား လျှောက်ကြားရသည်၊ သို့ဖြစ်၍ ထိုသို့သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ယူ၍ သံဃာတော်အား လျှောက်ကြားအပ်ပါပြီလော။

ဖြေ။ ။ယခု ပဝါရဏာပြုရာ ဤသိမ်အတွင်း၌ သံဃာ့အစည်းအဝေးသို့ မလာရောက်နိုင်သော ရဟန်းများ မရှိသောကြောင့် ဆန္ဒကို ဆောင်ဖွယ်, လျှောက်ကြားဖွယ်မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။ (၁)

မေး။ ။ပဝါရဏာကို ဆောင်ယူ၍ လျှောက်ကြားအပ်ပါပြီလော။

ဖြေ။ ။ပဝါရဏာကိုလည်း ဆောင်ဖွယ်, လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။ (၂)

မေး။ ။ဥတုသည် (ပ) ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် ယခုရောက်ဆဲ ဥတုသည် အဘယ်ဥတုပါနည်း။

ဖြေ။ ။ဝဿာန-မိုးဥတု ဖြစ်ပါသည် အရှင်ဘုရား။ (၃-က)

မေး။ ။ဤ ဥတုဌ် ၈-ပက္ခမျိုသည်၊ ထို ၈-ပက္ခတို့တွင် ယခုရောက်ဆဲပက္ခသည် အဘယ်ပက္ခပါနည်း။

ဖြေ။ ။ခြောက်ခုမြောက် ဆဋ္ဌမပက္ခ ဖြစ်ပါသည် အရှင်ဘုရား။ (၃-ခ)

မေး။ ။အဘယ်မျှသော ပက္ခမျှား လွန်ခဲ့ပါပြီနည်း။

ဖြေ။ ။၅-ပက္ခ လွန်ခဲ့ပါပြီ အရှင်ဘုရား။ (၃-ဂ)

မေး။ ။အဘယ်မျှသော ပက္ခမျှား ကြွင်းကျန်ပါသေးသနည်း။

ဖြေ။ ။၂-ပက္ခ ကြွင်းကျန်ပါသေးသည် အရှင်ဘုရား။ (၃-ဃ)

မေး။ ။ယခုအခါ ဤသိမ်အတွင်းဌိ ပဝါရဏာပြုရန် စည်းဝေးတည်နေလျက် ရှိသော ရဟန်းတော်တို့သည် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။(.....)ပါး ရှိပါသည် အရှင်ဘုရား။ (၄)

မေး။ ။ဘိက္ခုနီမတို့က သြဝါဒခံယူရန် တောင်းပန်သောစကားကို သံဃာ အား လျှောက်ကြားအပ်ပါပြီလော။

ဖြေ။ ။ယခုအခါ သာသနာတော်ဌိ ဘိက္ခုနီမတို့ ထင်ရှားမရှိသောကြောင့် ထိုသို့သော သြဝါဒခံယူရန် တောင်းပန်သောစကားကို လျှောက် ကြားဘွယ်မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။ (၅)

သံဃာအား လျှောက်။ ။ဤ ၅-ပါးသော အမှုကိစ္စတို့ကို သံဃာ စည်းဝေး ပြီးနောက် ပဝါရဏာ မပြုမီ ရှေးအဖို့က ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ တို့ဟူ၍ ခေါ်ဆိုအပ်ပါသည် အရှင်မြတ်တို့ဘုရား။

မေး။ ။"ပဝါရဏာ ယာဝတိကာ စ (ပ) ဝုစ္စတိ"ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့် အညီ ပဝါရဏာသည် သာမည လက္ခဏာအားဖြင့် တပါးတည်းသာ ဖြစ်သည်၊ ဝိသေသ-လက္ခဏာအားဖြင့်သော်ကား စာတုဒ္ဒသီပဝါရဏာ (ပ) နေ့၏ အစွမ်း အားဖြင့် ၃-ပါး အပြားရှိသည်၊ ထို ၃-ပါးတို့တွင် ယခုပြုမည့် ပဝါ-ရဏာသည် အဘယ် ပဝါရဏာ ဖြစ်ပါသနည်း။

ဖြေ။ ။"ပန္နရသီပဝါရဏာ"ဖြစ်ပါသည် အရှင်ဘုရား။ (၁-က)

မေး။ ။သံဃပဝါရဏာ (ပ) ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ၃-ပါး အပြားရှိသည်၊ ထို ၃-ပါးတို့တွင် ယခုပြုမည့် ပဝါရဏာသည် အဘယ် ပဝါရဏာ ဖြစ်ပါသနည်း။

ဖြေ။ ။"သံဃပဝါရဏာ"ဖြစ်ပါသည် အရှင်ဘုရား။ (၂-ခ)

မေး။ ။တေဝါစိကပဝါရဏာ (ပ) ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၄-ပါး အပြားရှိသည်၊ ထို ၄-ပါးတို့တွင် ယခုပြုမည့် ပဝါရဏာသည် အဘယ် ပဝါရဏာ ဖြစ်ပါသနည်း။

ဖြေ။ ။၃-ကြိမ်တိုင်တိုင် လျှောက်ဆိုဖိတ်ကြားလျက်ပြုအပ်သော "တေဝါစိက ပဝါရဏာ"ဖြစ်ပါသည် အရှင်ဘုရား။ (၁-ဂ)

မေး။ ။ဤ သံဃပဝါရဏာကို ပြုရာဝယ် ၅-ပါး (ပ) စည်းဝေး တည်နေကြ လျှင် ဤ သံဃပဝါရဏာ ကံအား လျှောက်ပတ်ပေသည်၊ ယခုအခါ ထိုမျှလောက်သော ရဟန်းတော်တို့သည် တခုတည်းသော သိမ် အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္တပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေး တည်နေကြပါကုန်ပြီလော။

ဖြေ။ ။ယခုအခါ ၅-ပါးထက်အလွန်(.....)ပါးသောရဟန်းတော်တို့သည်(ပ) တည်နေကြပါကုန်ပြီ အရှင်ဘုရား။ (၂)

မေး။ ။စည်းဝေးတည်နေကြသော ထိုရဟန်းတော်တို့သည် သဘောတူ ဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါကုန်ပြီလော။

ဖြေ။ ။ဒေသနာ ပြောကြားကြပြီးဖြစ်၍ ကင်းစင်ကြပါကုန်ပြီ အရှင် ဘုရား။ (၃)

မေး။ ။လူ,ဘိက္ခုနီ အစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ် တို့ကို သံဃာတော်၏ ၂-တောင့်ထွာ ဟတ္ထပါသ်မှ အပပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီလော။

ဝိ-ဝိနိစ္ဆယ ၁၉—ပ-မ-သ-စ

ဖြေ။ ။ကြဉ်အပ်ပါကုန်ပြီ အရှင်ဘုရား။ (၄)

သံဃာအား လျှောက်။ ။ဤ ၄-ပါးသောအင်္ဂါတို့ဖြင့် ရေတွက်အပ်သော ပဝါရဏာကို လျှောက်ပတ်သောအခါရှိသော "ပတ္တကလ္လကံ"ဟုခေါ် ဆိုအပ်သည် အရှင်မြတ်တို့ဘုရား။

ပုစ္ဆကပုဂ္ဂိုလ်က နောက်ဆုံးကျေညာရန်

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏံ ကာတုံ အာရာဓနံ ကရောမ။

သာဓု.....သာဓု.....သာဓု။

ထို့နောင် သံဃာ့မထေရ်ကြီးမှစ၍ အစဉ်အတိုင်း ပဝါရဏာပြုရာ၏။

ပဝါရဏာပြု ပါဠိ

သံဃံ (အာဝုသော) ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာ-ယဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပရိ-ကရိဿာမိ။ ဒုတိယမ္ပိ.....ပဋိကရိဿာမိ၊တတိယမ္ပိ.....ပဋိကရိဿာမိ။

မဟာစည်ပဝါရဏာ ပြီး၏။

ပ-မ-သ-စ—၁၀၉၃—၂၀-၉-၇၇—၆၀၀၀။